အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးရှင်မဟာစည်ဆရာထော်တုရားကြီး၏

တပည့်

ကမ္မဋ္ဌာနာစရိယ

ဟံလင်းဆရာတော်

ဟောကြားတော်မူသော

ခေတ်ရှိဝိပဿနာ

တရားတော်

ဝမ္မဒါန



သာသနာ့ရိပ်သာ ကမ္မဋ္ဌာနာစရိယ
ဟံလင်းဆရာတော် ဦးဝိဇယ

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ

မဟာစည်ဆရာတော်ဘုရားကြီး၏

တပည့်

သာသနာ့ရိပ်သာကမ္မဋ္ဌာနာစရိယ

ဟံလင်းဆရာတော် ဦးဝိဇယ

ဟောကြားသော

ခေတ်မှိုပိပဿနာ

တရားတော်

ဒီဃနိကာယ ကောဝိဒ အရှင်ကေလာသ

ကြီးကြပ်ပုံနှိပ်သည်။

ဇွဲစာပေရိပ်မြုံ

၁၇၂၊ ၃၃-လမ်း၊ ရန်ကုန်မြို့မှ ဖြန့်ချိသည်။

ဖုံး ၁၇၂၂၀

ပထမအကြိမ်ပုံနှိပ်ခြင်း

၁၉၇၆-ခု၊ အောက်တိုဘာလ

အုပ်ရေ ၃၀၀၀

—

ပန်းချီ-ဦးမြင့်

ဘဝလောက်-ဟမျိုးသား

မျက်နှာဖုံးရိုက် ဖွဲ့စောပုံနှိပ်တိုက်

မောင်ကြောက်စိမ်း

၉၅၇၅

—

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့် မှတ်ပုံတင်အမှတ်(၉၃၉၅)

ပုံနှိပ်/ထုတ်ဝေ

ဦးသောဘန၊ ကင်းလွှတ်ခွင့် အမှတ်(၀၃၆၂၄) အမှတ်-၁၆၊
ဟာမစ်တစ်လမ်း၊ ဒွေ့ဂုံတိုင်၊ ရန်ကုန်မြို့က ထုတ်ဝေ၍

ဦးထွန်းရှိန် (မြ၀၂၁၃၈) ဇွဲစာပုံနှိပ်တိုက် ၁၇၂၊ ၃၃-လမ်း၊
ရန်ကုန်မြို့က ရိုက်နှိပ်သည်။

ခေတ်မှီမာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
	ပဏာမနှင့်ဥယျောဇဉ်	၅
	နိဒါန်း	၃
	မိတ်ဆက်ပန်ကြားစာ	၄
	ဤစာအုပ်ဖြစ်ပေါ်လာခြင်း	၈
၁။	**ဝိပဿနာအလုပ်ပေး တရား၈တာ်**	၁
	၀၀	
၂။	သက္ကာယဒဋ္ဌ	၂
၃။	ဒိဋ္ဌိကိုဘာနဲ့သတ်မလဲ	၄
၄။	ယုံကြည်မှု	၅
၅။	အပူငြိမ်းဆေး	၇
၆။	သားသေလင်ဆုံး	၈
၇။	ရုပ်ရှင်ပမာတရားရှာ	၁၅
၈။	ရှုမှတ်ခြင်းအကျိုး	၁၉
၉။	ရုပနှင့်နာမ	၂၂
၁၀။	အရှိတရားနဲ့မရှိတရား	၂၄
၁၁။	လူဖြစ်ကျိုးနပ်-မနပ်	၂၈
၁၂။	ငါစဲ့ပျောက်ဖို့	၂၉

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁၃။	ဒိဋ္ဌိမစင် အကန်းပင်	၃၂
၁၄။	ဆုတောင်းရုံနဲ့မရ	၃၆
၁၅။	ကုယပုံအိမ	၄၀
၁၆။	ရုပ်နာမ်ဖြစ်ပျက်	၄၁
၁၇။	နိဗ္ဗာန်လမ်းစ	၄၄
၁၈။	**သီလသမာဓိပညာ**	
	အလုပ်ပေးတရားတော်	၄၈
၁၉။	သာသနာဆိုတာဘာလဲ	၅၀
၂၀။	တည်ကြည်မှုသမာဓိတရား	၅၉
၂၁။	ဝိပဿနာမျိုးစေ့	၆၂
၂၂။	ဗုဒ္ဓသာသနာ	၆၈
၂၃။	သဿတဒိဋ္ဌိ	၇၂
၂၄။	သာသနာလူတိုင်းမှာရှိရဲ့လား	၈၈
၂၅။	**ရှုနည်းမှတ်နည်း အလုပ်ပေးတရားတော်**	၉၇
၂၆။	သောကပျောက်ဆေး	၁၀၀
၂၇။	ဆင်းရဲငြိမ်းဆေး	၁၀၁
၂၈။	မင်္ဂဇော	၁၀၂
၂၉။	ဘယ်နေရာမှာလုပ်လုပ်	၁၁၁
၃၀။	ခန္ဓာဆိုးတာ အိုးပမာ	၁၁၅
၃၁။	သဿတနဲ့ ဥစ္ဆေဒလွတ်အောင်	၁၁၈
၃၂။	စေတနာဟာ ကံဘဲ	၁၂၁
၃၃။	အကြောင်းကောင်းမှု	၁၂၇

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၃၄။	ဘယ်ဘဝက လာခဲ့သလဲ	၁၂၀
၃၅။	ပေါ်ပြီးလျှင် ပျက်စမြဲ	၁၃၀
၃၆။	ယောကျ်ားမိန်းမ မရှိ	၁၃၃
၃၇။	**တရားရှာခန်ဓဝမှာတွေ့ အလုပ်ပေးတရားတော်**	၁၅၄
၃၈။	ဒုါရခြောက်ပါးဆိုတာ	၁၅၅
၃၉။	ကာယာနုပဿနာသတိပဋ္ဌာန်	၁၅၆
၄၀။	ပေါ်ရာမှတ်	၁၅၈
၄၁။	ပညတ်နဲ့ပရမတ်	၁၅၉
၄၂။	ပညတ်–ပရမတ်ကဲ့အောင်	၁၆၀
၄၃။	အရှိတရား ဓာတ်ရှစ်ပါး	၁၆၂
၄၄။	ရုပ်နာမ်လောက	၁၆၃
၄၅။	ဝိပဿနာကုသိုလ်	၁၆၅
၄၆။	အမှား- အမှန်	၁၈၁
၄၇။	အသိဉာဏ်ပြောင်းအောင်	၁၈၂
၄၈။	အနိစ္စသုံးမျိုး	၁၈၃
၄၉။	ယောကျ်ားမိန်းမ ရှာမရ	၁၉၂
၅၀။	ရုပ်နာမ်ဖြစ်ပျက် ကြောင်းကျိုးဆက်	၁၉၄
၅၁။	မဂ္ဂင်ရှစ်ပါး	၁၉၅
၅၂။	အပါယ်တံခါးပိုတ်ပြီ	၁၉၇
၅၃။	အကျိုးမျှားတဲ့တရား	၂၀၀

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၅၄။	**ကိုယ်ပိုင်ဘုံဆိုင်တရားတော်**	၂၀၄
၅၅။	ပရိယတ္တိသာသနာ	၂၀၆
၅၆။	ပဋိပတ္တိသာသနာ	၂၀၈
၅၇။	သုဂတိ-ဒုဂ္ဂတိ	၂၁၀
၅၈။	မကောင်းတာဆို ရပ်တန်းကရပ်	၂၁၆
၅၉။	ကုသိုလ်တပဲ ငရဲတပိုဿာ	၂၁၇
၆၀။	ဘုန်းကံရှိမှသာ	၂၂၀
၆၁။	အလှူဒကာအစစ်	၂၂၂
၆၂။	အရေးကြီးတဲ့အချက်	၂၂၄
၆၃။	ဒါနနှစ်မျိုး	၂၂၆
၆၄။	ဘာဘဲစားစား	၂၃၀
၆၅။	အထက်တန်းကျကျ မျက်နှာပန်းလှလှ	၂၃၂
၆၆။	ပျော်စရာတွေ	၂၃၄
၆၇။	အမှိုက်ပုံထဲက အရှူးကြီးလို	၂၃၅
၆၈။	အရှူးတွေ အကန်းတွေ	၂၃၇
၆၉။	ဥစ္စာလေးမျိုး	၂၃၉
၇၀။	ငုံပြာရည်ဖြစ်တောင် တပုလင်းထဲ	၂၄၈
၇၁။	ဆုတောင်းကြပုံ	၂၅၁
၇၂။	ဆုတောင်းမမှားဘို့	၂၅၆
၇၃။	လိုနေတာ ဝိပဿနာ	၂၅၇
၇၄။	လက်ရှိခန္ဓာမခင်တွယ်နဲ့	၂၆၄

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၇၅။	ဝိပဿနာအလုပ် အားမထုတ်လျှင်	၂၃၀
၇၆။	ရခဲတဲ့ ဘဲ့ထူးဂုဏ်ထူး	၂၇၆
၇၇။	**ရွှေသမင်မင်းဝတ္ထု**	၂၀၅
၇၈။	သာသနာပြုရာမှာ စိတ်ရှည်ရမယ်	၂၉၃
၇၉။	သစ္စာလေးပါး	၃၀၁
၈၀။	ဇာတိဒုက္ခ	၃၀၂
၈၁။	အိုနာသေရ ဒုက္ခချည်းသာ	၃၀၃
၈၂။	မကြားချင် မြင်ချင်ရက်သား	၃၀၄
၈၃။	မဖြစ်ချင်လို့ မရ	၃၀၅
၈၄။	ခန္ဓာငါးပါး	၃၀၇
၈၅။	ဒုက္ခမှန်း မသိကြလို့	၃၀၉
၈၆။	အရှုခံနဲ့ရှုဉာဏ်	၃၁၁
၈၇။	သစ္စာလေးချက် တပြိုင်နက်	၃၁၂
၈၈။	ဇနီးမောင်နှံသောတာပန်	၃၁၄
၈၉။	အမြတ်ဆုံး ချီးမြှောက်ခြင်း	၃၁၅
၉၀။	ဇနီးမောင်နှံရဟန်းပြုကြခြင်း	၃၁၆
၉၁။	သောတာပန်ရှုရမည့်တရား	၃၂၀
၉၂။	အမျိုးသမီးလေး အတိတ်ဘဝ	၃၂၁
၉၃။	ရွှေသမင်ဝတ္ထု	၃၂၃
၉၄။	ရွှေသမင်ကျော့ကွင်းမှာမိ	၃၂၄
၉၅။	သမင်မလေးကအားပေး	၃၂၆
၉၆။	ရှုန်းလို့မရနိုင်	၃၂၈

၉၇။ သမင်မလေးရဲ့ သတ္တိ	၃၃၁
၉၈။ မုဆိုးကြီး စဉ်းစားပြီ	၃၃၃
၉၉။ အလောင်းတော်ရဲ့ပါရမီ	၃၃၅
၁၀၀။ ဇာတ်ပေါင်းခန်း	၃၃၇

ပဏာမနှင့် ဥယျောဇဉ်

၁။ ဒေသကံ စ ယထာခေတ္တံ, တေန ဓမ္မံ သုဒေသိတံ၊
သ-သံဃံ ဂုဏသမ္ပတ္တဲ, နမာမိ သိရသာ မဟံ။

ယထာ ခေတ္တံ၊ ခေတ်အားလျော်စွာ။ ယထာခေတ္တံ၊ကျိုနတ်ကျိလူ ကျိဇမ္မူနှင့် ကျိမူလျှမ်းသစ် ခေတ်နှင့်အတော် ညီလျော်စွာထသော။ ဓမ္မံ၊ ခေတ်မှီတရားတော်ကို။ ဓမ္မံ၊ ပုရာဏကဿပ အစ အရင့်အရင်က ဘုရားလုပ်နေကြသူ အဆူဆူသော ဘုရားအတုတို့ သိမှုမပိုင် မဟောနိုင်သည့် ကိုးခိုင်ထင်ရှား လောကုတ္တရာတရားခေါ် ခေတ်မှီတရားတော်ကို။ ဒေသကံစ၊ လူနတ်ဗြဟ္မာတို့ သူငါကို မှန်စွာတိတိ. သိရှိလေအောင် ထုတ်ဆောင်ဟောတတ် ဘုရားမြတ်ကိုဂုဏ်း။ တေန၊ အရဟာတ္တမဂ်, အရဟာတ္တဖိုလ် ဉာဏ်, သဗ္ဗညုတဉာဏ်ဖြင့် တတ်အပ်ကေန် အမှန်သိခြင်း ထို

ငါတို့ဆရာ မြတ်စွာဘုရားသည်။ သုဒေသိတံ၊ သွာက္ခာတအစ ဝေဒိတဗ္ဗံ အဆုံး ဘဝဂ်ချုံးမျှ ဂုဏ်ခြောက်ဝကို ထုတ်ပြသေချာ ကောင်းစွာဟောကြား မိန့်ထားတော်မူအပ်သော။ ဓမ္မံစ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်သတ်မှတ် ကိုးပါးသော လောကုတ္တရာ တရားမြတ်ကိုဌင်း။ ဂုဏသမ္ပုဏ္ဏံ၊ သုပ္ပဋိပန္နတာ စစ္စာ လောက်လုံ ကိုးငဂုဏ်နှင့် ပြည့်စုံတော်မူသော။ သ-သဟ၊ အရိယာဇာတ် မြင့်မြတ်ပေငြား ငါတို့ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးနှင့်တကွ။ သံဃံစ၊ ရှစ်တန်ထင်ပေါ် သံဃာတော်မြတ်ကိုဌင်း။ အဟံ၊ ခေတ်မှီဝိပဿနာ တရားတော်ကို ဟောဖေါ်ရွယ်ရည် ငါမထေရ်သည်။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ၊ မြတ်မြတ်နိုးနိုး လက်စုံမိုး၍ ညွှတ်လျှိုးသဒ္ဓါ ရှိခိုးပါသတည်း။

၂။ ယထာခေတ္တမ္ပိ ဒေသေဿံ, ဓမ္မံ နိဗ္ဗာန ပါပကံ၊
သုဏာထ သာဓုကံ ဧတံ, မယာ တဿသုဒေသိတံ။

ယထာခေတ္တမ္ပိ၊ ခေတ်နောက်မကျ ခေတ်ကာလနှင့်အညီ ခေတ်လဲမှီထသော။ နိဗ္ဗာနပါပကမ္ပိ၊ မဂ်ဖိုလ်ဧကန် ရကြောင်းမှန်၍ နိဗ္ဗာန်တိုင်အောင်လဲ ပို့ဆောင်တတ်ထသော။ ဓမ္မံ၊ ဘုရားဟောဖေါ် ခေတ်မှီတရားတော်ကို။ အဟံ၊ မဟာစည်ဓမ္မကထိက အမည်ရသောငါသည်။ ဒေသေဿံ၊ မဟာစည်ဝိပဿနာနည်းဆောင်ယူမှီး၍ သိပ်သည်းမှတ်သား ဟောကြားပေအံ့။ မယာ၊ မဟာစည်ဝိပဿနာမှီး ရှုနည်းကျန ဟောပြဘို့ရည် ငါမထေရ်သည်။ သုဒေသိတံ၊ ကျနမသွေ မေးဖြေထင်ရှား ကောင်းစွာဟောကြားအပ်သော။ တဿ၊ မဟာသတိပဋ္ဌာန်ခေါ် ဝိပဿ

နာတရားတော်ကို ဟောဖေါ်ညွှန်ကြား ထိုမြတ်စွာဘုရား၏။ တသား၊ ဘုရားဟောဖေါ် မဟာသတိပဋ္ဌာန် ဝိပဿနာ တရားတော်ကို အလျော်ညွှန်ကြား ဟောထားတော်မူသော ထိုကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏။ ဧတံ၊ ဘယ်ခေတ် ဘယ်ကာလနှင့်မဆို အလိုလိုတပြေးထဲညီ ဤခေတ်မှီ ဝိပဿနာ တရားတော်ကို။ တုမှေ၊ တရားကိုရှာ တရားနာ၍ စိတ်မှာသို့ ထား ရှုပ်ထား အားထုတ်လိုကြောင်း သင် သူတော် ကောင်း အပေါင်းတို့သည်။ သာဓုကံ၊ မငိုက်မမျည်း သို့မှီးစိတ်မှာ ကောင်းမှန်စွာ။သုဏာထ၊အာရုံထွေပြား စိတ်မများဘဲ မှတ်မှတ် သားသားနှင့် ရှုမှတ်ပွားများ နာကြားကြပါလေကုန်။

နိဒါန်း

သုနစ်သက်သောရှုနည်း

ဆရာတော် ဦးဝိဇယကို ဟံလင်းကြီး (ဟံလင်းကြီး) ဝါဆို ကျောင်း ဘုန်းကြီးအဖြစ်တုန်းကပင် အကျမ်းတဝင် သိနေခဲ့သည်။ ထိုစဉ်က မဟာစည် သာသနာ့ရိပ်သာသို့ မရောက်သေးပေ။ ကိစ္စရှိတိုင်း ဟံလင်းကြီးမှ ဝက်လက်သို့ မကြာမကြာ လာရောက်ရာမှ မကြာမကြာ တွေ့နေရသဖြင့် ဤသို့ အကျမ်းတဝင် သိကြရခြင်းဖြစ်၏။ အကျမ်းတဝင် ရှိသောကြောင့်လည်း ဆရာတော် ဦးဝိဇယ၏ သံဘောထားနှင့် ဆောင်ရွက်ချက်များကို သိတန်သလောက် သိခွင့်ရခဲ့သည်။ အရှယ်တော် မဲကြီးလှသေးဘော်လည်း သူ၏ သိလ သမာဓိနှင့် ဣန္ဒြေသိက္ခာ ပညာဂုဏ်တို့ကြောင့် အရှယ်တော်ထက် ပိုမိုရင့်ကျက်လျက်ရှိသည်။ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးနှင့် သိက္ခာဝါတိုင်းတာပြီး မသိသူတို့က မေးကြမြန်းကြသည်ကို ခံရသည်။ "မဟာစည်ထက် သိက္ခာဝါအရှင်ဘုရားက ဘယ်လောက်ကြီးပါသလဲ" တဲ့။ ဤသို့ပင် တချို့က မေးကြသည်။ ဤသို့ အမေးခံရသောအခါ သူ့စိတ်ထဲတွင် ဘယ်လိုနေသည်ဟူ၍တော့မသိ၊

မပြုံးမရယ်ဘဲ သူကငယ်ကြောင်း အမှန်အတိုင်း ပြန်ဖြေကြား လေ့ရှိသည်။

မိမိသိရသလောက်မှာ ဆရာတော် ဦးဝိဇ္ဇယသည် ပရိယတ် ဖြင့် တင်းတိမ်ရောင့်ရဲမနေဘဲ ပဋိပတ်ကိုပါ ဖြည့်ကျင့်လိုသော သူ၏ဆန္ဒမှာ ပင်ကိုယ်ကပင် ပါရှိလာခဲ့သည်။ ထို့ကြောင့် ပရိယတ်ကို ထိုက်သင့်သလောက် အားရအောင် သင်ယူပြီးနောက် ပဋိပတ်အကျင့်ကိုဖြည့်ကျင့်ရန် ပဋိပတ်ဘက်ကိုလှည့်ခဲ့သည်။ ပဋိပတ်ဘက်သို့ လှည့်ခဲ့သည်ဆိုသော်လည်း မစွဲးစမ်းမလေ့လာဘဲ အရေးတကြီး တွေ့ကရာနည်းဖြင့် ကျင့်ကြံကြိုးကုတ် အားထုတ်သည်ကား မဟုတ်ပေ။ ကမ္မဋ္ဌာန်းရှုမှတ်နည်းကို ကိုယ်သဘောကျသလို နည်းပေးလမ်းပြ ပြုလုပ်နေကြသော ဆရာတို့ထံချဉ်းကပ်၍ လက်လှမ်းမှီသလောက်ကို စူးစမ်းလေ့လာခဲ့သည်။ လက်လှမ်းမှီသလောက် နည်းပေါင်းများစွာ လေ့လာပြီးနောက် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ပြသနေသော နည်းသည်သာ မဟာသတိပဋ္ဌာန် ဒေသနာတော်နှင့်ဂုဏ်း၊ အဖွင့် အဆုံကထာ၊ ဋီကာတို့နှင့်ဂုဏ်း ညီညွတ်သည်ကိုသိရှိပြီးလျှင် မဟာစည် ပဋိပတ်အကျင့် လမ်းစဉ်ကိုသာ သူနှစ်သက် သဘောကျခဲ့သည်၊ သဘောကျသည့်အတိုင်း ရန်ကုန် မဟာစည် သာသနာ့ရိပ်သာသို့ ချဉ်းကပ်၍ မဟာစည်ရှုမှတ်နည်းကို အားထုတ် ရှုမှတ်လေတော့သည်။

ဟောပြောပြသခဲ့သည်

၁၃၂၃-ခုနှစ်တွင် စနစ်တကျအားရအောင် ကိုယ်ဘိုင်အားဆုတ်ပြီးလျှင် မိမိသီတင်းသုံးရာ ဟံလင်းကြီး ဝါဆိုကျောင်းသို့

ပြန်၍ မိမိအား ကြည်ညိုလေးမြတ် ဆည်းကပ် ကိုးကွယ်လျက် ရှိကြသော ဟံလင်းကြီးသူ ဟံလင်းကြီးသား ဒကာ ဒကာမ တို့အား ကျေးဇူး တုံ့ပြန်သောအနေဖြင့် ရိပ်သာဖွင့်လျက် မဟာစည်ရှုမှတ်နည်းကို စနစ်တကျ ဟောပြပေးတော်မူခဲ့သည်။ ဆရာတော် ဟောပြောပြသမှုဖြင့် အားထုတ်သူ ယောဂီပေါင်း ၂၀၀-အထိရှိခဲ့ရာ သူ့နေရာနှင့် သူ့အရပ်ဌာနအလိုက်ယောဂီ ဦးရေ နည်းပါးသည်ဟု မဆိုနိုင်ပေ။

မဟာစည်ဓမ္မကထိက

ဟံလင်းကြီးသူ ဟံလင်းကြီးသား ဒကာ ဒကာမတို့အား ဆရာ့တာဝန် ကျေပွန်စွာ ကျေးဇူးတုံ့ပြန်ခဲ့ပြီးနောက် မိမိအား ကျေးဇူးပြုခဲ့သော ရန်ကုန် မဟာစည်သာသနာ့ရိပ်သာသို့ပြန်၍ မိမိပိုင် ဟံလင်းကြီး ဝါဆိုကျောင်းကိုမူ ညီရင်းဖြစ်သူ ဦးဥာဏာအား လွှဲအပ်ခဲ့သည်။ မဟာစည် သာသနာ့ရိပ်သာသို့ ရောက်သည်ဆိုလျှင်ပင် အသားကျပြီးသော မဟာစည်ဝိပဿနာတရားကို တရားနာယောဂီတို့ နှစ်သက်သဘောကျလောက်အောင် ဟောပြောနိုင်ခဲ့သည်။ "အရေအတွက်ထက် အရည်အချင်းရှိဘို့က အရေးကြီးသည်" ဟူသော မျက်မှောက်ကာလတွင် ခေတ်စားနေသည့် အဆိုအတိုင်း လူတို့အလယ်တွင် အရည်အချင်းရှိဘို့ လိုအပ်လှပေသည်။ ဆရာတော် ဦးဝိဇယမှာ မဟာစည်ပဋိပတ္တိသာသနာအတွက် အရေအတွက်သာမက လိုအပ်သော အရည်အချင်းနှင့်လည်း ပြည့်စုံလျက်ရှိသည်။ ထိုအရည်အချင်းကို မဟာစည်ပရိယတ်ကလည်း သိရှိလာကြသည်။ ကျေးဇူးရှင်ဆရာ

တော်ဘုရားကြီးကလည်း သိရှိတော်မူရကား ဆရာတော်ဦးဝိဇယ
ကို "မဟာစည်ဓမ္မကထိကအဖွဲ့ဝင်" အဖြစ် အသိအမှတ်ပြုတော်
မူသည်။

မဟာစည်နာယက ဆရာတော်

မဟာစည်ဓမ္မကထိကအဖွဲ့ဝင် အရည်အချင်းနှင့်ပြည့်စုံရုံသာ
မက ဆရာတော်ဦးဝိဇယ၏ သီလ သမာဓိနှင့် အနေအထိုင်
ကွန်ဒြေတို့မှာလည်း ဝါ(၆၀)ရပြီးသော မထေရ်ကြီးကဲ့သို့ ငြိမ်
သက်လှပေသည်။ အမြင်အာဒါးဖြင့်ဆိုလျှင် ကျေးဇူးရှင် မဟာ
စည် ဆရာတော်ဘုရားကြီးထက်ပင် သက်တော် ဝါတော်ကြီး
သည်ဟု ထင်ရလောက်အောင် ရင့်ကျက်လျက်ရှိသည်။ သိက္ခာ
ဝါ ၂၀-ကျော်ပြီး ဖြစ်သောကြောင့် မဟာဆေရ်အပိုင်းသို့
ရောက်နေပြီဖြစ်ရကား "မဟာစည်နာယကအဖွဲ့ဝင်" အဖြစ်ဖြင့်
လည်း လျော်နေလေပြီ၊ ထို့ကြောင့် ထိုက်သင့်သော ဂုဏ်နှင့်
လျော်စွာ ချီးမြှောက်မဲဖြစ်သော ကျေးဇူးရှင် မဟာစည်ဆရာ
တော်ဘုရားကြီးနှင့် နာယကအဖွဲ့က ဆရာတော် ဦးဝိဇယအာဒါး
နာယကအဖွဲ့ဝင် အဖြစ်ဖြင့်လည်း အသိအမှတ် ပြုတော်မူလိုက်
ကြပြီး ဖြစ်သည်။ ဆရာတော် ဦးဝိဇယပါဆိုလျှင် ကျေးဇူးရှင်
မဟာစည်ဆရာတော်ဘုရားကြီး၏ လက်အောက်၌ ဖွဲ့ထားသော
နာယကအဖွဲ့ကြီးတွင် မထေရ်ကြီးတို့မှာ (၂၆)ပါး ရှိနေပြီဖြစ်
သည်။ ထိုအဖွဲ့ဝင် ဆရာတော်ကြီးတို့မှာ တချို့မဟာစည်ဆရာ
တော်ဘုရားကြီးထက်ပင် သိက္ခာ ဝါကြီးကြသည် ဖြစ်၍၎င်း၊
တချို့အစိုးရ ဓမ္မာစရိယ၊သက္ကသီဟဘိဝံသနှင့်အဂ္ဂမဟာပဏ္ဍိတ
အဆိ ဂုဏ်ထူး ဘွဲ့ထူးတို့ဖြင့် သီလ သမာဓိ ပညာနှင့်ပြည့်စုံတော်

မူကြသည်ဖြစ်၍၎င်း မြတ်စွာဘုရား သာသနာတော်တွင် အာဒီးကိုးလောက်သော ဆရာတော်တို့သာ ဖြစ်လေသည်။

ဟံလင်းကြီးဇာတိ

ဆရာတော်မှာ သူ၏မယ်တော် ခမည်းတော်တို့က မုဆိုးချုံရွာ၌ ဖွားမြင်ခဲ့၍ သူသုံးနှစ်သားအရွယ်တွင် မယ်တော် ခမည်းတော်တို့နှင့်အတူ ဟံလင်းကြီးသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်ဟု ထေရုပ္ပတ္တိ၌ ဖော်ပြထားသည်ကို တွေ့ရသည်။ ထို့ကြောင့် မုဆိုးချုံ၌မွေးဖွားခဲ့သော်လည်း ဟံလင်းကြီးဇာတိကဲ့သို့ ဟံလင်းကြီးသား ဟူ၍သာ သိနေကြသည်။ မုဆိုးချုံဆိုသည်မှာ ဟံလင်းကြီး၏ အနောက်နားတွင် ၂-မိုင်ခန့်သာ ကွာဝေးသည်။ ဟံလင်းကြီးတွင် ရေပူတွင်းများရှိသဖြင့် ထူးဆန်းသည်ဟုဆိုကာ တချို့ဝေးလံသော အရပ်ဒေသများမှပင် တမင်တကာ လာရောက်လေ့လာကြသည်။ သိပ္ပံဆရာတို့ကမူ ကန့်ခေတ်အားကြီးသော မြေမှု စီးထွက်လာခဲ့သော ရေဖြစ်သောကြောင့် ဤသို့ ရေပူများထွက်လာခြင်းဖြစ်သည်ဟု ဆိုကြသည်။ ဟံလင်းကြီးရှိ ရေပူတွင်းထဲသို့ ကြက်ဥချလိုက်လျှင် မကြာမီပင် ကျက်သွားသည်ဟု ဆိုသည်။

ဟံလင်းကြီးနှင့်ဆားလင်းကြီး

ဟံလင်းကြီးကို ဟလင်းကြီး၊ ဆားလင်းကြီးကို ဆလင်းကြီး ဟု "စာရေးအမှန်၊ စာဖတ်အသံ" ဆိုသည့်အတိုင်း အရေးတပါး အဖတ်တခြား ခေါ်ဝေါ်ကြသည်။ ထို့ကြောင့် ဟံလင်းကြီးနှင့် ဆားလင်းကြီးမှာ တချို့ရောထွေးလျက် ရှိကြသည်။ ဆားလင်းကြီးက မည်သည့်ကုန်ပစ္စည်း ထွက်သည်ဟု

မလေ့လာဘူးရှိ မသိရသော်လည်း ဟံလင်းကြီးမှ ဆားထုတ်သည်ဟု သိရသည်။ ဟံလင်းကြီးမှာ ဝက်လက်၏အနီး ရွှေဘို ခရိုင်အတွင်းမှာဖြစ်၍ ရာဇဝင်ဆရာတို့က "မြန်မာအစ ဟံလင်းက" ဟူ၍ပင် ဆိုကြသေးသည်။ ရှေးက ပြည်မင်း၊ ပြုံးမင်းတို့ စိုးခံခဲ့သော မြို့ဟောင်းဖြစ်ကြောင်းဖြင့် အဆိုရှိသောဟံလင်းကြီး သည်သာ ဆရာတော်ဦးဝိဇယ၏ ဇာတိရွာပေတည်း။ ဆားလင်း ကြီးမှာမူ ပခုက္ကူခရိုင် ချင်းတွင်းမြစ်ကမ်းတွင် တည်ရှိ၍ ဟံလင်း ကြီးနှင့်မှီရာခရိုင် တခရိုင်လုံးခြားလျက်ရှိသည်။ အောက်ဖေါ်ပြ ပါ ရှစ်လုံးဘွဲ့ကဗျာမျှားမှာ ဟံလင်းကြီး ဆရာတော်ကိုယ်တိုင် ဖွဲ့စပ်ထားသော ကဗျာမျှား ဖြစ်ပေသည်။

၀၄ ၀ ၄၀

၁။ သမုဒ်းအရှေ့၊ မှတသစရာ၊
ရွှေဘိုတောင်လက်၊ အချက်အချာ။
မြန်မာအစ၊ ဤကဟုသာ၊
ပြောဆိုကြ-ဌာန ဟံလင်းရွာ။

၂။ သုတသန၊ ဌာနကလာ၊
တူးကြဆွကြ၊ ရှာကြလေရာ။
မြို့ဟောင်းအလိုက်၊ ရထိုက်ရရာ၊
ရသမျှ-ထားကြ ပြတိုက်မှာ။

၃။ ရေပူရေအေး၊ ထုတ်ပေးထူးစွာ၊
ချိုးသုံးသူများ၊ ကင်းငြားရော၀ါ။
ဌာနအလိုက်၊ သိုက်မြို့က်ဤရှာ၊
ဟံလင်းကြီး-မည်သီးထူးလှစွာ။ ။

ခေတ်မှီဝိပဿနာ

ဆရာတော် ဦးဝိဇယမှာ ဘိုးတော်မင်းကြီးလက်ထက် ဝါ (၆၀)ရပြီးမထေရ်ကြီးကဲ့သို့ သွားလာနေထိုင်ဟန် ကွန်ဒြန့်ပြည့်စုံသည်ကို ထောက်ဆပြီး အမြင်အားဖြင့်ဆိုပါလျှင် ခေတ်မှီလိမ့်မည်မဟုတ်၊ အင်မတန်ရိုးပြီး ခေတ်နောက်တွင် အတော်လှမ်းလှမ်းကျန်ရစ်လိမ့်မည်ဟု ထင်စရာရှိပေသည်၊ သို့သော် သူဟောကြားသောတရားကို နာကြားကြရသည်အခါ၌ အံ့သြလောက်အောင် အထင်နှင့်အမြင်ကွာခြားနေသည်ကို တွေ့ကြရမည်သာဖြစ်ပေသည်၊ ခေတ်မှီရုံသာမက ခေတ်ရှေက ပြေးလျက်ရှိသော သူ့တရားကို ခေတ်မှီဟု အမည်ပေးထားသည်မှာ လျှော့လျှော့ပေါ့ပေါ့ပေးထားခြင်းသာ ဖြစ်ပေလိမ့်မည်၊ မလျှော့မပေါ့ဘဲ တရားနှင့်လိုက်အောင်အမည်ပေးပါက ခေတ်ရှေ့ အတော်လှမ်းလှမ်းက ပြေးနေသော "ခေတ်ရှေ့ပြေးဝိပဿနာတရားတော်" လို့ အမည်ပေးသင့်ပေသည်။ မနာမကြားရဘူးသေးသူများ ဤခေတ်မှီဝိပဿနာတရားတော်ကို ဘတ်ရှုကြည့်လျှင် ခေတ်ရှေ့က မည်မျှပြေးနေသည်ကို တွေ့ကြပါလိမ့်မည်။

ကောင်းမှုန်းသိသူတို့က ကူးယူထားကြသည်

ဤ ခေတ်မှီဝိပဿနာတရားတော်ကို ကောင်းမှုန်းသိကြသော ချန်ကုန်မြို့ ၃၃-လမ်း ဇုံ စာပုံနှိပ်တိုက်ပိုင် ဦးထွန်းရှိန့်နှင့် စာရေးဆရာဦးခင်မောင်ဝင်းတို့က အသံဖမ်းစက်မှ ကူးယူထားကြသည်။ ကူးယူထားကြရခြင်းမှာလည်း တရားနာယောဂီတို့က နှစ်သက်သဘောကျသဖြင့် တိုက်ဘွန်းကြသောကြောင့်ဝင်း၊ သူတို့ကိုယ်

တိုင်က တရားနာယောဂီတို့နှင့်အတူ နှစ်ခြိုက် သဘောကျသော ကြောင့်ဌင်း ဖြစ်လေသည်။ သူတို့နှစ်သက်သဘောကျသော ဤ ခေတ်မှီဝိပဿနာတရားတော်ကို မဟာစည် ဆရာတော်ဘုရားထံ တင်ပြလျက် ဆရာတော်ဘုရားကြီး၏ ခွင့်ပြုချက်ကိုလည်းရယူကာ စာအုပ်အဖြစ်သို့ရောက်အောင် အားထုတ်ကြသည်။

ဤခေတ်မှီဝိပဿနာ တရားတော်မှာ တရား (၆) ပုဒ် ဟော ကြားထားသမျှကို (၆) ပိုင်း ပိုင်း၍ ဖေါ်ပြထားသည်၊ ဆရာ တော်ဟော တရားမှာရှင်းသည်၊ ပြတ်သားသည်၊ လိုရာသို့ရောက် ၍ ထိမိသည်၊ အသံကိုအားထား၍ ဟောကြားသော တရားမျှား ကို ကျောခိုင်း၍ဌင်း၊ လွှမ်းခင်းဆွေးခင်းကို အားပြုဟောကြား ကြသော တရားမျှားကို မျက်ကွယ်ပြု၍ဌင်း၊ ကန့်ကရဟောကြား သော တရားမျှားနှင့် ရယ်ရွင်ဘွယ်ကို ပစာနပြု၍ ဟောကြားကြ သော တရားမျှားကို ပြက်ရယ်ပြုသကဲ့သို့ဌင်း ရှိပေသည်။ ဤ စာအုပ်သည် အချက်ကျကျမေးဖြေဟောပြောထားသောကြောင့် လိုရာသို့ရောက်သည့်ပြင် အသုံးအနှုံး အလွန်ပြောင်မြောက်ပေ သည်။ တရားစာအုပ်ကောင်းတအုပ်ဖြစ်၍ မဟာစည်အသိုင်း အဝိုင်းအတွက် ဂုဏ်တက်မည့်စာအုပ်တအုပ် ဖြစ်ပွယ်ရှိပါသည်။

ဤခေတ်မှီ ဝိပဿနာ တရားတော်ကို ဘတ်ရှုနာကြားကြရ သူတိုင်း နှစ်သက်သဘောကျ၍ တရားအားထုတ်လိုသော စေ တနာ သဒ္ဓါတရား တိုးပွားလာကြလိမ့်မည်ဟု ယုံကြည်မိပါ သတည်း။

မစိုးရိမ် ဦးတိသ (ဝက်လက်)

မိတ်ဆက်ပန်ကြားစာ

ဤဝိပဿနာ တရားစာအုပ်တွင် မိတ်ဆက်ပန်ကြားစာ ရေးသားရသည့်အတွက် ဝမ်းမြောက်လှပါသည်။ သို့သော် "သီလရှင်နှင့်ဘီး" ပမာ၊ အချို့မိတ်ဆွေများက ထင်ယောင်ထင်မှားဖြစ်လာတတ်ပါသည်။

မှန်ပါသည်၊ စာရေးသူမှာ ပြိတိသျှခေတ်၊ ဂျီ-စီ-ဘီအော၊ ဝံသာနု သတင်းစာမှ မြန်မာ့အလင်း သတင်းစာသို့ ကူးပြောင်း၍၊ တရားရုံးဆိုင်ရာမှုခင်းများ၊ ရဲမှုခင်းများနှင့်တကွ၊ သံဃာ့သမဂ္ဂအစည်းအဝေး၊ လူအစည်းအဝေး၊ သတင်းများကိုရေးသား၍ လုပ်ကိုင်နေခဲ့ပါသည်။

လွတ်လပ်ရေးရပြီးနောက် ၁၉၅၂-ခုနှစ်မှ ၁၉၆၂-ခုနှစ် တိုင်အောင် ပြည်သူ့လွှတ်တော် ပါလီမန်အမတ်အဖြစ် နိုင်ငံရေးနယ်ပယ်၌ လည်းကောင်း၊ ဇာဘင်စိန့် (ရွှေကျိုးမိသားစု ကုမ္ပဏီ)တွင် ဒါရိုက်တာအဖြစ်လည်းကောင်း၊ အထည်လုပ်ငန်း

နယ်ပယ်တွင်လည်းကောင်း လုပ်ကိုင်ခဲ့၍၊ ထိုနယ်ပယ်မျှားမှ မိတ်ဆွေများက ယင်းလုပ်ငန်းနှင့်ပတ်သက်၍သာ သိခဲ့ကြပါသည်။

၁၉၆၂-ခုနှစ်၊ ပြည်သူ့လွတ်တော် ပါလီမန်ရုပ်သိမ်းလိုက်သည့်အခါတွင် မိမိအားဆက်ခါဆက်ခါအတိုက်အခံအမတ်တဦး အဖြစ် (၃) ကြိမ်တိုင်အနိုင်ရအောင် မဲပေးတင်မြှောက်ခဲ့သော မဲဆန္ဒရှင်များအား မည်သို့ ကျေးဇူးတုန့်ပြန်ဆပ်ရပါအုံးနည်းဟု ကျေးဇူးဆပ်လိုစိတ် ပေါ်ပေါက်ခဲ့ပါသည်။

ထိုသို့ပေါ်ပေါက်ပြီးသည်နှင့် တပြိုင်နက်၊ ပရိယတ္တိ၊ပဋိပတ္တိ အဖြာဖြာတို့၌ ပြည့်စုံတော်မူသော မဟာစည်ဆရာတော်အား ပင့်ဖိတ်၍၊ ရခိုင်မဲဆန္ဒရှင်များသို့ ဝိပဿနာ ဘာဝနာတရားဖြင့် ကျေးဇူးဆပ်ခြင်းသည် အကောင်းဆုံး၊အမြတ်ဆုံးဟုယူဆ၍ သာသနာ့ရိပ်သာသို့ချဉ်းကပ်ခါ ဆရာတော် ဦးသုဇာတမုတဆင့်၊ မဟာစည်ဆရာတော်အား ရခိုင်သို့ ကိုယ်တိုင်ပင့်ဖိတ်ခွင့် ရခဲ့ပါသည်။

စစ်တွေမြို့ ဝက်ဘာကွင်းကြီး၌ (၁)ည၊ မြို့ဟောင်းမြို့၌(၃) ည၊ ကျောက်တော်မြို့၌(၃)ည၊ မင်းပြားမြို့၌(၃)ည၊ ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီး၏ ဝိပဿနာတရားများကို ထောင်မေါင်းများစွာသော ပရိသတ်တို့အား တလတာမျှ ဟောပြောလျက် ကိုယ်တိုင်လိုက်နာ လုပ်ကိုင်ခဲ့ရခြင်းဖြင့် သွားသတိ၊ ထိုင်သတိ၊ စားသတိ၊ အိပ်သတိ၊ ဖောင်းတယ်၊ပိန်တယ်၊ ကာယနုပဿနာတရားကို ရှုမှတ်လျက်၊ မိမိခန္ဓာပေါ်လာသမျှ၊ တတ်နိုင်သရွေ့ ရှုမှတ်လေ့ကျင့်ခြင်း၊ ဤတရားတော်ကို စိတ်ဝင်စားလာခဲ့ပါသည်။

ဤလောက၌ လူတယောက်ဖြစ်လာဖို့ မလွယ်ကူ၊ အလွန့်အလွန် ခက်ခဲသည်တို့မှ လူ့ဘဝ လူဖြစ်လာရသည့်အခါ လူဖြစ်ရုံသာမကသေး၊ ဘဝသံသရာ ကောင်းရာသုဂတိသို့ ရောက်ရှိဖို့လည်း အရေးကြီးလှပါသည်၊ လိုအပ်လှပါသည်၊ ထို့ကြောင့် သံသရာအတွက် "ပစ္စည်းဥစ္စာရရှိဖို့" နည်းလမ်းတို့ကိုလည်း ရှာကြံဖို့လိုလာပါသည်။

လူသည် "ကံ"ကို အကြောင်းပြု၍ ဖြစ်လာရသည်။

ရှေးရှေးကပြုခဲ့ဘူးသော ကုသိုလ်ကံ၊ အကုသိုလ်ကံကို အမှီပြုလျက် ရုပ်နာမ်ဖြစ်လာသောအခါ သတ္တဝါကောင်၊ ငါကောင်၊ ငါ့မယား၊ ငါ့လင်၊ ငါ့သား၊ ငါ့သမီး၊ ငါ့ဆွေမျိုးစသည်တို့ဖြင့် တစ္ဆဲလမ်းထဲ စ္ဆဲလမ်းလာကြသည်။

ဤကား-ရုပ်၊ ဤကား-နာမ်ဟု ဘဝပေါင်းများစွာ ရုပ်နာမ်ကို မမြင်မသိခဲ့သည့်အတွက်ကြောင့် (၃၁)ဘုံ၌ ကြိမ်ဖန်များစွာ ဆင်းရဲလိုက်၊ ချမ်းသာလိုက်၊ ဒုက္ခမျိုးစုံနှင့်ရင်ဆိုင်ခဲ့ကြရပြီးမဟုတ်ပါလား။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ အပါယ်(၄)ဘုံ၊ လူ့ဘုံ၊ နတ်ဘုံ(၆)ထပ်၊ ကာမ(၁၁)ဘုံနှင့်ဗြဟ္မာ(၂၀) ဤ(၃၁)ဘုံတွင် မရေမတွက်နိုင်အောင် လူသတ္တဝါတို့ ဒုက္ခ သုခမျိုးစုံ တွေ့ကြုံခဲ့ကြရပြီးဖြစ်ပေသည်။

ယနေ့ပုပုရွရွ သွားလာလှုပ်ရှားနေကြသော လူ့လောက ရောက်ရှိနေသူများအနက် ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ နေကြရသော ပုဂ္ဂိုလ်တို့သည် အိုခြင်း၊ နာခြင်း၊ သေခြင်း၊

ဘေးအန္တရာယ်တို့ကို မမေ့ပျောက်လေ့ရှိတတ်သည်။ စာရေးသူကိုယ်တိုင်လည်း မမေ့ပျောက်ခဲ့ပါသည်။

သို့သော် မည်မျှပင်မမေ့ပျောက်စေကာမူ ထိုထိုဘေးအန္တရာယ်တို့မှ မလွတ်ကင်းနိုင်ပါသဖြင့် ချမ်းသာဖို့အရေး၊ နည်းအမျိုးမျိုး ရှာလာတတ်ကြသည်။ ရှာလည်းရှာသင့်ပေသည်။

စာရေးသူနှင့်အတူ လုပ်ကိုင်လျက်ရှိသော နိုင်ငံတော်ကောင်စီဝင် လင်းခေးဦးထွန်းမြင့်သည် ယခုနှစ်ဇန်နဝါရီလ အတွင်းက ကွယ်ပျောက်ခဲ့ပါသည်။

ထိုနည်းတူစာ လုပ်ဖော်ကိုင်ဖက် နိုင်ငံတော်ကောင်စီဝင် ဗိုလ်မှူးကြီးကျော်ဝင်းသည် ဩဂုတ်လ(၂၁)ရက်နေ့ နံနက်ပိုင်းတွင် နိုင်ငံတော်ကောင်စီဝင်များနှင့် အတူ သွားသွားလာလာ ရှိလားမောလား နေထိုင်ရာမှ ညနေဖက်တွင် ကွယ်လွန်သွားရှာပါသည်။

ထို့ကြောင့် အိုရခြင်း၊ နာရခြင်း၊ သေရခြင်းဘေးတို့သည် အလွန်ကြောက်မက်ဖွယ်ကောင်းလှပါသည်။

(၃၁)ဘုံတွင် လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ ဗြဟ္မာဖြစ်လိုက်၊ ဖြစ်နေခဲ့လျှင် ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ ဖြစ်ရကျိုးတော်ပါသေးသည်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်၊ အပါယ်လေးဘုံသို့ မရောက်ဖို့သည် လူဘယောက်အတွက် အလွန်အရေးကြီးသည်။

ဗုဒ္ဓသာသနာအတွင်း၌ လူဖြစ်လာရသူတို့အဖို့ ထိုထိုအိုခြင်း၊ နာခြင်း၊ သေခြင်းဘေးတို့ကို တားဆီးနိုင်သော နည်းနာများကို ဂေါတမမြတ်စွာဘုရားက သေသေချာချာ ဟောထားခဲ့ပါ

သည်။ ဒါနမှု၊ သီလမှု၊ သမထမှုတို့ကို မပြတ်လုံ့ပ်ကိုင်နေကြသော ဗုဒ္ဓဘာသာဝင်အမြောက်အများ ရှိကြပါသည်။

ဤဒါနမှု၊ သီလမှု၊ သမထမှုတို့သည်ကား အိုခြင်း၊ နာခြင်း သေခြင်းဘေးတို့ကို တိုက်ရိုက်အထောက်အကူရရှိဖို့ သာမန်မှုသာ ဖြစ်သည်။ ဘဝတည်ဆောက်ရာ၌ကား မျှားစွဲအထောက်အကူ ရကြပါသည်။ အိုခြင်း၊ နာခြင်း၊ သေခြင်းဘေးတို့နှင့်တကွ ကြောက်မက်ဖွယ် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်၊ အပါယ်(၄)ဘုံသို့ မရောက်နိုင်ဖို့ လုပ်နည်းကိုင်နည်းတို့မှာ ဝိပဿနာ တရားတော်သာအစစ်ဖြစ်ပေသည်။

အစဉ်သဖြင့် အပါယ်(၄)ဘုံသို့လည်း မရောက်ဖို့နှင့် မအို၊ မနာ၊ မသေဖို့၊ လုပ်နည်းကိုင်နည်းသည် ဤဝိပဿနာနည်းမျှားသာဖြစ်၍ ယင်းနည်းကို လက်ဆုပ်လက်ကိုင် လေ့လာပြုလုပ်ဖို့ အတွက် ဆရာကောင်း၊ နည်းကောင်းမျှားလည်း လွယ်လွယ်ကူကူရှိနေပြီး ဖြစ်ပါသည်။

အပါယ်(၄) ဘုံတွင် ငရဲနှင့်ပတ်သက်၍ မဟာစည်ဆရာတော်၏ ဝိပဿနာရှုနည်းစာအုပ်၊ ဥပရိပဏ္ဏာသ၊ ဗာလပဏ္ဍိတသုတ်၊ ဒေဝဒူတသုတ် စသည်တို့မှ ထုတ်နှုတ်ဖော်ပြထားရာတွင် ငရဲဥဖြစ်ရသော ငရဲသားသတ္တဝါ၏ ကိုယ်သည် ၃-ဂါဒုတ်၊ မြန် မာ အ တိုင်း အ တာ အား ဖြင့် (၄)တိုင်နှင့် တာ(၈၀၀) ရှိသည်။

ငရဲထိန်းတို့သည် ထိုမျှခန္ဓာကြီးမားသော ငရဲသားတို့အား အလျှံတပြောင်ပြောင် တောက်လောင်နေသော သံမြေပြင်ပေါ်၌ ပက်လက်အိပ်စေ၍ ညာနှင့်ဘယ်လက်ဝါးတို့၌ ထန်းလုံးခန့်

ရှိသော သံစုံကြီးကိုရိုက်နှက်၍လည်းကောင်း၊ ညာခြေထောက် ဘယ်ခြေထောက်နှင့် ခါးလည်စသည်တို့၌လည်း အလားတူ သံစုံကြီးဖြင့် ရိုက်နှက်ထားပြီး၊ မှောက်လိုက်၊ စောင်းလိုက်၊ ငါးနေရာတို့၌ သံစုံကြီးရိုက်၍ ညှဉ်းပမ်းနှိပ်စက်ခြင်းတို့ မရပ်မနားခံကြလေသည်။

အလျှံတပြောင်ပြောင် ပူလောင်နေသော သံမြေပြင်ပေါ်၌ ရက်စက်ကြမ်းကြုတ်စွာ ငရဲသားတို့သည် လူသတ္တဝါတို့ပြုလုပ်ခဲ့သော အကုသိုလ်ကံမကုန်မချင်း ကယ်ပါယူပါဟု အော်ဟစ်၍ တောင်းပန်နေကြသော်လည်း မည်သူတဦးတယောက်မျှ ကူညီနှိုင်ဖို့ မတတ်နိုင်ပေ။

ထိုမျှမကသေး ငရဲသားတို့အား ငရဲထိန်းတို့သည် အိမ်မိုးတဘက်ခန့်ရှိသော တံစည်း ပေါက်ပြားကြီးတို့ဖြင့် ခြောက်မြောင့်ပုံ၊ ရှစ်မြောင့်ပုံဖြစ်အောင် မျှဉ်းပစ်၍ ရွယ်ခုတ်ကြပြန်သည်။ ထိုအခါ ငရဲသားတို့ထံမှ သွေးတို့သည် ထိုမှဤမှစီးဆင်း၍ ယင်းသွေးတို့ပင်လျှင် မီးတောက်ထပြန်၍ ရွယ်ခုတ်ရာကိုယ်၌ စွဲလောင်ကြပြန်သည်။ ယင်းသို့မသေသေးလျှင် မီးလျှံရဲရဲတောက်သော သံရထား၌ နွားမြင်းတို့ကဲ့သို့တင်၍ မီးကျီးတောင်ပေါ်သို့ တက်စေကုန်သည်။ မတက်လျှင် ရဲရဲတောက်သော သံတုတ်ကြီးမျှားဖြင့် ရိုက်နှက်၍ တောင်ထိပ်မှ တောင်အောက် တက်ခြေ ဆင်းခြေ အဖန်ဖန်ပြုလုပ်ခြင်းကို ခံရလေသည်။

ကျိုက်ကျိုက်ဆူပွက်လျက်ရှိသော လောဟကုမ္ဘီခေါ် သံရေပွက် အိုးကြီးထဲသို့ ပစ်ချခြင်းခံရ၍ အမြဲပ်တစီစီဖြင့် ငရဲသားဖြစ်သူမှာ နှစ်မြုပ်ခံရလေသည်။

ထိုသံရေပွက်အိုးထဲသို့နှစ်ပေါင်း(၃၀၀၀၀)ကြာမှ အောက်သို့ရောက်၍ တဖန်အနှစ်(၃၀၀၀၀)ကြာသောအခါ ငရဲအိုးအထက်နှုတ်ခမ်းဝသို့ ပေါ်လာလေသည်။ ဘေးအရပ် ရှင်မျက်နှာသို့လည်း၊ ဖီလာလှုပ်ရှားသွားလာနေလေသည်။ အတိုင်းမသိသော၊ ဆင်းရဲဒုက္ခတို့ဖြင့် ဤသို့ ကျခံကြရသည်။

ကံမကုန်သေး၍ ထိုမျှဖြင့် မပြီးဆုံးပါက သံရေပွက်ထဲမှ ငရဲသားကို တဖန်ထုတ်ယူ၍ မီးတဟုန်းဟုန်းတောက်လောင်နေသော ငရဲကြီးထဲသို့ ပစ်သွင်းကြလေသည်။

ထိုငရဲကြီးသည် အလျား၊ အနံ၊အမြင့်၊ ယူဇနာ(၃၀၀)စီရှိသည်။ (၄)ထောင့်ညီသော သံသေတ္တာကြီးနှင့်လည်းတူသည်။

အရှေ့ဘက်နံရံမှ မီးလျှံသည် အနောက်ဘက်နံရံသို့ ဖေါက်ပြီးလျှင် အပြင်ဘက်သို့လည်း ယူဇနာ (၁၀၀) တိုင်အောင် ပူလောင်နေလေသည်။

အနောက်နံရံ၊ အရှေ့နံရံ၊ တောင်နံရံ၊ မြောက်နံရံ၊ အထက်သံမိုး၊ အောက်သံမြေပြင်တို့မှ မီးလျှံတို့သည်လည်း တပြောင်ပြောင် တောက်လောင်လျက် ရှိပေသည်။

ဤသို့အားဖြင့် နှစ်ပေါင်းများစွာ ကြာလာသော် ထိုငရဲကြီး၏ တံခါးဝတခုသည် ပွင့်လာသဖြင့် ငရဲသားတို့သည် လွတ်ရာလွတ်ကြောင်းဖြင့် တံခါးဝသို့ ဝမ်းသာအားရ အတင်းထွက်ပြေးကြသည်၊ အချို့မှာ လမ်းခွဲပင်မောပန်းလူးလှိမ့်လျက်အချို့တံခါးဝသို့ ရောက်သွားလေသည်။ ပြင်ပသို့လွတ်ထွက်နိုင်သော ငရဲသားတို့ ရုန်းထွက်ကြသော်လည်း အပြင်သို့ ရောက်သည်နှင့် တပြိုင်နက် ဘင်ပုတ်ငရဲသို့ ကျရောက်ပြန်လေသည်။

ဘင်ပုတ်ငရဲမှသည် မစင်ပုပ်ပြည့်လျှံနေ၍ နှစ်မြုပ် ကြရပြန်သည်။ လေ့လုံးခန့်ရှိသော ပိုးလောက်တို့က ကိုက်ခဲစားခြင်းကို ခံကြရလေသည်။

ဘင်ပုတ်ငရဲမှ လွှတ်ပြန်သော် ပြာပူငရဲသို့ ရောက်ကြပြန်သည်။ ထိုငရဲ၌ အိမ်ထွတ်ခန့်ရှိသော မီးကျီးခဲ ရဲရဲတောက်သော ပြာပူတို့ဖြင့် လောင်ကျွမ်းခြင်း ခံရပြီးနောက် ယင်းမှ လွှတ်ပြန်သော်၊ လက်ပံတောငရဲသို့ ရောက်ရှိလေသည်။

လက်ပံပင်တို့မှာ (၁၆)လက်မရှည်သော ဆူးများ အထပ်ထပ်ရှိကုန်သည်။ငရဲထိန်းတို့က ရိုက်နှက်၍ ဆူးအထပ်ထပ်ရှိသော လက်ပံပင်တို့ကို တက်ဆင်းခိုင်းစေသဖြင့် ငရဲသားတို့မှာ လက်ပံဆူးတို့ဖြင့် တက်လိုက်ဆင်းလိုက် လုပ်ကြရ၍ စုတ်ပြတ်ပေါက်ပြဲဒဏ်းအဖြာဖြာ ယိုထွက်လျက် ခံကြရပြန်သည်။

ထိုငရဲမှ လွှတ်မြောက်သော် သံလျက်တောငရဲသို့ ကျရောက်ကြပြန်လေသည်။ ထိုငရဲတွင် နှစ်ဖက်သွားရှိသော အရွက်တို့ဖြင့် ငရဲသားတို့၏ ကိုယ်ပေါ်ကျလေရာ၌ လက်၊ခြေ၊နား၊နှာ၊ ကိုယ်အင်္ဂါတို့သည် အပိုင်းပိုင်း ပြတ်ကျကုန်သည်။ ကြောက်လန့်၍ ထပြေးလျှင် သံမြေပြင်၌ သင်တုန်းဓားတို့သည် ထွက်ပေါ်၍စူးရှကုန်သည်။

ထိုမှလွှတ်မြောက်လျှင် ဝေတ္တရဏီမည်သော ကြိမ်ချောင်းငရဲသို့ ကျရောက်ပြန်သည်။ ထိုငရဲမှာသင်တုန်းဓားသွားနှင့်တူသော နွယ်များ၊ ကြာရွက်များရှိသည်။ အောက်မြေပြင်၌ သင်တုန်းခဲသွားများ ခင်းလျက်ရှိသည်။ ငရဲသားတို့သည် ထိုငရဲ၌ ကြိမ်ဝန်များစွာ စုန်ချည်၊ဆန်ချည်မျှလျက် ငရဲသားတို့ကိုတွေ့လျှင်

ငရဲထိန်းတို့က သံငါးမျှားခြိတ်ဖြင့် ဆွဲတင်၍ ဘာအလို့ရှိသလဲဟု မေးကြသည်။

ထမင်းဆာသည်ဟုဆို့လျှင် ရဲရဲတောက်သော သံတုံးသံခဲတို့ဖြင့် ပြည့်သော သံခြင်းတောင်းကြီးကို ယူလာ၍ပေးသည့်အခါ၊ မစားလို့ကြောင်း ပါးစပ်ကို အတင်းပိတ်ထားသည့်အခါသံဆူး၊ သံခဲတို့ဖြင့် ငရဲထိန်းတို့က ဖွင့်၍ ထိုသံတုံး သံခဲများကို ဟခုပြီး တခုထည့်၍ ကျွေးကြလေသည်။ ရေငတ်သည် ဆို့လျှင်လည်း အလားတူ သံရေပူတို့ကို အတင်းအဓမ္မ တိုက်ကျွေးကြသည်။

အထက်ပါအတိုင်း ငရဲဘေးဖေါ်ပြ၍ ငရဲကိုမကျို့နည် လမ်းကို အားထုတ်ဖို့ ညွှန်ပြထားပေသည်။ ထို့ပြင်အားထုတ်ဖို့မှာ ဤဝိပဿနာ နည်းလမ်းများသာ ရှိသည်။

ဤဝိပဿနာလုပ်ငန်း လုပ်သည့်အခါတွင် နည်းကောင်း၊နည်း မှန်ရဖို့ ဆရာကောင်းလည်း လို့အပ်ပါသည်။

သမားဆိုသည့် ဆေးဆရာတို့၌ ဆေးပညာတို့ကို ကျွမ်းကျင် သင့်ပါသည်။ ကျွမ်းကျင်မှု မရှိလျှင် ဘယ်ဆေးဆို့၌မျှားမှ ဆေး ဖေါ်စပ်သည့်အခါတွင် ဆေးပင်၊ ဆေးရွက်၊ အပွင့်၊ အသီး စသော ကုန်ကြမ်းပစ္စည်းများကို မကျွမ်းကျင်၊ မသိခြင်းကြောင့် အတုအယောင် ကုန်ကြမ်းဖြင့် ဖေါ်စပ်၍ ဆေးပေးပါက၊ ဆေး ကောင်း၊ ဆေးစစ်မသောက်ရသူတို့အဖို့၊ ရောဂါကင်းပျောက်ဖို့ မရနိုင်၊ ထို့ကြောင့် သမားကောင်းများ၏ ဆေးများကို မှီဝဲဖို့ လို့အပ်ပါသည်။

ဤမိတ်ဆက် ပန်ကြားစာ တင်ပြသူသည် နိုင်ငံ၏ လုပ်ငန်း တာဝန်များကို လုပ်ကိုင်ပြီးသည့်နှင့်တပြိုင်နက် သာသနာ့ရိပ်သာ

မဟာဓမ္မသာလာ ဓမ္မာရုံကြီးသို့ သွားရောက်၍၊ ဟံလင်းဆရာတော်၏ ဝိပဿနာတရားများကို ရက်၊ လ၊ အတန်ကြာ နာယူမှတ်သား၍ ရှုမှတ်လုပ်ကိုင်နေပါသဖြင့် ဝမ်းမြောက်ဝမ်းသာရှိလှပါသည်။

ဆရာတော်သည်ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ တပည့်များအနက် ကမ္မဋ္ဌာနာစရိယ ဆရာတော်တပါးဖြစ်ပါသည်။ ပရိယတ္တိလည်းပြည့်စုံ၊ ဝိပဿနာ တရားများ ကိုလည်း ကိုယ်တိုင်ကျင့်၊ ကိုယ်တိုင်လုပ်ကိုင်နေသော ဆရာတော် ဖြစ်ပါသည်။

ယင်းဟံလင်းဆရာတော်က တပည့်ယောဂီများ အစဉ်သဖြင့် သိဖို့ မှတ်သားဖို့၊ ခေတ်နှင့် လျော်ညီသော ဤဝိပဿနာစာအုပ်ကို ရေးသားထုတ်ဝေလိုက်ခြင်းအားဖြင့် အပါယ်တံခါးပိတ်လိုသူတို့ အချိန်ရှိခိုက် လုပ်ကိုင်ရှုမှတ်ကြဖို့ မိတ်ဆက် ပန်ကြား အပ်ပါသည်။

ထူထွန်းဖြူ။
၃၀-၁-၇၆
ခေတ္တ အမှတ်(၂၀)၊ ဝင်ဒါမီယာ ကရက်ဆင့်
ရန်ကုန်မြို့။

၁၃၇၈-ခုနှစ်၊ တော်သလင်းလဆန်း(၇)ရက်။

ဤစာအုပ်ဖြစ်ပေါ်လာခြင်း

ဤစာအုပ်သည် စေတနာကြောင့် သီးပွင့်လာသော ရတနာတပါးဖြစ်သည်။ ဆရာတော်၏ တရားကို ကြားနာရသည့် အခါတရားစစ်တရားမှန် ဖြစ်သည့်အလျောက် အသံသွင်းယူထားကြသည်။သဒ္ဓါတရား တိုးတက်လာသဖြင့် ရန်ကုန်မြို့ ၃၃-လမ်းခမ္မာရုံတွင် တရားပွဲကျင်းပကြသည်။ တဦးချင်း အလှူရှင်များက ၃-ကြိမ်၊ တအိမ်ဆွမ်းတပွဲ စုပေါင်းအလှူရှင်များက ၄-ကြိမ်ပေါင်း ၇-ကြိမ်တိတိ ကျင်းပကြသည်။ တရားဟောသည့် နေရာတိုင်းလိုက်၍ အသံသွင်းယူထားသည်။ ညဘက် ညဘက်တွင် ကက်ဆက်ဖွင့်၍ တရားရှုမှတ်ကြသည်။ တစတစ အခြေခံရလာသဖြင့် စနစ်တကျ ရိပ်သာသွားပြီး တရားအားထုတ်ကြသည်။ ဥာဏ်စဉ်နာရသူများပင် အတော်များလာသည်။ တက္ကသိုလ်ကျောင်းသူကျောင်းသားများပင် ပါဝင်လာကြသည်။ အချို့က တရားကောင်းလှသဖြင့် မပျောက်မပျက်စေရန် စာအုပ်ရိုက်ဘို့ အကြံပေးကြသည်။ အများဆန္ဒအရ အသံသွင်းကြိုးခွေမှ ကူးယူကြသည်။ ကူးယူပြီး တရားစာများကို ပြန်လည်စစ်ဆေးရသည်။ ကျေနပ်လောက်သောအခါ လက်နှိပ်စက်ဖြင့် စာမူအချောရိုက်သည်။ ရိုက်ပြီးစာမူများကို အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးထံတင်ပြ၍ ခွင့်ပြုချက်ရရှိမှ စာပေစိစစ်ရေးသို့ ကဆင့်တင်ပြသည်။ သက်ဆိုင်ရာက ခွင့်ပြုသောကြောင့် ဤစာအုပ် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

စာအုပ်အဖြစ်ရောက်ရှိအောင် အဆင့်ဆင့်ဆောင်ရွက်ရသဖြင့် ငွေကုန်သည်၊ လူပန်းသည်၊ အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ရသည်။ သို့သော် သာသနာတော်တွင် အထူးအကျိုးများမည်ထင်သောကြောင့် သဒ္ဓါပန်းကတော့ ညှိုးနွမ်းမသွားပါ။ တိုးချဲ့တိုးချဲ့ပင် ဝေဆာလာပါသည်။ ဤစာအုပ်တွင် ဥပမာ-ဥပမေယျ သာဓကဝတ္ထု အစုစု၊ ရှုနည်းမှတ်နည်း အစုံအလင်ဖြင့် ရှင်းလင်းပြတ်သားစွာ ဟောကြား ထားသော တရားများဖြစ်သည်။ အများနားလည်အောင် ပြောင်မြောက်သော စကားအသုံးအနှုန်းဖြင့် ဝေဆာနေသည်။ မအားလပ်၍ ရိပ်သာသို့ မလာနိုင်သူများ၊ ရှုနည်းမှတ်နည်း စုံလင်သဖြင့် အိမ်တွင်ပင်အားတုတ်နိုင်အောင် ကူညီမည့် ဆရာတဆူဖြစ်သည်။ ဓမ္မကထိကများ၊ ယောဂီများနှင့် အထူးသင့်လျော်သည်။ မပြတ်မလတ် ရှုမှတ်လျှင် တရားထူးတရားမြတ်ပင် ရရှိနိုင်သည်။ အဟောကောင်း အပြောကောင်း ဖြစ်လာနိုင်စရာရှိသည်။ ဤစာအုပ်သည် အသံသွင်းကြိုးခွဲမှ . ကူးယူရသောကြောင့် အများအယှင်းမလွှတ်ကင်းပါလျှင် ကူးယူသူတို့၏တာဝန်သာဖြစ်ပါ၏ကြောင်း။

ဧ—ထွန်းရှိန်

ခင်မောင်ဝင်း(ချမ်းသာစွာပေ)

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁၁၃၇-ခု ပြာသိုလဆုတ် ၁၀-ရက်နေ့
၃၃-လမ်း သာသနာ့ဟိတဓမ္မာရုံတွင် အာမှတ် ၁၆၅-နေ
ဦးဌေးလှိုင်- ဒေါ်တင်အေး သားသမီးတစုတို့၏ ဆွမ်းကျွေး
အလှူ၌၊ သဒ္ဓသနာ့ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ
ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ တပည့်
ကမ္မဋ္ဌာနာစရိယ ဟံလင်းဆရာတော်
ဟောကြားတော်မူအပ်သော

ဝိပဿနာအလုပ်ပေး တရားတော်

တရားရှုမှတ်နည်း

ပထမဆုံး ငါးမိနစ်လောက် သန့်သန့်ကလေး ရှုမှတ်ပြီး နောက် တရားနာရင်း ရှုမှတ်ကြရမဲ့ ရှုမှတ်ပုံရှုမှတ်နည်းကို ရှင်းပြီး ဟောကြားမယ်။

ကနေ့ ဟောကြားတဲ့တရားကတော့ သာယာနာပျော်ဘွယ် ဝတ္ထုဇာတ်လမ်းနဲ့ ဒီလိုနာချင်လို့လဲမဟုတ်ဘူး။ အသံနေအသံ

ထားကို နာကြားချင်လို့လဲမဟုတ်ဘူး။ တရားတော်အစစ်ကို နာချင်ပါတယ်၊ တပည့်တော်တို့တတွေ အပါယ် ၄-ပါးက လွတ်ချင်ပါတယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့၊ နာကြားမှတ်သားတဲ့ တရားတော်ဖြစ်တယ်။ တကယ်တော့ သတ္တဝါတွေဟာ အပါယ် ၄-ပါးက လွတ်ဘို့အရေးကြီးပါတယ်။ အဲဒီ အပါယ် ၄-ပါးက လွတ်ချင်တယ်လို့ လူတိုင်းလူတိုင်းရဲ့ ပါးစပ်ဖျား၊ နှုတ်ဖျားမှာ သီးနေတယ်။ ဘုရားရှိခိုးတိုင်း ရှိခိုးတိုင်း၊ အပါယ် ၄-ပါး၊ ကပ် ၃-ပါးမှ လွတ်ချင်ကြောင်း ဆုတောင်းချက်ပါနေတယ်။ ဒါဖြင့် ဒီအပါယ် ၄-ပါးက လွတ်ချင်တော့ ဘယ်လိုလုပ်မှ လွတ်မလဲ။ အပါယ် ၄-ပါးကို ဘယ်သူကပို့သလဲဆိုတာကို သိဘို့ တစ်တရားခံ ရှာဘို့ပဲ။

သက္ကာယဒိဋ္ဌိ

ဒီကနေ့ တရားနာပုဂ္ဂိုလ်တွေကတော့ တကဲ့'ဓမ္မပ္ပမာဏိက ပုဂ္ဂိုလ်' ဓမ္မပ္ပမာဏိကပရိသတ်၊ တရားတော်ကိုသာ ပမာဏထားပြီး နာကြားလိုတဲ့ ပရိသတ်ကြီးလို့ ဆိုသင့်တဲ့ ပုဂ္ဂိုလ်တွေပါဘဲ။ အသံကောင်းတာ မကောင်းတာကို ပမာဏထားပြီးတော့ နာကြားတာလဲမဟုတ်ဘူး။ ရုပ်အဆင်းကို ကြည့်ချင်လို့ တရားနာတာလဲ မဟုတ်ဘူး။ ဝိပဿနာတရားအစစ် အဆိအနှစ်ကိုသာ နာကြားလိုပါတယ်လို့ လွန်ခဲ့တဲ့ရက်က သာသနာ့ရိပ်သာမှာ ဦးခင်မောင်ဝင်းတို့ ဦးထွန်းရှိန်တို့ကိုယ်တိုင် လေ့လာကြပါတယ်။ ကိုယ်တိုင်လဲ ရှုမှတ်ကြပါတယ်။ ကိုယ်တိုင်လဲ ဘုန်းကြီးကို မေးမြန်းလျှောက်ထားကြပါတယ်။ ဘုန်းကြီးရင်းလင်းပေးတဲ့အခါ အလွန်နှစ်သက်သဘောကျပြီး 'ဒို့သိသလို အမျှားလဲ သိကြပါ

စေ။ ဒို့ချမ်းသာသလို ဒို့ဓမ္မမိတ်ဆွေတွေလဲ ချမ်းသာကြပါစေ၊ နာကြားနိုင်ကြပါစေ၊ ရှုမှတ်နိုင်ကြပါစေ'ဆိုပြီး အတော်လုံးပမ်းခဲ့ကြပါတယ်။ ဒီတော့ ကနေ့ဘုန်ကြီးဟောချင်တာက....

ဒို့ပရိသတ်ကြီးနဲ့ အမေးအဖြေသဘောမျိုး ဟောကြစို့။ ဒို့ပရိသတ်ကြီး အပါယ် ၄-ပါးက မလွတ်ချင်ဘူးလား (လွတ်ချင်ပါတယ်ဘုရား)။

ရဲရဲပြောကြပါ၊ မကြောက်ကြပါနဲ့။

အပါယ် ၄-ပါးဆိုတာဘာလဲ။ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် ဒီလေးပါးပါဘဲ။ ဒီလေးပါးမှ မလွတ်ချင်ကြဘူးလား (လွတ်ချင်ပါတယ်ဘုရား)။

ကောင်းပြီ။ ဒါဖြင့် ဒီ အပါယ် ၄ ပါးကိုပို့နေတဲ့ တစ်တရားခံ ဘယ်သူလဲဆိုတာ သိပလား (မသိပါဘုရား) အပါယ် ၄ ပါးကို ပို့နေတဲ့ တစ်တရားခံကိုရှာလို့ ရပလား။ အနာမသိ ဆေးမရှိ အနာသိမှဆေးရှိတယ် ဆိုတဲ့အတိုင်း အနာတွေ့အောင်ရှာပြီးမှ ဆေးကုရမယ်။ အခုတွေ့အောင်ရှာလိုက်တော့ တစ်တရားခံက ဒိဋ္ဌိဘဲ။ ဘာတဲ့တုံး.... သက္ကာယဒိဋ္ဌိ။ ဘုန်းကြီးတို့ကို အပါယ် ၄ ပါးပို့နေတာ ဘယ်သူတုံး (ဒိဋ္ဌိပါဘုရား) ဒါပေမယ်လို့ ဒိဋ္ဌိက သူကိုယ်တိုင်ပို့လိုက်ထာတော့ မဟုတ်ဘူး။ သူရှိနေလို့ အကုသိုလ်တွေကို လုပ်ကြတယ်။ အဲဒီအကုသိုလ်တွေက ပို့လိုက်တာပါဘဲ။ ဒီတော့ ဒိဋ္ဌိက သတ္တဝါ အနန္တတွေကို အပါယ် ၄ ပါးပို့နေတယ်လို့ ဆိုရတယ်။ အပါယ်လေးပါးပစ်ချတာ ဘယ်သူတုံးလို့ မေးခဲ့ရင် တစ်တရားခံ ဘယ်သူ့ကိုသွားတွေ့တုံး (သက္ကာယဒိဋ္ဌိပါဘုရား)။

အေး....ဟုတ်တယ် သက္ကာယဒိဋ္ဌိဘဲ။ ဒါဖြင့် ဒီဒိဋ္ဌိရှိနေရင် အပါယ် ၄ ပါး ရောက်မယ်။ မရှိရင်မရောက်ဘူး၊ ရှင်းမနေဘူးလား (ရှင်းနေပါတယ်ဘုရား)။

ဒိဋ္ဌိကိုဘာနဲ့သတ်မလဲ

ဒါဖြင့် သူ့ကိုဘာနဲ့ခွါမလဲ။ ဘယ်ကုသိုလ်နဲ့သတ်မလဲ။ ဒါနနဲ့ခွါမလား၊ သီလနဲ့ခွါမလား၊ သမထနဲ့ခွါမလား။ ဒါနဆိုတာက လှူဒါန်းပေးကမ်းတာ။ သီလဆိုတာက ရှောင်ကြဉ်တာ။ သမာဓိဆိုတာက သမထ။ စိတ်တည်ငြိမ်ပြီး နီဝရဏ ကင်းငြိမ်းအောင်လုပ်တာ။ ဒီလုပ်ငန်းသုံးခုနဲ့ ဒိဋ္ဌိက သေမလားဆိုတော့ မသေဘူး။ ဝိပဿနာနဲ့မှ သေမယ်တဲ့။ ဝိပဿနာနဲ့သတ်မှ သေမယ်။ ဒီတော့ ရှင်းပြမယ်။ တပည့်ကော်တို့တတ္တေ အပါယ်ကိုပို့နေတဲ့ ဒိဋ္ဌိကိုခွါချင်ပါတယ်ဘုရား သတ်ချင်ပါတယ်ဘုရားဆိုရင် ရှေဦးစွာမှတ်ထားဘို့က အင်္ဂါငါးပါးရှိတယ်။

သဒ္ဓါဟောတိ အပ္ပာဗာဓော အမာယာဝီ
ဝီရိယော ဟောတိ ပညဝါ ဣမေ ပဉ္စပဓာနိယင်္ဂနာမကာ
ယေဟိ ဓမ္မေဟိ သမ္ပန္နာဂတာနံ ပဓာနံ ပတိပဇ္ဇတိ။

သဒ္ဓါ၊ ထက်သန်သော သဒ္ဓါတရားရှိသည်။ ဟောတိ၊ ဖြစ်၏။ အပ္ပါဗာဓော၊ ကိုယ်လက်အင်္ဂါ ကျန်းမာတောင့်တင်းအနာကင်းသည်။ ဟောတိ၊ ဖြစ်၏။ အမာယာဝီ၊ နှလုံးဖြောင့်စင်း လှည့်ပတ်ခြင်းကင်းသည်၊ ဟောတိ၊ ဖြစ်၏။ ဝီရိယော၊ ထက်သန်သော ဝီရိယရှိသည်။ ဟောတိ၊ ဖြစ်၏။ ပညဝါ၊ နာမ်ရုပ်နှစ်တန် ဓာတ်ဖြစ်ဟန်ကို အမှန်မြင်သိ ပညာရှိသည်။ ဟောတိ၊

ဖြစ်၏။ ဣမေပဉ္စ၊ ဤငါးပါးတို့သည်။ ပဓာနိယင်္ဂနာမကာ၊ ပဓာနိယင် အင်္ဂါတို့မည်ကုန်၏။ ယေဟိ ဓမ္မေဟိ၊ အကြင်တရားတို့နှင့်။ သမ္ပန္နာဂတာနံ၊ ပြည့်စုံသောသူတို့အား။ ပဓာနံ၊ ကမ္မဋ္ဌာန်းအလုပ်သည်။ ပတိပဇ္ဇတိ၊ ပြုဉ့်စုံ၏ တဲ့။ ဒါက မဇ္ဈိမပဏ္ဏာသ ဗောဓိရာဇကုမာရသုတ်မှ အတိုချုပ်ဓကာက်နှုတ်ထားတဲ့ ပါဠိပါဘဲ။

ယုံကြည်မှု

ဘုန်းကြီးတို့ တရားနာပရိသတ်ကြီးကို သဒ္ဓါဆိုတာ ဘာခေါ်သလဲလို့ မေးရင် ဘယ်လိုဖြေမလဲ၊ သဒ္ဓါဆိုတာက ပါဠိဘဲ၊ မြန်မာလိုတော့ ယုံကြည်တာဘဲ၊ သဒ္ဓါဆိုတာ ဘာတဲ့တုံး (ယုံကြည်တာပါဘုရား)။

ဘာကို ယုံကြည်သလဲဆိုရင် လောကမှာ ဗုဒ္ဓဘုရားဆိုတာ တကယ်ဟုတ်တယ်၊ လေးသခြေနဲ့ကမ္ဘာတသိန်း ပါရမီတော်တွေ ဖြည့်ပြီးမှပြည့်လာတဲ့ ပဉ္စဏ္ဍန်းလာတော်မူတဲ့ဘုရား၊ အဲဒီ ဘုရားဆိုတာ တကယ်ဟုတ်တယ်၊ ထိုဘုရားမှာ အကြင်းအကျန်မရှိ၊ အလုံးစုံသိတဲ့ သဗ္ဗညုတ ရှေဉာဏ်တော်ကြီးဆိုဟာရှိတယ်၊ အဲဒီ ဘုရားရှင်၏ဉာဏ်တော်ကို ယုံကြည်တာကတခြား၊ ထိုဘုရားဟောတော်မူတဲ့တရား၊ ထိုတရားတော်ကို တကယ်ကျင့်ကြံအားထုတ်ရင် တကယ့်အကျိုးထူးတရားတွေကို ရတယ်ဆိုတာကို ယုံကြည်ခြင်းကတပါး၊ ကမ္မဋ္ဌာန်းပြတဲ့ဆရာကိုလဲ ယုံကြည်ရတယ်၊ ကမ္မဋ္ဌာန်းဆရာရဲ့နည်းကိုလဲ ယုံကြည်ရတယ်၊ အခု ဒီပြဿနေတဲ့နည်း၊ ဒီကနေ့ပြမဲ့နည်းက ပိဋကတ်သုံးပုံကို မှေနှောက်နှိုင်တဲ့ ကမ္ဘာကျော်တဲ့ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးရဲ့

နည်း၊ ဒါကိုလဲယုံကြည်ရတယ်၊ ဒီနည်းလမ်းဟာ ဟုတ်မှဟုတ်ပါ့မလား၊ မှန်မှမှန်ပါ့မလားလို့ ထင်နေရင်လဲ တရားထူးကို မရတတ်ဘူး၊ ဟောပြောတဲ့ပုဂ္ဂိုလ်က လိုနေတယ်လို့ထင်ရင်လဲ မရတတ်ဘူး။

နောက်တခုက ကိုယ့်ပါရမီကိုလဲ ယုံကြည်ရတယ်၊ အခု တရားနာနေတဲ့ ပရိသတ်ကြီးဆိုတဲ့ ဒို့တတွေဟာ ပါရမီထူးရှိတဲ့ပုဂ္ဂိုလ်တွေဘဲ၊ ဒို့တရားအားထုတ်ရင် တရားထူးကို ကောန်ရမှာဘဲ၊ အပါယ် ၄-ပါးကလွတ်ပြီးတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရလို့ နိဗ္ဗာန်ကိုဝင်နိုင်တဲ့ ပုဂ္ဂိုလ်တွေဘဲ၊ ဒို့ဟာ လူ့ဘဝရတယ် ဆိုတာလဲ သာမညနဲ့ရတာမဟုတ်ဘူး၊ ဒို့ဟာ ရခဲတဲ့လူ့ဘဝကိုလဲရတယ်၊ အသက်လဲရှင်နေတယ်၊ မြတ်စွာဘုရားရဲ့ တရားတော်တွေကိုလဲ နာကြားနေရတယ်၊ သာသနာတော်ကြီးနဲ့လဲ တွေ့ကြုံနေတယ်၊ ဒို့ဟာ ရနိုင်ခဲတဲ့အလုပ်တွေကို ရရှိထားတယ်လို့ ကိုယ့်ကိုယ်ကို လဲဘဲ ပါရမီပြည့်ဝတဲ့ပုဂ္ဂိုလ်လို့ ယုံကြည်ရမယ်၊ ဒို့ဟာ ပါရမီနဲပါတယ်၊ အားထုတ်ပေမဲ့ ရမှာမဟုတ်ပါဘူးလို့ ထင်နေရင် မရတတ်ဘူး။

ဒါကြောင့်မို့ အခုပါရမီရှိတဲ့သူတွေမို့ ဒို့ဒကာ-ဒကာမတွေ ပါရမီကလှုံ့ဆော်လာလို့ အခု ဒကာကြီးများက ဦးထွန်းရှိန်တို့က နှိုးဆော်ပြီးတော့ ဒို့ဓမ္မမိတ်ဓဆွတွေ ဟောဒီလို တရားတွေနာရတယ်၊ အပါယ် ၄-ပါးမရောက်အောင် တားမြစ်ပေးမဲ့ တရားတွေကို ကြားနာကြရတယ်၊ ဒါကြောင့်မို့ ဒီတရားတွေကို ဒို့အမှတ်တမဲ့ နေလို့ မဖြစ်နိုင်ဘူး၊ ဒို့တတွေ ရှုမှတ်ကြရအောင်၊ ဒို့လဲရှုမှတ်ခဲ့ပြီ၊ ဒါကြောင့်မို့ အင်မတန်အားကိုးထိုက်တဲ့ မြတ်စွာဘုရားမဟာကရုဏာတော်ဖြင့် ဟောကြားတော်မူတဲ့တရား။

ဘဂဝတာ၊ ရွှေဘုန်းတော်သခင် ရှင်တော်မြတ် ဘုရားကြီးသည်။ ဓမ္မော၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မကွန်ဟု ဆယ်တန်သော တရားတော်မြတ်ကို။ သွာက္ခာတော၊ ကြားနာရုံပင် အပူစင်၍ ကျင့်လျှင်ချမ်းသာ ကျင့်ပြီးခါ လည်း လွန်စွာငြိမ်းချမ်း နိဗ္ဗာန်နန်းနှင့် စခန်းသင့်အောင် မှန်းလင့်ရည်ရော် ကောင်းစွာဟောကြားတော် မူအပ်ပါ ပေ၏။

အပူငြိမ်းဆေး

ဒို့ ဘုရားရဲ့တရားတော်ဟာ ကြားရုံနာရုံလေးနဲ့ အပူတွေစင် စေတယ်၊ တရားနာရုံလေးနဲ့ အပူတွေစင်တယ်၊ ကြားနာပြီးတဲ့ နောက် ကျင့်နေတုန်း လဲအင်မတန်ချမ်းသာတယ်၊ ကျင့်ပြီးတော့ လဲ အလွန်အေးချမ်းတဲ့ နိဗ္ဗာန်နန်းကြီး ရောက်သွားမယ်တဲ့၊ ဒါကြောင့် အစ၏ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊အဆုံး၏ ကောင်းခြင်းပိုတဲ့ အစအလယ်အဆုံး သုံးပါးလုံး ကောင်းတဲ့ တရားဘဲ၊ ဒါ့ကြောင့်....

"ဘဂဝတာ၊မြတ်စွာဘုရားသည်။ ဓမ္မော၊တရားတော် ကို။ သွာက္ခာတော၊ ကြားနာရုံပင်အပူစင်၍ ကျင့်လျှင် ချမ်းသာ ကျင့်ပြီးခါလည်း လွန်စွာငြိမ်းချမ်း နိဗ္ဗာန်နန်း နှင့် စခန်းသင့်အောင် မှန်းလင့်ရည်ရော် ဟောကြား တော်မူအပ်ပါပေ၏"လို့ ချီးမွမ်းအပ်တဲ့တရားဘဲ။

ဒို့ ဘုရား၏တရားတော်ဟာ သားကြောင့်၊ သမီးကြောင့်၊ ဆွေကြောင့်မျိုးကြောင့်၊ စီးပွားဥစ္စာကြောင့်၊ မင်းကြောင့်စိုး ကြောင့်၊ တိုင်းကြောင့် ပြည်ကြောင့် ပူနေတဲ့ အပူသောကတွေ

မျှားရှိနေရင် ဒီတရားကို နာရုံလေးနဲ့ ဒဲ့ဒီအပူတွေငြိမ်းတယ်၊ ဒီတရားနာပြီးတဲ့နောက် တဆင့်တက်ပြီးတော့ ကျင့်ကြံလိုက်၊ အားထုတ်လိုက်ရင်သိပ်ချမ်းသာတာဘဲတဲ့၊ ကျင့်နေးတုန်းမှာဘယ် အရသာနဲ့မှမတူအောင် အလုံးစုံပေါ အရသာထဲမှာ အကောင်းဆုံးဖြစ်တဲ့ တရားအရသာကို ဘုန်းကြီးတို့ ဒီလိုကျင့်ကြည့်မှ သိတာ၊ ဒို့ ဒီတော့မှ ရုပ်လုံးပေါ်လာတယ်၊ ဒါကြောင့် ကျင့်စဉ်လဲချမ်းသာတယ်၊ ကျင့်ပြီးတဲ့တခါကျတော့ အလွန်ငြိမ်းချမ်းတဲ့ နိဗ္ဗာန်နန်းကြီးကိုလဲ ရောက်သွားနိုင်တယ်တဲ့၊ ပြီးတော့ မြတ်စွာဘုရားကဟောထားတယ်၊ ဒို့ ဒီနေရာမှာကြားဘူးကြပါလိမ့်မယ်၊ သူ့အချိန်လေးနဲ့သူ ပိုင်းပိုင်းပေးသွားပါမယ်။

သားသေလင်ဆုံး

ပဋ္ဌာစာရီဆိုတာ အိမ့်ရှင်ယောကျ်ားကလဲဆုံး၊ သားကလဲဆုံး၊ ဆွေမျိုးမိဘတွေကလဲ ဆုံးသွားတဲ့အတွက် သတိတွေ လွတ်ပြီးတော့ ပူလိုက်တာနေစရာမရှိဘူး၊ သတိတွေ လွတ်သွားတယ်ဆိုတာ ပူလွန်းလို့ဘဲ၊ စိတ်တွေကပူတော့ စေတသိက်တွေလဲပူတယ်၊ မှီရာ ဟဒယဝတ္ထုရုပ်တွေပူလာတော့ သတ္တတွေလွတ်ပြီး အဝတ်တွေတောင်မှ မဝတ်တော့ဘူး ရူးသွားရှာတယ်၊ အဲဒီလောက်ပူနေတဲ့ အပူကြီးကို ဘယ်ဆေးနဲ့ကုမလဲ၊ အဲဒီ အပူပျောက်အောင် အရူးပျောက်အောင် ဘယ်ဆေးနဲ့ကုမလဲဆိုတော့ ဘယ်ဆေးနဲ့မှပျောက်အောင် မကုနိုင်ဘူး၊ ဘယ်ဆေးဆရာ ဘယ်ဒေါက်တာမှ မကုနိုင်ဘူး၊ ဒါပေမဲ့ ပဋ္ဌာစာရီမှာတော့ ပါရမီရှင်ကလေးဖြစ်တဲ့အတွက် သူ့ပါရမီက လုံ့ဆော်လာတော့ မြတ်စွာဘုရား တရားဟောနေရာအနီးသို့ ရောက်လာတယ်၊ အဲဒီ

အခါ အရွေးမမို့ သူ့ကို ပရိသတ်များက မလာရန်တားမြစ်ကြ တယ်၊ ဒါပေမဲ့ သူ့ပါရမီကို မြတ်စွာဘုရားက သိတော်မူတဲ့ အတွက် လာဘို့ခွင့်ပြုတော်မူလိုက်ပါတယ်၊ နှမအရွယ် သူငယ်မ ကလေး သတိပြုပါလို့လဲ သတိပေးလိုက်ပါတယ်။

အဲဒီလို သတိပေးလိုက်တဲ့အခါမှာ ပဋ္ဌာစာရီဟာ ချက်ခြင်း ပင် အရွေးပျောက်ပြီး သတိကောင်းလာပါတယ်၊ လူတယောက် က အပေါ်ရုံအဝတ်ကို ကမ်းလှမ်းပေးလိုက်တယ်၊ အဲဒီအဝတ်ကို ဝတ်ပြီး သူ့ကိုကယ်တော်မူရန် မြတ်စွာဘုရားကို ရိုသေစွာ လျှောက်ထားတောင်းပန်ပါတယ်၊ အဲဒီအခါမှာ မြတ်စွာဘုရား က ဒီလို ဟောကြားတော်မူပါတယ်။

နသန္တိ ပုတ္တာ တာဏာယ၊ နပိတာ နာပိ ဗန္ဓဝါ။
အန္တကေနာဓိပန္နဿ၊ နတ္ထိ ညာတီသု တာဏတာ။
တေ မတ္ထဝသံ ညတ္ဝာ၊ ပဏ္ဍိတော သီလသံဝုတော။
နိဗ္ဗာနဂမနံ မဂ္ဂံ၊ ခိပ္ပမေဝ ဝိသောဓယေ။

ပဋ္ဌာစာရေ၊ ပဋ္ဌာစာရာမည်သော သူငယ်မကလေး၊ အန္တိ ကေနှ၊ မညွှာမဆုတ် သေမင်းယုတ်က၊ အဓိပန္နဿ၊ ကိုးဆယ့် ခြောက်ပို့ လက်နက်စုံဖြင့် အကုန်ပစ်ခွင်း ဖိုကာနှင်းချ အတင်း ပုတ်ခတ် နှိပ်စက်အပ်သောသူအား၊ ပုတ္တာ၊ သားသမီးတို့သည်၊ တာဏာယ၊ အသေကင်းသွယ် ဘေးရန်ပယ်၍ ကာကွယ်စောင့် ရှောက်ရန်အလို့ငှာ၊ နသန္တိ၊ မရှိကြ မဖြစ်နိုင်ကြချေ။ ပိုတာ၊ အရေးပိုင်နင်း မိဘအရင်းတို့သည်လည်း၊ နသန္တိ၊ ကာကွယ် စောင့်ရှောက်ရန်အလို့ငှာ မရှိကြ မဖြစ်နိုင်ကြချေ။ ဗန္ဓဝါပိုး အတူပေါင်းသင်း မိတ်ဆွေအရင်းတို့သည်လည်း၊ နသန္တိ၊ ကာ

ကွယ်စောင့်ရှောက်ရန်အလို့ငှာ မရှိကြ မဖြစ်နိုင်ကြချေ။ အန္တ
ကေန အဓိပန္နဿ၊ သေမင်းက နှိပ်စက်အပ်သည်ဖြစ်၍ သေမည့်
ဆဲဆဲဖြစ်နေသောသူအား၊ဥာတိသု၊ မိဘသို့ဆီးသား ဆွေမျိုးများ
တို့၌၊ တာဏတာ၊ အသေကင်းရေး စောင့်ရှောက်ပေးနိုင်သည့်
ကာကွယ်ရေး စွမ်းရည်သတ္တိသည်၊ နတ္ထိ၊ မရှိသည်သာတည်း။

တသ္မာ၊ ထို့ကြောင့်၊ ပဏ္ဍိတော၊ ကျိုးကြောင်းမြင်သိ
ပညာရှိသည်၊ ဧတံ အတ္ထဝသံ၊ ဤဆိုခဲ့ပြီး သားသမီးနှင့် မိတ်
ကြီးသားချင်း မိဘရင်းတို့ သေမင်းဘေးဆိုး သူလွှမ်းမိုးလျှင်
အားကိုးရာမရှိသော အဖြစ်ကို၊ ဥတ္တာ၊ မြော်တွေးဆင်ခြင် သိမြင်
ပြီး၍၊ သီလသံဝုတော၊ သီလကိုစောင့်ရှောက်လျက်၊ နိဗ္ဗာန
ဂမနံ၊ နိဗ္ဗာန်ထုတ်ချောက် ဧကန်ရောက်စေနိုင်သော၊ မဂ္ဂံ၊ဝိပဿ
နာရှေ့သွားနှင့် အရိယာမဂ်တရားဟူသောလမ်းကို၊ ခပ္ပမေဝ၊
အချိန်မဆွဲ ယခုဘဲ လျင်မြန်စွာ၊ ဝိသောဓယေ၊ ရှုမှတ်ပွားများ
ပြည့်စုံသွားအောင် ကြိုးစားတွင်တွင် သုတ်သင်ရှင်းလင်းရာတော့
သတည်း။

အဲဒီတရားကို ကြားနာရတော့ ပဋာစာရီဟာ ဒီလို သဘော
ပေါက်သွားပါတယ်၊ မိဘနှင့်အစ်ကိုများ လင်နှင့် သားများ
သေသွားတဲ့အခါ ငါက မကယ်နိုင်သလိုပင် သူတို့အသက်ရှင်
လျက်ရှိနေစေကာမူ ငါသေတဲ့အခါ သူတို့ကလဲ ကယ်နိုင်မှာ
မဟုတ်ဘူး၊ အဲဒီတော့ သေခြင်းစသော ဆင်းရဲခပ်သိမ်းငြိမ်းရာ
နိဗ္ဗာန်ကို ရောက်စေနိုင်တဲ့ ဝိပဿနာအကျင့်လမ်းနှင့် အရိယမဂ်
အကျင့်လမ်းကို မသေမီ စောစောကတည်းက အသင့် သုတ်သင်
ပြင်ဆင်ထားဘို့ အရေးကြီးတယ်လို့ သဘောပေါက်ပြီးတော့
ရှေးကလို မတော်တဲ့ ပြောမှုပြုမှုမျိုးကို မပြောတော့ဘူး၊ မပြု

တော့ဘူးလို့လဲ ဆုံးဖြတ်ဆောက်တည်လိုက်ပါတယ်၊ အဲဒါဟာ သီလဘဲ၊ အဲဒီလိုဆောက်တည်ပြီးတော့ သူ့ကိုယ်ထဲ စိတ်ထဲမှာ အဲဒီအခိုက်တုန်းက ထင်ရှားဖြစ်ပေါ်နေတဲ့ အတွေ့အထိအကြား အမြင် ကြုံသိမှုစသည်တွေကို ရှုနေပါတယ်၊ အဲဒါက ဖြစ်ဆဲ ရုပ်နာမ်ကိုရှုတဲ့ ဝိပဿနာမဂ်ပဲ့၊ အဲဒီဝိပဿနာမဂ်က ရင့်ကျက်ပြီး မကြာမီ တထိုင်အတွင်းမှာဘဲ သောတာပတ္တိမဂ်ဖိုလ်ဖြင့် နိဗ္ဗာန်ကိုတွေ့မြင်ပြီး သောတာပန် ဖြစ်သွားပါတယ်။

သောတာပန်ဖြစ်ပြီးတော့ မြတ်စွာဘုရားထံမှာ ဘိက္ခုနီဆိုတဲ့ ရဟန်းမိန်းမအဖြစ်ကို လျှောက်တောင်းပါတယ်၊ မြတ်စွာဘုရားက ဘိက္ခုနီကျောင်းသို့သွားပြီး ရဟန်းမိန်းမပြုရန် မိန့်တော်မူလိုက်ပါတယ်၊ အဲဒီ အမိန့်တော်အဝိုင်း ဘိက္ခုနီကျောင်းသို့သွားပြီး ဘိက္ခုနီအဖြစ် ခံယူပါတယ်၊ ဘိက္ခုနီမကလေး ဖြစ်ပြီးတဲ့နောက် မိမိကိုယ်ခန္ဓာတွင်ရှိ ရုပ်နာမ်တရားတွေကိုရှုပြီး ရဟန္တာထေရီမ ဖြစ်သွားပါတယ်၊ အဲဒါဟာ တရားရှာရင် ခန္ဓာမှာတွေ့တယ်ဆိုတာနဲ့အညီပါဘဲ။

ခန္ဓာမှာ တရားရှာတော့ ဘယ်လိုရှာရမယ်ဆိုဟာကို မြတ်စွာဘုရားက ပဌမဆုံး နေရာသုံးမျိုး ညွှန်ကြားပေးပါတယ်၊ ညွှန်ကြားပုံကတော့....

ဣဓဘိက္ခဝေဘိက္ခု။ အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရဂတော ဝါ နိသီဒတိ။

ဘိက္ခဝေ၊ ရဟန်းတို့၊ ဣဓဘိက္ခု။၊ ဤသာသနာတော်က ရဟန်းသည် (ဝါ) ဤသာသနာတော်၌ အားထုတ်နေသော ပုဂ္ဂိုလ်သည်။ အရညဂတော ဝါ၊ တောသို့သွားရောက်၍ဖြစ်စေ၊

ရုက္ခမူလဂတော၀ါ၊ သစ်ပင်အောက်သို့ သွားရောက်၍ဖြစ်စေ၊ သုညာဂါရဂတော၀ါ၊ လူသူကင်း၍ ဆိတ်ငြိမ်သောကျောင်းသို့ သွားရောက်၍ဖြစ်စေ၊ နိသီဒတိ၊ ထိုင်နေ၏။

မြတ်စွာဘုရားက ပဋ္ဌမဇ္ဈာန် ညွှန်ကြားပေးပါတယ်၊ (၁) တောကြီးထဲသွားပြီး နေရမယ်တဲ့၊ ဒုိ့ပရိသတ်နေနိုင်ပါ့မလား (မနေနိုင်ပါဘုရား) တောကြီးထဲသွားပြီး မနေနိုင်ယင် သစ်တပင်ရင်း ၀ါးတပင်အောက်သွားပြီး နေရမယ်တဲ့။ သစ်ပင်အောက်ကော နေနိုင်ပါ့မလား (မနေနိုင်ပါဘုရား) သစ်ပင်အောက် မနေနိုင်ယင် ဆိတ်ငြိမ်ရာကျောင်း သွားပြီးနေရမယ်တဲ့၊ နေနိုင်ပါ့မလား (နေနိုင်ပါတယ်ဘုရား)။

ဆိတ်ငြိမ်ရာကျောင်း၊ ဆိတ်ငြိမ်ရာအိမ်ဆိုတာကတော့ တရားအားထုတ်လိုတဲ့သူမှာ မနေနိုင်ဘရာမရှိပါဘူး၊ ဒါကြောင့် မြတ်စွာဘုရားက နေရာသုံးမျိုးထဲက တနေရာရာမှာနေဘို့ ညွှန်ကြားတော်မူပါတယ်။

ဆောင်ပုဒ်

တောမြိုင်အတွင်း၊ သစ်ပင်ရင်းမှာ၊ ဆိတ်ငြိမ်ရာမှာ၊ သွားကာဝင်ရောက်နေ။

ဒီသုံးမျိုးထဲက ဆိတ်ငြိမ်ရာရိပ်သာကို သွားနေရမယ်တဲ့၊ သွားပြီးတော့ ဘယ်လိုနေရမှာလဲဆိုတော့....

ပလ္လင်္ကံအာဘုဇိတ္ဘာ ဥဇုံကာယံ ပဏိဓာယ....တဲ့။

ပလ္လင်္ကံအာဘုဇိတ္ဘာ၊တင်ပလ္လင်ခွေ၍၊ ဥဇုံကာယံပဏိဓာယ၊ အထက်ပိုင်းကိုယ်ကို ဖြောင့်စင်းထား၍....

အမျိုးသားများဆိုရင် တင်ပလ္လင်ခွေထိုင်ပါတဲ့၊ အမျိုးသမီးများဆိုရင် ဒူးပဆစ်တုပ်ထိုင်ပြီး ထိုင်ရုံပါဘဲ၊ လူသူမရှိရာမှာဆို

ယင် တင်ပလ္လင်ခွေပြီးလဲ့ ထိုင်နိုင်ပါတယ်၊ မိမိတို့ထိုင်တတ်သလို ထိုင်လဲရပါတယ်၊ ကြာရှည်စွာထိုင်နိုင်တဲ့နည်းနဲ့ ထိုင်ကြတို့ပါ တဲ၊ အဲဒီလိုထိုင်ရာမှာ ခါးကိုတော့ ဖြောင့်မတ်စွာထားရမယ်။

ဆောင်ပုဒ်

တင်ပလ္လင်ခွေကာ၊ ထိုင်နေပါ၊ ခါးမှာဖြောင့်မတ်စေ။

ဒို့ပရိသတ်ကြီး လိုက်ဆိုရမယ်၊ ဒါလေး နောက်ကျတော့ ရင်းနှီးသွားအောင်၊ ရဲသွားအောင်လို့။

တင်ပလ္လင်ခွေကာ၊ ထိုင်နေပါ၊ ခါးမှာဖြောင့်မတ်စေ။

ထိုင်တော့ ဘယ်လိုထိုင်ရမယ် (တင်ပလ္လင်ခွေ ထိုင်ရပါမယ် ဘုရား)။

ခါးက ဘယ်လိုထားရမယ် (ဖြောင့်ဖြောင့် ထားရပါမယ် ဘုရား)

အဲဒီလိုထိုင်ပြီးတော့ 'ပရိမုခံသတိ ဥပဋ္ဌပေတွာ' သတိလေးကို ကမ္မဋ္ဌာန်းအာရုံဆီ ရှေ့ရှုထားရမယ်တဲ့၊ ဒါကြောင့် လိုက်ဆိုကြ။

"ဝင်ရှူထွက်ရှိုက်၊ ဖောင်းပိန်ခိုက်၊ ချိန်ကိုက်ရှုမှတ်လေ။
ဖောင်းခိုက်ပိန်ခိုက်၊ အစဉ်လိုက်၊ ချိန်ကိုက်ရှုမှတ်လေ"

တင်ပလ္လင်ခွေထိုင်ပြီး ခါးလေးဆန့်ထား၊ ပြီးတော့ ဘာကို မှတ်ရမယ် (ဖောင်းတာပိန်တာကို မှတ်ရပါမယ်ဘုရား) စိတ်က ဘယ်မှာထားရမယ်၊ ဝမ်းဗိုက်မှာ စိတ်ထားရမယ်၊ ကဲ-ဆို....

"မျက်စိမှိတ်လိုက်၊ ကိုယ့်ဝမ်းဗိုက်၊ စူးစိုက်စိတ်ထားလေ"

ရှုစိတ်က ဘယ်မှာထားရမလဲ (ဗိုက်မှာထားရပါမယ်ဘုရား) ဗိုက်မှာထားတော့ လေလေးတိုးလာတဲ့အခါ ဖောင်းတက်လာ

တယ်လို့ အမည်ပညတ်နဲ့ခေါ်ပါတယ်၊ ပြန်ပြီးတော့ လေလေးထွက်သွားတဲ့အခါ ပိန်တယ်လို့ အမည်ပညတ်နဲ့ခေါ်ပါတယ်၊ အဲတချို့ကလဲ အာနာပါနကိုသာ ရှုကောင်းတယ်၊ ဖောင်းတယ် ပိန်တယ်လို့တော့ မရှုကောင်းဘူးလို့ ထင်ချင်တင်လိမ့်မယ်နော်၊ သို့သော် ဒီလို လေကိုရှုလိုက်ဘဲအခါ လေဝင်ရောဌာနအစသည် နှာသီးဖျား၊ ဘလယ်ဆုံ ရင်ဖျိုင့်၊ အဆုံးသည်ခွက်တိုင်၊ ဘယ်နှစ်ဌာနရှိသွားတုံး (သုံးဌာနရှိပါတယ်ဘုရား) သုံးဌာန၊ ဘယ်ကစဝင်လာတုံး (နှာသီးဖျားက စဝင်လာပါတယ်ဘုရား) နောက်တော့ ဘယ်ရောက်လာတုံး (ရင်ခြိုင့်ရောက်လာပါတယ်ဘုရား) နောက်တော့ (ခွက်တိုင်ထိပ်ပါတယ်ဘုရား) ဘယ်နှစ်ဌာနတုံး(သုံးဌာနပါဘုရား)။

ပြန်ထွက်တော့ ဘယ်ကစထွက်တုံး ခွက်တိုင်ကအစ၊ ရင်ခြိုင့်ကအလယ်၊ နှာသီးဖျားကအဆုံး၊ ဘယ်နှစ်ဌာနတုံး (သုံးဌာနပါဘုရား) ဒါဖြင့် နှာသီးဖျားကရှုတော့ အာနာပါနခေါ်တဲ့ ဝင်လေနဲ့ထွက်လေဘဲ၊ အဲဒါလဲ ဝါယောဓာတ်ပဲ မဟုတ်လား (ဟုတ်ပါတယ်ဘုရား) ဝမ်းဗိုက်က ဖောင်းတယ် ပိန်တယ်လို့ ရှုတော့လဲ ဗိုက်ထဲက တောင့်တာ တင်းတာ တွန်းကန်တာ လှုပ်ရှားတာဟာ လေရုပ်ပဲ ဝါယောဓာတ်ပဲမဟုတ်လား (ဟုတ်ပါတယ်ဘုရား)၊ ဒီတော့ ဖောင်းတယ် ပိန်တယ်ဆိုတာက ဘာတုံး (ဝါယောဓာတ်ပါဘုရား) လေရုပ်ပဲ၊ လေဆိုကာ တွန်းကန်လှုပ်ရှားတာဘာလဲ၊ ပညတ်လား ပရမတ်လား (ပရမတ်ပါဘုရား) ပရမတ်ဆိုတာ တကယ်ဖြစ် တကယ်ရှိတဲ့သဘောကို ခေါ်တယ်၊ ဒီတော့ ဖောင်းတာပိန်တာလဲ တကယ်ရှိ တကယ်ဖြစ်တဲ့ ဝါ

ယောဓာဝတ် ပရမတ်ရုပ်ပဲ မဟုတ်လား (ဟုတ်ပါတယ်ဘုရား) ဒါဖြင့် တွန်းတယ်ထိုးတယ်ဆိုဖယ်ကော ဘာတုံး(ဝါယောဓာဝတ် ပရမတ်ရုပ်ပါဘဲဘုရား) လှုပ်ရှားတယ်ဆိုယင်ကော (ဝါယောဓာဝတ် ပရမတ်ရုပ်ပါဘဲဘုရား)။

ဒါကြောင့်မို့ ဒါလေးကို ဘုန်းကြီးတို့ ရှုမှတ်နည်းအရ ဖောင်းတယ်ပိန်ကယ်လို့ ရှုမှတ်ကြရမယ်၊ အခု ရှုခါစဆိုတော့ ၅-မိနစ်လောက်ပဲ ရှုမှတ်ကြည့်ကြပါ၊ ပြီးတော့မှ ဘုန်းကြီးက ရှင်းပြတဲ့အခါ ဒကာ ဒကာမတို့ကလဲ ရှုမှတ်လိုက်ကြပေါ့ ဟုတ်လား၊ အဲဒီတော့ အခု ၅-မိနစ်လောက် ရှုမှတ်ကြရအောင် အမျိုးသားတွေက တင်ပလ္လင်ခွေထိုင်ကြ၊ အမျိုးသမီးတွေကတော့ ပုဆစ်တုပ်ထိုင်မြဲ ထိုင်ကြပေါ့၊ မျက်စိမှိတ်ဖြား၊ စိတ်ကို ဝမ်းဗိုက်မှာထား၊ ဘယ်ကစပြီး မှတ်ရမယ်လို့တော့ ကိန်းသေမဟုတ်ပါဘူး၊ ထင်ရှားပေါ်ရာကို မှတ်ရုံပါဘဲ၊ ပူယင်ပူတယ်၊ အေးယင်အေးတယ်စသည်ဖြင့် မှတ်ဖို့ပါဘဲ။

ဒါပေမဲ့ ဘယ်ဟာမှ ထင်ရှားမပေါ်သေးခင်မှာ ဖောင်းတာပိန်တာကစပြီး မှတ်ဖို့ပါဘဲ၊ ဘယ်ဟာမှ မှတ်စရာမထင်ရှားပေမဲ့ ဝမ်းဗိုက် ဖောင်းတာပိန်တာကတော့ အမြဲတန်းရှိနေတယ်၊ထင်လဲ ထင်ရှားတယ်၊ ဒါကြောင့် စပြီးမှတ်တဲ့ သူများမှာ အဲဒီ ဖောင်းစာယ်ပိန်တယ်ကစပြီး မှတ်ကြရုမယ်၊ ကိုင်း-ဖောင်းတယ် ပိန်တယ်လို့ စပြီးမှတ်ကြပေတော့။

ရုပ်ရှင်ပမာ တရားရှာ

၁၀-မိနစ်လောက်တော့ ရှိသွားပြီ၊ အခု တရားနာရင်း မှတ်ကြပေတော့၊ ဘုန်းကြီးက အဲဒါတွေကို ပြန်ရှင်းလိုက်အုံးမယ်။

တရား ထိုင်ပုံထိုင်နည်း ရှုနည်းကိုသိသွားယင် ဆိတ်ငြိမ်တဲ့ နေရာ မိမိတို့အိမ်မှာလဲ ထိုင်လို့ ရှုမှတ်လို့ရပါတယ်၊ ဒီတော့ ဒီက နည်းလေးကို တနေ့ချင်းပေးအုံးမယ်၊ ထိုင်ပုံ ထိုင်နည်းနှင့် ရှုမှတ်ရတဲ့ အကြောင်းတရားရယ်၊ အဲဒီအကြောင်းတရားကြောင့် ပေါ်လာမဲ့ အကျိုးတရားရယ်၊ အဲဒါလေး နဲနဲချင်းဆားခဲ့ ရအောင်။

တရားထိုင်နည်းကတော့ ဒီလိုပါ။ (ဥပမာ)တခု....

ဘုန်းကြီးတို့ပရိသတ်ကြီး ရုပ်ရှင်ကြည့်ဘူးကြတယ် မှုတ်လား (ကြည့်ဘူးပါတယ်ဘုရား) ရုပ်ရှင်ကြည့်တော့ ရှေက ဘာထောင် ထားတုံး၊ ပိတ်ကားကြီးထောင်မထားဘူးလား (မှန်ပါ၊ ပိတ်ကားကြီး ထောင်ထားပါတယ်ဘုရား) အဲ(ပိတ်ကားကြီး ထောင်ထားတော့ ပဋိကြည့်မဲ့ ပရိသတ်တွေက ဒီပိတ်ကားကြည့် မှာလား၊ ပေါ်လာတဲ့ အရုပ်ကို ကြည့်မှာလား (ပေါ်လာတဲ့ အရုပ်ကိုကြည့်မှာပါဘုရား) အေး....ပေါ်လာတဲ့အရုပ်ကို ကြည့် ရမယ်နော်၊ အဲဒီပေါ်လာတဲ့အရုပ်က မျောက်ကလေး ပေါ်လာ ရင် ဘာကြည့်မယ် (မျောက်ကလေးကြည့်ရမှာပါဘုရား) မော် တော်ကားမောင်းလာတော့ (မော်တော်ကား ကြည့်ရမှာပါ ဘုရား) ခွေးပြေးလာတော့ကော (ခွေးကြည့်ရမှာပါဘုရား) မင်းသားထွက်လာတော့ (မင်းသားကြည့်ရမှာပါဘုရား) မင်း သမီးထွက်လာတော့ (မင်းသမီးကြည့်ရမှာပါဘုရား)။

ဒါဖြင့် အဲဒီလို ပိတ်ကားထဲမှာ ပေါ်လာသမျှ မလွတ်စတမ်း ကြည့်လိုက်လို့ရှိယင် ဒီဇာတ်ထုပ်ကောင်းတယ် မကောင်းဘူးဆို တာ မသိဘူးလား (သိပါတယ်ဘုရား) ဒါဖြင့် မပေါ်လာ သေးတာကို ကွက်ကျော်မှန်းဆပြီး ကြည့်ရင်ကော သိပါ့မလား့

(မသိပါဘုရား) ဘယ်သူတွေ့ ပါဝင်လိမ့်မယ်လို့ကော သိပါ့မလား (မသိပါဘုရား) အဲဒါ ဥပမာဘဲ၊ ကိုင်း....တခါထဲ မှတ်တတ်အောင် တခါထဲ မှတ်မိသွားအောင်။

ဘုန်းကြီးတို့ ခန္ဓာကိုယ်ကို ဝိပဿနာမှတ်မယ်ဆိုရင် ဘုန်းကြီးတို့ ခန္ဓာကိုယ်ကို ပိတ်ကားလိုထောင်ထား၊ ပိတ်ကားလို့ သဘောထားပြီးတော့ စောင့်ကြည့်၊ ခန္ဓာကိုယ်ကြီး စောင့်ကြည့်၊ စောင့်ကြည့်နေတော့ ဘယ်နေရာက ဘာပေါ်လာမလဲလို့၊ ဘယ်နေရာမှတ်ရမယ်၊ ဘာမှတ်မှန်မယ်၊ ဒီလိုမဟုတ်ဘူး၊ ခန္ဓာကိုယ်ထဲ ပေါ်တိုင်းပေါ်တိုင်းသာ သိပါစေ၊ ထင်ရှားတာ သိပါစေ။

ဥပမာ ကိုယ်ထဲကပူလာရင် ဘယ်နှယ်မှတ်ကြမတုံး (ပူတယ်လို့ မှတ်ပါ့မယ်ဘုရား)ပူတယ်- ဒီလိုမှတ်ရမယ်နော်။ နာတော့ကော (နာတယ်လို့မှတ်ရမယ်ဘုရား) ဖောင်းတော့ကော(ဖောင်းတယ်-ဖောင်းတယ်)၊ ပိန်တော့ကော(ပိန်တယ်-ပိန်တယ်)၊ ယားတော့ကော (ယားတယ်-ယားတယ်)၊ မြင်လာတော့ (မြင်တယ်-မြင်တယ်)၊ ကြားတော့(ကြားတယ်-ကြားတယ်)၊ စားတော့ကော (စားတယ်-စားတယ်)၊ လက်ကလေးကွေးတော့ (ကွေးတယ်-ကွေးတယ်)၊ ဆန့်တော့ (ဆန့်တယ် - ဆန့်တယ်)၊ ထတော့ (ထတယ်-ထတယ်)၊ ထိုင်တော့ (ထိုင်တယ်-ထိုင်တယ်)၊ လမ်းသွားတော့ကော (သွားတယ် သွားတယ် မှတ်ရပါမယ်ဘုရား)။

ဒါဖြင့် ဝိပဿနာ ရှုမှတ်တယ်ဆိုတာ ဘာကိုရှုမှတ်သလဲဆိုရင် မိမိခန္ဓာက ပြုလုပ်သမျှ အမူအရာတွေ့ ရှုမှတ်ကြတာမဟုတ်လား (မှန်ပါတယ်ဘုရား) ကိုယ်ပြုလုပ်တဲ့အတိုင်းဘဲ၊ စာထဲပေထဲမှာ

ရှာစရာမလိုဘူး။ ဘယ်နေရာမှာ ရှာနေတာလဲ၊ ခုဟာက၊ စာထဲမှာရှာတာလား၊ ခန္ဓာထဲမှာ ရှာတာလား (ခန္ဓာထဲမှာ ရှာတာပါဘုရား)ခန္ဓာကနာပြရင် ဘယ်လိုမှတ်မလဲ (နာတယ်-နာတယ်) ပူပြရင် (ပူတယ်-ပူတယ်)၊ အေးပြရင် (အေးတယ်-အေးတယ်)၊ လှုပ်ပြရင် (လှုပ်တယ်-လှုပ်တယ်)၊ ညောင်းရင် (ညောင်းတယ်-ညောင်းတယ်)။ ဒါဖြင့်မှတ်နည်းကခက်သလား-လွယ်သလား(လွယ်ပါတယ်ဘုရား)၊ လွယ်ပါတယ်။ ကျမ်းအစ်ကလေးကိုင်ရင်(ကိုင်တယ်-ကိုင်တယ်)၊ အင်္ကျီဝတ်ရင်(ဝတ်တယ်-ဝတ်တယ်)၊ ရေချိုးရင် (ချိုးတယ်-ချိုးတယ်)၊ ထမင်းစားရင် (စားတယ်-စားတယ်)၊ စားတာဘဲ။ ဒါဖြင့် မိုးတိုမှတ်ဖို့ဘဲ လုံနေတယ်နော်။

အဲဒီလို မိုးတိုနွေးကိုယ်မှာ ပေါ်တိုင်းပေါ်တိုင်း၊ ဖြစ်တိုင်း အမှုအရာတွေကို မှတ်ရမယ်တဲ့။ ကိုယ်ရဲ့အမှုအရာတွေကို မှတ်ရမယ်။ အဲဒါလေး တခေါက်ဆိုရမယ်။

ဖြစ်တိုင်းမှုရာ၊ ယောဂီမှာ၊ မှန်စွာသိပါ့စေ။

ဖြစ်တိုင်းမှုရာဆိုတာ မြင်တဲ့အမှုအရာ၊ ကြားတဲ့အမှုအရာစသည်တွေဘဲ။ အဲဒါကလေးတွေလဲ လိုက်ဆင့်ကြည့်။

မြင်ယင် မြင်တာ၊ ယောဂီမှာ၊ မှန်စွာသိပါ့စေ။

ကြားယင် ကြားတာ၊ ။ ။

နံယင် နံတာ၊ ။ ။

စားယင် စားတာ၊ ။ ။

ထိယင် ထိတာ၊ ။ ။

ထိတယ်ဆိုတာထဲမှာ ဝမ်းဗိုက် ဖောင်းတာ ပိန်တာလဲပါဝင်

တယ်၊ သွားတာ၊ ရပ်တာ၊ ကွေးတာ၊ ဆန့်တာ အစရှိတဲ့ ကိုယ် အမူအရာတွေ အားလုံးလဲ့ ပါဝင်တယ်။

ကြိယင် ကြိတာ၊ ယောဂိမှာ၊ မှန်စွာ သိပါစေ။
သိယင် သိတာ၊ ယောဂိမှာ၊ မှန်စွာ သိပါစေ။

အဲဒီတော့ ကိုယ်ထဲမှာ ဖြစ်ပေါ်လာသမျှ အမူအရာတွေကို အကုန်သိရမယ် မဟုတ်လား (သိရပါမယ်ဘုရား)။

ရူမှတ်ခြင်းအကျိုး

ဒါဟာ ရူနည်းမှတ်နည်းဘဲ။ ဒါဟာ အပျင်းပြေ တရားမဟုတ်ဘူး၊ အမှန်သိပြီး အမှားသိတွေကင်းအောင် ရူမှတ်ရတာဘဲ။ ပေါ်လာသမျှကို အမှန်အတိုင်းသိအောင် ရူမှတ်ရမယ်မဟုတ်လား၊ (မှန်ပါဘုရား)။ ဒါပေမဲ့ ရူခါစမှာတော့ ပေါ်လာသမျှ အမူအရာတွေကို အကုန်လုံးမရူမမှတ်နိုင်သေးဘူး၊ ဒါကြောင့် ဝမ်းဗိုက်ဖောင်းတာပိန်တာကစပြီး ရူမှတ်ဖို့ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက ညွှန်ကြားထားတယ်၊ အဲဒါဟာ လူတိုင်းမှာ ထင်လဲထင်ရှားတယ်၊ ရူမှတ်ဖို့လဲလွယ်တယ်၊ ရုပ်တရားဖြစ်ကြောင်းလဲ ပေါ်လွင်ထင်ရှားတယ်။

ဖောင်းတာပိန်တာဟာ ဘယ်သူက လုပ်ပေးတာလဲ၊ သူများက လုပ်ပေးတာလား၊ ကိုယ့်ဟာကိုယ် လုပ်တာလား၊ အကောင်ကလေးက လုပ်တာလားဆိုတော့ တွန်းကန်လှုပ်ရှားဘဲလေသဘောဘဲဆိုတာ ထင်ရှားပါတယ်။ ဖောင်းတယ်ဆိုတာ ဘယ်သူ့သဘောတုံး၊ (တွန်းကန်လှုပ်ရှားတဲ့ လေရဲ့သဘောပါဘုရား)။ ပိန်တယ်ဆိုတာလဲ လေရဲ့သဘောဘဲ မဟုတ်လား (ဟုတ်ပါတယ်ဘုရား)။

ဖောင်းတယ် ပိန်တယ်လို့ရှုမှတ်ပြီး လေရဲ့သဘောမျှဘဲဆိုတာ အမှန်အတိုင်းသိရတော့ ဘာအကျိုးရှိသလဲ၊ ဘာအကျိုးကို ရသလဲဆိုယင် တရားပလ္လင်ခံ ပဋ္ဌမအစကပြောခဲ့တဲ့ အပါယ်လားကြောင်း သက္ကာယဒိဋ္ဌိကင်းခြင်း အကျိုးကိုရတယ်၊ မရှုမမှတ်တဲ့သူတွေမှာ ဖောင်းတာ ပိန်တာကို ငါကောင်လို့ထင်နေတယ်၊ အဲဒါဟာ သက္ကာယဒိဋ္ဌိတဲ၊ အဲဒီသက္ကာယဒိဋ္ဌိရှိနေယင် ငါကောင် သူကောင်ထင်ပြီးတော့ မိမိကိုယ်တိုင် ချမ်းသာအောင်လဲလုပ်တယ်၊ မိမိနှင့်စပ်တဲ့ ဘူတပါးချမ်းသာအောင်လဲလုပ်တယ်၊ သတ်တန်ယင် သတ်တယ်၊ ခိုးယူတန်ယင် ခိုးယူတယ်၊ မတော်မတရားလဲပြုတယ်၊ လိမ်တန်ယင် လိမ်တယ်၊အဲဒါတွေဟာ သက္ကာယဒိဋ္ဌိရှိခနလို့ ဖြစ်ပွားတဲ့ အကုသိုလ်ကံတွေဘဲ။ အဲ့ဒီအကုသိုလ်ကံတွေကြောင့်အပါယ်လေးပါးကျရတယ်၊ဒါကြောင့် သက္ကာယဒိဋ္ဌိက အပါယ်လေးပါး ပစ်ချတတ်တယ်လို့ဆိုတာဘဲ။

သက္ကာယဒိဋ္ဌိဆိုတဲ့ အမည်ထဲမှာ သက္ကာယကတပုဒ် ဒိဋ္ဌိကတပုဒ်၊ ဘယ်နှစ်ပုဒ်လဲ (နှစ်ပုဒ်ပါဘုရား)။ ရဲရဲသာဖြေကြ၊ ဒီတရားက ကြားရဲတဲ့အတွက် ဒီတပတ်နဲ့တော့ နားလည်ချင်မှ နားလည်မယ်၊ တချို့ကတော့လဲ သိပြီးသားဖြစ်နေပါလိမ့်မယ်၊ သက္ကာယဆိုတာက ထင်ရှားရှိနေတဲ့ ရုပ်နာမ်အပေါင်းဘဲ၊ ဒိဋ္ဌိဆိုတာက အဲဒီတကယ်ရှိနေတဲ့ ရုပ်နာမ်အပေါင်းကို ငါကောင် အသက်ကောင်လို့ အထင်အမြင်မှားတာဘဲ။

ဖောင်းတာဟာ တွန်းကန်လှုပ်ရှားတဲ့ ဝါယောဓာတ် လေရုပ်အပေါင်းမဟုတ်လား (ဟုတ်ပါတယ်ဘုရား)၊ အဲဒီထင်ရှားရှိတဲ့ တွန်းကန်လှုပ်ရှား ရုပ်အပေါင်းကို သက္ကာယခေါ်တယ်၊ ထင်ရှားရှိတဲ့ တွန်းကန်လှုပ်ရှား ရုပ်အပေါင်းကို ဘာခေါ်သလဲ့

(သက္ကာယခေါ်ပါတယ်ဘုရား)။ အဲဒီထင်ရှားရှိတဲ့ ရုပ်အပေါင်း
ကို ငါလို့ထင်တာ မှန်သလား မှားသလား (မှားပါတယ်ဘုရား)
ဒါကြောင့် အဲဒီ အထင်အမြင်မှားတာကို ဒိဋ္ဌိခေါ်တယ်။ ထင်
ရှားရှိတဲ့ ရုပ်အပေါင်း သက္ကာယကို ငါကောင်လို့ထင်တာဟာ
သက္ကာယဒိဋ္ဌိဘဲ၊ ဘာဒိဋ္ဌိတဲ့လဲ (သက္ကာယဒိဋ္ဌိပါဘုရား) ဖောင်း
တယ်လို့ ရှုမှတ်ယင် တုန်းကန်လှုပ်ရှားတဲ့ ရုပ်အပေါင်းမျှဘဲလို့
မသိကြပေဘူးလား (သိပါတယ်ဘုရား)၊ အဲဒါအမှန်သိလား-
အမှားသိလား (အမှန်သိပါဘုရား) အဲဒီလို အမှန်သိတော့ ငါ
ကောင်လို့ ထင်တဲ့ အသိမှား ပျောက်မသွားဘူးလား၊ (ပျောက်
ဘူးပါတယ်ဘုရား)၊ အဲဒီတော့ သက္ကာယဒိဋ္ဌိ ကင်းအောင်
ဖောင်းတယ်လို့ မှတ်ရတာဘဲ၊ ပိန်တယ်စသည်ဖြင့် မှတ်ရတာလဲ
နည်းတူဘဲ။

ဖောင်းတယ် ပိန်တယ် စသည်ဖြင့်တကယ်ဖြစ်ပေါ်တဲ့ရုပ်နာမ်
ကို ရှုမှတ်ပြီး အမှန်အတိုင်းသိမှ သက္ကာယဒိဋ္ဌိကင်းတယ်၊မသိယင်
တော့ မကင်းဘူး၊ သက္ကာယဒိဋ္ဌိ မကင်းယင် အပါယ်လေးပါးမှ
မလွတ်သေးဘူး၊ အဲဒီအကြောင်းအရာကို လယ်တီဆရာတော်
ဘုရားကြီးက "ဒိဋ္ဌိသက္ကာ၊ မကုဿမျှ၊ လူတွင်စကြာ၊ နတ်မှာ
သိကြား၊ မိုးဖျားဗြဟ္မာ၊ ဖြစ်တုံပါလည်း၊ ခန္ဓာပြိုကွဲ၊ ကုသိုလ်
စဲက၊ ဖေါက်လဲ့ပါယ်ရွာ၊ ရောက်မြဲသာတည်း" လို့ ရေးထား
တယ်။

ဒီဒိဋ္ဌိလေးမှမကုဘာရင် လူ့ပြည်မှာ အကျိုးပေးအကောင်းဆုံး၊
လေးကျွန်းလုံး အစိုးရတဲ့ စကြဝတေးမင်းကြီးလဲ စိတ်မချရဘူး၊
တချိန်ကျ အပါယ်လေးပါး ပြန်ရအုံးမှာတဲ့။ အပါယ်လေးပါး
ကော သွားချင်ကြရဲ့လား (မသွားချင်ပါဘုရား)မသွားချင်ရင်

သူ့ခွာရမယ်။ မခွာလို့ရှိရင် မသွားချင်ပေမဲ့ သွားရမှာဘဲ။ နတ်ပြည်မှာ သိကြားမင်းကြီးက အင်မတန် တန်ခိုးကြီးပါတယ်။ ဒါပေမယ့်လို့ ဒီဒိဋ္ဌိကို မခွာနိုင်ရင် တချိန်ကျ ကုသိုလ်အရှိန်ကုန်ရင် အောက်ပြန်ကျအုံးမှာဘဲ။ မိုးဖျားမှာ ဗြဟ္မာမင်းကြီး။ အဲဒီဗြဟ္မာမင်းကြီးဟာ ဘယ်လောက်ဘဲ တန်ခိုးကြီးကြီး၊ တချိန်ကျ စျာန်ကုသိုလ်အရှိန်အစောင် ကုန်လို့ရှိရင် သူလဲပြန်ရမှာဘဲ။

ဘာ့ကြောင့် အပါယ်ပြန်ရသလဲဆိုရင် ဒိဋ္ဌိမကွာလို့ဘဲ။ ဒါ့ကြောင့်မို့ ဒီဒိဋ္ဌိကိုသာ တပည့်တော်တို့ ခွာချင်ပါတယ်ဘုရား.... တပည့်တော်တို့ အပါယ်ပို့နေတဲ့ ဒီဒိဋ္ဌိကို သတ်ချင်ပါတယ် ခွာချင်ပါတယ်ဆိုလို့ရှိရင် ဘယ်လိုလုပ်မှ ကွာမလဲဆိုတော့ တကယ်ဖြစ်ပေါ်ပြီး ရှိနေတဲ့ ရုပ်နာမ်ကို အမှန်အတိုင်းမြင်မှ ဒီဒိဋ္ဌိကကွာမယ်။ ရုပ်နာမ်ကို အမှန်အတိုင်း မမြင်ဘဲနဲ့တော့ သူက မကွာဘူး။

ရုပ်နှင့်နာမ်

ဒါကြောင့်မို့ ခုစပြီး ရှုမှတ်ကြတော့ ဖေါင်းတယ်ပိန်တယ်.... ဒီလိုမှတ်ကြတယ်မဟုတ်လား၊ ဘယ်လိုမှတ်ကြဝုံး (ဖေါင်းတယ် ပိန်တယ်လို့ မှတ်ပါတယ်ဘုရား)။ ဟုတ်ပြီ၊ အဲဒါဝိပဿနာ မဟာကုသိုလ်လို့ ခေါ်တယ်။ အဲဒီ ဝိပဿနာ မဟာကုသိုလ်ဟာ ၁-စက္ကန့်မှာ တဖေါင်း တခါမှတ်လိုက်တယ်ဆိုပါတော့၊ တမိနစ်မှာဆိုရင် စက္ကန့် ၆၀။ ၅-မိနစ်ဆိုရင် ၃၀၀။ ၁၀-မိနစ်ဆိုရင် (၆၀၀) အဲဒီ ၆၀၀ ဟာ အမှတ်ပေါင်း (၆၀၀) ဝိပဿနာ ဉာဏ သမ္မယုတ် မဟာကုသိုလ် ဇောအစဉ်တွေ ဖြစ်သွားတယ်။ ဒါက သာမည တွက်ပြတာဘဲ။ မျက်စိတမှိတ် လျှပ်တပြက်မှာ စိတ်တွေ ကုဋေတသိန်း ဖြစ်နေတယ်ဆိုတော့ ဒီကုသိုလ် တွေဟာ

မရေတွက်နိုင်ဘူး။ ဝိပဿနာ မဟာကုသိုလ်တွေ ဒို့သန္တာန်မှာ ဖြစ်သွားပြီ။ ဒို့မှာ ဒီကုသိုလ်တွေ လက်ဆုပ်လက်ကိုင် ရလိုက်ပြီ။ အဲဒါကြောင့် ဖေါင်းတယ် ပိန်တယ် ဒီလိုမှတ်ရာမှာ ဒို့ပရိသတ်ကြီး သီထားဖို့ကတော့ ဖေါင်းတာကို ရုပ်လို့ခေါ်မှလား၊ နာမ်လို့ ခေါ်မလား (ရုပ်လို့ ခေါ်ပါတယ်ဘုရား) ဘာခေါ်ကြမတုံး။ နောက်ကလူတွေ ဒီလိုတရားတွေ သေသေချာချာမှတ်ကြမဲ့ပျင်းကြနဲ့နော် အကျိုးရှိအောင်လို့ဟောတာ။ ဘုန်းကြီးက သာယာနာပျော်ဘွယ် ဟောနေတာမဟုတ်ဘူး။ သာယာနာပျော်ဘွယ်လဲ မဟောတတ်ဘူး။ သာယာနာပျော်ဘွယ် နာချင်လဲ လိုက်ခဲ့ကြ။ နက်ဖန်မိုးကောင်းသွားဟောရမှာ။ အဲဒီကျတော့ ဝတ္ထုတွေ ဘာတွေနဲ့ ဟောပါတယ်။ ဖေါင်းတာ ဘာခေါ်ကြမလဲ (ရုပ်ခေါ်ပါတယ်ဘုရား) ပိန်တာကကော (ရုပ်ခေါ်ပါတယ်ဘုရား)။ မျက်စိက မြင်သမျှ အကုန်လုံး ရှောက်ကြည့်ကြ။ မြင်မြင်သမျှတွေ ဘာခေါ်ကြမတုံး (ရုပ်ခေါ်ပါတယ်ဘုရား) ဟုတ်လား....ဘာမြင်မြင် ရုပ်ဘဲ။ အခုဒီနား ရှိနေတာတွေဟာ ဒီအနားရှိနေတဲ့ အရာဝတ္ထုတွေကို ဖျာတွေ ကော်ဇောတွေဒီလို ခေါ်မလား။ လူတွေကို ခေါ်မလဲး ရုပ်ခေါ်မလား (ရုပ်ပါဘုရား) ဒါဖြင့် ဟိုကလာနေတဲ့ အသံတွေက ဘာတုံး (ရုပ်ပါဘုရား) အသံကိုလေ ရုပ်တရား။ အနံ့တွေဟူသမျှ ရုပ်တရား၊ အရသာတွေ ဟူသမျှ ရုပ်တရား၊အတွေ့အထိတွေဟူသမျှ၊ ပျော့တာ မာတာတွေ (ရုပ်တရားပါဘုရား)။ နာမ်ကဘယ်မတုံး၊ သိတာတွေဘဲ။ ဒါကလေးကတော့ မာတယ်လို့သိတာဘာတုံး (နာမ်ပါဘုရား)၊ ဖောင်းတယ်လို့သိတာ (နာမ်ပါဘုရား) မွှေးတယ်လို့သိတာ (နာမ်ပါဘုရား)။

ဒါဖြင့် ဒို့ပရိသတ်ကြီး နောက်ဆပ်မှတ်ထား၊ အသိလေး တခုဟာ နာမ်ဘဲ။ သိတာဟူသမျှ ဘာတုံး (နာမ်ပါဘုရား) နာမ် ဘဲ။ ဒါဖြင့် ကျန်တာတွေက အဆင်းတွေ၊ အသံတွေ၊ အနံ့တွေ၊ အရသာတွေ၊ အတွေ့အထိတွေက ဘာတုံး (ရုပ်တရားပါဘုရား) ဒီတရားကတော့ ပုံးစရာ ကောင်းတယ်၊ ဆေးခါးကြီးဘဲ၊ တော် တော်ကြာ သူကပဲ အဖျားပြတ်မှာ။ ကိုလသာရောဂါ သူကမှ ဖြတ်မှာ၊ ဒီတော့ ဒါဖြင့် သတ္တဝါတယောက်တယောင်မှာရုပ်နဲ့ နာမ် ဘယ်နှစ်ခုရှိဝုံး (နှစ်ခုရှိပါတယ်ဘုရား)၊ ဘာရောင်ဘာရုပ် တုံး (ရုပ်ရယ် နာမ်ရယ်ပါဘုရား) ရုပ်ရယ် နာမ်ရယ် နှစ်ခုရှိတယ် နော်။

အဂ္ဂတရားနှစ်မရှိဘရား

ရုပ်နဲ့နာမ်ရှိတော့ ဒီလိုရှင်းကြအုံးဗို့ရဲ့။ နာမ်လေးနှုတ်ပြီးတော့ တနေရာပုံထားလိုက်၊ ဘာကျန်တော့ဝုံး (ရုပ်ဘဲ ကျန်ပါတယ် ဘုရား)။ အဲဒီရုပ်က သိသေးလား (မသိပါဘူးဘုရား) အဲဒီရုပ် ကို မီးနဲ့ရှို့ရင် ငိုအုံးမလား (မငိုပါဘူးဘုရား)။ ရုပ်ဟာ သိ တတ်ကဲ့လား (ခသိတတ်ပါဘုရား)။ သူ့ကို ဓားနဲ့ ထောက် ကြည့် သိအုံးမလား (မသိပါဘူးဘုရား)။ မော်တော်ကားလာ ရင် တိမ်းအုံးမလား (မတိမ်းပါဘူးဘုရား)။ မတိမ်းတာ ဘာ ကြောင့်တုံး (မသိလို့ပါဘုရား) ဒါဖြင့် ဘယ်သူက သိသလဲ (နာမ်က သိပါတယ်ဘုရား)။ အဲဒီနာမ်လေးကိုမြင်အောင်ကြည့်။ ဘယ်သူက သိသလဲ (နာမ်က သိပါတယ်ဘုရား)။ မှေးတယ်လို့ သိတာ ဘယ်သူကတုံး (နာမ်ကပါဘုရား)။ ချိုတယ်လို့သိတာ (နာမ်ကပါဘုရား)။ နာတယ်လို့သိတာ (နာမ်ကပါဘုရား)။ ပူတယ်လို့သိတာ (နာမ်ကပါဘုရား)။

အဲဒီနာမ်ကလေးထဲမှာ ဘယ်သူပါသလဲ (ဘယ်သူမှမပါပါ ဘုရား) သိနေတဲ့အထဲမှာ ဘယ်သူပါသလဲ (ဘယ်သူမှ မပါပါ ဘုရား)။နာမ်ကသိတာဘဲ ဟုတ်သလား (ဟုတ်ပါတယ်ဘုရား)။ အဲဒါလေး မြင်အောင်ကြည့်နော်။ ဒါဖြင့် သိနေတဲ့ နာမ်အပုံ လေးဟာ ဘယ်သူက သိနေတာလဲဆိုယင် ဘယ့်နှယ် ပြောမတုံး (နာမ်က သိတာပါဘုရား)။ ဒါဖြင့် သိတာထဲမှာ ဘယ်သူမှမပါ ဘူး၊ မိန်းမပါရဲ့လား (မပါပါဘုရား) ယောကျ်ားပါရဲ့လား (မပါပါဘုရား)၊ ပုဂ္ဂိုလ်သတ္တဝါ ပါရဲ့လား (မပါပါဘုရား) ဘယ်သူက သိနေတာတုံး (နာမ်က သိနေတာပါဘုရား)။ ဒီနာမ် လေး သိနေတာကို သေသေချာချာကြည့်ဟော့ ဒီနာမ်ကလေး ဟာ အရှိတရားလား–မရှိတရားလား (အရှိတရားပါဘုရား)။ ရုပ်ကကော အရှိတရားလား မရှိတရားလား (အရှိတရားပါ ဘုရား) အရှိတရားဘဲနော်.. ။ ဘယ်အချိန်မှာရှိသလဲ၊ ဒီလိုမေး ရင် ဘယ့်နှယ်ပြောမလဲ ပေါ်တဲ့အချိန်မှာရှိတယ်။ ဘယ်အချိန် မှာရှိသလဲ (ပေါ်တဲ့အချိန်မှာ ရှိပါတယ်ဘုရား)။ အမြဲတည်နေ တဲ့ တရားတော့မဟုတ်ဘူး။ ရှိတော့ရှိတယ် မမြဲဘူးနော် ရှိတော့ ရှိတယ် မြဲရဲ့လား (မမြဲပါဘုရား)။

ဥပမာ.... မြစ်ရေစီးတာ မြင်ဘူးကြရဲ့မဟုတ်လား (မြင်ဘူး ပါတယ်ဘုရား) အဲ့ဒီမြစ်ထဲမှာ ရေရှိတယ်မဟုတ်လား(ရှိပါတယ် ဘုရား)။ မြဲရဲ့လား (မမြဲပါဘုရား) အင်း.... တနေရာရာမှာ ရောက်ပြီး ရေတွေကအောက်စီးသွားတော့ အထက်က ရေတွေက အမှီလိုက်မလာဘူးလား (လိုက်လာပါတယ်ဘုရား)။ဒါကြောင့် ဒီနေရာ ရေရှိတယ်လို့တော့ပြောရတယ်။ အဲဒီရှိတဲ့ရေကတော့ မြဲနေရဲ့လား (မမြဲပါဘုရား)။ အဲဒါလိုဘဲ မိမိတို့သန္တာန်မှာ

ရုပ်ဘုန်ဘာမ်တွေကလဲ ရွှေကပျောက်သွားပြီး နောက်ကအသစ် ပေါ်လိုက်မလာဘူးလား (ပေါ်လိုက်လာပါတယ်ဘုရား)။ အဲဒီမြစ်ရေတွေစီးသလိုဘဲ ရွှေကနေပျက်သွားလိုက် နောက်ကနေအသစ်အစားထိုးလာတယ်။ အစားမထိုးတဲ့အခါ သေတယ်လို့ခေါ်တာဘဲ။

အဲဒီလိုအစားထိုးတာကြောင့် အရှိတရားဘဲ။ အမြဲတရားတော့ ဟုတ်ကဲ့လား (မဟုတ်ပါဘုရား)။ အမြဲတရားမဟုတ်ဘူး။ အရှိတရားတော့ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဘုရား)။ အဟုတ်ရှိရဲ့လား (ရှိပါတယ်ဘုရား) အဟုတ်ရှိတဲ့တရားမို့ ပါဠိလို သက္ကာယလို့ခေါ်တယ်။ ဘာတဲ့တုံး (သက္ကာယပါဘုရား)၊ ဒါဖြင့် သက္ကာယတွေပြီမဟုတ်လား (တွေ့ပါပြီဘုရား)။ အဲဒါလေးမြင်အောင်ကြည့်။ သက္ကာယတွေပြီနော် (တွေ့ပါပြီဘုရား) သက္ကာယဆိုတာ ဘယ်သူ့ကိုခေါ်သလဲ၊ ရုပ်နာမ်အပေါင်းဘဲ (ရုပ်နာမ်အပေါင်းပါဘုရား) ရုပ်နာမ်အပေါင်းကို ဘာခေါ်သလဲ (သက္ကာယခေါ်ပါတယ်ဘုရား)။ ရုပ်နာမ်လဲသူဘဲ သက္ကာယလဲသူဘဲ။ ပရမတ်ဆိုတာလဲသူဘဲ။ ပရမတ်လို့ကော မခေါ်နိုင်ဘူးလား (ခေါ်နိုင်ပါတယ်ဘုရား) သူကသုံးမည်ရ သုံးဘဲ့ခံရုပ်နဲ့နာမ်တဲ့၊ ပြီးတော့ သက္ကာယတဲ့၊ ပြီးတော့ပရမတ်ဘဲ့။

အဲဒီပေါ် ဒိဋ္ဌိခွါရအောင်နော်၊ အဲဒီဒိဋ္ဌိလေး ခွါလိုက်မှ အပါယ်လေးပါးက လွတ်မှာ။ အပါယ်လေးပါးက လွတ်ရပါလို့၏လို့ ရမ်းပြီးအော်နေရုံနဲ့ မလွတ်ဘူး ဟုတ်လား (ဟုတ်ပါတယ်ဘုရား)။ ဒါဖြင့်ရင် သူ့ခွါတော့ ဘယ်လို့ခွါမလဲ။ ခု သက္ကာယနတ္ထပလား (တွေ့ပါပြီဘုရား)။ ကဲ လက်ကလေးကွေး

လိုက်၊ ကွေးလိုက်တဲ့လက်ဟာ ရုပ်လားနာမ်လား (ရုပ်ပါဘုရား) ကွေးတယ်လို့သိတာကကော (နာမ်ပါဘုရား)။ ဒီနားထိုင်နေတာ ဘာတုံး (ရုပ်ပါဘုရား) ထိုင်တယ်လို့သိတာကကော (နာမ်ပါဘုရား)။

အဲ့ဒီရုပ်နဲ့နာမ်လို့ခေါ်တာက ဘာတုံး(သက္ကာယပါဘုရား) ပြီးတော့ ဘာလို့ခေါ်သေးတုံး (ပရမတ်လို့လဲခေါ်ပါတယ်ဘုရား)။ ကဲ ထမင်းစားတာ ဝါးတာမျိုတာဘယ်သူလဲ (ရုပ်ပါဘုရား)စားနေတုန်းအရသာသိတာက ဘာလဲ (နာမ်ပါဘုရား) စားတယ်လို့သိတာကကော (နာမ်ပါဘုရား)၊ နာမ်ကသိတယ်နော်၊ သိတာဆိုယင် နာမ်ဘဲ။ ဒီနေရာမှာ တရားနာဘို့ထိုင်နေတာက ဘယ်သူတုံး (ရုပ်ပါဘုရား) ရုပ်ကထိုင်နေတယ်နော်၊ ကြားရအောင် နားစိုက်နေတာက ဘယ်သူတုံး (နာမ်ပါဘုရား) ကြားသိသွားတာကကော (နာမ်ပါဘုရား) ထိုင်တာကရုပ် နားစိုက်နေတာက နာမ်၊ ကြားသိတာကလဲနာမ် ဒီလိုဆိုတော့ တရားထိုင်နာမှုနှင့်စပ်ပြီး ရုပ်နှင့်ကွဲသွားပြီမဟုတ်လား (မှန်ပါဘုရား) အဲဒီလို ရုပ်နာမ်ခွဲသိတာဟာ အလွန်အဖိုးတန်တယ်။ ဒါကြောင့် ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးက ဘုရားဟော ဓမ္မပဒဂါထာတပုဒ်ကို ...

'ဖြစ်ပျက်နှစ်ဖြာ၊ မမြင်ပါဘဲ၊ တရာအသက်၊ ရှည်သည်ထက်လည်း၊ ဖြစ်ပျက်နေဟန်၊ ရုပ်နှင့်နာမ်ကို၊ အမှန်မြင်လျက်၊ ဥာဏ်စဉ်တက်၍၊ တရက်တာမျှ၊ သက်ရှင်ရသော်၊ လောကလူရှာ၊ ကောင်းမြတ်သာသည်၊ မြတ်စွာဗုဒ္ဓ မိန့်ခွန်းတည်း'လို့ မြန်မာလက်ာဖြင့် ပြန်ဆိုထားပါတယ်။

လူဖြစ်ကျိုး နပ်-မနပ်

အဲဒါဟာ မြတ်စွာဘုရားက ဟောထားခဲ့တာဘဲ၊ ရုပ်နာမ်မှ မသီယင် လူဖြစ်ရကျိုး မနပ်သေးဘူးတဲ့၊ (မှန်ပါဘုရား)၊ လူ့ဘဝရောက်နေယင် လူတော့ ဖြစ်နေတာဘဲ မဟုတ်လား (ဟုတ်ပါကယ်ဘုရား)၊ သာမန် လူဖြစ်ခုံနဲ့ လူဖြစ်ရကျိုးနပ်ပါ့မလား (မနပ်သေးပါဘုရား)၊ ဘယ်ကျမှ လူဖြစ်ရကျိုး နပ်သလဲ (ရုပ်နဲ့ နာမ်မြင်မှပါဘုရား)၊ အခု ရုပ်နာမ် မြင်ကြပြီ မဟုတ်လား (မြင်ကြပါပြီဘုရား)၊ ရုပ်နာမ်မြင်ယင် တစ်တ်တဒေသအားဖြင့် တော့ လူဖြစ်ရကျိုး နပ်ပြီလို့ ဆိုနိုင်ပါဘယ်။

ဒါပေမဲ့ အဲဒီရုပ်နာမ်ရဲ့ ဘဖြစ်အပျက် သိဘို့ကတော့ လို သေးတယ်၊ ဒါကြောင့် ဆက်ပြီး ရှင်းပြရဦးမယ်။ ခုတင်ကပြော ခဲ့တဲ့ သက္ကာယဆိုတာ အရှိတရားလား မရှိတရားလား(အရှိတရား ပါဘုရား)၊ အရှိတရား၊ အဟုတ်ရှိ တကယ်ရှိတဲ့တရားဘဲ၊ အဲဒါ ဟာ မြဲသလား မမြဲဘူးလား (မမြဲပါဘုရား)၊ ဘာကြောင့် မမြဲဘူးလို့ ဆိုရသလဲ၊ အဟောင်းပျက်သွားယင် အသစ်ဆက် လိုက်၊ အဟောင်းပျက်သွားယင် အသစ်ဆက်လိုက်နဲ့ ခဏမစဲ ဖြစ်ပျက်နေလို့ဘဲ၊ အဲဒါဟာ -'နဒီသောတောဝ ဝတ္တတိ" လို့ ဆိုထားတဲ့အတိုင်း မြစ်ရေအယဉ် စီးသွားနေသလိုပင် ခဏမစဲ ပြောင်းလဲ ဖြစ်ပျက်နေခြင်းကြောင့် အရှိတရား ဟုတ်ပေမဲ့ မြဲတဲ့တရားတော့ မဟုတ်ဘူး။ အဲဒီလို ခဏမစဲ ဖြစ်ပျက်နေလို့ မမြဲဘူးဆိုတာကို ရှုမှတ်နေယင်း ကိုယ်ပိုင်ဉာဏ်ဖြင့် သိသွားယင် တန္ဓတရက်မျှ အသက်ရှင်ရပေမဲ့ အနှစ်တရာ အသက်ရှင်နေသူထက် ကောင်းမြတ်ပါတယ်တဲ့၊ အဲဒီလိုသိယင် လူဖြစ်ရကျိုးနပ်တောတာဘဲ။

အာရုံတွေကို သိသိနေတာက ဘယ်သူတုံး (နာမ်ပါဘုရား)၊ အမျိုးမျိုး ပြောင်းလဲ ဖောက်ပြန်နေတာက ဘယ်သူတုံး (ရုပ်ပါဘုရား)၊ ခု ထိုင်လိုက်၊ ခု နောက်နားရွှေ့လိုက်၊ ခု လှုပ်လိုက်နဲ့ အမျိုးမျိုး ပြောင်းလဲမနေဘူးလား (ပြောင်းလဲ နေပါတယ်ဘုရား)၊ မနက်က အေးခဲ့တယ်၊ ခု အေးလိုက် ခု ပူလိုက်နဲ့ ဒီလိုလဲ့ ပြောင်းလဲနေတယ်၊အခုမနက်ကာလာက် အေးသေးလား (မအေးတော့ပါဘုရား)၊ အပူရောက်လာလိုက် အအေးရောက်လာလိုက်နဲ့ ဖောက်ပြန်နေတာဟာ ရုပ်ဘဲ၊ ဖောင်းလိုက် ပိန်လိုက်နဲ့လဲ့ ဖောက်ပြန်နေတယ်၊ ဖောင်းတာကဘာလဲ(ရုပ်ပါဘုရား)၊ ပိန်တာကကော (ရုပ်ပါဘုရား)၊ ဖောင်းတယ်လို့ မှတ်တာကဘာလဲ (နာမ်ပါဘုရား)၊ ပိန်တယ်လို့ မှတ်တာကကော(နာမ်ပါဘုရား)၊ အဲဒါဟာ ဘယ်သူက မှတ်တာတုံး၊ လူက မှတ်တာလား၊ နာမ်က မှတ်တာလား (နာမ်က မှတ်တာပါဘုရား)၊ နာမ်က မှတ်တာ ဟုတ်ကြရဲ့လား(ဟုတ်ပါတယ်ဘုရား)၊ နဲတဲ့ ပရိသတ် မဟုတ်ဘူးနော်၊ အတော့်ကို အမြင်သန်တဲ့ ပရိသတ်ကြီးလို့ ဆိုရမှာဘဲ။

ငါစဲ့ပျောက်ဖို့

ဒို့ ဒကာ ဒကာမတွေ ရုပ်နာမ်မသိခင်ကဆိုရင် ရှုမှတ်နေတာကို ငါဘဲလို့ ဒီလိုမထင်ခဲ့ကြဘူးလား (ထင်ခဲ့ကြပါတယ်ဘုရား) ငါက မှတ်တယ်လို့ ထင်နေခဲ့တာပေါ့၊ မှတ်တာနဲ့ ငါဟာ အတူတူတခုထဲဘဲလား၊ တခြားစီနှစ်ခုလား၊ (တခြားစီနှစ်ခုပါဘုရား) မှတ်တာကဘယ်သူတုံး (နာမ်ပါဘုရား) ငါဆိုတာရှိရဲ့လား (မရှိပါဘုရား) အဲဒီမရှိတာကို ရှိတယ်ထင်တာဟာ

အမှားလား အမှန်လား (အမှားပါဘုရား) အဲဒီလို အထင်မှား အယူမှားကို ပါဠိလို ဒိဋ္ဌိလို့ ခေါ်တယ်။ အဲဒီ ဒိဋ္ဌိက ဘယ်မှာ အထင်အမြင်မှားတာလဲ၊ သက္ကာယအပေါ်မှာ မှားတယ်၊ ထင်ရှားရှိတဲ့ မှတ်သိနာမ်က သက္ကာယမဟုတ်လား (ဟုတ်ပါတယ်ဘုရား) ဒါဖြင့် အဲဒီသက္ကာယဆိတဲ့ မတ်သိနာမ်ကို ငါလို့ ထင်တာဟာ အထင်မှားပေါ်၊ အဲဒီအထင်မှားကို ဒိဋ္ဌိခေါ်တာဘဲ၊ အဲဒီမှတ်သိနာမ် သက္ကာယအပေါ်ဟာ ငါလို့ အထင်မှားတာကို သက္ကာယဒိဋ္ဌိလို့ ခေါ်တာဘဲ၊ အဲဒါဟာ သက္ကာယနဲ့ ဒိဋ္ဌိနဲ့ ပေါင်းပြီးခေါ်တာဘဲ။

ကိုင်း-အဲဒါကို ထပ်ပြီးပြောကြဉ်းစို့၊ ဖောင်းတာက ဘာလဲ (ရုပ်ပါဘုရား) ရုပ်ကဖောင်းတယ်လို့ အများကသိကြရဲ့လား၊ ငါကဖောင်းတယ်လို့ ထင်နေကြတယ် မဟုတ်လား (ငါက ဖောင်းတယ်လို့ ထင်နေကြပါတယ်ဘုရား) ဖောင်းတာကရုပ်ပဲ၊ ငါဆိုတာရှိရဲ့လား (မရှိပါဘုရား) မရှိပါဘဲနဲ့ ငါကဖောင်းတယ်လို့ ထင်တာဟာ အမှန်လားအမှားလား(အမှားပါဘုရား) အဲဒီလို အထင်မှားကို ဒိဋ္ဌိခေါ်တာဘဲ၊ ဖောင်းတာက ထင်ရှားရှိတဲ့ရုပ် သက္ကာယဘဲ၊ အဲဒီထင်ရှားရှိတဲ့ သက္ကာယအပေါ် ဘယ်သူဝင်လာတုံး၊ ငါလို့ ထင်တဲ့ဒိဋ္ဌိ ဝင်လာတယ်၊ သက္ကာယနဲ့ ဒိဋ္ဌိနှစ်ခုတွဲလိုက်တော့ သက္ကာယဒိဋ္ဌိလို့ ဖြစ်လာတယ်။

ဖောင်းတာကို ရုပ်မှန်းသိတော့ ငါပါသေးလား (မပါပါဘုရား) ငါမပါယင် ဒိဋ္ဌိကွာတော့တာဘဲ၊ ဒိဋ္ဌိစင်တော့တာဘဲ။ ဖောင်းတာကရုပ်၊ မှတ်တာကနာမ် ဒီလို ရုပ်နာမ်မြင်လျှင် သက္ကာယဒိဋ္ဌိကွာပြီး သက္ကာယဒိဋ္ဌိ ကင်းစင်တော့တာပါဘဲ။ ဖောင်းနေတာငါ၊ မှတ်နေတာ ငါလို့ ဒီလိုထင်ဘဲ့အစွဲကလေးဟာ သက္ကာ

ယဒိဋ္ဌိဘဲ၊ အဲဒီအစွဲကလေး မပျောက်မချင်း အပါယ်က မလွတ်သေးဘူး။

အခု ဒီနားထိုင်တာဟာ ရုပ်ကထိုင်တာလား ငါကထိုင်တာလား (ရုပ်ကထိုင်တာပါဘုရား) ရုပ်ကထိုင်တာ ဟုတ်ပေမဲ့ ငါထိုင်တယ်လို့ မပြောကြဘူးလား (ပြောကြပါတယ်ဘုရား) ဟေ့ ငါထိုင်တာ ငါ့များ ဘာကောင်ထင်တုံးလို့ မပြောကြဘူးလား (ပြောကြပါတယ်ဘုရား) ဒကာမတွေကော ငါ့ ဘာကောင်မမှတ်တုံးအေ့လို့ မပြောကြဘူးလား။ တကယ်တော့ ငါ ကောင်မဟုတ်ရဲ့လား(မဟုတ်ပါဘုရား) ငါကောင်မ မဟုတ်တော့ဘာတုံး၊ ရုပ်နာမ်ဘဲမဟုတ်လား။ အဲဒီ 'ငါ' ကလေးတပ်တပ်ပြီးပြောတော့ မပြောရဘူးလား ပြောရပါတယ်။ ဒါပေမဲ့ တကယ်အစစ်အမှန်အနေနဲ့ မစွဲရဘူး။ အဲဒီလိုစွဲရင်ဒိဋ္ဌိဘဲ။ ငါစွဲပြုတ်ယင် ဒိဋ္ဌိစင်တယ်။

ဘယ်မှာစွဲတဲ့ ဒိဋ္ဌိတုံး၊ သက္ကာယမှာစွဲတဲ့ဒိဋ္ဌိမို့ သက္ကာယဒိဋ္ဌိတဲ့။ ညောင်ပင်မှာနေတဲ့တစ္ဆေကို ဘာခေါ်တယ်(ညောင်ပင်တစ္ဆေ ခေါ်ပါတယ်ဘုရား)၊ ထန်းပင် ရွှေ့သွားတော့ကော (ထန်းပင်တစ္ဆေပါဘုရား)။ မန်ကျည်းပင် ရွှေ့သွားတော့ကော (မန်းကျည်ပင်တစ္ဆေပါဘုရား)။ ခုဒီဒိဋ္ဌိကတော့ ဘယ်မှာနေတဲ့ ဒိဋ္ဌိတုံး (သက္ကာယမှာနေတဲ့ ဒိဋ္ဌိပါဘုရား) သက္ကာယက ဘယ်သူ့ ခေါ်တာတုံး၊ရုပ် နာမ်ကိုခေါ်တယ်။ သက္ကာယက ဘယ်သူတုံး (ရုပ်နာမ်ပါဘုရား)။ ကဲ-ဘယ်လှမ်း ညာလှမ်းဖြင့် သွားနေတာဟာ လူသွားတာလား ရုပ်သွားတာလား(ရုပ်သွားတာပါဘုရား) အဲဒါကို လူတွေက ငါသွားတာလို့ မပြောကြဘူးလား(ပြောကြပါတယ်ဘုရား)။ အဲဒီလိုပြောတာဟာ တကယ်စွဲလမ်းပြီ၊ ပြော

ယင် မမှားဘူးလား (မှားပါတယ်ဘုရား)။ တကယ်သွားတာက ရုပ်ကသွားတာ ပြောနေတာကတော့ ငါကသွားတာတဲ့။ အဲဒါ ငါတို့ထင်မှားနေတာက ဒိဋ္ဌိဘဲ။

ဘုန်းကြီးတို့ယောဂီတွေ သွားတယ် သွားတယ် စသည်ဖြင့် သတိဉာဏ်ဖြင့် ရှုမှတ်လိုက်တော့ ရုပ်ကသွားတာလို့ ဒီလိုမသိဘူးလား (သိပါတယ်ဘုရား)။ သိရင် ငါလို့စွဲတဲ့ ဒိဋ္ဌိရှိသေးလား (မရှိပါဘုရား)။ အဲဒီအစွဲလေး ပျောက်ရင် ဒိဋ္ဌိကွာတာဘဲ။ ဒီ ဒိဋ္ဌိကွာရင် အပါယ်ကလွတ်တာဘဲ။ ဒါကြောင့်မို့ "ဝိပဿနာအလုပ်၊ အားမထုတ်ခဲ့ပါလျှင်၊ နာမ်နှင့်ရုပ်ကိုမမြင်၊ အမှားဒိဋ္ဌိမစင်" ဒါလေးလဲ မှတ်ထားကြအုံးနော်။ ကဲ-ဒါလေးလိုက်ဆိုကြ....။ ဒို့ပရိသတ်ကြီး ဉာဏ်မဝေးပါဘူး၊ တရားနာနေကျနဲ့ ဘာတယ်။

"ဝိပဿနာအလုပ်၊ အားမထုတ်ခဲ့ပါလျှင်၊ နာမ်နှင့် ရုပ်ကိုမမြင်၊ အမှားဒိဋ္ဌိမစင်၊ အန္ဓပုထုဇဉ်"

ဒိဋ္ဌိမစင် အကန်းပင်

ဘာပုထုဇဉ်တဲ့ (အန္ဓပုထုဇဉ်ပါဘုရား)။ မျက်စိကန်းသူကို အန္ဓလို့ခေါ်တယ်။ အန္ဓဆိုတာ ဘာပါလိမ့်(အကန်းပါဘုရား)။ အကန်းတွေက ရမ်းပြီးပြုလုပ်နေကြတယ်။ "တပည့်တော်တို့မြင်ပါတယ်၊မျက်မှန်တောင် မတပ်ရဘူး" လို့ ပြောသူလဲရှိကောင်းရှိလိမ့်မယ်။ အဲဒီလို ပကတိမျက်စိကိုပြောတာမဟုတ်ဘူး၊ ရုပ်နာမ်တွမြင်တဲ့ ဉာဏ်မျက်စိမရှိယင် အကန်းဘဲ။ ရုပ်နာမ်မမြင်ယင် ဘာလဲ (အကန်းပါဘုရား)။ ရုပ်နာမ်ကို မမြင်တဲ့ ပုထုဇဉ်ကို အန္ဓပုထုဇဉ်လို့ ခေါ်တယ်။ အဲဒီအန္ဓပုထုဇဉ်မှာ ရုပ်နာမ်ကို

မမြင်တဲ့အတွက် ရုပ်နာမ်ကိုပင် ငါလို့ထင်မှတ် စွဲလမ်းနေတယ်၊ အဲဒီလို စွဲလမ်းတာဟာ ဒိဋ္ဌိဘဲ၊ အဲဒီဒိဋ္ဌိမကင်းစင်ယင် အန္ဓပုထုဇဉ်ဘဲ။ အဲဒီဒိဋ္ဌိက ဘာလို့မစင်သတုံး၊ နာမ်ရုပ်မမြင်လို့ဘဲ။ နာမ်ရုပ်ကို ဘာလို့မမြင်တာတုံး....ဝိပဿနာအလုပ်ကို မလုပ်လို့.... ဟုတ်လား။

ဘာဖြစ်လို့ ဒီလိုအကန်းဖြစ်တုံး (နာမ်ရုပ်မမြင်လို့ပါဘုရား) နာမ်ရုပ်မမြင်တော့ ဥာဏ်အမြင် မကန်းဘူးလား (ကန်းပါတယ်ဘုရား)။ နာမ်ရုပ်ကို ဘာလို့မမြင်တာတုံး (ဝိပဿနာအလုပ်ကို မလုပ်လို့ပါဘုရား) ဝိပဿနာအလုပ်ကိုမလုပ်လို့မမြင်တာဟုတ်ရဲ့လား (မှန်ပါဘုရား)။ ဝိပဿနာအလုပ်ကို မလုပ်ရင် နာမ်ရုပ်မြင်ပါ့မလား (မမြင်ပါဘုရား)။ နာမ်ရုပ်မမြင်ရင် ဒိဋ္ဌိစင်ပါ့မလား (မစင်ပါဘုရား)။ ဒါဖြင့် ဒိဋ္ဌိက ဘယ်ချိန်မှာစင်မလဲ (နာမ်ရုပ်မြင်မှ ဒိဋ္ဌိစင်ပါတယ်ဘုရား)။

ကဲ....ရှင်းပြကြအုံးစို့နော်....။ ကဲ....ဒီနားမှာ ဘုန်းကြီးတို့ ပရိသတ်တွေထိုင်နေကြတယ်။ ထိုင်နေတာ ဘယ်သူလဲဆိုယင် (ရုပ်ပါဘုရား) ရုပ်က ထိုင်တာနော်။ ထိုင်ချင်တာက ဘယ်သူလဲ (နာမ်ပါဘုရား) ဒီလိုပြောယင် မမှားတော့ဘူး။ 'ချင်' ပါလာရင် နာမ်ဘဲ။ ထိုင်ချင်တာက နာမ်။ အိပ်ချင်တာကကော (နာမ်ပုါဘုရား)၊ ရေချိုးချင်တာကကော (နာမ်ပါဘုရား)။ အဲဒီတော့ စိတ်နဲ့ပတ်သက်ရင် ဒီနာမ်တလုံးထဲရှိတယ်နော်။ စိတ်ကလေးကို ဘာခေါ်မယ် (နာမ်ခေါ်ပါတယ်ဘုရား)။ ဒါဖြင့် စားချင်တာ (နာမ်ပါဘုရား)၊ တရားနာချင်တာ (နာမ်ပါဘုရား)၊ အိမ်ပြန်ချင်တာ (နာမ်ပါဘုရား)၊ ထမင်းစားချင်တာက နာမ်၊ စားတာကတော့ဘာတုံး (ရုပ်ပါဘုရား)။ဒါဖြင့်

စားရာမှာ နာမ်နဲ့ရုပ်ပဲရှိတယ်။ ဒီပြင် ရှိသေးသလား (မရှိပါဘုရား)။ အဲဒါ နာမ်နဲ့ရုပ်ကို မြင်တော့ ငါပါသေးသလား (မပါပါဘုရား)။

ဒီနေရာမှာ ဖြစ်ဘူးတဲ့အကြောင်းအရာကလေးတခုကို ထည့်ပြောရအုံးမယ်။ လွန်ခဲ့တဲ့ နှစ်အတန်ကြာက နိုင်ငံခြားသား တယောက် သာသနာ့ဝိပဿနာလာပြီး အားထုတ်တယ်။ ဗုဒ္ဓဘာသာတရားကို လေ့လာပါတယ်။ သူက အားလုံးသော သတ္တဝါတွေကို တန်ခိုးရှင်က ဖန်ဆင်းတာမဟုတ်ဘူးဘိုရင် ခင်ဗျားတို့က အချက်အလက် ခိုင်ခိုင်လုံလုံနဲ့ ရှင်းပြရမယ်လို့ သူက ပြောတယ်။

အေး.. ကောင်းပြီတဲ့၊ ငါတို့ခိုင်းတဲ့အတိုင်း ရှုမှတ်မယ်ဆိုရင် ရှင်းပြမယ်လို့ ပြောတော့ သူက သဘောတူပါဗျာယ်။ သူကလဲ သင်ပေးတဲ့အတိုင်း ကြိုးကြိုးစားစား ရှုမှတ်ပါတယ်။ နေ့စဉ်လဲ တရားစစ် တရားမေး ပြုလုပ်နေပါတယ်။ သူက အတော်ကလေး ပြောတတ်လာပြီ။ ထမင်းစားတာ ဘာလို့စားတာတုံး "စားချင်လို့"၊ စားချင်တာက ဘာတုံး "နာမ်"၊ စားနေတာက ဘာတုံး၊ "ရုပ်"။ ရေဘာလို့သောက်တုံး "သောက်ချင်လို့"၊ ရေဘာလို့ ချိုးတုံး၊ "ချိုးချင်လို့၊ ရေမချိုးချင်ဘဲနဲ့ ချိုးပါ့မလား မချိုးပါဘူး"၊ ရေချိုးပါအုံးလားဆိုရင် တော်ပြီ၊ မချိုးချင်ဘူး၊ အေးလွန်းလို့ ပြောပြီး မချိုးဘဲနေတယ်မဟုတ်လား။ ရေမချိုးချင်ဘဲနဲ့ ချိုးပါ့မလား၊ မချိုးပါဘူး၊ ဒါဖြင့် ချိုးချင်တာက ဘာတုံး၊ "နာမ်"၊ ချိုးတာက "ရုပ်"၊ ဒီအနား ဘာလို့ ထိုင်တုံး၊ "ထိုင်ချင်လို့"၊ ထိုင်ချင်တာဘာတုံး "နာမ်"၊ ထိုင်တာက "ရုပ်"၊ အိပ်တာ ဘာလို့အိပ်တုံး၊ "အိပ်ချင်လို့"၊ အိပ်

ချင်တာက "နာမ်"၊ အိပ်တာက "ရုပ်"၊ သူ့ကို နေ့တိုင်းမေး နေတယ်။

အဲဒီလို မေးနေတော့ သူက အတော့်ကို ပြောတတ်နေပြီ၊ သူကိုယ်တိုင်ကလဲ လိုလိုချင်ချင်နဲ့ ကြိုးကြိုးစားစား ရှုမှတ်တယ်။ နိုင်ငံခြားသားက လေ့လာတယ် ရှုမှတ်တယ်ဆိုရင် လေးလေးစား စား ရှုမှတ်တယ်။ ညတောင် သိပ်အိပ်တာမဟုတ်ဘူး။ ဘုန်းကြီး တို့နဲ့အတူတူဘဲ၊ ဒါနဲ့ တနေ့ကျတော့ သူကထမင်းစားနေတယ်။ ဘာလုပ်သလဲ သွားမေးတော့ "ကျွန်ုပ် ထမင်းစားတယ်" တဲ့။ ဘာဖြစ်လို့စားတုံး စားချင်လို့စားတယ်"၊ စားချင်တာဘာတုံး "နာမ်"၊ စားတာက "ရုပ်"။ ဘယ်မတုံးတဲ့ မင့်ဘုရား၊ ဖန်ဆင်း တဲ့ ဘုရားရှိရဲ့လား (မရှိပါဘုရား)၊ သူ့ဘုရားဖန်ဆင်းတာဟုတ် ကဲ့လား (မဟုတ်ပါဘုရား)၊ ဘုရားပျောက်နေတယ်မဟုတ်လား (ပျောက်နေပါတယ်ဘုရား)။ စားချင်တာကဘယ်သူတုံး (နာမ် ပါဘုရား)၊ စားနေတာက (ရုပ်ပါဘုရား)၊ ဘယ်မတုံး သူ့ ဘုရား၊ ရှိသေးလား (မရှိတော့ပါဘုရား)၊ ဒီတော့ မော့ပြုံး နေတယ်။ ဘုရားပျောက်သွားတယ်၊ ရှိသေးလား၊ မရှိတော့ ဘူးနော်။

ခု လူတွေဟာ ငါ ဒီနေ့ ထမင်းစားကောင်းတယ်၊ စား မကောင်းဘူးလို့ မပြောဘူးလား (ပြောပါတယ်ဘုရား)။ အောင်မယ်လေး ငါ ဒီနေ့ ထမင်း စားမကောင်းပါဘူးကွာ၊ မဆာဘူး၊ ရင်ကပြည့်တော့တော့ ဖြစ်နေတယ်။ ကနေ့တော့ စားကောင်းတယ် မပြောခဲ့ဘူးလား (ပြောခဲ့ပါတယ်ဘုရား)။ ထမင်းစားချင်တာက ဘယ်သူတုံး (နာမ်ပါဘုရား)။ စားတာ

က (ရုပ်ပါဘုရား)။ ဘယ်မတုံး 'ငါ'။ ပါရဲ့လား.... (မပါပါဘုရား)။ငါမပါဘူးဆိုရင်၊ ခုဘင်က ဘုရားပျောက်သလို ငါလို့ထင်မှတ်တဲ့ ဒိဋ္ဌိမပျောက်ဘူးလား (ပျောက်ပါတယ်ဘုရား ။ အဲဒီတော့ ဒိဋ္ဌိခွါတယ်ဆိုဘာ ဒါဘဲနော်။ ဒါဖြင့် စားချင်တဲ့နာမ်နဲ့ စားနေတဲ့ရုပ်ကိုမြင်ရင် ဒိဋ္ဌိမကွာဘူးလား (ကွာပါတယ်ဘုရား)။ ဒိဋ္ဌိကွာရင် အပါယ်က မလွတ်ဘူးလား (လွတ်ပါတယ်ဘုရား)။ ဒီရုပ်နာမ်မြင်အောင် မကြည့်ဘဲနဲ့ ဒိပြင်အလုပ်ဘွေကို ရှောက်လုပ်နေမယ်ယုံယင် အပါယ်က လွတ်ပါ့မလား (မလွတ်ပါဘုရား)။ [illegible]လို့ မလွတ်တုံး (ဒိဋ္ဌိမစင်လို့ပါဘုရား)၊ ဟုတ်လား[illegible]—ဒါဖြင့် ထပ်ဆိုရအောင်—

"ဝိပဿနာအလုပ် အားမထုတ်ခဲ့ပါလျှင်၊ နာမ်နှင့်ရုပ်ကိုမြင်၊ အမှား ဒိဋ္ဌိမစင်၊ အန္ဓပုထုဇဉ်၊အပါယ်ခွင်မလွတ်သေး၊ နိဗ္ဗာန်ချမ်းသာနှင့်ဝေး"

ဆုတောင်းရုံနဲ့မရ

ဘာနဲ့ဝေးတုံး၊ နိဗ္ဗာန်ချမ်းသာနဲ့ဝေးတယ်။ ဒါပေမဲ့အများလူတွေကတော့ နိဗ္ဗာန်ချမ်းသာကို ရက်တိုတိုနဲ့ရောက်ရပါလို့၏တဲ့။ မနက်တိုင်း ကြေးစည်တောင် ခေါက်လိုက်သေး။ ရောက်တော့မှာဘဲ၊ ဟုတ်လား။ အမယ်....အပါယ်လေးပါးက လွတ်ရပါလို့၏ဘုရားတဲ့၊ လှည့်ပတ်ပြီးတော့ ပုတီးတွေစိပ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့ ဘယ်က အနိစ္စတုံး၊ အဲဒါ ပါးစပ်ကဆိုတဲ့ အနိစ္စ၊ ဟုတ်လား။ ဘယ်က ဒုက္ခတုံး (ပါးစပ်ကဆိုတဲ့ ဒုက္ခပါဘုရား)။ပါးစပ်ကဆိုတာ၊ စိတ်ထဲက စဉ်းစားတာမဟုတ်ဘူး။ လူကြီးတွေ သင်ထားတာနော်။ တကယ် ခန္ဓာတွင်းဥာဏ်

နဲ့ကွေးတာ ရှုမှတ်လို့ ဖွေ့တာ ဟုတ်ကဲ့လား (မဟုတ်ပါဘုရား) မဟုတ်ဘူး။

အဲဒီတော့ နိဗ္ဗာန်ချမ်းသာနဲ့ ဝေးတာပေါ့။ ဘာဖြစ်လို့ နိဗ္ဗာန်ချမ်းသာနဲ့ ဝေးသတုံး၊ အပါယ်ကမလွတ်သေးလို့။ ဘာလို့ အပါယ်က မလွတ်တုံး၊ ခုနင်တုန်းက အန္ဓပုထုဇဉ် အကန်းဘဝသာရှိသေးလို့တဲ့။ မင်းတို့ ဆေးကုကြအုံးတဲ့။ နာမ်နဲ့ရုပ် ဇတ်မြင်အောင်လို့ သတိပဋ္ဌာန်နဲ့ ပွတ်တိုက်ပြီးတော့ ဆေးကုကြအုံး၊ မျက်စဉ်းခတ်ကြအုံးတဲ့။ သတိပဋ္ဌာန် မျက်စဉ်းခတ်တာ နာမ်နဲ့ရုပ်တော့ မှုန်မှုန်ဝါးဝါး မြင်ကြပြီလား (မြင်ကြပါပြီဘုရား) မြင်လာပြီနော်....။ နာမ်နဲ့ရုပ်ကို ဘာ့ကြောင့်မြင်သလဲ။ နာမ်နဲ့ရုပ်ကိုမြင်ရင် ဒိဋ္ဌိမစင်ဘူးလား (စင်ပါတယ်ဘုရား)၊ ဘာ့ကြောင့် ဒီဒိဋ္ဌိစင်သလဲ၊ နာမ်ရုပ်မြင်လို့။ နာမ်ရုပ် ဘာလို့ မြင်သလဲ (ဝိပဿနာ ရှုမှတ်လို့ပါဘုရား)။ ဝိပဿနာမလုပ်ဘဲ နာမ်ရုပ်မြင်ပါ့မလား (မမြင်ပါဘုရား)၊ မမြင်ပါဘူး။ ဒီပြင် အလုပ်ကို လုပ်နေမယ်ဆိုယင် ဥပုသ်စောင့်ရုံမျှဆိုယင် နာမ်ရုပ် မြင်ပါ့မလား (မမြင်ပါဘုရား)၊ အလှူပေးရုံမျှ ဆိုယင်ကော မြင်ပါ့မလား (မမြင်ပါဘုရား)၊ ရွှေတိုက်သွားဖူးနေရုံ ဆိုယင်ကော မြင်ပါ့မလား (မမြင်ပါဘုရား)။

အဲဒီလိုတဲ့တဲ့ဟောတော့၊ အောင်မယ်လေး.. ဒါနသီလပယ်တဲ့ ဘုန်းကြီးလို့ ဆိုတတ်တယ်။ ဟုတ်ကဲ့လား- မဆိုပေဘူးလား (ဆိုပါတယ်ဘုရား)၊ ဒါပေမဲ့ ဒီမှာပြောကြတယ်၊ အောင်မယ်လေးဟယ်....ဒီမျှားလေတဲ့၊ ရွှေတိုက်ဘုရား ဖူးပြီးရင်တော့ သေချင်သေပါစေတော့တဲ့။ ရွှေတိုက်ဘုရားဖူးတော့ ဘာဖြစ်တုံး၊ မဟာ

ကုသိုလ်မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) ဖြစ်ပါတယ်နော်။ ကုသိုလ်မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ နာမ်ရုပ်မြင်ရဲ့လား (မမြင်ပါဘုရား)၊ နာမ်ရုပ်မမြင်တော့ ဒိဋ္ဌိကစင်ရဲ့လား(မစင်ပါဘုရား)၊ မစင်ဘူး။ သူက ကပ်လိုက်နေတာ ပုထုဇဉ်တွေရဲ့ အိမ်ပိုင်ယာပိုင်ဟာ အပါယ်လေးပါး။

ကိုယ်ပိုင်အိမ်

ပုထုဇဉ်တို့ အိမ်ဟာ ဘယ်မတုံး၊ (အပါယ်လေးပါးပါဘုရား)။ ငါတို့များ နေစရာ ထိုင်စရာ မရှိဘူးလို့ ထင်မနေနဲ့၊ ကိုယ့်အိမ်ကိုယ် ထားခဲ့တာ မဟုတ်လား။ တနေ့ကတောင် မေးနေသေးတယ် "ဒီကလူတွေ ဘယ်သွားတုံး"တဲ့၊ အပါယ်လေးပါးက မေးနေတယ်။ အိမ်က လူလျော့နေလို့ မေးတာ၊ "လူ့ပြည်ခဏ အလယ်သွားကြတယ်တဲ့၊ ပြန်လာမှာ"တဲ့။ ဘယ်သူက လိုက်ခေါ်မှာတုံးဆိုတော့ "ဒိဋ္ဌိ"က စောင့်ခေါ်မှာပေါ့၊ အဲဒီဒိဋ္ဌိအစောင့် ပါလာတယ်မဟုတ်လား(ပါပါတယ်ဘုရား) တော်တော်ကြာ ကုသိုလ်ကံ အရှိန်ကလေးကုန်ရင်၊ ဒါနကုသိုလ်ရဲ့ အရှိန်၊ သီလကုသိုလ်ရဲ့ အရှိန်လေးကုန်ရင် ပြန်ခေါ်လိမ့်မယ်။ အိမ်ကိုပြန်ကြစို့ရဲ့လို့ ခေါ်လိမ့်မယ်။ အခု ရန်ကုန်ကလူတွေ မန္တလေး၊ မုံရွာ၊ စစ်ကိုင်း စသည် သွားပြီးတော့ ဘုရားမဖူးကြဘူးလား၊ ပြီးတော့ ပြန်မလာကြဘူးလား(ပြန်လာကြပါတယ်ဘုရား)၊ အဲဒီလို တခြားသွားနေရတာက ခဏရယ်။ ဒိဋ္ဌိမကွာသေးယင် ခဏလာကြရတာဘဲ။ ဒါကြောင့်မို့ ဝိပဿနာအလုပ်ကို အားထုတ်ပါတဲ့။ ဝိပဿနာအလုပ်ကို အားထုတ်ရင် ဘာကိုမြင်မလဲ၊ နာမ်ရုပ်ကိုမြင်မယ်။ နာမ်ရုပ်ကိုမြင်ရင် ဘာစင်မလဲ၊

(ဒိဋ္ဌိစင်ပါတယ်ဘုရား)၊ ဒိဋ္ဌိစင်မယ်။ အဲဒါလေးကို သဘော ပေါက်ဖို့ လိုတယ်နော်။

ဒီဝိပဿနာအလုပ်ကလဲ မြတ်စွာဘုရားပွင့်မှရှိတာ၊ သာသနာ ပမှာ မရှိဘူး။ သူများက ဟောရုံ ပြောရုံနဲ့ ဝိပဿနာ ဖြစ်ပါ့ မလား (မဖြစ်ပါဘုရား)၊ နာနေရုံနဲ့ကော ဖြစ်သလား (မဖြစ် ပါဘုရား)၊ ကိုယ်တိုင်ရှာရမယ်နော်။ ကိုယ်တိုင်အားထုတ်ရ မယ်။ (မှန်ပါ့ဘုရား)။ ဒါဖြင့် ဒကာတို့ ကနေ့ ဖောင်းတယ် ပိန်တယ်လို့ မှတ်တယ်မဟုတ်လား (မှတ်ပါတယ်ဘုရား)။ ဒါ တင်မဟုတ်ဘူး၊ မိမိတို့ရဲ့ ခန္ဓာကိုယ်ထဲက ဒွါရခြောက်ပါးမှာလဲ မှတ်တယ်မဟုတ်လား (မှတ်ပါတယ်ဘုရား) ဒွါရခြောက်ပါး လုံးမာ မှတ်ရမယ်။ ဒွါရခြောက်ပါးလုံးကို တပြိုင်နက်ထဲ မှတ် လို့ရပါ့မလား (မရပါဘုရား) ဘယ်ကစမှတ်ရလဲ (ထင်ရှားပေါ် ရာက စမှတ်ရပါမယ်ဘုရား) အေး....ထင်ရှားပေါ် ရာက စမှတ်ရ မယ်။ ဘယ်ကစပေါ်ပေါ် မြင်တာပေါ်ယင် မြင်တာမှတ်၊ ကြားတာပေါ်ယင် ကြားတာမှတ်၊ တွေ့ထိတာပေါ်ယင် တွေ့ထိ တာမှတ်၊ နာတာပေါ်ယင် နာတာမှတ်၊ ကြုံသိတာပေါ်ယင် ကြုံသိတာမှတ်၊ အဲဒီလို ပေါ်ရာပေါ်ရာတွေကို လိုက်မှတ်ပါတဲ့။

အဲဒီလို လိုက်မှတ်တော့ ဘယ်ကစပေါ်သလဲ ဖောင်းတာနဲ့ ပိန်တာလေးတွေ မတွေ့ဘူးလား (တွေ့ပါတယ်ဘုရား) ဖောင်း တာကဘာတုံး (ရုပ်ပါဘုရား) အဲဒါရှုသင့်တဲ့ တရားလား မရှု သင့်တဲ့တရား (ရှုသင့်တဲ့တရားပါဘုရား) ရုပ်တရားဆိုတာ အဲဒါ ဘဲ။ မှတ်တာလေးကဘာတုံး (နာမ်ပါဘုရား) နာမ်က ရှုသင့်တဲ့ တရားလား မရှုသင့်တဲ့ တရားလား (ရှုသင့်တဲ့တရားပါဘုရား) နာမ်ကို နာမ်လို့သိရင်အသိမှန်ဘဲ။ ရုပ်ကိုရုပ်လို့သိယင် အသိမှန်

ဘဲ။ ရုပ်ကိုငါလို့ထင်နေယင် (အသိမှားပါဘုရား) နာမ်ကို ငါလို့ထင်နေယင် (အသိမှားပါဘုရား) ဟော့....ငါမှတ်တာက့၊ ငါဖောင်းတာက့၊ ငါထိုင်တာက့၊ ငါထိုင်ချင်တာက့ ဆိုရင် အဲဒါဟာ တရားမှန်ပေါ့တရားမှားလေး (တရားမှားပါဘုရား) အမှားဒိဋ္ဌိဝင်နေလယ်၊ မဝင်ဘူးလား (ဝင်ပါတယ်ဘုရား)။

ဒါဖြင့် ထိုင်နေတာကဘယ်သူတုံး (ရုပ်ပါဘုရား) သိနေတာကကော (နာမ်ပါဘုရား) ဒီလိုသိတာဟာ အသိမှန်လား-အသိမှားလား (အသိမှန်ပဲဘုရား) သိရတာတွေက ဘာတရားတွေတုံး (ရုပ်တရား၊နာမ်တရားတွေပါဘုရား) ဒါဖြင့် ဒီကနေ့တရားနာရတော့ တရားမှန်ကိုသိသလား မသိဘူးလား (သိပါတယ်ဘုရား)ဘာတရားတွေသိသတုံး (ရုပ်တရား၊နာမ်တရားတွေ သိပါတယ်ဘုရား) ဒီပြင်ကောရှိသေးလား (မရှိပါဘုရား) ကိုင်း....ကွေးနေတယ်ဆိုတာဘာတုံး၊ ရုပ်လား-နာမ်လား (ရုပ်ပါဘုရား) ဒီရုပ်ကိုသိနေတာကဘာတုံး (နာမ်ပါဘုရား) အဲဒီ ကွေးတာကရုပ်၊ အဲဒီရုပ်ကိုသိနေတာဟာ တရားမှန်သိတာလား-တရားမှားသိတာလား (တရားမှန်သိတာပါဘုရား) "သိလိုက်တာလေးကနာမ်"လို့ သိတာကကော တရားမှန်သိတာလား တရားမှားသိတာလား(တရားမှန်သိတာပါဘုရား) ဟော့ ကွေးတာ ငါကွေးတာက့ ဒီလိုသိရင်ကော တရားမှန်လား- တရားမှားလား.....(တရားမှားပါဘုရား)။

ဒါဖြင့် ဒကာတို့ဟာ ရုပ်တရား နာမ်တရားကို အခုတွေ့ပြီမဟုတ်လား (တွေ့ပါပြီဘုရား) ရုပ်တရားနာမ်တရားကိုတွေ့ပြီ။ ဒါဖြင့် ငါဆိုတဲ့ အစဲ့ကောက့ဝပလား (ကွဝပါပြီဘုရား) ဒကာတို့ရှုနေတဲ့အထဲ အဖြစ်အပျက်ပါရဲ့လား၊ အခု ရှုနေတဲ့အထဲ

ဖြစ်ပျက်ပါရဲ့လား (မပါသေးပါဘုရား) ရုပ်နာမ်တော့ပါရဲ့လား (ပါပါတယ်ဘုရား) ဒါလောက်ဆိုယင် အန္ဓပုထုဇဉ်ခေါ်တဲ့ အကန်းဘဝမှလွတ်ပြီ။ ဘာကန်းတာတုံး-ပကဟိမျက်စိ ကန်းတာတော့မဟုတ်ဘူး၊ ဥာဏ်မျက်စိကန်းတာဘဲ။ ဘာကန်းတာတုံး (ဥာဏ်မျက်စိကန်းတာပါဘုရား) ကဲ....ဖောင်းတာလေးမှတ်လိုက်၊ ဖောင်းတာလေး ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား) ပေါ်လာတာ အဖြစ်လားအပျက်လား(အဖြစ်ပါဘုရား) အဲဒီဖောင်းတာဟာ မပျောက်ပဲတည်နေရဲ့လား (မနေပါဘုရား) ဘယ်ရောက်သွားတုံး (ပျက်သွားပါတယ်ဘုရား) ဘာဖြစ်သွားတာတုံး၊ ဖြစ်ပြီးပျက်သွားတာဘဲ။ အဲဒါကို သေသေချာချာ ဥာဏ်နဲ့ကြည့်။ ဖြစ်ပျက်ပဲ။

အဲဒါ ပါးစပ်ကဆိုတာလား သူကပြတာလား (သူကပြတာပါဘုရား) အဖောင်းကလေးက ကျနော်ဖြစ်လာပြီတဲ့၊ ဂေါင်းလေးပြူလာပြီ၊ ကြည့်ပါတဲ့-ကြည့်ပါတဲ့။ဖျတ်ဆို ကြည့်လိုက်တော့ ရှိသေးလား(မရှိတော့ပါဘုရား) ဖြစ်ပြီးပျက်သွားတယ်၊ ပေါ်ပြီး ပျောက်သွားတယ်တဲ့။

ရုပ်နာမ်ဖြစ်ပျက်

ဒါဖြင့် ဖြစ်ပျက်ကော ပါပလား (ပါပါတယ်ဘုရား) ဖြစ်ပျက်တွေ့ပလား (တွေ့ပါပြီဘုရား) ဘယ်မှာတွေ့လဲ (ခန္ဓာမှာပါဘုရား) ဘာလုပ်လို့တွေ့လဲ (ရှုမှတ်လို့ပါဘုရား) ပိန်တာလေးမှတ်ကြည့်၊ ခုရှိသေးရဲ့လား (မရှိတော့ပါဘုရား) ပိန်တာလေးပေါ်လာတော့ စပြီးပေါ်တာဟာ ဖြစ်တာဘဲမဟုတ်လား

(မှန်ပါတယ်ဘုရား) နောက်ကျတော့ အဲဒီပိန်တာလေး ပျောက်မသွားဘူးလား (ပျောက်သွားပါတယ်ဘုရား) အဲဒါနှစ်ခုကို ဘာခေါ်မလဲ (ဖြစ်ပျက်ခေါ်ပါတယ်ဘုရား) ပိန်တာဟာ ရုပ်လားနာမ်လား (ရုပ်ပါဘုရား) အဲဒီ ပိန်ရုပ်ကလေးဖြစ်ပြီးတော့ ပျက်မသွားဘူးလား (ပျက်သွားပါတယ်ဘုရား) ပိန်တဲ့ရုပ်တရားက ဖြစ်ပြီးပျက်တယ်။ မှတ်နေတဲ့ စိတ်ကလေးကကော တည်နေရစ်ခဲ့လား (တည်မနေရစ်ခဲ့ပါဘုရား) ရုပ်ရောနာမ်ရော ဖြစ်ပျက်ခြင်းမတူဘူးလား (တူပါတယ်ဘုရား) ဒါဖြင့် ခု ဒကာတို့ ရှုမှတ်နေတာထဲ ရုပ်နာမ်ပါတယ် မဟုတ်လား (ပါပါတယ်ဘုရား) ဖြစ်ပျက်လဲ ပါတယ်မဟုတ်လား (ပါပါတယ်ဘုရား) အဖြစ်အပျက်မြင်ယင် အနိစ္စ-ဒုက္ခ-အနတ္တဆိုတဲ့ လက္ခဏာရေးသုံးပါးလဲ ပါတယ်မဟုတ်လား (ပါပါတယ်ဘုရား)။

ဖောင်းတာလေးမှတ်လိုက်၊ စပြီးပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား) အဲဒါ အဖြစ်လား အပျက်လား (အဖြစ်ပါဘုရား) နောက်ကျကော့ ဘယ်နှယ်ဖြစ်သွားတုံး (ပျက်သွားပါတယ်ဘုရား) ဒီတော့ ဖြစ်ပျက်တွေတယ်မဟုတ်လား (တွေ့ပါတယ်ဘုရား) ဖြစ်ပြီးပျက်နေတာတွေဟာ မြဲသလား မမြဲဘူးလား (မမြဲပါဘုရား) မမြဲတော့ နိစ္စလား အနိစ္စလား (အနိစ္စပါဘုရား) အနိစ္စလို့ ပါးစပ်ကဆိုရုံဘဲလား၊ ရှုမှတ်လို့ မြင်သိတာလား (ရှုမှတ်လို့မြင်သိတာပါဘုရား) အဲဒီလိုသိတာဟာ ဉာဏ်နဲ့သိတာလား၊ ပါးစပ်ကဆိုတာလား (ဉာဏ်နဲ့သိတာပါဘုရား) ဉာဏ်နဲ့ရှုတော့ ဘာတွေ့တုံး (ဖြစ်ပျက်ကိုတွေ့ပါတယ်ဘုရား) ဖြစ်ပျက်ကိုတွေ့တော့ အနိစ္စမမြင်ဘူးလား (မြင်ပါ

တယ်ဘုရား) ဒါဖြင့် ဒီလို ဖြစ်ပြီးပျက်နေတာတွေဟာ ဆင်းရဲလား ချမ်းသာလား (ဆင်းရဲပါဘုရား) ဆင်းရဲဆိုယင် သုခလား ဒုက္ခလား (ဒုက္ခပါဘုရား) အော် တကယ့်ဒုက္ခကြီးဘဲလို့ ဥာဏ်မျက်စိနဲ့ မဲမြင်လိုက်ဘူးလား (မြင်လိုက်ပါတယ်ဘုရား)။

ဒီတော့ မောင်ဒုက္ခရဲ့ နင်နှိပ်စက်လွန်းလို့ မလာခဲ့ပါနဲ့ ဆိုလို့ကော ရရဲ့လား (မရပါဘုရား)။ ခဏနေပါအုံး ဆိုလို့ကော ရရဲ့လား (မရပါဘုရား)၊ မရရင် အတ္တလား-အနတ္တလား (အနတ္တပါဘုရား) ဒါဖြင့် လက္ခဏာရေးသုံးပါး တွေ့ပလား (တွေ့ပါပြီဘုရား) ဘယ်မှာတွေ့သတုံး၊ ခန္ဓာမှာ ရူပမှတ်လို့ တွေ့တာနော်။ ဒါဖြင့် ဒကာတို့ ရူပမှတ်ကာ ရုပ်နာမ်တွေ့ပလား (တွေ့ပါပြီဘုရား)၊ ဖြစ်ပျက်တွေ့ပလား (တွေ့ပါပြီဘုရား)၊ လက္ခဏာရေး သုံးပါး တွေ့ပလား (တွေ့ပါပြီဘုရား)။ ဒါဖြင့်ဘုန်းကြီးတို့ ဒီကပြနေတဲ့ ရူပနည်းမှတ်နည်းထဲမှာ ဘာလို့သေးသတုံး (မလို့ပါဘုရား)၊ မလို့ပါဘူးတဲ့။ ဒီထက်ချဲ့ပြောရမယ်ဆိုရင် အများကြီးဘဲ ရှိသေးတယ်။

ဒါပေမဲ့ ဒီတပဲ့ထဲမို့ ဒကာတို့ကလဲ့ အလုပ်မအားတဲ့ သူတွေမို့ နောက်တဖြည်းဖြည်းတော့ သစ္စာလေးပါး၊ ခန္ဓာ ၅ ပါး အာယတန ၁၂ ပါး၊ ဓာတ် ၁၈ ပါး စသည် ရူပနည်းမှတ်နည်း အများကြီး ရှိသေးတယ်။ အစုံအလင်ဆိုတော့ သိပ်အချိန်က မရဘူး။ ၉ နာရီထိုးတော့မယ်၊ ၅ မိနစ် လိုတော့တယ်။ ဒီတော့ ရုပ်တွေ့ နာမ်တွေ့ တော်တော် သဘောကျကြပလား (ကျပါပြီဘုရား)။ ဒီလိုလဲ ရှိပါတယ်၊ ဒီတရားပဲမှာမှ မဟုတ်ပါဘူး၊ ဘုန်းကြီးတို့ဆီ လာပြီးတော့ "တပည့်တော်တို့ဘုရား....ရူပနည်း

မှတ်နည်းတော့ သဘောမပေါက်လို့ဘုရား၊ အိမ်မှာ ရှုမှတ်နေတာ တပည့်တော် ဒီလိုဒီလို ဖြစ်ပါတယ်ဘုရား" ဆိုပြီး လာလျှောက်ရင်လဲ အချိန်မရွေးလာလို့ ရပါတယ်။ ဦးခင်မောင်ဝင်းတို့ ဦးဇွန်းရှိန်တို့ ဒကာကြီးဘဲဟာ လာနေကြတာပါဘဲ။ အဲဒီလို လဲရပါတယ်။ ဒီလိုမှမဟုတ်ယင် "အရှင်ဘုရား အားလပ်တဲ့ အချိန် ကြုပါး" ဆိုလဲ ရပါတယ်။

အဲဒီတော့ ဒီဟာကို ဒကာတို့ အိမ်ရောက်တဲ့အခါလဲမှတ်ကြည့်ပေါ့။ ရှုမှတ်ကြည့်တော့ နာမ်ရုပ်ကို မြင်မယ်။ ရှုမှတ်မှု ဝိပဿနာအလုပ်ကို မလုပ်ဘဲနဲ့ နာမ်ရုပ်မြင်ပါ့မလား (မမြင်ပါဘုရား)။ ဒါဖြင့် နာမ်ရုပ် မြင်ချင်ရင် ဘာလုပ်ရမတုံး (ဝိပဿနာအလုပ်ကို လုပ်ရပါမယ်ဘုရာ-)။ ဝိပဿနာ အလုပ်လုပ်ရင် ဘာမြင်မတုံး (နာမ်ရုပ်မြင်ပါတယ်ဘုရား)။ နာမ်ရုပ်မြင်ရင် ဘာစင်မတုံး (ဒိဋ္ဌိစင်ပါတယ်ဘုရား)။ ဒါဖြင့် ဒိဋ္ဌိစင်တာက အရင်လား၊ နာမ်ရုပ်မြင်တာကအရင်လား(နာမ်ရုပ်မြင်တာကအရင်ပါဘုရား) နာမ်ရုပ်မမြင်ဘဲနဲ့ ဒိဋ္ဌိစင်ပါ့မလား (မစင်ပါဘုရား)။ ဒါဖြင့် တရားမထိုင်ခင် ဒိဋ္ဌိခဲ့ရဲလို့ ရရဲ့လား (မရပါဘုရား)။ အင်းဒိဋ္ဌိခဲ့ပြီးမှ တရားထိုင်ကြဆိုရင် ဖြစ်ပါ့မလား (မဖြစ်ပါဘုရား)။ ဒိဋ္ဌိကွာချင်လို့ တရားထိုင်တာ မဟုတ်လား (ဟုတ်ပါတယ်ဘုရား)။

နိဗ္ဗာန်လမ်းစ

တရားတောင် မထိုင်ရသေးဘူး၊ ဒိဋ္ဌိက ကွာနေနှင့်လို့ ဖြစ်ပါ့မလား၊ (မဖြစ်ပါဘုရား)။ ဒိဋ္ဌိကွာချင်လို့ တရားထိုင်တာ မဟုတ်ပါလား (ဟုတ်ပါတယ်ဘုရား)။ အဲဒီတော့ ရှုမှတ်

ယင် ဘာကို မြင်လာမလဲ (နာမ်ရုပ်ကို မြင်လာပါမယ်ဘုရား) နာမ်ရုပ်မြင်မှ ဒိဋ္ဌိစင်မယ်၊ ဒိဋ္ဌိကွာမယ်။ ဒိဋ္ဌိကွာမှ အပါယ်သံသရာက လွှတ်မယ်နော်....။ အဲဒါကြောင့် ဝိပဿနာအလုပ်အားထုတ်မှ နာမ်ရုပ်မြင်မယ်၊ နာမ်ရုပ်မြင်မှ ဒိဋ္ဌိစင်မယ်၊ ဒိဋ္ဌိစင်မှ ကလျာဏပုထုဇဉ်၊ အဲဒါမှ ကလျာဏပုထုဇဉ်၊ အပါယ်ခွင်မရောက်ဝေး၊ နိဗ္ဗာန်လမ်းစပေး။ အဲဒီတော့မှ နိဗ္ဗာန်လမ်းစတွေ့တာ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဘုရား)။

နာမ်ရုပ်မြင်တော့ ဘာဖြစ်တုံး၊ နာမ်ရုပ်မြင်မှ ဖြစ်ပျက်ကို မြင်တယ်။ နာမ်ရုပ်မြင်မှ ဘာမြင်မယ် (ဖြစ်ပျက် မြင်ပါမယ်ဘုရား)။ ဖြစ်တယ်ပျက်တယ်ဆိုတာ ဘယ်သူတုံး (နာမ်ရုပ်ပါဘုရား) နာမ်ကတော့ ဖြစ်ပြီးပျက်၊ ရုပ်ကလဲဖြစ်ပြီး ပျက်ဘဲ။ နာမ်ရုပ်မမြင်ဘဲနဲ့ ဖြစ်ပျက်ကို အရင်မြင်ပါ့မလား (မမြင်ပါဘုရား)။ ဒါဖြင့် ဒကာတို့ တရားမှတ်တဲ့အခါ ဖြစ်ပျက်ကစ ရှုရင် ဖြစ်ပါ့မလား (မဖြစ်ပါဘုရား) မဖြစ်ပါဘူးတဲ့။ ဘယ်ကစရှုမလဲ (နာမ်ရုပ်က စ-ရှုရပါမယ်ဘုရား)၊ နာမ်ရုပ်မြင်မှ ဖြစ်ပျက်ကိုမြင်မယ်။ ဒီနာမ်လေး "ပေါ်လာရင် မဖြစ်နဲ့ မပျက်နဲ့" လို့ ပြောလို့ ရရဲ့လား (မရပါဘုရား)။ ရုပ်ပေါ်လာလဲ "မဖြစ်နဲ့ မပျက်နဲ့" လို့ ပြောလို့ရရဲ့လား (မရပါဘုရား)။ နာမ်ရုပ်မြင်ရင် ဖြစ်ပျက်ကော မပါဘူးလား (ပါပါတယ်ဘုရား)။

ဒါကြောင့် နာမ်ရုပ်မြင်ရင် ဖြစ်ပျက်ကိုမြင်မယ်တဲ့။ အဖြစ်ကိုမြင်မှ အပျက်ကိုမြင်မယ်၊ အပျက်ကိုမြင်မှ အဆုံးနိဗ္ဗာန်ဝင်မယ်တဲ့။ အဲဒါကြောင့် ဒီကနေ့ဟာ နာမ်ရုပ်မြင်တဲ့နေ့၊ လူဖြစ်ရကျိုး နပ်စပြုတဲ့နေ့လို့ ဆိုမယ်ဆိုယင် ဆိုထိုက်ပါတယ်။

တောဇနံ မေထုနံ နိဒ္ဒါ၊
ဂေါဏေ ပေါသေပိ ဝိဇ္ဇတိ။
ဝိဇ္ဇာဝ်သေသော ပေါသဿ၊
တံဟိနော ဂေါသမောဘဝေ။

လောကေ၊ လောကဉ်။ တောဇနံ၊ အစာစားခြင်းသည်ရင်း။ မေထုနံ၊ မေထုန်မှီဝဲခြင်းသည်ရင်း။ နိဒ္ဒေါ၊ အိပ်ခြင်းသည်ရင်း။ ဂေါဏေပိ၊ နွားဌ်ရင်း။ ပေါသေပိ၊ ယောကျ်ားဌ်ရင်း။ ဝိဇ္ဇတိ၊ ရှိ၏။ ဝိဇ္ဇာ၊ အတတ်ပညာသည်ကား (၀၇) ရုပ်နာမ်ဖြစ်ပျက် ရှုမှတ်လျက်သိတဲ့ အသိဉာဏ်သည်ကား။ ပေါသဿ၊ လူ၏။ ဝိသေသော၊ ဂုဏ်ထူးပေတည်း။ တံဟိနော၊ ထိုအသိဉာဏ်မှ ယုတ်ခဲ့မူကား။ ဂေါသမော၊ နွားနှင့်တူသည်။ ဘဝေ၊ ဖြစ်၏။

စားတာရယ်၊ မေထုန်ရယ်၊ အိပ်တာရယ်၊ ဒီသုံးမျိုးကတော့ ကျွဲတွေ နွားတွေ အားလုံး တိရစ္ဆာန်တွေလဲ သိကြတာပါဘဲတဲ့။ လူကလဲ ဒါလောက်ဘဲ သိနေရင်တော့ ကျွဲတွေ နွားတွေနဲ့ အသိဉာဏ်တူနေပါတယ်။ ထူးတာကတော့ ရုပ်မှန်း နာမ်မှန်း သိဘဲ့အသိ။ အနိစ္စ–ဒုက္ခ–အနတ္တမှန်း သိတဲ့အသိ၊ ဒီအသိရှိမှ တိရစ္ဆာန်တွေထက် ပိုသိတဲ့ အသိထူးပါတဲ့။ ယခုပြောခဲ့တဲ့ ရုပ်မှန်း နာမ်မှန်း၊ အနိစ္စ–ဒုက္ခ–အနတ္တမှန်း မသိဘဲ ဒီအသိဉာဏ် မရှိခဲ့ရင်၊ ဒီအသိဉာဏ်မှ ယုတ်ခဲ့ရင်။ နွားနှင့်တူပါတယ်တဲ့။ နွားနှင့် လူအသိဟာ အတူတူဘဲတဲ့။ ဒါကြောင့် လူ့ငနွား ခေါ်ဆိုရင် မမှားပါဘူးတဲ့။

(ဒီဂါထာကို ရေးခဲ့တဲ့ ပုဂ္ဂိုလ်ကတော့ လောကီပညာကို ပဓာနပြုပြီးရေးခဲ့ဟန်တူပါတယ်။ ဒါပေမဲ့ တရားနဲ့စပ်ပြီး ညွှန်

ကြားရာမှာတော့ တရားနဲ့စပ်တဲ့ပညာကိုဘဲ ပဓာနပြုပြီး ဖေါ်ပြ
သွားခြင်းဖြစ်ပါတယ်။)

ယနေ့ ဒီပရိသတ်ကြီးကတော့ ကိုယ်တိုင်ရှုမှတ် ပွားများလို
ရုပ်တွေ နာမ်တွေမြင်၊ ဖြစ်ပျက်တွေမြင် အနိစ္စ-ဒုက္ခ-အနတ္တဆိုတဲ့
လက္ခဏာရေး သုံးပါးကိုလဲ ကိုယ်ပိုင်ဉာဏ်နဲ့ တွေ့သိရလို လူအစစ်
ဖြစ်တဲ့နေ့၊ လူအစစ်ခေါ်ဆိုရတဲ့ နေ့ထူးနေ့မြတ်ကြီးပေါ့နော်။
ဒီ ကနေ့ လူ့ဘဝ လူအစစ်ဖြစ်တဲ့နေ့လို ဝမ်းမြောက်ဝမ်းသာ
ဖြစ်ကြပါစေကုန်သတည်း.... ။

သာဓု....သာဓု....သာဓု.... ။

ကဲ....၉-နာရီထိုးသွားပြီ၊ တရားပဲသိမ်းကြစို့ ။

(၂) ဒုတိယ အနိမိသာ ရှေညောင်ရိပ်စုံနေတော်မူပုံ



၁၃၃၇-ခု တပိုတွဲလဆန်း -ရက်နေ့
၃၃-လမ်း သာသနာ့ဟိတ ဓမ္မာရုံတွင်
ဇွဲဦးထွန်းရှိန်- ဒေါ်ဒေါင်းရင်တို့၏ ဆွမ်းကျွေး
အလှူ၌၊ သာသနာ့ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ
ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ တပည့်
ကမ္မဋ္ဌာနာစရိယ ဟံလင်းဆရာတော်
ဟောကြားတော်မူအပ်သော

သီလ သမာဓိ ပညာ အလုပ်ပေး တရားတော်

တပိုတွဲလဆန်း (၂) ရက် ဒီဓမ္မာရုံ၏အကြီးအမှူး ဦးစီးခေါင်းဆောင်ဖြစ်ကြတဲ့ ဒကာကြီးများ ဦးဘိုးခွားတို့၊ ဦးထွန်းအောင်တို့ ဘုန်းကြီးတို့ကို မော်တော်ကားနဲ့ ခဏခဏလာပင့်တာဘယ်သူလဲ (ဦးငွေးလှိုင်ပါဘုရား)၊ ဦးငွေးလှိုင်အစရှိတဲ့ လူကြီးများက တကဲ့အနှစ်သာရနဲ့ပြည့်စုံတဲ့ တရားလေးတွေရွေးကောက်ပြီး မဟာစည်ဆရာတော်ဘုရားကြီး၏နည်းအတိုင်း ဟောပေးပါဘုရားတဲ့။ ဒါ့ကြောင့် ဒီနေ့တော့ ဒို့ဗုဒ္ဓဘာသာတွေ အလွန်

သိထိုက်တဲ့တရား၊ အလွန်အရေးကြီးတဲ့တရား၊ ဘုန်းကြီးကစီစဉ်လာပါတယ်။ ဘာတရားလဲလို့ဆိုရင် သီလ သမာဓိ ပညာ ဒီတရားသုံးပါးကို အလွန်သိထိုက်ပါတယ်။ ဒါကြောင့် ဒို့ သာသနာကြီး စည်ပင်တိုးတက်အောင် ဒို့ဒကာဒကာမတွေလဲ့ ကြီးပွား တိုးတက်အောင် အာသီသလေး အရင်ဟောရမယ်။

သာသနဿစ လောကဿ၊ ဝုစိုဘဝတုသဗ္ဗဒါ
သာသနမ္မိ စ လောကဥ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

သာသနဿစ၊ ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓဟု ဆိုအပ်သော သုံးရပ်သော သာသနာတော်မြတ်ကြီး၏ရင်း၊ လောကဿစ၊ သာသနာတော်တွင်း ခိုခါချဉ်းသည့် အလင်းဓမ္မ ဟူသမျှကို နေ့ညမယုတ် အားထုတ်ကြံသော လူအပေါင်း၏ရင်း၊ သဗ္ဗဒါ၊နေ့ရော ညဉ်ပါ အခါခပ်သိမ်း၊ ဝုစိုဝ၊ စည်ပင်ပြန့်ပွားခြင်း (ဝါ) တနေ့တခြား ဒီရေအလားကဲ့သို့ တိုးပွားစည်ပင်ခြင်းသည်၊ ဘဝတု၊ တောင်းဆုမသွေ ဖြစ်ပါစေသတည်း။ သာသနမ္မိ စ၊ လူနတ်ဗြဟ္မာ များစွာခိုမှီး သာသနာတော်မြတ်ကြီးကိုရင်း၊ လောကဥ္စ၊ သာသနာတော်တွင်း ခိုခါချဉ်းသည့် အလင်းဓမ္မ ဟူသမျှကို နေ့ညဉ်မယုတ် အားထုတ်မည့်သူ များဗိုလ်လူကိုရင်း၊ သဗ္ဗဒါ၊ နေ့ရော ညဉ်ပါ အခါခပ်သိမ်း၊ ရက္ခန္တု၊ စောင့်ရှောက်နိုင်ကြပါစေကုန်သတည်း။ ရက္ခန္တု၊ မကောင်းကိုပယ် ကောင်းရာကယ်မည့် ဤနှယ်ဤမှု အာရုံပြု၍ ကြည့်ရှုစောင့်ရှောက် နိုင်ကြပါစေကုန်သတည်း။ ။

သာသနာတော်ကြီးက သုံးရပ်ရှိတယ်။ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာရယ်လို့ သုံးပါး။ ပရိယတ္တိသာသနာဆိုတာက–ဘာလဲ့။

စာပေကျမ်းဂန်တွေကို သင်အံ့လေ့ကျက်ပြီး နေကြတာဘဲ။ အဲ့ဒီပရိယတ္တိသာသနာတော်ကြီး၊ စာပေ ပရိယတ္တိတွေ သင်အံ့လေ့ကျက်ပြီးနေနိုင်အောင်လို့ ဒို့ဒကာဒကာမတွေက နောက်ကအားပေးကြတယ်၊ ထောက်ကူကြတယ်၊ ကျောင်းတွေဆောက်ပေးကြတယ်၊ ဆွမ်းတွေလှူဒါန်းကြတယ်၊ သက်နှုးတွေ လိုလေသေး မရှိအောင် ထောက်ပံ့နေကြတယ်။ ဒါကြောင့်မို့ မြတ်စွာဘုရားဟောထားတဲ့ ပိဋကတ်သုံးပုံတည်းဟူသော မြတ်စွာဘုရားရဲ့ စကားတော်တွေ ခုထက်ထိ မကွယ်မပျောက်ကာ။ သာသနာမှာ ထမ်းဆောင်နေတဲ့ ပုဂ္ဂိုလ်တွေရှိလို့ ဒီပုဂ္ဂိုလ်တွေ ထမ်းဆောင်နိုင်အောင် နောက်က ဒကာ ဒကာမတွေက ကူညီအားပေးနေလို့ ဒီသာသနာတော်ကြီး မကွယ်ပျောက်တာတဲ့။ အဲ့ဒီ ပရိယတ္တိသာသနာတော်ထဲမှာ ဟောထားတဲ့အတိုင်း ခု ရိပ်သာအသီးသီးမှာ ကျင့်ကြံအားထုတ်နေတယ်၊ ဒါဟာ ပဋိပတ္တိသာသနာဘဲ။ အဲ့ဒီ ပဋိပတ္တိသာသနာမှာ ကျင့်ကြံအားထုတ်လို့ ထိုးထွင်းသိလာတော့ မဂ်ဥာဏ် ဖိုလ်ဥာဏ် နိဗ္ဗာန်ရောက်သွားတယ်၊ အဲ့ဒီ မဂ်ဖိုလ်နိဗ္ဗာန်ကို ပဋိဝေဓသာသနာလို့ ဒီလိုခေါ်ပါတယ်။

သာသနာဆိုတာဘာလဲ

ဒီတော့ ကနေ့ သာသနာဆိုတာကို ဒို့ဒကာ ဒကာမတွေ သိလို့လိုနေပြီ။ သာသနာတော်ကြီး တပည့်တော်တို့ ကိုးကွယ်ပါတယ်။ သာသနာ့အမွေခံပါတယ်၊ စာရွက်ကြီးတွေနဲ့ရိုက်၊ မဏ္ဍပ်ကြီးတွေထိုး၊ ငွေတွေအကုန်ခံလို့ လုပ်နေကြတယ်။ သာသနာက

ဘာတုံး၊ အမေ့ကဘာတုံးလို့မေးယင် ဖြေတတ်တဲ့သူ အလွန်နည်းလိမ့်မယ်။

အဲဒီတော့ သာသနာဆိုတာဘာလဲဆိုတာ ဒီနေ့ သာသနာသိဖို့လိုတယ်။ သာသနာဆိုတဲ့ ပါဠိကို မြန်မာလိုပြန်ရင် ဘုရားဆုံးမတဲ့စကားတဲ့။သာသနာဆိုတာ ဘာခေါ်ကြတုံး ဘုရားဆုံးမတဲ့စကား။ သာသနာက ဆုံးမတာတဲ့။ ဘုရားနဲ့တွဲလိုက်တော့ ဗုဒ္ဓသာသနာ ဒီလိုဖြစ်သွားတယ်၊ ဘုရားအဆုံးအမ ဘုရားသာသနာတဲ့ ။ အဖေကဆုံးမတော့ ဘာခေါ်မလဲ (အဖေ့သာသနာပါဘုရား) အမေကဆုံးမတော့ (အမေ့သာသနာပါဘုရား) အဲဒီတော့ အမေအဖေများက ဘယ်လိုဆုံးမသလဲ၊ ဟဲ့... နေပူထဲမသွားနဲ့၊ ရေထဲမဆင်းနဲ့ ရေနစ်သေလိမ့်မယ်။ သစ်ပင်ပေါ်မတက်နဲ့ လိမ့်ကျလိမ့်မယ်။ ပစ္စက္ခမျက်မှောက်မှာ ကလေးတွေ့လမ်းမထွက်နဲ့ မော်တော်ကားတိုက်လိမ့်မယ်၊ နေပူထဲမိုးရွာထဲမသွားနဲ့၊ဒီလမ်းမသွားနဲ့၊ ဒီလောက်ပဲ အမေအဖေကဆုံးမတယ်။

ဒို့ဘုရားက ဒီလိုမဟုတ်ဘူး၊ ဒို့ဘုရားဆုံးမခဲ့တာက သီလ၊ သမာဓိ၊ပညာတဲ့။ ဒါကြောင့်မို့ သာသနာ-သာသနာနဲ့၊ ဘာခေါ်သလဲဆိုရင်၊ ကိုင်း....ဒါလေး လိုက်ဆိုကြရမယ်။

သာသနာဆိုတာ၊ ဘုရားဆုံးမတဲ့စကားပါ။
သာသနာဆိုတာ၊ ဘုရားဟောတဲ့တရားပါ။
ဘုရားဟောတဲ့တရားဟာ၊ ဘုရားပြောတဲ့ စကားဟာ၊
သီလ သမာဓိ ပညာပါ။ ။

ဘုရားဆုံးမတာဘာတဲ့(သီသ-သမာဓိ-ပညာပါဘုရား)အဲဒါသာသနာဘဲ။ အကျယ်ဆိုယင်တော့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း

လေးထောင်ရှိတယ်။ အဲဒီ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေး ထောင်ကို အကျဉ်းချုံးလိုက်ယင် ပိဋကတ်သုံးပုံလို့ ခေါ်တယ်။ အဲဒီ ပိဋကတ်သုံးပုံကို ပဋိပတ္တိနည်းနဲ့ အကျဉ်းချုံးလိုက်ရင် ဗေဒမိပက္ခိယတရား (၃၇)ပါးရတယ်။ အဲဒီ ဗေဒမိပက္ခိယ တရားကို အကျဉ်းချုံးယူလိုက်ယင် မဂ္ဂင်ရှစ်ပါးရတယ်။ မဂ္ဂင် ရှစ်ပါးကို အကျဉ်းချုံးယူလိုက်ယင် သီလ၊သမာဓိ၊ပညာ၊ ဒီသုံး ပါးဘဲရတယ်။ ဒီတော့ သီလ၊သမာဓိ၊ ပညာလို့ဆိုယင် ပိဋကတ် သုံးပုံ အကုန်ငုံမိသလား –မငုံမိဘူးလဲ့ဘး (ငုံမိပါတယ်ဘုရား) အကုန်လုံး ငုံမိတယ်နော်။ နဲတယ်လို့မအောက်မေ့နဲ့။

ဒါကြောင့်မို့ သင်တို့ဗုဒ္ဓဘာသာကို ကိုးကွယ်နေကြတာ ဟာသနာဆိုတာ ဘာလဲလို့မေးယင် ဘာထုတ်ပြကြမတုံး (သီလ၊ သမာဓိ၊ ပညာပါဘုရား) သီလ၊သမာဓိ၊ပညာ။ ဒါနဲ့ ပြီးပလား လို့ ဒီသုံးလုံးကိုတော့ဖြင့်သိပြီတဲ့။ သီလဆိုတာ ဘာတုံးလို့ သိဖို့ ဖလိုကြဘူးလား (လိုပါဘယ်ဘုရား) သီလဆိုတာ ရှောင်ကြဉ် တဲ့တရား။ ကိုင်း-ကိုင်း–လိုက်လို့။

သီလဆိုတာ၊ ရှောင်ကြဉ်တဲ့တရားပါ။

သိပ်ဟက ဘာလုပ်တဲ့တရားတုံး (ရှောင်ကြဉ်တဲ့ တရားပါဘုရား) ရှောင်ကြဉ်တဲ့တရား။ အဲဒီ ရှောင်ကြဉ်တဲ့တရားက ရှောင် ကြဉ်ဖရာ ဘယ်နှစ်မျိုးရှိသလဲ၊ ဘယ်ကနေရှောင်မှာလဲလို့ သိဘို့ တခါလိုမလာဘူးလား (လိုလာပါတယ်ဘုရား) ကဲ....ရှောင်ရ မှာက ကာယကံရယ်၊ ဝစီကံရယ်၊ မနောကံရယ်။ ရှောင်ရမှာက ဘယ်နှစ်မျိုးရှိသတုံး (သုံးမျိုးပါဘုရား) ဒါဖြင့် သီလက ဘယ် နှစ်ပါးရှောင်ရမလဲ၊ ဘယ်နှစ်ပါး ထိန်းသိမ်းနိုင်မလဲ ဆိုယင်

ကာယကံနဲ့ ဝစီကံကို သီလက တားပေးထားနိုင်တယ်။ မနောကံကိုတော့ မတားနိုင်ဘူး။ သီလရဲ့အလုပ် မဟုတ်ဘူးတဲ့။ မနောကံက သီလရဲ့အရာမဟုတ်ဘူး။ သီလက ဘာကိုတားမလဲ(ကာယကံရယ်၊ ဝစီကံရယ်ပါဘုရား) သီလဆိုတာ ကိုယ်ပေါ်မှာ ကျင့်ရမယ်၊ နှုတ်ပေါ်မှာကျင့်ရမယ်။ ကိုင်းဆို....

ကိုယ်ပေါ်မှာ၊ နှုတ်ပေါ်မှာ၊ သီလရှိသူသာ
ကိုယ်ပေါ်မှာ၊ နှုတ်ပေါ်မှာ၊ သီလတည်သူသာ
ဗုဒ္ဓဘာသာ ဝင်လူပါ။ ။

ဒီ ဗုဒ္ဓဘာသာဝင် စစ်-မစစ် ရွေးထုတ်လိုက်တော့ ကိုယ်ပေါ် နှုတ်ပေါ်မှာ သီလတည်သလား မတည်ဘူးလားဆိုတာကိုကြည့်ပါတဲ့။ ကိုယ့်ကိုယ်ကိုကြည့်၊ သူများတွေ့မကြည့်နဲ့။ ငါ့ကိုယ်က ဘယ်လိုကျင့်ရမှာတုံး၊ နှုတ်က ဘယ်လိုကျင့်ရမှာတုံး၊ ဘယ်လို ရှောင်ရမှာတုံးလို့ ကိုယ်ကရှောင်ကြဉ်ဖို့ သုံးမျိုးရှိပါတယ်။ ကာယကံ ၃-ပါး၊ ကာယကံ ၃-ပါးဆိုတာ သူ့အသက်ကိုသတ်တာ၊ သူ့ဥစ္စာကိုခိုးတာ၊ သူ့သားအိမ်ယာကို ကျူးလွန်တာ။ အဲဒီသုံးပါးကို ခန္ဓာကိုယ်ကာယဖြင့် ပြုခြင်းကြောင့် ကာယကံ ၃-ပါးလို့ ဒီလိုခေါ်ရတယ်။

အဲဒီ ကာယကံ ၃-ပါးကို ငါရဲ့ခန္ဓာကိုယ်ကြီးက ရှောင်သလား-မရှောင်ဘူးလားလို့ကြည့်။ အဲဒီတော့ ငါဟာ သူများအသက် သတ်သေးသလား၊ ပိုးဟတ်၊ခြပုံးကလေးက စပြီးတော့ ခြင်ပုန်းလေးကိုက်လို့ လက်နဲ့ပုတ်မိလားလို့၊ ကြမ်းပိုးကိုက်လို့ ဒေါသနဲ့သတ်မိသလား၊ သန်းဥများတုတ်မိသလား၊ သူများအသက် သတ်သေးသလားလို့ကြည့်။ မသတ်တော့ဘူးဆိုယင်

ဒါဖြင့် သတ်မှုကာယကံကတော့ ငါလုံနေပြီ၊ သူ့အသက်ကို မသတ်တော့ဘူး၊ သူများ ဥစ္စာတွေများ ငါခိုးသေးသလား ဆင်ခြင်ကြည့်ပါ။ ဘယ်ကစရှောင်ရမလဲဆိုရင်ဖြင့်၊ မြက်၊ ဝါး ခြမ်းကစပြီး အရှင်မပေးတဲ့ သူများပစ္စည်း မခိုးပါနဲ့တဲ့၊ အဲဒီ တော့ ငါခိုးမှမှ ရှောင်ပလားလို့ ကိုယ့်ကိုယ်ကိုကြည့်။ သူ့သား အိမ်ယာကို ကျူးလွန်မိသေးသလားလို့လဲကြည့်ပါ။ သည် သုံးပါးကို ကြည့်လိုက်လို့ရှိရင် သူ့အသက် မသတ်တော့ဘူး၊ သူ့ဥစ္စာမခိုးတော့ဘူး၊ သူ့သားအိမ်ယာကို မကျူးလွန်တော့ဘူး ဆိုရင်ဖြင့် ဒီပုဂ္ဂိုလ် သီလရှိသလား မရှိဘူးလား (ရှိပါတယ်ဘုရား)။ ဒါတွေရှောင်နေရင် သီလမရှိဘူးလား (ရှိပါတယ်ဘုရား)။ ရှိရင် ဒီပုဂ္ဂိုလ်မှာ သာသနာတည်သလား မတည်ဘူးလား (တည်ပါတယ်ဘုရား) ဘာသာသနာတည်သတုံး (သီလသာသနာတည်ပါတယ်ဘုရား)။ သီလသာသနာ တည်တယ်နော်။

သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏၊ ခိုးခြင်းမှ ရှောင်ကြဉ်ပါ၏၊ သူ့သားအိမ်ယာ ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ပါ၏လို့ ဒဲဒီလို ရှောင်ကြဉ်နေတဲ့ ပုဂ္ဂိုလ်မှာ သာသနာတည်တယ်လို့ ဆိုမလား မတည်ဘူးလို့ ဆိုကြမလား (တည်တယ်လို့ဆိုပါမယ်ဘုရား)၊ ဘယ်သာသနာတည်နေတုံး (သီလသာသနာတည်နေပါတယ်ဘုရား)၊ ဒါဖြင့် အဲဒီလူဟာ သာသနာတွင်းမှာလား သာသနာပမှာလား (သာသနာတွင်းမှာပါဘုရား)။ ဒါကြောင့်မို့ ကဲဆို—

ကိုယ်ပေါ်မှာ၊ နှုတ်ပေါ်မှာ၊ သီလရှိသူသာ
ကိုယ်ပေါ်မှာ၊ နှုတ်ပေါ်မှာ၊ သီလတည်သူသာ
ဗုဒ္ဓဘာသာဝင်လူပါ။ ။

သူက ဗုဒ္ဓဘာသာဝင်မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ ဒါဖြင့် ဒီသိလကို ရှောင်ဟဲ့လို့ ဆုံးမတာ ဘယ်သူကတုံး (မြတ်စွာဘုရားကပါဘုရား)။ ဒို့ဘုရားက မဟုတ်လား (ဟုတ်ပါတယ်ဘုရား)။ အဘဘုရားက ဆုံးမတဲ့ အတိုင်း သားသမီးတွေ မလိုက်နာဘူးလား (လိုက်နာပါတယ်ဘုရား)၊ အေး-လိုက်နာကျင့်သုံး နေကြတယ်နော်။ ဒါဖြင့် ဒီတရားလေးတော့ ရှုကြည့်လိုက်အုံး။

ဒို့ဘုရားက သတ်လို့မှာလားမသတ်နဲ့လို့မှာသလား(မသတ်နဲ့လို့မှာပါတယ်ဘုရား)။ ဒါဖြင့် တကယ်လို့မျှား သတ်ရင် အဖေ့စကား နားထောင်ရဲလား (နားမထောင်ပါဘုရား)။ ဒါဖြင့် သတ်တဲ့လူတွေဟာ လူမိုက်တွေလား၊ လူလိမ္မာတွေလား (လူမိုက်တွေပါဘုရား) လူမိုက်တွေနော်။ မမိုက်ရအောင်လို့ ဘုရားက ဆုံးမတယ်။ ကဲ-ဒါဖြင့် သူ့အသက်ကို သတ်တာလဲ မရှောင်ဘူး၊ သူ့ဥစ္စာလဲ ခိုးသင့် ခိုးသေးတယ်၊ သူ့သားအိမ်ယာလဲကျူးလွန်တယ်၊အဲဒီပုဂ္ဂိုလ်မှာသီလရှိရဲ့လား(မရှိပါဘုရား) သီလမရှိရင် သူ့မှာ သာသနာ ရှိရဲ့လား (မရှိပါဘုရား) သာသနာကော တည်ရဲ့လား (မတည်ပါဘုရား)။ ဒုဖြင့် သူက သာသနာအတွင်းမှာလား-သာသနာ့အပြင်မှာလား(သာသနာ့အပြင်မှာပါဘုရား) သူ့မှာသာသနာ မပဘူးလား(ပ-ပါတယ်ဘုရား) အဖေ့စကားနားထောင်ရဲလား (မထောင်ပါဘူးဘုရား)။ ခုကာလမှာ သားသမီးက မိဘစကား နားမထောင်လို့ ဆိုပြီးတော့၊ **'အမေ့ဖြတ်တယ်၊ သားသမီးအဖြစ်က ရပ်စဲလိုက်တယ်'** လို့ သတင်းစာထဲ မထည့်ဘူးလား (ထည့်ပါတယ်ဘုရား)။ ဒါဖြင့် သူ့ကို သားသမီးအဖြစ်မှ အပြင်ဘက် ရောက်မသွားဘူးလား

(ရောက်သွားပါတယ်ဘုရား) အေး-ဒို့လဲ ဘုရားစကား နားမထောင်ရင် ဘုရားစကား၊ ဘုရားသာသနာ သူ့မှာတည်သေးသလား (မတည်ပါဘုရား)။ ဘုရားအဆုံးအမ တည်သေးရဲ့လား (မတည်ပါဘူးဘုရား)။ ကဲဆို-

ကိုယ်ပေါ်မှာ၊ နှုတ်ပေါ်မှာ၊
သီလမရှိသူဟာ၊ သီလမတည်သူဟာ၊
ဗုဒ္ဓဘာသာမှ အပြင်လူပါ။ ။

ဗုဒ္ဓဘာသာရဲ့ဘယ်ဘက်ရောက်သွားတုံး (အပြင်ဘက်ရောက်သွားပါတယ်ဘုရား)။ အပြင်ဘက်ရောက်သွားတယ်။ သာသနာတင်းလှား-သာသနာပလား (သာသနာပပါဘုရား)၊ သာသနာပသွားပြီ။ ဒါကြောင့် ကိုယ်ပေါ် နှုတ်ပေါ်မှာ ကျင့်ရမယ်တဲ့။ ဒါကာယကံကို ရှောင်တာဘဲ။ ဝစီကံကို ရှောင်ရအုံးမယ်။

ငစီကံကလဲ လိမ်ပြောတာ၊ ဂုံးတိုက်တာ၊ ခုကာလတော့ ခြေထိုးတယ်လို့ ခေါ်တယ်။ ကြမ်းတမ်းတဲ့ စကားတွေပြောဆိုတာ၊ သိမ်ဖျင်းတဲ့ စကားတွေ ပြောဆိုတာတဲ့။ ဝစီကံကလေးပါးရှိတယ်၊ အဲဒါတွေကို ရှောင်ရမှာ။လိမ်ပြောစရာမှာ မလိမ်တော့ဘူး၊ ဘယ်လောက်ရရ ဟောဒီပစ္စည်းလေး ငါ့ဟာလို့ ပြောပါကွာ၊ ငါငွေတသိန်းပေးပါမယ်လို့ ပြောသော်လဲ မလိမ်တော့ဘူး။ ငါမှာအကုသိုလ် ဖြစ်လိမ့်မယ်လို့ ရှောင်ကြဉ်တယ်၊မလိမ်တော့ဘူး။ သူတို့နှစ်ယောက် ကဲသွားအောင် ဂုံးတိုက်ပေးပါပြောလဲ ဂုံးမတိုက်တော့ဘူး၊ ခြေမထိုးတော့ဘူး၊ အမြဲဂုံးတိုက်မယ်၊ ခြေထိုးမယ်၊ လိမ်ပြောမယ်၊ ကြမ်းတမ်းတဲ့ စကားပြော

မယ်၊ ပိန်ဖျင်းတဲ့စကားပြောမယ်ဆိုရင် ဝစီဒုစရိုက်က အောက်ဆွဲတော့၊ အပါယ်လေးပါးသွားမယ်။

ဒါကြောင့်မို့ ဒို့ဘုရားက ဒါတွေရှောင်ကြဉ်ရမယ်တဲ့။လိမ်ခြင်းမှ ရှောင်ကြဉ်ပါ၏၊ ဂုံးတိုက်ခြင်းမှ ရှောင်ကြဉ်ပါ၏၊ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ် ပါ၏။ ပိန်ဖျင်းသောစကားကိုပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။ ရှောင်ကြဉ်စရာ နှုတ်ကရှောင်ကြဉ်ရမှာ ဘယ်နှစ်မျိုးပါလိမ့် (လေးမျိုးပါဘုရား)။ အဲဒီလေးမျိုး ရှောင်ကြဉ်နေခဲ့ရင် ဘုရားအဆုံးအမတည်သလား-မတည်ဘူးလား (တည်ပါတယ်ဘုရား)။သာသနာမတည်ဘူးလား-တည်သလား (တည်ပါတယ်ဘုရား)။ ဘာသာသနာတည်တုံး (သီလသာသနာပါဘုရား)။ ဒါကြောင့်မို့ ကိုင်းဆို-

ကိုယ်ပေါ်မှာ၊ နှုတ်ပေါ်မှာ၊
သီလရှိသူဟာ၊ သီလတည်သူဟာ၊
ဗုံဒ္ဓဘာသာ ဝင်လူပါ။ ။

ကိုင်း ဘုရားဆုံးမတဲ့အတိုင်း ဒါတွေရှောင်ကြဉ်နေမယ်ဆိုရင်ဖြင့်- ဒါတွေဟာ မြတ်စွာဘုရားရဲ့ သာသနာတော်ကြီး မတည်ဘူးလား (တည်ပါတယ်ဘုရား)။ သာသနာတော်တွင်းလား-သာသနာပလား (သာသနာတွင်းပါဘုရား)။ ခုသီလတည်နေပြီနော်။ လိမ်လဲလိမ်မယ်၊ ဂုံးလဲတိုက်တယ် စသည်ဖြင့်၊ ဝစီကံကို မရှောင်ကြဉ်ဘူး ဆိုရင်ဖြင့် ဒီပုဂ္ဂိုလ် သာသနာ တည်ရဲ့လား (မတည်ပါဘူးဘုရား)၊ မတည်ဘူး။ ဘာသာသနာ ပျက်နေလဲ (သီလသာသနာ ပျက်နေပါတယ်ဘုရား)၊ သီလသာသနာပျက်နေတယ်။

ကိုယ်ပေါ်မှာ၊ နှုတ်ပေါ်မှာ၊
သီလမရှိသူဟာ၊ သီလမတည်သူဟာ၊
ဗုဒ္ဓဘာသာ အပြင်လူပါ။ ။

ကဲ သူအပြင်ရောက်မသွားဘူးလား (ရောက်သွားပါတယ် ဘုရား)။ သူ့မှာ သာသနာရှိသေးလား (မရှိတော့ပါဘူး ဘုရား)။ ကိုယ့်ကိုယ်ကို စစ်တမ်းထုတ်ကြည့်၊ ငါသနာတွင်းမှာလား၊ သာသနာအပြင်ဘက် ရောက်နေသလားလို့ဆိုရင် သူက သာသနာတော်ကြီးမှာ သီလတည်ပြီးနေမယ်၊ ဘုရားအဆုံးအမ အတိုင်း နေမယ်ဆိုရင်တော့ လိမ်လဲမလိမ်တတ်ဘူး၊ ဂုံးလဲမတိုက်တတ်ဘူး၊ ခြေမထိုးတတ်ဘူး၊ ကြမ်းတမ်းတဲ့ စကားလဲ မပြောတတ်ဘူး၊ သူ့နှုတ်ကလေးက အင်မတန် ယဉ်ကျေးတယ်၊ လိမ္မာတယ်၊ သူ့နှုတ်ဖျားလေးက ပီယဝါစာဖြစ်တယ်၊ ချိုချိုသာသာလေး ပြောတတ်တယ်၊ ဒီလိုမျိုးဆိုလို့ရှိရင် ဒီနှုတ်ကလေးက မချိုဘူးလား (ချိုပါတယ်ဘုရား)၊ မယဉ်ကျေးဘူးလား (ယဉ်ကျေးပါတယ်ဘုရား)၊ သူ့နှုတ်ကလေးက ယဉ်ကျေးနေယင် နှုတ်ခမ်းနီဆိုးဖို့ လိုသေးလား (မလိုပါဘူးဘုရား)။ နှုတ်ခမ်းနီဆိုးတာကမှ ပျက်ချင်ပျက်လိမ့်အုံးမယ် ယဉ်ကျေးတာကတော့ ပျက်ပါအုံးမလား (မပျက်ပါဘုရား)၊ မပျက်ပါဘူးတဲ့။

ဒါဖြင့် သူက အင်မတန် ယဉ်ကျေးတယ်၊ သူများကို ကြမ်းကြမ်းတမ်းတမ်းနဲ့ ညှဉ်းဆဲခြင်းလဲမရှိဘူး၊ သတ်ဖြတ်ခြင်းလဲ မရှိဘူးဆိုရင်ဖြင့် ကာယကံလေး မဖြူစင်ဘူးလား (ဖြူစင်ပါတယ်ဘုရား)၊ သူ့ကိုယ်လေး မခြောဘူးလား (ခြောပါတယ် ဘုရား)၊ ဒါဖြင့် ရှေ့ငွေ့စိန်ကျောက် ဆင်ဖို့ လိုသေးလား (မလိုပါဘူးဘုရား)။

ဒါကြောင့်မို့ သီလတည်းဟူသော တန်ဆာဝတ်ထားတာပါတဲ့။ သီလတည်းဟူသော အဝတ်တန်ဆာဆိုတာ လောကမှာရှိသမျှ အဝတ်တန်ဆာတွေက လိုက်လို့မမှီပါဘူးတဲ့။ ဒါကြောင့်-

သီလဝတ္ထသဒိသံ၊ ဝတ္ထနာမနတ္ထိ၊

သီလဝတ္ထသဒိသံ၊ သီလနှင့်တူသော။ ဝတ္ထံနာမ၊ အဝတ်တန်ဆာမည်သည်။ နတ္ထိ၊ မရှိပါဘူးတဲ့။ သီလလောက်ကောင်းတဲ့ အဝတ်တန်ဆာမရှိဘူး။ သီလလေး နှုတ်က လုံနေရင်ဖြင့် ဒီနှုတ်ကလေးကို နှုတ်ခမ်းနီဆိုးဖို့ မလိုပါဘူးတဲ့။ သီလသာကိုယ်ပေါ်မှာ တည်နေမယ်ဆိုရင်ဖြင့် ဟောဒီကိုယ်ဟာ တက်ထရွန်နိုင်လွန်တွေ ရွှေ ငွေ စိန် ကျောက်တွေ ဆင်ဖို့ မလိုပါဘူးတဲ့။ အလိုလို ကိုယ်ချော နှုတ်ချောလေး ဖြစ်လာမှာတဲ့။ ဒါကြောင့်မို့ ဒါကသီလပိုင်း၊ ဝတ္ထုတော့မထုတ်နိုင်ဘူး၊ အချိန်ကတိုနေလို့ တနာရီပြည့်ရင် သိမ်းရမယ်နော်။

တည်ကြည်မှု-သမာဓိတရား

အဲဒီတော့ ဒါက သီလ၊ သမာဓိ ပြောကြအုံးစို့။ သမာဓိဆိုတာက တည်ကြည်တဲ့တရား၊ သမာဓိတရားက ဘာတရားပါလိမ့် (တည်ကြည်တဲ့တရားပါဘုရား)။ တည်ကြည်တယ်လို့ဆိုတာ နှစ်မျိုးရှိတယ်။ အကုသိုလ်ဆိုင်ရာမှာ တည်ကြည်တာကတမျိုး၊ ကုသိုလ်ဆိုင်ရာမှာ တည်ကြည်တာကတမျိုး၊ ဒီတော့ အကုသိုလ်ဆိုင်ရာ တည်ကြည်တာကိုတော့ မိစ္ဆာသမာဓိလို့ ခေါ်တယ်။ ကုသိုလ်ဆိုင်ရာမှာ တည်ကြည်တာကိုတော့ သမ္မာသမာဓိလို့ခေါ်တယ်။ ကဲ ဒါလေး လိုက်ဆိုရအောင်။

ကုသိုလ်ဆိုင်ရာ၊ တည်ကြည်တာ၊ သမ္မာသမာဓိ။
အကုသိုလ်ဆိုင်ရာ၊ တည်ကြည်တာ၊ မိစ္ဆာသမာဓိ။
ဒီမိစ္ဆာသမာဓိကလဲ အကုသိုလ်ထဲတည်နေတာ ဥပမာ ပြော
ကြပါစို့။ ငါးမျှားနေတဲ့လူတယောက် ရေထဲမှာ ငါးမျှားချိတ်
ကလေးချပြီးတော့ ဘယ်အချိန်ကျ ငါးဆွဲမှာတုံးလို့ တည်နေ
တာ၊ အနားနား လူလာလို့သိရဲ့လား (မသိပါဘုရား)။ သူ့
စိတ်ဘယ်ပေါ်မှာ တည်နေတုံး (ငါးမျှားချိတ်ပေါ်မှာ တည်
နေပါတယ်ဘုရား)။ တည်နေရင် အဲဒါကုသိုလ်ပေါ်တည်တာ
လား-အကုသိုလ်ပေါ်တည်တာလား (အကုသိုလ်ပေါ်တည်တာ
ပါဘုရား)၊ ဒါဖြင့် အဲဒါလဲ တည်နေရင် သမာဓိဘဲ၊ ဘာသမာ
ဓိတုံး (မိစ္ဆာသမာဓိပါဘုရား)၊ မိစ္ဆာသမာဓိ။ ဖဲရိုက်နေတဲ့လူ
တွေ့ ဖဲထဲမှာ စိတ်ဝင်စားမနေဘူးလား (နေပါတယ်ဘုရား)၊
ဒီဖဲထဲတည်မနေဘူးလား (တည်နေပါတယ်ဘုရား)၊ ဒါဖြင့်
ကုသိုလ်ပေါ် တည်သလား - အကုသိုလ်ပေါ် တည်သလား
(အကုသိုလ်ပေါ်တည်တာပါဘုရား)၊ အကုသိုလ်ပေါ်တည်နေ
တာ ဘာသမ်ာဓိတုံး (မိစ္ဆာသမာဓိပါဘုရား)၊ အဲဒီမိစ္ဆာသမာ
ဓိက ဘယ်ပို့မှာတုံး၊ အပါယ်ပို့မှာတဲ့။ သူမျှားပစ္စည်းခိုးဖို့၊
လုဖို့၊ တိုက်ဖို့၊ ကြံစည်နေတဲ့စိတ်ကလေး။ အဲဒီစိတ်ကလေးတည်
နေတာ မိစ္ဆာသမာဓိ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)၊
အဲဒီသမာဓိက ကုသိုလ်ပေါ်တည်သလား-အကုသိုလ်ပေါ်တည်
သလား (အကုသိုလ်ပေါ်တည်ပါတယ်ဘုရား)။ ဒါကြောင့်မို့
အကုသိုလ်ပေါ်တည်ရင် ဘာသမားဓိတုံ (မိစ္ဆာသမာဓိပါဘုရား)
ကဲဆို-

အကုသိုလ်ဆိုင်ရာ၊ တည်ကြည်တာ၊ မိစ္ဆာသမာဓိ။
ဘာသမာဓိတဲ့ (မိစ္ဆာသမာဓိပါဘုရား)၊ ဒို့ကျင့်ရမှာက
မိစ္ဆာသမာဓိလား-သမ္မာသမာဓိလား (သမ္မာသမာဓိပါဘုရား)၊
သမ္မာသမာဓိကျင့်ရမှာ။ သမ္မာသမာဓိဆိုတာ ကုသိုလ်တရားပေါ်
မှာ စိတ်တည်ရမယ်။ ရုပ်ပေါ် နာမ်ပေါ်မှာ စိတ်တည်ရမယ်။
အဲဒီလို တည်နေလို့ရှိရင် ကောင်းသောတည်ခြင်းကို သမ္မာသမာ
ဓိလို့ ခေါ်ပါတယ်။ ဒီစိတ်ကလေးဟာ ကုသိုလ်ပေါ်မှာတည်နေ
တာ၊ ကုသိုလ်ဆိုတာ ဘယ်ဟာခေါ်သလဲလို့ 'တရားပေါ်မှာ
စိတ်တည်တာ မှတ်ပါသမာဓိ' ကိုင်းတခေါက်ဆိုကြစို့။

တရားပေါ်မှာ၊ စိတ်တည်တာ၊ မှတ်ပါသမာဓိ။
(တရားပေါ်မှာ၊ စိတ်တည်တာ၊ မှတ်ပါသမာဓိ။)

တရားပေါ်မှာ စိတ်တည်တာ ဘာသမာဓိကဲ့တုံး (သမ္မာ
သမာဓိပါဘုရား)တရားပေါ် စိတ်တည်ရမယ်လို့ဆိုတော့ တရား
က ဘယ်မတုံး စိတ်ကဘယ်မတုံး ပြောကြအုံးစို့။ တရားက
ဘယ်မှာတုံးဘုရား၊ တရားရှာရင် ဘယ်တွေ့မလဲ (ကိုယ်မှာပါ
ဘုရား)၊ ကိုယ်မှာတွေ့မယ်။ ဒါဖြင့် ဒီစိတ်ကလေးက ဘယ်က
ဖြစ်လာတုံး၊ ခန္ဓာကဲ့ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊
နာမ်တရားလေး ဖြစ်လာတယ်နော်။ အဲဒီဘရားကလဲဘဲ ဘယ်
သူ့ကို ခေါ်နေတာတုံးလို့ဆိုတော့ "တရားရှာကိုယ်မှာတွေ့"
ဒီလိုဆိုတယ်။ ကိုယ်က ဘယ်နေရာရှာမှာတုံးလို့၊ ဘယ်ဟာက
တရားတုံး တရားရှာတော့ ကိုယ်မှာတွေ့၊ မတရားရှာတော့ကော
ဘယ်မှာရှာကြမတုံး (ကိုယ်မှာဘဲ ဘုရား)၊ ကိုယ်မှာဘဲတွေ့မယ်
နော်။ အေး-ဒါ ယောနိသောမနသိကာရနဲ့ အယောနိသော

မနသိကာရ နှလုံးသွင်းကောင်းတာနဲ့ မကောင်းတာ နှစ်ခုထဲ ဘုရားကဟောထားတယ်။ ဒီအပေါ်မှာဘဲ ဟောထားတယ်။ ဒီခန္ဓာပေါ်ဘဲ။

ဒီတော့ ဒါဖြင့် တရားပေါ်မှာ စိတ်တည်ရမယ်ဆိုတော့ ပထမဆုံးတရားတွေအောင်ရှာရမယ်နော်။ တရားတွေပြီးမှ သူ့အပေါ်တည်ရမှာကို တရားက ဘယ်ဟာမှန်းမသိဘူး၊ မတရားက ဘယ်ဟာမှန်းမသိဘဲနဲ့ ဒီစိတ်ကလေးတည်လို့ရပါ့မလား(မရပါဘူးဘုရား)။ မတရားကိုလဲ တရားမှတ်ချင်မှတ်နေမယ်၊ တရားကိုလဲ မတရားမှတ်ချင်မှတ်နေမယ်။ အမှားကိုလဲ အမှန်မှတ်ချင်မှတ်နေမယ်။ ဒို့လူတွေဟာ ယထာဘူတဉာဏ်မရသေးယင်တော့ အကန်းတွေတဲ့။ ဉာဏ်ကန်းနေတယ်တဲ့။ အဝင်္ဇာ ဖုံးထားလို့ အမှားလဲ အမှန်ထင်တတ်တယ်။ ဒီတော့ တရားရှာတော့ ဒို့အခု ဒီမှာ ယောဂီတွေ တရားထိုင်လိုက်ပြီး တရားထိုင်လိုက်လို့ ရှိရင်ဖြင့် ဒီတရားလေးက ဖောင်းတယ်၊ ပိန်တယ်၊ ကွေးတယ်၊ ဆန့်တယ်၊ ဒီလိုမှတ်ရမယ်နော်။ နဲနဲတော့ ကိုယ်တိုင်မှတ်ကြည့်ကြအုံးမှထင်တယ်၊ ဟုတ်လား။ (မှန်ပါ့ဘုရား)၊ မကောင်းဘူးလား(ကောင်းပါတယ်ဘုရား)၊ ၅-မိနစ်လောက်လေး၊ ကိုင်း.... ၅-မိနစ်လောက် တင်ပလ္လင်ခွေထိုင်၊ ဝမ်းဗိုက်မှာ စိတ်ထား၊ စိတ်ထားပြီးတော့ ကိုယ်တိုင်ရှုမှတ်ကြအုံး။ အဲဒါလေး ရှင်းရမှ ပိုကောင်းတယ်။

ဝိပဿနာမျိုးစေ့

ရှုမှတ်တယ်လို့ ဆိုရင်ဖြင့် တစက္ကန့်မှာ တမှတ် တမှတ် ထားပါ။ တခါ့ဖောင်းတယ်၊ တခါမှတ်တယ်၊ အမှတ်ကလေး

တစက္ကန့်မှာ တမှတ်ဆိုရင်ဖြင့် တမိနစ်မှာ စက္ကန့် ၆၀- ရှိတယ်။ တမိနစ် ကြာသွားတယ်ဆိုရင် အမှတ်ပေါင်း ၆၀ ရတယ်။ ဝိပဿနာ ကုသိုလ်ပေါင်း မဟာကုသိုလ် ဉာဏ်သမ္ပယုတ်စိတ် ကုသိုလ်တွေ ဇောတွေ ၆၀ ဖြစ်သွားတယ်။ ဒါ အနည်းဆုံးတွက်ပြတာပါ။ တမိနစ်မှာ ၆၀၊ ၅-မိနစ်ဆိုတော့ အမှတ်ပေါင်း ၃၀၀။ မမှတ်သေးတဲ့သူတွေမှာ မဖြစ်ဘူးသေးတဲ့ ကုသိုလ်တွေ ၃၀၀-ခန့် ဖြစ်ပြီ။ မရဘူးသေးတဲ့ ကုသိုလ်တွေရပြီ။ မင်္ဂလစေ့၊ ဖိုလ်မျိုးစေ့၊ ဝိပဿနာတွေ၊ ဝိပဿနာ မျိုးစေ့တွေ မိမိတို့ သန္တာန်မှာကိန်းသွားပြီ။ ဘယ်တော့မှ ပျောက်မသွားတော့ဘူးလို့ မှတ်ထားရမယ်။ ဒါလေးဟာ အနဲဆုံးတွက်တာ။ မျက်စိတမှိတ် လျှပ်တပြက်မှာ စိတ်အကြိမ်ကုဋေ တသိန်းကျော် ဖြစ်တယ်ဆိုတော့ အဘိဓမ္မာနည်းနဲ့ လိုက်လိုက်ရင် ခု ဒီနားမှာ ခဏလေး ရှုမှတ်လိုက်တဲ့စာရုံးဟာ ကုသိုလ်ပေါင်း ရေတွက်လို့ မပြနိုင်ဘူး။

ဒါကြောင့်မို့ ကျွတ်တမ်းဝင်တယ်လို့ဆိုတာ၊ ပါရမီကုသိုလ်ဆိုတာ နည်းမှန်လမ်းမှန်ပြုနိုင်တဲ့ ဗေဿနာတော်နှင့်အညီ ပြဿနိုင်တဲ့ ဆရာကောင်း သမားကောင်းနဲ့တွေ့လို့ ရှုလိုက် မှတ်လိုက် ရတယ်ဆိုရင် နဲတယ်လို့မရှိပါဘူးတဲ့။ မြတ်စွာဘုရားက တရားတော်က နဲတယ်လို့ မရှိဘူးတဲ့။ တချို့ကလဲ တရားလေး တပုဒ် နာရုံနဲ့ ဗေဿနာတော်ရဲ့အဆုံးမှာ သေဘာပါပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်သွားတဲ့ပရိသတ်ပေါင်း မြောက်များစွာရှိတယ်။ အဲဒါကြောင့် ဒို့ဒီက ဒကာဒကာမတွေ ဒါလောက် မှတ်လိုက်ရလို့ ရှိရင်ဖြင့် ဒို့ ဝိပဿနာအလုပ်တွေနဲ့ မင်

ချိုးဝေ့ပိုလ်မျိုးဝေ့တွေကိုတော့ရပြီ၊ဒီလို မိမိတို့ပါရမီကိုလဲ မိမိ ဘို့ယုံကြည်သားရမယ်၊ ဒီတော့ခုနင်က၊ စကားဆက်ကြအုံးစို့ ။

တရားပေါ်မှာ၊ စိတ်တည်တာ၊ မှတ်ပါသမာဓိ။

တရားရှာမလို့ ။ ဖောင်းတာလေးက ရုပ်တရား၊ မှတ်တာလေးက နာမ်တရား။ ဖောင်းတာက ဘာတရားလဲ (ရုပ်တရားပါဘုရား)၊ တရားလား မတရားလား(တရားပါဘုရား)။ မှတ်တာက ဘာကုံး(နာမ်တရားပါဘုရား နာမ်တရား။ ဒါဖြင့် ဒီရုပ်နဲ့နာမ်အပြင် ယောကျ်ား မိန်းမ ရှိသေးလား(မရှိပါဘုရား)၊ ပုဏ္ဍားလ် သတ္တဝါ ရှိသေးလား (မရှိပါဘုရား) မရှိတော့ဘူးတဲ့။ ဒါဖြင့် ထိုင်နေတာက ရုပ်လား နာမ်လား (ရုပ်ပါဘုရား) ရုပ်တရား။ မှတ်နေတာက(နာမ်တရားပါဘုရား) နာမ်တရား။ ဒါဖြင့် ထိုင်နေတာလဲ ရုပ်နာမ်ဘဲ၊ သွားနေတာလဲ ရုပ်နာမ်ဘဲ၊ စားနေတာလဲ ရုပ်နာမ်၊ အိပ်နေတာလဲ ရုပ်နာမ်၊ ဒီတော့ ခုလုပ်ဘာလေး ပြောကြစို့ ။ ဒို့ ပရိသတ်ကြီးက ခု ဖေါင်းတယ် ပိန်တယ်လို့ မမှတ်ဘူးလား (မှတ်ပါတယ်ဘုရား)၊ ဖောင်းတာက တရားလား--မတရားလား(တရားပါဘုရား)၊ ဖောင်းတယ်လို့မှတ်တော့ အဲဒီပေါ်စိတ်ကလေး ရောက်သလား မရောက်ဘူးလား (ရောက်ပါတယ်ဘုရား)၊ ဖောင်းတာလေးက ရုပ်တရား၊ မှတ်တာလေးက (နာမ်တရားပါဘုရား) နာမ်ဘရားတဲ့။

အဲဒီစိတ်ကလေးဟာ မြို့ထဲမှာ သွားနေသလား၊ တရားပေါ်မှာနေသလား (တရားပေါ်မှာနေပါတယ်ဘုရား)၊ ဘယ်တရားပေါ်မှာနေသလဲ(ရုပ်တရားပေါ်မှာပါဘုရား)။ ရုပ်တရားပေါ်မှာ မနေဘူးလား (နေပါတယ်ဘုရား)၊ ဒီရုပ်တရားပေါ်မှာတည်

နေလို့ရှိရင်ဒီစိတ်ကလေးဟာတရားပေါ်မှာ တည်နေတယ်လို့ဆို
မလား-မြို့ထဲလယ်နေတယ်လို့ဆိုမလား (တရားပေါ်မှာ တည်
နေတယ်လို့ဆိုရပါတယ်ဘုရား)၊ ဒါဖြင့် တရားပေါ်မှာတည်
ရင် သမာဓိမခေါ်ဘူးလား(ခေါ်ပါတယ်ဘုရား)၊ ဘာသမာဓိ
တုံး (သမ္မာသမာဓိပါဘုရား) သမ္မာသမာဓိဖြစ်ပြီ။ မဂ္ဂင်ရှစ်ပါး
ထဲမှာ ဒို့သမ္မာသမာဓိဆိုတဲ့ မဂ္ဂင်တပါးရပြီတဲ့။ ဒါဖြင့် ဒီနား
မှာ ထိုင်ပြီးမှတ်လိုက်တော့ ပေါ်တာလေးမှတ်မယ်လို့ အား
စိုက်မနေကြဘူးလား(စိုက်နေပါတယ်ဘုရား)၊ အားစိုက်တာ ဝီ
ရိယ၊ မဂ္ဂင်ဖွဲ့လိုက်ရင် သမ္မာဝါယာမ မဂ္ဂင်ဘဲ။ ဘာမဂ္ဂင်တဲ့လဲ
(သမ္မာဝါယာမ မဂ္ဂင်ပါဘုရား)။ ပေါ်ရင်မှတ်မဟဲ့လို့ အား
စိုက်ပြီး ပေါ်တော့မမှတ်လိုက်ဖူးလား (မှတ်လိုက်ပါတယ် ဘု
ရား) မှတ်လိုက်တာက သတိဘဲ။ ကောင်းတဲ့သတိလား-မကောင်း
တဲ့သတိလား (ကောင်းတဲ့ သတိပါဘုရား) သမ္မာသတိပေါ့။
ဒါဖြင့် မဂ္ဂင်ဘယ်နှစ်ပါး ရသွားသတုံး (သုံးပါးပါဘုရား) သုံး
ပါးက-သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ။ဘယ်နှစ်ပါး
တုံး (သုံးပါးပါ ဘုရား)။ အဲဒီသုံးပါးကို သမာဓိမဂ္ဂင်လို့
ခေါ်တယ်။

ဒို့ခု ဖောင်းတယ်လို့မှတ်လိုက်၊ သမ္မာဝါယာမဆိုတဲ့ ဝီရိယ
စိုက်မှုလဲပါတယ်၊ သမ္မာသတိဆိုတဲ့ သတိလေးလဲ့ပါတယ်၊ မှတ်
လိုက်တဲ့နေရာ စိတ်ကလေးကတည်သွားတဲ့ သမ္မာသမာဓိလဲပါ
တယ်။ အဲဒီတော့ ဒို့မဂ္ဂင်သုံးပါး ဒီနေရာမှာရနေပြီ။ မဂ္ဂင်
သုံးပါး ဒို့ပိုင်နေပါပကော။ ဘုရားဟောတဲ့ မဂ္ဂင်တွေတဲ့။မဂ္ဂင်
ဆိုတာ ဘာလဲဆိုရင် မဂ္ဂ=လမ်း၊ အင်္ဂ=အင်္ဂါ။ ဘယ်သွားတဲ့
လမ်းပါလိမ့်ဆိုရင် နိဗ္ဗာန်သွားတဲ့လမ်း။ တကြောင်းထဲတခုထဲ

ရှိတဲ့လမ်းတဲ့။ အော် ဒို့သွားနေတာဟာ အင်မတန်ကောင်းတဲ့ နိဗ္ဗာန်သို့သွားနေတာပါလား။

ဒီတော့ လက်ကလေးကွေးလို့ ကွေးတယ်လို့မှတ်တယ်ဆိုယင် ကွေးနေတာကရုပ်လား-နာမ်လား(ရုပ်ပါဘုရား)ရုပ်တရား။ အဲဒီရုပ်ကလေးအပေါ် မှတ်စိတ်ကလေး တရားပေါ်မှာ တည်မနေဘူးလား (တည်နေပါတယ်ဘုရား) တည်နေတဲ့ဒီစိတ်ဟာ ဘယ်မှာတည်နေသလဲ့၊ တရားပေါ်တည်သလား- မတရားပေါ် တည်သလား (တရားပေါ်တည်ပါတယ်ဘုရား) တည်မနေဘူးလား (တည်နေပါတယ်ဘုရား) ဒီတရားပေါ် တည်နေသဖြင့် သတ္တဝါတွေကို လိမ်ဖိုကောက်ဖိုကြံသေးသလား(မကြံတော့ပါဘုရား) သတ်ဖိုဖြတ်ဖိုကြံသေးသလား (မကြံတော့ပါဘုရား) သားရေးသမီးရေး တွေးသေးသလား (မတွေးတော့ပါဘုရား) မတွေးတော့ဘူးတဲ့။

ဒီစိတ်ကလေးက ဘယ်အပေါ်ရောက်နေသတုံး၊ ရုပ်ပေါ်ရောက်မနေဘူးလား(ရုပ်ပေါ်ရောက်နေပါတယ်ဘုရား)ဟော.... တရားနဲ့နေတယ်။ ဒီစိတ်ကလေးဟာ ရုပ်တရားပေါ် တည်နေတာ၊ တခါတလေ ဒီစိတ်ကလေးက မခိုင်လို့ထွက်သွားယင် စိတ်ကူးနေရင် "စိတ်ကူးတယ်-စိတ်ကူးတယ်" လို့ မမှတ်ဘူးလား (မှတ်ပါတယ်ဘုရား) ထွက်သွားတဲ့စိတ်ကလေးက နာမ်တရား၊ နောက်က လိုက်မှတ် နေတာကကော (နာမ်တရားပါဘုရား) စိတ်စိတ်ချင်း မမှတ်ဘူးလား (မှတ်ပါတယ်ဘုရား) မှတ်နေယင် အဲဒါ စိတ္တာနုပဿနာသတိပဋ္ဌာန်တဲ့။ နာမ်ပေါ်မှာ မတည်ဘူးလား (တည်ပါတယ်ဘုရား) အေး....ရုပ်ပေါ်နာမ်ပေါ် တည်နေတယ်ဆိုတာ ဒါဘဲ။ အဲဒီစိတ်ပေါ်မှာနေအောင်လို့သာ ထား

နှိုင်ယင်ဖြင့် ခုနကပြောခဲ့တဲ့၊ သတ္တဝါတွေ သတ်ဖို့ဖြတ်ဖို့ မကြံ
တော့ဘူး၊ လိမ်ဖို့ကောက်ဖို့၊ ခိုးဖို့တိုက်ဖို့ ဒါတွေကြံသေးလား
(မကြံတော့ပါဘုရား) မကြံလို့ရှိယင် တရားပေါ်တည်နေယင်
မတရားတွေ အလိုလို ပျောက်မသွားဘူးလား (ပျောက်သွားပါ
တယ်ဘုရား) မတရားတွေ အလိုလို ကွာမသွားဘူးလား (ကွာ
သွားပါတယ် ဘုရား) အဲဒီလို တဖြည်းဖြည်းနဲ့ ကွာသွား
နေတာက်ကျတော့ အမြစ်ပြတ်တော့တာဘဲ။ အဲဒီကျတော့ဖြင့်
စိုးရိမ်စရာ၊ ပူဆွေးစရာတွေ ဒါတွေကိုတွေ့သေးလား (မတွေ့ပါ
ဘုရား) မတွေ့တော့ဘူး။ စိတ်ဆင်းရဲစရာတွေ တွေ့သေးလား
(မတွေ့တော့ပါဘုရား) ဘယ်သူနဲ့နေလို့မတွေ့တုံး (တရားနဲ့နေ
လို့ပါဘုရား) ဒီစိတ်ကလေး ဘယ်ပေါ်ပိုထားတုံး (တရားပေါ်
ပို့ထားပါတယ်ဘုရား၊ တရားပေါ်မှာပို့ထားတယ်။

ဥပမာ ဒို့ခန္ဓာကပူလာတယ်။ ဒို့ကပူလာတော့ ပူတယ်-
ပူတယ်လို့မမှတ်ဘူးလား (မှတ်ပါတယ်ဘုရား) ပူတာတရားလား
မတရားလား (တရားပါဘုရား) ပူတာကရုပ်တရား။ ပူတာက
ဘာတရားတုံး(ရုပ်တရားပါဘုရား) တောဇောခေတ်။ အဲဒီ ရုပ်တ
ရားပေါ်မှာ စိတ်ကလေးကနေခြင်းကြောင့် ဒီစိတ်ကလေးက
တည်နေတော့ ခုနေ အမှားကြံနေတဲ့ စိုးပူးရေးတွေ စိတ်ကူး
သေးလား (မကူးတော့ပါဘုရား) ဒီအချိန်မှာ စိတ်ကူးလို့ရသေး
လား (မရပါဘုရား) မရတော့ဘူး။ သူများသတ်ဖို့ဖြတ်ဖို့၊ စိတ်
ဆိုးဖို့ဆိုဟာတွေ စိတ်ဆိုးစရာ ဒေါသထွက်စရာတွေ ဒါတွေကော
ပါသေးရဲ့လား (မပါတော့ပါဘုရား) မပါလို့ရှိရင် အကုသိုလ်
တွေမကင်းဘူးလား (ကင်းပါတယ်ဘုရား) အကုသိုလ်ကင်းပြီး

တော့ ဘာနဲ့နေတုံး (ကုသိုလ်နဲ့ပါဘုရား) ကုသိုလ်တရားနဲ့မနေဘူးလား (နေပါတယ်ဘုရား)။

ဒါကြောင့်မို့ မြတ်စွာဘုရားက ရုပ်တွေနာမ်တွေ ပေါ်တိုင်းပေါ်တိုင်း မှတ်ကြလို့ ဒီလိုမမှာဘူးလား (မှာပါတယ်ဘုရား) ဒါဖြင့် ဒီလိုမှတ်လိုက်ယင် မဂ္ဂင်ဘယ်နှစ်ပါးရတုံး) (၃-ပါးရပါတယ်ဘုရား) ၃-ပါးမရဘူးလား (ရပါတယ်ဘုရား) ကဲ ရှေးပြောကြအုံးစို့။ ခပ်မြန်မြန်လေးပြောရမယ်။

ဗုဒ္ဓသာသနာ

အစဆုံးက ပညာ၊ ဂွင်တဲ့ ဟုတ်လား။ ပညာဆိုတာဘာလဲဆိုတော့ ပညာဆိုတာ ပိုင်းပိုင်းခြားခြားသိတာ။ ကဲ့ကဲ့ပြားပြားသိတာ။ အဲဒါကို ပညာလို့ခေါ်တယ်။ ကဲ တခေါက်ဆိုကြမယ်။

ပညာဆိုတာ၊ ကဲ့ကဲ့ပြားပြား သိတာ၊ ပိုင်းပိုင်း ခြားခြား သိတာ။

ပညာကဘာတဲ့ (ကဲ့ကဲ့ပြားပြား၊ ပိုင်းပိုင်းခြားခြားသိတာပါဘုရား) ပိုင်းပိုင်းခြားခြားသိတာနော်။ ကဲ....

ပညာဆိုတာ၊ ကဲ့ကဲ့ပြားပြားသိတာ၊
ပိုင်းပိုင်းခြားခြားသိတာ၊
အဲဒါဗုဒ္ဓသာသနာ။

ဘာသာသနာလဲဟေ့ (ဗုဒ္ဓသာသနာပါဘုရား) ဗုဒ္ဓသာသနာ။ ဗုဒ္ဓရဲ့ ဘာသာသနာတုံး သီလသာသနာလား၊ သမာဓိသာသနာလား၊ ပညာသာသနာလား (ပညာသာသနာပါဘုရား)

ပညာသာသနာနော်။ ဒို့ခုနင်တုံးက တရားရှုမှတ်နေကြတယ်။ ရှုမှတ်နေကြတော့ သီလသာသနာကြီး မတည်ဘူးလဲး (တည်ပါတယ်ဘုရား) အေး....ဖောင်းတယ်ပိန်တယ်၊ ကွေးတယ်ဆန့်တယ်၊ မြင်တယ် ဒီလိုမှတ်နေတဲ့တော့ ဖောင်းတဲ့အပေါ်စိတ်ကလေးတည်နေတယ်၊ အဲဒီမှာ ဖောင်းတာက တရားလား-မတရားလား(တရားပါဘုရား) အဲဒီစိတ်ကလေး တည်နေတယ်၊ ဒီစိတ်ကလေးက ဘယ်ပေါ်မှာတည်နေသလဲ (တရားပေါ်မှာပါ ဘုရား)တရားပေါ်မှာတည်နေတော့ စိတ်ကလေး စင်ကြယ်သလား မစင်ကြယ်ဘူးလား(စင်ကြယ်ပါတယ်ဘုရား) မဖြူစင်ဘူးလား (ဖြူစင်ပါတယ်ဘုရား)၊ စိတ္တဝိသုဒ္ဓိကို သမာဓိမခေါ်ဘူးလား (ခေါ်ပါတယ်ဘုရား) ဘယ်ပေါ်မှာ တည်နေတဲ့သမာဓိတုံး(ရုပ်ပေါ်မှာပါဘုရား)နာမ်မှတ်တဲ့အခါ နာမ်ပေါ်မှာတည်မနေဘူးလား(တည်နေပါတယ်ဘုရား)ရုပ်ပေါ် နာမ်ပေါ်မှာ တည်နေတော့ သမ္မာသမာဓိဖြစ်ပြီတဲ့။

ဒို့ပရိသတ်ကြီးဒီနားမှာ တရားရှုမှတ်နေတော့ သီလ သမာဓိမပြည့်စုံဘူးလား ပြည့်စုံသလား (ပြည့်စုံပါတယ်ဘုရား) ပြည့်စုံနေပြီနော်။ အပြည့်အစုံကို ပြတတ်ပလား (ပြတတ်ပါပြီဘုရား) ဟောဒီစိတ်ကလေးဟာ ဖောင်းတယ်ပိန်တယ်အပေါ် ကွေးတယ်ဆန့်တယ်အပေါ် ကြံသိတယ်အပေါ် ရုပ်ပေါ် နာမ်ပေါ်မှာ မနေဘူးဆိုရင် ဒီစိတ်က မြို့ထဲမလယ်ဘူးလား (လယ်ပါတယ်ဘုရား)စီးပွားရေးတွေမကြံဘူးလား(ကြံပါတယ်ဘုရား) အေး-အမျိုးမျိုးတွေ စိတ်ဆိုးစရာ၊ စိတ်ပျက်စရာတွေ၊ ပူပင်စရာတွေ ရှောက်တွေးတယ်၊ တွေးနေရင် တရားဖြစ်ကဲ့လား (မဖြစ်ပါဘုရား)မဖြစ်ပါဘူး။ ဒါကြောင့်မို့ဒါတွေ မတွေးမိ အောင်လို့

ဒို့ခန္ဓာတွင်း ဥာဏ်သွင်းပြီးတော့ ရှုမှတ်လိုက်တော့ ခန္ဓာမှာ လှည့်ပတ်ကပ်နေတယ်၊ သမာဓိသာသနာပြည့်စုံလာပြီ။ ပညာ သာသနာပြောင်းကြအုံးစို့။

သမာဓိကနေပြီးတော့ မှတ်လိုက်တော့ ရုပ်ပေါ်မှာ သမာဓိ ကလေးက တည်မနေဘူးလား (တည်နေပါတယ်ဘုရား) လို့.... "ဓာတ်သိချင်ယင်ကပ်ကြည့်" လိုတဲ့ဗမာစကားရှိတယ်။ ဓာတ်သိ ချင်ယင်ကပ်ရမလဲ(ကပ်ကြည့်ရပါမယ်ဘုရား)ကပ်ကြည့်။ ဘယ် သူ့ကိုကပ်ကြည့်ရမှာတုံးဆိုတော့ ရုပ်တရား နာမ်တရားတွေတွေ့ အောင်ကပ်ကြည့်ပေတော့။ အမေမွေးတဲ့မျက်စိနဲ့ ကြည့်မှာလား ဥာဏ်မျက်စိနဲ့ ကြည့်မှာလား (ဥာဏ်မျက်စိနဲ့ ကြည့်မှာပါ ဘုရား) ဥာဏ်မျက်စိနဲ့ ကြည့်မယ်။ စိတ်နဲ့ ကြည့်မယ်။ ကြည့် တော့ စိတ်ကလေးက ဖောင်းတယ် လို့ မှတ်တော့ စိတ်ကလေး ကလေးက ဖောင်းတဲ့အပေါ် ရောက်မသွားဘူးလား (ရောက် သွားပါ တယ်ဘုရား) ရောက်သွား တော့ အဲဒီ နေရာမှာ သမာဓိကတည်ပေးလိုက်တာ၊ ကပ်ပေးလိုက်တော့ဖောင်းနေတာ ကလေးကတခြား၊ မှတ်နေတာကလေးက တခြားလို့ရုပ်နဲ့နာမ်ကို ပိုင်းခြား သိနေတာ၊ ကွဲကွဲပြားပြား သိနေတာက ပညာတဲ့။ ဒီဖောင်းတာလေးကမြဲနေရဲ့လား (မြဲမနေပါဘုရား) မမြဲဘူး။ ဖြတ်ဆိုတော့ ရှိသေးလား(မရှိတော့ပါဘုရား)၊ ဒီရုပ်တွေ တက် လာပြီးတော့ ဖောက်ပြန်သွားတာဘဲ၊ ပျက်စီးသွားတာ မမြဲပါ လားလို့ဆိုတာမသိဘူးလား (သိပါတယ်ဘုရား)ဒါဖြင့် ဒီရုပ်တွေ ကလဲမြဲသေးရဲ့လား(မမြဲပါဘုရား)မမြဲပါဘူး။မှတ်နေတဲ့ နာမ်က ကောမြဲရဲ့လား(မမြဲပါဘုရား)မမြဲပါဘူး။အဲဒါကြောင့်မို့ ဒီရုပ် တွေနာမ်တွေဟာ တခုမှမမြဲဘူး၊ ဒါဖြင့်ပျက်သွားတာကလေး

မမြဲတော့ ဘယ်ရောက်သွားပါလိမ့်မတုံးလို့ လိုက်ရှာလိုက်တော့ ဘယ်နားမှာတွေ့တုံး။ ရှိသေးလား၊ ရှာလို့ရသေးလား (မရပါ ဘုရား)မရတော့ဘူး၊ဘယ်နေရာများရောက်သွား ပါလိမ်တုံးလို့ လိုက်ရှာလိုက်တော့ ရသေးလား(မတွေ့ပါဘုရား)၊ ဒီတော့ ဘယ် ကလာတုံးလို့ သိရဲ့လား (မသိပါဘုရား)ဘယ်ကလာမှန်းလဲ မသိ ဘူး၊ ဘယ်ရောက်သွားမှန်းလဲမသိဘူး တဲ့။

ဒါကြောင့်မို့ မြတ်စွာဘုရားသခင် ကိုယ်တော် မြတ်ကြီးက "ချစ်သား... ချစ်သမီးတို့.... ဒီရုပ်,ဒီနာမ်,ဒီခန္ဓာကြီးကို သင်တို့က ငါ့ကိုယ်,ငါ့ဟာ,ငါ့ခန္ဓာလို့ ထင်နေကြတယ်၊ ဒါပေမယ့်သင်တို့ ထင်တဲ့အတိုင်း ဟုတ်မဟုတ်ကြည့်စမ်းပါ"ဆိုတဲ့ အတိုင်း ကြည့် လိုက်တော့ ငါပိုင်ရဲ့လား၊ (မပိုင်ပါဘုရား) မပိုင်ဘူး။ ငါလို့ ဆိုလောက်ကဲ့လား(မဆိုလောက်ပါဘုရား) အထည်ကိုယ်အမာခံ ရှိရဲ့လား(မရှိပါဘုရား)အော်....အဲဒီရုပ်တရား နာမ်တရား တွေ ဟာ တခုမှမြဲတာခိုင်တာ မရှိဘူးတဲ့။ အဲဒါမြတ်စွာဘုရား ဟော တာ....။

ဒါကြောင့်မို့ ဒီရုပ်ဒိနာမ်တွေဟာ ဖြစ်ပြီးရင်ပျက်သွားတယ်။ ပျက်သွားတော့ အသစ်မဆက်ဘူးလား (ဆက်ပါတယ် ဘုရား) အသစ်ဆက်လာမယ်၊ ဒါဖြင့် ဒို့ရုပ်တွေနာမ်တွေဟာ ဆက်ဆက် ပြီးဖြစ်နေတော့ ဘဝဖြစ်ပြီး သေပြီးတဲ့နောက်၊ ဟိုဘဝဆိုတာ မရှိဘူး၊ ငရဲလဲမရှိဘူး၊ နတ်ပြည်လဲမရှိဘူးး ငရဲနဲ့ချောက်ပြီး နတ်ပြည်နဲ့ မြောက်နေကြတာပါ၊ဒီဘဝကသေရင် ပြတ်ကရောလို့ ယူရင် အဲဒီအယူဟာ မှားသလား မှန်သလား (မှားပါတယ် ဘုရား)ဘာအယူတဲတဲ့ (ဥစ္ဆေဒအယူပါဘုရား)ပြတ်မှား ကြီးတဲ့။

ဘာမှားသတဲ့တုံး (ပြတ်မှားပါဘုရား) ဘာလို့ ပြတ်မှားသလဲဆို တော့ မပြတ်ပါဘဲနဲ့ ပြတ်သွားတယ်ယူလို့ မှားတာပါတဲ့။

အခုဖောင်းတာကို ဖောင်းတယ်လို့မှတ်၊ ဖောင်းတာ ရှင်လား... နာမ်လား(ရှင်ပါဘုရား) ပိန်တာကိုပိန်တယ်လို့မှတ်၊ ပိန်တာရှင်လားနာမ်လား (ရှင်ပါဘုရား) မှတ်စိတ်ကလေးက နာမ်တရား၊ ပေါ်လာပြီး တစုံလုံးပျောက်မသွားဘူးလား (ပျောက်သွားပါတယ်ဘုရား)ပျောက်သွားတယ်ဆိုတာ ရှင်နာမ်တစုံသေတာဘဲ။ ဒါဟာရှင်နာမ်တစုံသေတာဘဲ။ ဒါဟာသတ္တဝါတခုသေသွားတာဘဲ။ သတ္တဝါဆိုတာရှင် နာမ်ကိုခေါ်နေတာ။ ဒါဓာတ်ကမရဏာ။ ခဏခဏ သေတာတဲ့။ ဒီအသေကိုမသိလို့ ဒို့တတွေက ခိုင်တယ်မြဲတယ် ထင်နေတာ၊တသက်မှာ လူတယောက်တာဝါသေတယ်လို့ ထင်နေကြတယ်၊ မော်တော်ကားကြီးနဲ့ တင်ပစ်လိုက်မှ သေတယ်လို့ ထင်နေကြတယ်။ သေနေကြောကတော့ ခဏမစဲ တဖွဲဖွဲနဲ့ ဘေးနေတာ၊ ဒီရှင်ကလေးက ဖြတ်ဆိုပျက်သွားတာ။ ပျက်သွားတော့ နောက်ထပ် ရှင်ကလေး အသစ်ပေါ်သလား....မပေါ်ဘူးလား(ပေါ်တယ်ဘုရား) ပေါ်လာရင်ပြတ်သွားရဲ့လား (ပြတ်မသွားပါဘူးဘုရား)မပြတ်ပါဘူး။အကယ်၍သာပြတ်သွားရင် ဒီဘဝမှာ ဒီလိုကိုထိုင်မနေနိုင်ဘူး၊ သေပြီးပြီ။ ဘာလို့တုံးဆိုတော့ နောက်ထပ်အသစ်အစားမထိုးလို့ဘဲ။

သဿတဒိဋ္ဌိ

ကိုင်း-နောက်ထပ်အသစ်အစားထိုးလာတော့အစားထိုးလာတဲ့ ရှင်နာမ်ကကောမြဲရဲ့လား(မမြဲပါဘုရား)မမြဲပါဘူး၊မမြဲတဲ့အတွက်

နောက်ထပ်အသစ်မဲပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား) ဒါဖြင့် ပြတ်သွားတာဟုတ်ကဲ့လား၊ (မဟုတ်ပါဘုရား) ပြတ်သွားတာ မဟုတ်ဘူး။ ဒါဖြင့် ဒို့ပရိသတ်ကြီး သတ္တဝါတယောက်သေရင် ဟိုဘက် (နောက်ဘဝသို့) ရုပ်လိုက်လာသလား... နာမ်လိုက်လာသလား (ဘာမှ မလိုက်လာပါဘုရား) ဘာလိုက်လာကြသတုံး (ဘာမှမလိုက်လာပါဘုရား)၊ ရုပ်လည်းမလိုက်ဘူးနော်၊ နာမ်ကော လိုက်လာရဲ့လား (မလိုက်လာပါဘုရား)၊ နာမ်လဲ လိုက်မလာဘူး။ နာမ်ကလေးလိုက်လာတယ်လို့ယူရင်ကော မြဲတယ်လို့ယူတာ မဟုတ်ဘူးလား(ဟုတ်ပါတယ်ဘုရား)၊ အဲဒီလို့ယူတယ်ဆို့ယင် သဿတဒိဋ္ဌိဘဲ။ ဆက်သွားတယ်လို့ယူရင် ဆက်မှားဘဲ။

ဒါကြောင့်မို့ ဘုရားလက်ထက်တုန်းကရဟန်းတပါးဟာ ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုတွေကြည့်ပြီးတော့ သူက "ဝေဿန္တရာကဘုရားဖြစ်လာတာ၊ မဟောသဓကာ ဘုရားဖြစ်လာတာ၊ ဆဒ္ဒန်ဆင်မင်းကြီးက ဘုရားဖြစ်လာတာ၊ ဒီလိုဖြစ်လာတာဟာ စိတ်တခုထဲက တယောက်ပြီးတယောက် ဆက်ဖြစ်လာတာ" လို့ ဆိုတယ်။ ဒီပြင်ပုဂ္ဂိုလ်တွေက မဟုတ်ဘူးလို့ တရားဟောတော့ မရဘူးတဲ့။ "ငါ့ရှင်.... ဒီလိုမဟုတ်ဘူး၊ အကြောင်းအကျိုး ဆက်လိုက်နေတာ၊ ပြောင်းလာတာ၊ စိတ်နာမ်တရားက လိုက်လာတာ မဟုတ်ဘူး" လို့ ပြောကြပေမဲ့ မရဘူး။ ရုပ်ကြီးကသာ ပစ်ခဲ့ရတယ် စိတ်နာမ်တရားကတော့ လိုက်လာတယ်လို့ သူကပြောနေတယ်။ ဒါကြောင့် သူ့ကိုဘုရားဆီ ခေါ်သွားတယ်။

ဘုရားရှင်က "ချစ်သားတဲ့၊ ငါဘုရားက သင်ပြောသလို မဟောပါဘူးတဲ့။ သေသွားရင် ရုပ်လဲမလိုက်ဘူး၊ နာမ်လဲ

မလိုက်ဘူးတဲ့။ သို့သော် ကင်းသလားဆိုတော့ အကြောင်းလဲ မကင်းဘူးတဲ့၊ အကြောင်းအကျိုးဆက်ပြီး လိုက်လာတယ်" စသည်ဖြင့် ဟောတော်မူပါတယ်။ ဒါကြောင့်မို့ ဒီရုပ်ဒီနာမ်တခုထဲ ဆက်တည်နေတာလို့ ယူတဲ့အယူဟာ မှားသလား-မှန်သလား (မှားပါတယ်ဘုရား) မှားတယ်။ ဘာမှားသလဲ-ဆက်မှား။ ဘာမှားသတဲ့တုံး (ဆက်မှားပါဘုရား) ဆက်မှား။ ပါဠိလိုခေါ်ရင် သဿတဒိဋ္ဌိတဲ့။ ဘာတဲ့တုံး (သဿတဒိဋ္ဌိပါဘုရား)။ အဲဒီ သဿတဒိဋ္ဌိကို စာမပါဘဲနဲ့ ကျုပ်တို့ရှင်းနိုင်အောင် ဆက်လိုက်သလား-မလိုက်ဘူးလား လို့သိရအောင် ဒီလိုကြည့်ရမယ်။

အခု ဖောင်းတယ်လို့ မှတ်၊ ပုက်မသွားဘူးလား (ပျက်သွားပါတယ်ဘုရား)။ မှတ်စိတ်ကလေးကော ပျက်မသွားဘူးလား (ပျက်သွားပါတယ်ဘုရား)။ ရှိသေးရဲ့လား (မရှိဟော့ပါဘုရား)။ ကဲ...ဒါဖြင့် နောက်ထပ်အသစ်ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)၊ မှတ်စိတ်ကလေးကော ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)၊ ပေါ်လာတော့ ခုနင်က ပျောက်သွားတဲ့ဟာကပြန်ပေါ်လာတာလား၊ ခုနင်ကမှတ်စိတ်ကလေးက ဆက်လိုက်လာတာလား၊ သူ့ဟာသူ တခြားပေါ်လာတာလား (တခြားပေါ်လာတာပါဘုရား) တခြားပေါ်လာတာ ဟုတ်လား။ အကြောင်းအကျိုးကော ကင်းရဲ့လား (မကင်းပါဘုရား)၊ အကြောင်းအကျိုးတော့ မကင်းဘူးတဲ့။

သရက်စေ့ကြောင့် ဘာဖြစ်တယ် (သရက်ပင်ပါဘုရား)၊ သရက်ပင်ကြောင့်ဘာဖြစ်တယ် (သရက်စေ့ပါဘုရား)၊ သရက်စေ့ကြောင့် သရက်ပင်၊ သရက်စေ့ကအကြောင်း၊ သရက်ပင်

က (အကျိုးပါ ဘုရား)။ သရက်ပင်ကအကြောင်း- သရက်ပင်ကြောင့် ဘာဖြစ်တုံး(သရက်စေ့ပါဘုရား)။ အပင်မှမျိုး၊ မျိုးမှအပင်၊ အမြှင်မပြတ်၊ ဆက်စပ်သည့်ဟန်-လို့ မဆိုဘူးလား (ဆိုပါတယ်ဘုရား)။ ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊အဖန်ဖန် ဖြစ်ပြန်ရလေသည်တဲ့။ သစ်ပင်က ဘာဖြစ်လာတုံး-မျိုး (မျိုးပါဘုရား)၊ မျိုးကြောင့် ဘာဖြစ်လာတုံး (သစ်ပင်ပါဘုရား)။ ဒါဖြင့် ဒီသစ်ပင်နဲ့ ဒီမျိုးစေ့ ဘယ်သူက အရင်ဖြစ်တုံး ဆို ဘယ့်နှယ်ပြောကြမတုံး၊ ရှာလို့ရရဲ့လား၊ မရပါဘူး။ သစ်ပင်က အရင်ဖြစ်တယ်ဆိုရင်လဲ မျိုးစေ့က "အမယ် ငါကပေါက်လာတာ"လို့ ပြောတယ်နော်။ ဒါဖြင့် မျိုးစေ့ကို သစ်ပင်က "ငါကသီးလိုက်တာ"လို့ ဆိုတယ်။ ဒီတော့ငါကပေါက်လိုက်တဲ့အပင်၊ အပင်က ငါကသီးလိုက်တဲ့ အသီးပါလို့ အစရှာလို့ မရဘူး။

ထို့အတူ ဘုန်းကြီးတို့မှာလဲ ကံကြောင့် နာမ်ရုပ်၊ ဒီနေရာမှာ "အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ သင်္ခါရ၊ ဤငါးဝ၊ မှတ်ကြရှေးအကြောင်း" ဆိုတဲ့ အတိတ်အကြောင်းတရား ငါးပါးထဲက ကံကြောင့်ဆိုယင် လုံလောက်ပါတယ်။ ဒီဘဝ လူလာဖြစ်တာ ဘာကြောင့် ဖြစ်ကြတုံး-ရှေးအတိတ်ကကံကြောင့်၊ ဟုတ်လား။ ဘာကြောင့်ဖြစ်တာတုံး (ရှေးအတိတ်ကကံကြောင့်ပါဘုရား)။ ဟိုဘဝတုံးကကံကြောင့်။ အဲဒီကံကြောင့်မို့ လူလာဖြစ်တာဘဲ။ ဒီကံက လူဖြစ်ထိုက်တဲ့ကံမို့ လူ့ပြည်ပို့လိုက်တာဘဲ။ ခွေးဖြစ်ထိုက်တော့(ခွေး) နတ်ဖြစ်ထိုက်တော့(နတ်ပြည်) နတ်ဘဝမပို့ဘူးလား(ပို့ပါတယ်ဘုရား)ဘယ်သူက ပို့လိုက်တုံး(ကံကပို့တာပါဘုရား)ကံကပို့လိုက်တယ်။ အဲဒီကံကပို့လို့ လူဖြစ်ဖြစ်၊ နတ်

ဖြစ်ဖြစ်၊ နွားဖြစ်ဖြင်၊ ကျွဲဖြစ်ဖြင်၊ ပရမတ်ကိုကြည့်လိုက်လို့ ရှိရင် လူနတ်ဗြဟ္မာ ရှိရဲ့လား(မရှိပါဘုရား)။ မရှိရင် ဘာတွေတုံး၊ ရုပ်နာမ် မတွေ့ဘူးလား (တွေ့ပါတယ်ဘုရား)။ ရုပ်တွေနာမ်ထွေ့ မတွေ့ကြဘူးလား(တွေ့ပါတယ်ဘုရား)။

ကဲ....အဲဒီရုပ်နာမ်တွေသည် ဘယ်သူ့ကြောင့်ဖြစ်လာတုံး (ကံကြောင့်ပါဘုရား)။ အဲဒီကံတွေကြောင့် ဖြစ်လာတဲ့ရုပ်နာမ်သည် အခု ဘာလုပ်နေပြန်တုံးဆိုတော့ ဘာတွေလုပ်နေတုံး၊ ကံတွေ့ မလုပ်ဘူးလား။ အခုလုပ်နေတာ ဘာတွေ့တုံး (ကံတွေ့ပါဘုရား) ဒါဖြင့် ကောင်းတဲ့ကံလား-မကောင်းတဲ့ကံလား (ကောင်းတဲ့ကံပါဘုရား)၊ ကောင်းတဲ့ကံတွေ့ လုပ်နေတာဘဲတဲ့။ ဒီနားမှာ အရှိအသေပေးလို့ ဒုံးတုပ်လို့၊ လက်အုပ်ကလေးချီလို့နေတာ ဘာကံတုံး (ကာယကံပါဘုရား)၊ ဒါဖြင့် ပါးစပ်ကနေပြီး တရားစကားတွေ့ သာဓုပါဘုရားလို့ ပြောနေတာ ဘာကံတုံး (ဝစီကံပါဘုရား)ဝစီကံ။ ဒို့ ဒီနေ့ ဒီရက်မှာ ဓမ္မာရုံမှာတရားပဲရှိတယ်ဟေ့၊ တရားနာရမယ်လို့ လူကြီးတွေက ခေါင်းဆောင်လို့ ဖိတ်ကြားထားတော့ တရားနာရမယ်ဆိုတဲ့ စိတ်ကလေး မပေါ်ဘူးလား(ပေါ်ပါတယ်ဘုရား)။ အဲဒီတရားနာချင်တဲ့ စိတ်ကလေးက ဘာကံတုံး (မနောကံပါဘုရား)မနောကံဘဲ။

ကိုင်းဒါဖြင့် ကောင်းသလား မကောင်းဘူးလား (ကောင်းပါတယ်ဘုရား)။ ဒါဖြင့် ဘုန်းကြီးတို့တတွေ့ဟာ ဘာလုပ်လုပ် ကံနဲ့လွှတ်ရဲ့လား (မလွှတ်ပါဘုရား)။ ဒါဖြင့် "တပည့်တော်တို့မှာ ဓမ္မာရုံထဲ ကံဖြစ်နေတယ်ဘုရား၊ မော်တော်ကားနဲ့ သွားတဲ့လူကော သူကောကံလွှတ်ရဲ့လား"လို့ မေးယင် မလွှတ်ဘူးလို့သာ မှတ်ရမယ်။ သူ့ပါးစပ်က ပြောတာတွေ့က ဘာကံတုံး

(ဝစီကံပါဘုရား)။ ကောင်းတာပြောတော့ ကောင်းတဲ့ကံ၊ မကောင်းတာပြောတော့ (မကောင်းတဲ့ကံပါဘုရား)။ သူ့ကာယဖြင့် လုပ်နေတာဘဲ။ ကောင်းတာလုပ်တော့ ဘာကံတုံး (ကောင်းတဲ့ကံပါဘုရား)၊ မကောင်းတာလုပ်တော့ (မကောင်းတဲ့ကံပါဘုရား)။

ဒါဖြင့် နာမ်ရုပ်တွေက ဘာထပ်လုပ်နေတုံး၊ကံတွေမလုပ်ဘူးလား။ ဒီကံက ဘယ်ပို့မလဲ၊ နာမ်ရုပ်ဘဲ။ အဲဒီနာမ်ရုပ်က ဘာလုပ်အုံးမလဲ ကံလုပ်မယ်။ ကံလုပ်တော့ အဲဒီကံက ဘယ်ပို့အုံးမလဲ နာမ်ရုပ်။ အဲဒီနမ်ရုပ်က ဘာလုပ်မလဲ (ကံလုပ်ပါမယ်ဘုရား)။ ကဲ ပြတ်သေးလား (မပြတ်ပါဘုရား)မပြတ်ဘူးနော်။ သစ်ပင်ကြောင့် မျိုးစေ့၊ မျိုးစေ့ကြောင့်သစ်ပင်။ ကံကြောင့် (နာမ်ရုပ်ပါဘုရား)၊ နာမ်ရုပ်ကြောင့်(ကံပါဘုရား)။ကံကြောင့် (နာမ်ရုပ်ပါဘုရား) နာမ်ရုပ်ကြောင့် (ကံပါဘုရား)။ အဲဒီလို သံသရာထဲမှာ လည်နေကြရတာဘုန်းကြီးတို့ တတွေမှာတခါတရံ မကောင်းတဲ့ကံတွေကြောင့် ဘယ်ရောက်သွားတုံး၊ မကောင်းတဲ့ ဘဝတွေ မရောက်ခဲ့ဘူးလား (ရောက်ခဲ့ပါတယ်ဘုရား)၊ ဒီနာမ်ရုပ်တွေကြောင့် ဘုန်းကြီးတို့ ရောက်ခဲ့တာငရဲလဲခံခဲ့ရပြီ၊နတ်ပြည်မှာလဲ စံခဲ့ရပါပြီ။ သုံးဆယ့်တဘုံ နယ်ကိုလှည့်လို့ နွဲခဲ့ကြပြီ။သုံးဆယ့်တဘုံထဲက သုဒ္ဓါဝါသ ငါးဘုံမှ တပါးဆိုယင် မနှံ့ခဲ့ဘူးလား (နှံ့ခဲ့ပါတယ်ဘုရား)။ သုဒ္ဓါဝါသ ငါးဘုံကိုတော့အနာဂါမ် ပုဂ္ဂိုလ်သာ ရောက်နိုင်တယ်။ အခြား ၂၆ ဘုံ ကိုတော့ ရောက်ခဲ့တာနှံ့နေပြီ။ မြတ်စွာဘုရား ဟောတာက၊ ငါသဗ္ဗညုတ ရွှေဥာဏ်တော်ကြီးရလို့ ကြည့်လိုက်တော့ သတ္တဝါတွေမှာ မဖြစ်ဘူးခဲ့တာ မရှိဘူးတဲ့။ ဒါကြောင့် သုဒ္ဓါဝါသ ငါးဘုံကလွဲ

ရင်ဖြင့် ဒီတတွေဟာ ဗြဟ္မာပြည်လဲ ရောက်ခဲ့ပြီ၊ နတ်ပြည်လဲ ရောက်ခဲ့ပြီ၊ ငရဲလဲ ရောက်ခဲ့ပြီ၊ သူငြေးလဲ ဖြစ်ခဲ့ပြီ၊ ဆင်းရဲသားလဲ ဖြစ်ခဲ့ပြီ၊ တိရစ္ဆာန်အမျိုးမျိုးလဲ ဖြစ်ခဲ့ပြီ။ ဘာကြောင့်တုံး၊ ကိုယ် ပြုလုပ်တဲ့ ကံတွေကြောင့်ဘဲ။ ဒါကြောင့်-

ကံဇကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊
အဖန်ဖန်၊ ဖြစ်ပြန်ရလေသည်။

သစ်ပင်ကြောင့် မျိုးစေ့၊ မျိုးစေ့ကြောင့်ဘာတဲ့ (သစ်ပင်ပါဘုရား)။ အံ့ကြောင့် (နာမ်ရုပ်ပါဘုရား)၊ နာမ်ရုပ်ကြောင့် (ကံပါဘုရား) ဒါဖြင့် ဒီနာမ်ရုပ်ဟေ့ ဘယ်သူ့ကြောင့် ဖြစ်လာတုံး (ကံဇကြောင့်ပါဘုရား)။ ကံက အကြောင်းတရား။ အဲဒီ အကြောင်းကြောင့် ဒီမှာ နာမ်ရုပ်ဆိုတဲ့ အကျိုးမပေါ်ဘူးလား (ပေါ်ပါကယ်ဘုရား)။ ဒါဖြင့် ဒီနာမ်ရုပ်ကတခါအကြောင်းခံပြီးတော့ ကံတွေမလုပ်ပြန်ဘူးလား (လုပ်ပါတယ်ဘုရား)၊ အဲဒီကံအကြောင်းက နောက်ဘဝ ဟိုဘက်မှာ နာမ်ရုပ်ကို မပို့ပြန်ဘူးလား (ပို့ပါတယ်ဘုရား)။ ဒါဖြင့် အဆက်ပြတ်အံ့းမှာလား (မပြတ်ပါဘုရား) အဆက်မပြတ်တာကိုသံသရာ။ အဆက်မပြတ်ဆက်စပ်ဖြစ်ဟန် ရုပ်နာမ် ခန္ဓာအစဉ်ကို သံသရာဆိုတာ ဒါဘဲ။ ရုပ်နာမ် ခန္ဓာတွေ အဆက်မပြတ် ဖြစ်နေတာကို ဘာခေါ်လဲ (သံသရာပါဘုရား)။ ရုပ်နာမ်ခန္ဓာတွေဟာ ဘယ်မှာဖြစ်သလဲ ဆိုရင် ဒုါရခြောက်ပါးမှာ ဖြစ်ကြကယ်။ ဖြစ်ရာဌာနက ဘယ်နှစ်မျိုးရှိတုံး (ခြောက်မျိုးရှိပါတယ်ဘုရား) မျက်စိရယ်၊ နားရယ်၊ နှာခေါင်းရယ်၊လျှာရယ်၊ကိုယ်ရယ်၊စိတ်ရယ်။ဘယ်နှစ်မျိုးတုံး (ခြောက်မျိုးပါဘုရား)။ မျက်စိက ရုပ်နာမ်တွေ မဖြစ်

ဘူးလား (ဖြစ်ပါတယ်ဘုရား)။ ကိုင်းမျက်စိက အဆင်းတခုကို မြင်လိုက်တယ်၊ အမြင်ခံရကာကရုပ်၊ မျက်စိကကောဘာတုံး (ရုပ်ပါဘုရား)။ ဒီနှစ်ခုတွေ့လိုက်တော့ မြင်သိစိတ်ကလေး ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)။ အဲဒါဘာတုံး (နာမ်ပါဘုရား)။ ဒါဖြင့် မျက်စိက ဘာဖြစ်သွားတုံး (ရုပ်နာမ်ပါဘုရား)၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ အဲဒီသုံးခု ဆုံတာကိုတော့ ဖဿတဲ့။ အဲဒီဖဿနောက်နားက ဝေဒနာတဲ့။ မြင်တာအကြောင်းပြုပြီး ဒီငါးခုကဖြစ်တယ်။

ဒါကြောင့်မို့ ဒီရုပ်တွေ့ နာမ်တွေ့ဟာ မျက်စိက ဖြစ်ခြင်းကြောင့် မျက်စိဟာ သံသရာဘဲ။ မျက်စိကဘာတုံး (သံသရာပါဘုရား)၊ ဘာသံသရာတုံး (မျက်စိသံသရာပါဘုရား)။ နားကတော့ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊အသံလေးကြားတိုင်းကြားတိုင်း ရုပ်နာမ်တွေ့ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ ဒါဖြင့်နားကိုကော သံသရာ မခေါ်နိုင်ဘူးလား (ခေါ်နိုင်ပါတယ်ဘုရား)၊ နားသံသရာပေါ့။ နှာခေါင်းကကော သံသရာမဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။ လျှာကလဲ သံသရာဘဲ၊ ကိုယ်ကလဲ သံသရာဘဲ။ စိတ်မနောကလဲ သံသရာဘဲ။ သံသရာခြောက်ကြောင်း ခြောက်သွယ်ဆိုတာဒါဘဲ။အကြောင်းကြောင့် ဖြစ်နေတဲ့ အကျိုးတရားတွေ့တဲ့။

ဒို့တတွေ့ဟာ အကြောင်းအကျိုးနဲ့ ပြောမယ်ဆိုရင် ဟောဒီနားထိုင်တာ ဘာလို့ထိုင်တာတုံး....ထိုင်ချင်လို့ဘဲ။ ထိုင်တာဘာတုံး၊ ဘာလေးက ထိုင်ချင်တာတုံး၊ နာမ်စာရုးကဘဲ။ထိုင်နေတာကဘာတုံး (ရုပ်ပါဘုရား)။ ဒါဖြင့် ထိုင်ချင်တာက ဘာတုံး (နာမ်ပါဘုရား)၊ ထိုင်နေတာက (ရုပ်ပါဘုရား)။ ဘယ်သူက

အကြောင်းတုံး (နာမ်က အကြောင်းပါ ဘုရား)၊ ဘယ်သူက အကျိုးတုံး (ထိုင်တဲ့ရုပ်က အကျိုးပါဘုရား)။

သတ္တဝါတွေ အနန္တ အားလုံးရှိသမျှဟာ ရုပ်နာမ်နှစ်ခုထဲရှိ ဘယ်။ သတ္တဝါတွေ အားလုံး၊ တလောကလုံး ချုံးလိုက်ရင် ဘာရှိတုံး (ရုပ်နာမ်ဘဲ ရှိပါတယ်ဘုရား)။ နာမ်နဲ့ရုပ်မျှဘဲ။ တလောကလုံးချုံးလိုက်ယင် (နာမ်ရုပ်ပါဘုရား)။ အဲဒီနာမ်နဲ့ ရုပ် နှစ်ခုထဲမှာ အရင်ကျတာကို အကြောင်းထား၊ နောက်ကျတာကို အကျိုးထား။ နာမ်ကအရင်ကျရင် နာမ်ဟာအကြောင်းဘဲဟုတ်လား။ရုပ်က နောက်ကျရင် ရုပ်ဟာ အကျိုးဘဲ။ နောက်က ရုပ်တာဒု ပေါ်လာတယ်ဆိုရင် အဲဒီရုပ်က ဘာတုံး (အကျိုးပါဘုရား)။ ဒို့မှာဖြစ်တာက လေးမျိုးရှိတယ်။

ရုပ်ကြောင့်ဖြစ်တယ်။
ရုပ်ကြောင့်နာမ်ဖြစ်တယ်။
နာမ်ကြောင့် နာမ်ဖြစ်တယ်။
နာမ်ကြောင့် ရုပ်ဖြစ်တယ်။

အဲဒါကိုရှင်းပြအုံးမယ်။ လွယ်လွယ်ဘဲ။ ခု ဒကာတို့ ဖောင်းတယ်လို့ မမှတ်ဘူးလား (မှတ်ပါတယ်ဘုရား) ဖောင်းတာ ရုပ်လား-နာမ်လား (ရုပ်ပါဘုရား) ဘာဖြစ်လို့ ဖောင်းတာတုံး သိလား လေတိုးလို့။ လေကဘာလို့ တိုးတုံး စိတ်ရှိလို့။ စိတ်ရှိတော့ မရှုဘူးလား၊ စိတ်မရှိယင် ရှုပါ့မလား (မရှုပါဘူးဘုရား) လူသေကောင်ရှုရဲ့လား (မရှုပါဘုရား) မရှုဘူး။ အဲဒါစိတ်မ့ရှိလို့ဘဲ။ စိတ်ရှိတော့ ရှုတယ်၊ စိတ်ကြောင့်ရှုတယ်။ ဘယ်သူကအကြောင်းတုံး (စိတ်ကအကြောင်းပါဘုရား)

စိတ်ကအကြောင်းဘဲ။ သူကဘာတုံး ရုပ်လား-နာမ်လား (နာမ်ပါဘုရား)စိတ်ကြောင့် ရုပ်မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) စိတ်ကြောင့်ရှူတယ် ဟုတ်လား။ အဲဒီစိတ်ဟာ နာမ်တရားဘဲ။ နာမ်ကြောင့်မို့ ရှူတဲ့ရုပ်ဖြစ်တယ်။ နာမ်ကြောင့် ဘာဖြစ်တုံး (ရုပ်ဖြစ်ပါတယ်ဘုရား) နာမ်ကြောင့် (ရုပ်ဖြစ်ပါတယ်ဘုရား) နာမ်အကြောင်းဘဲ။ နာမ်ကဘာတုံး (အကြောင်းပါဘုရား) ရုပ်ကကော (အကျိုးပါဘုရား) အခုရှူတဲ့ရုပ်ဟာ အကျိုးဘဝကဟုတ်လား။ ဒီအကျိုးထဲက အကြောင်းပြန်ပေါ်တယ်။ ရှူတော့မဖောင်းဘူးလား (ဖောင်းပါတယ်ဘုရား) ကဲ ရှူတာနဲ့ ဖောင်းတာ ဘယ်သူကအရင်ကျမလဲ (ရှူတာက အရင်ကျပါတယ်ဘုရား) ကဲ....ရှူတာလေးအကြောင်း ဖြစ်သွားတယ်မဟုတ်လား။ အဲဒါရုပ်အကြောင်းဘဲ။ သူ့နောက်ကဘာတုံး (ဖောင်းရုပ်အကျိုးပါဘုရား)ရှူရုပ်ကအကြောင်း၊ဖောင်းရုပ်ကအကျိုး။ ရုပ်ကြောင့်ရုပ်ဖြစ်တာ မဟုတ်လား (ဟုတ်ပါတယ်ဘုရား)။

ဖောင်းတော့ ဖောင်းတယ်လို့ မမှတ်ဘူးလား (မှတ်ပါတယ်ဘုရား) ဖောင်းတာနဲ့မှတ်တာ ဘယ်သူကအရင်တုံး (ဖောင်းတာကအရင်ပါဘုရား) ဖောင်းတာက အရင်ဆိုတော့ သူကအကြောင်းလား အကျိုးလား (အကြောင်းပါဘုရား) မှတ်တာက (အကျိုးပါဘုရား) ရုပ်လား နာမ်လား (နာမ်ပါဘုရား) ရှင်ကြောင့်နာမ်ဖြစ်တယ်။ နာမ်ကြောင့်ရုပ်ဖြစ်တယ်။

ဥပမာ ဒို့ဟောဒီရေဒီယိုလေး ခုမြင်နေတယ်၊ မမြင်ဘူးလား (မြင်ပါတယ်ဘုရား) မြင်တာဟာ ဘာကမြင်တာတုံး၊ ရုပ်ကမြင်တာလား နာမ်ကမြင်တာလား (နာမ်ကမြင်တာပါဘုရား)ဒါဖြင့်

မြင်တော့မလိုချင်ဘူးလား (လိုချင်ပါတယ်ဘုရား) ၊မြင်တာလဲ့ နာမ်၊ လိုချင်တာကလဲနာမ်။ နာမ်ကြောင့်ဘာဖြစ်တုံး (နာမ်ဖြစ်ပါတယ်ဘုရား) မြင်တာကအကြောင်း၊ လိုချင်တာကဘာတုံး (အကျိုးပါဘုရား) နာမ်ကြောင့် နာမ်မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။

အဲဒီလို အကြောင်းအကျိုးတဲ့ ဖြစ်နေကြတာတဲ့။ ဒါကြောင့်မို့ ဒီလို အကြောင်းအကျိုးတွေ ဆက်စပ်ပြီးဖြစ်နေတာသံသရာဘဲ။ ဒီရုပ်ဒီနာမ်တွေ မြဲရဲ့လားလို့ တခါကြည့်ကြအုံးစို့။ ဒါလေးတွေစုံသွားအောင် ဖြစ်ပျက်ဟောရအုံးမယ်ဟုတ်လား။ သေသေချာချာကြည့်လိုက်တော့ ဖောင်းတယ်လို့မှတ်။ မှတ်တော့ ဖောင်းတာလေးမြဲရဲ့လား (မမြဲပါဘုရား) ငှက်ပျောသီးစားဘူးကြလား (စားဘူးပါတယ်ဘုရား) စားဘူးတယ်။ ဘယ်နှစ်ခါစားဘူးတုံး (အများကြီးစာဘူးပါတယ်ဘုရား) အများကြီး စားဘူးတယ်။ ကော်ဖီကော သောက်ဖူးလား (သောက်ဖူးပါတယ်ဘုရား) ခဏခဏသောက်တယ်ဟုတ်လား၊ ဒါဟုတ်တယ်၊ ပညတ်နဲ့ပြောတာ။ ပရမတ်နဲ့ပြောရင် ဟုတ်ပါ့မလား(မဟုတ်ပါဘုရား) တခါထဲစားဘူးတယ်၊ တခင်းတခါထဲ စားဘူးတယ်၊ အမလေးမိန်လိုက်တာ"ဒို့ ထမင်း တသက်လုံးမှ တခါထဲ စားဘူးတယ်"တဲ့။ စားကြည့်ပါလား....ငှက်ပျောသီး စားလိုက်၊ ကိုက်ပြီးတော့မျိုချလိုက်၊ ငှက်ပျောသီးမျိုချလိုက်ဘော့ ဘယ်ကျသွားတုံး၊ ဝမ်းထဲကျမသွားဘူးလား (ကျသွားပါတယ်ဘုရား) ဘာခေါ်တုံး၊ငှက်ပျောသီး ခေါ်သေးလား(မခေါ်တော့ပါဘုရား) သူ့ကို ထပ်စားရင်ဖြစ်သေးလား(မဖြစ်တော့ပါဘုရား)သူ့ ထပ်စားမဖြစ်ရင် သူ့ကိုဘယ်နှစ်ခါစားရတုံး တခါထဲဘဲ။ နောက်

ထပ်စားတာက အသစ်လား အဟောင်းလား (အသစ်ပါဘုရား) အသစ်။ နောက်ထပ်စားတာဟာ သူတို့စားတာ ဟုတ်ကဲ့လား.... (မဟုတ်ပါဘုရား)ငှက်ပျောသီး တခါထဲစားတယ်။ နောက်ထပ်စားတာကအသစ်။ ငှက်ပျောသီးမျိုချလိုက်တာ၊ မျိုချလိုတော့သူ့ကိုနောက်ထပ်စားလို့ရသေးလား (မရပါဘုရား) မရတော့ဘူး။ နောက်စားတာကအသစ်ဘဲ။ အဟောင်းပျက်မှ အသစ်ဆက်ဟုတ်ပလား။ အဲဒီငှက်ပျောသီးလေးမျိုချလိုက်တဲ့ငှက်ပျောသီးလေးက ငှက်ပျောသီး ခေါ်သေးလား (မခေါ် တော့ပါဘုရား)မခေါ်ဘူး။ဘာဖြစ်မတုံး ဆိုရင် မြေကြီး သွားမဖြစ်ဘူးလား(ဖြစ်ပါတယ်ဘုရား)မြေကြီး သွားဖြစ်ရမှာတဲ့။

နောက်ထပ်စားရင် မြေကြီးတွေ့တော့မယ်။ ဒါကြောင့် ငှက်ပျောသီးတခါထဲ စားဘူးတယ်။ နောက် စားတာက အသစ်။ ဒါဖြင့်ငှက်ပျောသီးတို့,မုံတို့ ထမင်းတို့ တခါထဲစားဘူးတယ်ပြောရင် မှားမလား(မမှားပါဘုရား)မမှားပါဘူးတဲ့။ တခါထဲစားဘူးတယ်ပြောရင် မှားမလား(မမှားပါဘုရား) မမှားပါဘူးတဲ့။ တခါထဲစားဘူးတယ်။ အဲဒီစားလိုက်တာတွေက မြေကြီးမဖြစ်ဘူးလား(ဖြစ်ပါတယ်ဘုရား)စားလိုက်တာကတော့ မြေကြီးဖြစ်တယ်။ စားနေတဲ့လူတွေကတော့ ဘာဖြစ်မှာတုံး(မြေကြီးဘဲဖြစ်မှာပါဘုရား)မြေကြီးဘဲ။ ဘာမြေကြီး ဖြစ်မှာတုံး။ ဘုရားမြေဖြစ်မှာလား၊ ရွာမြေဖြစ်မှာလား၊ ကျောင်းမြေ ဖြစ်မှာလား၊ သုသာန်မြေဖြစ်မှာလား (သုသာန်မြေ ဖြစ်မှာပါဘုရား) ဒါသုသာန်မြေလောင်းတွေ။ဒို့တတွေ အင်မတန်နိမ့်ကျတဲ့ သုသာန်မြေကိုရောက်ကြရမှာ၊ ဒို့ဒီလိုမြင်ရမယ်နော်။

ဒါဖြင့် အဲဒီလိုဌက်ပျော်သီးလေးဟာ 'အဟောင်းပျက်ပြီးမှ အသစ်ဆက်လာသလို ဒို့ရုပ်,ဒို့နာမ်တွေကိုမြင်အောင်ကြည့်ကြစမ်းပါတဲ့။ မြင်အောင် ကြည့်လိုက်တော့ ဖောင်းတာလေး ကြည့်လိုက် မှတ်တာလေး ကြည့်လိုက်၊ ပေါ်မလာ ဘူးလား (ပေါ်လာပါတယ်ဘုရား) ပေါ်လာတာအဖြစ်လား၊ အပျက်လား(အဖြစ်ပါဘုရား) အဲဒါလေးကဖြတ်ဆို ပျောက်သွားပြီ၊ ပျောက်သွားတော့ နောက်ထပ်အသစ် ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား) အဲဒီ ပေါ်လာတာ ခုနကဟာ ပြန်ဖြစ်သလား၊ အသစ်ပေါ်တာလား (အသစ်ပေါ်လာတာပါဘုရား)ကဲခုနင်က ပျောက်သွားတဲ့ဟာ ရှာလို့ ရသေးလား (မရပါဘူးဘုရား)ကနေ့တွေ့ပါအုံးမလား (မတွေ့ပါဘုရား)နတ်ဖန်ခါကော (မတွေ့ပါဘုရား) ရှေ့လကော (မတွေ့ပါဘုရား) ဘယ်တော့မှမတွေ့ဘူး။ ဘယ်ရောက် သွားတုံးသိရဲလား၊ ဘယ်ရောက်မှန်းလဲမသိဘူး။ ငါ့ဥစ္စာလို့ ဆိုစရာ ရှိရဲ့လား (မရှိပါဘုရား)မရှိဘူး။ နောက်ပေါ်တာလေးက အသစ်။ နောက်ပေါ်တာလေးကော မြဲရဲလား(မမြဲပါဘုရား)။

ကဲ-မမြဲလို့ရှိရင် သူကပျက်သွားတော့ နောက်ထပ်မပေါ်ဘူးလား(ပေါ်ပါတယ်ဘုရား)ပေါ်လာတော့ တခုထဲတည်နေတာလား၊ တခုပျက်မှတခုဆက်တာလား(တခုပျက်မှတခု ဆက်တာပါဘုရား)၊ ဒါဖြင့် ဒို့ပုဂ္ဂိုလ်ကြီးက ငယ်ငယ်တုန်းက ငါကလို့ ဆိုနိုင်သေးရဲလား (မဆိုနိုင်ပါဘုရား)မဆိုနိုင်ဘူး။ ဒကာတို့ခုနတုန်းက ထိုင်ခါစလူနဲ့အခုရုပ်တွေအပြောင်းအလဲမရှိဘူးလား (ရှိပါတယ်ဘုရား)အပြောင်းအလဲကို မမြင်ကြဘူး။ အဲဒါမမြင်သေးလို့၊ မြင်အောင်ကြည့်ချင်ရင် ဝိပဿနာနဲ့ကြည့်။ ဘုရားက

ဒီလိုပြောတာနော်။ ရှောက်လည်ရုံပတ်ရုံနဲ့မသိဘူးတဲ့။ ဒါတွေ မြင်အောင် ကြည့်စမ်းတဲ့။ ငါဘုရား တရားရှာလိုက်ရတာဟာ လေးသခြေ်နဲ့ကမ္ဘာတသိန်းကြာတယ်တဲ့။ ဘုရားက အဲဒီလိုရှာပြီး ဟောထားလို့ ဘုန်းကြီးတို့က လွယ်လွယ်ဘဲ မသိနိုင်ဘူးလား (သိနိုင်ပါတယ်ဘုရား)၊ စစ်ကိုင်းတံတားကြီး အရှောက်တော့ မခက်ပါဘူး၊ အဆောက်တော့ မခက်ဘူးလား (ခက်ပါတယ် ဘုရား)၊ ဆောက်တဲ့ပုဂ္ဂိုလ်ကတော့ခက်တယ်၊ ရှောက်တဲ့ပုဂ္ဂိုလ် ကခက်သလား(မခက်ပါဘုရား)မခက်ပါဘူး။

ဒါကြောင့်မို့ ဒို့တတွေလွယ်လွယ်နဲ့ ရှောက်နိုင်တဲ့ အချိန် ခါလေးမှာ ရှောက်ကြစမ်းပါလို့။ ဒီလမ်းက နိဗ္ဗာန်သွားတဲ့ လမ်းကြီး။ ဒါကြောင့် ဒီရုပ်ဒီနာမ်တွေ မြင်အောင် ကြည့်စမ်း တဲ့။ ကြည့်လိုက်တော့ ပူတာလေးပေါ်လာတယ်၊ ဘယ်ကပေါ် တာတုံး၊ ပေါ်တာသိရဲ့လား၊ နဂိုရ်တုန်းက ဒီပူတာရှိရဲ့လား (မရှိပါဘုရား)မရှိသေးဘူး။ ဒီပူတာလေး ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)၊ ဟောဖြစ်လာပြီ၊ အဖြစ်တွေ့ပြီ။ နောက်ကျတော့ မြဲနေရဲ့လား (မမြဲပါဘုရား) ပျက်မသွားဘူး လား(ပျက်သွားပါတယ်ဘုရား)ဟော- ပျက်သွားပြီ။ ဒီတခါ ပျက်ပြီး၊ ဒီတခါပေါ်ပြီးတော့ ပြီးရောလား၊ နောက်ထပ် မပေါ်ဘူးလား (ပေါ် ပါ တယ် ဘု ရား)။ ဒါကြောင့်မို့ အဟောင်းပျက်ရင် အသစ်တွေမဆက်ဘူးလား (ဆက်ပါတယ် ဘုရား)။ ဒါကြောင့်မို့ တခုနဲ့တခုဆက်နေတာ။

ဒို့ငယ်ငယ်တုန်းက အမှတ်အသား သိပ်ကောင်းတာ၊ ငါ ငယ်ငယ်တုန်းက ဘာလုပ်ခဲ့တယ်စသည်ဖြင့် ငယ်ငယ်တုန်းက ရုပ်နာမ်တွေ အခုပါပါအုံးမလား (မပါပါဘုရား) မပါတော့

ဘူး။ ခုဟာ ခုကောပါရဲ့လား (မပါပါဘူးဘုရား)၊ ခုစကား ပြောကြည့်ပါ၊ ဒီကနေပြီးတော့ က,ကြီး-လို့ပြောလိုက်။ အဲဒီ က,ကြီးလို့ ပြောလိုက်လို့ရှိရင် ခခွေး-ကျတော့ က,ကြီးရှိသေး လား(မရှိတော့ပါဘုရား)မရှိတော့ဘူး။ က,ကြီးပျောက်ပြီးမှ ခ ခွေးမပေါ်ဘူးလား(ပေါ်ပါတယ်ဘုရား)။ ဒုဖြင့် စကား ပြောတိုင်းဖြောတိုင်း စကားပြောတာဟာ ရုပ်လား-နာမ်လား (ရုပ်တရားပါဘုရား)။ဒုဖြင့် ရုပ်တခုပျက်ပြီးမှ ရုပ်တခုမပေါ် ဘူးလား(ပေါ်ပါတယ်ဘုရား)။

တခါပြောလေ၊ တခါသေ၊ နှစ်ထွေပြောမဖြစ်။

ဒီမှာစကား တယ်များတာပါလားဆိုတော့ တခွန်းထဲ ပြော တာပါလို့ပြောတော့ မှားမလား (မမှားပါဘုရား) နှစ်ခွန်းပြူး ပြောလို့ရရဲ့လား(မရပါဘုရား)မရဘူး။ တခွန်းပြောပြီးမှ တခွန်း ဖြစ်တယ်။ ဒါကြောင့် အဟောင်းပျက်ပြီးမှ အသစ်ဆက်တယ်။ ဒီ.ရုပ်တွေဟာ ဒီလို ဖြစ်ပျက်နေတာပါလားလို့ မြင်အောင် ဘာနဲ့ကြည့်ကြပါ့မလဲ၊ ဒို့.အမေမွေးတဲ့ မျက်စိနဲ့ကြည့်လို့မြင်ပါ့ မလား(မမြင်ပါဘုရား)မမြင်ဘူး။ ဘုရားပေးတဲ့မျက်စိနဲ့ကြည့်။ ဝိရိယ၊သတိ၊သမာဓိနဲ့.ကြည့်လိုက်တော့ ဒို့ခုနင်တုန်းက အားစိုက် နေတာလေးက သမ္မာဝါယာမ မဂ္ဂင်၊ မှတ်တာလေးက ဘာတဲ့လဲ (သမ္မာသတိပါဘုရား) စိတ်ကလေး တည်သွားတာကကော (သမ္မာသမာဓိပါဘုရား)၊ အဲဒီမဂ္ဂင်သုံးပါးနဲ့.ရှုလိုက်တော့ ဒီ ရုပ်တွေနာမ်တွေဟာ ပေါ်လာပြီးတော့ ပျောက်သွားတယ်လို့ ပိုင်းခြားပြီး မသိလိုက်ဖူးလား (သိလိုက်ပါတယ်ဘုရား)။ အဲဒါ သမ္မာဒိဋ္ဌိဘဲ။

အဲ့ဒီသမ္မာဒိဋ္ဌိမြင်ရအောင်လို့ သမ္မာသက်ပ္ပ-က အာရုံပေါ် တင်ပေးလိုက်တယ်၊ ရုပ်ပေါ်နာမ်ပေါ်မှာ တင်ပေးလိုက်တော့ သမ္မာဒိဋ္ဌိ၊ သမ္မာသက်ပ္ပဆိုတဲ့ ပညာမဂ္ဂင်နှစ်ပါး မရဘူးလား (ရပါတယ်ဘုရား)။ ဒါဖြင့် ဒို့ယောဂီတွေ ရှုမှတ်လိုက်ရင် တကြိမ် တကြိမ်မှတ်လိုက်တိုင်း မဂ္ဂင် ဘယ်နှစ်ပါးပါတုံး (ရှစ်ပါးပါ ဘုရား) မဂ္ဂင်ရှစ်ပါးလုံး အကုန်လုံးအကြုံးမဝင်ဘူးလား(ဝင်ပါ တယ်ဘုရား)။ တကယ်တော့ ပဉ္ဇဂိက် မဂ္ဂင်ဆိုတာ မဂ္ဂင်ငါး မျိုးဘဲ။ အဲ့ဒီမဂ္ဂင်ငါးမျိုးက ဘယ်သူတုံးဆိုရင် သမာဓိမဂ္ဂင်က ဘယ်နှစ်ပါးတုံး(သုံးပါးပါဘုရား) ပညာမဂ္ဂင်ကကော(နှစ်ပါး ပါဘုရား) ပေါင်းလိုက်တော့ (ငါးပါးပါဘုရား) ငါးပါးတဲ့။ သီလမဂ္ဂင်ကကော (သုံးပါးပါဘုရား)၊ မှတ်တိုင်း မှတ်တိုင်း ဟောဒီမဂ္ဂင်ရှစ်ပါးပါဝင်တယ်။ ပဉ္ဇဂိကမဂ္ဂင်က တိုက်ရိုက် ပါ ပါတယ်။ သီလမဂ္ဂင်ကတော့ မမှတ်ခင်ထဲက သီလတွေ ဆောက် တည်မထားဘူးလား(ထားပါတယ်ဘုရား) အဲဒီလို ဆောက်တည် ထားတော့ သီလမဂ္ဂင်နဲ့ မပြည့်စုံဘူးလား(ပြည့်စုံပါတယ်ဘုရား) ဟော သီလမဂ္ဂင်ပြည့်စုံနေပြီ။ ဒါဖြင့်မှတ်လိုက်တဲ့အခါ သမာဓိ မဂ္ဂင်နဲ့ မပြည့်စုံဘူးလား(ပြည့်စုံပါတယ်ဘုရား)၊မှတ်တာလေးက ပေါ်တိုင်းပေါ်တိုင်းသိတယ်၊ ပျောက်တိုင်းပျောက်တိုင်းသိတယ် ဆိုရင် ပညာမဂ္ဂင်နဲ့ မပြည့်စုံဘူးလား (ပြည့်စုံပါတယ်ဘုရား)။

ဒါကြောင့်မို့ ဒီလိုပိုင်းပိုင်းခြားခြား သိတာက ပညာဘဲ။ အဲဒီသီလ၊ သမာဓိ၊ ပညာတွေကိုပ္ပားစေဘို့ မလိုဘူးလား(လိုပါ တယ်ဘုရား)။ ဒါဘုရားဟောတဲ့ သာသနာဘဲ၊ တွေ့ပလား၊ ဘာတွေ့တုံး(သီက၊ သမာဓိ၊ ပညာပါဘုရား)။ ဒါဖြင့် "အမယ် လေး- သာသနာကြီး ထွန်းလိုက်တာနော်၊ ဘုန်းကြီးတွေ့မနဲဘူ

ဘဲဟဲ့ ”တဲ့၊ ပြောတတ်ကြတယ်။ ဘုန်းကြီးတရာလောက် အိမ်ရောက်လှတယ်ဆိုရင် သာသနာတော်နဲ့တွေ့ပလား (မတွေ့သေးပါဘုရား)မတွေ့သေးဘူးနော်။ ဘာနဲ့တွေ့တာတုံး၊ သာသနာ့ဝန်ထမ်းနဲ့တွေ့တာ။ ဝန်ထမ်းတွေ့တာ။ သာသနာတွေ့တာဟုတ်ကဲ့လား (မဟုတ်ပါဘုရား) သာသနာနဲ့တွေ့တာ မဟုတ်ဘူး၊ သာသနာ့ဝန်ထမ်းနဲ့ တွေ့နေတာ။

သာသနာ လူတိုင်းမှာ ရှိရဲ့လား

ဒါဖြင့် ကိုယ်က ကျောင်းသွားလုပ်ကိုင်ပေးတော့ ဘာနဲ့တွေ့တုံး (သာသနာ့ဝန်ထမ်းနဲ့ တွေ့ပါတယ်ဘုရား)၊ သာသနာ့ဝန်ထမ်းနဲ့တွေ့တော့ သာသနာနဲ့တွေ့တာ မဟုတ်ဘူး။ ဘုန်းကြီးကို သာသနာလို့ ထင်မနေနဲ့။ ဘုန်းကြီးက သာသနာဟုတ်ကဲ့လား (မဟုတ်ပါဘုရား)၊ မဟုတ်ယင်ဘာတုံး (သာသနာ့ဝန်ထမ်းပါဘုရား)။ ဒါဖြင့် ကျောင်းကန်ဘုရားတွေကဘာတုံး၊ သာသနာ့အဆောက်အအုံတွေ၊ သာသနာ့ပစ္စည်းတွေ၊ သာသနာမဟုတ်ဘူး၊ ဟုတ်ကဲ့လား (မဟုတ်ပါဘုရား) ၊ သာသနာ့ပစ္စည်းတွေနဲ့တွေ့နေတာ ကိုယ်က ကျောင်းသွား ကျောင်းပေါ်ရောက်နေတာ ဒါဟာ သာသနာနဲ့တွေ့တာလား၊ သာသနာ့ပစ္စည်းနဲ့တွေ့တာလား (သာသနာ့ပစ္စည်းနဲ့ တွေ့တာပါဘုရား)၊ ဘုရားသွား ဝပ်ချနေတော့ သာသနာနဲ့တွေ့တာလား၊ သာသနာ့အဆောက်အအုံနဲ့တွေ့တာလား (သာသနာ့အဆောက်အအုံနဲ့ တွေ့တာပါဘုရား)။

ဘုရား တန်ဆောင်း ဂူ ကျောင်း ပြသာဒ်တွေဟာ သာသနာ့အဆောက်အဦတွေဘဲ။ ဒါဖြင့် ဒီ ဒကာ ဒကာမတွေဟာ သာ

သနာ ပျောက်မနေဘူးလား၊ သာသနာ ဘယ်မတုံးဆို ဘယ့်နှယ်ပြောမတုံး (မသိပါဘုရား)၊ သီလ သမဓိ ပညာတဲ့။ အဲဒီသာသနာက လူတိုင်းမှာရှိရဲ့လား (မရှိပါဘုရား)။ ဒါဖြင့် ဒီသီလ သမာဓိ ပညာမှ မရှိခဲ့ရင် ဒီပုဂ္ဂိုလ်ဟာ သာသနာတော်တွင်း ရောက်ပလား (မရောက်သေးပါဘုရား)၊ သာသနာနဲ့တွေ့ပလား (မတွေ့သေးပါဘုရား)၊ ဘုရားသားတော်အစစ်၊ ဘုရားသမီးတော်အစစ်ဖြစ်ပလား (မဖြစ်သေးပါဘုရား) မဖြစ်သေးဘူးတဲ့။ ဖြစ်ချင်ရင် ဘယ့်နှယ်လုပ်မလဲ အဖေ့စကား နားထောင်ရမယ်နော်။ အဖေကဘာတဲ့၊ သီလကိုလုံအောင် စောင့်ထိန်းကြ၊ သမာဓိတည်အောင် ဆောက်တည်ကြ၊ပညာသိအောင် ပွားများကြ။ ပညာကို ပွားများလိုက်တော့ ရုပ်တွေ့နာမ်တွေ့ မတွေ့ဘူးလား (တွေ့ပါတယ်ဘုရား)၊ မြဲရဲ့လား (မမြဲပါဘုရား) မမြဲပါဘူးတဲ့။ ဖြစ်ပြီးရင်း ပျက်သွားရင်း၊ ဖြစ်ပြီးရင်း ပျက်သွားရင်း။

ဥပမာနဲ့ပြောပြမယ်၊ နာရီလေးတလုံးချထားယင် ဒက်ဒက်နဲ့ မြည်မနေဘူးလား (မြည်နေပါတယ်ဘုရား)၊တစက္ကန့်မှာ တဒက် ဆိုရင် တမိနစ်ဘယ်လောက်ပါလိမ့် ၆၀ ရှိတယ်။ ငါးမိနစ်ကျတော့ ၃၀၀၊ တနာရီကျတော့ ၃၆၀၀။ အဲဒီ ၃၆၀၀ ကို ထိုင်ပြီး နားထောင်နေပါတဲ့။ ဝိပဿနာဉာဏ်နဲ့ ကြည့်မယ်ဆိုရင် တနာရီနားထောင်ရင် ဒက်ကနဲ ဒက်ကနဲ မြည်တဲ့အသံပေါင်း ဘယ်နှစ်ချက်ဖြစ်မှတုံး .(၃၆၀၀ ပါဘုရား)ဝိပဿနာနဲ့ကြည့်ရင် ၃၆၀၀ လုံး တခါထဲတွေ့ပါ့မလား (မတွေ့ပါဘုရား)၊ ဘယ်လောက်တွေ့မတုံး (တချက်ထဲ တွေ့ပါတယ်ဘုရား)၊ဒုက်ဆိုပထမ

ဒက်ကလေးပေါ်လာတယ်။ ဒက်ဆို ဘယ်နှစ်ချက်ပေါ်တုံး (တချက်ပါဘုရား)။ဒုတိယ တချက်ပေါ်ပလား (မပေါ်သေးပါဘုရား)၊ တတိယဒက်ကော ပေါ်ပလား (မပေါ်သေးပါဘုရား)၊ ဘယ်နှစ်ခုတွေ့နေတုံး (တခုထဲပါဘုရား)။ ဒါဖြင့် တတိယဒက်ဆိုတာလေး ပေါ်လာတော့ ဒုတိယဒက်ဆိုတာ ရှိသေးလား (မရှိတော့ပါဘုရား)၊ ပထမဒက်ရှိသေးလား (မရှိတော့ပါဘုရား)၊ စတုတ္ထဒက် ပေါ်လာပသား (မပေါ်သေးပါဘုရား)၊ ဒါဖြင့် ဘယ်နှစ်ခုတွေ့တုံး (တခုထဲပါဘဲဘုရား)၊ တနေ့လုံးထိုင်ကြည့်ရင်ကော (တခုထဲပါဘဲဘုရား) တလလုံးထိုင်ကြည့်ရင်ကော (တခုပါဘဲဘုရား)။

အေး-ဒို့ရုပ်တွေ့ နာမ်တွေ့လဲ ဒီလိုဘဲ၊ ဒို့ဟာ အသက်ရှင်နေတာ စိတ်ကလေးတခုဘဲရှိတယ်။ ဟောဒီစိတ်ကလေးပေါ်လာတယ်၊ ဒီစိတ်ကလေးနဲ့ အသက်ရှင်နေတာ၊ ဒီစိတ်ကလေး မရှိတော့ဘူးဆိုရင်ဖြင့် နောက်ထပ် အစားမထိုးတော့ဘူးဆိုရင် ဒီလူသေတော့တာဘဲ။ ဒါကြောင့်မို့-

အနိဗ္ဗတ္တေန နဇာတော၊ ပစ္စုပ္ပန်နေန ဇီဝတိ။
စိတ္တဘင်္ဂါမတော လောကော၊ ပညတ္တိ ပရမတ္ထိယာ။

အနိဗ္ဗတ္တေန၊ မဖြစ်သေးသောစိတ်ဖြင့်၊ နဇာတော-အသက်ရှင်၍ နေသည်မဟုတ်။ ဒို့ အခုသက်ရှင်နေကြတာ မလာသေးတဲ့စိတ်၊ မပေါ်သေးတဲ့ စိတ်ကလေးနဲ့ အသက်ရှင်နေတာဘို့ပြောနိုင်ကြပါ့မလား (မပြောနိုင်ပါဘုရား)။ အေး-မပြောနိုင်ကြပါဘူးတဲ့။

အနိဗ္ဗတ္တေန နဇာတော၊ ပစ္စုပ္ပန္နေန ဇီဝတိ၊

အခုပစ္စုပ္ပန်တဲ့တဲ့ ဖြစ်ပေါ်နေတဲ့ စိတ်ကလေးရှိလို့ ဒီလို့ အသက်ရှင်နေတယ်လို့ ခေါ်နေကြတာတဲ့။ ဒီစိတ်ကလေးက ဖြစ်ရင်လဲ တခါပေါ်မှတစိတ်။ တခါပေါ်ရင် ဘယ်နှစ်စိတ်ပေါ်နိုင်သတုံး (တစိတ်ပါဘုရား)။ အေး-တစိတ်သာပေါ်နိုင်တယ်။ ဒါဖြင့် ဒီစိတ်ကလေးက ပေါ်လာပြီးနောက် ဘယ်လောက်ကြာကြာ တည်နေသတုံးဆိုရင် ဥပါဒ်-ဌီ-ဘင် ဆို ပျက်သွားရော။ ပါးစပ်ကပြောတာက ကြာသေးတယ်။ ဟိုကတော့ ဖြတ်ဆိုပျက်သွားရော။ နောက်တခု အစားထိုးမလာဘူးလား (လာပါတယ်ဘုရား) ဘယ်လောက်မြန်သလဲဆိုရင် ပရမတ်နဲ့ပြောမယ်ဆိုရင် တော့ မျက်စိတမှိတ်မှာ ကုဋေတသိန်းကျော်တဲ့၊ မျက်စိတမှိတ်မှာ ဘယ်လောက်ဖြစ်တုံး (ကုဋေတသိန်းကျော်ပါဘုရား) အဲဒီတော့ ဖြစ်တယ်ပျက်တယ်ဆိုတာ သေတာဘဲ၊ ဒါဖြင့် မျက်စိတမှိတ်မှာ အခါပေါင်း ဘယ်လောက်သေလဲ-ကုဋေတသိန်းသေနိုင်တယ်၊ အဲဒီ ကုဋေတသိန်းလောက် သေနေတာကို ဒို့တတွေ သိကြရဲလား (မသိကြပါဘုရား)။ ငါ-ငါဥစ္စာလို့ ထင်နေကြတယ်။ အဲ တကယ်ကတော့ ဒီစိတ်ကလေးဟာ တပျက်ထဲ ပျက်နေတာပါတဲ့။ အချိန်ရှိတိုင်း တဖြတ်ဖြတ် ပျက်စီးနေတာပါတဲ့။ ဒါကြောင့်မို့ စိတ္တဘင်္ဂါ-စိတ်ကလေး၏ ချုပ်ပျက်ခြင်းကြောင့် လောကော-လောက လောကလို့ ခေါ်ပြောနေကြတဲ့ သတ္တဝါကောင်သည်၊ မတော-သေလေ၏။

ပျက်တိုင်းပျက်တိုင်း ပရမတ်သဘောအားဖြင့် သေတယ်လို့ ခေါ်တယ်။ စိတ်ကလေးပျက်သွားတိုင်း ပျက်သွားတိုင်း၊ သတ္တ

ဝါဝေသတယ်လို့ ခေါ်ရာဘယ်။ ဒါပေမယ်လို့ ဒီလို့ ခဏခဏ သေနေတဲ့အသေကို သေတယ်လို့ကော သိကြရဲ့လား (မသိကြပါဘုရား)။ သေတယ်လို့ စိတ်ထဲမှာကော ထင်ကြရဲ့လား (မထင်ကြပါဘုရား)။ အဲဒါ ခဏခဏ သေနေတဲ့ ခဏိကမရဏာ ခေါ်တယ်။ ခဏတိုင်း သေနေတဲ့ အသေလေးပေါ့။ အဲဒီလို့ ခဏတိုင်း သေနေတဲ့ အသေလေးကို မြင်အောင်ကြည့်။ မြင်ကြရဲ့လား (မမြင်ပါဘုရား)။ ဘယ်လိုအသေမျိုး မြင်သလဲဆိုတော့ ဘယ်သူ့အဖေ ဘယ်သူ့အမေ အသက်(၇၀) ကွယ်လွန်သွားပြီး မေ့လာချိန်ကစပြီး အသက် ၇၀-၈၀ ကျမှ တခါသေတယ် မထင်ကြဘူးလား (ထင်ပါတယ်ဘုရား)၊ မြင်ကောမမြင်ကြဘူးလား (မြင်ကြပါဘယ်ဘုရား)၊ ပြောကောမပြောကြဘူးလား (ပြောကြပါတယ်ဘုရား)။ အဲဒါ လူအများသုံးစွဲနေတဲ့ သမုတိ အသေမျိုးဘဲ။ အဲဒီကျတော့မော်တော်ကားနဲ့အလောင်းကောင်ကြီး တင်သွားပြီး မြေကြီးမြုပ်ပစ်လိုက်ထာ၊ မီးရှို့ပစ်လိုက်တာ၊ အဲဒီအချိန်ကျမှ သေတယ်လို့ထင်နေကြတာ၊ သေတာလို့ ခေါ်နေကြတာ။ အဲဒီ အချက်ကလေး မြင်အောင်ကြည့်တဲ့။

ဒို့မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောဒီ ရုပ်နာမ်တွေဟာ ပစ္စုပ္ပန္နေန ဇီဝတိ-ပစ္စုပ္ပန်တဲ့တဲ့ အသက်ရှင် နေသတဲ့။ အခုပစ္စုပ္ပန်တဲ့တဲ့ စိတ်ကလေးတခုထဲနဲ့ အသက်ရှင် နေတာတဲ့။ အေး....စောစောကပြောခဲ့တဲ့နာရီကလေး ဟာဒက်ကနဲမြည်လိုက်တယ်၊ ဘယ်နှစ်ချက်မြည်လိုက်တုံး (တချက်ပါဘုရား) အေး—မြည်လိုက်တာက တချက်ထဲဘဲ။ နောက်ထပ် ဒက်ကနဲဆိုတော့ ဘယ်နှစ်ချက်မြည်လိုက်ပြန်တုံး(တချက်ပါဘုရား)အေး....တချက်

ထဲဘဲ။ ပထမဒက်ဆိုတာရှိသေးလား (မရှိတော့ပါ ဘုရား)မရှိတော့ဘူး။ မရှိတော့ဘူးဆိုရင် ဒီနာရီ နောက်တချက် ဒက်ကနဲ မမြည်တော့ဘူးဆိုရင်း ဒီနာရီဘာဖြစ်သွားလဲ ပျက်သွားပြီ။ ကျုပ်တို့လဲစိတ်ကလေးတခု ဖြတ်ဆို ပေါ်လာတယ်၊ ပေါ်လာပြီးနောက် ဖြတ်ဆိုပျောက်သွားတယ်၊ ပျက်သွားတယ်၊ နောက်ဘာပေါ်လာတုံး၊ စိတ်အသစ်ကလေးပေါ်လာတယ်။ ဖြုတ်ဆို ဒုတိယစိတ်ကလေး၊ စိတ်အသစ်ကလေး ပေါ်မလာ ဘူးလား (ပေါ်လာပါတယ်ဘုရား) အင်း....ပထမစိတ်ကလေး ပေါ်တဲ့ အချိန်မှာ ဒုတိယစိတ်လေးရှိပလား (မရှိသေးပါဘုရား) အေး မရှိသေးပါဘူးတဲ့။ ဒုတိယစိတ်ကလေး စိတ်အသစ် ပေါ်တော့ ဟိုပထမစိတ်ကလေးရှိသေးရဲလား (မရှိတော့ပါဘုရား) တတိယ စိတ်ကလေးကောပေါ်ပလား (မပေါ်သေးပါဘုရား) မပေါ်သေးပါဘူး၊ ဒီစိတ်ကလေးတခုထဲဘဲရှိနေတယ်။

စိတ်ဆိုတာ ဘယ်တော့မှ နှစ်ခုတပြိုင်နက် အာဘူတ္တ မဖြစ်ကောင်းပါဘူးတဲ့။ ဒီစိတ်ကလေးတခုထဲဘဲ ရှိနေပါတယ်။ဒီစိတ်ကလေးကကောဖြတ်ဆိုပျက်မသွားဘူးလား(ပျက်သွား ပါတယ်ဘုရား)ပျက်သွားတဲ့နော်။နောက်ထပ်အသစ်မပေါ်တော့ဘူး၊ အစားမထိုးတော့ဘူးဆိုရင် ဒီလူဟာအသက်ရှိသေးရဲလား (မရှိတော့ပါဘုရား) သေသွားပြီပေါ့။အေး....သေတော့တာပါဘဲ။ ဒီစိတ်ကလေးဟာ ဒါလောက်ပဲ သက်တန်းရှိတယ်။ ဒုိတတွေသေဘိုဘယ်လောက်မြန်သလဲ....ဟင်။ သေခြင်း တရားဆိုတာ ဒါလောက်တောင် လျင်မြန်ပါတယ်တဲ့။ ဒါတောင် ဒို့လူတွေ အများကတရားအားထုတ်ဘို့ စိတ်မဝင်စားနိုင်ကြဘူး။

ဒါကြောင့် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက "ချစ်သားတို့....ချစ်သမီးတို့ ဒီရုပ်ဒီနာမ်နေတွေဟာ ဒီလိုဘဲ လျင်လျင်မြန်မြန်ဖြစ်ပျက်နေကြတယ်။ အသစ်အဟောင်း ပြောင်းလဲနေကြတယ်၊ ခိုင်တာမြဲတာဘံဝတခုမှရှိဘူး။ အဲဒါလေးကို သဘောပေါက်အောင် ဉာဏ်မျက်စိနဲ့မြင်အောင်ကြည့်ကြစမ်းပါတဲ့။သင်တို့တတွေဟာ ဉာဏ်မျက်စိနဲ့မြင်အောင် မကြည့်ကြလို့ တကဲ့ကို မြဲတယ်ခိုင်တယ်ပိုင်တယ်ဆိုင်တယ်လို့ ထင်နေကြတာ။ ငါကောင် သူကောင် ပုဂ္ဂိုလ်ကောင်သတ္တဝါကောင် ယောကျ်ားကောင်မိန်းမကောင်ထင်နေကြတာ၊ အထည်ခံအမာခံ အနှစ်သာရရှိတယ်လို့ ထင်မှတ်နေကြတာတဲ့။ တကယ်ကတော့ ဘာတခုမှ မမြဲပါဘူးတဲ့။

ဟိုတုန်းကတော့ငါ့ခန္ဓာကိုယ်ကြီးဟာ မြဲတယ်၊ငါတော်တော်နဲ့သေမှာမဟုတ်သေးပါဘူးတဲ့။ အငယ်လေးရှိသေးတယ်၊ ကျန်းကျန်းမာမာဘဲရှိသေးတယ်၊ သေဘို့အဝေးကြီး၊ ငါမသေ သေးဘူးလို့ ထင်မှတ်နေတာတဲ့။ အခုရှုမှတ်လိုက်တော့ ပေါ်လာတဲ့ ရုပ်ကလေးနဲ့ မှတ်သိနေတဲ့ နာမ်ကလေး စိတ်ကလေးဟာ ကြာကြာများတည်နေကြရဲ့လား (တည်မနေကြပါဘုရား) အေး.... တည်မနေပါဘူးတဲ့။ဟောပေါ်လာပြီး နောက် ဖြတ်ဆို ပျောက်မသွားဘူးလား (ပျောက်သွားပါတယ်ဘုရား)အေး.... ပါးစပ်ကပြောတာက ကြာသေးတယ်၊ အဖြစ်အပျက်က ဘိုမမြန်ဘူးလား (မြန်လှပါတယ်ဘုရား)အဲဒီလိုပေါ်လာပြီးနောက် ပျောက်သွားရင် ဒီရုပ်ဒီနာမ်တွေဟာ သူ့အကြောင်း သူ့အကျိုးဖြစ်နေတာ၊ မဖြစ်ချင်လို့ ဒုက္ခရရဲ့လား၊ မရပါဘူးတဲ့၊ ဒါတွေဟာအလုံးစုံ

သက်သက်ဖြစ်ပျက်နေကြတာမဟုတ်ဘူး၊ အကြောင်းနဲ့ ဆက်စပ်ပြီး ဖြစ်နေတဲ့ အကျိုးတွေပါဘဲ့။ အဲဒီလိုဖြစ်ပြီး ပေါ်မလာရင် သေပြီလို့ ဒီလိုမမြင်ကြဘူးလား (မြင်ပါတယ်ဘုရား) အေး.... မြင်လိုက်တော့ အဲဒီလိုဖြစ်ပြီး ပျက်နေဟာ ချမ်းသာလား....ဆင်းရဲလား(ဆင်းရဲပါဘုရား) တကဲ့ဆင်းရဲအစစ်ပါ။ တော်တော့ကို ကြောက်စရာကောင်းပါတယ်။ ဒို့ခန္ဓာကိုယ်ကြီးနဲ့ နေရတာဟာ နဂိုက ခိုင်တယ်မြဲတယ်လို့ ထင်နေခဲ့တာ အခုတော့တကဲ့ တိုက်အို တိုက်ဆွေးကြီးနဲ့ နေရသလိုဘဲ။ ဒီတိုက်အို တိုက်ဆွေးကြီးဟာ အခုပြိုမလား၊ တော်တော်ကြာပြိုမလား၊ နေ့ပြိုမလား၊ ညပြိုမလား၊ ဘယ်အချိန်များပြိုမလဲဆိုပြီး ဆင်းရဲကြီးစွာနဲ့ နေထိုင်ကြရပါတယ်။ ဒီတိုက်အိုတိုက်ဆွေးကြီးဟာ အချိန်မရွေး ပြိုကျနိုင်သလို ဒို့ရုပ်နာမ်တွေဟာလဲ ဘယ်အချိန်မဆို ပျက်စီး သွားနိုင်ပါကလား။ အဲဒီလိုမမြင်ဘူးလား (မြင်ပါတယ်ဘုရား) မြင်လာတော့ ကြောက်စရာမကောင်းဘူးလား (ကြောက်စရာကောင်းပါတယ်ဘုရား) အဲဒီလိုကြောက်စရာကောင်းတာကို ဒုက္ခဆင်းရဲဆိုရတာပါဘဲ။နောက်ပြီးတော့ ဘယ်သူမှမအိုချင်ကြဘူး၊ မနာချင်ကြဘူး၊ မခသချင်ကြဘူး၊ဒါပေမယ့် မသေချင်လို့ကောရရဲ့လား(မရပါဘုရား)နေပါအုံးဟဲ့။ အလုပ်တွေ မအားလို့မလာခဲ့ပါနဲ့အုံးလို့သေခြင်းတရားကိုပြောလို့ကော ရရဲ့လား (မရပါဘုရား)တောင်းပန်လို့ကော ရရဲ့လား (မရပါဘုရား) မျက်ရေစက်လက်နဲ့လုပ်ပြလို့ကော ရရဲ့လာ း(မရပါဘုရား) သေခြင်းတရားဆီကိုမလာဘူးလို့ကော ငြင်းလို့ရရဲ့လား (မရပါဘုရား)။

ဒါဖြင့် ဒါတွေဟာ အတ္တလား၊ အနတ္တလား (အနတ္တပါဘုရား)အခု ဒို့လက္ခဏာရေးသုံးပါးမြင်တော့ အော်နဂိုတုန်းက

တော့ ငါပိုင်တယ် ငါဆိုင်တယ် ငါသွားချင်သွားမယ် ငါစားချင်စားမယ် ငါထိုင်ချင်ထိုင်မယ် ငါထချင်ထမယ် ငါလုပ်သမျှ ဖြစ်တယ် ငါမှငါလို့ထင်ခဲ့တာ၊ အခု ဘယ်နေရာ ကြည့်ကြည့် ကြည့်လိုက်လို့ ရှိရင်ဖြင့် ကဲ=ပူတာတွေပြီ၊ ဘယ်သူ ပူချင်တုံး၊ ပူချင်ကြလား (မပူချင်ပါဘုရား) အင်း ...မင်းတို့မပူချင်ပေမယ့် ပူကိုပူရမယ်၊ပူတာလေး အပူမီးလေးမလာခဲ့ပါနဲ့ဆိုလို့ ရရဲ့လား (မရပါဘုရား)မရပါဘူး တဲ့။

ဒါဖြင့်သူ့သဘောအတိုင်း ဖြစ်တာလား.... ကိုယ့်သဘော အတိုင်းဖြစ်လာလား (သူ့သဘောအတိုင်း ဖြစ်တာပါဘုရား) ဒါဖြင့် အတွေလား....အနှေတွေလား(အနှေတွေပါဘုရား)တချို့တလေ တယူသန်နေတာရှိတယ်၊ ဘာမှမလုပ်ကြနဲ့ လုပ်သမျှ ဒုက္ခချည့်ဘဲ ဟေ့၊ စိတ်ကိုစိတ်အတိုင်းထားတဲ့၊ စိတ်ဆိုတာ ရုပ်လားနာမ်လား(နာမ်ပါဘုရား)မြဲတဲ့တရားလား....မမြဲတဲ့တရားလား (မမြဲတဲ့တရားပါဘုရား)မမြဲတဲ့တရားကို သူ့အတိုင်းထားလို့ ရရဲ့လား (မရပါဘုရား)တရားဟောလို့တော့ ကောင်းပါတယ်၊ အချိန်စေ့သွားပြီ၊တော်ကြအုံးစို့။

အားလုံးကြားကြားသမျှ အမျှ....အမျှ....အမျှ.... ယူတော်မူကြပါကုန်လော့။

သာဓု....သာဓု....သာဓု....

၁၃၃၇-ခု တပို့တွဲလဆန်း ၉-ရက်၊
ရန်ကုန်မြို့ (၃၃)လမ်း သာသနာ့ဟိတ ဓမ္မာရုံတွင်
၃၃-လမ်း၊ အမှတ် ၁၇၉ ဦးသန်းစိန်-ဒေါ်ခင်မေ
သားသမီးတစုတို့၏ ဆွမ်းကျွေးအလှူတွင်
ကျေးဇူးတော်ရှင် အာဠဝကဟာပဏ္ဍိတ မဟာစည်
ဆရာတော်ဘုရားကြီး၏ တပည့်၊ ကမ္မဋ္ဌာနာစရိယ
ဟံလင်းဆရာတော်ဘုရား ဟောကြားတော်မူအပ်သော

ရှုနည်း မှတ်နည်း အလုပ်ပေး တရားတော်

၁၃၃၇-ခု၊ တပို့တွဲလဆန်း (၉)ရက်နေ့၊ ရန်ကုန်မြို့ ၃၃-လမ်း၊ သာသနာ့ဟိတ ဓမ္မာရုံမှာ ရှုနည်း မှတ်နည်း တရားကို နာကြားကြပါတယ်။ ဟောကြားရမှာကလဲ ကျေးဇူးရှင် အဂ္ဂ မဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး၏ နည်းအတိုင်း ရှုနည်း မှတ်နည်း အလုပ်ပေးတရားကို ဟောကြားရမယ်။

ဒို့ဒကာ ဒကာမတွေ ဘာဖြစ်လို့ ဒီတရားကို နာချင်ကြသလဲ၊ ဘာကို သိချင်ကြသလဲ ဆိုလို့ရှိရင်ဖြင့် တပည့်တော်တို့တတွေ ကောင်းကျိုးချမဲ့သာတွေ၊ အကျိုးထူးတရားတွေ ရချင်လို့ပါ ဘုရားလို့ လျှောက်ထားကြတော့-

သတ်ပဋ္ဌာန်တရားကို ရှုမှတ်ပွားများလို့ရှိရင်တဲ့ အကျိုးထူးတရားတွေရမယ်၊ စိတ်တွေလဲ့ စင်ကြယ်သန့်ရှင်းလာမယ်လို့ မြတ်စွာဘုရား ကိုယ်တော်တိုင်ကျေညာ၍ ကုရုတိုင်း၊ ကမ္မာသဓမ္မနိုဂုံးရွာကြီးမှာ ဟောကြားတော်မူပါတယ်။ မြတ်စွာဘုရားကိုယ်တော်မြတ်က-

"ချစ်သားတို့....ငါဘုရား သတိပဋ္ဌာန်တရားကို ဟောကြားတော်မူမယ်။ အဲဒီ သတ်ပဋ္ဌာန်တရားကို ပွားများအားထုတ်ရင်၊ အကျိုးထူး,တရား(၇)ပါးရနိုင်တယ်"လို့ တရားမဟောမီ တရားကျေညာချက်ကို အရင်ထုတ်၍ ကျေညာတော်မူပါတယ်။ အခုခေတ် အရောင်းအဝယ် လုပ်တဲ့အခါမှာ သူတို့ရဲ့ ကုန်ပစ္စည်းတွေ ဘယ်လောက်တောင် ကောင်းပါတယ်လို့ ကျေညာသလို့၊ မြတ်စွာဘုရားကလဲ သတိပဋ္ဌာန်တရားရဲ့ အကျိုးကြီးမားပုံ၊ အကျိုးထူးရှိပုံတွေကို ဝန်ခံ၍ ထုတ်ပြန်ကျေညာတော်မူပါတယ်။ ကျေညာတော်မူပုံကတော့-

ကောယနော အယံဘိက္ခဝေ မဂ္ဂေါ
သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ
သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ
အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ
နိဗ္ဗာနဿ သစ္ဆိကိရိယာယ ယဒိဒံ
စတ္တာရော သတိပဋ္ဌာနာ။

မြတ်စွာဘုရား တရား ကျေညာချက်ထုတ်တော်မူတာက-ချစ်သားတို့ ချစ်သမီးတို့ ဟောဒီ သတိပဋ္ဌာန်တရားကို ယုံယုံကြည်ကြည်နဲ့ ပွားများအားထုတ်ရင်၊ သင်တို့ အကျိုးထူးတရား (၇) ပါး ရလိမ့်မယ်တဲ့။

ဘယ်အကျိုးတွေလဲဆိုရင်-

၁။ ဘုရားအလောင်း၊ ပစ္စေကဗုဒ္ဓအလောင်း၊ သာဝကအလောင်းဖြစ်တဲ့ သတ္တဝါအားလုံး စိတ်အညစ်အကြေးမှ ကင်းဝေးစင်ကြယ်လိမ့်မယ်။

၂။ စိုးရိမ်ပူဆွေးရတဲ့ သောကတွေမှ လွန်မြောက်မယ်။

၃။ ငိုကြွေးမြည်တမ်း ပင်ပန်းရခြင်းမှ လွန်မြောက်မယ်။

၄။ ကိုယ်ထဲမှာ အနေဆိုးပြီး အမျိုးမျိုး ခံနေရတဲ့ ကိုယ်ဆင်းရဲတွေမှ လွန်မြောက်မယ်။

၅။ တခါတလေ စိတ်ထဲမှာ အနေဆိုးပြီး အမျိုးမျိုး ခံနေရတဲ့ စိတ်မသက်သာမှု စိတ်ဆင်းရဲမှုတွေမှ လွန်မြောက်မယ်။

၆။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုလဲရမယ်။

၇။ နိဗ္ဗာန်ကိုလဲ မျက်မှောက်ပြုရမယ်။

အဲဒီ အကျိုးထူးတရား (၇)ပါးကို ရနိုင်တယ်လို့၊ ငါတို့ မြတ်စွာဘုရား ထုတ်ပြန်ကျေညာတော်မူပါတယ်။

အကျိုး(၇)ပါး ရှစ်လုံးဘဲ

ကိုလေသာကင်း၊ သန့်ရှင်းအမှန်၊
စိုးရိမ်ပူဆွေး၊ ငိုကြွေးလွတ်ပြန်၊

ကိုယ်စိတ်ဆင်းရဲ၊ ချုပ်မြဲကေန်၊
မင်္ဂဖိုလ်ရောက်၊ မျက်မှောက်ပြုနိုဗ္ဗာန်။ ။
ကိုင်း–ဒါလေး တခေါက်ဆိုကြရအောင်။
ကိလေသာကင်း၊ သန့်ရှင်းအမှန်၊
စိုးရိမ်ပူဆွေး၊ ငိုကြွေးလွတ်ပြန်၊
ကိုယ်စိတ်ဆင်းရဲ၊ ချုပ်မြဲကေန်၊
မင်္ဂဖိုလ်ရောက်၊ မျက်မှောက်ပြုနိုဗ္ဗာန်။ ။

တခေါက်တော့ရသွားပြီ။ဟောဒီအကျိုးတရား (၇)ပါးကို ရသွားနိုင်တယ် ချစ်သားတို့တဲ့။ သင်တို့မှာ ကိလေသာတွေ၊ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ၊ ဒီတရားကိုရှုမှတ်ရင်း ကင်းဝေးလွင့်ပျောက် သွားနိုင်တယ်တဲ့။

သောကပျောက်ဆေး

စိတ်ထဲမှာ ပူဆွေးနေရတဲ့ သောကမီးတွေ၊ သားကြောင့် သမီးကြောင့် စီးပွားကြောင့် ရပ်ကြွင့် ရွာကြောင့် မင်းကြောင့် စိုးကြောင့် တိုင်းကြောင့် ပြည်ကြောင့် အကြောင်းတွေက အများကြီးဘဲ၊ အဲဒီလို အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာတဲ့ ပူဆွေးမှု သောကမီးတွေမှ အပြီးတိုင် လွတ်မြောက်နိုင်ပါတယ်တဲ့။

ငိုကြွေးရတဲ့ဘဝတွေ များခဲ့ပြီ။ ငိုကြွေးလိုက်ရတာတွေ တကတဲ သတ္တဝါ တယောက်ယောက် ငိုကြွေးရတဲ့ မျက်ရည်တွေများ စုထားရင် သမုဒ္ဒရာလေးစင်း ရေလောက်တောင် မကဘူးတဲ့။ အဲဒီလောက် ငိုကြွေးခဲ့ရတဲ့ ငိုကြွေးမှုတွေကိုလဲ လွန်မြောက်သွားနိုင်တယ်။

ဆင်းရဲငြိမ်းဆေး

ကိုယ်ထဲမှာ ကိုယ်ဆင်းရဲအမျိုးမျိုးတွေ၊ ကိုယ်ထဲမှာ ၉၆-ပါး ဘေးရောဂါတွေနဲ့၊ ဒီဘေးရောဂါတွေနဲ့ ကိုယ်ဆင်းရဲတွေကိုလဲ လွန်မြောက်သွားနိုင်တယ်။ စိတ်ဆင်းရဲတွေကိုလဲ လွန်မြောက်သွားနိုင်တယ်။ အရိယမဂ်ကိုလဲ ရနိုင်တယ်။ နိဗ္ဗာန်ကိုလဲ့ မျက်မှောက်ပြုနိုင်တယ်လို့ မြတ်စွာဘုရား ဒီလိုဟောတယ်။

ဒါဖြင့်ဘုရား၊ တပည့်တော်တို့ ဒီအကျိုးတွေကို လိုချင်ပါတယ်လို့၊ တပည့်တော်တို့ လိုချင်ပါတယ်၊ အကျိုး(၇)ပါးထဲက မလိုချင်စရာ တခုမှမပါဘူး။ ဒို့ပရိသတ်ကြီး လောကမှာ ငိုချင်တဲ့သူရှိကြရဲ့လား (မရှိပါဘုရား)၊ ဘယ်သူမှ မငိုချင်ပါဘူး။ ပူကော ပူချင်ကြရဲ့လား (မပူချင်ပါဘုရား)၊ ကိုယ်ကော ဆင်းရဲချင်ကြလား (မဆင်းရဲချင်ပါဘုရား)၊ စိတ်ကော ဆင်းရဲချင်ကြလား (မဆင်းရဲချင်ပါဘုရား)။ ဒါတွေ မလွတ်မြောက်ချင်ကြဘူးလား (လွန်မြောက်ချင်ပါတယ်ဘုရား)၊ လွန်မြောက်ချင်ရင် လွန်မြောက်တဲ့နည်းလမ်းကို လုပ်ရလိမ့်မယ်။ လွန်မြောက်တဲ့နည်းလမ်းလို ရှာကြံရလိမ့်မယ်။

အနာပျောက်ချင်ရင် ဒီအနာနဲ့ အနာပျောက်ကြောင်းဆေး၊ အဲဒီအနာပျောက်ကြောင်း ဆေးရှာရလိမ့်မယ်။ ရှာပြီးတော့ ဒီအနာကို ဆေးစားရလိမ့်မယ်။ ဆေးကုရလိမ့်မယ်။ မကုဘဲပျောက်ပါ့မလား (မပျောက်ပါဘုရား)၊ ဆေးစာဖတ်နေရုံနဲ့ကော ပျောက်ပါ့မလား (မပျောက်ပါဘုရား) မပျောက်ပါဘူးတဲ့။ ဒါကြောင့်မို့ ကိုင်း ဒါတွေလိုချင်ရင် "တပည့်တော်တို့ အားထုတ်ချင်တယ်ဘုရာ့၊ ဘယ်လောက်များ အားထုတ်ရမှာတုံး" လို့ဆိုတော့ မြတ်စွာဘုရားက သတ္တဝဿာနိ (၇)

နှစ်တို့ပတ်လုံး၊ (၇)နှစ် အားထုတ်ရမယ်ဆိုတော့ မြတ်စွာဘုရား က ဒို့ ဒကာ ဒကာမတွေ နောက်တွန်မသွားပေဘူးလား (တွန့် သွားပါတယ်ဘုရား)၊ (၇)နှစ် အားထုတ်နိုင်ပါ့မလား။ ကဲ (၇)နှစ် အားမထုတ်နိုင်လို့ရှိရင်လဲ ဆဝဿာနို-ဒ္ဝဝဿာနို၊ ၆-နှစ် ၂-နှစ် အားထုတ်ပါတဲ့။ ဒါလဲ မထုတ်နိုင်သေးဘူးဆိုရင် ဧကဝဿံ-တနှစ်ပဲအားထုတ်ပါတဲ့၊ တနှစ်လဲအားမထုတ်နိုင်သေး ဘူးဆိုရင် သတ္တာမာသာနို ၇-လတဲ့။လျှော့လျှော့လိုက်လာတယ်။ (၇)လလဲ အားမထုတ်နိုင်ရင် ၆-လ၊၅-လ၊ ၄-လ၊၃-လ၊ ၂-လ၊ ၁-လတဲ့။ တလလဲအားမထုတ်နိုင်ရင် ၁၅-ရက်တဲ့။ ၁၅-ရက်ထဲမှ အားမထုတ်နိုင်ရင် ၇-ရက်တဲ့။ ဒါပေမယ့်လို့ အဲဒီ(၇)နှစ်မှ (၇)ရက်အတွင်း အားထုတ်ဖို့ မြတ်စွာဘုရားက ညွှန်ကြားတာ ကတော့ အလတ်စား နေယျပုဂ္ဂိုလ်အတွက်ပါဘဲ။ ဒို့ပါရမီက တကယ့်ရင့်ကျက်ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်ထူးအတွက်ကတော့ ညနေက**အားထုတ်ရင်၊ မနက်ရဟန္တာဖြစ်နိုင်ပါတယ်၊ မနက်ကအား ထုတ်ရင် ညနေ ရဟန္တာဖြစ်နိုင်ပါတယ်....တဲ့။**

မဂ်ဗိဇ္ဇ

ဒို့ ဒကာ ဒကာမတွေ တရားအားထုတ်တယ်လို့ဆိုတာ ဘယ် နှစ်ရက် ဘယ်နှစ်လ ဘယ်နှစ်နှစ် ဘယ်သူတော့ ဘယ်လောက်နဲ့ ရတယ်၊ ငါတော့်မရဘူးလို့ ဒီလိုနှိုင်းစာလို့ မရပါဘူးတဲ့။ မိမိရဲ့ ပါရမီက ပြည့်စုံနေလို့ရှိရင် ညနေက အားထုတ်ယင် မနက်မရ နိုင်ဘူးလား (ရနိုင်ပါတယ်ဘုရား)၊ မနက်ကအားထုတ်ရင်ကော ညနေမရနိုင်ဘူးလား(ရနိုင်ပါတယ်ဘုရား)။ အေး....ဒါကြောင့် မို့ ဒို့တတွေဟာ ကိုယ့်ပါရမီလဲ ကိုယ်မသိနိုင်ဘူး၊ ကိုယ့်ကိုယ်

ကို ပါရမီညံ့တယ်လို့ပါရမီမရှိဘူးလို့ ဒီလိုယူဆထားလို့မဖြစ်ဘူး။ ဘာ့ကြောင့်တုံးဆိုတော့ လူ့ဘဝဆိုတာ အင်မတန်ရခဲတဲ့ လူ့ဘဝရထားပြီ။ရခဲတဲ့လူ့ဘဝ ရလာတယ်လို့ဆိုတာပါရုမီရှိလို့ဘဲ။ လူ့ဘဝရပြန်တော့လဲ အသက်ရှင်နေဘို့ ခဲယဉ်းတယ်။ခုအသက်ကလဲ ရှင်နေကြပြီ၊ လူ့ဘဝလဲ့ရ၊ အသက်ကလဲရှင်၊ အသက်ရှင်နေပြန်တော့လဲ မြတ်စွာဘုရား တရားနာနိုင်ခဲတယ်တဲ့။ ခုနာနိုင်ခဲတဲ့တရားဒို့နာနေရပြီ။ တွေ့ကြုံခဲတဲ့ သာသနာတော်ကြီးနဲ့လဲ ဒို့တွေ့ကြုံနေပြီ။ ဒီလိုတွေ့နေတာ ဒီလိုနာနိုင်တာဟာ ဒို့ပါရမီရှိလို့ ရှေးဘဝက မင်္ဂဗိဇ္ဇ မင်္ဂမျိုးစေ့က လှုံ့ဆော်လာလို့ဘဲ၊ ကဲ-ဒါလေးလိုက်ဆိုရအောင်။

ရှေးဘဝက၊ မင်္ဂဗိဇ္ဇ၊ လှုံ့ဆွန်းဆော်သည်။
(ရှေးဘဝက၊ မင်္ဂဗိဇ္ဇာ၊ လှုံ့ဆွန်းဆော်သည်။)

ဒို့ပရိသတ်ကြီးဟာ ရှေးတုန်းက ပါရမီရှိလို့ ဒီပါရမီလေးကန်းဆော်တယ်။ နှိုးဆော်လာတဲ့ သူတော်ကောင်းသူမြတ်လောင်းတွေဆီ မရောက်ရောက်အောင် တိုက်တွန်းပို့တယ်။ တရားထူးတရားမြတ်တွေနဲ့ မတွေ့တွေ့အောင် တိုက်တွန်းပို့လိုက်တယ်။ တိုက်တွန်းပို့လိုက်တော့ မိမိတို့ ကိုယ်တိုင်ကိုယ်ကျ အားထုတ်ကြရတယ်။ အားထုတ်လို့ ပြည့်စုံသင့်သမျှ ပြည့်စုံပြီးတော့မှ "ဟာ-ဒို့ဒီတရားတွေ့ တကယ်ဟုတ်တယ်"လို့ သိရတဲ့အတွက် ပါရမီဖြည့်ဖေါ်ဖြည့်ဖက်တွေကို ကြားနာကျင့်သုံးကြရအောင် တဆင့်ဖြန့်ချီကြတာဘဲ။

မဖြစ်ဖြစ်အောင်လို့ ဘယ်လောက်ထိ ကြိုးစားကြသလဲဆိုယင် ပါရမီက လှုံ့ဆော်လာတော့ တရားနာပရိသတ်တွေကို ထမင်း

ကျွေးပြီးတော့၊ တရားရေအေး အမြိုက်ဆေး တိုက်ကျွေးပါလို့ တောင်းပန်ကြတယ်။ တယောက်ပြီးတယောက် အလှည့်ပွဲကျ။ အဲဒီလို ကျွေးမွေးပြီးတော့ အဆင့်ဆင့်ဆောင်ရွက်လာကြတယ်၊ ဒါဘာပြုလို့တုံးဆိုတော့ ပါရမီ ဖြည့်ဖေါ်ဖြည့်ဘက်တွေ့မို့ဘဲ။

ဘုရားလက်ထက်က ယသ သတို့သားဆိုတာ အင်မတန်ကျော်ကြားပါတယ်။ တဦးတည်း သူငြေးသားလေးဘဲ။ သူက ဘုံနှန်းပြာသာဒ် ၃-ခုနဲ့ စံစားရတယ်။ နွေအခါမှာနေတဲ့ ပြာသာဒ်က တမျိုး၊ နွေအခါကျတော့ အေးတဲ့ဘုံနှန်းပြာသာဒ်နဲ့ပေါ့။ ဆောင်းအခါကျတော့ နွေးတဲ့ဘုံနှန်းပြာသာဒ်၊ မိုးအခါမှာတော့ အပူအအေးမျှတဲ့ ဘုံနှန်းပြာသာဒ်မှာနေရတယ်။ အဲဒီလို နေစဉ်မှာပင် သူ့ပါရမီလေးက အချိန်ကျလာတော့ သူ့ကို ဖျော်ဖြေနေတဲ့ ကချေသည်တော်တွေ၊ ရံရွှေတော်တွေ အမျိုးသမီးတွေ၊ အဲဒါတွေက တီးကြမှုတ်ကြ ကကြခုန်ကြနဲ့ ယုယုယယနဲ့ ဖျော်ဖြေနေကြစဉ်မှာ တနေ့ကျတော့ သူက စောစောအိပ်ပျော်သွားတယ်။ အဲဒါ သူ့ပါရမီက သိပ်လိုက်တာဘဲ၊ အဲဒီလို အိပ်ပျော်သွားတဲ့အခါမှာ ဟော-ဒို့အရှင်လဲ အိပ်ပြီလို့ဆိုပြီး အပျိုတော်တွေလဲ အိပ်ကြတယ်။ သူတို့အိပ်တဲ့အချိန်မှာ ယသ သူငြေးသားကနိုးတယ်။ နိုးပြီးတော့ ကြည့်လိုက်တဲ့အခါ ဆီမီးရောင်ကလဲ ထွန်းလင်းနေတဲ့အတွက် ကစဉ့်ကရဲ အိပ်နေကြတာကို တွေ့မြင်ရတယ်၊ တချို့က ပါးစပ်တွေ ဟောင်းလောင်းပွင့်နေတယ်၊ တချို့ကလဲ သွားရေတွေကျနေတယ်၊ တချို့ကလဲ ဟောက်နေတယ်၊ တချို့က သွားကြိတ်နေတယ်၊ အဲဒီလို အိပ်နေတာတွေ့မြင်တော့၊ သြ-ဘာမှသာယာစရာ၊ နှစ်သက်စရာမရှိဘူး၊ အဆောင်တွေဘဲလို့ ဒီလိုမြင်ပြီးတော့ ငါဒီမှာနေလို့

မဖြစ်ဘူး ထွက်သွားမှဘဲလို့ အကြံဖြစ်လာတယ်။ အဲဒါဟာ ပါရမီက လှုံ့ဆော်ပုံလေးဘဲ၊ အဲဒီလို အကြံဖြစ်ပြီးတော့ တခါထဲ ရွှေခြေနင်းစီးပြီး ဘုံနန်းပြာသာဒ်မှ ထွက်သွားတယ်။ အဲဒီအခါ တံခါးတွေကိုလဲ အဆင်သင့် နတ်တွေက ဖွင့်ပေးထားတယ်။ ဒါကြောင့် ဗာရာဏသီမြို့မှထွက်ပြီး မိဂဒါဝုန်တောရောက်သွားတယ်၊ မြတ်စွာဘုရားကလဲ ယသလာမယ်ဆိုတာ သိတော်မူတဲ့အတွက် စင်္ကြံကြွနေရာက ထိုင်နေတော်မူတယ်၊ အနီးရောက်လာတဲ့အခါမှာ မြတ်စွာဘုရားက ယသကို ဆီးနှုတ်ဆက် မိန့်ခေါ်တော်မူပြီးတော့ တရားဟောတော်မူတယ်။ အဲဒီတရားကိုနာပြီး ယသဟာ သောတာပန်ဖြစ်သွားတယ်။ သောတာပန်ဖြစ်သွားပြီးတဲ့နောက် လိုက်လာတဲ့ သူ့ဖခင်အား ဟောတဲ့တရားကိုနာပြီး ရဟန္တာဖြစ်ပါတယ်။ အဲဒါဟာ သူက အရင်တရားရှာပြီး တရားရသွားပုံပါဘဲ။

အဲဒီကနောက် သူနဲ့ပါရမီဖြည့်ဖေါ် ဖြည့်ဘက် သူငွေးသား ၅၄-ယောက်လဲ အရှင်ယသထံ လိုက်လာကြပြီးတော့ ရဟန်းပြုခြင်းအကြောင်းကို စုံစမ်းကြကယ်၊ အရှင်ယသက မြတ်စွာဘုရားထံပို့ပေးတယ်၊ သူတို့လဲရဟန္တာဖြစ်ကြတယ်။ အရှင်ယသ အမှူးရှိသော အဲဒီပုဂ္ဂိုလ် ၅၅-ယောက်ဟာ တခုသော ဘဝတုန်းက ရွာတရွာမှာအသင်းဖွဲ့ပြီး ကောင်းမှုကိုပြုခဲ့ကြတယ်၊ သင်္ဂြိုဟ်မည့် သူမရှိတဲ့အလောင်းတွေကို သူတို့ကသင်္ဂြိုဟ်ကြတယ်။ တနေ့ကျတော့ ကိုယ်ဝန်ဆောင် မိန်းမ၏ အလောင်းကို မီးရှို့ ရာမှာ ယသတယောက်ထဲ ကျန်နေတယ်။ ဒီပြင်လူတွေက အလုပ်ကိုစွရှိလို့ဆိုပြီး ပြန်သွားကြတယ်။ ဒီမှာသူသေကောင်ကို မီးဖုတ်တဲ့အခါ မင်းတယောက်ထဲ စောင့်ရှောက်ရစ်ပါလို့ ဒို့ကိုစွရှိလို့ ပြန်

အုံးမယ်လို့ ပြောပြီးပြန်သွားကြတယ်၊ သူတယောက်ထဲ မီးရှိုး ရစ်တော့တံစူးဝါးနဲ့ ထိုးလိုက်တယ်၊ ထိုးလိုက်တော့ ဗိုက်ထိုးမိတယ်။ အထဲထဲကအသဲတွေအူတွေ ပြုံထွက်လာတော့ စဉ်းစားတယ်၊ အော်... သတ္တဝါများဘာမှတန်ဖိုးမရှိပါလား၊ ကြည့်စမ်း၊ အသဲတွေ၊အူတွေ၊ကျင်ကြီးကျင်ငယ်တွေ၊ ရှံရှာဘွယ်တွေဘဲ၊ စက်ဆုပ်ဘွယ်တွေဘဲလို့ ဒီလိုစဉ်းစားတယ်။ တကယ့်ကိုသတိသံဝေဂဖြစ်ပြီး အသုဘသညာကိုရသွားတယ်။

ဒါလောက်ဘဲ သူတရားနှလုံး သွင်းဘူးတယ်။ ဒါလေးနှလုံး သွင်းမိတယ်။ ရှာထဲရောက်တော့ သူ့သူငယ်ချင်းတွေ ပြန်ပြောတယ်။မင်းတို့ပြန်သွားတော့ ငါတယောက်ထဲ-သူသေကို သံစူးဝါးနဲ့ထိုးလိုက်တော့ ဒို့လူတွေမှာ ဘာမှ သာယာစရာ၊ နှစ်သက်စရာမရှိဘူး။ ရှံရှာဘွယ်အတိ စက်ဆုပ်စရာအတိ ရှိတာကိုသာတွေ့ရတယ်လို့ ဒီလိုတဆင့်ပြောလိုက်တယ်။ ထိုလူတွေကလဲ ဆက်ပြီးတွေးကြတယ်၊ ဟုတ်မှာဘဲ.... အကုန်လုံး ရှံရှာဘွယ်တွေဘဲ။ ၃၂-ကောဋ္ဌသအစုအဝေးတွေ ဘာမှသာယာစရာ နှစ်သက်စရာမရှိပါလားလို့ နှလုံးသင်းကြတယ်တဲ့။ အဲဒီလို နှလုံး သွင်းခဲ့မှုကြောင့် ဒို့ဘုရားလက်ထက်မှာ ယသကအရင် တရားရပြီးတော့ ကျန်တဲ့လူတွေကလဲဘဲ သူရဟန်းဝတ်ရင် သာသနာ့ဘောင် ဝင်ရင် ဒို့လဲ ဝင်မယ်လို့ဆိုပြီး ရဟန်းဝတ်တော့ ရဟန္တာ ဖြစ်ကြတာ။

အခု ၃၃-လမ်းမှာလဲဘဲ၊ ပါရမီ ဖြည့်ဖေါ် ဖြည့်ဘက်တွေ ပါရမီကလှုံ့ဆော်လို့ အချိန်ကျလာတော့ ရှေးဦးစွာ ဦးထွန်းရှိန်တို့ ဦးခင်မောင်ဝင်းတို့ ရောက်လာတယ်။ ရောက်လာ ပြီးတော့

သူတို့က ဒီတရားလမ်းစဉ်ကို သဘောကျပြီးတော့ ပါရမီ ဖြည့်ဖေါ်ဖြည့်ဘက်တွေပြောလို့က်တဲ့အခါ လှယ်လှယ်ကူကူနဲ့ နောက်ကပြုံလို့က်လာကြတယ်။ "ဟာ.. ဒို့လဲ ဒီတရား နာထို့က် တယ်၊ ဒို့တရားအားထုတ် ထို့က်တယ်"ဆို့ပြီးတော့ တရားနာကြတာ သုံးပတ်ရှိသွားပါပြီ။ သုံးပတ်လို့သာဆို့တာပါ ဒီမှာ တိတ်ခွေနဲ့ သွင်းထားတာကို့တော့ နေ့စဉ်နဲ့အမျှ တရားနာ နေကြ တယ်။ တရားလဲအားထုတ်နေကြပါတယ်တဲ့။

ဒါကြောင့်မို့ ဒို့တတွေဟာ ပါရမီးထူးတဲ့ ပုဂ္ဂိုလ်တွေ အားထုတ်ရင် တကယ်ရမှာဘဲလို့ ဟောဒီလို့ ယုံကြည် ကြရမယ်။ ဒါကြောင့်မို့ ဒို့....ဟော=အခုနာရခဲရတဲ့ တရားကိုနာရပြီလို့ တရားဆို့တာလဲ အင်မတန်နာရခဲ့တယ်၊ ခုဒီနားမှာ တရားဟောနေတယ်။ ဒီမြို့ထဲမှာစာရင်း ကောက်လို့က်မယ်ဆို့ရင် လူတွေ သိန်းကျော်ပါတယ်၊ တရားနာတဲ့လူ ဘယ်လောက်ရှိတုံး၊ မနာရခဲဘူးလား(နာရခဲပါတယ်ဘုရား) ဒို့တရားတွေ မနာရခဲ ဘူးလား.... (နာရခဲပါတယ်ဘုရား) ကိုင်း... ဒါဖြင့် တခေါက် ဆို့ရအောင်။

နာရခဲ့ပြီ၊ တရားဟာ။ နာကာနေရပြီး ။

နာရခဲတဲ့တရား မနာရဘူးလား (နာရပါတယ်ဘုရား)အေး နာရတယ်၊ တရားနာတာဘာလို့တုံးဆို့ရင်ဖြင့် တပည့် တော်တို့ တတွေ့ ကိလေသာတွေ့စင်ကြယ်ချင်လို့၊ အပူတွေ့ ငြိမ်းချင်လို့ပါ ဘုရားလို့ ပြောကြတယ်၊ ကိလေသာတွေ့စင်ချင်လို့ ရှိခင်ဖြင့် ဘာလုပ်ရလဲဆို့ရင် သတိပဋ္ဌာန်လမ်းစဉ်ကိုလို့က်ကြတဲ့။

"ကိလေသာကို၊ စင်ကြယ်လို၊ ဘယ်လမ်းစဉ်ကို လို့က်ကြမယ်"

ကဲ....ဆို့ရအောင်။

ကိလေသာကို၊ စင်ကြယ်လို၊
ဘယ်လမ်းစဉ်ကို လိုက်ကြမယ်။
ကိလေသာကို၊ စင်ကြယ်လို၊
သတိပဋ္ဌာန်လမ်းစဉ်ကို လိုက်ပါ့မယ်။

ဒါဖြင့် ကိလေသာစင်ချင်ရင် ဘယ်လမ်းစဉ် လိုက်ကြမတုံး (သတိပဋ္ဌာန်လမ်းစဉ်ပါဘုရား) သတိပဋ္ဌာန်လမ်း လိုက်ရ မယ်နော်။ ခုနင်ကပြောခဲ့တဲ့ သတိပဋ္ဌာန် လမ်းစဉ်က တကြောင်းတည်း၊ တခုတည်းသောလမ်း။ ဒီလမ်းဘဲရှိတယ်၊ ဒီပြင် လမ်းခွဲလမ်းမှာမရှိဘူး၊ ဒိပြင်လမ်းတွေကို လိုက်နေလို့လဲဘဲ မရောက်ဘူးတဲ့။ ဒါကြောင့်မို့ ကိလေသာစင်ကြယ်ချင်ရင်ဖြင့် သတိပဋ္ဌာန်လမ်းစဉ်ကိုလိုက်ကြ။ အရိယမဂ်ကောမရချင်ကြဘူးလား (ရချင်ပါတယ်ဘုရား)။ ကဲ....ဆို။

အရိယာမဂ်ကို၊ ရချင်လို၊
ဘယ်လမ်းစဉ်ကို လိုက်ကြမယ်။
အရိယာမဂ်ကို၊ ရချင်လို၊
သတိပဋ္ဌာန်လမ်းစဉ်ကိုလိုက်ပါ့မယ်။

အရိယမဂ်ရချင်ရင် ဘယ်လမ်းစဉ်ကိုလိုက်မတုံး (သတိပဋ္ဌာန်လမ်းစဉ်ကိုပါဘုရား) သဘိပဋ္ဌာန်လမ်းလိုက်ရမယ်နော်။ လမ်းတော့တွေ့ပြီ။ နိဗ္ဗာန်ကောမရောက်ချင်ကြဘူးလား (ရောက်ချင်ပါဘယ်ရား)။ ကိုင်း=ဆို-

နိဗ္ဗာန်နန်းကို၊ ရောက်ချင်လို၊
ဘယ်လမ်းစဉ်ကို လိုက်ကြမယ်။
နိဗ္ဗာန်နန်းကို၊ ရောက်ချင်လို၊
သတိပဋ္ဌာန်လမ်းစဉ်ကိုလိုက်ပါ့မယ်။

နိဗ္ဗာန်ရောက်ချင်ရင် ဘယ်လမ်းစဉ်ကို လိုက်ကြမတုံး (သတိပဋ္ဌာန်လမ်းစဉ်ပါဘုရား) သတိပဋ္ဌာန်လမ်းစဉ် လိုက်ရမယ်နော်။ ဒါဖြင့် သတိပဋ္ဌာန်လမ်းစဉ်တပါး အခြားလမ်းစဉ် မရှိတော့ဘူးလားဘုရားဆိုတော့ မြတ်စွာဘုရားက=

ကောယနော အယံဘိက္ခဝေ
မဂ္ဂေါ နိဗ္ဗာနဿ သစ္ဆိကိရိယာယ

တခုတည်းသောလမ်း၊ တကြောင်းတည်းသော လမ်းလို့ငါဘုရားဟောကြားတာတဲ့။ နှစ်ခုမပြောခဲ့ဘူးတဲ့။ နိဗ္ဗာန်ကိုသင်တို့သွားချင်ရင်ဖြင့် ဟောဒီ သတိပဋ္ဌာန်လမ်းကသွားကြတဲ။ နိဗ္ဗာန်သွားချင်ရင်ဘယ်ကသွားကြမတုံး(သတိပဋ္ဌာန်လမ်းကပါဘုရား) သတိပဋ္ဌာန်လမ်းကသွားကြတဲ့။ ဒို့ဂင်္ဂါဝါဋ္ဌုသဲစုမက ပွင့်တဲ့ဘုရားတွေဟာ ဒီသတိပဋ္ဌာန်လမ်းကဘဲ သွားကြပါဟယ်တဲ့။ ရှင်ပစ္စေက ဗုဒ္ဓါကိုယ်တော်မြတ်ကြီးတွေလဲ ဒီသတိပဋ္ဌာန်လမ်းကဘဲသွားကြတယ်။ မြတ်စွာဘုရားတို့ရဲ့ တပည့်သာဝကတွေလဲ ဒီသတိပဋ္ဌာန်လမ်းကဘဲ သွားကြပါတယ်တဲ့။ ဒါကြောင့်မို့ နိဗ္ဗာန်ရောက်ချင်ယင် သတိပဋ္ဌာန်လမ်းကသွားမှ၊ သတိပဋ္ဌာန်လမ်းစဉ်ကိုလိုက်မှတဲ့။ မြတ်စွာဘုရားက ဒီလိုတိုက်တွန်းတယ်။ လိုက်ကောလိုက်ကြပလား၊ လိုက်မလို့စိတ်ကူးတုန်း ဟုတ်လား။ (မှန်ပါ့ဘုရား) လိုက်တော့လိုက်ချင်ပြီ၊ ဒီနေရာမှာ တိုက်တွန်းဥပမာလေးတခု ပြောထားခဲ့မယ်။

ဒို့ရှေ့တုန်းက ဒကာမကြီး တယောက်မှာ သားလေးတယောက်ရှိတယ်။ သူ့သားလေးနံမည်ကတော့ မောင်လှအောင်တဲ့။ နံမည်ဘယ်သူတဲ့ (မောင်လှအောင်ပါဘုရား) သူက နဲနဲ

အရုပ်ဒုံးတယ်။ ဆံပင်လေးကလဲတွန့်သတဲ့၊ လည်တံရှည်သတဲ့။ ခေါင်းကသေး ဇက်ကကွေးတယ်၊ မျက်စိကမှေး၊နှုတ်ခမ်းကကွဲ၊ သွားကလဲခေါသတဲ့၊ စကားပြောတာလဲ ရှူးနောက်နောက်၊ နဖူးကလဲခပ်မောက်မောက်၊နှာယောင်ကလဲပု၊ပေါင်ကလဲကျ၊ချက်ကလျှာ၊ ဗိုက်ကဖောင်း ဒို့ဗိုက်ပူစိပေါင်း၊ မီးညောင်ဖုထွက်၊ အသားကြမ်းတယ်၊ ခါးတန်းတယ်တဲ့၊ ဒီတော့သူကအချိန်တန် အရွယ်ရောက်လာသော်လဲ အသိအမှတ်မပြုကြဘူးတဲ့။ အမျိုး သမီးတွေကလဲ အသိအမှတ်မပြုဘူး၊ ဘယ်သူကမှ သူ့ကိုစာရင်း မသွင်းဘူး။ဒီတော့ သူ့အမေက ပစ္စည်းအတော်ချမ်းသာလေ တော့ စိန်လက်ကောက်ကြိုးတွေလုပ်တယ်။လုပ်ပြီးတော့ အမျိုး သမီးဋ္ဌိတဲ့အိမ်တွေ သွားတယ်။ သူ့သား မောင်လှအောင်ကို လက်ခံပါ၊ မေတ္တာမျှကြပါ။ ဟောဒီ စိန်လက်ကောက်ကြိုး ပေးပါမယ်လို့ စိန်လက်ကောက်ကြိုးတွေပြတယ်၊ လက်မခံကြဘူး တဲ့။ ဟိုအိမ်သွားလဲလက်မခံ၊ ဒီအိမ်သွားလဲလက်မခံ။ ဘယ်အိမ်ကမှ လက်မခံတော့ ဒါနဲ့တပ်လန်ပြီး ပြန်ခဲ့ရတယ်။

တနေ့ကျတော့ အမျိုးသမီးတွေက တနေရာမှာသွားဆုံကြတယ်။ ဆုံတော့ ဘယ့်နှယ်တုံးအေ့... ညည်းတို့အိမ်ကို မောင်လှအောင်အမေ မလာဘူးလားဟေ့ စိန်လက်ကောက်ကြိုးတွေနဲ့ ငါ့ဆီလဲလာတယ်၊ သူ့ဆီလဲလာတယ်ပေါ့။ ဒီတော့ သူတို့စုံပြီးတော့ သံချပ်ထိုးကြတယ်။ "စိန်လက်ကောက်တွေကိုတော့ လို ချင်လိုချင်၊ မောင်လှအောင်ကိုတော့ ဟင့်အင် ဟင့်အင်"

သူတို့သံချပ်ထိုးကြတယ်။ ဒို့ဒကာ ဒကာမတွေလဲ နိဗ္ဗာန်မင်္ဂဗိုလ်ကို မလိုချင်ကြဘူးလား (လိုချင်ပါတယ်ဘုရား) ကိုင်းဆို...

နိဗ္ဗာန်မဂ်ဖိုလ်ကိုတော့ လိုချင်လိုချင် (နိဗ္ဗာန်မဂ်ဖိုလ်ကိုတော့ လိုချင်လိုချင်) ကျင့်ပါကြံပါဆိုတော့ ဘယ့်နှယ်ပြောကြမတုံး၊ ဟင့်အင် ဟင့်အင်လို့ ပြောမှာလား။ ဟင့်အင် လုပ်မှာလား။ ဘယ့်နှယ်တုံး နောက်ဒို့ပရိသတ်ကြီး ကျင့်ပါကြံပါဆိုတော့ ဘာတဲ့ ဟင့်အင် ဟင့်အင်ဟုတ်လား။ မဂ်ဖိုလ်ကိုတော့ မလိုချင်ဘူးလား (လိုချင်ပါတယ်ဘုရား) လိုချင်လိုက်တာ **ပါ ၉ပ်** က ဆုတောင်းလိုက်တာ၊ ရွှေတိဂုံသွား မဂ်ဖိုလ်နိဗ္ဗာန်၊ ခုနင်ကကန်တော့တော့ကော၊ မဂ်ဖိုလ်နိဗ္ဗာန် ဟုတ်ကဲ့လား။ မနက်အစောကြီးကော မဂ်ဖိုလ်နိဗ္ဗာန်။ ကိုင်း....မဂ်ဖိုလ်နိဗ္ဗာန်ကိုလိုချင်ယင် ဒီတိုင်းကော ရကြပါ့မလား (မရပါဘုရား) ကဲ....တခေါက်တော့ ဆက်ကြအုံးစို့။

ဘယ်နေရာမှာလုပ်လုပ်

မဂ်ဖိုလ်နိဗ္ဗာန်ကိုတော့ လိုချင်လိုချင် (မဂ်ဖိုလ်နိဗ္ဗာန်ကိုတော့ လိုချင်လိုချင်) ကျင့်ပါကြံပါဆိုတော့ ဘယ့်နှယ်ပြောကြမတုံး၊ ကိုယ့်ဟာကိုယ်ဖြေပေတော့။ ဟင့်အင် ဟင့်အင်-ဟုတ်လား၊ အဲဒီလို ဟင့်အင်မဖြစ်ကြစေနဲ့။ တဆင့်တက်ကြစို့ရဲ့လို့နော်။

အေး....မြတ်စွာဘုရား ညွှန်းတော်မူတဲ့ အတိုင်း၊ ဟောဒီသတိပဋ္ဌာန်လမ်းစဉ်ကြီးကို တကယ်ကျင့်ချင်လို့ရှိယင် ကိုယ့်အိမ်ကိုယ်ရေခပ်ရင်းလဲ ကျင့်လို့မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) ထမင်းချက်ရင်းကော မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) ရုံးတက်ရင်းကော မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) ရောင်းရင်းဝယ်ရင်းကော မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) ခန္ဓာကိုယ်

မှာ ပေါ်သမျှ ပြုလုပ်သမျှ အမှုအရာတွေကို အာကုန်လုံး မိမိ ဃတိလေးထားပြီးတော့ မှတ်ရုံဘဲမဟုတ်လား (ဟုတ်ပါတယ် ဘုရား) ဘယ်ကပေါ်လာလာ ပေါ်တာလေ့းမှတ်လိုက်၊မှတ်လို့ ရှိယင် အဲဒီပေါ်လာတာကလေးသိတယ်။ အဲဒါဟာ ရုပ်နာမ် တရားတွေရဲ့သဘောမှန်ကိုသိတာဘဲ့။

အဲဒီလို သိပြီးတော့ အကြောင်းနဲ့ အကျိုးကိုလဲ သိနိုင်ပါ တယ်။ ယခု အဲဒီအကြောင်းအကျိုးကိုဦးစားပေးပြီးတော့ဟာ ရမယ်။ ပစ္စယပရိဂ္ဂဟဉာဏ်လို့ဆိုရာမှာပစ္စယဆိုတာကအကြောင်း ပရိဂ္ဂဟ ဆိုတာက သိမ်းဆည်းတာ၊ သိတာ။ အကြောင်းကိုလဲ သိမ်းဆည်းပြီးတော့ သိပုံကို ဟောရမယ်။ လောကကြီးထဲမှာ ဖြစ်နေကြတဲ့ သတ္တဝါတွေဟာ ဘာ့ကြောင့် ဖြစ်နေကြသလဲဆို တာ သိအောင်အကြောင်းကို ရှာရမယ်။ သတ္တဝါတွေ ဘာပြု လို့ ဒီလိုဖြစ်လာသလဲ။ ဘာပြုလို့ ဒီလောကကြီး ဖြစ်လာသလဲ။ ဘာ့ကြောင့် သစ်ပင်တောတောင် ရေမြေတွေ ဖြစ်လာသလဲ။ ဟောဒီလို စဉ်းစားလိုက်တော့ တချို့က ယူဆထားကြတယ်။ ဘုရားက ဖန်ဆင်းထားလို့တဲ့။ တနေ့ကတောင်မှ ကြော်ငြာစာ တစောင် ရသေးတယ်။ နည်းမှန်လမ်းမှန်နဲ့ နိဗ္ဗာန်ပို့နေတာတဲ့။ ဘုန်းကြီးတို့လဲ အဲဒီကြော်ငြာစာတစောင် ရတယ်။ အဲဒီသူတို့ ဘုရားက သတ္တဝါတွေကယ်တင်နေသတဲ့၊ မကောင်းတဲ့သူတွေလဲ ကောင်းရုပ်နိုင်တယ်၊ ကောင်းတဲ့သူတွေလဲ ကောင်းသထက် ကောင်းအောင် လုပ်နိုင်တယ်တဲ့။

အဲဒီဖန်ဆင်းဝါဒက ဒို့ဘုရားလက်ထက် မတိုင်မီကတည်းက ရှိလာခဲ့တဲ့ ဝါဒပါဘဲ။ သူတို့ဘုရားက မကောင်းသူတွေ ကောင်း အောင် ကယ်တင်နိုင်တယ်လို့ဆိုတယ်။ ဒို့ဥပမာတခုနဲ့ ပြောရ

မှာဘဲ၊ ပုလင်းထဲမှာ အိုးထဲမှာ ကျောက်ခဲတွေ ထည့်ပြီးတော့ ရေထဲမှာ ရိုက်ခဲလိုက်၊ ရိုက်ခဲလိုက်လို့ရှိရင် အိုးကွဲတွေ ဘယ်ကျသွားမတုံး (ရေထဲကျသွားပါမယ်ဘုရား)၊ ကျောက်ခဲတွေကကော (ရေထဲကျပါမယ်ဘုရား)၊ ရေထဲကျမှာဘဲ။ ဒါဖြင့်သူတို့ဘုရားက အိုးကွဲတွေပေါ်အောင် လုပ်နိုင်ရဲလားတဲ့၊ မလုပ်နိုင်ပါဘူးတဲ့။ ကျောက်ခဲတွေကောပေါ်အောင်လုပ်နိုင်လား၊မလုပ်နိုင်ဘူး။ မှတ်ထားနော်တဲ့။

နောက်တခါ ဆီဦးထောပတ်အိုးကြီးတလုံးယူခဲ့။ယူပြီးတော့ ရေထဲမှာ ရိုက်ခဲလိုက်၊ အိုးကွဲတွေက ဘယ်ကျမတုံး (ရေထဲကျပါမယ်ဘုရား) ရေထဲကျမယ်။ ဆီဦးထောပတ်တွေက ဘယ်ကျမတုံး (ပေါ်နေပါမယ်ဘုရား) အပေါ်တက်လာမယ်။ ဒါဖြင့် ဆီဦးထောပတ်တွေကို သူတို့ဘုရား အောက်ကျအောင် လုပ်နိုင်ရဲလားတဲ့။ မလုပ်နိုင်ပါဘူးတဲ့။ အိုးကွဲဟာ အကုသိုလ်နှင့် တူတယ်။ ဆီဦးထောပတ်က ဘာနဲ့တူတုံး၊ ကုသိုလ်နဲ့ တူတယ်။ ကုသိုလ်တရားဆိုတာ သူ့သဘော သူဆောင်ပြီးတော့ အထက်ဆောင်သွားတယ်။ အကုသိုလ်တရားဆိုတာက သူ့သဘော သူဆောင်ပြီးတော့ အောက်ကျသွားမယ်။ ဘယ်သူမှ မတက်နိုင်ဘူး။ ဒို့ဘုရားက ကယ်တင်နိုင်တယ်ဦ ဟောရဲလား (မဟောပါဘုရား)၊ ကျင့်ဘို့နည်းလမ်းသာ ပေးတာမှဟုတ်လား။ အေးငါက ကယ်တင်မယ်က။ မင်းမိုက်ချင်ရာမိုက်၊ တေချင်ရာတေ၊ လုပ်ချင်ရာလုပ်၊ ဒါပေမဲ့ ငါကိုးကွယ်၊ ငါဆည်းကပ်၊ ငါက မင်းတို့ကို ကောင်းရာပို့လိုက်မယ်လို့၊ ဒီလိုဟောရဲလား(မဟောပါဘုရား)။ ဒို့ဘုရားက "အကျွှာတာရော တထာဂတာ-နည်းကောင်း လမ်းမှန်ကို ဟောရုံသာ ဟောပေးနိုင်တယ်"လို့ ဟော

ထားပါတယ်။ ဟော့ဒါတွေ့ မလုပ်ကြနဲ့၊ ဟော်ဒီအကြောင်း မကောင်းလို့ရှိရင် မင်းတို့မှာ မကောင်းတဲ့အကျိုး ပေါ်လိမ့်မယ်။ ကောင်းတဲ့အကြောင်း ရှိလို့ရှိရင် ကောင်းတဲ့ အကျိုးတွေ့ ပေါ်မှာဘဲလို့ ဒီလိုသာ ဟောတော်မူပါတယ်။ ဒါကြောင့် အကုသိုလ်များဟာ ကျောက်ခဲနဲ့တူတယ်၊ ကုသိုလ်ကဘာနဲ့လူတုံး (ဆီဦးထောပတ်နဲ့ တူပါတယ်ဘုရား)၊ ဆီဦးထောပတ်နဲ့ မတူဘူးလား(တူပါတယ်ဘုရား)၊အကုသိုလ်က ဘာနဲ့တူသတုံး(ကျောက်ခဲနဲ့တူပါတယ်ဘုရား) ကျောက်ခဲနဲ့တူတယ်။ ကိုင်းဆိုရအောင်-

အကုသိုလ်ဟာ၊ ကျောက်ပမာ၊
အောက်မှာနစ်မြုပ်သည်။

အကုသိုလ်ဟာ ဘယ်မှာနစ်မြုပ်တုံး (အောက်မှာ နစ်မြုပ်ပါတယ်ဘုရား)၊ အောက်မှာမြုပ်ဘာဘဲ။ ကျောက်ခဲသေးသေးလေး ချရင်ကော မမြုပ်ဘူးလား(မြုပ်ပါတယ်ဘုရား)၊ကြီးကြီးကော မမြုပ်ဘူးလား(မြုပ်ပါတယ်ဘုရား)၊ မြုပ်တာဘဲ။ အကုသိုလ်များ နဲနဲတောင် မလုပ်နဲ့။ ကာယကံကလဲ ရှောင်ရမယ်၊ ဝစီကံကလဲရှောင်၊ မနောကံကလဲရှောင်ရမယ်။ ကုသိုလ်ကတော့ ဆီဦးထောပတ်နဲ့တူတယ်ဘဲ့။ ဒါကြောင့်မို့ ကဲတခေါက်ဆို-

ကုသိုလ်ဆိုတာ၊ ဆီပမာ၊
ပေါ်မှာဆန်တက်သည်။

ဆီကဘယ်တက်တုံး (အပေါ်မှာ ဆန်တက်ပါတယ်ဘုရား) ကုသိုလ်က ဘယ်တက်တုံး (အပေါ်ကို ဟက်ပါတယ်ဘုရား) ကုသိုလ်က အပေါ်တက်တယ်နော်။ လူ့ပြည် နတ်ပြည် ဗြဟ္မပြည်နိဗ္ဗာန်တိုင်အောင်မဆောင်ဘူးလား(ဆောင်ပါတယ်ဘုရား) ဒါဖြင့် ဒီနေရာ ဥပမာလေးတခုတော့ ပြောရအုံးမယ်။

ခန္ဓာဆိုတာ-အိုးပမာ

ဒို့ခန္ဓာကြီးက အိုးနဲ့မတူဘူးလား (တူပါတယ်ဘုရား)၊ အိုးများ ဘယ်ရောက်တုံး၊ ရေထဲမကျဘူးလား (ကျပါတယ်ဘုရား) ထနေ့မြေကြီးထဲ မရောက်ဘူးလား (ရောက်ပါတယ်ဘုရား)၊ ဒို့ခန္ဓာကြီးကော ဘယ်ရောက်မတုံး မြေကြီးထဲမရောက်ဘူးလား (ရောက်ပါတယ်ဘုရား) သုသာန်မြေဖြစ်ရမှာတဲ့။ ဒို့ခန္ဓာကြီးက တော့ အောက်မြုပ်တာဘဲ။ ဒါပေမဲ့လို့ ဒို့တတ္တေက ကုသိုလ် အကုသိုလ်တွေကို ခန္ဓာအိုးထဲမှာ သွင်းနေကြတယ်။ ပုထုဇဉ်တွေက အရူးတွေဆိုတော့ တွေ့ရာတွေ ရှောက်ထည့်သွင်း နေတာ။ အကုသိုလ်များ ထည့်ထားရင်အိုးဆိုတဲ့ ခန္ဓာကြီးကလဲ မြုပ်မယ်၊ အကုသိုလ် တွေကရော မြုပ်မှာဘဲ။ ဒါပေမယ်လို့ ဆီဦးထောပတ်တွေ သွင်းရင်ကော၊ ခန္ဓာကြီး မြုပ်သွားသော်လဲ ဆီဦးထောပတ်တွေက မြုပ်ပါ့မလား ဟေ့ (မမြုပ်ပါဘုရား)။ အေး-ဆီဦးထောပတ်နဲ့တူတဲ့ ကုသိုလ်တွေ အခု ဒို့သွင်းမနေကြဘူးလား (သွင်းနေကြပါတယ်ဘုရား)။ အေး-ဒါကြောင့် အကုသိုလ်တွေကို မသွင်းကြနဲ့။ အကုသိုလ်တွေသွင်းရင် မြုပ်သွားကြလိမ့်မယ်။ ကုသိုလ်ကောင်းမှုတွေ သွင်းမှသာ အပေါ် တက်လိမ့်မယ်လို့၊ ဒို့မြတ်စွာဘုရားက ဟောကြားတော် မူခဲ့တယ်။ ဒါကြောင့် သတ္တဝါတွေကို ဘယ်နတ်၊ ဘယ်ဗြဟ္မာမှ ဖန်ဆင်းတာမဟုတ်ဘူး၊ ဘယ်တန်ခိုးရှင်ကမှ ဖန်ဆင်းတာမဟုတ်ဘူး၊ အကြောင်းကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးတရားတွေချည့်ဖြစ်တယ်။ ဒါကြောင့်-

နဟေတ္ထ ဒေဝေါ ဗြဟ္မာဝါ၊ သံသာရဿတ္ထိကာရကော
သုဒ္ဓမ္မာပဘတ္တန္တီ၊ ဟေတုသမ္ဘာရ ပစ္စယာ။

ထွေးကျိနာမ်ရုပ်အပေါင်း အကြောင်းသင့်စွာ ဖြစ်ပေါ်၍ နေရာ၌။ သံသာရဿ၊ အဆက်မပြတ် ဖက်စပ်တုံ့ပြန် ရုပ်နာမ် ခန္ဓာ သံသရာကို။ ကာရကော၊ မဖြစ်ဖြစ်အောင် တည်ထောင် ဖန်ဆင်းနိုင်သော။ ဒေဝေါဝါ၊ ကျေးဇူးကိုထင် ဂုဏ်အင်ကို မှတ် ပျုပ်ဝပ်ရှိခိုးဘို့ ပိဿာနိုးစသော နတ်မင်းကြီးသည်ဌင်း။ ဗြဟ္မာဝေါ၊ ကမ္ဘာကစနိုင်သည့် ထာဝရသခင် အရှင်ဗြဟ္မာ မင်းကြီး သည်ဌင်း။ နဟိအတ္ထိ၊ ရှေနောက် ပေါင်းလစ် အကြောင်းစစ်က စနစ်ကေန် မရှိရိုးမှန်တော့သည်သာတည်း။

ဒီနေရာမှာ ဒါလေးကိုသေသေချာချာကြည့်ကြရမယ်။ ဒို့ ဘုရားက ဖန်ဆင်းတယ်၊ တန်ခိုးရှင်က ဖန်ဆင်းတယ်၊ ဗြဟ္မာက ဖန်ဆင်းတယ်ဆိုတာ ဟုတ်သလား မဟုတ်ဘူးလားဆိုတာ သိရ အောင်၊ သံသာရဿ- အဆက်မပြတ် ဖက်စပ်တုန့်ပြန် ရုပ် နာမ် ခန္ဓာ သံသရာကို၊ သံသရာဆိုတာ ဘာခေါ်သတုံးဆိုရင် ရုပ်နဲ့ နာမ်အစဉ်ကိုခေါ်တယ်။ ခန္ဓာ၊ အာယတန၊ ဓာတ်တွေအစဉ်ကို ခေါ်တယ်။ သံသရာကဘာတုံး အကျဉ်းချုပ်တော့ ရုပ်နှင့်နာမ် အစဉ်ဘဲ။

ရုပ်နဲ့နာမ်တွေ အဆက်ဆက်ဖြစ်နေတာကို ဘာခေါ်တုံး (သံသရာလို့ ခေါ်ပါတယ်ဘုရား) အဲဒါ သံသရာလည်တယ်။ အထပ်ထပ်ဖြစ်မနေဘူးလား(ဖြစ်နေပါတယ်ဘုရား) အထပ်ထပ် ဖြစ်နေတာကို လည်တယ်လို့ ပြောတာဘဲ။

ကိုင်း- ဒီလိုပြောကြအုံ့စို့။ ခုမျက်စိကမြင်တယ်လို့ ဆိုရင် ဘာကမြင်တုံး၊ ရုပ်ကမြင်သလား- စိတ်နာမ်ကမြင်သလားဆိုရင် စိတ်နာမ်ကမြင်တယ်။ ဘာကမြင်တုံး (စိတ်နာမ်ကမြင်ပါတယ်

ဘုရား) အဲဒီမြင်သိတဲ့စိတ်ဟာမြဲရဲ့လား (မဲမြဲပါဘုရား)ပျောက်မသွားဘူးလား (ပျောက်သွားပါတယ် ဘုရား)။ အမြင်ခံရတဲ့အဆင်းရုပ်ကကော မြဲရဲ့လား (မမြဲပါဘုရား) ပျောက်မသွားဘူးလား(ပျောက်သွားပါတယ်ဘုရား)ပျောက်သွားပြီးတော့နောက် ထပ်လဲမမြင်ဘူးလား (မြင်ပါတယ်ဘုရား) ထပ်မြင်တော့ကော ရုပ်နာမ်တွေမဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) ဖြစ်ပြီးပျောက်မသွားဘူးလား(ပျောက်သွားပါတယ်ဘုရား) ပျောက်ပြီး ထပ်ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)ဒါဖြင့် ရုပ်နာမ်တွေအဆက်ပြတ်ရဲ့လား(အဆက်မပြတ်ပါဘုရား)အဲဒီလို အဆက်မပြတ်ဖြစ်နေတာကို ဘာခေါ်တုံး (သံသရာလို့ခေါ်ပါတယ်ဘုရား)သံသရာဆိုတာ အဲဒီလိုသူ့ဘာသာသူဖြစ်နေတဲ့ ရုပ် နာမ် အစဉ်ဘာ။

ကြားစရာအသံရှိရင် ကြားမယ်မဟုတ်လား (ကြားမှာပါဘုရား) ဒီကဘာတုံး၊ အကြောင်း။ ကြားတာကအကျိုး။ ဒါဖြင့်အကြောင်းကြောင့် အကျိုးဖြစ်တာဘဲ။ ဒီလိုမဖြစ်ဘူးလား(ဖြစ်ပါတယ်ဘုရား) ဒါဖြင့် အကြောင်းအကျိုးဖြစ်တာကို နတ်တွေ ဗြဟ္မာတွေက ဖန်ဆင်းတာဟုတ်ကဲ့လား (မဟုတ်ပါဘုရား) သူတို့ဘုရားဖန်ဆင်းတာကော ဟုတ်ကဲ့လား(မဟုတ်ပါဘုရား) သူတို့ဘုရားလဲ မဖန်ဆင်းပါဘူးတဲ့။ ဒါကြောင့်မို့ ဘုရားလဲမဖန်ဆင်းဘူး၊ ဗြဟ္မာလဲမဖန်ဆင်းဘူးဆိုရင် ဘာ့ကြောင့် ဘာတွေဖြစ်သလဲဆိုလို့ရှိရင်–

သုဒ္ဓမမ္မာ၊ သက်သက်သော နာမ်ရုပ်တရားတို့သည်။ ဟေတု သမ္ဘာရ ပစ္စယာ၊ အကြောင်းအဆောက်အအုံ လောက်လုံဆိုက်

မြို့က် တိုက်ဆိုင်ခြင်း တည်းဟူသော အကြောင်းကြောင့်။ ပဝတ္တန်၊ အများမျက်မြင် အထင်အရှား ဖြစ်ပွားပေါ်ပေါက်၍ လာရလေတော့သတည်း။

သဿတနဲ့ဥစ္ဆေဒလွတ်အောင်

သက်သက်ရုပ်တွေနာမ်တွေ သူ့အကြောင်းနဲ့သူ ဖြစ်နေတာ ဘဲတဲ့။ အကြောင်းကြောင့် ဖြစ်ပေါ်တဲ့အကျိုးတရားတွေဘဲ။ ဒီနေရာမှာ အကြောင်းအကျိုးလေးတွေဟာ စောစောကလဲ ပြောခဲ့ပြီးသားဘဲ။ ဥပမာ- ဒို့အခုဝမ်းဗိုက်က ဖောင်းတာကို ဖောင်းတယ်လို့ မှတ်တယ်၊ ဘာပြု လို့ ဖောင်းတယ် ဆို တာ အကြောင်းရှာကြည့်။ ဒီဖောင်းတာ နတ်ကလုပ်လို့က်တာလား၊ သို့မဟုတ် ကိုယ်တိုင်လုပ်လို့က်တာလား၊ သူများကလုပ်တာလား လို့ ဒီလိုမေးရင် ဖောင်းတာလေး ဘယ်သူ့ကြောင့် ဖောင်း တယ်လို့ ထင်ကြတုံး (ကိုယ်တိုင်လုပ်လို့ပါဘုရား) ကိုယ်တိုင်၊ ကိုယ့်ဟာကိုယ် လုပ်တယ်....ဟုတ်လား(ဟုတ်ပါတယ်ဘုရား)အဲဒီ လို့ ယူထားရင်တဲ့ ကိုယ်တိုင်ကိုယ့်ဟာကိုယ် လုပ်တယ်လို့. ဆို့ရင် ဖောင်းအောင်လုပ်တဲ့ အတွက်ကောင်ရှိတယ်လို့ ထင်မြင်တဲ့အတွက် အတ္တဒိဋ္ဌဖြစ်တယ်။ နတ်ဗြဟ္မာဘုရားသခင်က လုပ်ပေးတယ်ဆို တာကတော့ ထင်မြင်ယူဆစရာ မရှိပါဘူး။

ဒါဖြင့်ဘယ်သူကလုပ်ပေးသလဲဘုရားလို့ မေးရင် အကြောင်း ကြောင့်ဖြစ်နေတဲ့ အကျိုးတရားဘဲလို့ ဖြေဆိုရမယ်။ ဒီနေရာမှာ ချမ်းသာဆင်းရဲဆိုတဲ့အကျိုးကို ကိုယ့်ဟာကိုယ် ပြုခဲ့တယ်လို့ ဆိုယင် ရှေးဘဝက ကုသိုလ်အကုသိုလ်ပြုခဲ့တဲ့ အတ္တကောင်က ယခုဘဝအထိ မြဲတည်နေတယ်လို့ ယူတဲ့အတွက် သဿတဒိဋ္ဌ

ဖြစ်တယ်။ သူတပါးကပြုခဲ့တယ်လို့ ဆိုယင်တော့ ရှေးဘဝက ကုသိုလ်အကုသိုလ်ပြုခဲ့သူက ပြတ်စဲခဲ့ပြီ၊ယခုခံစားသူကတယောက်လို့ ယူတဲ့အတွက် ဥစ္ဆေဒဒိဋ္ဌိဖြစ်တယ်။ ဒါဖြင့်အကြောင်းတရား ရှာကြစို့။

ဒါလေး ကနေ့ ပစ္စယပရိဂ္ဂဟဉာဏ်ဟောတော့အကြောင်းအကျိုးလေး ဆက်ပြမယ်။ အကြောင်းကဘယ်သူလဲလို့ဆိုတော့စိတ်တရား။ စိတ်ရှိတော့အသက်မရှူကြဘူးလား(ရှူပါတယ်ဘုရား) ရှူတယ်နော်။ ဒါဖြင့်စိတ်ကရုပ်လား....နာမ်လား....နာမ်တရား။ ရှူတာက ရုပ်လား....နာမ်လား....ရုပ်တရား။ ရှူတာကဘာတုံး (ရုပ်တရားပါဘုရား)ရုပ်တရား။ စိတ်က(နာမ်တရားပါဘုရား) စိတ်ရှိလို့ ရှူတာမှုတ်လား (မှန်ပါ့ဘုရား) စိတ်မရှိရင် ရှူပါ့မလား (မရှူပါဘုရား)၊ အကယ်၍ သေနေတဲ့လူတယောက် ရှူသေးလား (မရှူပါဘုရား)၊ ဘာလို့မရှူတုံး (စိတ်မရှိလို့ပါဘုရား)။ ဒါဖြင့် အသက်ရှင်တယ်လို့ ခေါ်နေတဲ့လူဟာ စိတ်ရှိတယ်လို့ မဆိုရဘူ လား (ဆိုရပါတယ်ဘုရား)။ ဒါဖြင့် ဒီစိတ်ကလေး ရှိတော့ အရှူ အရှိုက် မ လုပ် ဘူး လား။ (လုပ်ပါတယ်ဘုရား) ဒါဖြင့် အကြောင်းတရားကရှူတာ ဘယ်သူ့ကြောင့်ရှူတုံး (စိတ်ကြောင့်ပါဘုရား) နာမ်ကြောင့် ရုပ်မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) နာမ်ကအကြောင်း၊ ရုပ်က (အကျိုးပါဘုရား) အကျိုးရှူတော့ မဖောင်းဘူးလား (ဖောင်းပါတယ်ဘုရား) ရှုတော့ဖောင်းတယ်။ ရှူတာကရုပ်လား-နာမ်လား (ရုပ်ပါဘုရား) ဖောင်းတာက (ရုပ်ပါဘုရား) ဒါဖြင့် ဘယ်သူကအကြောင်းတုံး(ရှုတာကအကြောင်းပါဘုရား)ရှူတာ

ကအကြောင်း၊ ဖောင်းတာက (အကျိုးပါဘုရား) ရုပ်ကြောင့် ရုပ်ဖြစ်။ဒါဖြင့် ရှုနေတာတွေ့ ဖောင်းနေတာတွေ့ထဲမှာ ဖန်ဆင်းတဲ့နတ်ပါရဲ့လား (မပါပါဘုရား) ဖြဟ္မာပါရဲ့လား (မပါပါဘုရား) မပါပါဘူး။ ဒါဖြင့်ယင် ဖောင်းနေတဲ့အထဲကောပါရဲ့လား (မပါပါဘုရား) ကိုင်း အသက်ရှူလိုက်၊ အသက်ရှူလိုက်ယင် မဖောင်းဘူးလား (ဖောင်းပါတယ်ဘုရား) ထုတ်လိုက်ယင် မပိုန်ပေဘူးလား(ပိန်ပါတယ်ဘုရား) ကဲ... ဒါဖြင့် အသက်လဲရှူသေး၊ မဖောင်းပါနဲ့လို့ ဘိုးဘိုးအောင် မတောင်မူပါဆိုယင် ရပါ့မလား (မရပါဘုရား) ဘိုးဘိုးအောင်က မဖောင်းအောင်တတ်နိုင်ရဲ့လား (မတတ်နိုင်ပါဘုရား) မပိန်အောင်ကော တတ်နိုင်ရဲ့လား (မတတ်နိုင်ပါဘုရား) မနဲ့လေးကော တတ်နိုင်ရဲ့လား (မတတ်နိုင်ပါဘုရား) မတတ်နိုင်ပါဘူး။

ကိုင်း-ဒါဖြင့် မဖောင်းချင်ယင် ဘယ့်နှယ်လုပ်မလဲ၊ မရှူနဲ့ဟုတ်ကဲ့လား။ မရှူချင်ဘာလုပ်မတုံး၊ စိတ်မရှိမှ ဟုတ်ကဲ့လား။ စိတ်မရှိယင်ရှူပါအုံးမလား (မရှူတော့ပါဘုရား) စိတ်ကြောင့် ရှူတယ်။ ရှူတော့ဖောင်းတယ်။ ဖောင်းတော့ မသိဘူးလား (သိပါတယ်ဘုရား)သိတော့မမှတ်ဘူးလား (မှတ်ပါတယ်ဘုရား)၊ ဒါဖြင့် မှတ်စိတ်ကလေး ဘယ်သူ့ကြောင့်ပေါ်တုံး (ဖောင်းတာကြောင့်ပါဘုရား) အဲ... ဖောင်းတာကအကြောင်းလုံး အကျိုးလား(အကြောင်းပါဘုရား) ဖောင်းတာက့အကြောင်း၊ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဘုရား) မှတ်စိတ်က (အကျိုးပါဘုရား) အကျိုး။ ဒါဖြင့် ရုပ်ကြောင့်နာမ်ဖြစ်တာလေးတွေ့ အဆင့်ဆင့်ပြန်ကြည့်။ ရုပ်ကြောင့် နာမ်ဖြစ်တယ်။ ရုပ်ကြောင့် ရုပ်ဖြစ်တယ်

ဆိုတာ၊ ရုပ်တွေနာမ်တွေ ဖြစ်နေတဲ့အထဲမှာ ဖန်ဆင်းနိုင်တဲ့သူ ပါသလား (မပါပါဘုရား) ဖန်ဆင်းစရာကောရှိရဲ့လား (မရှိပါဘုရား) မရှိပါဘူး။ ဒါကြောင့်မို့ သတ်သတ်နာမ်နဲ့ရုပ်တွေ ဖြစ်နေတာတဲ့။ အကြောင်းအကျိုးတွေ ဖြစ်နေတာတဲ့။ဒို့ဘုရား ဟောတာ ဘယ်သူမှမဖန်ဆင်းဘူးတဲ့။ ငါလဲ မဖန်ဆင်းဘူးတဲ့။ အကြောင်းကောင်းရင် အကျိုးကောင်းမှာဘဲတဲ့။ အကြောင်းမကောင်းရင် အကျိုးမကောင်းဘူးတဲ့။ ဒါ-ဒို့ဘုရားဟောတာ။ ဒီပြင်က တချို့ ဟောတာတွေကတော့ ဒီလို မဟုတ်ပါဘူး။ မကောင်းကောင်း ငါကောင်းအောင် လုပ်ပေးမယ်တဲ့။ မဲဆွယ်တဲ့သဘောဘဲ။ ဒါကြောင့်မို့....

သုဒ္ဓမမှာ၊သက်သက်သော နာမ်တရားတို့သည်။ဟုတ်သမျှာရုပစ္စယာ၊အကြောင်း အဆောက်အအုံ လောက်လုံသိုက်မြိုက် တိုက်ဆိုင်ခြင်းတည်းဟူသော အကြောင်းကြောင့်။ပဝတ္တန္တိ၊အမျှားမျက်မြင် အထင်အရှား ပေါ်ပေါက်၍လာလေသတည်း။ ။

စေတနာဟာကံဘဲ

ဒီနေရာမှာ အကြောင်းအကျိုး ဆက်နေပုံ ကြည့်ပါ။ အကြောင်းအကျိုးတွေ ရုပ်ကြောင့်ရုပ်ဖြစ်တယ်၊ ရုပ်ကြောင့် နာမ်ဖြစ်တယ်၊ နာမ်ကြောင့်နာမ်ဖြစ်တယ်၊ နာမ်ကြောင့်ရုပ်ဖြစ်တယ်။ အကြောင်းတွေထဲက အဝိဇ္ဇာဆိုတာ ရုပ်လားနာမ်လား နာမ်တရား။ တဏှာဆိုတာကော (နာမ်ပါဘုရား)နာမ်ဘဲ။ဥပါဒါန်ဆိုတာကော (နာမ်တရားပါဘုရား) ကံဆိုတာ ရုပ်လား

နာမ်ားဝး (နာမ်ပါဘုရား) ကံကလဲ နာမ်တရားဘဲ။ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဘုရား)။

ပြီမှကံဆို ဘာကြောင့် နာမ်တရားလို့ပြောတုံး၊ ပြမ္ဆဲမှာ ပြဋ္ဌာနဲးတဲ့ စေတနာဟာကဘ ဟုတ်ကဲ့လား။ စေတနာဟာဘာလဲ (ကံပါဘုရား) စေတနာဟာ နာမ်တရားဘဲ။ အဲဒီ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံကြောင့်မို့ အတိတ်က ပြန်ပြောယင်၊ တို့သန္တာန်မှာ ရုပ်တွေနာမ်တွေဖြစ်ရတယ်။ ဒါဟာအကြောင်းအကျိုးဆက်ပုံဘဲ။ အခု ပစ္စုပ္ပန်တည့်တည့် ပြောစမ်းပါလို့ဆိုယင် ဖြင့် ရုပ်ကြောင့် ရုပ်ဖြစ်ပုံတွေ့ပြောမယ်။ အခု ထမင်းမစားကြဘူးလား (စားကြပါတယ်ဘုရား) ထမင်းက ရုပ်လားနာမ်လား (ရုပ်ပါဘုရား) ဟင်းတွေကကော (ရုပ်ပါဘုရား) ရုပ်ဘဲ။ ဒါဖြင့် အဲဒီရုပ်တွေကို ကိုယ်ခန္ဓာတွင်းသွင်းပြီး စားလိုက်တော့ ခန္ဓာထဲရုပ်တွေ မကြီးပွားဘူးလား (ကြီးပွားပါတယ်ဘုရား) ဘာ့ကြောင့်ဘာဖြစ်တုံး (ရုပ်ကြောင့် ရုပ်ဖြစ်ပါတယ်ဘုရား) ဒဟိန္ဓကရုပ်ကြောင့် အဋ္ဌကတ္တာရုပ်တွေ မတိုးပွားဘူးလား (တိုးပွားပါဘယ်ဘုရား) တိုးပွားတော့ ဒီရုပ်တွေက မြဲနေရဲလား (မမြဲပါဘုရား)။

နက်ဖန်ခါကျတော့ ပျက်မသွားဘူးလား (ပျက်သွားပါတယ်ဘုရား) အတော်ကြာ တအောင့်လောက်နေလို့ အစာကြပြီးသွားတော့ ရှိသေးရဲလား (မရှိတော့ပါဘုရား) မရှိတော့ဘူးတဲ့။ ၃ -ကောဋ္ဌာသဖြစ်သွားပြန်ရော။ မဖြစ်လို့ ဒီရုပ်ကြီးမြဲရဲလား (မမြဲပါဘုရား) ဒါဖြင့် အပြင်ကနေပြီးတော့ ပေါင်မုံ့တို့၊ မုံ့တွေမစားရဘူးလား (စားရပါတယ်ဘုရား) အဲဒါတွေစားနေ

တာဟာ ရုပ်လားနာမ်လား (ရုပ်ပါဘူးရား) ရုပ်တရား။ ဒီက ခန္ဓာကိုယ်ကြီး ကြီးထွားလာတာကဘာတုံး (ရုပ်ပါဘူးရား)ဘယ် သူ့ကြောင့် ဘယ်သူကြီးတုံး (ရုပ်ကြောင့် ရုပ်ကြီးပါဘူးရား) ရုပ်ကြောင့်ရုပ်ကြီးတာ။ ရုပ်ကြောင့်ရုပ်ဖြစ်တာ သဘောကျပ လား (သဘောကျပါပြီဘုရား)။

ဒါဖြင့် ထမင်းဟင်း ဘာမှမစားဘဲနဲ့နေပြီးတော့ ချက်လဲ မချက်ရဘူး၊ ဘာမှလဲအပူရှာမနေရဘူး၊ ဘိုးဘိုးအောင် မတော်မူပါဆိုလို့ ရုပါ့မလား (မဲရုပါဘူးရား) ဒီခန္ဓာကိုယ်ကြီး ကြီး ထွားချင်ယင် ဘာလုပ်ရမလဲ၊ အစာတွေ စားမဲပေးရဘူးလား (စားပေးရုပါတယ်ဘုရား) အာဟာရတွေ သွင်းမပေးရဘူးလား (သွင်းပေးရုပါမယ်ဘုရား)သွင်းရုပါတယ်တဲ့။ ဒို့ ရုပ်ကြီးက သစ် ပင်ရေလောင်း ပေးသလိုပေါ့။

အေး....ဒါကြောင့်မို့ အာဟာရတွေသွင်းရတယ်။ ဒါဖြင့် အပြင်ကရုပ်က . အကြောင်း မဖြစ်ဘူးလား (ဖြစ်ပါတယ် ဘုရား) အတွင်းက ရုပ်တွေက ဘာလဲ (အကျိုးပါဘုရား) အပြင်က ကော်ဖီတွေ မသောက် ရဘူးလား (သောက်ရုပါ တယ်ဘုရား) အာပေါဓာတ်တွေပေါ့။ အာပေါဓာတ်တွေ မဖြည့်ရ ဘူးလား (ဖြည့်ရုပါတယ်ဘုရား) ဖြည့်ရ လှုံရှိရင် ရုပ် ကြောင့်ရုပ်မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) အေး ရုပ်ကြောင့် ရုပ်ဖြစ်တယ်။ လေတွေ ကော မရှူရဘူးလား (ရှူရုပါတယ် ဘုရား)အတွင်းကလေတွေထုတ် အပြင်ကလေတွေမရှူရဘူးလား (ရှူရုပါတယ်ဘုရား)ဒါဖြင့်အပြင်ကလေ အကြောင်း ပြုမ်းသွား ရင် အတွင်းကလေ မရှိတော့ဘူးဆိုရင်ဒီမန္ဓာကိုယ်မြဲပါအုံး မလား

(မမြဲပါဘုရား) ကိုယ်ကနေပြီးတော့ လေမရှိဘူးဆိုရင် ပထမ အကြောင်း ပျက်မသွားဘူးလား (ပျက်သွား ပါတယ်ဘုရား) အကြောင်းပျက်ရင် ဒီကအကျိုးမပျက်ဘူးလား (ပျက်ပါတယ် ဘုရား)အကြောင်းငြိမ်းရင် အကျိုးငြိမ်းသွားခြင်းကြောင့် ဒီလူ အသက်ရှင်ပါအုံးမလား (မရှင်ပါဘုရား) ဒါဖြင့် အသက်မရှိ ရင် မသေပေဘူးလား (သေပါတယ်ဘုရား)။

ဒါဖြင့်အကြောင်း အကျိုးတွေပျက်နေတာ ဒို့ဘယ်သူ့ အား ကိုးမတုံးဆိုရင်ဖြင့် အကြောင်းတရားကောင်းဘို့ဘဲ။ ဒါကြောင့် မို့ တေဇောဓာတ်တွေကလဲ မနက်ကဆိုရင်အေးတယ်၊ ခုဆိုရင် တော်တော်ပူလာပြီ။ ဥက္ကာတေဇောသည် ဥပမာတခု ပြောကြစို့ ရေနွေးအိုးတလုံး မီးထိုးထားတယ်၊ မီးထိုးထားရင် ပူက်ပူက် မဆူဘူးလား(ဆူပါတယ်ဘုရား) ပူက်ပူက်ဆူနေတယ်။ ကိုင်း.... ဒီအိုးကြီး ဆူနေတာကို အေးသွားအောင် ထိုင်ရှိခိုးပြီးတော့ ကန်တော့ပဲကြီးနဲ့ ဖယောင်းတိုင်ကြီးထွန်း၊ ဘိုးဘိုးအောင် ကယ်တော်မူပါ။ ရေနွေးအိုး အေးပါစေလို့ ဆိုယင်အေး ပါ့မလား (မအေးပါဘုရား) မန္တလေးကယ်ပါ ဆိုရင်ကော အေးပါ့မလား (မအေးပါဘုရား) မန္တကြီးကော ကယ်နိုင်ပါ့ မလား(မကယ်နိုင်ပါဘုရား) မန္တလေးအသက် ဘယ်လောက် ရှိ ပတုံး....သိပလား(မသိပါဘုရား)ဟင် မန္တလေးပြောရင် ဘယ့်နယ် ပြောတုံး၊အိညက်အိညက်မပြောဘူးလား (ပြောပါတယ်ဘုရား) သူအသက်ကြီးလာလဲ အိညက်အိညက်ဘဲ။ ဟိုတုန်းကလဲ အိညက် အိညက်ဘဲ ဟုတ်ပါ့မလား၊မန္တလေးကအနိစ္စလား၊နိစ္စလား(အနိစ္စ ဘုရား)အနိစ္စ၊ သူကောအသက်မကြီး ဘူးလား၊ ဒကာကြီးတို့ ငယ်ငယ်တုန်းက ကြားဘူးလား (ကြားဘူးပါကယ်ဘုရား) အဲဒီ

တုန်ကသူက ကလေး။ ခု....ဒကာကြီးတို့တောင်မှ ကြီးလာမှ သူလဲကြီးရောပေါ့၊ မဟုတ်ဘူးလား။ ကဲ ..သူ့ နိစ္စလို့ဆိုမလား (မဆိုနိုင်ပါဘုရား) သူလဲအသက်ကြီး မလာပေဘူးလား (ကြီးလာပါတယ်ဘုရား) ခုနေရှိရင် မနှဲလေးအသက် ၁၅၀၊ ၂၀၀ ထက်မနဲဘူး။ ရှိမှရှိရဲ့လားဟင်။ သူပြောတော့ ဘယ့်နှယ်ပြောသတုံး၊ အသံသေးသေးနဲ့ တလသား၊ တနှစ်သားလို မပြောဘူးလား(ပြောပါတယ်ဘုရား) ဒါကိုဘဲ အဟုတ်ထင်နေတာ၊ ရေကြည်တော်ဆက်ဟဲ့တဲ့၊ သူက အမယ် ဒီက ကြောက်လွန်းလို့ ဖန်ခွက်နဲ့ ဆက်ရတယ်။နတ်ကတန်ခိုးနဲ့ဘဲ ရေဘယ်သွားသောက်သောက် သောက်လို့မဖြစ်ဘူးလား၊ အမယ်ဒီအိမ်ကမသန့် ရှင်းလို့ ဟိုအိမ် လှမ်းသောက်လိုက်လဲ မရဘူးလား (ရပါတယ်ဘုရား) နောက်သူကတန်ခိုးမရှိတော့ ရေဆက်တော့ဘယ်သူက ဆက်ရတုံး (လူကပါဘုရား)ဆက်ရတယ်၊ အားကိုးတော့ ဘယ်သူ့အားကိုးတုံး(သူ့ကိုအားကိုးပါတယ်ဘုရား)သူ့အားကိုးတယ်။ မ,တော့ ဘယ်သူက မ,တုံး၊ ကိုယ်ကရေမတိုက်ရဘူးလား (တိုက်ရပါတယ်ဘုရား)ကန်တော့ပွဲဘယ်သူက တင်ရတုံး၊ ကိုယ်က တင်ရတယ်။ အားကိုးတော့ ဘယ်သူ့ အားကိုးတုံး (သူ့အားကိုး ပါတယ်ဘုရား)သူ့အားကိုးတယ်။ သူက မ-တာလား၊ ကိုယ်ကမ,တာလား(ကိုယ်ကမ,တာပါဘုရား) ကော်ဇောဘယ်သူက ခင်းပေးရသတုံး၊ ကိုယ်ကခင်းပေးရပါတယ်။ အားကိုးတော့ ဘယ်သူ အားကိုးတုံး (သူ့အားကိုးပါတယ်ဘုရား) ကဲ-သူ့အားကိုးပြီးကိုင်း....ခုဘိုးဘိုးအောင်ရဲ့ မတော်မူပါ၊ ဟောဒီရေနွေးအိုးလေး အေးသွားအောင်မစမ်ပါလို့ အေးအောင်တတ်နိုင်ရဲ့လား(မတတ်နိုင်ပါဘုရား) မတတ်နိုင်ဘူး။ ဘာဖြစ်လို့တုံး၊ အောက်က

အကြောင်း မီးထိုးမထားဘူးလား (ထိုးထားပါတယ်ဘုရား) မီးဟူသော အကြောင်းကြောင့်ရေနွေးတွေက ဆူနေတာ မဟုတ်ဘူးလား (ဟုတ် ပါတယ်ဘုရား)။

ရေနွေးတွေ သူ့သဘောနဲ့သူ ဆူတာလား၊ အကြောင်းကြောင့် ဖြစ်တဲ့ အကျိုးလား (အကြောင်းကြောင့်ဖြစ်တဲ့အကျိုးပါဘုရား)အကြောင်းကဘာတိုးပူတဲ့မီး ဟုတ်ကဲ့လား(ဟုတ်ပါတယ်ဘုရား)အကြောင်းကပူတဲ့မီး။ ပူတော့ရေနွေးတွေ ပွက်ပွက်ထမလာဘူးလား (ထလာပါတယ်ဘုရား) အဲဒီပွက်ပွက် ဆူနေတာတွေကို မနှဲကြီး မနှဲလေး ကယ်နိုင်ရဲ့လား (မကယ်နိုင်ပါဘုရား)တိုးတိုးအောင်ကကော ကယ်နိုင်ရဲ့လား (မကယ်နိုင်ပါဘုရား)ပုတီးမြန်မြန် ဆွဲလိုက်ရရင်ကော ရပါ့ မလား (မရပါဘုရား) မရဘယ့်နှယ် လုပ်မတုံး၊ အေးချင်ရင် မီးလျှော့လိုက်။ မီးလျှော့ရင်မရပေဘူးလား (ရပါတယ်ဘုရား)။

အကြောင်းအေးတော့ အကျိုးဘာဖြစ်သွားမတုံး၊ အကျိုးအေးတယ်။ ဒါဖြင့် ဒို့ဘုရား ဟောဒါ ဒီလိုဟောတာ။ အကြောင်းနဲ့ အကျိုးတဲ့။ ချစ်သားဟို... ချစ်သမီးတို့၊ သင်တို့က အကြောင်းကောင်းအောင် လုပ်ပါတဲ့။ ဒို့ဗုဒ္ဓ ဘာသာတွေက မိဘကရောနှောပြီးတော့ အားကိုးစရာကို အင်မတန် ရှာကြတယ်နော်။ အားကိုးစရာရှာပြီးတော့ မိမိကအားကိုးအားထားနဲ့ ပြုလုပ်နေလို့ အမလေးသူတို့အားကိုးပြီး နှလုံးသွင်းနေတုန်းများ ပိုက်ဆံကောက်ရ၊ သူကမ-တယ်လို့ ပြောတာဘဲ။ အရောင်းအဝယ်တည့်လဲ သူကမ-တယ်ပြောတာဘဲ။

ဒါကြောင့်မို့ ဒို့ဘုရားကတော့ အကြောင်းကောင်းအောင် လုပ်ကြတဲ့။ ကာယကံကကောင်းပါစေ၊ ဝစီကံက ကောင်းပါ

စေ၊ မနောကံကောင်းပါစေ၊ ဒို့ဘုရားက ဒါကြောင့်မို့ အကြောင်းတရားကောင်းမှ ရှေးက အကြောင်းတရားကောင်းခဲ့လို့ ခုအကျိုးတရား ကောင်းတယ်။ရှေးကကောင်းလို့ ခုကောင်းတယ်၊ အခု ကောင်းရင်နောင်ကောင်းပါလိမ့်မယ်။ ဒါကြောင့်မို့ ခုကောင်း အောင်လုပ်ကြလို့ ရှေးကကောင်းလို့ ခုကောင်းတယ်၊ ခုကောင်းရင် နောင်ကောင်းပါလိမ့်မယ်။ ဒါလေးကို ဆိုရအောင်။

ရှေးကကောင်းလို့၊ ခု ကောင်းတယ်။
ခုကောင်းရင်၊ နောင်ကောင်းပါလိမ့်မယ်။

အကြောင်းကောင်းမှ

ဒါဖြင့် ရှေးက ဒို့အကြောင်း မကောင်းခဲ့ဘူးလား(ကောင်းခဲ့ပါတယ်ဘုရား)၊ အကြောင်းကောင်းခဲ့လို့ လူ့ဘဝရောက်လာတာပေါ့။ မကောင်းရင် အပါယ်လေးပါး ရောက်နေမှာပေါ့နော်။ရှေးက အကြောင်းတရားကောင်းခဲ့လို့ ခုအကျိုးတရားကောင်းတယ်။ အကျိုးတရားကောင်းတော့ ခုအကြောင်းတရားကောင်းအောင်၊ ခုအကျိုးထဲက အကြောင်းထပ်ပြီးတော့ ပေါ်မနေဘူးလား (ပေါ်နေပါတယ်ဘုရား) ပေါ်နေတယ်။ ဒီအကြောင်းကို ကောင်းအောင်လုပ်ပါတဲ့။

အခု လူကြတန်းကြ၊ ကနေ့ဆွမ်းတွေကျွေးလို့ ဧည့်သည်တွေဖိတ်ခေါ်ခါ တရားနာပရိသတ်တွေ ဓမ္မမိတ်ဆွေတွေ၊ ဒါအကြောင်းကောင်းသလား၊ မကောင်းဘူးလား (ကောင်းပါတယ်ဘုရား)၊ အကြောင်းကောင်းပါတယ်။ ဒါဖြင့် ဓမ္မမိတ်ဆွေတွေက တရားလာနာနေတာကော အကြောင်းကောင်းသလား--

မကောင်းဘူးလား (ကောင်းပါတယ်ဘုရား) ကောင်းပါတယ်တဲ့။ အခုကောင်းရင် နောင်ကော မကောင်းဘူးလား(ကောင်းပါတယ်ဘုရား)။ နောင်ကောင်းမှာဘဲ၊ ဒီလို တဆင့်တဆင့် ရင့်ထက်ရင့်ပြီးတော့ ဒို့နိဗ္ဗာန်ဝင်သွားကြရတာတဲ့၊ ဒါကြောင့်မို့ မြတ်စွာဘုရား သခင်ကိုယ်တော်မြတ်ကြီးက-

စျာယထဘိကွဝေ မာပမာဒတ္ထ
မာပစ္ဆာ ဝိပ္ပဋသာရိနော
အတုဝတ္ထ အယံခေါ အမှာကံ အနုသာသနီ။

ချစ်သားတို့-ချစ်သမီးတို့ မမေ့ကြနဲ့၊ တရားရှုမှတ်ကြ....တဲ့။ သမထဝိပဿနာတွေအားထုတ်ကြ။ သင်တို့တွေဟာ နောက်အချိန်တွေ လွန်သွားတော့မှ ငါတရားအားမထုတ်ခဲ့ရတာတွေမှားလေစွလို့၊ အဲ့ဒီလို နှလုံးမသာမယာမဖြစ်ကြနဲ့၊ ဒို့ဘုရားဒီလို နေ့စဉ်နဲ့အမျှ ဆုံးမတယ်။

ဘယ်ဘဝကလာခဲ့သလဲ

ဒါ့ကြောင့်မို့ တရားအားထုတ်ကြတဲ့၊ တရားအားထုတ်လို့အကြောင်းအကျိုးတွေ မြင်လာလို့ရှိရင်၊ ပစ္စယပရိဂ္ဂဟဉာဏ်ရပြီ၊ ပစ္စယပရိဂ္ဂဟဉာဏ်ရလာခဲ့လို့ရှိရင် ကန်ဝိကရဏ ဝိသုဒ္ဓိပြည့်စုံတယ်။ ဒီနေရာလေး ပစ္စယပရိဂ္ဂဟဉာဏ်ရ-မရ မေးကြည့်ရအောင်။ ဒို့တတွေ ခုဘယ်ဘဝကလာခဲ့တုံး-သိလား (မသိပါဘုရား)။ မွေးသေဘဝကလာခဲ့တယ်နော်-ဟုတ်လား။ ဟိုဘက်ဘဝတုန်းက ဘာဖြစ်ခဲ့ဘယ်ထင်သတုံး၊ရုပ်နာမ်။ဟိုဘဝတုန်းက ဖြစ်ပျက်ဘဲနော်။ ခုတော့ကော (ရုပ်နာမ်ပါဘုရား)ရုပ်နာမ်ဖြစ်ပျက်ဘဲ။ ဟိုတုန်းကကော (ရုပ်နာမ် ဖြစ်ပျက်ဘဲဘုရား)။

အကြောင်းအကျိုးတွေ့ မပါခဲ့ဘူးလား (ပါခဲ့ပါတယ်ဘုရား)။ ဒို့အကြောင်းအကျိုးဘဝကလာခဲ့တာ။ ခုဘယ်ရောက်နေတုံး၊ အကြောင်းအကျိုးဘဲ။ နောက်တော့ ဘယ်ရောက်မှာတုံး (အကြောင်းအကျိုးပါဘဲဘုရား)၊ အကြောင်းအကျိုးဘဲ။

ဒါကြောင့်မို့ ဩဝ်....အကြောင်းနဲ့အကျိုး ဆက်စပ်ဖြစ်နေတာကို သံသရာ လည်တယ်လို့ ဆိုတာဘဲ၊ အကြောင်းနဲ့အကျိုးဘဲ။ ဩဝ်-ဟိုဘဝတုန်းက သတ္တဝါ ငါသူတပါး၊ ယောကျား မိန်းမ ပုဂ္ဂိုလ်မရှိဘူး၊ အကြောင်းအကျိုး ဆက်စပ်နေတာဘဲ။ ယခုဘဝကျတော့ ဘာတွေဖြစ်နေတုံး၊ လူတွေဖြစ်နေလား - နတ်တွေဖြစ်နေလား - အကြောင်းအကျိုးတွေလား (အကြောင်းအကျိုးတွေပါဘုရား) အကြောင်းအကျိုးတွေဘဲ၊ ဒို့ဒီနားမှာ လာပြီးတော့ တရားနာပြီးတော့၊ သြကာသ-သြကာသ-လို့ ဆိုတယ်။! ဒီမှာလာခဲ့တယ်။ ဘာဖြစ်လို့ လာတုံး ဆိုရင် လာချင်လို့လာတာ မဟုတ်လား။ လာချင်တာလေးက ဘာတုံး-နာမ်တရား။ လ-တာကဘာတုံး (ရုပ်တရားပါဘုရား)။ ဘယ်သူက အကြောင်းတုံး (နာမ်တရားက အကြောင်းပါဘုရား) နာမ်တရားကအကြောင်း။ ရုပ်က (အကျိုးပါဘုရား)။ ဒါဖြင့် အကြောင်းအကျိုး မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)။ ငါလာတာ သူလာတာဟုတ်ကဲ့လား (မဟုတ်ပါဘုရား)။

ကဲ—ဒီနားကျတော့ ဒီရောက်တော့ မထိုင်ဘူးလား (ထိုင်ပါတယ်ဘုရား) ထိုင်ချင်တာလေးက ဘာတုံး (နာမ်တရားပါဘုရား) နာမ်တရား။ ထိုင်တာကဘာတုံး (ရုပ်တရားပါဘုရား) ရုပ်တရား။ ဒါပေမဲ့ ဘယ်သူက အကြောင်းတုံး (နာမ်ကအကြောင်းပါဘုရား)နာမ်ကအကြောင်း။ရုပ်ကအကျိုးမဖြစ်ဘူး

လား (ဖြစ်ပါတယ်ဘုရား)၊ ဒါဖြင့် အကြောင်းအကျိုးတွေ ဆက်မနေဘူးလား (ဆက်နေပါတယ်ဘုရား)။

ဒီနားမှာထိုင်ပြီးတော့ လက်အုပ်မချီဘူးလား (ချီပါတယ် ဘုရား)။ ဘာလို့လက်အုပ်ချီတုံး-ချီချင်လို့ဘဲ။ ချီချင်တာဘာ တုံး (နာမ်ပါဘုရား)၊ ချီနေတာ (ရုပ်ပါဘုရား)။ဒါဖြင့်နာမ်နဲ့ ရုပ်ဘဲရှိတယ်မဟုတ်လား (ဟုတ်ပါတယ်ဘုရား)။ ဘယ်သူက အကြောင်းတုံး (နာမ်ကအကြောင်းပါဘုရား)ရုပ်က (အကျိုး ပါဘုရား)။ ဒါဖြင့် နာမ်ရုပ်တွေ့ အကြောင်းအကျိုး ဆက်ဖြစ် နေတာ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။

အိမ်ကလာကထဲက ဖြစ်နေတဲ့ နာမ်ရုပ်တွေ့၊ ဒီနားထိုင်တော့ ဘာတွေဖြစ်နေတုံး-နာမ်ရုပ်တွေဘဲ၊ ဩကာသ-ဩကာသ မဆို ဘူးလား (ဆိုပါတယ်ဘုရား)။ ဩကာသ-ဩကာသ ဘာလို့ ဆိုတုံး (ဆိုချင်လို့ပါဘုရား)၊ ဆိုချင်တာဘာတုံး (နာမ်ပါ ဘုရား) နာမ်တရားအကြောင်းနော်။ ဆိုနေတာက (ရုပ်ပါ ဘုရား) ရုပ်တရားကအကျိုး။ ဒါဖြင့် အိမ်ကလာတော့ဘာတုံး-အကြောင်းအကျိုးဘဲ၊ ဒီနားထိုင်တော့ကော (အကြောင်း အကျိုးပါဘုရား)၊ ရှိခိုးနေတာကော (အကြောင်းအကျိုးပါ ဘုရား) အကြောင်းအကျိုး။ ဒါဖြင့် ပြန်သွားတော့ကော (အကြောင်းအကျိုးပါဘုရား)။ စျေးရောင်းတော့ကော (အကြောင်းအကျိုးပါဘုရား)။

ပေါ်ပြီးလျှင် ပျက်စမြဲ

ဒါဖြင့် အကြောင်းအကျိုးတွေ့ဆက်ဖြစ်နေတာ အကြောင်း အကျိုးကလဲ့လို့ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး၊ ယောကျ်ားမိန်းမ

ရှိသေးလား(မရှိပါဘုရား) မရှိဘဲနဲ့ အရှိလုပ်နေကြတာ ပါတဲ့။ ဒို့တတွေ ဒီအကြောင်းအကျိုးတွေ ရုပ်တွေ နာမ်တွေက မြဲသလား(မမြဲပါဘုရား) ဥပမာ ဒကာတို့ ခုနက ရှိမခိုးခဲ့ ဘူးလား (ရှိခိုးပါတယ်ဘုရား)သြကာသ ဘယ်နှစ်ခါဆိုခဲ့တုံး (သုံးခါပါဘုရား)မဆိုဘူးလား(ဆိုပါတယ်ဘုရား)ကဲ....ပထမ သြကာသဆိုတော့ ဒုတိယသြကာသနဲ့ တတိယသြကာသရှိနေပလား(မရှိသေးပါဘူးဘုရား)မရှိသေးဘူး။ ဒုတိယသြကာသ ဆိုတော့ ပထမသြကာသ ရှိသေးရဲလား (မရှိတော့ပါဘုရား)မရှိတော့ဘူး၊ပျက်သွားပြီ။ ရုပ်တွေနာမ်တွေ မြဲရဲလား(မမြဲပါဘုရား) ရှိခိုးချင်တဲ့စိတ်ကလေးကော ပျက်မသွားဘူးလား (ပျက်သွား ပါတယ်) ပျက်သွားပါပြီ။ ဒုတိယ ပေါ်မလာ ဘူးလား (ပေါ်လာပါတယ်ဘုရား) ဒုတိယ သြကာသဆိုတော့ ပထမ မရှိတော့ဘူး။ တတိယပေါ်ပလား(မပေါ်သေးပါဘုရား) မပေါ် သေးဘူး။ တတိယဆိုတော့ ပထမနဲ့ဒုတိယရှိသေးလား (မရှိပါဘုရား) မရှိတော့ဘူး။ ရုပ်တွေနာမ်တွေ မြဲကောမြဲရဲလား (မမြဲပါဘုရား) အကြောင်းအကျိုး ဆက်ပြီးတော့ မမြဲတဲ့တရားတွေ ဆိုတော့ ဒါကိုဘဲ ဒို့တတွေက ဘယ်နှယ် ပြောနေကြကုံးဆိုတော့ ငါသွားတယ်၊ ငါထိုင်တယ်၊ ငါရှိခိုးတယ်၊ ဒီလိုမပြော ဘူးလား (ပြောပါတယ်ဘုရား) ဒီနေရာမှာ ဥပမာ ကလေးတခု ပြောရအုံးမယ်။

ဘဃဝေံ ဇာနတော ဧဝံ ဟောတိ
သတ္တော ဂစ္ဆတိ သတ္တော တိဋ္ဌတိတိ စုစ္စတိ။
အတ္ထတောပန ကောစိ သတ္တော ဂစ္ဆန္တော၀ါ

တိဋ္ဌန္တောဝါနတ္ထိ။ ယထာပန သကဋံဂစ္ဆတိ သကဋံတိဋ္ဌတိတိ ဝုစ္စတိ။ နစကိဉ္စိ သကဋံ နာမ ဂစ္ဆန္တံဝါ တိဋ္ဌန္တံဝါ အတ္ထိ စတ္တာရောပန ဂေါဏော ယောဇေတွာ ဆေကမ္မံ သာရထိမ္မံ ပါဇေန္တော သကဋံဂစ္ဆတိ သကဋံတိဋ္ဌတိတိ ဝေါဟာရ မတ္တမေဝ ဟောတိ။ ။

ကိုင်း(၁၀)နာရီတော့ ထိုးသွားပြီ (ရပါတယ်ဘုရား) ရရဲ့လား(ရပါတယ်ဘုရား)။

ဝေဇ္ဇာနတော=ကျိသို့ဆိုခဲ့သည့်အတိုင်း သွားချင်သော စိတ်စသည်ကြောင့်ဖြစ်သော တောင့်တင်း လှုပ်ရှားမှု၏ အစွမ်းဖြင့် သွားမှုစသည် ဖြစ်နေသည်ဟုသိသော တဿ= ထိုယောဂိအား။ ဝေဝေါဟောတိ ကျိသို့သဘောကျမှုဖြစ်၏။ သတ္တောဂုံစ္ဆတိ သတ္တောတိဋ္ဌတိ= သတ္တဝါသွားတယ် သတ္တဝါရပ်တယ်ဟု ဝုစ္စတိ၊ လူအများက ခေါ်ဆိုပြောဆိုနေကြသည်။ ပန=ဒီလို ပြောဆိုနေကြပေမဲ့။ အတ္ထတော၊ အမှန်အတိုင်းအားဖြင့်။ ဂစ္ဆန္တောဝါ တိဋ္ဌန္တောဝါသွားတတ်ရပ်တတ်သော။ကောစိသတ္တော၊ သတ္တဝါတစုံတယောက်မျှ။နတ္ထိ၊မရှိပါဘူးတဲ့။ ပန၊ဥပမာကလေးနဲ့ဟပ်ပြီးကြရမယ်ဆိုရင် သကဋံဂစ္ဆတိ သကဋံတိဋ္ဌတိ လှည်းသွား နေတယ်၊ လှည်းရပ်နေတယ်ဟု။ ဝုစ္စတိ၊လူတွေကပြောဆိုနေကြပါတယ်တဲ့။ စ၊ ဒီလိုပြောဆိုသုံးစွဲနေကြသော်လဲတဲ့။ ဂစ္ဆန္တံဝါ တိဋ္ဌန္တံဝါ၊ သူ့အလိုလိုသွားတတ် သူ့အလိုလိုရပ်တတ်တဲ့။ ကိဉ္စိသကဋံနာမ၊တစုံတခုသော လှည်းဆိုတာ။ နအတ္ထိ မရှိပါဘူးတဲ့။ ပန၊ အမှန်အတိုင်း ကတော့။ စတ္တာရောဂေါဏော ယောဇေတွာ၊ နွားလေး

ကောင်တပ်ပြီးတော့ (နွားနှစ်ကောင်သာ တပ်ရိုးဖြစ်သော်လဲတဲ့၊ ဣရိယာပုတ်လေးပါး၊ ဓာတ်လေးပါးတို့နှင့် နှိုင်းယှဉ်၍ နွားလေး ကောင်တပ်သည်ဟု ယူဆသင့်ပါသည်။) ဆေကမှိ သာရထိမှိ ပါဇေန္တေ၊ လှည်းသမားကောင်းက ကြိုးကိုင်မောင်းလျှင် သကဋ္ဌံ ဂစ္ဆတိ သကဋ္ဌံတိဋ္ဌတိ လှည်းသွားတယ် လှည်းရပ်တယ်ဟု။ ဝေါ ဟာရ မတ္တမေဝ၊ ပြောဆိုသုံးစွဲရုံသာ၊ ဟောတိယထာ၊ ဖြစ်သကဲ့ သို့ပါဘဲတဲ့၊ တကယ်အစစ်ကတော့ လှည်းသွားတာ လှည်းရပ် တာ မဟုတ်ပါဘူးတဲ့၊ ပြောဖြစ်ဆိုဖြစ် သုံးစွဲဖြစ်ရုံ ပြောဆိုသုံးစွဲ နေခြင်းဖြစ်ပါတယ်တဲ့။

ကိုင်း....ဒီနေရာလေး မြင်အောင် သဘော ပေါက်အောင် ပြောရမယ်။ ဘယ်လိုပြောရမလဲ ဆိုတော့....

ဒို့လောကကြီးမှာ လူတွေ သုံးနှုန်းနေကြတာ ရှိတယ်၊ ဟို အနားမှာ လူတယောက်သွားနေတယ်၊ လူတယောက် ရပ်နေ တယ်၊ လူတယောက်ထိုင်နေတယ်။ ယောကျ်ား တယောက် သွားနေတယ်၊ ယောကျ်ားတယောက် ရပ်နေတယ်၊ ယောကျ်ား တယောက်ထိုင်နေတယ်။ မိန်းမတယောက်သွားနေတယ်၊ မိန်းမ တယောက်ရပ်နေတယ်၊ မိန်းမတယောက် ထိုင်နေတယ်လို့ လူ တွေကဒီလိုခေါ်ဝေါ်ပြောဆို သုံးစွဲနေကြတယ်တဲ့။ တကယ်က ဒီလိုမဟုတ်ပါဘူးတဲ့။

ယောကျ်ား မိန်းမ- မရှိ

ဒါကြောင့် အတ္ထတောပန၊အမှန်အတိုင်းကတော့။ ဂစ္ဆန္တော ဝါ၊ သွားတတ်သော။ တိဋ္ဌန္တောဝါ၊ ရပ်တတ်သော။ ကောစိ၊

တစုံတယောက်။ သတ္တောဝါသတ္တဝါဆိုတာ။ နတ္တိ၊ မရှိပါဘူးတဲ့။ တကယ်တန်းပြောမယ်ဆိုရင်တော့ ဒီနေရာမှာ ပညတ်နဲ့ ပရမတ် ခွဲပြီးနားထောင်မှဖြစ်မယ်။ သမ္မုတိနဲ့ပရမတ် ၂-ရပ်ခွဲပြီး နားထောင်။ အဲဒီလိုမှဖြစ်မယ်။ အနို့မို့ရင် ရန်ဖြစ်တတ်တယ်။ ရန်ဖြစ်ကုန်လိမ့်မယ်။ ဟေ့သတ္တဝါဆိုတာ မရှိဘူးကွ၊ ရုပ်နေတာသတ္တဝါမဟုတ်ဘူး၊ တယောက်ကဟုတ်တယ်၊ တယောက်က သတ္တဝါတွေဟောဒီအနားမှာထိုင်နေတယ်၊ လူတွေ ထိုင်နေတယ်လို့ပြောတယ်။ တယောက်ကမဟုတ်ဘူး လူမရှိဘူးလို့ ပြောတယ်။ ဘယ်သူကမှန်သတုံး၊ နှစ်ယောက်စလုံး မှန်တယ် နော်။ တယောက်က ဘယ်ဘက်ကနေပြောသလဲ၊ သမ္မုတိဘက် ပညတ်ဘက်ကဟုတ်လား (ဟုတ်ပါတယ်ဘုရား) မရှိဘူး ဆိုတာက ပရမတ်ဘက်က။ ရှိတယ်ဆိုတဲ့သူက ပညတ်ဘက်က။ ဒါဖြင့် ငြင်းစရာလိုသေးသလား(မလိုပါဘုရား)မလိုတော့ အခုပြောမှာက ပရမတ်။ပရမတ်လိုပြော့လိုက်လို့ ရှိရင်ထိုင်နေတဲ့ပုဂ္ဂိုလ် သတ္တဝါယောကျ်ားမိန်းမမရှိဘူးလို့ ပြောတ့ယ်။မရှိဘူးတဲ့။ သွားတတ်တဲ့ပုဂ္ဂိုလ် သတ္တဝါငါသူတပါး ယောကျ်ား-မိန်းမ မရှိပါဘူးတဲ့။ ပညတ်လိုပြောတာလား ပရမတ်လိုပြောတာလား၊ ပရမတ်လိုပြောတယ်နော်။ ပရမတ်လိုပြောနေတာတဲ့။ ကဲ-ဒီလိုဆိုရင် ဒီအတိုင်းတော့ နားလည်မှာမဟုတ်သေးဘူး (မှန်ပါဘုရား) ဥပမာကလေး ရှင်းပါအုံးဆိုတော့ လောကမှာတဲ့ လှည်းသွားတယ်၊ လှည်းရပ်တယ်လို့ လူတွေက ပြောဆိုမနေကြဘူးလား (ပြောနေကြပါတယ်ဘုရား) အဲဒါလေးကို ကြည့်ပါတဲ့။ လှည်းတော့မြင်ဘူးကြတယ်နော် (မြင်ဘူးပါတယ်ဘုရား) လှည်းသွားတယ် လှည်းရပ်တယ်လို့ ဒီလိုမသုံးစွဲကြဘူးလား (သုံးစွဲကြပါ

တယ်ဘုရား) လှည်းတွေသွားတယ် လှည်းတွေရပ်တယ်လို့ ပြောဆိုကြတယ်၊ သုံးစွဲကြပါတယ်။ သုံးတော့ တကယ်ဆိုရင် သွားတတ်တဲ့လှည်းရှိသလားတဲ့၊ရပ်တတ်တဲ့လှည်းရှိသလားတဲ့၊ဒီလိုမေးလိုက်တော့....

နစ ကိဉ္ဇိ သကဋ္ဌံနာမ ဂစ္ဆန္တံဝါ တိဋ္ဌန္တံဝါ အတ္ထိ။

စ–သို့သော်လဲ၊ ဂစ္ဆန္တံဝါ တိဋ္ဌန္တံဝါ-သူ့အလိုလို သွားတတ်ရပ်တတ်သော၊ ကိဉ္ဇိ သကဋ္ဌံနာမ-တစုံတခုသောလှည်းဆိုတာ၊ နအတ္ထိ-မရှိချေ။

လောကကြီးမှာသူ့အလိုလိုသွားတတ်တဲ့လှည်းဆိုတာ ရှိပါသလား (မရှိပါဘုရား)မရှိပါဘူးနော်။ ဒါဖြင့် သူ့အလိုလို ရပ်တတ်တဲ့ လှည်းဆိုတာကော ရှိနိုင်ပါ့မလား (မရှိနိုင်ပါဘုရား) မရှိပါဘူးတဲ့။ ဘာကြောင့်သွားတာတုံးတဲ့၊ နွားရှိလို့။ နွားတွေတပ်ထားလို့ သွားတာနော်။

အေး....ဒါကြောင့်....

စတ္တာရောပန ဂေါဏေ ယောဇေတွာ
ဆေကမှိ သာရထိမှိ ပါဇေန္တေ သကဋ္ဌံဂစ္ဆတိ
သကဋ္ဌံတိဋ္ဌတီတိ၊ ဝေါဟာရမတ္တမေဝ ဟောတိ။

ပန-အမှန်အားဖြင့်မူကား၊ စတ္တာရော ဂေါဏေ ယောဇေတွာ-နွားလေးကောင်တို့ကို ယှဉ်တပ်၍၊ ဆေကမှိ သာရထိမှိ ပါဇေန္တေ-မောင်းနှင်တတ်သော လှည်းသမားက မောင်းနှင်လျှင်၊ သကဋ္ဌံဂစ္ဆတိ သကဋ္ဌံတိဋ္ဌတီတိ- လှည်းသွားနေသည် လှည်းရပ်နေသည်ဟု၊ ဝေါဟာရမတ္တမေဝ-ပြောဆိုရုံ သုံးစွဲရုံမျှသာ၊ ဟောတိ-ဖြစ်ပါတယ်တဲ့။

ဒါလေးနားလည်သွားအောင် ရှင်းကြအုံးစို့။ လှည်းတစီး သွားတယ်၊ လှည်းတစီးရပ်တယ်ဆိုရင် သုံးမျိုးပါဘယ်။ ဒို့ပရိသတ်ကြီး ဒါလေးနားရှင်းအောင် သတိပြုကြ။ လှည်းတစီး သွားတယ်ဆိုရင် လှည်းရယ်၊နွားရယ်၊လူရယ် ဘယ်နှစ်မျိုးပါတုံး (သုံးမျိုးပါဘုရား) အဲဒီသုံးမျိုးကို လူတွေ ဘယ့်နယ်ပြောတုံး၊ လှည်းသွားတယ် အဲဒီလိုမပြောဘူးလား (ပြော်ပါတယ်ဘုရား) နွားနဲ့လူ ပျောက်မနေဘူးလား။ ပျောက်နေတယ်နော်။ လှည်းရပ်တယ်မပြောဘူးလား(ပြောပါတယ်ဘုရား) ပြောတယ်နော်။ ဘာပျောက်နေတုံး (နွားနဲ့လူပါဘုရား) နွားနဲ့လူပျောက်နေတယ်။ လှည်းသွားတယ် လှည်းရပ်တယ်ဆိုရင် လှည်းကြီးသူချည့် သက်သက်သွားမလား (မသွားပါဘုရား) ရပ်ကောရပ်သလား (မရပ်ပါဘုရား) အဲဒါဘဲ ထပ်ခါထပ်ခါ သေချာမြင်အောင် ကြည့်စမ်းပါတဲ့။ ချစ်သားချစ်သမီးတို့....

နစကိုဋ္ဌ သကဋ္ဌနာမ ဂစ္ဆန္တံဝါ တိဋ္ဌန္တံဝါ အတ္ထိ။

စ-အမှန်အားဖြင့်ကား၊ ဂစ္ဆန္တံဝါ-သူ့အလိုလို သွားတတ်လည်းဖြစ်သော၊ တိဋ္ဌန္တံဝါ၊ သူ့အလိုလို ရပ်တတ်သည်လည်းဖြစ်သော ကိုဋ္ဌ-တစုံတခုသော၊ သကဋ္ဌ နာမ-လှည်းမည်သည်၊ နအတ္ထိ-မရှိချေ။

သူ့အလိုလိုသွားတတ်တဲ့လှည်း မရှိပါဘူးတဲ့။ သူ့အလိုလို ရပ်တတ်တဲ့ လှည်း မရှိပါဘူးတဲ့။ ဘာကြောင့်သွားသလဲဆိုရင် ဘယ်သူကြောင့်သွားသလဲ၊နွားကြောင့်။ သွားတော့ ဘယ်သူက သွားသတုံး (နွားကသွားပါတယ်ဘုရား) နွားကသွားတယ်။ နွားကသွားတော့ ဘယ်သူပါသွားတုံး (လှည်းပါသွားပါတယ်

ဘုရား) လှည်းမပါသွားဘူးလား (ပါသွားပါတယ်ဘုရား) ဒီနွားကကော သူ့ဟာသူ လှည်းထဲဝင်သွားတာလား၊ လူက မောင်းလို့လား (လူကမောင်းလို့ပါဘုရား) လူကတပ်မပေးဘူး လား (တပ်ပေးပါတယ်ဘုရား) အဲ လူ့ကြောင့်မို့သွားရတယ်။ နွားကြောင့်မို့ ဘယ်သူပါသွားတုံး (လှည်းပါသွားပါတယ် ဘုရား) လှည်းပါသွားတယ်။ ဒီသုံးချက် မြင်အောင်ကြည့်။ ဒီထဲမှာ အချုပ်အချာကဘယ်သူဘုံး (လူပါဘုရား)လူ။ လူပြီး တော့ ဒုတိယဘယ်သူတုံး (နွားပါဘုရား) နွား။ နွားပြီးတော့ (လှည်းပါဘုရား) လှည်း။ အဲဒီလှည်းကြီးဟာ သူက နောက် လိုက်ဖြစ်ပါရက်နဲ့ လှည်းသွားတယ်၊ လှည်းရပ်တယ်၊ ဒီလိုမသုံး ဘူးလား (သုံးပါတယ်ဘုရား) သုံးတယ်နော်။ ဒါပေမဲ့လို့ လှည်း ချည်းထားရင် သွားပါ့မလား (မသွားပါဘုရား) ဘယ်သူ့ ကြောင့်သွားတုံး (နွားကြောင့်ပါဘုရား) နွားကြောင့်။ နွားက ဘယ်သူ့ကြောင့်သွားရတုံး (လူကြောင့်ပါဘုရား) လူကြောင့်။ သုံးချက်ဟုတ်လား (ဟုတ်ပါတယ်ဘုရား) ဒါကြောင့် 'ဥပမာမူ၊ လှည်းနဲ့လူ၊ ယှဉ်ယူစပ်၍ကြည့်' အဲ... တခေါက်ဆိုရအောင်....

ဥပမာမူ၊လှည်းနဲ့လူ၊ ယှဉ်ယူစပ်၍ကြည့်။

ဥပမာ ဘာနဲ့စပ်ကြည့်မတုံး ဒို့ပရိသတ်ကြီး (လှည်းနဲ့လူပါ ဘုရား) လှည်းနဲ့လူနဲ့ စပ်ကြည့်ရမယ်နော်။ ဒီထဲမှာ ဘယ်နှစ်မျိုး ပါတုံး (သုံးမျိုးပါဘုရား) လူမှာလဲ သုံးမျိုးပါတယ်နော် ဟုတ်လား။ လူသုံးမျိုးပြောရအုံးမယ်နော်။ ဒါကြောင့် 'လူက မောင်းတုန်း၊ နွားကရုန်း၊သုံးနှုန်းလှည်းသွား၏' တခေါက်ဆိုကြ အုံးစို့။

လူကမောင်းတုန်း၊ နွားကရုန်း၊သုံးနှုန်းလှည်းသွား၏။

မောင်းတော့ ဘယ်သူကမောင်းတုံး (လူကပါဘုရား) လူကမောင်းတယ်။ ရုန်းတော့ ဘယ်သူရုန်းတုံး (နွားကရုန်းပါတယ်ဘုရား) နွားကရုန်းတော့ ဘယ်သူကပါသွားတုံး (လှည်းကပါသွားပါတယ်ဘုရား) ပြောတော့ ဘယ့်နှယ်ပြောတုံး (လှည်းသွားတယ်လို့ပြောပါတယ်ဘုရား) လှည်းသွားတယ်၊ လှည်းရပ်တယ်မပြောဘူးလား (ပြောပါတယ်ဘုရား) လှည်းကြီးက မြန်လိုက်တာ၊ လှည်းကြီးကနှေးလိုက်တာ၊ လှည်းကြီးရပ်နေတယ်မပြောဘူးလား (ပြောပါတယ်ဘုရား) အဲဒီလိုဘဲ လှည်းရယ်၊ နွားရယ်၊ပြီးတော့ကော လူရယ်၊ ဘယ်နှစ်မျိုးတုံး (သုံးမျိုးပါဘုရား)၊ ဒီထဲမှာ အချုပ်အခြာဘယ်သူတုံး (လူပါဘုရား) လူ။ လူပြီးတော့ (နွားပါဘုရား)၊ နွားပြီးတော့ (လှည်းပါဘုရား)၊ ဒို့မှာလဲ ဒီလိုဘဲတဲ့။

သကဋ္ဌံဝိယ ကာယော။

ကာယော၊ရုပ်ကိုယ်ကြီးသည်၊သကဋ္ဌံဝိယ၊လှည်းနှင့်ဘူပေ၏။

ဒို့ရုပ်ကိုယ်ကြီး ဘာနဲ့တူတုံး (လှည်းနဲ့တူပါတယ်ဘုရား)။ အဲဒါလေးတချက်မှတ်၊ မြင်အောင်ကြည့်။ ကနေ့ ဒါလေးဘဲ အသားထုတ်ရမှာ ဟုတ်လား။ ဒို့ရုပ်ကိုယ်ကြီးက ဘာနဲ့တူနေတုံး (လှည်းနဲ့တူပါတယ်ဘုရား)၊ လှည်းနဲ့တူတယ်တဲ့၊ ဒို့ခန္ဓာထဲမှာ လေဆိုတာမရှိဘူးလား (ရှိပါတယ်ဘုရား)၊ အဲဒီလေက နွားနဲ့တူတယ်။

ဂေါဏာဝိယ စိတ္တဇဝါတာ သာရထိဝိယစိတ္တံ။

စိတ်ကြောင့်ဖြစ်တဲ့လေသည် နွားနဲ့တူတယ်။ လေက ဘာနဲ့တူတုံး(နွားနဲ့တူပါတယ်ဘုရား) နွားနဲ့တူတယ်တဲ့။ စိတ်ကလှည်း

မောင်းတဲ့လူနဲ့တူတယ်။ လှည်းမောင်းတဲ့လူနဲ့ ဘာနဲ့တူတုံး(စိတ်နဲ့တူပါတယ်ဘုရား)စိတ်နဲ့တူတယ်။လေနဲ့ဘယ်သူနဲ့တူတုံး (နွားနဲ့တူပါတယ်ဘုရာ)၊ လှည်းနဲ့ဘာနဲ့တူတုံး၊ ခန္ဓာကိုယ်နဲ့ မတူဘူးလား (တူပါတယ်ဘုရား)။ ဒီသုံးမျိုးသာရှင်းအောင်ကြည့်။ ဒါပိုင်လို့ရှိရင် ပိုင်တော့တာဘဲ။ ရုပ်နာမ်တွေမှာ အဲဒါဘဲအရေးကြီးတယ်။ ပြီးတော့ လှည်းရယ်၊ နောက်ပြီးတော့ ဘာတဲ့ နွားရယ်၊ ပြီးတော့ (လူရယ်ပါဘုရား)။ ဒီကဘာတုံး ကိုယ်ရယ် လေရယ် စိတ်ရယ်။ ဒီထဲမှာ ဘယ်သူက အချုပ်အခြာတုံးဆိုရင် စိတ်ကလေးက အချုပ်အခြာဘဲ။ စိတ်ကလေးကြောင့် ဒီလေတွေပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)။ အဲဒီလေတွေပေါ်လာတော့ လေတွေ တွန်းလိုက်ကန်လိုက် ကန်လိုက်တော့ ရုပ်ကိုယ်ကြီး ရွေ့မသွားဘူးလား (ရွေ့သွားပါတယ်ဘုရား)၊ ရွေ့သွားတာ ရုပ်ကိုယ်ကြီးဘယ်သူ့ကြောင့် ရွေ့သလဲ (လေကြောင့် ရွေ့ပါတယ်ဘုရား) လေကြောင့်ရွေ့တယ်။ လေဘယ်သူ့ကြောင့်ပေါ် (စိတ်ကြောင့်ပါဘုရား) စိတ်ကြောင့်ပေါ်။ ပြောတော့ ဘာပြောတုံး(လူသွားတယ်လို့ ပြောပါတယ်ဘုရား) လူသွားတယ်။ ငါသွားတယ် သူသွားတယ် မပြောဘူးလား (ပြောပါတယ်ဘုရား)ပြောတယ်။ ဒီထဲ ငါပါရဲ့လား.... မပါဘူး။ ဒါကြောင့်မို့-

ဂစ္ဆံာမိတိ စိတ္တေ ဥပ္ပန္နေ၊ ဝါယောဓာတု
ဝိညတ္တိံ ဇနယမာနာ ဥပ္ပဇ္ဇတိ။

ဂစ္ဆံာမိတိ စိတ္တေဥပ္ပန္နေ-သွားချင်တဲ့စိတ် ဖြစ်ပေါ်လျှင်။ ဝါယောဓာတု၊ တောင့်တင်းလှုပ်ရှားမှုသည်။ ဝိညတ္တိံ ဇနယမာ

နာဥပ္ပဇ္ဇတိ၊ တွန်းဆောင်လှုပ်ရှားစေမှု သတ္တိအထူးကိုပါဖြစ်စေ လျက် ဖြစ်ပေါ်လာ၏။

ဒို့ယောဓိတွေ ဒီတိုင်းမှတ်။ ဒါလေးဟာ အရေးကြီးဆုံးဘဲ။ ဒို့မမှတ်တဲ့လူတွေနဲ့ ခြားနားတယ်ဆိုတာ ဘာလဲလို့ဆိုလို့ရှိရင်-

ဂစ္ဆာမိတိ စိတ္တေ ဥပ္ပန္နေ ဝါယောဓာတု
ဝိညတ္တိံ ဇနယမာနာ ဥပ္ပဇ္ဇတိ။

ဂစ္ဆာမိတိ စိတ္တေဥပ္ပန္နေ၊ သွားချင်တဲ့စိတ် ဖြစ်ပေါ်လျှင်၊ ဝါယောဓာတု-တောင့်တင်းလှုပ်ရှားမှုသည်၊ ဝိညတ္တိံ ဇနယမာ နာဥပ္ပဇ္ဇတိ၊ တွန်းဆောင်လှုပ်ရှားစေမှု သတ္တိအထူးကိုပါ ဖြစ်စေ လျက် ဖြစ်ပေါ်လာ၏။

သွားချင်ရင် ဘယ်သူက အရင်ပေါ်လာတုံး (စိတ်ကလေး က အရင်ပေါ်လာပါတယ်ဘုရား)၊ ဘာစိတ်ကလေး ပေါ်လာ တုံး-သွားချင်တဲ့စိတ် မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)။ အဲဒီသွားချင်တဲ့စိတ်ကလေး ပေါ်လာတော့ လေဓာတ်ကလေး က ပျံ့နှံ့လာသတဲ့။ ဥပမာ ဒီနေရာပြောကြစို့။ ရေအိုင်ထဲ ငါးပွက်တာ မြင်ဘူးကြလား (မြင်ဘူးပါတယ်ဘုရား)၊ ရေအိုင် ထဲ ငါးလေးလဲ ပွက်လိုက်ရော ရေတွေ ငြိမ်နေနိုင်သေးလား(ငြိမ် မနေနိုင်တော့ပါဘုရား) လှိုင်းထပြီး ဟိုပြေးဒီပြေး မပြေးဘူး လား (ပြေးပါတယ်ဘုရား)။ အဲဒီ ပြေးသလိုဘဲ ဒီစိတ်ကလေး လဲဖြစ်လာရော ဝါယောဓာတ်တွေ လှိုင်းထလာတယ်။ လှုပ်ရှား လာတယ်။ လှုပ်ရှားလာတော့ ခုနတုန်းက လေတွေ၊ ဒီငါးပွက် လိုက်သလို ရေတွေ လှိုင်းထလာတော့၊ အဲဒီမှာရှိတဲ့ ဒိုက်သရော တွေ ဘာတွေ လွင့်မသွားဘူးလား (လွင့်သွားပါတယ်ဘုရား)၊

လွှင့်သွားသလို ဒို့ဒီကိုယ်ထဲမှာ သွားချင်တဲ့ စိတ်ကလေးလဲဖြစ်လာရော၊လေတွေပေါ်မလာဘူးလား(ပေါ်လာပါတယ်ဘုရား) ဒီလေက ကန်လိုက်တော့ စိတ်အလိုရှိရာ ရွှေ့ရွှေ့မသွားဘူးလား (ရွှေ့သွားပါတယ်ဘုရား)။ အဲဒီ ရွှေ့ရွှေ့သွားတာကိုဘဲ ငါသွားတယ်၊ သူသွားတယ်၊ ဒီလိုပြောနေကြတာ။

ဒါဖြင့် ဒီထဲမှာ ဒို့ပရိသတ်ကြီး မြင်အောင်ကြည့်ဖို့ သွားချင်တဲ့စိတ်ကလေးထဲ ငါပါသလား (မပါပါဘုရား)၊ သူကောပါသလား (မပါပါဘုရား)၊ ယောကျ်ား မိန်းမကော ပါသလား (မပါပါဘုရား)။ ဘယ်သူတုံး နာမ်မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။ ဒါဖြင့် လှုပ်ရှားနေတဲ့ တွန်းကန်နေတဲ့ ဝါယောဓာတ်ထဲမှာကော လူပါရဲ့လား (မပါပါဘုရား)၊ ယောကျ်ား မိန်းမ ပါရဲ့လား (မပါပါဘုရား)၊ မပါရင် ဘယ်သူပါတုံး (ရုပ်တရားပါဘုရား) ရုပ်တရားဘဲ။ ရွှေ့ရွှေ့သွားတာကြီးကတော့ ဘယ်သူတုံး-ရုပ်တရား။ ဒါဖြင့် ပြန်ပေါင်းလိုက်ရင် ဘာတွေ့တုံး-နာမ်နဲ့ရုပ်။ ဒါဖြင့် ကျုပ်တို့ နာမ်နဲ့ရုပ်ကြီး ရွှေ့ရွှေ့ရွှေ့ရွှေ့သွားတာ ဘယ်သူ့ကြောင့် ရွှေ့တာတုံး(နာမ်ကြောင့် ရွှေ့တာပါဘုရား) နာမ်ကြောင့်ရွှေ့တာ။ ရွှေ့သွားတော့ ဘယ်သူအရင်ပေါ်သလဲ (စိတ်က အရင်ပေါ်ပါတယ်ဘုရား)။ စိတ်ကလေးပေါ်တော့ ဘာတွေလှုပ်ရှားလာသလဲ (ဝါယောတွေ လှုပ်ရှားလာပါတယ်ဘုရား)၊ ဝါယောတွေလှုပ်ရှားတော့ ဒီရုပ်ကြီး ရွှေ့မသွားဘူးလား (ရွှေ့သွားပါတယ်ဘုရား)၊ ဒို့ရွှေ့ရှားတာဟူသ၍ အကုန်လုံး၊ ဘာဘဲဖြစ်ဖြစ် အဲဒါလေးသာ မှတ်ထားကြ။ ဥပမာ အဝတ်ကလေးတွေ လှမ်းထားတဲ့အခါလွှင့်သွားတော့ ဘယ်သူ့ကြောင့်တုံး (လေကြောင့်

ပါဘူးရှာ)။ သစ်ပင်တွေ လှုပ်နေတာ ဘယ်သူ့ကြောင့်တုံး (လေကြောင့်ပါဘုရား)။ ဒီကိုယ်လဲ သစ်ပင်အတိုင်းဘဲ လေသာမရှိလို့ရှိရင် သစ်ပင်တွေ သစ်တုံးကြီး ချထားတာနဲ့ မှုတ်ပေဘူးလား (တူပါတယ်ဘုရား) ရှေ့နိုင်သေးလား (မရှေ့နိုင်ပါဘုရား)။ ဒို့ရှေ့နေဘာ ဘယ်သူ့ကြောင့်တုံး (လေကြောင့်ပါဘုရား)၊ ဒါဒီလေကြောင့် အဝတ်ကလေးတွေ ရုပ်တရားလေးတွေ ရှေ့သလို၊ ဒို့ရုပ်ကြီးလဲ လေကြောင့် ရှေ့တာတဲ့။ ဘယ်သူ့ကြောင့် ရှေ့တာလဲ (လေကြောင့်ရှေ့တာပါဘုရား)။ လေဟာ လှုလား-ရုပ်လား (ရုပ်ပါဘုရား)၊ ရုပ်ဘရားလား-ယောကျ်ားလား-မိန်းမလား (ရုပ်တရားပါဘုရား)။ ဒါဖြင့် ဒီထဲသွားတတ်တဲ့သူ ငါပါရဲ့လား (မပါပါဘုရား)၊ မသွားတတ်ပါဘူးတဲ့။

အတ္ထတောပန ကောစိသတ္တော
ဂစ္ဆန္တောဝါ တိဋ္ဌန္တောဝါနတ္ထိ။

သွားတတ်တဲ့သူ ဘယ်ရှိမှာတုံးတဲ့၊ 'စိတ်သွားချင်၍၊ လေဆောင်ရှေ့၊ ခေါ်လေ့လှုသွား၏' ကဲ... ဒါလေးဆို။

စိတ်သွားချင်၍၊ လေဆောင်ရှေ့၊ ခေါ်လေ့လှုသွား၏။

စိတ်ကသွားချင်တော့ ဘယ်သူကဆောင်ပေးတုံး (လေကဆောင်ပေးပါတယ်ဘုရား) လေဆောင်ပေးတော့ ဘာရှေ့သွာတုံး (ရုပ်ကရှေ့သွားပါတယ်ဘုရား) ရုပ်ရှေ့သွားတော့ ဘယ့်နှယ်ပြောတုံး (ရုပ်သွားတယ်လို့ပြောပါတယ်ဘုရား) ခု ဒို့ပရိသတ်ကြီး အခုသွားနေတာတွေ၊ ပရမတ်လို့ တရားလို့ပြောရင် ရုပ်သွားတာလား လှုသွားတာလဲ့ား (ရုပ်သွားတာပါဘုရား)

ရုပ်ဘယ်သူ့ကြောင့်သွားတုံး (စိတ်ကြောင့်ပါဘုရား) စိတ်က သွားချင်တော့ ဘာပေါ်လာတုံး(လေပေါ်လာပါတယ်ဘုရား) လေကြောင့် ရုပ်ကြီးရွှေ့မသွားဘူးလား (ရွှေ့သွားပါတယ် ဘုရား)။

စိတ်သွားချင်သော်၊လေသည်ပေါ်၊ရုပ်နောက်သွားလေ၏။

စိတ်သွားချင်တော့ ဘာပေါ်လာတုံး (လေပေါ်လာပါ တယ်ဘုရား) လေပေါ်လာတော့ ဘာသွားတုံး (ရုပ်သွားပါ တယ်ဘုရား) ရုပ်သွားတယ်။ ဒါဖြင့် သွားတတ်တဲ့အကောင် သတ္တဝါ သူကောင် ငါကောင် ယောက်ျားကောင် မိန်းမကောင် ပါရဲ့လား (မပါပါဘုရား) ပါရဲ့လား (မပါပါဘုရား) မပါလို့ အကုန်လုံးပေါင်းယူလိုက်ရင် ဘာတွေ့နေတုံး (ရုပ်နာမ်တွေ့ပါ တယ်ဘုရား) ရုပ်နဲ့နာမ်ဘဲတွေ့တယ်။ နာမ်ကသွားချင်တော့ ရုပ်ကမသွားရဘူးလား (သွားရပါတယ်ဘုရား) ရုပ်ကသွားရ တယ်တဲ့။

ဩ....ဒါကြောင့်မို့ ဒို့တတွေ သွားချင်တဲ့စိတ်ကလေးက အကြောင်းဘဲတဲ့။ အဲဒီအကြောင်းကြောင့် လေပေါ်လာတာ အကျိုးလား အကြောင်းလား (အကျိုးပါဘုရား) ဒါဖြင့် နာမ် ကြောင့် ရုပ်မဖြစ်ဘူးလား(ဖြစ်ပါတယ်ဘုရား) အဲဒီလေကြောင့် မို့ ရုပ်ကိုယ်ကြီးမရွှေ့ဘူးလား (ရွှေ့ပါတယ်ဘုရား) ရုပ်ကိုယ် ကြီးက အကြောင်းလား အကျိုးလား (အကျိုးပါဘုရား) လေ ကဘာတုံး(အကြောင်းပါဘုရား) ခုနင်ဘုန်းက သွားချင်တဲ့စိတ် နဲ့စပ်ကြည့်တော့ လေကအကျိုးဖြစ်မနေဘူးလား (ဖြစ်နေပါ တယ်ဘုရား) အကျိုးဖြစ်နေတယ်နော်။ စိတ်နာမ်တရားလေးက

ဘာဖြစ်နေတုံး (အကြောင်းဖြစ်နေပါစေယ်ဘုရား) ဝါယောဓာတ်ကဘာတုံး (အကျိုးပါဘုရား) နောက်တခါ ရုပ်ကိုယ်ကြီးငရဲ့တော့ ဝါယောဓာတ် ဘာဖြစ်သွားတုံး (အကြောင်းပါဘုရား) ဒါကြောင့်မို့ အကြောင်းကြောင့် အကျိုးဖြစ်၊ အကြောင်းကြောင့် ဘာဖြစ်တုံး (အကျိုးဖြစ်ပါတယ်ဘုရား) အကျိုးဆဲကဘာပေါ်တုံး (အကြောင်းပေါ်ပါတယ် ဘုရား) အကြောင်းပေါ်။ အကြောင်းကြောင့် အကျိုးဖြစ်၊ အကျိုးဆဲကဘာပေါ်တုံး (အကျိုးဖြစ်ပါတယ်ဘုရား) အကြောင်းပေါ်၊ အကြောင်းကြောင့် အကျိုးဖြစ်၊ အကြောင်းကြောင့် အကျိုးပေါ်။ ကြောင်းကျိုးဆက်စပ် ဖြစ်ပေါ်နေတဲ့ ပဋိစ္စသမုပ္ပါဒ်ဟာရားတော်ကြီးကို ဒီ့ခန္ဓာတွင်းသွင်းတဲ့ ပဋိစ္စသမုပ္ပါဒ်ဆိုတာဒါဘဲ။

ဒို့ပရိသတ်ကြီးတွေကြည့်၊ လက်ဘာပြုလို့ကွေးသလဲ (ကွေးချင်လို့ပါဘုရား) ကွေးချင်လို့ဆိုတာဘာတုံး (နာမ်ပါဘုရား) ဟုတ်ပြီ နာမ်တရားဘဲ။ ကွေးတာကကော (ရုပ်တရားပါဘုရား) ဘယ်သူအကြောင်းလဲ (နာမ်တရားက အကြောင်းပါဘုရား) နာမ်တရားအကြောင်း။ ရုပ်တရားကဘာဝတုံး (အကျိုးပါဘုရား) ကွေးတဲ့ရုပ်က အကျိုးဖြစ်နေတယ် ဟုတ်လား။ အကြောင်းကြောင့် ဘာဖြစ်တုံး (အကျိုးဖြစ်ပါတယ်ဘုရား) ကွေးတော့ကွေးတယ်လို့ မသိဘူးလား (သိပါတယ်ဘုရား) သိတာ ရုပ်လား နာမ်လား (နာမ်ပါဘုရား) ဒါဖြင့် ကွေးတာကဘာတုံး (ရုပ်ပါဘုရား) ဘယ်သူကအကြောင်းတုံး (ရုပ်ကအကြောင်းပါဘုရား) ရုပ်ကအကြောင်း၊ သိတာကဘာတုံး (နာမ်ပါဘုရား) သိတဲ့နာမ်ကအကျိုးဘဲ။ ဒါဖြင့်ခုနင်တုန်းက ရုပ်က အကျိုးဘက်

ကမနေဘူးလား (နေပါတယ်ဘုရား) ခု ဘာပြန်ဖြစ်ပြန်ဘုံး (အကြောင်းပြန်ဖြစ်ပါတယ်ဘုရား) အကြောင်းပြန်ဖြစ်တယ်။ အကြောင်းကြောင့် အကျိုးဖြစ်တယ်။ အကျိုးထဲကအကြောင်းပေါ်တယ်၊ ဒီလိုချည်း ဆက်ဆက်မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား) ဒါဖြင့် ဒီလိုအကြောင်းအကျိုး ဆက်နေတာကို ပါဋ္ဌိလို ပဋိစ္စသမုပ္ပါဒ်မခေါ်ဘူးလား (ခေါ်ပါတယ်ဘုရား) ဒီပဋိစ္စသမုပ္ပါဒ်ဟာ စာထဲက ပဋိစ္စသမုပ္ပါဒ်လား၊ ခန္ဓာထဲက ပဋိစ္စသမုပ္ပါဒ်လား (ခန္ဓာတွင်းက ပဋိစ္စသမုပ္ပါဒ်ပါဘုရား) ခန္ဓာတွင်းလှည့်ရင် ဒီတိုင်းပေါ့။

ဥပမာတခု သွားချင်တော့ ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်လို့ မသွားဘူးလား (လှမ်းပါတယ်ဘုရား) ဘာလို့သွားတုံး၊ သွားချင်လို့။ သွားချင်တာဘာတုံး (နာမ်ပါဘုရား) နာမ်အကြောင်းတရား။ သွားနေတာကဘာတုံး (ရုပ်အကျိုးတရားပါဘုရား) ရုပ်အကျိုးတရား။ သွားတော့ သွားတာကို သွားတယ်လို့ မသိဘူးလား (သိပါတယ်ဘုရား) ဒါဖြင့် သွားတာက ရုပ်၊ အကြောင်းတရား မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) သိနေတာကနာမ် အကျိုးတရားဘဲ။ ဒါဖြင့် အကြောင်းအကျိုးတွေ ဆက်မဖြစ်ဘူးလား (ဆက်ဖြစ်နေပါတယ်ဘုရား) ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်လို့ မခေါ်နိုင်ဘူးလား (ခေါ်နိုင်ပါတယ်ဘုရား) သံသရာလို့ကော မခေါ်နိုင်ဘူးလား (ခေါ်နိုင်ပါတယ်ဘုရား) အဆက်ပြတ်ကဲ့လား (မပြတ်ပါဘုရား) အဆက်မပြတ် ဆက်စပ်ပြီးဖြစ်နေတာကို သံသရာခေါ်တယ်။ ကြောင်းကျိုးနဲ့ ကြောင်းကျိုးတွေဆက်စပ်ပြီး ဖြစ်နေတာကိုလဲ ပဋိစ္စသမုပ္ပါဒ် မခေါ်

နိုင်ဘူးလား (ခေါ်နိုင်ပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ်တရားဟော ချင်ရင် လွယ်လွယ်လေးနဲ့ မဟောနိုင်ဘူးလား (ဟောနိုင်ပါတယ် ဘုရား) ပါဠိတော်တွေလဲ မကျက်ရဘူးလေ (မှန်ပါဘုရား)။

လာဘ်ရည်တခွက်သွားဝယ်ချေ။ ပဋိစ္စသမုပ္ပါဒ်နာမလား ငါဟောမယ်။ ဟောပါဆိုရင် လာဘ်ရည်သောက်ပြလိုက်။ ဘာလုံသောက်တုံး၊ သောက်ချင်လို့ဘဲ၊ သောက်ချင်တာဘာဘာတုံး (နာမ်ပါဘုရား) သောက်နေတာဘာတုံး (ရုပ်ပါဘုရား) ဘယ် သူက အကြောင်းတုံး (နာမ်ကအကြောင်းပါဘုရား) သောက် နေတာက (ရုပ်ပါဘုရား)ရုပ်ကအကျိုး။ အကြောင်းအကျိုး မဆက်ဘူးလား(ဆက်ပါတယ်ဘုရား) သောက်တော့ သောက် တယ်လို့ မသိဘူးလား(သိပါတယ်ဘုရား) သောက်တာက ရုပ် လား-နာမ်လား (ရုပ်ပါဘုရား) သိတာကနာမ်။ အကြောင်း အကျိုးတွေ ဆက်မနေဘူးလား၊ ဆက်နေပါတယ်။ အဲဒါ သဘောကျပလားလို့၊ မကျသေးဘူးဆိုရင် နံပြားတချပ်လောက် ဝယ်ချေဦး၊ ဝယ်လာရင် စားပြလိုက်ဦး။ ဘာလို့စားတာတုံး၊ (စားချင်လို့ စားတာပါဘုရား) စားချင်တာဘာတုံး (နာမ်ပါ ဘုရား) စားနေတာက (ရုပ်ပါဘုရား)နာမ်ကြောင့်ရုပ်ဖြစ်တယ် အကြောင်းအကျိုး မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) ဟုတ် လား။ အကြောင်းအကျိုးတွေ ဖြစ်နေတယ်။ ဒါဖြင့် နာမ် ကြောင့် ရုပ်ဖြစ်တယ်။ စားတော့စားတယ်လို့ မသိဘူးလား (သိပါတယ်ဘုရား) ရုပ်ကဘာဖြစ်သွားပြန်တုံး (အကြောင်းပါ ဘုရား)၊ သိတာကကော (နာမ်အကျိုးပါဘုရား)၊ ဒါဖြင့် ရုပ်ကြောင့် နာမ်မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ နာမ် ကြောင့်ရုပ်ဖြစ်၊ ရုပ်ကြောင့်နာမ်ဖြစ်၊ ပါဠိတော်နဲ့ အကိုက်ဘဲ

ဖြစ်လာပြီ။ အသုံးကနဲနေတော့ ထူးထူးဆန်းဆန်း ပြောနေတယ်ပေါ့ဟုတ်လား။ နားမလည်သေးဘူးဆိုရင် စီးကရက်ဘူးဝယ်ချဦးဟုတ်လား။ မဟောနဲ့ဦး၊အဲဒီစီးကရက်လေးသောက်ပြလိုက်။ ဘာလို့သောက်တုံး (သောက်ချင်လို့ပါဘုရား)၊သောက်ချင်တာကနှာမ၊ သောကနေတာကရုပ်၊ သောကတော့ သောကတယ်လို့ မသိဘူးလား (သိပါတယ်ဘုရား) ရှေ့ဆက်ပြောရင်ကော ဆုံးပါဦးမလား (မဆုံးနိုင်ပါဘုရား) ဘယ်တော့မှမဆုံးဘူး။ အကြောင်းအကျိုးတွေဆက်နေတယ်။ အဲဒါပဋိစ္စသမုပ္ပါဒ်မခေါ်ဘူးလား (ခေါ်ပါတယ်ဘုရား)။

ဒါဖြင့် ကျုပ်တို့ ဖောင်းတယ် ပိန်တယ် ကွေးတယ် ဆန့်တယ်လို့ ဒီလိုမှတ်တာ ပဋိစ္စသမုပ္ပါဒ်ကြီး ဖြတ်နေတာလို့ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)၊ ခန္ဓာတွင်း ပဋိစ္စသမုပ္ပါဒ် မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ ခန္ဓာငါးပါးလုံးပါတယ်မဟုတ်လား(ပါပါတယ်ဘုရား)၊အကြောင်းအကျိုးတွေတဲ့။ ဒါကြောင့် ဒီပဋိစ္စသမုပ္ပါဒ်၊ ပဋိစ္စသမုပ္ပါဒ်နဲ့ စာအုပ်ထဲမှာ အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ အဝိဇ္ဇာကြောင့် ဘာဖြစ်ပါလိမ့် (သင်္ခါရပါဘုရား)၊ အဲဒီမှာ သင်္ခါရကအကြောင်းလား အကျိုးလား၊ အဝိဇ္ဇာက အကြောင်း၊သင်္ခါရက အကျိုးဘဲ။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်။ သင်္ခါရက ဘာဖြစ်သွားတုံး (အကြောင်းပါဘုရား)၊ ဝိညာဏ်က ဘာဖြစ်သွားတုံး (အကျိုးပါဘုရား)။ ခုနတုန်းက သင်္ခါရဟာ အကြောင်းကြောင့် အကျိုးဖြစ်တယ်၊ယခုဝိညာဏ်နဲ့ စပ်လိုက်တော့ အကျိုးထဲကအကြောင်း ပေါ်လာတယ် ဟုတ်လား။ သင်္ခါရ ပစ္စယာ ဝိညာဏံ၊ ဝိညာဏ ပစ္စယာဘာတုံး(နာမ

ရှုမဲ့ပါဘုရား)၊ဝိညာဏ်က ဘာဖြစ်တုံး (အကြောင်းဖြစ်ပါတယ်ဘုရား)၊ ဝိညာဏ်ဟာ ခုနက အကျိုးဘက်က နေတယ်၊ အခု အကြောင်းဘက် ရောက်မသွားဘူးလား။ အကြောင်းထဲက အကျိုးပေါ်၊ အကြောင်းကြောင့် အကျိုးဖြစ်။ အကျိုးထဲက အကြောင်းပေါ်၊ ကြောင်းကျိုး ကြောင်းကျိုး ကြောင်းကျိုးတွေ ဆက်စပ်ပြီး ဖြစ်နေတဲ့ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးမဟုတ်လား။ ဒို့သန္တာန်မှာ ရုပ်တွေ နာမ်ကွေ ဖြစ်နေတယ်ဆိုတာ ဒီလို ဆက်ဖြစ်နေတာဘဲ။ ဥပမာဆို မျက်စိကြည့်လိုက်-

စက္ခုဥ္စ ပဋိစ္စရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။

ကိုင်း-မျက်စိကဘာလဲ....ရုပ်။မြင်ရတဲ့အဆင်းကကောဘာလဲ ရုပ်။ ရုပ်မခေါ်ဘူးလား (ခေါ်ပါတယ်ဘုရား)။ အပြင်က အဆင်းနဲ့ အတွင်းကမျက်စိ၊ အဲဒီနှစ်ခုဆုံလိုက်တော့ မြင်သိစိတ်ကလေး မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)။ အဲဒါကလေး ဘာခေါ်တုံး (နာမ်ပါဘုရား)၊ ရုပ်ကြောင့် ဘာဖြစ်တုံး(နာမ်ဖြစ်သွားပါတယ်ဘုရား) နာမ်ဖြစ်သွားတယ်နော်။ အဲဒါပဋိစ္စသမုပ္ပါဒ်ပဲ။ စက္ခုဥ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ ဆိုတဲ့ပါဠိအတိုင်း မြင်သိစိတ်ကလေး ဖြစ်ပလား....ဖြစ်သွားပြီ။ တိဏ္ဏံသင်္ဂတိဖဿော၊ ဒီသုံးခု ပေါင်းဆုံမိတာကို ဘာခေါ်လဲ (ဖဿပါဘုရား)၊ ဖဿက ရုပ်လား-နာမ်လား (နာမ်ပါဘုရား) ဖဿပစ္စယာ ဝေဒနာတဲ့၊ ဖဿကြောင့် ဝေဒနာ ဖြစ်တယ်တဲ့။ ဝေဒနာဆိုတာ ရုပ်လား နာမ်လား (နာမ်ပါဘုရား)နာမ်။ဖဿကြောင့် ဘာဖြစ်တုံး (ဝေဒနာဆိုတဲ့နာမ် ဖြစ်ပါတယ်ဘုရား)၊ နာမ်ကြောင့် နာမ်ဖြစ်တယ် မဟုတ်လား (ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် နာမ်အကြောင်း နာမ်အကျိုး ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဘုရား) ဖဿဆိုတဲ့ နာမ်ကအကြောင်း၊ ဝေဒနာဆိုတဲ့ နာမ်က အကျိုး၊ နာမ်ကြောင့် နာမ်ဖြစ်တယ်။ လာပြန်သေးတယ်။ ဝေဒနာ ပစ္စယာတဏ္ဍာတဲ့။ ဝေဒနာက ဘာဖြစ်သွားပြန်တုံး အကြောင်းဖြစ်သွားတယ်။ တဏ္ဍာက အကျိုးဖြစ်သွားတယ်။ တဏ္ဍာဆိုတဲ့ အကျိုးတရားက ရုပ်လား နာမ်လား (နာမ်ပါဘုရား)၊ နာမ်ကြောင့် နာမ်တွေ ဆက်မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ ဒါဖြင့် နာမ်ကြောင့်နာမ်ဖြစ်၊ နာမ်ကြောင့်ရုပ်ဖြစ်၊ ရုပ်ကြောင့်ရုပ်ဖြစ်၊ ရုပ်ကြောင့် နာမ်ဖြစ်၊အဲဒီလိုချာလပတ်လည်နေတာ၊ လုံးလယ်လိုက်နေတာကို ပဋိစ္စသမုပ္ပါဒ်လို့ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။ ဆိုရင်ကော မှားသလား (မမှားပါဘုရား)။

အေး ဒါကြောင့် ဒို့လုပ်နေတာတွေဟာ ဖြစ်နေတာချည်းဘဲ။ ဥပမာ ဒို့လက်ဝါးနှစ်ခု တီးကြည့်လိုက်၊ လက်ခုပ်တီးတယ်လို့ ခေါ်တာပေါ့ဟုတ်လား။ လက်ခုပ်တီးလိုက်တော့ ဖြောင်းဖြောင်းဆိုပြီး လက်ခုပ်သံ ထွက်မလာဘူးလား (ထွက်လာပါတယ်ဘုရား)၊ အဲဒါ ရုပ်လား-နာမ်လား (ရုပ်ပါဘုရား)။ လက်ဝါး နှစ်ခုကကော ဘာတုံး (ရုပ်ပါဘုရား)။ ဒါဖြင့် ရုပ်ကြောင့် ဘာဖြစ်တုံး (ရုပ်ဖြစ်ပါတယ် ဘုရား)။ ဖြတ်ဆို အဲဒီအသံကလေးက ဘယ်ရောက်သွားတုံး (နားဆီရောက်သွားပါတယ်ဘုရား)။ နားကရုပ်လား-နာမ်လား (ရုပ်ပါဘုရား)။ ဟိုအသံလေးကကော (ရုပ်ပါဘုရား)။ ရုပ်ရုပ်ချင်း မတိုက်ကြဘူးလား (တိုက်ကြပါတယ်ဘုရား)။ ရုပ်တွေ ဆက်ဆက်ဖြစ်မလာဘူးလား (ဖြစ်ပါတယ်ဘုရား)။ ကဲ ဖြစ်

လာတော့ အဲဒီနားကနေပြီး တိုက်လိုက်တဲ့အခါကျတော့ ဒါ ဘာသံလို့မသိဘူးလား (သိပါတယ်ဘုရား)။ သိတာကရုပ်လား နာမ်လား (နာမ်ပါဘုရား)။ အဲဒီနာမ်ကလေး ပေါ်လာတာ ဘယ်သူ့ကြောင့်တုံး (ရုပ်ကြောင့်ပါဘုရား)။ ဒီအသံလေး ကြားလာရင် ဒီစိတ်ကလေးမပေါ်ပါနဲ့ဆို ရပါ့မလား (မရပါ ဘုရား)။ ဒါဖြင့် ဒို့တတွေ အကြောင်းကောင်းအောင် အားမကိုးထိုက်ဘူးလား၊ မလုပ်ထိုက်ဘူးလား (လုပ်ထိုက်ပါတယ် ဘုရား)။ ကာယကံကောင်းအောင်၊ ဝစီကံကောင်းအောင် သူ့ မျှားအားကိုးလို့ ရပါ့မလား (မရပါဘုရား)။ သူမျှားအားကိုး လို့ မရပါဘူးတဲ့။ အကုသိုလ်တွေ့ လုပ်ပြီးတော့ နိဗ္ဗာန် ဆုတောင်းနေရင် ရပါ့မလား (မရပါဘုရား)။ အကုသိုလ်လုပ် နေတဲ့သူကို ဒို့တရားဆိုတာ ဃဘော၊ သဘောဆိုတာတရား။ တရားဆိုတာ (သဘောပါဘုရား)၊ သဘောဆိုတာတရား။ အဲ ဒီ တရားနဲ့ သဘောလေးလဲ နဲနဲလေး ခွဲသိစရာကောင်းတယ်။

ဘာလို့တုံးဆိုတော့ တရားရှုတယ်ဆိုတာ တရားနဲ့သဘော ဘာကွာခြားလဲ (အတူတူပါဘဲဘုရား) တရားဆိုတာသဘော၊ သဘောဆိုတာ(တရားပါဘုရား)။ ဒကာတို့ တရားရှုတယ်ဆို တာ သဘောကို ရှုတာမဟုတ်လား (ဟုတ်ပါတယ်ဘုရား)။ ဟုတ်ရင် သူ့သဘောရှုရမှာလား၊ ကိုယ့်သဘော ရှုမှာလား (သူ့သဘောပါဘုရား)။ သူ့ဖြစ်တဲ့ သဘောအတိုင်းရှု ဟုတ် လား၊ ဒါဖြင့် ကိုယ့်ဟာကိုယ်နေပြီးတော့ ပြင်ရှုမယ်၊ နာနာရှု မယ်၊ ပြင်းပြင်းရှုမယ်၊ ဒါဆိုရင် ကိုယ့်သဘောလား– သူ့ သဘောလား (ကိုယ့်သဘောပါဘုရား)၊ မှာသလား-မှန်သလား

(မှားပါတယ်ဘုရား)။ သဘောတရားကျသေးရဲ့လား(မကျပါဘုရား)။ ဒါဖြင့် ပကတိအတိုင်း သူဖြစ်တဲ့အတိုင်းလိုက်ပြီး သိအောင်လုပ်၊ မဟုတ်လား။ နာနာပိန်အောင် နာနာကြီးညစ်ထုတ်လိုက်။ အဲဒီလိုရှုနေရင် ရရဲ့လား (မရပါဘုရား)။ ဒါကြောင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဒုက္ကရစရိယာကျင့်စဉ်အခါတုန်းက ဘယ်နှစ်နှစ် ကျင့်ရပါလိမ့် (၆-နှစ်ပါဘုရား)ကြာလှန်းလို့။ အခုလို ခြောက်ရက်တောင်မှ တလည်လည်နဲ့၊ ခြောက်နှစ်တောင် ဆိုတော့ သူလဲဘဲ တရားထူးတွေ့လိုတွေ့ငြားဆိုပြီးတော့ အသက်အောင့်ခံတယ်၊ မြတ်စွာဘုရားဟာ အသက်အောင့်ခံတော့ နားထဲကလေတွေထွက်လာတယ်။ နားထဲက လေထွက်လာတော့ နားကိုမလုံ လုံအောင်ပိတ်။ ကြာတော့ မနေနိုင်ဘူး၊ တခါထဲ မူးလဲသွားတယ်။ ဘရားထူးတွေ့ရဲ့လား (မတွေ့ပါဘုရား)။ ဒါဖြင့် သူဟာပကတိတရားရှုတာလား-ပြင်ရှုတာလား (ပြင်ရှုတာပါဘုရား) ပြင်ရှုတာတဲ့။ ဒါဖြင့် ပြင်ရှုတော့ အသိညာဏ်တိုးရဲ့လား (မတိုးပါဘုရား)။ ဒါဖြင့် တရားရှုတယ်ဆိုတာ အသိညာဏ်တိုးဘို့ရှုတာ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)၊ အသိလေး ပြောင်းလာတာကို တရားတွေ့တယ်၊ တရားရတယ်လို့ခေါ်တယ်။အဲဒါလေးလဲ သဘောပေါက်ထားအုံး။ မေ့နေတာ တရားဟုတ်ကဲ့လား၊ လူကောင်လဲနေတာ တရားဟုတ်ကဲ့လား (မဟုတ်ပါဘုရား)။ သိမှမသိဘဲနဲ့၊ ဟုတ်ကဲ့လား။ တခါတလေ လူကမေ့နေတယ်၊ လစ်နေတယ်၊ အဲဒီလိုသဘောတွေကို ဟာ....တရားတွေ့ပြီ၊ တရားရပြီ၊ ဒါတော့ မဂ်ဘဲ၊ ဒါကတော့ ဖိုလ်ဘဲ ဆင်ချင်လဲ ထင်တတ်တယ်။ အဲဒီလိုထင်တာကို ဝိပဿနုပက္ကိ

လေသာ ဆိုပါတယ်။ တခါတလေမှာ လစ်တယ်။ လစ်တာ တွေက အမျိုးမျိုးရှိတယ်။ ပီတိလစ်တယ်၊ ပဿဒ္ဓိလစ်တယ်၊ သမာဓိလစ်တယ်၊ ဘင်္ဂလစ်တယ်။

အလစ်ခြောက်ပါး၊ သတိထား၊ မမှားကြစေရာ-တဲ့။

ပီတိကလဲ လစ်သွားတတ်ပါတယ်တဲ့။ အဲဒီလစ်တိုင်းလစ်တိုင်း မေ့တိုင်း မေ့တိုင်း၊ မြောတိုင်း မြောတိုင်း၊ သတိမရတိုင်း၊ မင်္ဂဖိုလ်ဆိုနိုင်ရဲလား (မဆိုနိုင်ပါဘုရား)။ ကိုင်း-အနာထပိဏ်သူဌေးကြီး ဘုရားပင့်တယ်လို့ကြားတော့ ဘယ့်နှယ်ဖြစ်သွားတုံး၊ မေ့မသွားဘူးလား (မေ့သွားပါတယ်ဘုရား)။ အဲဒါ မင်္ဂရောက်တာလား (မဟုတ်ပါဘုရား)၊ တရားကော အားထုတ်ရသေးလား (မဲထုတ်ရသေးပါဘုရား)၊ မေ့ကောမမေ့ဘူးလား (မေ့ပါတယ်ဘုရား)၊ မေ့ပေမဲ့ အသိဉာဏ်တွေတိုးရဲလား (မတိုးပါဘုရား) ဘာမှမတိုးဘူး။

ဒါကြောင့်မို့ ဒို့တတွေသည် သေသေချာချာ ဓမ္မစစ်တရားစစ်တွေလိုက်ရှာလိုက်တဲ့ အခါကျတော့ အလဲအမှားလေးတွေ၊ အယူအဆလေးတွေ လဲချင်လဲတာ တိမ်းချင်တိမ်းတာ ရှိပါလိမ့်မယ်လို့။ အဲဒါကြောင့်မို့ တရားဟာ ပြင်လိုက်ရင်ဘာမှ မကြာဘူး၊ အစဲအလမ်းမထားရဘူး။ ဘယ်နည်းနဲ့မှ အစဲအလမ်းထားမနေနဲ့။ မှန်ကန်ရာလိုက်။ အဲဒီတော့ ဒို့တတွေ တရားရှုမှတ်နေတာ၊ သင်တို့တတွေသည် မဟာစည်တရား၊ မဟာစည်တိုက်က သာသနာ့ရိပ်သာက၊ ဟံလင်းဆရာတော်ပင့်ပြီး မင်းတို့တရားနာတာ၊ မင်းတို့တရားကော တွေ့ရဲလား၊ တရားမျှားသိရဲလားဆို ဘယ့်နှယ်ပြောမတုံး၊ သိကောသိရဲလား (သိပါ

တယ်ဘုရား)။ သိတယ်လို့ပြောဝံ့ရဲ့လား၊ ကြောက်ကြောက် ရွှံ့ရွှံ ပြောမှာလား၊ ဟိုက ဖြဲချောက်ရင် ကြောက်သွားမှာလား ဘာသိသလဲလို့မေးရင် တရားဆိုတာ ဘာခေါ်သလဲ၊ ရုပ်တွေကို ဘာခေါ်မယ် (တရားလို့ခေါ်ပါမယ်ဘုရား) မခေါ်ဘူးလား (ခေါ်ပါတယ်ဘုရား)။ နာမ်ကို (တရားခေါ်ပါမယ်ဘုရား)၊ တရားမခေါ်ဘူးလား(ခေါ်ပါတယ်ဘုရား)။နာမ်ကို (တရားခေါ်ပါတယ်ဘုရား) ရုပ်တရား နာမ်တရားလို့မခေါ်ဘူးလား (ခေါ်ပါတယ်ဘုရား)။ ဒါဖြင့် ဒကာတို့ ရုပ်နာမ်တွေ သိတာ တရားသိတာလား-မတရားသိတာလား(တရားသိတာပါဘုရား)။ ရဲရဲမပြောဝံ့ဘူးလား(ပြောဝံ့ပါတယ်ဘုရား)။ဒါဖြင့် တရားသိတယ်လို့ ဆိုတော့ ကိုယ်တိုင် ရှုမှတ်ရင်း မသိဘူးလား (သိပါတယ်ဘုရား)။ ကနေ့တော့ မရှုမှတ်လိုက်ရတော့ဘူး၊ အချိန်ကနဲသွားတယ်နော်။ ကဲ-အမျလေး ဝေလိုက်ကြဦးစို့။

အားလုံးကြားကြားသမျှ အမျှ....အမျှ....အမျှ....ယူတော်မူကြပါကုန်လော့....။

သာဓု....သာဓု....သာဓု....။

(၄) စတုတ္ထ ရတနာဃရ ရွှေအိမ်နန်း စံနေတော်မူပုံ

၁၃၃၇-ခု တပို့တွဲလဆန်း ၉-ရက်၊
ရန်ကုန်မြို့ (၃၃)လမ်း သာသနာ့ဟိတ ဓမ္မာရုံတွင်
တအိမ်ဆွမ်းတပွဲ စုပေါင်းအလှူပွဲ၌
အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် မဟာစည်
ဆရာတော်ဘုရားကြီး၏ တပည့်၊ ကမ္မဋ္ဌာနာစရိယ
ဟံလင်းဆရာတော်ဘုရား ဟောကြားတော်မူအပ်သော

တရားရှာခန္ဓာမှာတွေ့ အလုပ်ပေး တရားတော်

ယနေ့ဟောကြားမဲ့ တရားတော်က တရားရှာခန္ဓာမှာတွေ့ဆိုတဲ့ ရှုနည်းမှတ်နည်း တရားတော်ကြီးဖြစ်တယ်။ ဘုန်းကြီးတို့ရဲ့ ရှုနည်းမှတ်နည်းတရားကတော့ တရားရှာခန္ဓာမှာတွေ့လို့ ဆိုတဲ့ အတိုင်း၊ ခန္ဓာကိုယ်ထဲဉာဏ်သွင်းပြီး ပေါ်ရာပေါ်ရာကို ရှုမှတ်ဘို့ပါဘဲ။

တရားမှတ်တယ်ဆိုတာ

တရားရှုမှတ်တယ်ဆိုတာ ဒွါရခြောက်ပါး အကုန်လုံးရှုမှတ်ရပါတယ်။ တခုထဲမဟုတ်ပါဘူး။ ဒွါရခြောက်ပါးလုံးကို မှတ်ကြရမယ်။ ဒီတော့ ဘုန်းကြီးတို့ပရိသတ်ကြီးလဲ မှတ်မိအောင် အမေးအဖြေသဘောမျိုးနဲ့ ဟောကြားမယ်။ ဘုန်းကြီးကမေးလိုက်ရင် ပြန်ပြီးဖြေနိုင်အောင်လဲ ဂရုစိုက်ကြရမယ်နော်။ တရားရှုမှတ်တယ်ဆိုတာ ဘာကိုရှုမှတ်ကြမတုံး၊ ဘယ်ကဟာမှတ်ကြမတုံး (ဒွါရခြောက်ပါးက ပေါ်လာတာ မှတ်ရမှာပါဘုရား) ဒွါရခြောက်ပါးကတဲ့နော်။ ဒါလေးလဲ မှတ်ထားကြအုံး (မှန်ပါ့ဘုရား) လျှံထွက်လဲသွားကြမယ်နော် ဘာကိုမှတ်ရမယ်(ဒွါရခြောက်ပါးက ပေါ်လာတာပါဘုရား)။

ဒွါရခြောက်ပါးဆိုတာ

စက္ခုဒွါရ၊ သောကဒွါရ၊ ဃာနဒွါရ၊ ဇိဝှာဒွါရ၊ ကာယဒွါရ၊ မနောဒွါရ၊ ဒါကတော့ပါဋ္ဌိလို။ မြန်မာလိုကတော့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်။ ဒီခြောက်မျိုးဘဲ။ဒါဖြင့် ဒီခြောက်မျိုးကို တပြိုင်နက်ထဲ ရှုမှတ်ရမှာလားဆိုတော့ မဟုတ်ဘူးနော်၊ ဘယ်ကစမှတ်ရမလဲ (ထင်ရှားပေါ်ရာက စမှတ်ရပါမယ်ဘုရား) တပြိုင်နက်ထဲ မှတ်လို့ရမလား၊ မရပါဘူးနော်။ ထင်ရှားပေါ်တဲ့ နေရာကသာ စပြီးရှုမှတ်ပါတဲ့။ မှတ်ရမဲ့နေရာ မှတ်ရမဲ့ဌာနက ဘယ်နှစ်ခုရှိတုံး (ခြောက်ခုပါဘုရား)မျက်စိကလဲမှတ်ရမယ်၊ ပြီးတော့ နားကလဲမှတ်ရမယ်၊ နှာခေါင်းလဲမှတ်ရမယ်၊ လျှာလဲမှတ်ရမယ်၊ ကိုယ်လဲမှတ်ရမယ်၊ စိတ်လဲမှတ်ရမယ်၊ အားလုံးမှတ်ရမဲ့နေရာက ဘယ်နှစ်မျိုး (ခြောက်မျိုးပါဘုရား)။

အဲဒီခြောက်မျိုးထဲမှာ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာဇတော်ဘုရားကြီးက ဝမ်းဗိုက် ဖောင်းတာ ပိုန်တာက စမှတ်ဘို့ ညွှန်ကြားတော်မူပါတယ်။ ဘာကြောင့် ညွှန်ကြားတော်မူသလဲဆိုတော့ ဘာမှမပေါ်မို့ သူက ထင်ရှားလဲပေါ်နေတယ်၊ ထင်ရှားလဲရှိနေတယ်၊ ဒါကြောင့် အဲဒီဖောင်းတာ ပိန်တာကစပြီးမှတ်ဖို့ ညွှန်ကြားတော်မူတာပါဘဲ။

ကာယနုပဿနာသတိပဋ္ဌာန်

တခုခုသော ဒွါရက ထင်ရှားမပေါ်မို့၊ မပေါ်ခင်၊ သူကတော့ ထင်ရှားရှိနေပါတယ်တဲ့။ အမြဲတစေ ရှိနေတယ်။ အသက်ရှူတိုင်း၊ ရှိုက်တိုင်း၊ အမြဲရှိနေပါတယ်။ ဒါကြောင့်မို့ ဒီဖောင်းတာ ပိန်တာလေးကို စ-ပြီး ရှု့ရန် ညွှန်ကြားပါတယ်တဲ့။ ဒါကြောင့် မိမိခန္ဓာကိုယ်ကြီးထဲက ဝမ်းဗိုက်မှာ စိတ်ထားပြီးတော့ ဖောင်းရင်ဖောင်းတယ်လို့ စိတ်ကသိရမယ်။ ပါးစပ်ကတော့ ဆိုဘို့မလိုပါဘူး။ ပိန်ရင်ပိုန်တယ်လို့ သိရမယ်။ အဲဒီလို ဖောင်းတယ်ပိန်တယ်လို့ မှတ်နေရာမှာ၊ ကွေးရင်လဲ ကွေးတယ်၊ ဆန့်ရင်လဲ ဆန့်တယ်လို့ ဒီလိုသိရမယ်။ အဲဒီလို ကွေးတာ ဆန့်တာ သွားတာ စသည်ဖြင့် ပြုလုပ်သမျှ အမူအရာတွေ၊ ဒါတွေကိုလဲ လိုက်မှတ်ပါတဲ့။ ဒါဖြင့် ဖောင်းတယ် ပိန်တယ် ကွေးတယ် ဆန့်တယ် သွားတယ် စသည်ဖြင့် ဒီလို မှတ်နေတာက သတိပဋ္ဌာန်လေးပါးထဲမှာ ဘာသတိပဋ္ဌာန်တုံးဆိုယင် ဘယ့်နှယ်ပြောမတုံး၊ ကာယာနုပဿနာ သတိပဋ္ဌာန်တဲ့။ ကာယာနုပဿနာဆိုတာ ဘုရားဟောထားတာဘဲ။ ရှုကောင်းတဲ့တရားလို့ ဟောတော်မူတယ်။

အဲဒီလို ရှုနေရင်း တနေရာရာက နာလာတယ်၊ ကိုက်လာတယ်၊ ကျဉ်လာတယ်ဆိုယင် ဒီနာတာ ကိုက်တာ ကျဉ်တာလေးကိုလဲ ရှုမှတ်ရတယ်။ နာရင် နာတယ်။ ကျဉ်ရင် ကျဉ်တယ်။ ကိုက်ရင် ကိုက်တယ်လို့ ဒီလိုလိုက်ပြီး ရှုမှတ်လိုက်ရတယ်။ အဲဒါက ဘာအနုပဿနာတုံး (ဝေဒနာနုပဿနာပါဘုရား)၊ ဝေဒနာနုပဿနာ။

ဒီလိုရှုမှတ်ရင်း စိတ်ကလေးတွေက အပြင်ဘက် ထွက်သွားတယ်။ သို့မဟုတ် စိတ်ကူးနေတယ်၊ ကြံစည်နေတယ်၊ စိတ်ဆိုးနေတယ်၊ စိတ်ပျက်နေတယ်၊ ဒီလိုဖြစ်လာရင် ကြံစည်တဲ့ စိတ်ကလေးကို ဘယ့်နှယ်မှတ်မလဲ၊ ကြံစည်တယ်-ကြံစည်တယ်-မှတ်။ စိတ်ကူးနေတော့ကော (စိတ်ကူးတယ်-စိတ်ကူးတယ်-မှတ်ပါမယ်ဘုရား)၊ စိတ်ဆိုးတော့ကော (စိတ်ဆိုးတယ်-စိတ်ဆိုးတယ်-မှတ်ပါမယ်ဘုရား)၊ လိုချင်တော့ကော (လိုချင်တယ်-လိုချင်တယ်-မှတ်ပါမယ်ဘုရား)၊ နှစ်သက်တော့ကော (နှစ်သက်တယ်-နှစ်သက်တယ်-မှတ်ပါမယ်ဘုရား)၊ မိမိခန္ဓာက ပေါ်တဲ့အတိုင်း မှတ်တာဘဲ။ စာတွေကျက်နေစရာ မလိုတော့ဘူး။ စာအုပ်ထဲက မဟုတ်ဘူး၊ ခန္ဓာက ပေါ်တဲ့အတိုင်း မှတ်ရမှာဘဲ။ အဲဒီလို စိတ်ကလေးတွေကို လိုက်မှတ်နေတာကော ဘာအနုပဿနာတုံး (စိတ္တာနုပဿနာပါဘုရား)၊ စိတ္တာနုပဿနာတဲ့။ နောက်ပြီးတော့ သဘောတရားလေးတွေအနေနဲ့ ထင်ပေါ်လို့ သဘောလေးတွေအနေနဲ့ ရှုမှတ်ရတဲ့အခါကျတော့ ဓမ္မာနုပဿနာတဲ့။ ဒါဖြင့် ဆရာတော်ဘုရားကြီးပြတဲ့နည်းဟာ သတိပဋ္ဌာန်လေးပါးလုံး ငုံပြတာလား၊ တပါးတည်းပြသလား (လေးပါးလုံး ငုံပြ

ပါတယ်ဘုရား)၊ လေးပါးလုံး ငုံမိပါတယ်တဲ့။ ဘယ်နေရာမှ မလွတ်တော့ဘူး။

ပေါ်ရာမှတ်

ဒါကြောင့်မို့ အဲဒီလို မလွတ်စတမ်း ဒုဂရခြောက်ပါးမှာ မျက်စိကလဲ ပေါ်တတ်ပါတယ်။ မျက်စိက ဘာပေါ်တုံးဆို၊ မြင်တယ်။ အဆင်းတခုခု မြင်လာယင် မြင်တယ်လို့မှတ်။ နားက အသံကို ကြားတတ်ပါတယ်။ ကြားလာရင် ဘယ်နှယ်မှတ်မတုံး (ကြားတယ်လို့ မှတ်ရပါမယ်ဘုရား)၊ ကြားတယ်-ကြားတယ်လို့ မှတ်ရုံဘဲ။ နှာခေါင်းက အနံ့ရလာရင် (နံတယ်-နံတယ်လို့ မှတ်ပါမယ်ဘုရား)။ လျှာက အရသာတွေ့ စားရရင် (စားတယ်-စားတယ်လို့ မှတ်ပါမယ်ဘုရား)။ ကိုယ်က တွေ့ထိရရင် (တွေ့ထိတယ်-တွေ့ထိတယ်လို့ မှတ်ပါမယ်ဘုရား)။ စိတ်ကူးကြံစည်နေရင် (စိတ်ကူးတယ်ကြံစည်တယ်-စိတ်ကူးတယ်ကြံစည်တယ်လို့ မှတ်ပါမယ်ဘုရား)၊ စိတ်ကူးတယ် ကြံစည်တယ်လို့ မှတ်။ ဒီအတိုင်းမှတ်ပါတဲ့။ မြတ်စွာဘုရားက မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်၊ ခြောက်တံခါးလုံးအောင်ပိတ်။ မျက်စိလဲပိတ်၊ နားလဲပိတ်၊ နှာခေါင်းလဲပိတ်၊ လျှာလဲပိတ်၊ ကိုယ်လဲပိတ်လို့ ဆိုထားတယ်။

ဒီဒုဂရခြောက်ပါး ပိတ်ဆိုတော့ မျက်စိတွေ့ စုံမှိတ်ထားရမှာလားဆိုတော့ ဒီလိုမှိတ်ထားရုံနဲ့တော့ ပိတ်တယ်လို့ မခေါ်ပါဘူးတဲ့။ နားကို ဂွမ်းဆို့ထားရမှာလားလို့၊ ဒီလိုလဲ မဟုတ်ပါဘူးတဲ့။ ပေါ်လာတဲ့ အာရုံကလေးကို နှိုင်အောင်မှတ်။ မြင်ရင် မြင်တယ်-မြင်တယ်လို့မှတ်ကြ၊ မြင်တယ်-မြင်တယ်လို့မှတ်တော့

အမြင်ခံရတာလေးက ဘာတုံးလို့မေးရင် အမြင်ခံရတာကလေးက ရုပ်လား-နာမ်လား (ရုပ်ပါဘုရား)၊ ရုပ်တရားနော်၊ ဒါဖြင့် ဒီကကြည့်နေတဲ့ မျက်စိလေးက ဘာတုံး (ရုပ်ပါဘုရား) ရုပ်တရားဘဲ။ မှတ်သိနေတဲ့ စိတ်ကလေးက (နာမ်တရားပါဘုရား)၊ နာမ်တရားတဲ့။ ဒီနေရာလေး ထပ်ရှင်းရအုံးမယ်။ ခါတိုင်းလဲ ရှင်းနေကျဘဲ။

ပညတ်နဲ့ပရမတ်

ပညတ်နဲ့ ပရမတ် ခွဲသိရမယ်။ ဒီအထဲ နာမည်ဟူသမျှက ဘာတဲ့လဲ (ပညတ်ပါဘုရား)၊ နာမည်အမှည့်ခံရတဲ့ ပုံသဏ္ဍာန်အထည်ဒြပ်ကလဲ ပညတ်ဘဲ။ နာမည်အမှည့်ခံနေရတဲ့ တရားကတော့ ပရမတ်ဘဲ။ ကဲ ဒါလေးနှစ်လုံးကွဲအောင် ခွဲကြည့်ပါအုံးစို့ရဲ့။ နာမည်ဟူသမျှ အကုန်လုံး ဘာနာမည်ဖြစ်ဖြစ် ပညတ်လား–ပရမတ်လား (ပညတ်ပါဘုရား)၊ နာမည်အမှည့်ခံရတဲ့ ပုံသဏ္ဍာန်အထည်ဒြပ်ကကော (ပညတ်ပါဘုရား)၊နာမည်အမှည့်ခံရတဲ့ တရားကကော (ပရမတ်ပါဘုရား)၊ လူဆိုတဲ့အမည်က ပညတ်လား-ပရမတ်လား(ပညတ်ပါဘုရား)၊ ယောကျ်ား၊မိန်းမဆိုတာကကော (ပညတ်ပါဘုရား)။ အဲဒါကတော့ အမည်ရော အမည်မှည့် ခံရတာရော ပညတ်ချည်းဘဲ။ ပရမတ်က ဘယ်မတုံး (ရုပ်နာမ်ပါဘုရား)၊ ပရမတ်က ရုပ်နာမ်ပေါ့နော်။ ရုပ်နာမ်က ဘာတုံး (ပရမတ်ပါဘုရား)။

ဒါဖြင့် ပရမတ်မမြင်တော့ လူတွေမြင်မနေဘူးလား (မြင်နေပါတယ်ဘုရား)၊ မြင်နေတော့ဘယ်အပေါ်ရောက်နေတုံး(ပညတ်ပေါ်ရောက်နေပါတယ်ဘုရား)၊ ယောကျ်ား မိန်းမ မမြင်ဘူး

လား (မြင်ပါတယ်ဘုရား)၊ ပညတ်ပေါ် မရောက်ဘူးလား (ရောက်ပါတယ်ဘုရား)၊ပညတ်ပေါ်ရောက်နေတယ်တဲ့။ တကယ် ရှိနေတာက ယောကျ်ား မိန်းမက ရှိတာလား-ရုပ်နာမ်ကရှိတာလား (ရုပ်နာမ်သာ ရှိတာပါဘုရား)၊ အဲဒီရုပ်နာမ်ကိုမှုပြီးတော့ ဒါယောကျ်ား၊ ဒါမိန်းမ၊ ဒါလူ၊ ဒါနတ်၊ ဒါဘုန်းကြီး-ဒီလို မပြောဘူးလား၊ ဘယ်သူ့ကို မှီပြောသာတံုး (ရုပ်နာမ်ကိုပါဘုရား)၊ ရုပ်နာမ်ကိုမှီပြောတော့ အမှန်ရှိနေတာက ဘယ်သူကရှိနေတာတံုး (ရုပ်နာမ်ပါဘုရား)၊ အဲဒီ ရှိနေတဲ့ ရုပ်နာမ်က ပရမတ်။အဲဒီ ပရမတ်ကိုမသိတော့ သူ့ကိုမှီဖြစ်နေတဲ့ ယောကျ်ား မိန်းမအပေါ် တင်မနေဘူးလား (နေပါတယ်ဘုရား)၊ အဲဒီ အပေါ် တင်နေခြင်းကြောင့် အဲဒါလေးကို မြင်မနေဘူးလား (မြင်နေပါဟယ်ဘုရား)။ ဒါဖြင့် ပညတ်တာ ဥပါဒ်၊ ဋ္ဌိ၊ ဘင်ရှိရဲ့လား (မရှိပါဘုရား)၊ မရှိဘူး။ ဖြစ်ပျက်ကော ရှိရဲ့လား (မရှိပါဘုရား)၊ ဖြစ်တာပျက်တာ မရှိခြင်းကြောင့် ဒီပညတ်ကို ဝိပဿနာရှုလို့ ရပါ့မလား (မရပါဘုရား)၊ မရဘူး။

ပညတ်-ပရမတ်ကွဲအောင်

ဒါကြောင့် ရှုပ်တဲ့ နာမ်တွေ ရှုမရတာ၊ ပညတ်တွေ ရှုလို့လဲ မရဘူး။ပညတ်ဆိုတာ အစတုန်းကလဲမရှိဘူး။ဥပမာ-ဒို့ ဒီအခန်းမှာ မောင်ဖြူလို့ ခေါ်ထားတဲ့ လူတယောက် ရှိနေတယ်ဆိုပါတော့၊ အဲဒီ မောင်ဖြူဟာ ဘယ်တုံးက ရှိတာတုံးဆိုတော့ မွေးလာတုံးက သူ့အမေအဖေ.ကခေါ်လိုက်လို့ရှိတာ။ မခေါ်ခင်က ရှိလား (မရှိပါဘုရား)၊ ခေါ်တော့ကော တကယ်ရှိရဲ့လား (တကယ်မရှိပါဘုရား)၊ မရှိပါဘူးတဲ့။ ရုပ်နာမ်ကတော့ ရှိနေ

တယ်နော်။ နောက်တော့ တော်တော်လေး ကြီးလာတဲ့အခါ ဒီနာမည်မကြိုက်လို့ မောင်သိန်းလို့မှည့်ရင်ကော ဘာဖြစ်သွားမလဲ (မောင်သိန်းပါဘုရား)၊ မောင်သိန်းဘဲ ဖြစ်လာတယ်။ ခုနမောင်ဖြူရှိသေးလား (မရှိတော့ပါဘုရား)၊ မောင်ဖြူက နဂိုကလဲ မရှိဘူး၊ ဖြစ်လဲမဖြစ်ဘူး၊ ပျက်လဲမပျက်ဘူး။ ဒါကြောင့် ဒီရုပ်နာမ်တွေကိုသာ မြင်အောင်ကြည့်ပါတဲ့။ ပညတ် ပရမတ်ကွဲအောင် ကြည့်စမ်းပါတဲ့။

နာမည်ဟူသမျှတွေဟာ ဘာတဲ့ (ပညတ်ပါဘုရား)၊ အမှည့်ခံရတဲ့ ရုပ်နာမ်ကဘာတဲ့ (ပရမတ်ပါဘုရား)၊ ဒီအဆောက်အအုံကို ဓမ္မာရုံ မခေါ်ဘူးလား (ခေါ်ပါတယ်ဘုရား)၊ ဓမ္မာရုံဆိုတာ ပညတ်လား ပရမတ်လား (ပညတ်ပါဘုရား)၊ ပရမတ်ကဘယ်ဟာတုံး (ရုပ်တရားပါဘုရား)၊ ရုပ်ဘယ်လောက်ရှိသလဲ၊ ရုပ်က ဒီနေရာမှာ အကျဉ်းချုံးရယင် အဌကလာပ်ရုပ်ရှစ်ခုဘဲ။ ဒါကတော့ ခွဲမရဘူး။ ဒါလေးတော့ မှတ်သင့်တယ်။ ဒီရှစ်ခုထက်နည်းလို့တော့ မရတော့ဘူး။ ဓါတ်ကြီးလေးပါးဆိုတာရှိလား (ရှိပါတယ်ဘုရား)၊ ဘာတွေတုံး ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဒီလေးပါးက ခွဲလို့ရရဲ့လား (မရပါဘုရား)။ ဒါဖြင့် အဲဒီလေးပါး ပေါင်းစုနေတော့ ဝဏ္ဏဆိုတဲ့ အရောင်အဆင်း မရှိဘူးလား (ရှိပါတယ်ဘုရား)၊ အရောင်အဆင်းကို ဝဏ္ဏလို့ခေါ်တယ်။ အဲ့ဒီအထဲမှာ အနံ့လေးကော မပါဘူးလား (ပါပါတယ်ဘုရား)၊ အဲဒီအနံ့ကို ဂန္ဓလို့ခေါ်တယ်။ လျှာဖြင့် လျက်ကြည့်ရင် အရသာလေးကော မပေါ်ပေဘူးလား (ပေါ်ပါတယ်ဘုရား)၊ အဲဒါကဘာတုံး (ရသပါဘုရား) ရသရုပ်ဘဲ့

ဒီအထဲမှာ အဆီအစေး မပါဘူးလား (ပါပါတယ်ဘုရား)၊ အဲဒါက ဩဇာဘဲ။ ပေါင်းလိုက်တော့ ရှစ်ခု၊ အဌကလာပ်ရုပ်လို့ ခေါ်တယ်။ ဒီရှစ်ခုကိုတော့ မှတ်ထားပါ။ ပထမက–ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော။ နောက်က-ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာတဲ့။ ဒီရှစ်ခုက အရှိတရားလား မရှိတရားလား (အရှိတရားပါဘုရား)။

အရှိတရားဓာတ်ရှစ်ပါး

ဆံပင်လေးတပင်နှုတ်ကြည့်လိုက်။ ကြည့်လို့ရှိရင် ဒီဆံပင်ကလေးမှာ ကလာပ်ဘယ်နှစ်မျိုးရှိသလဲဆိုရင် ဘယ့်နှယ်ပြောမလဲ (တမျိုးတည်းပါဘုရား)၊ အဲဒီကလာပ်ထဲ ဘယ်သူများတုံး ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ရသ၊ဩဇာ။ ဒီဆံပင်ကလေးမှာ သူ့အရောင်ကြည့်လိုက်ရင် ဖြူရင်လဲဖြူမယ်၊ နက်ရင်လဲနက်မယ်၊ မနက်ပေဘူးလား (နက်ပါတယ်ဘုရား)၊ အဲဒါ အဆင်းဘဲ။ နမ်းကြည့်တော့ အနံ့မထွက်ပေဘူးလား (ထွက်ပါတယ်ဘုရား)၊ အဲဒါ ဂန္ဓတဲ့။ လျက်ကြည့်တော့ အရသာလေး မရှိပေဘူးလား (ရှိပါတယ်ဘုရား)၊ အရသာလေးလဲရှိနေတယ်၊ နောက်ပြီးတော့ အဆီအစေး ဩဇာဆိုတာလဲရှိတယ်။ ဒီရှစ်ခု ခွဲလို့ရရဲ့လား (မရပါဘုရား)။ ဒါဖြင့် လက်သဲလေးဖြတ်လိုက်၊ ပြတ်သွားတဲ့ လက်သဲလေးကြည့်၊ ကလာပ်ရုပ် ဘယ်နှစ်ခုရှိသလဲ (ရှစ်ခုပါဘုရား)၊ ဒါဖြင့် အဲဒီရှစ်ခုဟာ ရုပ်လား-နာမ်လား (ရုပ်တရားပါဘုရား)။ ဒါဖြင့် လက်သဲ့ဆိုတာ ပညတ်လား-ပရမတ်လား (ပညတ်ပါဘုရား)၊ ရုပ်တရားဆိုတာ (ပရမတ်ပါဘုရား)၊ ဒါနှစ်ခု ခွဲသိရမယ်နော်။

မော်တော်ကားဆိုတာ ပညတ်လား-ပရမတ်လား (ပညတ်ပါဘုရား)၊ ဒါဖြင့် ပရမတ်က ဘယ်မတုံး (ရုပ်တရားပါဘုရား)၊ ရုပ်ဘယ်နှစ်ခုရှိသတုံး (ရှစ်ခုပါဘုရား)၊ အဌကလာပ်ရုပ် ရှစ်ပါးဘဲ။ ဒီထက်တော့ ခွဲလို့မရတော့ဘူးနော်။ ဒီထက်အကျဉ်းချုံးလို့ မရတော့ဘူး။ အဲဒီအဌကလာပ်ရုပ်ရှစ်ပါးဟာအမည်အမှည့်ခံနေရတာ၊ မှည့်တဲ့အမည်က မော်တော်ကား။ မှည့်ထားတာကတိုက်၊ အိမ်၊ ကျောင်း၊ လူတဲ့။ လူကျတော့ကလာပ်ရုပ် ရှစ်ခုမကတော့ဘူး၊ သစ်ပင်မှာ ကလာပ်ရုပ် ဘယ်လောက်ရှိတုံး (ရှစ်ခုပါဘုရား)။ ဒါကြောင့်မို့ နာမည်ဟူသမျှဟာ ဘာလဲ (ပညတ်ပါဘုရား)၊ မောင်ငွေးဆိုတာ ဘာတုံး (ပညတ်ပါဘုရား)၊ မယ်အေးဆိုတာ (ပညတ်ပါဘုရား)၊ အဲ-မယ်အေးက ပညတ်ဆိုရင် ပရမတ် ဘယ်မတုံး (ရုပ်နာမ်ပါဘုရား)။

ရုပ်နာမ်လောက

လူအစရှိတဲ့ အသက်ရှိတာကျတော့ ရုပ်နာမ်၊ အသက်မရှိတာကျတော့ (ရုပ်ပါဘုရား)၊ ရုပ်သက်သက်ဘဲ။ ဒီတော့ လောကကြီး တလောကလုံး ခြုံကြည့်ပါတဲ့။ ဒီအတိုင်းသာ လျှောက်ခေါ်ရင် ကိုယ့်ရပ်ကွက်ထဲက လူတွေရဲ့ နာမည်တောင် အကုန်သိကြရဲ့လား (မသိပါဘုရား)၊ အဲဒါ ပညတ်လား-ပရမတ်လား (ပညတ်ပါဘုရား)၊ ပညတ်တွေလိုက်ရင် ဆုံးပါ့မလား (မဆုံးပါဘုရား)၊ ပရမတ်ကို စုလိုက်လို့ရှိရင် ရပ်ကွက်ကြီးတခုလုံး ဘာဘဲရှိတုံး (ရုပ်နာမ်ဘဲရှိပါတယ်ဘုရား)၊ ရုပ်နာမ်ဘဲ။ အဲဒီရုပ်နာမ်လေးမြင်အောင် ကြည့်ရမယ်။ အဲဒီ ရုပ်နာမ်ကို လိုက်ပြီးတော့ နာမည်တွေ အမျိုးမျိုး ခေါ်နေလို့ မကုန်နိုင်တာ၊ မဆုံးနိုင်တာ

တဲ့။ ဒါကြောင့်မို့ မျက်စိမြင်တဲ့အခါ ရှုမှတ်မှုမရှိခဲ့ရင် ဘာတွေ မြင်မတုံး (ပညတ်ပါဘုရား)၊ လူတွေမတွေ့ဘူးလား (တွေ့ပါတယ်ဘုရား)။ မင်းဘယ်ကလာတုံးဟေ့၊ နေကောင်းရဲ့လား၊ ဘာလုပ်နေတုံး မမေးဘူးလား (မေးပါတယ်ဘုရား)။ ဒါပညတ်နဲ့ မေးတာလား-ပရမတ်နဲ့ မေးတာလား (ပညတ်နဲ့မေးတာပါဘုရား)၊ ပညတ်နဲ့မေးတာဘဲ။ အဲဒီတော့ အမြင်ခံရတာတွေက ပညတ်ပေါ် တင်နေပါတယ်တဲ့။ ယောကျ်ား၊ မိန်းမဆိုတာထဲမှာ တကယ်ရှိနေတဲ့ အမှန်ရှိ အဟုတ်ရှိကို မြင်ရဲ့လား (မမြင်ပါဘုရား)။

ဒါဖြင့် ဒီပရမတ်တို့ ဘယ်သူဖုံးထားသလဲ (ပညတ်ဖုံးထားပါတယ်ဘုရား) ပညတ်ဖုံးထားတယ်။ ဘာကြောင့်ဖုံးသလဲဆိုတော့ အမှန်ကို ဝိဇ္ဇာဉာဏ်နဲ့ မသိနိုင်လို့၊ အဝိဇ္ဇာဖုံးထားလို့။ ယောကျ်ား၊ မိန်းမ ဒီလိုမထင်ဘူးလား (ထင်ပါတယ်ဘုရား) အဲဒီလိုယောကျ်ားမိန်းမ ထင်နေခြင်းဟာ မှားသလား မှန်သလား (မှားပါကယ်ဘုရား) မှားနေပြီ။ အမြင်ကတော့ လွဲကုန်ပြီ။ တကယ်အမှန်က ဘာသိမှမှန်မတုံး (ရုပ်နာမ်သိမှပါဘုရား) ရုပ်နာမ်သိမှ မှန်မယ်တဲ့၊ ရုပ်နာမ်ကိုမြင်ရမယ်။

ဒါကြောင့် မြင်လိုက်လို့ရှိရင် မြင်တယ်မြင်တယ် ဒီလိုမှတ်လိုက်တော့ အမြင်ခံရတာဘာတုံး (ရုပ်ပါဘုရား) မျက်စိကြည့်တာကကော (ရုပ်ပါဘုရား) ဒါဖြင့် ဒီနှစ်ခုတိုက်လိုက်တော့ ဘာပေါ်လာတုံး မြင်သိစိတ်ပေါ်လာတယ်။ အဲဒါကဘာတုံး (နာမ်ပါဘုရား) နာမ်တရားကဲ့။ ဒါဖြင့် မျက်စိက ဘာတွေ့ပေါ်လာတုံး ရုပ်နာမ်။ အဲဒီ ရုပ်နာမ်ပေါ်တာကို ရုပ်နာမ်မှန်းသိခဲ့ကြရဲ့

လား (မသိခဲ့ကြပါဘုရား) မသိတာ တော်တော်ကြာခဲ့ပြီနော်၊ ဘယ်တုန်းက စမသိသလဲဆိုရင် အနမတဂ္ဂသံသရာက စပြီးတော့ မသိတာ၊ ကမ္ဘာလဆန်းတရက်နေ့ကစပြီးမတော့ ယနေ့တိုင် မသိတာ။

ယခုတရားကို မလေ့လာခင်၊ မရှုမှတ်ခင်၊ မရှုမှတ်သမျှကာလပတ်လုံး သိခဲ့ရဲ့လား (မသိခဲ့ပါဘုရား) မသိခဲ့ပါဘူး။ဒီတရားရှုမှတ်တော့ ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား) ဩ....ရုပ်နဲ့နာမ်ပါလာဘူးလို့ ရုပ်နဲ့နာမ်သာရှိတယ်။ တကယ့်ပုဂ္ဂိုလ် သတ္တဝါဆိုတာ ရှိရဲ့လား (မရှိပါဘုရား) ကဲ...ဒါဖြင့် ရုပ်နဲ့နာမ်သာရှိတယ်၊ တကယ့်ပုဂ္ဂိုလ် သတ္တဝါမရှိဘူးလို့ မြင်လာရင် ဘယ်သူကွာသွားသလဲ (ပညတ်ပါဘုရား) ပညတ်ကွာမသွားဘူးလား (ကွာသွားပါတယ်ဘုရား)။

ဝိပဿနာကုသိုလ်

"ပညတ်ကျော်ဖြတ်၊ ပရမတ်၊ ထပ်ထပ်တွေ့အောင်ရှာ"တဲ့။ ပညတ်ကိုကျော်ဖြတ်ပြီးတော့ ပရမတ်ကို ထပ်ထပ်တွေ့အောင် ရှာပါတဲ့။ ပညတ်ကနေပြီးတော့ ခန္ဓာကိုယ်က ပေါ်လာသမျှ ဖြစ်တိုင်း နာရင်နာတယ်၊ ပူရင်ပူတယ်၊ အိုက်ရင်အိုက်တယ်၊ အေးရင်အေးတယ်၊ လက်ဂလေးကွေးချင်ရင် ကွေးချင်တယ်၊ လက်ကလေးဆန့်ချင်ရင် ဆန့်ချင်တယ်၊ ဆန့်တယ်....ဆန့်တယ်၊ မျက်စိဖွင့်ချင်တယ်....ဖွင့်ချင်တယ်၊ ဖွင့်တယ်....ဖွင့်တယ်၊ မှိတ်ချင်ရင်မှိတ်ချင်တယ်၊ မှိတ်တယ်....မှိတ်တယ်၊ ယားတယ်၊ နာတယ် စသည်ဖြင့် ပေါ်လာသမျှ အကုန်မှတ်ပါတဲ့။ ကိုယ်ထဲမှာပေါ်လာသမျှ လှုပ်ရင်လှုပ်တယ်၊ ပူရင်ပူတယ်၊ အေးရင် အေးတယ်

စသည်ဖြင့် ကိုင်း စမှတ်ကြစို့နော်။ (ငါးမိန်စ်လောက် ကိုယ် တိုင်ရှုမှတ်ကြည့်ရအောင်)။

ဒီနေ့မှာ ထိုင်ပြီးဟော့ တရားရှုမှတ်ကြတာ ငါးမိနစ်။ တစက္ကန့်မှာ ရှုမှတ်မှု တချက်ရတယ်ထားပါတော့။ ဒါတောင် ပျော့ပြောရတာ။ အဲဒီတော့ တမိနစ်မှာဆိုရင် ၆၀။ ငါးမိနစ်မှာဆိုရင် အမှတ်ပေါင်း ၃၀၀။ အမှတ်ပေါင်း ၃၀၀ ရတော့ မိမိတို့ကိုယ်မိမိတို့ ပြန်စဉ်းစားကြည့်တော့ ဒီက ဒီလိုကုသိုလ်တွေ လှူဘဝရတဲ့အချိန်ကစပြီး ဘယ်နှစ်ခါဖြစ်ဘူးလဲ၊ ဘယ်တုန်းက စဖြစ်သလဲ၊ ဒီကုသိုလ်မျိုးတွေ အဖြစ်နဲ့ခဲ့ပါတယ်။ မြတ်စွာဘုရားက မဖြစ်ဧသးတဲ့ အကုသိုလ်တွေကို မလာအောင် တားရမယ်၊ ဖြစ်ပြီးသားအကုသိုလ်တွေကို ပယ်နိုင်အောင် အားထုတ်ရမယ်၊ မဖြစ်သေးတဲ့ကုသိုလ်တွေကို ဖြစ်အောင် အားထုတ်ရမယ်၊ ဖြစ်ပြီးသားကုသိုလ်တွေကို တိုးပွားအောင် အားထုတ်ရမယ်လို့၊ ဒီလေးချက်ကို မြတ်စွာဘုရားမှာခဲ့တယ်၊ ဟောတော်မူခဲ့တယ်။

ဒီတော့ ဒို့ပရိသတ်ကြီး ခု မဖြစ်သေးတဲ့ ကုသိုလ်ဆိုတာကို အခုလို ရှုမှတ်လိုက်တော့ ဘာကုသိုလ်တွေ ဖြစ်ကြသတုံး၊ ဝိပဿနာကုသိုလ်တွေ မဖြစ်ကြဘူးလဲ (ဖြစ်ကြပါတယ်ဘုရား) အဲဒီ ဝိပဿနာကုသိုလ်တွေဟာတဲ့ နောက်နောက်တုန်းက အဖြစ်မနဲခဲ့ဘူးလား (နဲခဲ့ပါတယ်ဘုရား) အေး....ဒါကြောင့် မဖြစ်သေးတဲ့ကုသိုလ်တွေကို အခုလိုရှုမှတ်လိုက်တော့ ဖြစ်မလာဘူးလား (ဖြစ်လာပါတယ်ဘုရား) ဝိပဿနာကုသိုလ်တော့ ဖြစ်ကြပြီ။ ဒီကုသိုလ်တွေကို တချက်မှတ်လိုက်ရင် တခါမှတ်လိုက်ရင် တချက်မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) ဒါဖြင့် ထပ်ခါထပ်ခါမှတ်နေရင်

ထပ်ခါထပ်ခါ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) ထပ်ထပ်ပြီးတော့ တိုးပွားမနေဘူးလား (တိုးပွားနေပါတယ်ဘုရား) ဒါဖြင့် ထပ်ထပ်တိုးပွားနေတာ မဖြစ်သေးတဲ့ ကုသိုလ်တွေကို ထပ်ထပ်ပြီးမှတ်နေခြင်းကြောင့်၊ ထပ်ထပ်ပြီး တိုးပွားမနေဘူးလား (တိုးပွားနေပါတယ်ဘုရား) တိုးပွားနေပါတယ်။ဒီကုသိုလ်တွေ တိုးပွားနေတယ်ဆိုရင် အကုသိုလ်တွေ လာသေးသလား (မလာပါဘုရား) ဟော....အကုသိုလ်ကိုလဲ တားပြီးသားဖြစ်သွားပြီ။

ဒါကြောင့် မင်ဖိုလ်တွေရသွားရင် ဆိုင်ရာ ကိုလေသာတွေကို အရိယမင်က ပယ်သတ်ပစ်တယ်၊ ပယ်သတ်မပစ်ဘူးလား (ပယ်သတ်ပစ်ပါတယ်ဘုရား) ဆိုင်ရာအကုသိုလ်တွေ မပယ်လိုက်ဘူးလား (ပယ်လိုက်ပါတယ်ဘုရား) ဒါကြောင့် ပယ်နိုင်အောင် အားထုတ်နေတာပါတဲ့။ အမှတ်ကလေးတခုထဲမှာ ဒီအချက်လေးချက်လုံး မဝင်ဘူးလား (ဝင်ပါတယ်ဘုရား) ကိုင်း.... ဖောင်းတယ်ပိုန်တယ်လို့ ဒို့ပရိသတ်ကြီး အဲဒီလိုမမှတ်ကြဘူးလား (မှတ်ကြပါတယ်ဘုရား) အဲဒီလို ဖောင်းတယ်ပိုန်တယ်လို့ မှတ်တော့ ဖောင်းတဲ့အပေါ် စိတ်ကလေး ရောက်သွားတယ်၊ ရောက်သွားတော့ သြ....ဖောင်းနေတာလေးက စပေါ်လာပြီးတော့ နောက်ပျောက်သွားတယ်လို့ ဒီလိုသိတယ်။ ဒီလို သိသိနေတာဟာ အမှန်တရားကိုသိခြင်းကြောင့် ကုသိုလ်ဖြစ်တယ်လို့ ဆိုပါတယ်။ ဒီလိုကုသိုလ်တွေဖြစ်လာတယ်။

အခု ဒို့ဒကာ ဒကာမတွေက သံဃာတော်တွေကို ဆွမ်းမဲကပ်ဘူးလား (ကပ်ပါတယ်ဘုရား) အဲ့ဒါ ဘာကုသိုလ်တုံး (ဒါန

ကုသိုလ်ပါဘုရား) သီလတွေကော မယူကြဘူးလား (ယူပါတယ်ဘုရား)၊ သီလကုသိုလ် မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ ဝိပဿနာ ကုသိုလ်ပြုပါလား (မဖြစ်ဘူးပါဘုရား)၊ ဝိပဿနာ ကုသိုလ်ရောက်ပါလား (မရောက် သေးပါဘုရား)၊ မရောက်သေးဘူးနော်၊ ဒါဖြင့်လို့မနေကြဘူးလား (လို့နေပါတယ်ဘုရား)၊ လို့နေတယ်။ ဩဿ- ဒို့ ဒါနကုသိုလ်တွေကိုတော့ ယနေ့ပြုလုပ်နေပြီ၊ နောက်ကလဲဘဲ ပြုခဲ့ပြီးပြီ၊ မိမိတို့ဖေးဦးစားဖျားပေးတဲ့ ဆွမ်းလောင်းတယ် စသည်ဖြင့် ဒါနကုသိုလ်တွေပြုခဲ့ပြီ။ သိလကိုလဲ နေ့စဉ်ငါးပါးသီလကို စောင့်ရှောက်နေတယ်၊ တလလေးသီတင်းရှစ်ပါးသီလ ဆောက်တည်တယ်၊ အခါကြီး ရက်ကြီးများမှာလဲ ဆောက် တည် တယ်။ ဝါဝင် ဝါထွက် ဆောက် တည် တယ်၊ အခွင့် သင့် သ လို့ ဆောက်တည်တယ်၊ ဟာဒီ ဝိပဿနာကိုတော့ ရှုရတဲ့ အချိန် ကာလဟာ အင်မတန် နဲနေတယ်။

ဒါကြောင့်မို့ ဩဿ-ဝိပဿနာဟာ အထူတ်အမြတ်ဆုံးဆိုပြီးတော့ ဒီမှာရှိနေတဲ့ ဒကာကြီးများက ဦးဇွန်းရှိန်တို့၊ ဦးခင်မောင်ဝင်းတို့က သူတို့ကိုယ်တိုင် ရိပ်သာလာရောက် စမ်းသပ်ပြီးတော့မှ ဩဿ-ဗုဒ္ဓဘာသာတွေရဲ့ အဆိအနှစ်က ဒီမှာနေပါလားလို့ ဒီအနှစ်သာရတွေတွေ့လို့ ဒို့ ခံစားရသလို သူများလဲ ခံစားရပါစေတော့လို့ ကြိုးစားအားတုတ်ကြပါတယ်။ အပင်ပန်းခံပြီးလာကြပါတယ်။ အဲဒီလို အားဆုတ်ပြီးတော့ လက်တဲ့ခေါ်တာဘဲ၊ မိတ်ကောင်း ဆွေကောင်းလို့ ခေါ်ပါတယ်။ ဘာပြုလို့တုံးဆိုတော့ ခုခေတ်မှာ ကြီးပွားအောင် ချမ်းသာအောင် ဆောင်ရွက်ပေးလို့ကရင် ကျေးဇူးဆပ်လို့ မကုန်ဘူး၊ ကျေးဇူး တင်လို့က်

တာ၊ မင်းဒါလေး ရောင်းပါလားလို့ ပြောတယ်၊ သူပြောတဲ့ အတိုင်း ရောင်းလို့သာ မြတ်သွားရင် ကျေးဇူးတင်လို့မဆုံးဘူး။ ဒီဓါတ်လုံးလေး ဆောင်ထားပါလား၊ မင်းဘာဖြစ်လိမ့်မယ်ဆို ပြီး သူ့ဟာသူ ဖြစ်သွားလဲ ကျေးဇူးတင်လို့ မဆုံးဘူး။ အဲဒါက တခဏ တသက်တာပါတဲ့။

ဟောဒီ ဝိပဿနာကတော့ ဘဝအဆက်ဆက် အပါယ်လေး ပါးကလွှတ်ပြီးတော့ကောင်းရာသုဂတိ လူ့စည်းစိမ် နတ်စည်းစိမ် တွေ အကြိမ်ကြိမ်ခံစားပြီးတော့၊ နောက်ဆုံးနိဗ္ဗာန်အထိသွားပါ တယ်တဲ့။ အပါယ်တံခါး ပိတ်သွားတယ်၊ ဒါကြောင့်မို့-သြော် ဒို့တတွေဟာ ပါရမီထူးရှိလို့ မိတ်ကောင်း ဆွေကောင်းနဲ့တွေ့ရ တာ၊ မိတ်ကောင်း ဆွေကောင်းနဲ့ အခုလို တွေ့နေတယ်၊ မိတ် ကောင်းဆွေကောင်းဆိုတာ လောကမှာ အင်မတန် လိုပါတယ်။ သပ္ပုရိသ သံသေဝတဲ့။ မြတ်စွာဘုရားက ဒီလိုဟောထားတယ်။ အဲဒါကြောင့်မို့ ဒီလိုထူးမြတ်တဲ့ တရားတွေ၊ ဒီလို အနှစ်သာရနဲ့ ပြည့်စုံတဲ့ တရားတွေ၊ ဒါန၊သီလ၊သမထ၊ ဝိပဿနာ တရားတွေ နာကြားရ ပွားများရတယ်၊ ဒီအထဲမှာ ဝိပဿနာဆိုတာ အင်မ တန် အနှစ်သာရနဲ့ ပြည့်စုံတဲ့ တရားဘဲ။ ဒီတရားက နည်းသော များသော မဟုတ်ပါဘူးတဲ့။ ဒို့တော့ဟေ့ နှစ်လသုံးလ၊တနှစ် နှစ်နှစ် အားမထုတ်နိုင်တဲ့အတွက် အကျိုးကျေးဇူးများ ရှိမှရှိပါ့ မလားလို့၊ အဲဒီလိုမတွက်ရဘူး။

ဥပမာ-ဟိုတုန်းက မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတုန်း က တမ္ဗဒါဋ္ဌိက ဆိုတာရှိတယ်။ သူကလူရုပ် အင်္ဂါကလဲတော် တော် ကြမ်း တယ်။ နှုတ်ခမ်းမွေးကလဲနီတယ်၊ မျက်လုံးကလဲ

နိတယ်၊ နှုတ်ခမ်းမွေးကနိလို့ သူ့ကို ကိုစွယ်နိလို့ ခေါ်တယ်၊ သူနဲ့သူ့မိတ်ဆွေတွေ ခိုးသားငါးရာက ဂိုဏ်းဖွဲ့ပြီးတော့ ခိုးနေကြတယ်။ တိုက်နေကြတယ်၊ လုနေကြတယ်။ ကြာတော့ တိုင်းသူပြည်သားတွေက မခံနိုင်တော့ဘူး။ လုပ်စားကိုင်စားလို့တောင် မရဘူး၊ သူတို့နဲ့ချည်း တွေ့နေရတယ်။ ခဏခဏ နှောက်ယှက်ခံနေရတယ်။ ဘုရင်မင်းမြတ်ကြီးထံ သံတော်ဦးတင်တော့ ဘုရင်မင်းမြတ်ကြီးက တပ်တွေ့ဖွဲ့ပြီး ဝိုင်းဖမ်းတော့မိကုန်ရော။ငါးရာစလုံးမိကုန်တယ်။ အဲဒီ ငါးရာစလုံးမိတော့ ဒီငါးရာကို ကိုင်း-အမောင်တို့၊ မင်းတို့အထဲက တယောက်က ကျန်တဲ့ ၄၉၉ ယောက်ကိုသတ်ပါ၊ အဲဒီလို သတ်နိုင်တဲ့လူကို ချမ်းသာပေးမယ်လို့ ဘုရင်မင်းမြတ်က ဒီလိုမိန့်တော်မူတယ်။ ငယ်သားကစမေးတယ်၊ ဘယ်သူကမှ မသတ်နိုင်ဘူး၊ သူမျှားကုသာ သတတာကိုယ့်အချင်းချင်းကျတော့ မသတ်ရက်ဘူးညှာတယ်။

ကိုစွယ်နီရဲ့ အလှည့်ကျတော့သတ်ပါ့မယ်လို့ ပြောတယ်၊ ပြောတဲ့အတိုင်းလဲ ကျန် ၄၉၉ ယောက်ကို တခါတည်း သတ်လိုက်တယ်။ သတ်လိုက်လို့ ဟို ၄၉၉ ယောက်တော့ သေရော၊သူကတော့ အသတ်မခံရဘူး၊ ခွင့်လွတ်မယ်ဆိုတဲ့အတိုင်း ခွင့်လွတ်လိုက်တယ်။ ပြီးတော့ မင်းလူသတ်ကောင်းတယ်လို့ ဆိုပြီး၊ လူသတ်ဗိုလ်ကြီး ခန့်လိုက်ပါတယ်။ ရာဇဂြိုဟ်ပြည်မှာ သတ်စရာရှိသမျှသူချည်းသတ်ရတယ်။ တနေ့-ယောက်၊ ၂-ယောက်၊၅-ယောက်၊ ၁၀-ယောက် စသည်ဖြင့် အကြောင်းအားလျော်စွာသတ်ရတယ်။ ဘယ်လောက်ကြာအောင် သတ်ခဲ့လဲဆိုရင် ၅၅-နှစ်တဲ့။ အဲဒီလို ၅၅-နှစ် အမှုထမ်းလာလို့ အသက်က တော်တော်ကြီးလာတော့

ကာ အားနည်းလာတဲ့အတွက် အသတ်ခံရတဲ့ သူတွေမှာ သူသတ်လိုက်ရင် မသက်သာဘူး၊ ကချက်ထဲနဲ့ ပြတ်သွားအောင် မခုတ်ဖြတ်နိုင်တော့ဘူး။ အခုကာလလိုလဲ သေနတ်တွေဘာတွေကမရှိသေးဘူး။ နှစ်ချက်သုံးချက် ခုတ်ရတော့ အသတ်ခံရတဲ့ လူတွေဟာ ပင်ပင်ပန်းပန်းနဲ့ သေကြရရှာတယ်၊ ဒါကြောင့် သူ့ကို ရာထူးက နှုတ်ပယ်လိုက်တယ်။

လူသတ်သမားဟာ၊ သူများလိုအဝတ်ကောင်း မဝတ်ရဘူး၊ အဝတ်သစ်သစ် လွင်လွင် မဝတ်ရဘူး၊ အဲဒီအခါတုန်းကတော့ နို့ဃနာဆွမ်းဆိုတာ အမြတ်ဆုံး၊ အကောင်းဆုံးပေါ့။ ဒီလောက်ကောင်းတဲ့ အရသာကိုလဲ လူသတ်သမားမှာ စားခွင့်မရှိဘူး၊ ပန်းမပန်ရဘူး၊ နံ့သာမလိမ်းရဘူးတဲ့။ အဲဒီတုန်းက ဥပဒေထုတ်ထားတယ်။ ဒါနဲ့စားချင်ရက်နဲ့ မစားရဘူး၊ ဝတ်ချင်ရက်နဲ့ မဝတ်ရဘူး၊ ဖီးချင်လိမ်းချင်ရက်နဲ့ မလိမ်းရဘူး။ ဒါနဲ့ ကိုစွယ်နီဟာ အဲဒီရာထူးက နှုတ်ထွက်တဲ့နေ့ကျတော့၊ ဒါတွေ နှစ်ပေါင်းများစွာ အောင့်ခဲ့ရတဲ့ အတွက် ဒီကနေ့တော့ ကောင်းကောင်းစားတော့မယ်ဆိုပြီးတော့ နို့ဃနာဆွမ်းတွေ ချက်တယ်။ နို့ဃနာဆွမ်းတွေ ချက်ပြီးတော့ အဝတ်သစ်တွေဝတ်၊ ရေချိုး၊ပန်းပန်။ ဒီလိုတကယ် ပျော်ပွဲစားတော့မယ် လုပ်နေတုန်း၊ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက ကြည့်လိုက်တယ်။ ဒီနေ့ဘယ်သူ့များ ကယ်တင်ရပါ့မတုံးလို့ ကြည့်လိုက်တော့၊ ဒီတမ္ဗဒါဋ္ဌိက ဆိုတဲ့ ကိုစွယ်နီကြီးကိုမြင်တယ်။

သြော်-ဒီလူကြီးတော့ဖြင့်မကြာဘူး၊ သူ့မှာအသက်ရှင်နေဘို့ ရာကဖြင့်ဒီနေ့တနေ့တောင်မရှိတော့ဘူး၊ နာရီပိုင်းလောက်သာ

ရှိတော့တယ်။ သူသေရင်ဘယ်ရောက်မှာတုံးဆိုရင်ဖြင့် လူတွေကို ၅၅ နှစ်ပတ်လုံး သတ်လာတဲ့ လူတယောက်ဆိုတော့ သူ့ခန္ဓာဟာ ငရဲရောက်ရှာတော့မှာ သေချာတယ်။ ငရဲဆိုတာအင်မတန် ကြောက်စရာကောင်းတယ်။ ဆင်းရဲတယ်။ ဒါနဲ့သနားတော်မူလို့ အရှင်သာရိပုတ္တရာက ငါသွား ကယ်တင်မယ်ဆိုပြီး သူ့အိမ်ပေါက်သို့ ဆွမ်းရပ်တော် မူလာပါတယ်။ ဆွမ်းလဲရပ်ကရော ကိုစွယ်နီကမြင်ဘော့ ကြည်ညိုတယ်။ ငါဟာဖြင့် တသက်လုံးလူတွေသတ်ပြီး အကုသိုလ် အလုပ်ဘွဲ့ လုပ်လာ လိုက်တာ ဒုစရိုက်တွေချည့်လုပ်လာခဲ့တာဘဲ၊ ကုသိုလ်ကို တခါမှ မလုပ်ဖူးဘူးတဲ့။ ဒီတခါတော့ ငါ့မှာလွှစရာလဲရှိတယ်၊ အလှူခံပုဂ္ဂိုလ်လဲရှိဘယ်။ ဒီဟော့ငါလှူမှဘဲ၊ ဒီကုသိုလ်တော့ ငါယူအုံးမှ ဘဲလို့ ကြံပြီး "အရှင်ဘုရား.... ကြွတော်မူပါဘုရား ..." လို့ ရှိသေစွာ ရှိခိုးပြီးလျှောက်တယ်။ "တပည့်တော်ကို သနားသဖြင့် အလှူခံတော်မူပါဘုရား" လို့ လျှောက်တယ်။

"သနားသောအားဖြင့် အလှူခံပါ" ဆိုတဲ့စကားလေးကြည့်၊ အလှူခံတဲ့ပုဂ္ဂိုလ်က သနားလို့အလှူခံဘာတဲ့။ အရှင်သာရိပုတ္တရာကိုယ်တော်ကြီးက အလှူခံလိုက်ရင် သူ့မှာ တွေ့ကြုံရမဲ့ ဒုက္ခတွေ၊ ဆင်းရဲတွေ၊ တခါထဲလွတ်သွားမယ်၊ ငရဲကျသွားမဲ့ ငရဲဘေးကလဲ လွတ်သွားမယ်၊ ကောင်းရာသုဂတိလဲ ရောက်သွားမယ်။ အကယ်၍သာ အရှင်သာရိပုတ္တရာက အလှူမခံလိုက်ရင်ဒီကုသိုလ်သူမရဘူး၊ ဒီကုသိုလ်တွေမရရင် ဒီဘေးကြီးကမလွတ်ဘူး၊ ဒီချမ်းသာကိုမရနိုင်ဘူး၊ ငရဲဘေးကလဲ မလွတ်နိုင်ဘူး။ လူချမ်းသာနတ်ချမ်းသာတွေကိုလဲ မရနိုင်ဘူးတဲ့။ ဒါကြောင့်မို့ တပည့်

ဆတော်ကို သနားသဖြင့်အလှူခံပါဆိုတဲ့ လျှောက်လား တာဟာ အလွန်သဘာဝကျပါတယ်။ ခုကာလဖြင့် ဒီလိုမဟုတ်တော့ ပါဘူး။ ဒီကိုယ်တော်ကဖြင့် ဘုန်းကံနည်းရှာပါတယ်၊ သနားပါတယ်လှလိုက်ပါတဲ့။ ကိုယ်ကသနားလို့ လှူတာတဲ့။ သနားလို့ လှူတာဆိုလို့ရှိရင် ဒါနရဲ့အကျိုးကို မြင်ရဲလား(မမြင်ပါဘုရား)။

ဩော်....ဒီလိုလှူရင် ဒိုကောင်းတာတွေလုပ်ရင် ကောင်းကျိုး ချမ်းသာတွေကို ရနိုင်တယ်လို့ ဒီလိုသိပြီး လှူမှု ပိုပြီးတော့အကျိုး ရှိတယ်။ ဒီတော့တပည့်တော်ကို သနားသဖြင့် အလှူခံတော်မူပါဘုရားလို့ လျှောက်တော့ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးက အလှူခံတယ်။ သနားလို့ အလှူခံတာပါတဲ့။ ယာဂုဆွမ်းအလှူခံပြီးတော့လဲ အရှင်သာရိပုတ္တရာက ပြန်မကြွသေးဘူး၊ ဘာလို့ ပြန်မကြွသေးသလဲဆိုတော့ ကတမ္မဒါဠိကအား ဘေးဒုက္ခမှ လွတ်အောင် တရားဟောချင်သေးလို့ပါတဲ့။

ဟောပုံကတော့=ဒါနကထာ၊သူလှူတဲ့ဆွမ်းကလေးရဲ့ အကျိုးကို စပြီးဟောတယ်။ ဒိုကနေ့ ဒီမှာဆွမ်းလှူကြတယ်၊ အဲဒီဆွမ်းရဲ့ အကျိုးမျိုးပေါ့။ နောက်တခါ သီလကထာ= သီလပေးတယ်။ သီလ ဆောက်တည်စေတယ်။ နောက်ဒီထက် မြင့်ပြီးတဆင့်ထက် တဆင့်မြင့်သွားအောင် ဝိပဿနာတိုင်အောင် ဟောလိမ့်မယ်။ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးက အဲဒီတရားဟောချင်တာနဲ့ ပြန်မကြွသေးတာတဲ့။ ပြန်မကြွတော့ အဝတ်ကလေးခင် ပေးရတယ်။ အဲဒီနေရာမှာဘဲ အရှင်သာရိပုတ္တရာက ယာဂုဆွမ်း ဘုဉ်းပေးနေတယ်၊ သူကအနားက ယပ်ကလေးခပ်ပြီး ဝေယျာဝစ္စပြုလုပ်ဒနတယ်။ ဘဲဒီလို လုပ်ဒနရင်းနဲ့ နွားနို့ယာဂုကို စား

သောက်ချင်လိုက်တာ မအောင့်နိုင်တော့ဘူးတဲ့။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၅-နှစ်က မစားမသောက်ရဘဲ နေတဲ့နွားနို့ယာဂု၊ နွားနို့ဆန်ပြုတ်ကို သိပ်စားချင်နေတယ်။ ဒီတော့ရှင်သာရိ ပုတ္တရာက ရိပ်မိတော်မူတယ်၊ "ဒကာကြီး ကဲ....ကဲ .. နွားနို့ ယာဂုကို သွားစားချည်အုံး၊ ပြီးမှလာခဲ့ပေါ့" လို့ ခွင့်ပြုလိုက်တယ်။အဲဒီတော့ သူကပျာကယာနဲ့ သွားပြီး စားသောက်ဆယ်၊စားသောက်ပြီးတော့ အရှင်သာရိပုတ္တရာထံပြန်လာတယ်။ အရှင်သာရိပုတ္တရာကဘရား ဟောဝယ်။

ဒါနကထာ=စားသောက်ဖွယ် ဆွမ်းဘောဇဉ်ကို လှူလို့ရှိရင် ဖြင့် ဆုမတောင်းဘဲနဲ့ အကျိုးငါးပါး ပေးမယ်။ အသက် ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အား ကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ဒီအကျိုးငါးပါးကိုတဲ့ ဆွမ်းကပ်လိုက်သည်နှင့် တပြိုင်နက်ထဲ ရပါတယ်၊ ဘဝတိုင်း၊ ဘဝတိုင်း အသက်ရှည်မယ်၊ သူမျှားထက်ပိုပြီး ရုပ်ချောမယ်၊ လှမယ်၊ ပြုပြင်နေစရာမလိုဘူး။ ဒါနကပြုလုပ်ပေးတာ။ သူကပြုပြင်ပေးတာ၊ ကိုယ်ကိုတိုင် ပြုပြင်နေစရာမလိုတော့ဘူး။ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ပစ္စည်း ဘောဂဗလတွေနဲ့ ပြည့်စုံအောင် သားသမီးအခြေအရံတွေနဲ့ပြည့်စုံအောင် ဟပည့်တပန်းအခြေအရံဘွဲ့နဲ့ ပြည့်စုံအောင် သူကလုပ်ပေးတယ်။ ကိုယ်ကိုတိုင်ကမရှာရဘူး။ ဒီလိုကပ်လှူတဲ့အခါမှာလဲ ရိုရိုသေသေနဲ့ ကပ်လို့ရှိရင် မိမိက လေးလေးစားစားနဲ့လှူခဲ့တမ်းခဲ့လို့ရှိရင် နောက်ဘဝမှာ မိမိဩဇာညောင်းမယ်၊ သားသမီးတွေက ရိုသေမယ်၊ မိမိပြောလိုက်လို့ရှိရင် နားထောင်မယ်၊ တပည့် တပန်းတွေ

ကလဲ ပြောလိုက်ရင် နားထောင်တယ်၊ အလိုက်သိတာနဲ့ တွေ့တယ် ရှိသေမယ်။

မရှိမသေနဲ့ "ဟဲ့ ကောင်လေး....ဆွမ်းလောင်းလိုက် ပါလား" ဟိုဟာကို ကပ်လိုက်ပါလား၊ ဟိုလိုလုပ်လိုက်၊ ဒီလိုလုပ်လိုက်နဲ့ ခိုင်းပြီးလျှောက်ဝေဘဲ့ မရှိမသေလုပ်ခြင်းကြောင့် ကုသိုလ်ဓာတ် ဖြစ်သော်လဲ စည်းစိမ်ချမ်းသာတွေရှိသော်လ ဩဇာအာဏာ မသက်ရောက်ဘူးတဲ့၊ ဩဇာမရှိဘူးပေါ့။ သားသမီး တွေက ပြောမကောင်းပါဘူး၊ ပြောစကားနားမထောင်ဘူး၊ ခုခေတ် သားသမီးကွေက ပြောကောင်းတာ မဟုတ်ဘူးလို့ ပြောကြတယ်။ ကိုယ်ကိုယ်တိုင်ကဟိုတုန်းကရှိရှိသေသေမလုပ်ခဲ့တဲ့အတွက်ကြောင့် ဘဲလို့ ကိုယ့်ကိုယ်ကိုပြန်အပြစ်ရှာရမယ်။ဟိုတုန်းက မရှိသေခဲ့တာ ဂါရဝတရား နဲခဲ့လို့ ငါ့လဲ ခုလို ဂါရဝတရားနဲတာတွေနဲ့ တွေ့နေတာလို့ မှတ်ယူရမယ်။ အိမ်ကအလုပ်သမားတွေကလဲ ပြောမကောင်းပါဘူးလို့လဲ ညည်းကြတယ်။ ဘယ်ပြောကောင်း လိမ့်မတုံး၊ ကိုယ်ကဟိုတုန်းက ရှိရှိသေသေမလုခဲ့ဘူး။ ဒါကြောင့် မို့ မရှိသေတဲ့ အခြေအရံ အစေခံတွေနဲ့လာတွေ့တာ။ ခုနင်တုန်းက ချမ်းသာကြီးခြင်းနဲ့ ရှိရှိသေသေ နဲ့လဲ တွေ့အောင် လှုတန်းတဲ့ အခါမှာ ရှိရှိအေသေလေးလေးစားစား ဂါရဝတရားနဲ့ လှုတန်းကြရမယ်။

"သက်ရှိ- ဆင်းလှ- ချမ်းသာရ၊ ဗလ ဉာဏ်ပညာ" တဲ့။ ခွန်အား ဗလလဲကောင်းတယ်၊ ခွန်အားဗလ ကောင်းတယ် ဆိုတာ ကျန်းမာရေးနဲ့ ပြည့်စုံ နေတာဘဲ။ ဘယ်တော့မှ ဆေးမစားရဘူး၊ဘယ်တော့မှ ဆေးမထိုးရဘူး။ ဘယ်ဆေးရုံမှလဲ

မရောက်ဘူး၊ အဲဒီလို ကောင်းကျိုးကို ဘယ်သူလုပ် ပေးတာ တုံး၊ ကျန်းမာအောင် ဘယ်ဆရာက ကုနေတာတုံးဆိုတော့ ဒုါနတည်းဟူသော ကုသိုလ်က ကုနေတာတဲ့။ အဲဒီကနေပြီး တော့ ဉာဏ်ပညာတွေ သပကောင်း နေတယ်၊ သပထက် မျက်တယ်။ အဲဒါလဲ ခုနက ဒါနကုသိုလ်က လုပ်ပေးတာပါ ဘဲ့။ အဲဒါကြောင့်မို့ -

သက်ရှည်ဆင်းလှ၊ ချမ်းသာရ၊ ဗလ ဥာဏ်ပညာ။
ဆွမ်းလှ။ အကျိုး ဤငါးမျိုး၊ တန်ခိုးကြီးလှစွာ — တဲ့။

အဲဒီအကျိုးတွေရချင်ယင် ဆွမ်းတွေ ဟင်းတွေ ကပ်လှူကြ ရမယ်။

နောက် သီလအကျိုးကတော့ သီလကလဲဘဲ ဒီလိုအကျိုးပေး ပါတယ်။ အသက်ရှည်ခြင်း၊ ဂုဏ်သတင်းပျံ့မွှေးခြင်း စသော အကျိုးတွေပေးတယ်။ ဒါတွေလဲ ဟောပါတယ်။ ဒီသီလဆိုတာ သူ့အသက် မသတ်ရဘူး၊ သူ့ဥစ္စာမခိုးရဘူး၊ လိမ်မပြောရဘူး၊ သူ့သားအိမ်ရာ မကျူးလွန်ရဘူး၊ အရက်သေစာ မသောက်ရ မစားရဘူးဆိုတော့၊ ခုနက တမ္မဒါဋ္ဌိက-ကဒီလူတွေကို နေ့တိုင်း နေ့တိုင်း သတ်လာခဲ့ရတဲ့အတွက်၊ ဒီတရားနဲ့ သူနဲ့မတဲ့ဘူး၊ သူက သတ်လာခဲ့တာမဟုတ်လား၊ သူ့အသက်သတ်တာတွေ အပြစ်ရှိ တယ်လို့ ဟောနေတော့ တရားနာလို့မရဘူး။ တခါထဲစိတ်ဟာ မငြိမ်တော့ဘူး၊ အို....သိပ်လှုပ်ရှားနေတယ်။ အဲဒီအကြောင်းသိ လို့ အရှင်သာရိပုတ္တရာက မေးတော်မူတယ်၊ သူက ဖွင့် လျှောက်တယ်။

"အရှင်ဘုရား....တဲ့၊ တမ္မဒါဋ္ဌိကဆိုတဲ့ လူသတ်မှူးကြီး မောင် နှယ်နိဆိုဘာ တပည့်တော်ပါဘုရား၊ နှစ်ပေါင်း ၅၅-နှစ်ပတ်

လုံး နေ့စဉ်နဲ့အမျှ လူတွေသတ်လာခဲ့ပါတယ်။ အရှင်ဘုရားရဲ့ ဒီတရားလေး တခါနာတာနဲ့ ဒီအကုသိုလ်တွေ ပျောက်နိုင်ပါ့မလား၊ အရှင်ဘုရားကို ဆွမ်းလေးတကြိမ် ကပ်တာနဲ့ သီလလေး တခါထဲယူတာနဲ့ ပျောက်နိုင်ပါ့မလား"စသည်ဖြင့် စိတ်ပူပြီး စိတ်မငြိမ်မသက် ဖြစ်နေပါတယ်၊ "အရှင်ဘုရားဟောတဲ့ တရားကို စူးစူးစိုက်စိုက် မနာနိုင်ပါဘုရား"လို့ လျှောက်တယ်။ ဒီတော့ အရှင်သာရိပုတ္တရာက ဩော်-ဒီဒကာကြီးတော့ စိတ်မငြိမ်ဘူး၊ စိတ်တွေပျံ့လွင့်နေပြီ၊ အခုမှ ကုက္ကုစ္စတွေဖြစ်ပြီး ပူပန်နေပြီလို့ သိတော်မူတယ်။ အဲဒီစိတ်ပူပန်မှုငြိမ်းအောင် ပရိယာယ်နဲ့ ပြောလိုက်တယ်။ "ဒကာကြီးတဲ့၊ အဲဒီလူတွေကို ၅၅-နှစ်လုံးလုံး သတ်လာတာဟာ မိမိကိုယ်တိုင်က သတ်ချင်လို့ သတ်တာလား၊ သူတပါးကခိုင်းလို့ သတ်တာလား"လို့ မေးတယ်။ "တပည့်တော်ကတော့ ဘယ်သတ်ချင်လိမ့်မတုံးဘုရား၊ ရှင်ဘုရင်က အသတ်ခိုင်းလို့ သတ်ရပါတယ်ဘုရား"လို့ လျှောက်တယ်။ "ဩော်....ရှင်ဘုရင်ကခိုင်းလို့ သတ်ရတာဆိုယင် အဲဒီအကုသိုလ်ကံတွေဟာ သင့်အကုသိုလ် ဟုတ်ပါ့မလား"လို့ ရှင်သာရိပုတ္တရာကလဲ ပရိယာယ်ဖြင့် ပြန်မေးတော်မူပါတယ်။

အဲဒီတော့ သူကလဲ ခပ်အအ ခပ်ထူထူဆိုတော့ ရှင်ဘုရင်က ခိုင်းလို့ သတ်ရတာဆိုတော့၊ ခိုင်းတဲ့သူသာ ငရဲကြီးမှာဘဲ၊ ငါနဲ့ ဘာမှမဆိုင်ပါဘူးလို့ ဒီလိုတွေးပြီး စိတ်အေးသွားပါသတဲ့။အဲဒီအခါမှာ ရှင်သာရိပုတ္တရာက ဆက်ပြီး ဟောပြန်တယ်၊ ဘယ်လို ဟောတုံးဆိုတော့ ဒို့အခုနက ရုပ်တရား နာမ်တရားတွေ ဟောခဲ့သလိုပါဘဲ။ရုပ်နာမ်တွေ ဟောလိုက်တယ်ဆိုရင်ဘဲ သစ္စာလေး

ပါးက ဝင်လာတော့တာဘဲ။ အဲဒီရုပ်တွေ နာမ်တွေဟာတော့ ဒုိပရိသတ်ကြီး အခုရှုမှတ်နေတဲ့အတိုင်းပါဘဲ။ တရားနာရင်း ရှုမှတ်နေတယ်။ ခုနင်က ကိုယ်တိုင်မှတ်လာကြပြီ၊ ဖောင်းတယ် ပိန်တယ် စသည်ဖြင့် ခုနက မှတ်ခဲ့ကြပြီ– ဒို့ပရိသတ်ကြီး ခုနက မှတ်ကြရဲ့လား (မှတ်ကြပါတယ်ဘုရား)၊ ဖောင်းတယ်လို့ မှတ်တယ်နော်၊ ဖောင်းတာလေး သိရဲ့လား (သိပါတယ်ဘုရား)၊ ပါးစပ်က ဆိုတာလား စိတ်ထဲက သိတာလား (စိတ်ထဲက သိတာပါဘုရား)၊ မျက်စိနဲ့မြင်တာလား- စိတ်ထဲကသိတာလား (စိတ်ထဲကသိတာပါဘုရား)။ အဲဒီစိတ်ကသိတာ အရေးကြီးပါတယ်။ ဒီစိတ်က သာမည စိတ်ကလေးမဟုတ်ဘူး၊ ဉာဏ်နဲ့ယှဉ်နေတဲ့စိတ်တဲ့။ စိတ်နဲ့ယှဉ်တဲ့ဉာဏ်ကသိတာ၊ စိတ်က အဲဒီသိတဲ့ဉာဏ်နဲ့ ယှဉ်တဲ့အတွက်၊ ဉာဏသမ္မယုတ်စိတ်လို့ခေါ်တယ်။

အဲဒီ ဉာဏသမ္မယုတ်က ဉာဏ်စခန်း၊ ဉာဏ်စခန်းကမှုန်ဗွာန် စင်တာ။ ကံစခန်း၊ ကံလမ်း၊ စျာန်စခန်း၊ စျာန်လမ်းနဲ့တော့ နိဗ္ဗာန်မရောက်ဘူး။ ဉာဏ်စခန်း၊ ဉာဏ်လမ်းမှဝင်တယ်၊ ကံစခန်းဆိုတာက အခု ဒို့ဒါန့ဝတ္ထုတွေ လှူနေတာ၊ သီလတွေဆောက်တည်နေတာဟာ၊ ကံလား-ဉာဏ်လား (ကံပါဘုရား)၊ ကံလမ်းလို့ ခေါ်ပါတယ်၊ ကံတွေဘဲ။ ဒါဖြင့် ဒို့ သမထတွေ အားထုတ်ပြီး စျာန်တွေရလာရင် ဘာလမ်းတုံး (စျာန်လမ်းပါဘုရား)၊ စျာန်လမ်းတဲ့။ အဲဒီစျာန်ထဲမှာ ဝိပဿနာဉာဏ် ပါသလား (မပါပါဘူးဘုရား)၊ မပါသေးဘူး။ ဒါဖြင့် ဒို့အခုလို ဖောင်းတယ် ပိန်တယ် ကွေးတယ် ဆန့်တယ် စသည်ဖြင့် မှတ်တာ ဘာလမ်းတုံး (ဉာဏ်လမ်းပါဘုရား)၊ဟောဒါမှ ဝိပဿ

နာဥာဏ်လမ်းတဲ့၊ ဟော အခုဒို့ရှုမှတ်နေတာ ဥာဏ်လမ်းတဲ့၊ အမြင့်ဆုံးအဆင့် အမြင့်ဆုံးအလုပ်ကြီးကို ဒို့လုပ်နေတာတဲ့။

ဒါဖြင့် ဒို့ခုနက ဖောင်းတာလေး မှတ်လိုက်ပြီတဲ့၊ မှတ်လိုက်တော့ ဖောင်းတာလေး ပေါ်လာတာ သိကြတယ်မဟုတ်လား (သိပါတယ်ဘုရား)၊ နောက်က ပရိသတ်ကြီး သိရဲ့လား (သိပါတယ်ဘုရား)၊ သိတယ်နော်။ နောက်ဘယ်ရောက်သွားတုံး၊ ဒီအတိုင်းဘဲ နေသလား (မနေပါဘူးဘုရား)၊ ဘယ့်နှယ်ဖြစ်သွားတုံး (ပျောက်သွားပါတယ်ဘုရား)၊ ပျောက်သွားတယ်။ ဟော....ပေါ်လာပြီးပျောက်သွားတယ်။ အဲဒီ ဖောင်းတာလေး ပေါ်လာပြီး ပျောက်သွားတယ်လို့ မှတ်တဲ့စိတ်ကလေးကကော ပေါ်လာပြီး ဘာဖြစ်သွားတုံး (ပျောက်သွားပါတယ်ဘုရား)၊ အဲဒါလဲ ပျောက်သွားတာဘဲ။ အဲဒီ ဖောင်းတာလေးကို ဒို့ ပရိသတ်ကြီး နာမ်ခေါ်မလား-ရုပ်ခေါ်မလား(ရုပ်ခေါ်ပါတယ်ဘုရား)၊ ရုပ်ခေါ်ရမယ်နော်။ ဒါဖြင့် ဖောင်းတာလေးလိုက်ပြီး မှတ်သိနေတာက ဘာတုံး (နာမ်ပါဘုရား)။ ဒါဖြင့် ဒို့ အခုမှတ်နေတာ (ဘာတွေမှတ်နေကြတုံးဆိုရင် ဘယ့်နှယ်ပြောမတုံး(ရုပ်တရား၊ နာမ်တရားတွေ မှတ်နေတာပါဘုရား)၊ ဒါတွေ မမှတ်ဘူးလား (မှတ်ပါတယ်ဘုရား)။

ဒါဖြင့် ရုပ်ဟာ သိသင့်တဲ့တရားလား–မသိသင့်တဲ့တရားလား (သိသင့်တဲ့တရားပါဘုရား)၊ ရုပ်လို့သိနေတာကကော အမှန်သိလား-အမှားသိလား (အမှန်သိပါဘုရား)၊ နာမ်လို့သိနေတာကကော (အမှန်သိပါဘုရား)၊ ဘယ်မှာသွားသိနေတုံး၊ မိမိခန္ဓာကိုယ်မှာ ဖောင်းတာလေး ပေါ်မလာဘူးလား (ပေါ်လာပါ

တယ်ဘုရား)၊ ဩော်....ဒါလေး တရိပ်ရိပ်နဲ့ ဖောင်းလာတော့ အဲဒါလေးကြည့်လိုက်တယ်၊ ဒို့ပရိသတ်က သေသေချာချာ ကြည့်လိုက်တော့ ဖောင်းတာဘယ်သူတုံးတဲ့၊ အကောင်ကလေးလား၊ ယောကျ်ားလား၊ မိန်းမလား၊ ပုဂ္ဂိုလ်လား၊ သတ္တဝါလား၊ ဘယ်သူကဖောင်းအောင်လုပ်နေသလဲ၊ ဘယ်သူဖောင်းတာတုံးတဲ့၊ ပုဂ္ဂိုလ် သတ္တဝါကို တွေ့ကြရဲ့လား၊ (မတွေ့ပါဘုရား)၊ မတွေ့ရင် ဖောင်းနေတဲ့ သဘောရုပ်ကလေး မတွေ့ဘူးလား (တွေ့ပါတယ်ဘုရား)၊ အဲဒါလေးမြင်လိုက်ရင် တရားမှန်မတွေ့ဘူးလား (တွေ့ပါတယ်ဘုရား)၊ ဘာတရားတွေ့တုံး (ရုပ်တရားတွေ့ပါတယ်ဘုရား) ရုပ်တရားတွေ့တယ်နော်။

ဩော်...မှတ်နေတာဟာ ဘယ်သူက မှတ်တာတုံး၊ ငါက မှတ်နေတာလား၊ ယောကျ်ားကမှတ်တာလား၊ မိန်းမကမှတ်တာလား၊ ပုဂ္ဂိုလ်သတ္တဝါက မှတ်တာလား- မှတ်နေတာလေးဟာ ဘယ်သူတုံး (နာမ်ကမှတ်တာပါဘုရား)၊ နာမ်က မှတ်တယ်။ နာမ်ကမှတ်ကယ်လို့သိလိုက်ရင် တရားမှန်သိတာလား-တရားမှားသိတာလား(တရားမှန်သိတာပါဘုရား)၊ ဘာတရားတုံး (နာမ်တရားပါဘုရား)။ ဒါဖြင့် ဒီနာမ်တရားတော့တွေ့ပြီ၊ မှတ်နေတာလေးကို ငါမှတ်တာပါလို့ ဒီလိုဆိုရင်ကော တရားသက်သက် ဟုတ်ကဲ့လား (မဟုတ်ပါဘုရား)၊ ဘာဝင်လာတုံး (ဒိဋ္ဌိဝင်လာပါတယ်ဘုရား)၊ ဒိဋ္ဌိဝင်လာတော့ မမှားဘူးလား(မှားပါတယ်ဘုရား)၊ မှားတာဟာ တရားမှန်လား - ဘရားမှားလား (တရားမှားပါဘုရား)၊ တရားမှားကို ခွဲထုတ်လိုက်၊ တရားမှန်ချည်းကျန်အောင် ဟုတ်ကဲ့လား (မှန်ပါဘုရား)။

အမှား-အမှန်

ငါမှတ်တာဆိုရင် မှတ်တာက-နာမ်၊ ငါက ဘယ်သူတုံး-ဒိဋ္ဌိ၊ ငါနဲ့ဒိဋ္ဌိနဲ့ မတွဲဘူးလား (တွဲပါတယ်ဘုရား)၊ တွဲနေရင် ဒိဋ္ဌိကွာရဲ့လား (မကွာပါဘုရား)၊ မကွာဘူး။ ဖောင်းတာဟာ ရုပ်က ဖောင်းတာလား ငါကဖောင်းတာလား (ရုပ်ကဖောင်းတာပါဘုရား)၊ ရုပ်ကဖောင်းတာ။ ငါဖောင်းတာလို မသုံးဘူးလား (သုံးပါတယ်ဘုရား)၊ သုံးရင် ရုပ်နဲ့ငါနဲ့ နှစ်ခုလား၊ တခုထဲလား(နှစ်ခုပါဘုရား) နှစ်ခု။ ရုပ်ကတခု၊ ငါကတခု၊ ဘယ်က အမှားတုံး(ငါကအမှားပါဘုရား)၊ ရုပ်ကမှားရဲ့လား (မမှားပါဘုရား)၊ ရုပ်သိတာက တရား၊ ငါလို့သိတာက (အမှားပါဘုရား)။ မှားမနေဘူးလား(မှားနေပါတယ်ဘုရား)။ အဲဒီအမှားဖျောက်ကြစို့ရဲ့။ အမှန်တရားသိအောင် မြတ်စွာဘုရားက ပင်ကိုယ်စိတ်၊ ပင်ကိုယ်သန္တာန်၊ မိမွေးတိုင်း ဖမွေးတိုင်းစိတ်နဲ့ကြည့်မနေနဲ့၊ ချစ်သားတို့ ဝီရိယစိုက် သတိလိုက်ပြီးတော့ ခန္ဓာမှာဖြစ်ခိုက်ရှုကြတဲ့။ အဲဒီလို ဖြစ်ခိုက်ရှုလိုက်လို့ရှိရင် အမှန်မြင်လာလိမ့်မဟော့လို့ဆိုတော့ ဒို့ပရိသတ်ကြီး ဖောင်းတာက သူဖောင်းတာလား၊ ငါဖောင်းတာလား၊ ရုပ်ဖောင်းတာလား၊ ဘယ်သူဖောင်းတာတုံးဆိုတော့ (ရုပ်ဖောင်းတာပါဘုရား)၊ ရုပ်ဖောင်းတာဆိုရင် ဘာတွေ့ထားတုံး(တရားတွေ့ပါတယ်ဘုရား)၊ တရားတွေ့တယ်၊ ဘာတရားတွေ့တုံး (ရုပ်တရားတွေ့ပါတယ်ဘုရား)၊ မှတ်နေတာက သူမှတ်တာလား၊ ငါမှတ်တာလား၊ နာမ်ကမှတ်တာ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)၊ ဘယ်သူမှတ်တာတုံး(နာမ်ကမှတ်တာပါဘုရား)။ ဒါဖြင့် နာမ်သက်သက်ဆိုရင် ငါပါသေးသလား (မပါပါဘုရား)၊ ယောကျ်ားမိန်းမပါသေး

သလား (မပါပါဘုရား)၊ မပါရင် တရားမှန် တွေ့တာလား၊ တရားမှားတွေ့တာလား (တရားမှန်တွေ့တာပါဘုရား)၊ တရားမှန် တွေ့တယ်။

အသိဉာဏ် ပြောင်းအောင်

ဒို့ပရိသတ်ကြီးဒီကပြန်သွားရင် ဟော့ မင်းတို့ ကနေ့ အိမ်က အလုပ်တွေဖျက်ပြီးတော့ ဆွမ်းတွေ အကုန်ခံ ချက်ပြီးတော့ အချိန်ကုန်ခံပြီးတော့ တရားထိုင်လာတာ တရားတွေ့ရဲလား မေးတော့ ဘယ့်နှယ်ဖြေမတုံး (တွေ့လာပါတယ်ဘုရား) ဘာတရားတုံး၊ ရုပ်တရား-နာမ်တရားမတွေ့ဘူးလား (တွေ့ပါတယ်ဘုရား)၊ ရုပ်ဘယ်သိနေတာဟာ တရားသိတာလား၊ အမှားသိတာလား (တရားသိတာပါဘုရား)၊ တရားသိတာနော်။ နာမ်လို့သိနေတာကကော တရားသိတာလား၊ အမှားသိတာလား (တရားသိပါဘုရား)၊ တရားသိ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။ အဲဒီလိုတရားသိတယ်ဆိုတော့ ကိုင်ပြစရာရှိရဲ့လား (မရှိပါဘုရား) ဘာပြောင်းသွားတုံး၊ အသိဉာဏ် ပြောင်းသွားတယ်။ ဘာပြောင်းသွားတုံး (အသိဉာဏ်ပြောင်းသွားပါတယ်ဘုရား)၊အသိဉာဏ်မပြောင်းဘူးလား(ပြောင်းပါတယ်ဘုရား)။ အဲဒီလိုအသိဉာဏ်လေးပြောင်းအောင်လို့ ရှုမှတ်ရတာပါတဲ့။ ရှုမှတ်ပြီး သိတယ်ဆိုတာလေးကော မပြောင်းကြဘူးလား (ပြောင်းပါတယ်ဘုရား)၊ ပြောင်းသွားပြီ။ အဲဒီလိုပြောင်းသွားတော့ ဒို့တွေတော့ ရုပ်တွေနာမ်တွေတော့ တွေ့ပြီလို့ မှတ်ရမယ်။

ဒီအထဲမှာ တချို့က "အနိစ္စ ဒုက္ခတွေ့ရင် ဖွဲးဖွဲး-ဖွဲးဖွဲး နဲ့၊ ဖြတ်ဖြတ်-ဖြတ်ဖြတ်နဲ့ ပျက်လိုက်နေတာ တွေ့နေပါတယ်၊

အဲဒီလိုတွေ့တာကို အနိစ္စမြင်တယ်၊ ဒုက္ခမြင်တယ်၊ အနတ္တမြင်တယ်"လို့ ဒီလိုဘဲပြောနေကြတယ်။ တချို့ကလဲ ဘယ်လှမ်းတော့ ရုပ်နာမ်၊ ညာလှမ်းတော့ ဖြစ်ပျက်တဲ့၊ ဒီလိုဘဲ ပြောနေကြတယ်။ သူတို့ပြောပုံက ဘယ်လှမ်းတော့ ဘာတဲ့လဲ (ရုပ်နာမ်ပါတဲ့ဘုရား)၊ ညာလှမ်းတော့(ဖြစ်ပျက်ပါဘုရား) "ညာလှမ်းတော့ ရုပ်နာမ်၊ ဘယ်လှမ်းတော့ ဖြစ်ပျက်"တဲ့၊ ဒီလိုလဲ တချို့ကပြောနေကြတယ်။ သူတို့ပြောတဲ့အတိုင်းဆိုရင် ဘယ်လှမ်းတော့ရုပ်နာမ်က ညာလှမ်းမှ ဖြစ်ပျက်တယ်ဆိုရာ ရောက်တယ်၊ အဲဒီတော့ ဘယ်လှမ်းတဲ့အခါတုန်းက ဖြစ်ပျက် မပါသေးဘူးလို့လဲ ဆိုရာရောက်တယ်၊ အဲဒါကို စီစစ်ကြည့်ကြရမယ်၊ ဘယ်လှမ်းတဲ့အခါ ဖြစ်ပျက်မပါဘူးလား (ပါ,ပါတယ်ဘုရား)၊ ပါနေရင် သူတို့ပြောတာ သဘာဝကျရဲ့လား (မကျပါဘုရား)၊ ညာလှမ်းတော့ ရုပ်နာမ်၊ ဘယ်လှမ်းတော့ဖြစ်ပျက်ဆိုတဲ့ ဝါဒလဲနည်းတူပင် သဘာဝမကျဘူးလို့ မှတ်ထားကြ။

အနိစ္စသုံးမျိုး

ဒီတော့ အနိစ္စ ဒုက္ခ ရှာပုံပြောမယ်။ အနိစ္စရှာပုံ "ဒို့ကတော့ ပါးစပ်ဆိုလိုက်ရမှ၊ သို့မဟုတ် ပုတီးလုံးကြီးကိုင်ပြီးတော့ အနိစ္စ၊ဒုက္ခ၊အနတ္တဆိုပြီး တလုံးစီချရမှ ကျေနပ်တာ"လို့ ပြောတတ်ကြတယ်။ အဲဒီတော့ အနိစ္စဆိုတာ ပါးစပ်ကဆိုတာလား၊ စိတ်ကကူးတာလား၊ ဥာဏ်နဲ့မြင်အောင် ကြည့်ရမှာလားဆိုတော့၊ ပါးစပ်ကဆိုတဲ့ ပါးစပ်အနိစ္စရယ်၊ စိတ်ကူးအနိစ္စရယ်၊ ဥာဏ်မြင်အနိစ္စရယ်၊ ဘယ်နှစ်မျိုးတုံး (သုံးမျိုးပါဘုရား) သုံးမျိုးရှိတယ်နော်။ ပါးစပ်အနိစ္စ၊ စိတ်ကူးအနိစ္စ၊ ဥာဏ်မြင်အနိစ္စ

တဲ့။ ဒို့ယောဂီတွေ ကနေ့မှတ်ကြတယ်၊ ဒို့ပရိသတ်ကြီး ခုနက တရားမှတ်ကြတယ်။ အဲဒီအခါ ပါးစပ်ကဆိုသေးရဲ့လား (မဆို ပါဘုရား) ဒါဖြင့် ပါးစပ်အနိစ္စဟုတ်ရဲ့လား (မဟုတ်ပါဘုရား) စိတ်ကူးနေတာ ဟုတ်ကဲ့လား (မဟုတ်ပါဘုရား.) မဟုတ်ရင် ကိုယ်တိုင်မရှုမှတ်ကြဘူးလား (ရှုမှတ်ကြပါတယ်ဘုရား) ရှုမှတ်လို့က်လို့ သိလာတဲ့အထဲမှာကော အနိစ္စဆိုတာ ပါရဲ့လားလို့ ဒီလို မေးတော့၊ ဖောင်းတယ်လို့မှတ်တဲ့အခါ၊ဖောင်းတာလေး စမလာဘူးလား (စလာပါတယ်ဘုရား) စတာကိုသိရဲ့လား (သိပါတယ် ဘုရား) ဟော... ပေါ်လာပြီ၊ ခေါင်းကလေးပြူလာပြီ၊ အဲဒါ အဖြစ်ဘဲ့။ နောက်ကျတော့ ဒါလေးနေပါအုံးကွယ်၊ ခဏဆိုင်း ပါအုံး နေပါအုံးဆိုလို့ရရဲ့လား (မရပါဘုရား) မရဘူး။ ခဏ တက်လာပြီးတော့ ဘာဖြစ်သွားတုံး၊ ပျက်မသွားဘူးလား (ပျက် သွားပါတယ်ဘုရား) ဖြစ်ပြီးတော့ ဘာပြုတုံး (ပျက်သွားပါ တယ်ဘုရား) အဲဒီလို ဖြစ်ပြီးပျက်တာကို မြင်ရဲ့လား (မြင်ပါ တယ်ဘုရား) ဘာနဲ့မြင်တာလဲ ပါးစပ်ကရွတ်တာလား (မဟုတ် ပါဘုရား) စိတ်ထဲက ကူးစမ်းတာလား (မဟုတ်ပါဘုရား)ဘာ နဲ့သိလို့က်တာတုံး မျက်စိနဲ့မြင်တာလား (ဥာဏ်နဲ့မြင်တာပါ ဘုရား) ဥာဏ်နဲ့မြင်လို့က်တယ် ဟုတ်လား (ဟုတ်ပါတယ်ဘုရား) ဥာဏ်နဲ့မြင်တော့ ဖြစ်ပြီးပျက်တယ် ဆိုကထဲကိုက ဒီထဲမှာ အနိစ္စ ပါနေတယ်။ အနိစ္စဆိုတာစကားဘဲ၊ တကယ် သဘာဝကတော့ ဖြစ်ပြီးပျက်သွားတာဘဲ့။ ဖြစ်ပြီးပျက်တာ မြဲလို့လား မဲ့မြဲလို့လား (မမြဲလို့ပါဘုရား) အဲဒီ မမြဲတာလေးကဘာတုံး (အနိစ္စပါ ဘုရား) အနိစ္စဘဲ့။ အဲဒီအနိစ္စဟာ ရွတ်လို့က်တာလား၊ စာအုပ် ထဲမြင်လို့ ရွတ်လို့က်တာလား၊ ပါးစပ်ကဆိုတာလား၊ စိတ်ကူး

တာလားဆိုရင် ဘယ်လိုလုပ်မြင်လိုက်ကြတာတုံး (ဥာဏ်နဲ့မြင်လိုက်တာပါဘုရား) ဥာဏ်နဲ့မြင်တာနဲ့။ အဲဒီအနိစ္စကို ဘယ်လိုလုပ်မြင်တုံး (ရှုမှတ်နေရင်း ဖြစ်ပြီးပျက်တာ မြင်ပါတယ်ဘုရား) ဖြစ်ပြီးပျက်ဘာက ဘယ်သူတုံး (ရုပ်နာမ်ပါဘုရား) ရုပ်နာမ်ဟာ ဖြစ်ပြီးတော့ (ပျက်ပါတယ်ဘုရား) ပျက်သွားတယ်။ ဒါဖြင့် ရုပ်နာမ်ကို မရှာရပေဘူးလား (ရှာရပါတယ်ဘုရား) ရုပ်နာမ်ကို ရှာတော့ "ရုပ်နာမ်ဟာ ဖြစ်လာတာလေးတွေ ပျက်သွားတာလေးတွေ ဖြစ်ပြီးပျက်တာဘဲ"လို့ သိသွားတယ်၊ အဲဒီအသိက ဘာကိုသိတာလဲ အနိစ္စကိုသိတယ်။ ဒါဖြင့် အနိစ္စက ဒီရုပ်နာမ်ထဲ ပါမနေဘူးလား (ပါနေပါတယ်ဘုရား) ဒါဖြင့် အနိစ္စ ဘယ်မှာရှိနေတုံး၊ ရုပ်နာမ်ထဲမှာ။

အနိစ္စန္တိ ခန္ဓပဉ္စကံတဲ့။ အနိစ္စဆိုတာ ခန္ဓာငါးပါးကိုပြောတာ။ ခန္ဓာငါးပါးကို အကျဉ်းချုံးလိုက်ရင် ဘာဖြစ်လာတုံး ရုပ်နာမ်။ ရုပ်နာမ်အပြင် ချုံးလို့ရသေးလား မရတော့ဘူး။ ဒါဖြင့် ရုပ်မှာ အနိစ္စရှာကြစို့။ ရှာတော့ ပူနေတာ ထင်ရှားနေယင် ပူတယ်လို့ဆိုတာ ထင်ရှားတွေ့ရတယ်၊ ဒီပူတာလေး အခါခပ်သိမ်း ရှိနေရဲ့လား (ရှိမနေပါဘုရား) သူက အကြောင်းတိုက်ဆိုင်မှ ပူလာတာမဟုတ်လား (ဟုတ်ပါတယ်ဘုရား) ရှုသူက ပူပူခြင်း မသိဘူးလား (သိပါတယ်ဘုရား) နောက်တော့ ပျောက်မသွားဘူးလား (ပျောက်သွားပါတယ်ဘုရား) ပူပူခြင်းသိရတာက ဖြစ်တာဘဲ၊ နောက် ပျောက်သွားတာကတော့ ပျက်တာဘဲ။ အဲဒါ ရုပ်တရားလား နာမ်တရားလား (ရုပ်တရားပါဘုရား) ဖြစ်ပြီးမပျက်ဘူးလား (ဖြစ်ပြီးပျက်ပါတယ်ဘုရား)

အဲဒီလို ဖြစ်ပြီးပျက်တာကို သိလိုက်တာဟာ ဘာကိုသိတာလဲ အနိစ္စကိုသိတာဘဲ။ အနိစ္စကို မသိဘူးလား (သိပါတယ်ဘုရား) အနိစ္စသိရင် ဒုက္ခမသိဘူးလား (သိပါတယ်ဘုရား) ဒုက္ခသိရင် အနတ္တမသိဘူးလား (သိပါတယ်ဘုရား) ဩော်....ဖြစ်ပျက်နှစ်ရပ် နှိပ်စက်နေတဲ့ ရုပ်နာမ်တွေဘဲလို့ ဒီလိုသိလိုက်လို့ရှိရင် ဒုက္ခသိတာဘဲ။ ဒါတွေ့ မဖြစ်နဲ့တဲ့ မလာခဲ့နဲ့တဲ့၊ ပူတာလေးက မကောင်းဘူး မလာခဲ့နဲ့၊ ငါအခုအိုက်လွန်းလို့ မလာခဲ့နဲ့ဆိုရင် ရရဲ့လား (မရပါဘုရား) ကိုယ့်သဘောအတိုင်း ဖြစ်တာ့လား သူ့သဘောအတိုင်းဖြစ်တာလား (သူ့သဘောအတိုင်း ဖြစ်တာပါဘုရား) ဩော်....ရုပ်တွေနာမ်တွေကို ရှုမှတ်ပြီးကြည့်နေရာမှာ "သူ့သဘောအတိုင်း သူဖြစ်လာတာဘဲ၊ ငါဖြစ်ချင်သလို မဖြစ်ဘူး"လို့ သိလာတဲ့အသိဟာ အတ္တကိုသိတာလား အနတ္တကိုသိတာလား (အနတ္တကို သိတာပါဘုရား) ဒီတော့ အနတ္တတ္ထေပလား (တွေ့ပါပြီဘုရား) ပါးစပ်ကရွတ်တာလား-စိတ်ကူးလား-ဉာဏ်နဲ့ရှုမှတ်လို့သိတာလား (ဉာဏ်နဲ့ရှုမှတ်လို့ သိဟာပါဘုရား)။

ဒါဖြင့် မြတ်စွာဘုရားအလိုတော်က ဘယ်အသိကို လိုချင်သလဲ၊ ရွတ်ဖတ်တဲ့ အနိစ္စကိုလိုချင်သလား၊ စိတ်ကူးတဲ့အနိစ္စကို လိုချင်သလား၊ ဉာဏ်နဲ့ရှုမှတ်လို့သိတဲ့ အနိစ္စကို လိုချင်သလား (ဉာဏ်နဲ့ရှုမှတ်လို့သိတဲ့ အနိစ္စပါဘုရား) ဉာဏ်နဲ့ရှုမှတ်လို့သိတဲ့ အနိစ္စကိုသိရင် နိဗ္ဗာန် မဝင်နိုင်ပေဘူးလား (ဝင်နိုင်ပါတယ်ဘုရား) မဂ်ဉာဏ်ဖိုလ်ဉာဏ် မရနိုင်ဘူးလား (ရနိုင်ပါတယ်ဘုရား) ဒါဖြင့် ပါးစပ်အနိစ္စ၊ စိတ်ကူးအနိစ္စနဲ့ နေရုံမျှဖြင့်တော့ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရနိုင်ပါ့မလဲ့ား (မရနိုင်ပါဘုရား) မရနိုင်ပါ

ဘူးတဲ့။ မဂ်ဥာဏ်ဖိုလ်ဥာဏ် မရောက်ချင်ဘူးလား (ရောက်ချင်ပါတယ်ဘုရား) ရောက်ချင်ရင် ရောက်ရာရောက်ကြောင်းအလုပ်တွေ့ပလား (တွေ့ပါပြီဘုရား) တွေ့ပြီ။ ခန္ဓာကိုယ်မှာ ထင်ရှားပေါ်လာတာလေး ရှုမှတ်နေပါ၊ ရှုမှတ်နေတော့ လှုပ်ရင်လှုပ်တယ်-လှုပ်တယ်၊ ရှုမှတ်ရတယ်။ အဲဒီလိုရှုမှတ်တော့ စပြီးလှုပ်တာလေးသိရတယ်၊ အဲဒီလိုသိပြီးတော့ လှုပ်တာလေးရှိသေးရဲ့လား (မရှိတော့ပါဘုရား) မရှိတော့ လှုပ်တာလေး ပျက်သွားပြီပေါ့။ ဒီလို ပျက်လဲသွားတာသိရတော့ ဘယ်ဟာမျိုးမဆို ဖြစ်ပြီးပျက်တာချည့်ဘဲလို့ သိမြင်ရတယ်၊ ဒီလို မမြင်ပေဘူးလား (မြင်ပါတယ်ဘုရား) ဒါဖြင့် ရုပ်တွေကတော့ ဖြစ်ပြီးတော့ပျက်တယ်၊နာမ်တွေကကော(ဖြစ်ပြီးတော့ ပျက်ပါတယ်ဘုရား)ဖြစ်ပြီးတော့ ပျက်တယ်လို့သိရင် ပေါ်လာတာလေးကိုလဲ့သိတယ်၊ ပျောက်သွားတာလဲသိတယ်။ အဲဒီအသိကလေး ပေါ်လာတာကဘာတုံး အဖြစ်ပဲ။ ပျောက်သွားတာက(အပျက်ပါဘုရား)။ ပူတာလေးရှုမှတ်နေရင်း၊ဖြစ်တာ ပျက်တာ သိတယ်ဆိုရင်ဒီလူဟာ ဘာကိုရှုမှတ်နေသလဲ-ဖြစ်ပျက်ကို ရှုမှတ်နေတာ မဟုတ်လား (မှန်ပါဘုရား)ပေါ်လာတာလေးကဘာတုံး(အဖြစ်ပါဘုရား) ဘယ်နေရာကပေါ်ပေါ်၊ မျက်စိကပေါ်ပေါ်၊ နားကပေါ်ပေါ်၊ ဒွါရခြောက်ပါးမှာ ပေါ်ချင်ရာကပေါ်၊ ပေါ်တာလေးကို ပေါ်ပေါ်ခြင်း သိလိုက်တာဟာ အဖြစ်ကို သိသလား-အပျက်ကိုသိသလား (အဖြစ်ကို သိတာပါဘုရား)။ နောက်ကျတော့ သူကမြဲရဲ့လား (မမြဲပါဘုရား)၊ မမြဲရင် ပျက်မသွားဘူးလား (ပျက်သွားပါတယ်ဘုရား)၊ ဒါဖြင့် ပေါ်တိုင်း ပေါ်တိုင်း ဖြစ်လိုက် ပျက်လိုက်ဖြစ်လိုက်ပျက်လိုက်ကို ရှုသိနေယင် ဘာကိုရှုနေသလဲ (ဖြစ်

ပျက်ကို ရှုနေတာပါဘုရား)၊ ဖြစ်ပျက်ကို ရှုတယ်ဆိုတာ ရမ်းရှုလို့မှ မဖြစ်ဘူး ဟုတ်လား (ဟုတ်ပါတယ်ဘုရား)။

အခု ဒကာတို့ရှုနေတာမှာ ဖြစ်ပျက်ပါရဲ့လား၊ မပါဘူးလား (ပါပါတယ် ဘုရား)၊ ကဲ–ဖောင်းတာလေး စ-လာပြီ၊ အဲဒါ ဘာတုံး (အဖြာပါဘုရား)၊ နောက်ကျတော့ ပျောက်သွားပြီ၊ ဘာရှုလိုက်သလဲ (အပျက်ပါဘုရား)၊ ဖြစ်ပျက် မပါဘူးလား (ပါပါတယ်ဘုရား)၊ အဲဒီဖြစ်ပျက်ကို ထပ်ပြီးတော့ဘယ်လို့ခေါ်နိုင်သေးသလဲ၊ မမြဲတဲ့ အနိစ္စ ဒီလို့လဲ မခေါ်နိုင်ဘူးလား (ခေါ်နိုင်ပါတယ်ဘုရား)။ အနိစ္စက တခြား၊ ဖြစ်ပျက်က တခြားလား (တခြားမဟုတ်ပါဘုရား)။ ဖြစ်ပျက်တဲ့တရားကိုပင် အနိစ္စ-ဒုက္ခ-အနတ္တလို့ ထပ်ထပ်ပြီး ခေါ်နေတယ်။ ဘယ်လို့ ခေါ်နေသလဲ (အနိစ္စဒုက္ခအနတ္တလို့ ထပ်ထပ်ပြီးခေါ်နေပါတယ်ဘုရား)၊ ဒီတော့ ဖြစ်တာ ပျက်တာ မြင်လိုက်ရင် အနိစ္စမမြင်သေးဘူးလား (မြင်ပါတယ်ဘုရား)၊ ဖြင်ပြီး ပျက်တာဟာ မြဲလို့လား-မမြဲလို့လား (မမြဲလို့ပါဘုရား)၊ မမြဲတာဘာတုံး (အနိစ္စပါဘုရား)၊ အနိစ္စက်တခြားလား၊ ဒီဖြစ်ပျက်ကိုဘဲ ခေါ်တာလား (ဖြစ်ပျက်ကိုဘဲ ခေါ်တာပါဘုရား) ဘယ်သူတွေ့ဖြစ်၊ ဘယ်သူတွေ့ ပျက်နေသလဲ၊ ရုပ်တွေ့နာမ်တွေ့က ဖြစ်ပျက်နေတယ်၊ ရုပ်နာမ်တွေ့က ဘာလုပ်နေသလဲ (ဖြစ်ပျက်နေပါတယ်ဘုရား)၊ ဖောင်းတယ် စသည်ဖြင့် ရှုမှတ်လို့ ဥာဏ်ထဲမှာ ပေါ်လာတာလေး ပျောက်သွားတာကို မြင်လိုက်ယင် ဖြစ်ပျက် မတွေ့ဘူးလား (တွေ့ပါတယ်ဘုရား)။

ဖြစ်ပျက် တွေ့လိုက်ရင် အနိစ္စတခါထဲ ပါမသွားဘူးလား (ပါသွားပါတယ်ဘုရား)၊ ဒုက္ခလဲ တခါထဲ မပါဘူးလား (ပါပါ

တယ်ဘုရား)၊အနတ္တလဲတခါထဲမပါဘူးလား(ပါပါတယ်ဘုရား)
ဒါဖြင့် ဘုန်းကြီးတို့ ရှုမှတ်နေတဲ့ အမှတ်ကလေးတခု၊ အဖောင်း
ကလေးတခုထဲမှာ ရုပ်နှာမ်ပါရဲ့လား (ပါပါတယ်ဘုရား)၊ဘယ်
လိုပါသလဲ၊ ဖောင်းတာကရုပ်၊ သိတာကနာမ်၊ ဒီလိုပါတယ်။
ဖြစ်ပျက်ပါရဲ့လား (ပါပါတယ် ဘုရား)၊ ကြောင်းကျိုးပါရဲ့
လား (ပါပါတယ်ဘုရား)ဘယ်လိုပါသလဲ၊ ရှုတာကအကြောင်း
ဖောင်းတာကအကျိုး စသည်ဖြင့် ပါတယ်။ ဒါဖြင့်ရင် အနိစ္စ
ပါရဲ့လား (ပါပါတယ်ဘုရား)၊ ဒုက္ခပါရဲ့လား (ပါပါတယ်
ဘုရား)၊ အနတ္တပါရဲ့လား (ပါပါတယ်ဘုရား)။ဒါကြောင့်မို့
ပေါ်ရာပေါ်ရာ ရှုမှတ်နေတဲ့ အလုပ်ဟာ အလွန်ပြည့်စုံတဲ့အလုပ်
လို့ အမျှားနှားလည်အောင်လို့ ပြောတဲ့ဟောတဲ့အခါမှာတခြား
စီခွဲခွဲပြောနေရတယ်။ ဒါက-ရုပ်၊ ဒါက-နာမ်၊ ဒါက-အနိစ္စ၊
ဒါက-ဒုက္ခ၊ ဒါက-အနတ္တလို့ ပြောနေရတယ်၊ ရှုမှတ်လိုက်တဲ့အခါ
မှာတော့ ဒီပေါ်လာတဲ့ ရုပ်ကလေးတခု သိလိုက်တာနဲ့ဘဲ ဖြစ်
ခြင်း ပျက်ခြင်းလဲသိတယ်၊ မသိဘူးလား (သိပါတယ်ဘုရား)၊
အနိစ္စ-ဒုက္ခ-အနတ္တတွေ ပါမသွားဘူးလား (ပါသွားပါတယ်
ဘုရား)။

ဒါဖြင့် အနိစ္စ - ဒုက္ခ - အနတ္တ အစစ်ကို သိချင်ပါတယ်
ဥာဏ်နဲ့ သိချင်ပါတယ်ဆိုရင် စာအုပ်ထဲမှာ ရှာရမလား—ဘယ်
မှာ ရှာရမတုံး (ခန္ဓာကိုယ်ထဲမှာ ရှာရပါမယ်ဘုရား)၊စာအုပ်ထဲ
ရှာရင် အနိစ္စအစစ် တွေ့ပါ့မလား(မတွေ့ပါဘုရား)၊ အစစ်မတွေ့
ဘူး၊ ဖော်နည်းကားကိုသာတွေ့မယ်၊ ဟုတ်ကဲ့လား။ ထန်းလျက်
စားချိုတယ်၊ သကြားစားယင်ကော မချိုဘူးလား (ချိုပါတယ်

ဘူရား)၊ ပါးစပ်က ပြောနေရုံနဲ့တော့ ချိုရဲလား၊ ပါးစပ်က အော်ရွတ်နေပေမဲ့ ချိုပါ့မလား (မချိုပါဘူးရား)၊ ချိုချင်ယင် ဘယ့်နှယ် လုပ်မလဲ (စားကြည့်ရပါမယ်ဘုရား)၊ အဲဒီလိုစားကြည့်တော့ ချိုတဲ့အရသာလေးမပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား) အဲဒီကျမှ ချိုတဲ့အရသာအစစ် ဝတ္ထုတာ။

ဒို့လဲ ရှုနည်းမှတ်နည်းတွေကို လျှောက်ပြီးနာနေမယ်၊ တရားနာနေမယ်၊ ရှုနည်းမှတ်နည်းတွေ ဖတ်နေမယ်၊ ပြန်နေမယ်၊ ပါးစပ်က ရွတ်နေမယ်ဆိုရင်၊ ထန်းလျက်စားရင် ချိုတယ် ချိုတယ်လို့ ပြောနေတာနဲ့ မတူပေဘူးလား၊ စားကြည့်တာနဲ့ တူပါ့မလား (မတူပါဘုရား)၊ ဘယ်ဝရားကဘယ်လိုစသည်ဖြင့် ပြောနေတာကြားနာနေတာဟာ ထန်းလျက်စားယင် ချိုတယ် ချိုတယ်လို့ ပြောနေတဲ့သူနဲ့ မတူဘူးလား (တူပါတယ်ဘုရား)။ ဒါဖြင့်တကယ် ကိုယ်တိုင်ကိုယ်က ရှုမှတ်ကြည့်လိုက်၊ ရှုမှတ်ကြည့်လိုက်ရင် စားကြည့်တာနဲ့ မတူဘူးလား (တူပါတယ်ဘုရား)၊ စားကြည့်တော့ တကယ်ချိုတဲ့ အရသာကို ကိုယ်ကိုယ်တိုင် မသိဘူးလား (သိပါဘယ်ဘုရား)၊ ဟာ-ချိုတယ်ဆိုတာ ဒီလိုကိုး၊ ဒို့မှာလဲ အခုရုပ်တရား နာမ်တရားတွေကို ရှုလိုက်တော့ အခုဖောင်းတယ်လို့ မှတ်လိုက်၊ မှတ်လိုက်တော့ ဖောင်းတာလေးစ-စချင်း သိအောင် မှတ်ရမယ်၊ ဖောင်းတာလေးဟာ နဂိုက အမြဲရှိနေရဲ့လား (မရှိပါဘုရား)၊ မရှိတော့ ဖောင်းတာလေး စ-ဖြစ်မလာဘူးလား (စ-ဖြစ်လာပါဘယ်ဘုရား)၊ ဘာခေါ်မလဲ (အဖြစ်ခေါ်ပါတယ်ဘုရား)၊ နောက်ကျတော့ အပျက်။ အဲဒီ ဖြစ်ပျက်နေတဲ့ဒီဖောင်းတဲ့ ရုပ်ကလေးကိုဘဲ အဖြစ်အပျက်မခေါ်ဘူးလား (ခေါ်ပါတယ်ဘုရား)။

အနိစ္စလို့ကော ဘယ်သူ့ခေါ်မလဲ၊ ဖောင်းတဲ့ရုပ်ကို။ သူ့ကို ဘဲခေါ်မှာဘဲ။ ဒီရုပ်ကလေးကိုဘဲခေါ်မယ်။ ဖြစ်ပြီးပျက်သွားတာ ဘယ်သူတုံးဆိုယင် ဒီရုပ်ဘဲ။ မမြဲတာ ဘယ်သူတုံးဆိုတော့ကော (ဒီရုပ်ပါဘဲဘုရား)၊ ဒီဖောင်းတဲ့ရုပ်နဲ့ဒီမှတ်တဲ့ဟာနာမ်ဘဲ၊ ဟုတ်ကဲ့လား။ ဒုက္ခဟာ ဘယ်သူတုံးဆိုတော့ကော ဒီရုပ်နဲ့နာမ်ဘဲ။ ဒါဖြင့်ရင် အနတ္တဆိုတာ ဘယ်သူဘုံးဆိုတော့ကော (ဒီရုပ်နာမ်ပါဘဲဘုရား)၊ ဒီရုပ်နာမ်ဘဲ ပိုင်းပြီးတော့ ဒီအမည်တွေ ခေါ်နေတာ။

ရှုမှတ်မှု တချက်ထဲနဲ့ ဖြစ်ပျက်တွေ မပါဘူးလား (ပါပါတယ်ဘုရား)၊ ဒါဖြင့် ရုပ်နာမ်တွေလဲ ပါမလာဘူးလား (ပါပါတယ်ဘုရား)၊ ဒါဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေလဲ မပါဘူးလား (ပါပါတယ်ဘုရား)။ ဒါဖြင့် အမျိုးသားအမျိုးသမီးတွေ ရှိသိနေတာဟာ အနိစ္စ ဒုက္ခ အနတ္တတွေ ရှိသိနေတာလို့ဆိုယင် မှားမလား (မမှားပါဘုရား)။

ဖြစ်ပျက်တွေ ရှုမှတ်နေတာဆိုယင် မှားမလား (မမှားပါသူရား)၊ ရုပ်နာမ်တွေ ရှုမှတ်နေတာဆိုယင် မှားမလား (မမှားပါဘုရား)၊ ဖောင်းတယ်လို့မှတ်တာ မဖောင်းဘဲနဲ့ မှတ်တာလား-ဖောင်းလို့မှတ်တာလား(ဖောင်းလို့မှတ်တာပါဘုရား) ဖောင်းတာကအကြောင်း၊ မှတ်တာက (အကျိုးပါဘုရား)၊ ဖောင်းတာက ရုပ်ဆိုတော့ ရုပ်အကြောင်း၊ မှတ်တာက နာမ်အကျိုး။ ရုပ်အကြောင်းနဲ့ နာမ်အကျိုးဘဲ။ ဒီဖောင်းတာလေးလဲ အသက်ရှူလေမရှိဘဲ ဖောင်းနိုင်ပါ့မလား (မဖောင်းနိုင်ပါဘုရား)၊ ဘဲဒီ ရှူလေကလဲ ဝင်မရှိဘဲ မြင်နိုင်စိတ်ကြောင့်

ဖေဖောင်းတာ။ ဒါကြောင့် စိတ်ကနာမ်၊ အသက်ရှူဓါတ်လက ရုပ်၊ နာမ်အကြောင်းနဲ့ ရုပ်အကျိုး။ ဒီရုပ်အကြောင်း နာမ်အကျိုးတွေ့ မလာဘူးလား (လာပါတယ်ဘုရား)၊ အဲဒီလို ပါလာခြင်းကြောင့် ဒို့ရှုမှတ်မှုဟာ မှတ်ချက်ကလေးဘခုထဲမှာ အပြည့်အစုံပါတယ်လို့ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)၊ တချို့တလေကပြောနေတယ်" ဒီလိုရှုမှတ်တာဟာ သမထလေးပါး "အဲဒီလိုပြောတဲ့သူဟာ ဒါတွေ့မှတ်နေလို့ ဘယ်ဆုံးမှာတုံး"တဲ့ ဒီလိုမပြောဘူးလား (ပြောပါတယ်ဘုရား)။ ဒါဖြင့် အဲဒီလိုပြောတဲ့သူဟာ နက်နက်နဲနဲ သိရဲ့လား (မသိပါဘုရား)၊ မလေ့လာဘူးသေးလို့ပါဘဲ။ အဲဒီလိုပုဂ္ဂိုလ်မျိုးတွေ့ရင် ငြင်းမနေနဲ့၊ လေ့လာကြည့်ပါအုံး၊ တကယ်နားလည်တဲ့ပုဂ္ဂိုလ်နဲ့ လေ့လာပါလို့သာပြော ဘယ်သူနဲ့ဖြစ်ဖြစ် ရှင်နဲ့ဖြစ်ဖြစ် ရဟန်းနဲ့ဖြစ်ဖြစ်၊ တိုက်ထဲသွားပြီးတော့ဖြစ်ဖြစ် လေ့လာကြည့်စမ်းပါ၊ ကိုယ်တိုင် အားထုတ်ကြည့်စမ်းပါလို့သာ ပြောပေတော့။

ယောကျ်ား မိန်းမ-ရှာမရ

ဥပမာ ဒို့ထန်းလျက်စားဘူးတဲ့လူကပြောမယ်၊ ထန်းလျက်စားရင်! ချိုတယ်ဟေ့လို့ ပြောလိုက်ရင် နားထောင်တဲ့လူက မစားဘူးသေးယင် ဘယ်လိုချိုတယ်ဆိုတာ ပြောဖြစ်မလား (မဖြစ်ပါဘုရား)၊ ဘယ့်နှယ်လုပ်ပြရမတုံး၊ ပြဖြစ်ပါ့မလား (မဖြစ်ပါဘုရား)၊ အေး....ဒို့ဒကာ ဒကာမတို့က ဒို့ကိုယ်တိုင် ရှုမှတ်ကြည့်တော့ ရုပ်ဓာတ်နာမ်တွေသိတယ်၊ ဖြစ်တာပျက်တာတွေသိတယ်၊ ဒါပေမဲ့ မရှုမမှတ်တဲ့သူအား ဖြစ်တာပျက်တာ ဘယ်လိုနေတယ်ဆိုတာ ပြောပြလို့ဖြစ်ကဲ့လား(မဖြစ်ပါဘုရား)

မဖြစ်ဘူး။ထန်းလျက်မစားဘူးတဲ့သူကို မင်းချို့ချင်ရင် မင်းစားကြည့်ပါလို့ မပြောရပေဘူးလား။ အဲဒါလိုဘဲ မရှုမမှတ်ဘူးတဲ့သူကို မင်းသိချင်ရင် မင်းကိုယ်တိုင် မှတ်ကြည့်လို့ ပြောရုံပါဘဲ။ ကဲ-ဒီတရားတွေ့ မှတ်လိုက်တော့၊ ရုပ်တွေနာမ်တွေ့မသိဘူးလား (သိပါတယ်ဘုရား)၊ ဒါအမှန်လား-အမှားလား (အမှန်ပါဘုရား)၊ အမှန်သိရင် အမှားမပျောက်ဘူးလား (ပျောက်ပါတယ်ဘုရား)၊ အမှားတွေ့ ပျောက်သွားတယ်။ နဂိုတုန်းကယောကျ်ား မိန်းမ-မထင်ခဲ့ဘူးလား (ထင်ခဲ့ပါတယ်ဘုရား) အခု မှတ်ကြည့်တော့ ယောကျ်ား မိန်းမ တွေ့ရဲလား (မတွေ့ပါဘုရား)။ ကဲ-ပေါင်ကပူတယ်ဆိုပါတော့ ပူတာလေးဘာ ရုပ်လား-နာမ်လား (ရုပ်ပါဘုရား)၊ ဒါဖြင့် ပေါင်ကပူတာလား၊ ပူတဲ့သဘောက ပူတာလား(ပူတဲ့သဘောက ပူတာပါဘုရား)၊ ပူတဲ့သဘောက ပူတာဘဲ။ ရုပ်ကလေးက ပူတာဘဲ။ ဘယ်သူက သိတာတုံး(နာမ်ကသိတာပါဘုရား)၊ နာမ်ကသိနေတာ။ဒါဖြင့် ရုပ်နာမ်က မရှိဘူးလား (ရှိပါတယ်ဘုရား)၊ ဒါဖြင့် ရုပ်နာမ်ဘဲ ရှိကယ်၊ ယောကျ်ား မိန်းမ တွေ့ရဲလား (မတွေ့ပါဘုရား)။ သြော် ဒုးကြည့်ပြန်တော့ ရုပ်နာမ်၊ ပေါင်ကကြည့်ပြန်တော့ ရုပ်နာမ်ဘဲ၊ လက်ကကြည့်ပြန်တော့ကော (ရုပ်နာမ်ပါဘဲဘုရား) ရုပ်နာမ်။ ခေါင်းကကြည့်တော့ကော (ရုပ်နာမ်ပါဘုရား)။

ကြည့်ချင်ရာကကြည့် လူအများ ထင်နေတဲ့၊ စဲ့လမ်းနေတဲ့၊ မြတ်နိုးနေတဲ့ နေရာကိုကြည့်ပါ၊ ဘယ်နေရာက ကြည့်ကြည့် ပုဂ္ဂိုလ်သတ္တဝါတွေ့ပါမလား (မတွေ့ပါဘုရား)၊ မတွေ့ရင် ဘာတွေ့မလဲ (ရုပ်နာမ်တွေ့ပါတယ်ဘုရား)၊ရုပ်နာမ်ဘဲတွေ့မယ်။

အဲဒီရုပ်နာမ်တွေဟာ မဖြစ်မပျက်ဘဲတည်နေတာ ရှိရဲ့လား (မရှိပါဘုရား)။ ပေါ်လာရင် ဘယ်နေရာကပေါ်ပေါ် ပေါ်တဲ့နေရာမှာဘဲ ပျောက်မသွားဘူးလား (ပျောက်သွားပါတယ်ဘုရား)၊ ဖြေပြောင်းသေးသလား၊ သူ့နေရာ သူပျောက်သလား (သူ့နေရာသူ ပျောက်ပါ၊ဘယ်ဘုရား)၊ သူ့နေရာသူ ပျောက်တယ်။ ပရမတ္ထသဘောဆိုတာ ဖြေပြောင်းခြင်း မရှိဘူးတဲ့။

ရုပ်နာမ်ဖြစ်ပျက်-စကြာင်းကျိုးဆက်

ဒါကြောင့်မို့ သြော်-သတိပြုပြီး ကြည့်ရှုလိုက်ရင်တဲ့၊ ခန္ဓာကိုယ်ထဲမှာ အမြဲတည်နေတာလဲ့ ကိုယ်ထဲမမြင်ဘူး၊ ခိုင်မာနေတာလဲ့ မရှိပါဘူးတဲ့။ အဲဒီခိုင်မာတာ မရှိခြင်းကြောင့် ပေါ်လာပြီး ပျောက်သွားတယ်၊ "ပေါ်ပျောက် ပေါ်ပျောက်အစဉ်၊ အနိစ္စ ဒိဋ္ဌ တော့မည်ပင်"တဲ့။ ဘယ်နေရာကြည့်ကြည့် ရုပ်နာမ် ဖြစ်ပျက်၊ ကြောင်းကျိုး၊ အနိစ္စ ဒုက္ခ အနတ္တ ပေါ်ချင်ရာက ပေါ်၊ မှတ်ချင်ရာကမှတ်ပါတဲ့။ ဖောင်းပိန်တာမူတည်ပြီး ပြောရရင်....

ညပမာ-ဒို့လက်ကလေးတခု ကွေးလိုက်။ ကွေးတော့ မကွေးခင်က ဘာပေါ်လာမယ်၊ ကွေးချင်တဲ့စိတ် မပေါ်ဘူးလား (ပေါ်လာပါတယ်ဘုရား)၊ အဲဒီ ကွေးချင်တဲ့စိတ်က ရုပ်လား နာမ်လား (နာမ်ပါဘုရား)၊ နာမ်တဲ့။ လူပါရဲ့လား (မပါပါဘုရား) မပါဘူး။ ကွေးနေတာက ရုပ်လား-နာမ်လား (ရုပ်ပါဘုရား)၊ ရုပ်တရား။ လူပါရဲ့လား (မပါပါဘုရား)။ ဒါဖြင့်

ဒီကွေးတာလေးဟာ ကွေးလာတယ်၊ ကွေးရင်းနဲ့ အတွင်းရောက်မလာဘူးလား (ရောက်လာပါတယ်ဘုရား)။ ရောက်လာရင် တခုနဲ့တခုဆက်စပ်နေရဲ့လား-တခြားစီလား(တခြားစီပါဘုရား) အဲ-တခြားစီဘဲ။ တခုပြီးတခု ဆက်လိုက်နေတာ တခြားစီဘဲ တခုတည်းက ရွေ့လာတာမဟုတ်ဘူးနော်။ အဲဒါ မြင်အောင် ကြည့်ရမယ်။

ဒါဖြင့် ရုပ်တွေဟာ ပျက်လိုက်မနေဘူးလား (ပျက်လိုက်နေပါတယ်ဘုရား)၊ ဒါဖြင့် ဘယ်နေရာကရှုရှု ရှုချင်ရာကရှု၊ ဖြစ်ပျက်မတွေ့ဘူးလား(တွေ့ပါတယ်ဘုရား)၊ ရုပ်နာမ်မတွေ့ဘူးလား (တွေ့ပါတယ်ဘုရား)။ ဒါဖြင့် အနိစ္စ-ဒုက္ခ-အနတ္တဆိုတာ ပုတီးနဲ့ စိပ်နေရုံနဲ့ အနိစ္စ-ဒုက္ခ-အနတ္တ တွေ့မလား (မတွေ့ပါဘုရား)၊ စာအုပ်ထဲဖတ်ရုံနဲ့ တွေ့မလား (မတွေ့ပါဘုရား)၊ စိတ်ကူးနေရုံနဲ့ကော (မတွေ့ပါဘုရား)၊ ရှုမှတ် ကြည့်လိုက်ရင် မတွေ့ဘူးလား(တွေ့ပါတယ်ဘုရား)ဘာနဲ့တွေ့လဲ(ဉာဏ်နဲ့တွေ့ပါတယ်ဘုရား) ဉာဏ်နဲ့တွေ့တာပါတဲ့။

မဂ္ဂင်ရှစ်ပါး

မြတ်စွာဘုရားက သမ္မာဒိဋ္ဌိ ဆိုတဲ့ဉာဏ်နဲ့ တွေ့တာတဲ့။ ဒါကြောင့်မို့ အခုမှတ်နေကြတာ ပထမ ဝိရိယစိုက်လိုက်ပါတဲ့။ ငါမှတ်မယ် ခန္ဓာကိုယ်ကပေါ်တာလေး မှတ်မယ်ဆိုတာ သမ္မာဝါယာမ မဂ္ဂင်တဲ့။ ဘာမဂ္ဂင်တဲ့ (သမ္မာဝါယာမ မဂ္ဂင်ပါဘုရား) အဲဒါလေးနဲ့ အားစိုက်ပြီးတော့ ပေါ်သမျှ မှတ်နေတာကလေးက ဘာတုံး(သမ္မာသတိပါဘုရား) ဘာသတိတုံး (သမ္မာသတိပါ

ဘုရား) အဲ့ဒီသမ္မာသတိဖြင့် မှတ်လိုက်လို့ရှိရင် မှတ်မိတဲ့အာရုံပေါ်မှာ စိတ်ကလေးကတည်နေတယ်။ ဖောင်းတယ်လို့ မှတ်ယင် ဖောင်းတဲ့အပေါ် စိတ်ကလေး ကပ်မနေဘူးလား (ကပ်နေပါတယ်ဘုရား)တည်မနေဘူးလား(တည်နေပါတယ်ဘုရား) တည်နေရင်ဘာခေါ်တုံး (သမာဓိပါဘုရား) ဘာသမာဓိလဲ၊သမ္မာသမာဓိပေါ့။

အဲဒီလို သူကတည်နေတော့မှ ဒုါလေးကို ကပ်ကြည့်လိုက်တဲ့အခါကျတော့ သမ္မာသက်ပ်ကအဲဒီအပေါ် ပို့ပေး လိုက်တယ်၊ သမ္မာဒိဋ္ဌိက (ဟ....ယောကျ်ားမိန်းမ မဟုတ်ဘူး၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဘူး)ဒုါလေးဟာ တုန်းကန်လှုပ်ရှားတဲ့ ဝါယောဓာတ်ရဲ့သဘောဘဲလို့ သိမြင်သွားတယ်။ တရိပ်ရိပ်နဲ့တက်လာတဲ့ ရုပ်သဘောဆို သမ္မာဒိဋ္ဌိကပိုင်းခြားပေးတယ်၊ ဘယ်သူကပိုင်းခြားပေးတုံး (သမ္မာဒိဋ္ဌိကပါဘုရား) သမ္မာဒိဋ္ဌိက သူကခုထဲ သူတယောက်ထဲက ပိုင်းခြားနိုင်ရဲလား (မပိုင်းခြားနိုင်ပါဘုရား) ဘယ်သူတွေက အကူအညီပေးရတုံး။ ဝိရိယ၊ သတိ၊သမာဓိ ဒုါတွေကလိုက်ပါပြီး ကူညီတယ်။ ဝိရိယ၊ သတိ၊ သမာဓိ တွေမရှိဘဲနဲ့ မရှုမှတ်ဘဲနဲ့ အားမထုတ်ဘဲနဲ့ အဲဒုါကို အလိုလို သိနိုင်ပါ့မလား(မသိနိုင်ပါဘုရား)။

သမ္မာဝါယာမ မဂ္ဂင်လို့ဆိုတာ ဘယ်သူ့ခေါ်သလဲ ဆိုတော့ဝိရိယဘဲ။ ဝိရိယကို ဘာမဂ္ဂင်ခေါ်တုံး (သမ္မာဝါယာမ မဂ္ဂင်လို့ခေါ်ပါတယ်ဘုရား) ဒုါဖြင့် ဘာမှလုပ်မနေ ကြနဲ့ကွာ၊ လုပ်နေသမျှ ဒုက္ခဆိုရင် သမ္မာဝါယာမ မဂ္ဂင်ပါရဲ့လား (မပါပါဘုရား) ဒီမဲဂ္ဂင် မပျက်စီးဘူးလား(ပျက်စီးပါဘယ်ဘုရား) ပျက်စီးသွား

ရင် မလုပ်ဘဲနဲ့ နေရင် အမှတ် ရပါ့မလား၊ အမှတ် မရရင် သမ္မာသတိမဂ္ဂင် ဖြစ်ပါ့မလား၊ သမ္မာသတိဖြင့် အမှတ်မရရင်စိတ် တည်ကြည်မှု သမ္မာသမာဓိဖြစ်ပါ့မလား၊ သမ္မာသမာဓိဖြင့် စိတ် မတည်ရင် သိသင့်တဲ့တရားကို အမှန်အတိုင်း သိအောင် စိတ် ဦးညွတ်ပေးတဲ့ သမ္မာသက်ပ္ပ ဖြစ်ပါ့မလား၊ သမ္မာသက်ပ္ပဖြင့် အမှန်အတိုင်း စိတ်ဦးညွတ်မပေးရင် အမှန်အတိုင်းသိတဲ့ သမ္မာ ဒိဋ္ဌိလဲ မဖြစ်နိုင်ဘူး။

အဲဒီပေါ့ အဲဒီသမ္မဝါယာမ သမ္မာသတိ သမ္မာသမာဓိ သမ္မာ သက်ပ္ပ သမ္မာဒိဋ္ဌိဆိုတဲ့ မဂ္ဂင်တွေမပါရင် သစ္စာမြင်ပါ့မလား (မမြင်ပါဘုရား) သစ္စာမမြင်ရင် ဒီလမ်းမှန်ရဲ့လား (မမှန်ပါ ဘုရား)အဲဒီတော့ အားထုတ်ဖို့မလိုဘူးဆိုတဲ့ လမ်းမှား တွေ့မျှား လိုက်ပြီးတော့ ယုံကြည်ယူဆပြီး အားကိုးနေရန် သင့်ရဲ့လား (မနေသင့်ပါဘုရား)မနေသင့်ပါဘူးတဲ့။ ဒါကြောင့်မို့ "ဝိရိယ စိုက်၊ သတိလိုက်သ့တဲ့"သတိလေးကော မလိုက်ရဘူးလား (လိုက် ရပါတယ်ဘုရား)။

အပါယ်တံခါးပိတ်ပြီ

သတိလိုက်ပြီး ရှုမှတ်လိုက်တော့ တမှဒါဋ္ဌကခေါ်တဲ့ ကိုစ္စယ်နီ ကြီး အပါယ်ဘေးကလွတ်သွားပြီ။ သူဟာ တရားဘယ်လောက် ကြာအောင် အားထုတ်သလဲ၊ နှိုးဆွမ်းကပ်ရင်း တထိုင်ထဲ ခဏ လေးနော်။ သူတရားအားထုတ်တာလေ ဘယ်လောက်ကြာတုံး (တထိုင်ထဲပါဘုရား) တထိုင်ထဲနဲ့နာရင်း သူက သဘောပေါက် ပြီးတော့ သူက ရုပ်တွေနာမ်တွေ သဘောပေါက်သွားတယ်။

အရှင်သာရိပုတ္တရာကဟောလိုက်၊ သူက ခန္ဓာထဲဉာဏ်သင်းရှုမှတ်လိုက်၊ ဉာဏ်စဉ်တွေတက်လာလိုက်နဲ့၊ သောတာပတ္တိမဂ်နားကပ်နေတဲ့သခ်ါရုပေကွဲဉာဏ်ဆိုတဲ့ အနုလောမိကဉာဏ်ရောက်သွားတယ်။ အဲဒီတော့မှ ရှင်သာရိပုတ္တရာက အင်း....အပါယ်လေးပါးတော့လွတ်ပြီ၊ ဒီလောက်ဆိုရင် တော်ပြီလို့ ဆင်ခြင်တော် မူမိတယ်။

ဒီတော့ နာရီပိုင်းလေး တရားနာတာနဲ့ ကျေးဇူးမမျှးဘူးလား (မျှးပါတယ်ဘုရား) မူလကအတိုင်းဆိုရင် တကယ့်ကို ကြောက်စရာကောင်းတဲ့ သံပူရည်ကျဲ ပွက်ပွက်ဆူနေတဲ့ငရဲ ဆင်းရမှာ ဆင်းရသေးလား (မဆင်းရတော့ပါဘုရား) ဒါကြောင့် ဒီလောက်ဆို ငရဲမှလွတ်ပြီလို့ ရှင်သာရိပုတ္တရာသိတော့ ပြန်တော့မယ်ဒကာကြီးတဲ့။ သူကလိုက်ပို့တယ်။ အဲဒီလို လိုက်ပို့ပြီးတော့ သူပြန်တယ်၊ အပြန်ကျတော့ ရန်ငြိုးရှိတဲ့ ဘီလူးမက နှုးမယောင်ဆောင်ပြီး ခွေ့လိုက်တာ ပဲ့ချင်းပြီးရော။ ကြည့်စမ်း သခါနီး ကပ်ကပ်ကလေး တရားနာရတာ၊နဲနဲလေးမှီလိုက်တာ၊ ဒါနဲ့ သေလဲသေရော နတ်ပြည်ရောက်သွားတယ်။

ရောက်သွားတော့ အရှင်သာရိပုတ္တရာလဲ ကျောင်းရောက်ရော၊ရဟန်းတွေက ဒီအကြောင်းသိတယ်၊ သိတော့ စုပြောကြတယ်။ "ငါရှင်တို့... လူသတ်မှုးကြီး တမှဒါဋ္ဌိက ကနေ့သေသွားရှာပြီ၊ အရှင်သာရိပုတ္တရာအား ဆွမ်းလှူပြီး တရားလဲနာသေးတယ်၊ .အနုမောဒနာ တရားနာပြီး သေသွားတယ်။ ခုနေ ဘယ်ရောက်ရှာမလဲ" လို့ ဆွေးနွေးကြတယ်။အဲဒီအခါမြတ်စွာဘုရားကြွလာတော်မူပြီးတော့ "ချစ်သားတို့....ဘာတွေပြောကြတုံး" လို့ မေးတော်မူတယ်။

"အရှင်ဘုရား....လူသတ်မှုးကြီး ကိုစွယ်နီသေပြီဘုရှ့၊ ခုနေ ဘယ်ဘုံမျှားရောက်နေပါလိမ့်မတုံး" ဆိုတော့ မြတ်စွာဘုရားက "ချစ်သားတို့....ကိုစွယ်နီ တုသိတာနတ်ပြည် ရောက်နေတယ်။ ခုနတ်သားဖြစ်နေပြီ၊ နတ်သမီးတထောင်နဲ့ ခြံရုံနေပြီ" ဆိုတော့ ရဟန်းတွေက မကျေနပ်ဘူး။ ဖြစ်နိုင်ပါ့မလားဘုရား။ ၅၅-နှစ် ပတ်လုံး လူတွေသတ်နေတာဘုရှ့၊ တိရစ္ဆာန်စောင် မဟုတ်ဘူး ဘုရား။ ဒီလောက် လူတွေသတ်တဲ့လူဟာ နတ်ပြည်ရောက်တယ် ဆိုတာ ဖြစ်နိုင်ပါ့မလား။

ဘယ်တုန်းက သူကတရားအားထုတ်သလဲ ဆိုတော့ မြတ်စွာ ဘုရားက ငါ့သား သာရိပုတ္တရာကို သေခါနီးမှာ ဆွမ်းတထပ် ကပ်သွားတယ်။ အဒတုန်းက အနုမောဒနာ တရားဟောရင်း ရုပ်တရား၊ နာမ်တရား၊ ဖြစ်ပျက်တရား၊ အနိစ္စဒုက္ခတရားတွေ နာကြားရတယ်။ ရှုမှတ်လိုက်ရတယ်။ ရဟန်းတွေက မကျေနပ်ဘူး၊ ဒါလေးနဲ့မျှား ဘုရားတဲ့၊ အပါယ်ကလွတ်ပြီး နတ်ပြည်ကို ရောက်နိုင်ရဲလားဘုရား၊ တရားလေး တခါနာတာနဲ့၊ ရှုမှတ်တာနဲ့၊ ဒီလိုစောဒကတက်တယ်။ ဘုရားပြန်လျှောက်ကြတယ်။ လျှောက်တော့မြတ်စွာဘုရားက....

"ချစ်သားတို့.... ငါဘုရားရဲ့တရားကို နဲတယ်မျှားတယ်မဟုတ် ဘူး၊ သင်တို့တတွေ တောဘွဲ့၊တောင်ဘွဲ့၊ လွှမ်းခန်း၊ ဆွေးခန်း တွေနဲ့ တရားအပုဒ်ပေါင်းတထောင်နာနေလဲအကျိုးမရှိပါဘူး" ဘယ်ဟာတုံး အကျိုးမရတာ၊ လွှမ်းခန်း၊ ဆွေးခန်း၊ တောဘွဲ့၊ တောင်ဘွဲ့၊ မယ်ဘွဲ့၊ မောင်ဘွဲ့တွေ အပုဒ်ပေါင်း တထောင်၊ ဟသောင်း၊ တသိန်း နာနေလဲ ကျေးဇူးရှိလား (မရှိပါဘုရား)၊ မရှိပါဘူး။

"ချစ်သားတို့....တဲ့၊ ငါဘုရားတရားကို နဲတယ်များတယ် မဝေဖန်ကြနဲ့၊ မဝေဖန်ကောင်းဘူးတဲ့။ ရုပ်တရား နာမ်တရား အစစ်တွေ့သာ နာရုမယ်ဆိုရင် ဖြစ်ပျက်ကိုရှုမှတ်ရင် အနိစ္စ ဒုက္ခ အနတ္တကို နာရုမယ်ဆိုရင် တပုဒ်တဂါထာထဲနဲ့လဲ မဂ်ဖိုလ်နိဗ္ဗာန် ရနိုင်တယ်.... တဲ့။

အကျိုးများတဲ့တရား

မြတ်စွာဘုရားက အဲသလိုဟောပါတယ်။
သဟာဿမပို့ စေ ဝါစာ၊ အနတ္ထ ပဒ သံဟိတာ။
ကံ အတ္ထပဒံ သေယျော၊ ယံသုတ္ဝာ ဥပသမ္မတိ။

အနတ္ထပဒ သံဟိတာ၊ အကျိုးအနက်မရှိသည့်စကားလုံးတို့ဖြင့် ဖွဲ့နွဲ့သီကုံးထားသော။ ဝါစာ၊ တရားစကားသည်။ သဟာဿမပိ စေ၊ အကယ်၍ ပုဒ်ပေါင်း တထောင်ရှိစေကာမူဒီနသေယျော၊ မကောင်းမြတ်ပေ။ ယံသုတ္ဝာ၊ အကြင်တရားကိုကြားနာ၍။ဥပသမ္မတိ၊ ကိလေသာငြိမ်း၏။ တံ၊ ထိုတရားသည်။ အတ္ထပဒံ၊ အကျိုးစီးပွားကိုပြသော။ တံ့၊ ထိုတရားသည်။ကံ၊ တပုဒ်တလုံးတည်း ဖြစ်သော်လည်း။ သေယျော၊ ကောင်းမြတ်လှပေ၏....လို့ ဒီဂါထာကို ဓမ္မပဒမှာ ဟောတော်မူပါတယ်။

ဒို့ တရားနာရတဲ့အခါမှာ တောဘွဲ့တောင်ဘွဲ့၊ မောင်ဘွဲ့ မယ်ဘွဲ့၊ လှမ်းခန်းဆွဲးခန်းနာရတာနဲ့ ရုပ်တရား နာမ်တရား၊ ဖြစ်ပျက်ကြောင်းကျိုးတွေနာရတာ ဘယ်ဟာက ကျေးဇူးရှိပါမလဲ (ရုပ်တရား နာမ်တရား၊ ဖြစ်ပျက်ကြောင်းကျိုးက ကျေးဇူးရှိပါတယ်ဘုရား) အေး ကျေးဇူးရှိတာကိုကော အနှစ်ကိုအကာ

ထင်ပြီး နာချင်ကြရဲ့လား၊ မနာချင်တဲ့လူက မများဘူးလား (များပါတယ်ဘုရား) အနှစ်ကိုအကာထင်၊ အကာကို အနှစ်ထင်၊ အဲ- ခုနဇ်က အဆိုကောင်းကောင်း အသံလေးနဲ့ အဟဲနဲ့ အချဲနဲ့ဆိုရင်တော့ လူတွေက ရုန်းရုန်းရုန်းရုန်းနဲ့ အစောကြီးက ရောက်နေတာဘဲ။ ရုပ်တရား နာမ်တရားဟောမယ့် ဘုန်းကြီး ကျတော့ ပလ္လင်ပေါ်တက်တောင် တရားနာမဲ့ပုဂ္ဂိုလ်က မရှိသေးဘူး၊ တရားနာကြွကြပါခင်ဗျာလို့ အော်ရတုံး၊ ဟိုကတော့ နကမ္ပတိ မတုန်လှုပ်သေးဘူး။

အဲဒီမှာကြည့်စမ်းဟဲ့၊ တမ္ဗဒါဋ္ဌိကကြီး တရားအားထုတ်သွားတာ၊ တရားနာသွားတာ အသက်(၇၀)လောက်မှာ သေတဲ့လူက တရားဘယ်နှစ်ခါ နာရတုံး(တခါထဲပါဘုရား) တခါထဲနဲ့ သူလုပ်လာခဲ့တဲ့ နောက်ကအလုပ်တွေက ဘာတွေတုံး(လူသတ်လာပါတယ်ဘုရား) လူသတ်လာတယ်။ အကုသိုလ်တွေ တပြုံတခေါင်းကြီး မပါဘူးလား(ပါပါတယ်ဘုရား) ဒါတွေကို ဘုန်းကြီးတို့တရားက မတားဘူးလား (တားပါတယ်ဘုရား) ဟောဒီလို အမြင့်မြတ်ဆုံးတရား မနာသင့်ဘူးလား (နာသင့်ပါတယ်ဘုရား) အားမထုတ်သင့်ဘူးလား (အားထုတ်သင့်ပါတယ်ဘုရား) အားမကိုးကြဘူးလား(အားကိုးကြပါတယ်ဘုရား) အားမကိုးလောက်ဘူးလား (အားကိုးလောက်ပါတယ်ဘုရား) အားကိုးလောက်ပါတယ်။

တရားတရားနဲ့ဆိုပြီးတော့ တချို့ဘုန်းကြီးကမယ်ဘွဲ့မောင်ဘွဲ့တွေ ဟောနေမယ်၊ လွမ်းခန်းဆွေးခန်းတွေ၊ အသံကလဲကောင်းတယ်၊ အဆိုကလဲကောင်းတယ်ဆိုရင် ဒို့ဒကာ ဒကာမတွေ

မနာချင်ဘူးလား (နာချင်ပါတယ်ဘုရား) နာချေင်တယ်။ နား ထောင်လို့ မကောင်းဘူးလား (ကောင်းပါတယ်ဘုရား) အကျိုး ကော ရဲ့ပါ့မလား (မရပါဘုရား) အကြောင်းကမှန်ရဲ့လား (မမှန်ပါဘုရား) အကြောင်းကဘာတုံး.... တောဘဲ့တောင်ဘဲ့။ လွှမ်းခန်းဆွေးခန်း၊ အကျိုးဘာခေါ်မလဲ၊ ဘယ်သွားပေါ်မလဲ၊ တောဆင့်ခေါ် ဘယ်သွားပေါ်မလဲ စဉ်းစားကြပေါ့။ ဘာဖြစ်မှာလဲ၊ လွှမ်းဆွေးငိုင်နေရရင် မကောင်းရာသွားဘို့ဘဲ ရှိပါတယ်။

ဟောဒီ ရုပ်တရား နာမ်တရား အနိစ္စ ဒုက္ခ အနတ္တ၊ တကြိမ် တခါ ကြားလိုက်ရလို့ ရှိရင်တဲ့၊ ငါဘုရားသာသနာ ငါဘုရား ဟောထားတဲ့တရား၊ နဲတယ်မျှားတယ်လို့ ချစ်သားတို့ မဝေဖန်နဲ့၊ တမင်တဖို့လိုနေနိုင်တယ်တဲ့။ ရကောမရကြဘူးလား (ရကြပါတယ် ဘုရား) ဒေသနာတော်ရဲ့အဆုံးမှာ နတ်တွေဘယ်လောက် သောတာပန်ဖြစ်တယ်၊ သကဒါဂါမ်ဖြစ်တယ်၊ လူတွေဘယ်လောက် ဖြစ်တယ် မကြားဘူးဘူးလား (ကြားဘူးပါတယ်ဘုရား)။

ဒါကြောင့်မို့ ဘုရားက တရားစစ်တရားမှန်လေးကိုနာကြ၊ တရားစစ်တရားမှန်လေးတွေ နာနိုင်အောင် ဒီကလူကြီးတွေ ဒို့ပရိသတ်ကြီးကို ဆွဲဆောင်ပြီးတော့ သြခုနင်က အရှင်သာရိပုတ္တရာကြီးရဲ့ စတနာမျိုး၊ အပါယ်လေးပါးက လွှတ်ပါစေ၊ နတ်ရွာသုဂတိရောက်ပါစေ၊ မင်္ဂလာနိဗ္ဗာန်ရပါစေဆိုတဲ့ စေတနာနဲ့တိုက်တွန်းပြီးတော့ ဒုတရားပဲ့ချပေးပါတယ်နော်။ ဒါကြောင့် ဘုန်းကြီးကလာလာပြီးတော့ တတ်သမျှဟောပေးနေ

ရတာ၊ ဒီလောက်ဆိုတော်ကြအုံးစို့၊ အချိန်နဲသွားပြီနော်၊အမျှ ဝေလိုက်ကြအုံးစို့....။

အားလုံး ကြားကြားသမျှ အမျှ....အမျှ ...အမျှ....ယူတော် မူကြပါကုန်လော့....

"သာဓု.... သာဓု... သာဓု...."

(၅) ပဉ္စမအဇပါလ ဆိုတ်ကျောင်းညောင်ပင်အောက် စံနေတော်မူပုံ။

၁၃၃၇-ခု တပေါင်လဆန်း ၁၃-ရက်နေ့ညတွင်
ရန်ကုန်မြို့ ကျောက်မြောင်းရပ် သီတာလမ်း အမှတ် ၃၇-နေ
စိန်ရွှေရတနာကုန်သည် ဦးမြင့်သိန်း-ဒေါ်စိန်စိန်တို့၏သား
ရှင်ပြုအလှူတော် မင်္ဂလာမဏ္ဍပ်တွင်
ရန်ကုန်မြို့ သာသနာ့ရိပ်သာ
အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် မဟာစည်
ဆရာတော်ဘုရားကြီး၏ တပည့်၊ ကမ္မဋ္ဌာနာစရိယ
ဟံလင်းဆရာတော်ဘုရား ဟောကြားတော်မူအပ်သော

ကိုယ်ပိုင်ဘုံဆိုင် တရားတော်

ကျောက်မြောင်းရပ်၊ သီတာလမ်း အမှတ်(၃၇)နေ၊ အလှူ
ဒါယကာ ဦးမြင့်သိန်း၊ အလှူအမ ဒေါ်စိန်စိန်၊ သမီး မတင်တင်
နွယ်ဦး၊ သားချစ် မောင်သိန်းဇော်ဟိန်းတို့က ခရမ်းမြို့နေ အလှူ
ဘကာ၏အဘ ဦးဘနှစ်၊ အမိ ဒေါ်စိန်ရွှေနှင့်၊ ပုသိမ်မြို့နေ

အလှူအမ၏အဘ ဦးဘိုးရုံ၊ အမိ ဒေါ်ရွှေမြ၊ နှစ်ဖက်သော မိဘများကို အမှူးထား၍ ရင်နှစ်သည်းချာ သားရတနာကလေး မောင်သိန်းဇော်ဟိန်းကို ရွှစ်ပါးပရိက္ခရာ စုံလင်စွာနဲ့ သာသနာတော်တွင်း သွတ်သွင်းချီးမြှင့်တဲ့နေ့၊ သာသနာ့အမွေကို ခံယူတဲ့နေ့။

ဒါကြောင့်မို့ (ဒီနှစ်သိန်းကျော်ကုန်) ရှင်ပြုမင်္ဂလာပွဲကြီးမှာ၊ (၇)ရက်(၇)လီ သံဃာတော်အရှင်မြတ်တွေရော၊ သီလရှင်ဆရာတွေရော၊ အမျိုးသားတွေရော၊ အမျိုးသမီးတွေရော၊ နွေစဉ်နှင့်အမျှ မကုန်နိုင်မခန်းနိုင်အောင် ကျွေးမွေးညှဲခံပြီးတော့ လှူဒါန်းနေပါတယ်။

နောက် ကရဝိက်ခန်းမတွင် ညှဲခံကျွေးမွေးလို့ လပြည့်ကျော်တရက်နေ့တွင် သာသနာ့ရိပ်သာ ဖလယာဉ်ဓမ္မာရုံ၌ ရှင်သာမဏေအဖြစ် သွတ်သွင်းကြတယ်။ အဲဒီလို အလှူတော်ပွဲကြီးမှာ ဘုန်းကြီးတို့ လာရောက်ပြီး ချီးမြှောက်ရတာ ဝမ်းလဲသာပါတယ်။ ဒီသာသနာ့အမွေခံ တရားပွဲကြီးမှာ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးရဲ့ကိုယ်စား ချီးမြှောက်ရတာ အလွန်လဲဝမ်းမြောက်ပါတယ်။ ကဲ....တရားပွဲစကြစို့။

သာသနံ ပုညဝန္တိဿ၊ ပုညဝန္တာဝဝ လာဘီနော
နပပုညာ ကရဟာစိ၊ ပဂ္ဂဏှံတုမဝိသယာ။

ပုညဝန္တိဿ၊ ဣဿရိယ စသည့် ခြောက်ဖြာ ဘုန်းသမ္ဘာနှင့် ပြည့်စုံတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။ သာသနံ၊ နေဝါလဝန်း တက်ထွန်းရှိန်စော် အာနုဘော်ကြီးသော သာသနာတော်မြတ်ကြီးကို။ ပုညဝန္တာဝဝ။ ရှေးရှေးဘဝ သံသရာက

ဘုန်းစကံထူး ရှိခဲ့ဘူးသော သူတို့သည်သာလျှင်။ပဂ္ဂဏှိတုံ၊ ပစ္စယာဓမ္မ နှစ်ဝလုံလောက် ချီးမြှောက်ထောက်ပံ့ခြင်းငှာ၊ လာဘိနော၊ လာဘန္တိ၊ ကောင်းစွာပိုင်ပိုင် ရနိုင်ကြလေကုန်၏။ ပုညဝန္တဿ၊ ဣဿရိယ စသည်ခြောက်ဖြာ ဘုန်းသမ္ဘာနှင့် ပြည့်စုံတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။သာသနံ၊ နေဝါလဝန်း တက်ဇုန်းရှိန်စော် အာနုဘော်ကြီးသော သာသနာတော်မြတ်ကြီးကို၊ အပပုညာ၊ ဘုန်းကံပါးရှား ဂုဏ်နှမ်းပါးသောသူတို့သည်၊ ကရဟစိ၊ တဘဝတကမ္ပာ တရံတခါမျှ၊ ပဂ္ဂဏှိတုံ၊ ပစ္စယာဓမ္မ နှစ်ဝလုံလောက်ချီးမြှောက်ထောက်ပံ့ခြင်းငှာ၊ နလာဘိနော-နလဘန္တိ၊ ကောင်းစွာပိုင်ပိုင် မရနိုင်ကြဖေလကုန်သတည်း။

သာဓု ...သာဓု....သာဓု....

အေး....ဒို့မြတ်စွာဘုရား သခင်ကိုယ်တော်မြတ်ကြီး၊ လေးသခြေနဲ့ ကမ္ဘာတသိန်း ပါရမီတော်ဖြည့်လို့ ပါရမီတော်တွေ့ပြည့်ဝပြီးတော့ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါတယ်။ဘုရားဖြစ်တော်မူခဲ့ပြီးတဲ့နောက် တည်ထောင်ထားခဲ့တဲ့ သာသနာတော်ကြီးသုံးရပ်၊ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာရယ်လို့ သာသနာတော်ကြီးသုံးရပ် တည်ထောင်တော်မူခဲ့ပါတယ်။ သာသနာတော်ကြီးသုံးရပ်ထဲက-

ပရိယတ္တိသာသနာ

ပရိယတ္တိသာသနာဆိုတာကတော့ စာပေကျမ်းဂန်လေ့ကျင့်ခြင်းပါဘဲ။ပါဠိ အဋ္ဌကထာဋီကာစသည်တို့ကို ပို့ချတဲ့ဆရာတော်တွေက ပို့ချကြပါတယ်။ သင်အံ့လေ့ကျင့်တဲ့ ပုဂ္ဂိုလ်တွေက

သင်အံခဲ့ကြပါတယ်။ အဲဒီလို သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်တွေ၊ ဒီပုဂ္ဂိုလ်ဝံ့ကာ သာသနာ့တာဝန်ကို ကျေပြန်အောင် ထမ်းဆောင်တော်မူခဲ့ကြလို့ သာသနာ ဒီအချိန်အထိ အသက်ရှည်လာပါတယ်။ ကျေးဇူးလဲ အင်မတန်တင်စရာ ကောင်းပါတယ်။

သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်တွေ၊ အေး....အဲဒီပုဂ္ဂိုလ်တွေက ဒီလိုထမ်းဆောင်တော် မူလာခဲ့ကြလို့ ခုထက်ထိ နှစ်ပေါင်း ၂၅၀၀-ကျော် ဒို့ဘုရားရဲ့သာသနာကြီး ကွယ်ပျောက်မသွားဘဲ တည်တံ့နေတာ။ အကယ်၍ ဒီပုဂ္ဂိုလ်တွေသာ ဒီလို သာသနာ့ဝန်ကြီးကို မထမ်းဆောင်ကြဘူးဆိုရင်ဖြင့် ခုအချိန်မှာ ဒို့တတွေဟာ ဒို့ဘုရား ဟောကြားတော်မူခဲ့တဲ့ တရားတွေ မကြားရတော့ဘူး၊ မနာရတော့ဘူး။

ဒါကြောင့် ပရိယတ္တိစာသင်တိုက်ကြီးတွေဖွင့်ပြီး စာသင်စာချပြီးနေတဲ့ အရှင်မြတ်တွေရဲ့ကျေးဇူးဘဲ။ ဒီပုဂ္ဂိုလ်တွေကို ဒီလို စာပေကျမ်းဂန်တွေကို သင်အံနိုင်အောင်၊ အားထုတ်နိုင်အောင်၊ သာသနာ့ဝန်ထမ်းဆောင်နိုင်အောင်၊ ဘယ်သူတွေကွာ နောက်ကနေ အားပေးသလဲဆိုတော့ ဒို့ဒကာ-ဒကာမတွေပါဘဲ။

နောက်က ပစ္စည်းလေးပါးနဲ့ အားပေးကြတယ်။ မိမိတို့နေထိုင်တဲ့ အိမ်ထက်ဆင်းတဲ့ ကျောင်းကြီးတွေဆောက်ပြီး သာသနာတော်ကို ချီးမြှောက်ကြတယ်။

လိုလေသေးမရှိ

ဆွမ်းတွေဆို လိုလေသေးမရှိ။ မိမိစားတာထက် ကောင်းတယ်၊ မွန်တယ်၊မြတ်တယ်။ သင်္ကန်းတွေဆို လိုလေသေးမရှိ၊ ပိုလို့လျှံလို့။ ဆေးပစ္စည်းတွေဆိုလဲ လိုလေသေးမရှိ စုံလို့လင်

လို့။ နောက်ကနေ အားပေးလိုက်ကြတာ။ ဆရာဒကာ တက်ညီလက်ညီနဲ့စုံပြီး တက်လာကြလို့၊ ဒို့ သာသနာတော်ကြီး ဒီလောက် တည်တံ့လာတာတဲ့။ ဒီပရိယတ္တိသာသနာတော်မှာ ဟောကြားတဲ့အတိုင်း ကျင့်ကြံ အားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေကတော့ ပဋိပတ္တိ သာသနာတော်ကြီး ထမ်းဆောင်နေကြတယ်။

ပဋိပတ္တိသာသနာ

ရိပ်သာအသီးသီးတွေ တည်ထောင်ပြီး တရားအားထုတ်နေကြတယ်။ သံဃာတော်အရှင်မြတ်တွေရော၊ အမျိုးသား အမျိုးသမီးတွေပါ ဒီလို အားထုတ်နေကြတာတွေဟာ ပဋိပတ္တိသာသနာတော်ကြီးကို ထမ်းဆောင်နေကြတာ။ ဒီပုဂ္ဂိုလ်တွေထမ်းဆောင်နိုင်အောင် ဘယ်သူက နောက်က အားပေးနေသလဲဆိုတော့ ဒို့ဒကာ ဒကာမတွေ အားပေးနေကြတယ်။ တရားကျောင်းတွေ ဆောက်ပေးကြတယ်၊ ရေမီးအစုံ၊ ဆေးဝါးဓာတ်စာ၊ စားစရာသောက်စရာ အပြည့်အစုံ ဘာမှ လိုလေသေးမရှိအောင် နောက်ကနေပြီး သာသနာတော်ကြီးကို ချီးမြှင့်နေကြတယ်။ ဒို့ရန်ကုန် သာသနာ့ရိပ်သာမှာလဲ တရားအားထုတ်လိုတဲ့ ပုဂ္ဂိုလ်များ၊ ဥာဏ်စဉ်တရား နာကြားရသည်အထိ ပုဂ္ဂိုလ်မရွေးအခမဲ့ ကျွေးမွေးထောက်ပံ့နေကြပါတယ်။

အဲ့ဒီလို ထောက်ပံ့သူတွေကထောက်ပံ့၊ အားထုတ်တဲ့သူတွေက အားထုတ်နေကြတာလဲ ပဋိပတ္တိ သာသနာတော်ကြီးကို ထမ်းဆောင်နေကြတာပါဘဲ။ (အားပေးနေကြတဲ့ ပဋိပတ္တိ

သာသနာ) အဲဒီလို ကျင့်ကြံအားထုတ်လို့ ထိုးထွင်းပြီးသိလာကြတော့ ပဋိဝေဓသာသနာလို့ခေါ်တယ်။ အဲဒီ သာသနာတော်ကြီးသုံးရပ်။ အဲဒီ သာသနာတော်ကြီးဆိုတာ အလွန်တွေ့ဘို့ကြုံဘို့ဆုံဘို့ ခဲယဉ်းပါတယ်။ ဒို့ လူတယောက်ဖြစ်လာဘို့လူ့ဘဝကို တခါတခေါက် ရောက်လာဘို့ဆိုတာလဲ အလွန်ခဲယဉ်းတယ်။

လူတယောက်ဖြစ်လာဘို့ ဘယ်လောက် ခဲယဉ်းသလဲဆိုရင် တခါတုန်းက မြတ်စွာဘုရား သခင်ကိုယ်တော်မြတ်ကြီးက လက်သဲပေါ် မြေမှုန့်ကလေးတင်ပြီးတော့ ရဟန်းတွေကို မေးတော်မူတယ်။ "ချစ်သားတို့ ဟောဒီ ငါ့လက်သဲပေါ်က မြေမှုန့်နဲ့ အောက်က မဟာပထဝီမြေကြီး ဘယ်သူကများသလဲ" တဲ့။ ဒီတော့ ရဟန်းတော်တွေက "အရှင်ဘုရား....အလွန်တရာ ကွာခြားလှပါတယ်ဘုရား။ လက်သဲပေါ်က မြေမှုန့်ကလေးက **အင်** မတန်နဲပြီး အောက်က 'မဟာပထဝီမြေကြီးက အလွန်များလှပါတယ်ဘုရား" ဒီလိုလျှောက်ထားတယ်။

ဒီတော့ မြတ်စွာဘုရားကိုယ်တော်မြတ်က ဒါဟာ ဥပမာတဲ့။ ဥပမေယျကို ပြောရမယ်ဆိုရင် သတ္တဝါတယောက် သံသရာထဲလည်နေရတာဟာ သုဂတိဘဝ လူ့ပြည်၊နတ်ပြည် ရောက်လာတဲ့ဘဝက လက်သဲပေါ်က မြေမှုန့်လောက်ရှိပါတယ်တဲ့။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်လေးပါး ကျရောက်သွားရတဲ့ဘဝတွေက ဒို့အောက်က မဟာပထဝီမြေကြီးလောက်များသတဲ့။ ဒါ မြတ်စွာဘုရားက ဥပမာပြတာ။

ငါနေတ်ကသေ၊ လူနေတ်ပြေ၊ ရောက်လေလက်သည်းလောက်။
လူနေတ်ကသေ၊ ပါယ်လေးတွေ၊ ရောက်လေမြကြီးလောက်။

သုဂတိ-ဒုဂ္ဂတိ

ဒါ မြတ်စွာဘုရားက ဥပမာပြတာ။ ဘာကြောင့် ဒီအပါယ်လေးပါး ရောက်ရသလဲ။ ဘာကြောင့် သုဂတိဘဝ ရောက်ရသလဲဆိုတော့ အပါယ်လေးပါးရောက်ရတာက မကောင်းတဲ့အကုသိုလ် ဒုစရိုက်ကြောင့်ပါဘဲ။ အကုသိုလ်ဒုစရိုက်တွေကြောင့် မကောင်းတာတွေလုပ်ခဲ့ရင် ကာယကံက မကောင်းခဲ့ဘူး၊ ဝစီကံက မကောင်းခဲ့ဘူး၊ မနောကံက မကောင်းခဲ့ဘူးလို့ ဆိုရင်ဖြင့် အဲဒါ အပါယ်လေးဘုံသွားရလိမ့်မယ်။ ကာယကံကလဲကောင်းမယ်၊ ဝစီကံကလဲကောင်းမယ်၊ မနောကံကလဲ ကောင်းမယ်ဆိုရင်ဖြင့် ဒို့သုဂတိဘဝသွားကြရမယ်။

ဒါကြောင့် မြတ်စွာဘုရားက အဲဒီဥပမာပြထားတာ။ အကုသိုလ်မျိုး ကျောက်ခဲနဲ့တူတယ်တဲ့။ ကျောက်ခဲဟာ ကြီးကြီးကို ရေထဲချလဲ မြုပ်သွားတာဘဲ၊ သေးသေးကို ရေထဲချလဲ မြုပ်သွားတာဘဲ။ အကုသိုလ်ကို နဲနဲလေးလုပ်လဲ အောက်ကျသွားမှာဘဲ၊ များများလုပ်လဲ အောက်ကျသွားမှာဘဲတဲ့။ ဒါကြောင့် အကုသိုလ်များဟာ ကျောက်ခဲနဲ့တူတယ်။ ဒို့ပရိသတ်ကြီးနဲ့ ဒီနေ့တော့ အမေးအဖြေ လုပ်ကြရမယ်။ အိပ်လဲမအိပ်ချင်အောင်၊ အသိဉာဏ်လဲ တိုးတက်အောင်၊ ကျောက်ခဲနဲ့ ဘာနဲ့တူတုံး၊ ရဲရဲပြောကြ။ နောက်ကလူတွေ အားလုံးကိုလဲ ပြောနေတာ။ လာရပြီးတော့ ရှေ့ကလူတွေ ပြောနေတာ ဒို့တော့ မပါဘူးလို့ မဖြစ်ရအောင် အားလုံးကို ပြောနေတာ။

ရှိရှိသမျှ ကျောက်ခဲသည် အကုသိုလ်နှင့်တူတယ်။ အကုသိုလ်သည် ကျောက်ခဲနဲ့တူတယ်တဲ့။ ကုသိုလ်က ဘာနဲ့တူသလဲဆိုရင် ကုသိုလ်က ဆီဦးထောပတ်နဲ့တူတယ်။ ကုသိုလ်ကတော့ အထက်ဆန်တက်သွားတယ်။ သုဂတိဘဝတွေ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်၊ နိဗ္ဗာန်တဲ့။ ဒါကြောင့်မို့ လက်ာလေးတပုဒ် ဒို့ ပရိသတ်ကြီး လိုက်ဆိုရမယ်။ ဒီလက်ာလေး ဘုန်းကြီးက ရှေ့က တိုင်ပေးမယ်၊ လိုက်ဆိုကြပေတော့။ ကဲ....ဆို

အကုသိုလ်ဟာ၊ ကျောက်ပမာ၊ အောက်မှာနစ်မြုပ်သည်။

(အကုသိုလ်ဟာ ကျောက်ပမာ အောက်မှာနစ်မြုပ်သည်။)

အကုသိုလ်က ဘယ်မြုပ်တုံး (အောက်မှာနစ်မြုပ်ပါတယ်ဘုရား)။ အကုသိုလ်သည် ကျောက်ခဲနဲ့တူတယ်။ တရားနာတယ်ဆိုတာ သဘောပေါက်အောင်၊ နားလည်အောင် မှတ်ရတယ်။

ကုသိုလ်ကျတော့ ဘာနဲ့တူသလဲဆိုရင် ဆီဦးထောပတ်နဲ့တူတယ်တဲ့။

ကုသိုလ်ဆိုတာ၊ ဆီပမာ၊ ပေါ်မှာဆန်တက်သည်။

(ကုသိုလ်ဆိုတာ ဆီပမာ ပေါ်မှာဆန်တက်သည်။)

ကုသိုလ်ကဘယ်တက်တုံး(အပေါ်တက်သွားပါတယ်ဘုရား) လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည် နိဗ္ဗာန်တဲ့။ ဘာနဲ့တူတုံး၊ ကုသိုလ်ဆိုတာ ဆီနဲ့တူတယ်။ အကုသိုလ်နဲ့ ဘာနဲ့တူကြတုံး (ကျောက်ခဲနဲ့တူပါတယ်ဘုရား)။ ဒါကြောင့် အကုသိုလ်လုပ်ရင် ဒို့တတွေနစ်မှာဘဲ၊ မြုပ်မှာဘဲလို့။ ကုသိုလ်လုပ်ရင် အပေါ်တက်မှာဘဲလို့။ ဒီတော့ တနည်း ဥပမာပြရအုံးမယ်။ ဒို့-

အိုးဝလုံးရှာ အဲဒီအိုးထဲ ကျောက်ခဲတွေထည့်၊ ကျောက်ခဲတွေထည့်ပြီးတော့ ရေထဲ ချရိုက်ခဲ့လိုက်ရင် အဲဒီအိုးကွဲတွေ ဘယ်ထဲကျမတုံး၊ ဒို့ပရိသတ်ကြီး (ရေထဲကျမှာပါဘုရား)၊ ရေထဲမြုပ်သွားမယ်နော်။ အထဲက ကျောက်ခဲတွေကရော ဘယ်ထဲမြုပ်သွားမတုံး (ရေထဲမြုပ်သွားမှာပါဘုရား) ရောထဲမြုပ်မှာဘဲ။ အပေါ်တက်တဲ့ဟာ ပါသေးလား-မပါဘူး။ နှစ်ခုစလုံး စုံမြုပ်မယ်တဲ့။

ဒါဖြင့် ဆီခဲ့ယောပတ်အိုးကြီးတလုံး။ အဲဒီအိုးကြီး ရေထဲချပြီး ရိုက်ခဲ့လိုက် အိုးကွဲတွေ ဘယ်ကျသွားမတုံး၊ အောက်ကျသွားမယ်။ ဆီခဲ့ထောပတ်တွေက အပေါ်တက်လာမယ်နော်။ ဒါဥပမာတဲ့။ ဥပမေယျကပ်လိုက်တော့ ဒို့ခန္ဓာကိုယ်ကြီးက အိုးနဲ့တူတယ်။ ဒို့ခန္ဓာက ဘာနဲ့တူကြတုံး (အိုးနဲ့တူပါတယ်ဘုရား)၊ ဒို့ခန္ဓာက တခန့်မှာ မြေသြဇာမဖြစ်ပေဘူးလား(ဖြစ်ပါတယ်ဘုရား)၊ မြေကြီးသြဇာမဖြစ်တဲ့ခန္ဓာ ရှိပါ့မလား (မရှိပါဘုရား)၊ တနေ့ ဒို့သုသာန်မြေ မဖြစ်ကြပေဘူးလား (ဖြစ်ပါတယ်ဘုရား)၊ ဒီခန္ဓာကြီးက သုသာန်မြေဖြစ်ပေမဲ့ ဟောဒီလို ဒို့ခန္ဓာတွင်း သွင်းနေတာက အကုသိုလ်တွေ သွင်းနေမယ်ဆိုရင် ကျောက်ခဲသွင်းသလား- ထောပတ်သွင်းသလား (ကျောက်ခဲသွင်းတာပါဘုရား)၊ ကျောက်ခဲသွင်းနေတာ။ အကုသိုလ်တွေ။ အကုသိုလ်တွေ ဘယ်ကဖြစ်ကြသတုံး၊ကာယကံ ဝစီကံ မနောကံကဖြစ်တယ်။

ဒို့လူမျိုးတနေ့ ၂၄-နာရီရှိတယ်။ အဲဒီ ၂၄-နာရီမှာ ဒို့စိတ်ကူးကြည့်လိုက်။ သူမျိုး သတ်ဖို့ဖြတ်ဖို့၊ ညှဉ်းဆဲဖို့၊ နှိပ်စက်

ဖို့၊ ဒါတွေကြံနေလို့ ရှိရင် မနောကံဟာ ကောင်းတဲ့ကံလား-မကောင်းတဲ့ကံလား၊ ဒိုပရိသတ်ကြီး(မကောင်းတဲ့ကံပါဘုရား) ဒါဖြင့် ကျောက်ခဲ့လား-ထောပတ်လား (ကျောက်ခဲပါဘုရား) အေး....ကျောက်ခဲတွေနော်၊ ခန္ဓာကြီးဟာ ကျောက်ခဲအိုးကြီးဖြစ်တော့မယ်။ စိတ်ကကြံတဲ့အတိုင်း၊ မတောင်းတာတွေလျှောက်ပြီးတော့ပြောနေခဲ့ရင်၊ ဝစီကံကောင်းရဲ့လား(မကောင်းပါဘုရား) ကျောက်ခဲလား-ဆီဦးထောပတ်လား (ကျောက်ခဲပါဘုရား)၊ ကျောက်ခဲတွေတဲ့။

ဒါဖြင့် ဝစီကံက ပြောတဲ့အတိုင်း ကာယကံကသတ်လိုက်၊ ညှဉ်းဆဲလိုက်၊ ဒီလိုလုပ်နေခဲ့ရင်ကော၊ ကာယကံက ကောင်းရဲ့လား (မကောင်းပါဘုရား)၊ မကောင်းလို့ ရှိရင် ကျောက်ခဲလား-ထောပတ်လား (ကျောက်ခဲပါဘုရား)။ ဒါဖြင့် ဒီပုဂ္ဂိုလ်ဟာ မိမိခန္ဓာထဲ ကျောက်ခဲနဲ့တူတဲ့ အကုသိုလ်တွေ သွင်းထားတဲ့ပုဂ္ဂိုလ်၊ သေမျှားသေရင် အပေါ်တက်စရာမျှား ရှိသေးရဲ့လား (မရှိပါဘုရား)၊ အောက်စုန်မမြုပ်ပေဘူးလား (မြုပ်ပါတယ်ဘုရား)၊ မြုပ်သွားမှာတဲ့။ ဒို့ဆီဦးထောပတ်နဲ့တူတဲ့ ခန္ဓာကတော့ဖြင့် အိုးနဲ့တူတာပါဘဲ။

ဒါပေမဲ့ လို့ ပြုလုပ်တဲ့ကိုယ်အမှုအရာ နှုတ်အမှုအရာ ဒို့ စိတ်အမှုအရာ၊ ဒါတွေသာ ကောင်းခဲ့ရင်၊ ဒို့ ခန္ဓာကြီးထဲသွင်းဖို့ ကနေ့ဦးမြင့်သိန်း-ဒေါ်စိန်စိန်တို့ နှစ်ဖက်သော မိဘကို အမှုးထားလို့ နှစ်ဖက်သော ဆွေမျိုးတွေက အမှုးထားပြီးတော့ သမီး တင်တင်နွယ်ဦး၊ သား မောင်သိန်း ဇော်ဟိန်း၊ ဟုတ်ကဲ့လား (မှန်ပါဘုရား)၊ ရှစ်ပါးသော ပရိက္ခရာနဲ့ သာသနာ့ဘောင် သုတ်သင်း

တော့မယ်လို့ သူတို့စိတ်ကူးနေတာ၊ ဒီနေ့ဒီညမှမဟုတ်ဘူး တော်တော်ကြာပြီ။

လွန်ခဲ့တဲ့ နှစ် လ ရက်က ဟောဒီလို စိတ်ကူးပြီးတော့ ရှစ်ပါးသော ပရိက္ခရာနဲ့ သာသနာတော်တင်း သွတ်သွင်းမယ်၊ ရဟန်းတော်တွေပင့်ပြီး တရားနာမယ်၊ ဆွမ်းကပ်မယ်၊ လာလာသမျှ နယ်လေးရပ်က ပရိသတ်တွေ ကျွေးမယ်မွေးမယ်လို့၊ လှူဖို့တန်းဖို့ စိတ်ကူးမလာကြဘူးလား (လာခဲ့ကြပါတယ်ဘုရား)။ အဲဒီစိတ်ကူးလာတဲ့ ဒီစိတ်ကူး မနောကံဟာ ကောင်းသလား-မကောင်းဘူးလား (ကောင်းပါတယ်ဘုရား)။ ဒါဖြင့် ကျောက်ခဲမျိုးလား-ဆီဦးထောပတ်မျိုးလား (ဆီဦးထောပတ်မျိုးပါဘုရား)။

ဒါဖြင့် မိမိတို့ခန္ဓာမှာ ဆီဦးထောပတ်နဲ့တူတဲ့ ကုသိုလ်တရားတွေ မကိန်းဘူးလား (ကိန်းပါတယ်ဘုရား) အဲဒီကြံစည်တဲ့ အတိုင်းလဲ ပါးစပ်ကလျှောက်ပြီးတော့ မတိုင်ပင်ဘူးလား (တိုင်ပင်ပါတယ်ဘုရား) လှူဖို့တန်းဖို့တွေ၊ ကျွေးဖို့မွေးဖို့တွေ၊ လုပ်ဖို့ကိုင်ဖို့တွေ မပြောကြဘူးလား (ပြောကြပါတယ်ဘုရား) ဒါဖြင့် ဒီဝစီကံ ကောင်းသလား-မကောင်းဘူးလား (ကောင်းပါတယ်ဘုရား) ကောင်းလို့ရှိရင် ဒီဝစီကံဟာ ဆီဦးထောပတ်နဲ့တူသလား ကျောက်ခဲနဲ့တူသလား (ဆီဦးထောပတ်နဲ့ တူပါတယ်ဘုရား) ဒါဖြင့် ဒီအလှူဟာ အလှူဒကာမတို့ရဲ့ ခန္ဓာမှာ ဆီဦးတောပတ်တွေ ကိန်းမနေဘူးလား (ကိန်းနေပါတယ်ဘုရား) ကုသိုလ်တရားတွေ မကိန်းဘူးလား (ကိန်းပါတယ်ဘုရား)။

ဒါဖြင့် ခုအလှူနီးလာတဲ့ အခါကျတော့ ဝေယျာဝစ္စ မလုပ်ရဘူးလား (လုပ်ရပါတယ်ဘုရား) အလှူဒကာရော အလှူဒကာမရော မနက်က ဘုန်းကြီးတို့ ဆွမ်းကပ်နေတာကြည့်ရတော့ ကြိုးကြိုးစားစား ကိုယ်တိုင်ကိုယ်ကျကပ်လို့ "အလိုရှိသလို ဘုန်းပေးတော် မူကြစါဘုရား" လို့ လျှောက်ကြတယ်။ ဒါကောင်းတဲ့ ဝစီကံတွေ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား) ကိုယ်တိုင်ကပ်နေတာတွေဟာ ကောင်းတဲ့ကာယကံတွေ မဟုတ်လား (ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် သူတို့ရဲ့သန္တာန်မှာ ကျောက်ခဲတွေသွင်းနေသလား ဆီဦးထောပတ်တွေ သွင်းနေသလား (ဆီဦးထောပတ်တွေ သွင်းနေပါတယ်ဘုရား) ဒါဖြင့် ဆီဦးထောပတ်တွေသွင်းရင် အပေါ်ဆန်တက်မှာလား အောက်မြုပ်မှာလား (အပေါ်ဆန်တက်မှာပါဘုရား) ဒီခန္ဓာကြီး မြေသြဇာဖြစ်သော်လဲ ကုသိုလ်တရားတွေက အပေါ်ဆန်တက်မသွားပေဘူးလား (ဆန်တက်ပါမယ်ဘုရား) အေး....ဆန်တက်သွားမှာ။ ဒါဖြင့် ဦးမြင့်သိန်းတို့ ဒေါ်စိန်စိန်တို့ အမှိုပြုပြီးတော့ ခုတရားနာလာကြတဲ့ ပရိသတ်ကြီးတွေက ဆီဦးထောပတ်သွင်းသလား ကျောက်ခဲသွင်းသလား (ဆီဦးထောပတ်တွေသွင်းပါတယ်ဘုရား) အေး၊ခုနင်တုန်းကလို သြကာသ... သြကာသ အစရှိသည်ဖြင့် ရတနာသုံးပါး ဦးထိပ်ထားပြီးတော့ ရှိခိုးလာခဲ့ကြ ဟုတ်လား။ အဲဒါ ကုသိုလ်တွေလား အကုသိုလ်တွေလား (ကုသိုလ်တွေပါဘုရား)။

ဒါဖြင့် ဒို့ပရိသတ်ကြီးရဲ့သန္တာန် ဆီဦးထောပတ်တွေ မသွင်းဘူးလား (သွင်းပါတယ်ဘုရား) အေး....ခုလဲဘဲ လက်အုပ်

ကလေးချီနေတာ၊ ကာယကံမကောင်းဘူးလား (ကောင်းပါ တယ်ဘုရား) နှတ်ကဆိုနေတာ ဝဒီကံ မကောင်းဘူးလား (ကောင်းပါတယ်ဘုရား) ဒါကြောင့်မို့ ဘာတွေသွင်းနေကြတုံး ဒို့ပရိသတ်ကြီး (ဆိုင်းထောပတ်တွေ သွင်းနေကြပါတယ်ဘုရား) ဆီဦးထောပတ်တွေ မသွင်းကြဘူးလား (သွင်းပါတယ်ဘုရား)။ အေး-ဒါကြောင့် အခု ဦးမြင့်သိန်းတို့ ဒေါ်စိန်စိန်ဂို့အမှုပြုပြီးတော့ လာလာသမျှပရိသတ်တွေ၊ လောကီလောကုတ္တရာ နှစ်ဖြာအကျိုး မရှိကြဘူးလား (ရှိကြပါတယ်ဘုရား ဒါတွေ အမှုပြုပြီးတော့ ဓမ္မသဝနဆိုတဲ့တရားတွေ့မနာရဘူးလား (နာရပါတယ်ဘုရား) ဝေယျာဝစ္စတွေ့ မလုပ်ကြရဘူးလား (လုပ်ကြရပါတယ်ဘုရား) ဒါဖြင့်ကုသိုလ်တွေ့ မဖြစ်ကြဘူးလား (ဖြစ်ကြပါတယ်ဘုရား) မိမိတို့သန္တာန်မှာအသီးအသီးအားဖြင့် ဆီဦးထောပတ်တွေ့ မသွင်းကြဘူးလား (သွင်းကြပါတယ်ဘုရား) ဒါကြောင့်မို့ ဒို့ဘုရားက သူမျှား မမေးနဲ့တဲ့ ကိုယ့်ကိုယ်ကိုတွေး ပါတဲ့။ ကိုယ့်ကိုယ်ကို မေးပါတဲ့။

မကောင်းတာဆို ရပ်တန်းကရပ်

အေး-ဒါကြောင့် အခု ဦးမြင့်သိန်းတို့ ဒေါ်စိန်စိန်ဂို့အမှုပြုပြီးတော့ လာလာသမျှပရိသတ်တွေ၊ လောကီလောကုတ္တရာ နှစ်ဖြာအကျိုး မရှိကြဘူးလား (ရှိကြပါတယ်ဘုရား ဒါတွေ့ အမှုပြုပြီးတော့ ဓမ္မသဝနဆိုတဲ့တရားတွေ့မနာရဘူးလား (နာရပါတယ်ဘုရား) ဝေယျာဝစ္စတွေ့ မလုပ်ကြရဘူးလား (လုပ်ကြရပါတယ်ဘုရား) ဒါဖြင့်ကုသိုလ်တွေ့ မဖြစ်ကြဘူးလား (ဖြစ်ကြပါတယ်ဘုရား) မိမိတို့သန္တာန်မှာအသီးအသီးအားဖြင့် ဆီဦးထောပတ်တွေ့ မသွင်းကြဘူးလား (သွင်းကြပါတယ်ဘုရား) ဒါကြောင့်မို့ ဒို့ဘုရားက သူမျှား မမေးနဲ့တဲ့ ကိုယ့်ကိုယ်ကိုတွေး ပါတဲ့။ ကိုယ့်ကိုယ်ကို မေးပါတဲ့။

ငါသည် ၂၄-နာရီရှိတဲ့အနက်၊ ဘာကွေ့လုပ်နေသလဲ။ ငါ့သန္တာန်ဘာတွေ့သွင်းနေသလဲ၊ ကျောက်ခဲတွေ့လား၊ ဟဲ့=ငါ့ပါးစပ်ကထွက်သွားတာ ပါးစပ်က ထွက်တိုင်းထွက်တိုင်း မိမိသန္တာန်မှာကိန်းကျန်ခဲ့တယ်။ အကယ်၍ သူမျှ၊ားကို ဆဲလိုက်မယ်၊ ဆိုလိုက်မယ်၊ မခံချင်အောင် ပြောလိုက်မယ်ဆိုရုံဖြင့် ကုသိုလ်လား အကုသိုလ်လား(အကုသိုလ်ပါ) မိမိသန္တာန် ဘာဖြစ်ကျန်

နေရစ်တုံး၊ အကုံသိုလ် မကျန်ရစ်ဖူးလား (ကျန်ရစ်ပါတယ် ဘုရား) အေး....ကျန်ရစ်ခဲ့တယ်နော်။ သတ်လိုက် ဖြတ်လိုက်ရင် ကော. မိမိတို့သန္တာန်ဘာကျန်ရစ်တုံး (အကုသိုလ်ကျန်ရစ်ပါတယ် ဘုရား) ဒါဖြင့်အခုလို လှူတန်းနေကာ တွေ့ကျွတော့ ဘာတွေ့ ကျန်ရစ်မတုံး(ကုသိုလ်တွေ့ကျန်ရစ်ပါတယ်ဘုရား)။

အေး....ငါလုပ်နေတာ ကုသိုလ်လားအကုသိုလ်လား၊ ငါ့ပါး စပ်က ပြောနေတာ ငါစိတ်ကူးနေတာ မကောင်းကာတွေ့ လုပ်မိ ရင် ရှေဆက်မကြုံဘဲ ဖျောက်ပစ်။ မကောင်းတာတွေ့ပြောမိရင် ရှေဆက်မပြောနဲ့ ဖျောက်ပစ်။ မကောင်းတာတွေ့ကို ရှောင်ကြဉ် ကြတဲ့။ ဒါကြောင့် ဒို့ဘုရားက သူမျှား မမေးနဲ့၊ သူမျှား မတွေးနဲ့ ကိုယ့်ကိုယ်ကိုမေးကြ၊ ကိုယ့်ကိုယ်ကို တွေးကြတဲ့ အဲဒါ ကြောင့် ဟောဒါလေးလိုက်ဆိုရမယ်။ အားလုံးလိုက်ဆိုကြ။

ကိုယ့်ကိုယ်ကိုတွေး၊ ကိုယ်မေးလေပါ
နေ့စဉ်အားထုတ်၊ အလုပ်ဘယ်ဟာ
ကုသိုလ်တပဲ၊ ငရဲပိုသာ
လူဖြစ်ရုံး၊ နစ်အုံးအပါယ်ရှာ။ ။

ကုသိုလ်တပဲ ငရဲတပိုသာ

ကိုယ့်ကိုယ်ကို တွေးကြည့်စမ်းတဲ့။ ငါ—ကနေ့ကြုံနေတာတွေ့၊ ငါ့ပါးစပ်က ပြောနေတာတွေ့၊ ငါ- ကာယကံမြောက် လုပ်နေ တာတွေ့ ။ကုသိုလ်လား....အကုသိုလ်လားတဲ့။ ကုသိုလ်လေးက တပဲနဲ့။ ငရဲက တပိုသာဖြစ်နေရော့သလား။ ဒီလိုမဖြစ်စေဘဲနဲ့ ကုသိုလ်က တပိုသာငရဲက တပဲသား၊ ငရဲက လုံးလုံးကင်း အောင် လုပ်ရမယ်တဲ့။

အဲဒီလို အကုသိုလ်တွေလုပ်နေလို့ ရှိရင်ဖြင့် ဒို့အပေါ် ဆန်တက်စရာရှိသေးရဲ့လား၊ သုဂတိစခန်းရောက်ဖို့ရာ ရှိကြသေးလား (မရှိပါဘုရား) မရှိပါဘူးတဲ့။ အဲဒီလိုမရှိတာကြောင့် အကုသိုလ်တွေလုပ်နေလို့ အပါယ်လေးပါးမှာမျှားနေကြတာ။ အပါယ်လေးပါးကသတ္တဝါနဲ့ လူ့ပြည်မှာရှိနေကြတဲ့ နတ်ပြည်, ဗြဟ္မာ့ပြည်တွေမှာရှိနေကြတဲ့ လူနတ်ဗြဟ္မာတွေနဲ့ နှိုင်းစာကြည့်မယ်ဆိုရင် ဒို့ဗမာပြည် တခုထဲကြည့်ပါ။ ဗမာပြည်မှာရှိတဲ့ လူဦးရေသန်း ၃၀-လောက်ဆိုပါတော့။ ဒီသန်း ၃၀-နဲ့ ဗမာပြည်မှာရှိနေတဲ့ ပုရွက်ဆိတ်တွေ၊ ပုရွက်တွင်းတွေ၊ ပုရွက်ဆိတ် အုံတွေအကုန်လုံးရှောက်ရှာ။ ရှာပြီးတော့ စာရင်းကောက်ကြည့်စမ်း၊ ဘယ်သူကဲ့ ဘးမတုံးဆိုရင် ပုရွက်ဆိတ်တွေနဲ့ လူတွေနဲ့ ဘယ်သူကများကြမတုံးဟေ့ (ပုရွက်ဆိတ် တွေက များပါတယ်ဘုရား) ပုရွက်ဆိတ်တွေက များမှာဘဲတဲ့။ ဒါပုရွက်ဆိတ်တမျိုးဘဲ ရှိသေးတယ်။ ခြင်္သေ့မပါသေးဘူး၊ ပျားတွေမပါသေးဘူး။ ခြင်တွေ ယင်တွေ မပါသေးဘူး။ ကြွက်ပိုးတွေသန်းတွေမပါသေးဘူး။ ပိုးလောက်တွေမပါသေးဘူး၊ သမုဒ္ဒရာ ပင်လယ် ထဲမှာ နေကြတဲ့ ရေသတ္တဝါတွေမပါသေးဘူး။ ကုန်းမှာနေကိုးကုဋေ၊ ရေမှာနေဆယ်ကုဋေ သတ္တဝါတွေမနဲပါဘူး။ အပါယ်လေးပါးမှာ ငရဲရောက်နေကြတဲ့ ငရဲသားတွေမပါသေးပါဘူး။

ဒါကြောင့်မို့ ဒို့မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း လူ့ပြည်လူ့ဘွဲ့ကို တခါတခေါက်ရောက်ဖို့ဆိုတာ အတော်ဘဲ ခဲယဉ်းပါလား။ အပါယ်လေးပါးမှာ ဒါလောက်တောင် များနေတာ အခုလဲဘဲ ဒို့ပရိသတ်ကြီး ဉာဏ်မျက်စိနဲ့နှိုင်းချိန် ကြည့်ကြ

စမ်းပါ။တကမ္ဘာလုံးအားလုံးခြုံကြည့်လိုက်၊ ကုသိုလ်နဲ့တူတဲ့ဆီဦး ထောပတ်တွေသွင်းနေတဲ့လူနဲ့ အကုသိုလ်နဲ့တူတဲ့ ကျောက်ခဲသွင်းနေတဲ့လူ၊ ဘယ်သူကများလိမ့်မတုံး၊ စာရင်းကောက်ရင်ကျောက်ခဲသွင်းနေတဲ့လူက များပါလိမ့်မယ်။ အေး....ကျောက် ခဲတွေကအပေါ်ဆန်တက်မှာလား၊ အောက်ဇုန်သွားမှာလား(အောက်စုန်မှာပါဘုရား)ဒါကြောင့်မို့ အောက်သွားတဲ့လူတွေက မဟာပထဝီမြေကြီးလောက် များကယ်လို့ ဒို့ဘုရားက ဟောခဲ့တာ။ အေး...ဒါကြောင့်မို့ လူ့ဘဝဆိုတာ အင်မတန်ရခဲလှတယ်တဲ့။ ဖြစ်ခဲလှတဲ့လူ့ဘဝကြီး ဒို့ရထားကြပြီ။ ကဲဆိုကြ။

ဖြစ်ခဲလှစွာ၊ လူဆိုတာ၊ ဖြစ်ခါ့နေရသည်။

(ဖြစ်ခဲလှစွာ၊ လူဆိုတာ၊ ဖြစ်ခါနေရသည်။)

ဒို့ရခဲတဲ့ လူ့ဘဝကြီး မရကြဘူးလားဟေ့ (ရကြပါတယ်ဘုရား)မကြုံကြဘူးလား(ကြုံကြပါတယ်ဘုရား) ကြုံကြရကြပြီ။ ဒို့တတွေဟာ တော်တော် ကုသိုလ် ထူးတာဘဲ။ လူ့ဘဝရပြန်တော့လဲ ဟောဒီလိုအသက်ရှင်နေဘို့မလွယ်ပြန်ဘူး။ အသက်ရှင်နေဘို့မလွယ်ဘူးတဲ့၊ လူ့ဘဝရတော့ရတယ်၊ ဘာပြုလို့တုံး ဆိုတော့ ဘာဆိုတာ ဘေးအတန်တန်အန္တရာယ်ရန်စွယ်တွေကြားထဲမှာ ဒို့နေရတာ။ ရေထဲသွားပြန်လဲရေဘေးနဲ့၊ ကုန်းသွားပြန်လဲ ကုန်းဘေးနဲ့၊ အဲဒီလို အသက်ရှင်နေရတာ အင်မတန်ခဲယဉ်းပါတယ်။ ၉၆-ဖြာဘေး ရောဂါနဲ့ပြည့်စုံတဲ့ မရဏ သေမင်းကြီးကများ ခေါ်လိုက်ပြီဆိုရင် နေ့မဆိုင်းညမဆိုင်း လိုက်ရမှာ၊ အခုသူမခေါ်သေးလို့ ဒို့ဟောဒီလိုအသက်ရှင်နေရတာ။ ရှင်ခဲတဲ့သသက် ဒို့ ရှင်နေရပြီ။ ဒါကြောင့် လိုက်ဆို=

ရှင်ခဲ့လျှင်၊ သက်ဆိုတာ၊ ရှင်ကာနေရဖြို့။
(ရှင်ခဲလျှင်၊ သက်ဆိုတာ၊ ရှင်ကာနေရပြီ။)

ဒို့.. လူကလဲဖြစ်ခဲ့ပြီ။ အသက်ကလဲ ရှင်နေပြီ။ လူလဲဖြစ် အသက်လဲ ရှင် သော်လည်း ဟောဒီ သာသနာ တော် ကြီးနဲ့ တွေ့ဖို့ ခဲယဉ်း ပြန်ပြီ။ သာသနာနဲ့ ၆ တွဲ့၊ ဘုရား တဆူ ပွင့်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး။ အဲ့ဆိုးဓလေးသင်္ချေနဲ့ ကမ္ဘာ တသိန်း ပါရမီဖြည့်ရတယ်။ ဒဲဒီလိုဓလေးသင်္ချေနဲ့ကမ္ဘာတသိန်း ပါရမီဖြည့်လို့ ပါရမီတွေ ပြည့်ဝပြီးတော့ ပွင့်လာမှ သာသနာနဲ့ တွေ့ရတယ်။ တရားနာရတယ်။ ဒါကြောင့် ဒီသာသနာတော် ကြီးနဲ့တွေ့ပြန်တော့လဲ သာသနာတော်ကြီးကိုကြည်ညိုဖို့ ဟောဒီ လို တရားတွေ နာနိုင်ဖို့ဆိုတာ မလွယ်ဘူးတဲ့။ နာရခဲတဲ့ တရား ကို ဒို့တတွေ့နာရပြီ။ ဆို-

နာရခဲ့လျှင်၊ တရားဟာ၊ နာကာမြဲနေရဖြို့။
(နာရခဲ့လျှင်၊ တရားဟာ၊ နာကာနေရပြီ။)

ဒို့.တရားလဲ နာနေရတယ်နော်၊ အင်မတန် တွေ့ခဲကြုံခဲတဲ့ သာသနာတော်ကြီးနဲ့လဲ တွေ့ရတယ်နော်။ ကဲ ဒါလေးလိုက်ဆို ကြရအောင်။

တွေ့ခဲလျှင်၊ သာသနာ၊ တွေ့ခါနေရဖြို့။
(တွေ့ခဲလျှင်၊ သာသနာ၊ တွေ့ခါနေရပြီ။)

ဘုန်းကံရှိမှသာ

ဒို့စုံမနေဘူးလား (စုံနေပါတယ်ဘုရား)၊ အေး-လူ့ဘဝ ကော မရကြဘူးလား (ရကြပါတယ်ဘုရား)၊အသက်ကော ရှင်မ နေကြဘူးလား (ရှင်နေကြပါတယ်ဘုရား)၊ သာသနာတော်ကြီး

နဲ့ကော မတွေ့ဘူးလား (တွေ့ကြပါတယ်ဘုရား)၊ တရားကော မနာနိုင်ကြဘူးလား (နာနိုင်ကြပါတယ်ဘုရား)၊ ဟောဒီသာသနာတော်ကြီးနဲ့ တွေ့တဲ့အခါ ဒီသာသနာတော်ကြီးကို ပုဂ္ဂိုလ်တိုင်း ထောက်ပံ့နိုင်သလား၊ ကြည်ညိုနိုင်သလားဆိုတော့ ပုဂ္ဂိုလ်တိုင်း မထောက်ပံ့နိုင်ဘူး၊ မကြည်ညိုနိုင်ဘူး။ ဒို့ရှေးရှေးဘဝ အတိတ်ကာလ ဘဝထိုထိုကဆည်းပူးခဲ့တဲ့ ဖဲရမီတွေရှိမှကုသိုလ်ကောင်းမှုတွေရှိမှ ဟောဒီသာသနာတော်ကြီးကို ချီးမြှောက်နိုင်တာတဲ့။ ဒီလိုလူနိုင်တာ၊တန်းနိုင်တာ။ ဒါကြောင့်မို့။

ပုညဝန္တိဿ၊ ဣဿရိယ စသည်ခြောက်ဖြာ၊ ဘုန်းသမ္ဘာနှင့် ပြည့်စုံတော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏။ သာသနံ၊ နေဝါလဝန်း တက်ထွန်းရှိန်စော် အာနုဘော်ကြီးသော သာသနာတော်မြတ်ကြီးကို၊ ပုညဝန္တာဝ၊ ရှေးရှေးဘဝ သံသရာက ဘုန်းစကံထူး ရှိခဲ့ဘူးသော သူတို့သည်သာလျှင်၊ ပဂ္ဂဏှံတုံ၊ ပစ္စယာဓမ္မ နှစ်ဝလုံလောက် ချီးမြှောက် ထောက်ပံ့နိုင်ခြင်းငှာ၊ လာဘီနော လဘန္တိ၊ ကောင်းစွာပိုင်ပိုင် ရနိုင်ကြလေကုန်သတည်း။

(သာဓု....သာဓု... သာဓု....။)

ဒို့ ဒီသာသနာတော်ကြီး ချီးမြှင့်ကြတယ်ဆိုတာ ပစ္စယာနုဂ္ဂဟတဲ့၊ ပစ္စည်းတွေနဲ့ချီးမြှင့်ကြတယ်။ သင်္ကန်း၊ဆွမ်း၊ကျောင်း၊ဆေး။ ဓမ္မာနုဂ္ဂဟတဲ့ မိမိရင်ဘဲဖြစ်တဲ့ သားကလေးကိုသာသနာတော်ကြီး အဓွန့်ရှည်ပါစေလို့ သာသနာ့အမွေ ခံယူကြတယ်။ ဦးမြင့်သိန်းတို့ဒေါ်စိန်စိန်တို့ ဟောဒီလိုချီးမြှင့်နိုင်တာ အခုဘဝမှ မဟုတ်ပါဘူးတဲ့။ ရှေးရှေးဘဝ အတိတ်က ထိုထိုသော ဘဝ

တော့က ဆည်းပူးခဲ့တဲ့ ပါရမီတော့ရှိလို့ ချီးမြောက်နိုင်တာတဲ့။ ဒီလို ပါရမီတော့ မရှိလို့ ဘုန်းထူးကံစ မရှိကြတဲ့ လူတော့ဆိုရင်ဖြင့်၊ ဟောဒီသာသနာတော်ကြီး ချီးမြှင့်ဖို့ ဘယ်တော့ ဘယ်ခါဘယ် ကမ္ဘာမှ မဖြစ်နိုင်ဘူးတဲ့။

ဒါကြောင့်မို့ ရှစ်ပါးသောရဟန္တာနဲ့ မိမိရင်၌ ဖြစ်ဘဲ့သားလေး သာသနာတော်ထဲ သွတ်သွင်းတဲ့အခါမှာ လာလာသမျှ ပရိသတ်တွေ ကျေးတယ်၊ လူတယ်၊ တန်းတယ်တဲ့။

ဒို့ပရိသတ်ကြီး မေးရအုံးမယ်။ လူတယ်ဆိုတာ လူချင်လို့ လူတာလား မဲလူချင်ဘဲနဲ့ လူတာလား (လူချင်လို့ လူတာပါဘုရား)။ လူချင်လို့ လူတာနော်။ လူတယ်ပေးတယ် ကမ်းတယ် စွန့်တယ် ကြဲတယ် ဆိုတာက မိမိထက် မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေကို လူတယ်လို့ ခေါ်တယ်။တန်းတူချင်းကျတော့ ပေးတယ်တဲ့။ကိုယ့် အောက်က လူကျတော့ စွန့်တယ်တဲ့ ။ပေးကမ်းစွန့်ကြဲတယ်တဲ့၊ ဒါဖြင့် လူချင်လို့လူလို့ရှိရင် ဟောဒီ ကနေ့လူနေတာ အလှူဒကာ အလှူအမက ဘယ်သူတုံး၊ ဟောဒီလို မေးလိုက်လို့ရှိရင် ဒို့အလှူဒကာဦးမြင့်သိန်း အလှူအမဒေါ်စိန်စိန်၊ဒီလိုမပြောကြဘူးလား၊ အဲဒါ ဓမ္မတာသိဘဲ ဟုတ်လား။

အလှူဒကာအစစ်

ဒို့လူ့လောကမှာ သိနေတဲ့ အမေသိ အဖေသိ၊ သူသိငါသိ။ အဲဒါ ဓမ္မတာသိ ခေါ်တယ်။ ဘယ်သူက ကျောင်းကြီး ဆောက်လူတယ်၊ ကျောင်းဒကာ မောင်ဖြူတဲ့၊ ကျောင်းအမကမယ်နီတဲ့။ ဘယ်သူက ဘုရားဒကာ၊ ဘုရားအမ။ ဒီလိုမပြောကြဘူးလား (ဓမ္မပြောကြပါတယ်ဘုရား)၊အဲဒါ ဓမ္မတာသိ။ ဘုရားပေးတဲ့

ဉာဏ်မျက်စိနဲ့ သေသေချာချာ ကြည့်လိုက်ရင် လူနေတာဘယ်သူတုံး၊ အလှူဒကာအစစ် ရှာကြစို့။ မရှာချင်ကြဘူးလား (ရှာချင်ပါတယ်ဘုရား)။

ဒါဖြင့် လူတယ်ဆိုတာက လူချင်လို့ လူလား မလူချင်ဘဲ လူလား (လူချင်လို့ပါဘုရား)၊ လူချင်တာ ဘယ်သူကလဲလို့ မေးရင် စေတနာတဲ့။ အဲဒီစေတနာမရှိရင် လူလို့ဖြစ်ပါ့မလား (မဖြစ်ပါဘုရား)၊ အဲဒီစေတနာလေးက အလှူဒကာနဲ့ အလှူအမအစစ်တဲ့၊ တော်ပလား။ အလှူဒကာ အလှူအမကို (တော်ပါပြီဘုရား)၊ ဘယ်သူကလှူတာတုံး (စေတနာကပါဘုရား)စေတနာမရှိရင် လှူလို့ဖြစ်ပါ့မလား (မဖြစ်ပါဘုရား) မဖြစ်ပါဘူးတဲ့။ လှူနေတာလေးက စေတနာ၊ သူက လှူလုက-လှူလုကလို့ တိုက်တွန်းတယ်။ ပစ္စည်းတော်ဝယ်ကြ၊ သင်္ကန်းတော်ဝယ်ကြ၊ လှူစရာတန်းစရာတွေ ဝယ်ကြဟဲ့၊ လှူကြဟဲ့၊ တန်းကြဟဲ့လို့ တိုက်တွန်းနေတဲ့ အဲဒီစေတနာလေးက အလှူဒကာ။ ဒီအလှူဒကာခေါ်တဲ့ စေတနာလေးဟာရုပ်လား-နာမ်လား မေးရင်ခဲရင် နာမ်တရားဘဲ။ အလှူဒကာခေါ်တဲ့ စေတနာလေးက ဘာတရားလဲဟင် (နာမ်တရားပါဘုရား) နာမ်တရားနော်။ လှူဘယ်ဝတ္ထုကရုပ်တော့။ ခုလှူဘယ်ဝတ္ထုတွေ သင်္ကန်းတော့ ထီးတော့ ဘိုနပ်တော့ မျှားစ့ဘာသော လှူဘယ်ဝတ္ထုတွေကရုပ်တရား။ အလှူဝတ္ထုတွေက ဘာတရားတဲ့ (ရုပ်တရားပါဘုရား)၊ လှူချင်တဲ့စေတနာလေးက ဘာတရားတဲ့ (နာမ်တရားပါဘုရား)။ ဒါလေးမြင်အောင်ကြည့် အကျိုး ရှိသွားမယ်။ ရှိသထက် ရှိလာမယ်။ ဒါကြောင့်-

လူဆံကာလ ထိုခဏ၌ ဒါနစေတနာ၊
နည်ချည်းသာတည်း၊ မှီရာကရုပ်၊ ငါမဟုတ်ဖူး။

ဒါလေး စဉ်းစားစမ်းပါဘဲ့။ တကယ်တရားသဘောနဲ့နာ။ ဘယ်သူက လှုတာတုံး (နာမ်တရားကပါဘုရား)၊ နာမ်နဲ့ရုပ်မတွေ့ဘူးလား။ အဲဒါကြောင့်....

မှီရာကရုပ်၊ ငါမဟုတ်ဟု၊ ဖြစ်ချုပ်အမှန်၊
ရုပ်နှင့်နာမ်တို အမှန်မမြဲ၊ ဆင်းရဲဒုက္ခ၊ စိုးမရဟု။

ဒါလေးနဲ့မြင်အောင်ကြည့်။ အော် ဒါဖြင့် လှူချင်တဲ့စေတနာကလေးဟာ တခုပေါ်လာပြီး တခုပျောက်သွား၊ အဟောင်းပျက်မှ အသစ်ဆက်မလာဘူးလား။ ဒီစေတနာကလေး မြဲနေရဲ့လား၊ ဒို့ပရိသတ်ကြီး (မမြဲပါဘုရား)။ အနို့ ရုပ်တွေကကော မြဲနေရဲ့လား (မမြဲပါဘုရား)။ အေး-ဖြစ်လိုက်ပျက်လိုက်၊ ပေါ်လိုက်ပျောက်လိုက်၊ ဒီလိုမနေဘူးလား (နေကြပါတယ်ဘုရား)။အဲဒီလို ပေါ်လိုက်ပျောက်လိုက်နေတာမြင်တော့ အော်ဒီအထဲမှာသူမဟုတ်ဘူး၊ ငါမဟုတ်ဘူး၊လှူနေတာက ရုပ်နဲ့နာမ်။ ဒီရုပ်တွေဟာလဲ 'အမှန်မမြဲ၊ ဆင်းရဲဒုက္ခ၊ စိုးမရဟု' မြဲကြရဲ့လား ပေါ်လာပြီး ပျောက်သွားတာ မြဲလို့လား-မမြဲလို့လား (မမြဲလို့ပါဘုရား) မမြဲလို့။ ဒီလိုဖြစ်ပြီ ပျတ်နေတာ ဆင်းရဲဒုက္ခ ပြောရမလား-ချမ်းသာသုခ ပြောရမလား (ဆင်းရဲဒုက္ခပါဘုရား)။ အေး ဆင်းရဲဒုက္ခ တွေ့ပလား။

အခရးကြီးတဲ့အချက်

ဒါဖြင့် ဒါလေးတွေကို မဖြစ်နဲ့ဟဲ့ မပျက်နဲ့ဟဲ့လို့ တားလို့ရရဲ့လား(မရပါဘုရား)။ အဲဒါက အတ္တလား-အနတ္တလား (အနတ္တ

ပါဘုရား)။ အနတ္တနော်။ လက္ခဏာရေးသုံးပါး မြင်ပလား (မြင်ပါပြီဘုရား)၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တွေ့ပလား (တွေ့ပါပြီဘုရား)။ အေး ဒါကြောင့်မို့....

ဖြစ်ချုပ်လျင်မြန်၊ ရုပ်နှင့်နာမ်တို့၊ အမှန်မမြဲ၊
ဆင်းရဲဒုက္ခ၊ စိုးမရဟု၊ သုံးဝလက္ခဏာ၊
သိမြင်လာသော်၊ သူငါမထင်၊ အတ္တစင်လျက်....

ဒါလေး ဒီထဲမှာ နဲနဲရှင်းပြမယ်။ တော်တော်ကြာမှ ထပ်ရှင်းပြမယ်။ သူငါမထင်၊ အတ္တစင်လျက် .... ဟောဒါလေး သေသေချာချာမှတ်။ အလှူဒကာနဲ့ အလှူဒကာမ အထူးအရေးကြီးပါတယ်။ လှူနေတာလေးဟာ လှူကလှူ။တာလား ငါကလှူ။တာလဲ့း၊ နာမ်ကလှူ။တာလား (နာမ်ကလှူ။တာပါဘုရား)၊ နာမ်ကလှူ။တာ၊ ဟုတ်ကဲ့လား။(ဟုတ်ပါတယ်ဘုရား) စေတနာက လှူ။တာမဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။ အဲဒီစေတနာလေးကို နာမ်မခေါ်ဘူးလား(ခေါ်ပါတယ်ဘုရား) အဲဒီနာမ်တရားဆိုရင် ငါပါရဲ့လား(မပါပါဘုရား)၊ ယောကျ်ားမိန်းမ ပါရဲ့လား (မပါပါဘုရား) ဒါဖြင့် လှူ။တာဘယ်သူတုံး (စေတနာပါဘုရား)၊ စေတနာနာမ်တရားက လှူ။တာဘဲ။

လှူ။ဘုယ်ဝတ္ထု။တွေက ဘာတွေတုံး၊ ရုပ်တရားလား- နာမ်တရားလား (ရုပ်တရားပါဘုရား)။ နာမ်ရုပ်မြင်ပလား (မြင်ပါပြီဘုရား)။ အဲဒီနာမ်ရုပ် မြင်လို့ရှိရင် သူဘဲငါဘဲ၊ ယောကျ်ားဘဲ၊ မိန်းမဘဲလို့ ထင်သေးလား (မထင်ပါဘုရား)၊မထင်လို့ရှိရင် အတ္တမစင်ဘူးလား(စင်ပါတယ်ဘုရား)။ အေး ဒါကြောင့်မို့....

သူငါမထင်၊ အတ္တစင်လျှက်၊ မဝင်တဏ္ဍာ၊
ကိလေသာကို၊ ပယ်ခွာနိုင်ရန်၊ ဘုံသုံးတန်၌၊
အမှန်အစစ်၊ ပြန်-ဖြစ်သည်၊ ငဋ္ဌမြစ်သံသရာ
ပြတ်ကြောင်းတည်း....။

ဟောဒီလို အသိဉာဏ်နဲ့မျှား လှူရင်တဲ့ ဘုံသုံးပါးထဲ ဖြစ်စရာလိုသေးလား (မလိုတော့ပါဘုရား)၊ ဘယ်ရောက်သွားပါ့မလဲ (နိဗ္ဗာန်ရောက်သွားမှာပါဘုရား) ဘုံသုံးပါးကလွတ်တဲ့ နိဗ္ဗာန်မရောက်ဖူးလား (ရောက်ပါတယ်ဘုရား)၊ ဘာ့ကြောင့်တုံးဆိုတော့ သေသေချာချာ ကြည့်လိုက်ယင် လှူနေတာက နာမ်ဘဲတဲ့။ နာမ်တရား တွေ့ပလား (တွေ့ပါပြီဘုရား)။ လှူဘွယ်ဝတ္ထုတွေက ရုပ်တရား။ နာမ်နဲ့ရုပ်ဘဲ။

ဒီနာမ်နဲ့ရုပ်ကလဲ မမြဲဘူး။ ဒီနာမ်နဲ့ရုပ်ထဲမှာ သူကောင်ငါကောင် မပါဘူးလို့မြင်ရင်ဖြင့် အတ္တစင်မှာဘဲတဲ့။ အဲ့ဒီအတ္တစင်သွားလို့ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေမြင်ရင် လိုချင်သေးလား (မလိုချင်ပါဘုရား)၊ မလိုချင်ရင် တဏ္ဍာမပျောက်ဖူးလား (ပျောက်ပါတယ်ဘုရား)၊ သမုဒယမပြတ်ဖူးလား(ပြတ်ပါတယ်ဘုရား)၊ သမုဒယပြတ်ရင် နောက်ထပ် ဖြစ်အုံးမှာလား (မဖြစ်တော့ပါဘုရား)။ အေး....ဒါကြောင့်မို့....

အမှန်အစစ်၊ ပြန်မဖြစ်သည်၊ ငဋ္ဌမြစ်သံသရာ
ပြတ်ကြောင်းတည်း....တဲ့။

ဒါနနှစ်မျိုး

ဟောဒီလိုလှူပါတဲ့။လှူတဲ့အခါ လှူတာငါကွ၊ ငါ့အလှူဟေ့လို့ ငါတန်းလန်းကြီးနဲ့ မလှူပါနဲ့တဲ့။ ဒီတော့ ငါ့အလှူ

ဟေ့လို့ မပြောရဘူးလားတဲ့။ ပြောတော့ပြောရမယ်၊ စိတ်ထဲစဲ့မထားနဲ့။ လှူတာငါမဟုတ်ဘူးဟေ့တဲ့။ လှူတာ ငါမဟုတ်ရင် ဘယ်သူနဲ့ ဘယ်သူလဲ (ရုပ်နဲ့နာမ်ပါဘုရား)၊ ရုပ်နဲ့နာမ်။ ဘယ်သူကလှူနေတာတုံး၊ ရုပ်နဲ့နာမ်ကဘဲတဲ့။ ဒါကြောင့်မို့ အဲဒီနာမ်တရားလေးက လှူနေတာတဲ့။ အဲဒီနာမ်တရားစေတနာကို စေတနာဒါနလို့ ခေါ်တယ်တဲ့။ နာမ်တရားလေးကို ဘာခေါ်သလဲ (စေတနာဒါန ခေါ်ပါတယ်ဘုရား)။လှူဘယ်ဝတ္ထုတွေတော့ ဘာခေါ်တုံး၊ ဝတ္ထုဒါန မခေါ်ဘူးလား (ခေါ်ပါတယ်ဘုရား)။ အေး စေတနာဒါန၊ ဝတ္ထုဒါနတဲ့။ ဒီနှစ်ခုထဲမှာ ဘယ်ဟာက ခဲယဉ်းသလဲဆိုလို့ရှိရင်ဖြင့် စေတနာဒါနက ခဲယဉ်းပါတယ်တဲ့။ ဝတ္ထုဒါနကတော့ ဒို့လူတွေမှာ ထိုက်သင့်သလို မရှိကြဘူးလား (ရှိကြပါတယ်ဘုရား)။

ကိုင်း ဒို့ပရိသတ်ကြီး နေတိုင်းထမင်းမစားဘူးလား (စားပါတယ်ဘုရား)၊ အဲဒီ ထမင်းစားနေလို့ရှိရင် ထမင်းတွေဟာ လှူဘယ်ဝတ္ထုတွေ မဟုတ်ဖူးလား (ဟုတ်ပါတယ်ဘုရား)။ ဒါဖြင့် သံဃာတွေ ကြွလာတဲ့အခါ တဇွန်း နှစ်ဇွန်း၊ တဇွန်းတယောင်းမ လောင်းလိုက်လို့ရှိရင်၊ ဒါနမမြောက်ဖူးလား (မြောက်ပါတယ်ဘုရား)၊ မလောင်းဖြစ်တာက လှူဘယ်ဝတ္ထု-မရှိလို့လား၊ စေတနာဒါန မရှိလို့လား (စေတနာဒါန မရှိလို့ပါဘုရား)။ ဒါဖြင့် ဘာလို့ နေကြတုံး (စေတနာပါဘုရား)၊ စေတနာဒါန မလိုကြဘူးလား (လိုကြပါတယ်ဘုရား)။

ဒါဖြင့် ဒို့တတွေ နေ့တိုင်း ခေါင်းပေါ်မှာ ပန်းမပန်ကြဘူးလား (ပန်ကြပါတယ်ဘုရား)၊ ကိုယ်တော့ ပန်းပန်တယ်၊ မြတ်

စွဲဘုရား ညောင်ရေအိုးများ ပန်းတင်ကြရဲ့လား (တင်ကြပါ
တယ် ဘုရား)။ကိုင်း မတင်မိတဲ့အခါဆို ဘာလိုနေတုံး (စေ
တနာလိုနေပါတယ်ဘုရား)၊ စေတနာ လိုမနေကြဘူးလား (လို
နေပါတယ်ဘုရား) ဒါဖြင့် လှူဘွယ်ဝတ္ထုနဲ့ စေတနာ ဒီနှစ်ပါး
ထဲမှာ ဘယ်သူက အရေးကြီးနေတုံး(စေတနာက အရေးကြီး
နေပါတယ်ဘုရား)၊ စေတနာက အရေးကြီးပါတယ်တဲ့။ စေ
တနာမရှိရင် လှူဘွယ်ဝတ္ထု ဘယ်လောက်ရှိရှိ လှူလို့ရပါ့မလား
(မရပါဘုရား) မရပါဘူးတဲ့။

ဒါကြောင့် ရှေးတုန်းက ဒကာမကြီးတယောက် သူက တော်
တော်လဲ ချမ်းသာပါတယ်။ ဘုန်းကြီးတပါးကလဲ နေမြင့်နေလို့
ဆွမ်းစားခါနီးမှ ရောက်လာတယ်။ တိုက်ပေါ်တက်သွားတယ်။
"ဒကာမကြီး... ဘုန်းကြီးတော့ အခြိန်ကလဲမရှိဘူး၊ ဆွမ်းလေး
တော့ ကပ်အုံးမှဘဲ" လို့ ပြောတယ်။ ဒကာမကြီးကလဲ လှူ
ဘွယ်ဝတ္ထုတွေကတော့ရှိတယ်။ စေတနာက မရှိဘူး။ "တင်
ပါ့ဘုရား၊ အရေးကြီးနေလို့ အခြိန်ကလဲ နီးလှပြီ၊ တပည့်တော်
ဟိုနားကအိမ်သွား ဆန်ချေးပါအုံးမယ်" ဆိုပြီး အိမ်ပေါ်က
ဆင်းသွားတယ်။ လဲသွားတာပေါ့လေ။

ဆွမ်းမကပ်ချင်လို့ သူလဲ အောက်ဆင်းသွားရော ဘုန်းကြီး
ကလဲ အငြိမ်မနေဘူး။ ဒီဒကာမကြီးက ဆန်မရှိဘူးဆိုတာ ငါ
မယုံပါဘူးဆိုပြီး အခန်းထဲသွား ကြည့်တယ်။ ဖွင့်ကြည့်လိုက်
တော့ ဆန်အိုးကြီးတွေ့ထားတယ်။ အပေါ် မော့ကြည့်လိုက်
တော့ ငါးခြောက်ပြားကြီး။ ဟိုဘက်နားကြည့်လိုက်တော့ ကြံ
ချောင်းကြီး၊ ဟိုဘက်နားကြည့်လိုက်တော့ ထန်းလျက်အိုးကြီး၊

သူကလဲ စုံအောင်ကြည့်တယ်။ ဟိုနားး လှမ်းကြည့်လိုက်တော့ ထောပတ်အိုး။ အေး-ငါ့မကပ်ချင်လို့ ပြောတာဘဲဆိုပြီး အသာတင်ပလွင်ခွေပြီး ဂူန္ဒြေနဲ့ ပြန်ထိုင်နေတယ်။ ဒကာမကြီးကလဲ တက်လာရော "အရှင်ဘုရား အဆင်မပြေပုံတော့ မလျှောက်ပါရစေနဲ့ နှုံလို့ တပည့်တော်မ ဆန်လိုက်ချေးလိုက်တာ ဘယ်အိမ်မှ မရဘူး" တဲ့။

ဒီတော့ ဘုန်းကြီးကပြောရော "ဟုတ်တယ် ဒကာမကြီး၊ ကျုပ် လမ်းတုန်းက အတိတ်နိမိတ်မကောင်းခဲ့ဘူး။ ငါဒီနေ့ဆွမ်းစားရမဲ့ နေ့မဟုတ်ဘူး" လို့ပြောရောတဲ့။ ဘယ်လိုမျှား အတိတ်နိမိတ်ပြတုံးဘုရားလို့မေးတော့—

"အောင်မလေး လမ်းမှာ မြေကြီးတကောင် တွေ့ခဲ့တယ်။ ခင်ဗျား ဟိုဒေါင့်ထောင်ထားတဲ့ ကုံချောင်းလောက် ရှိတယ်။ ဘုန်းကြီးက ဒါနဲ့ မြေကြီးကိုမြင်တော့ ကျောက်ခဲနဲ့ ကောက်ပေါက်တာ ခင်ဗျား ဟိုအိုးထဲက ထန်းလျက်ခဲလောက်ရှိတယ်။ မြေကြီးကစိတ်ဆိုးပြီး ပါးပျဉ်းထောင်လိုက်တာ ဟိုနားက ငါးခြောက်ပြားလောက်ရှိတယ်။ ဒါနဲ့ မြေကြီးက တံထွေးနဲ့ လှမ်းထွေးလိုက်တာ သွားလေးတွေက ဟိုဆန်အိုးထဲက ဆန်လေးတွေအတိုင်းဘဲ။ ထွေးလိုက်တဲ့ တံထွေးတွေက ဟိုနားက ထောပတ်အိုးထဲက ထောပတ်တွေလိုဘဲ" တဲ့။ ဒီတော့ ဒကာမကြီးက ဒီဘုန်းကြီး ကြည့်ထားတာနဲ့တူတယ်၊ ဒီဘုန်းကြီးကို ငါလိမ်လို့ မရတော့ဘူးဆိုပြီးကော့ ဆွမ်းချက်ကပ်လိုက်ရတယ်တဲ့။

ဒီဝတ္ထုဟာ ဆွမ်းရရေးအတွက် ရဟန်းကောင်း များမှာ အရိပ်နိမိတ် မပြောကောင်းဘူးဆိုရာမှာ အရိပ်နိမိတ်ပြောပြတဲ့

ရဟန်းညံ့ရဲ့ပြောပြပုံကို ထုတ်ပြတဲ့ ဝိသုဒ္ဓိမဂ်ကျမ်းထဲက ဝတ္ထုဘဲ။ ခေတ်ပေါ် ဝတ္ထုမဟုတ်ဘူး။

ဒီတော့ ရှေးတုန်းက ဘုန်းကြီးတွေ ရိုးတယ် ရိုးတယ်နဲ့ တယ်လဲ အထင်သေးလို့ဖြစ်တာ မဟုတ်ဘူးနော်။ အဲဒီဒကာမကြီးက စေတနာမရှိတာလား၊ ဝတ္ထုမရှိတာလား (စေတနာမရှိတာပါဘုရား)၊ စေတနာမရှိရင် လှူလို့ဖြစ်သေးလား (မဖြစ်ပါဘုရား) ဒါနဲ့ မအပ်မရာ အရိပ်နိမိတ်ပြောပြီးတော့ တွယ်ကပ်ပြီးတောင်း ခံနေတဲ့အတွက် မလှူချင်လှူချင်နဲ့ လှူလိုက်ရတာနော်။ အဲဒီလို ဆွမ်းချက်မကပ်ရင်လဲ အဲဒီဘုန်းကြီးပြန်မှာမှမဟုတ်ဘဲ။ ရဟန်းကောင်းဆိုရင်တော့ အဲဒီလို အရိပ်နိမိတ်ပြပြီး အလှူမခံကောင်းဘူး။

ဘာဘဲစားစား

ဒါကြောင့်မို့ ဒို့တတွေဟာ ဒီခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကြီးကို ကျေးနေကြတယ်။ ကိုယ်ကိုယ်တိုင်တော့ နေ့တိုင်း အကောင်းတွေစားနေကြတယ်။ ဆီဦးထောပတ်တွေ စားကြ၊ ဒန်ပေါက်တွေစားကြနဲ့၊ ကြက် ဝက်တွေ စားကြ၊ စားသမျှ အကောင်းတွေ ဘယ်လောက်ဘဲစားစား လည်ချောင်းလွန်သွားရင် ဘာဖြစ်မတုံး၊ စက်ဆုပ်ဖွယ် အစာသစ်တွေဖြစ်တယ်။ နောက်တော့ မစင်တွေဖြစ်မသွားဘူးလား။ စားတုန်းတော့ ဟုတ်နိုးနိုးပေါ့။ သူကအကောင်းတွေစားနေတာ၊ ဆီဦးထောပတ်တွေစားနေတာ။ ဒါဖြင့် ဆီဦးထောပတ်တွေစားတော့ မစင်ဖြစ်တယ်ဆိုရင်ဖြင့် ဒို့တတွေ ချဉ်ပေါင်ရွက်တွေစားတော့ ဘာဖြစ်ပါ့မလဲ (မစင်ဖြစ်မှာပါဘုရား)။ ငါးပိကင် စားတော့ကော

(မစင်ဘဲဖြစ်မှာပါဘုရား)။ ဒါဖြင့် ဘာထူးသေးတုံး။ မစင်ဘဝ မရောက်ကြဘူးလား (ရောက်ပါတယ်ဘုရား)၊ စားသမျှ ဘာတွေဘဲစားစား ဘာဖြစ်ကြမတုံး (မစင်ဖြစ်မှာပါဘုရား)။ ကဲ ဆို—

စားသမျှမစင်

စားချင်တာတွေ စားကောင်းတာတွေစားလဲမစင်၊ မကောင်းတာတွေစားလဲ့မစင်ဘဲ။ ဒါဖြင့် ဒီမစင်ဖြစ်မဲ့အထဲက စားဦးစားဖျားလေးလှူလိုက်ရရံင် အမြတ်တွေ၊ ဒါနတွေ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) ဒါနတွေကိုယ့်အတွက် မလုပ်မိဘူးလား၊ အေး ဒါဖြင့်ထားလိုက်အုံး။ ဒီထဲက မစားရက်မသောက်နဲ့ နောက်ရက် နောက်လ နောက်နှစ်တွေဘို့ သိမ်းထားလိုက်။ ထားသမျှ ဒါလေးဟာ မသေခင်တော့ ငါ့ပစ္စည်းလို့ မပြောဘူးလား(ပြောရပါတယ်ဘုရား)သေလဲသေရော ငါ့ပစ္စည်းလို့ ပြောနိုင်သေးရဲ့လား(မပြောနိုင်တော့ပါဘုရား)ကိုယ့်နောက်ကော ပါသေးရဲ့လား(မပါ,ပါဘုရား) မပါဘူးတဲ့။ ထားသမျှမသေခင်လေးဘဲ။

ဒါကြောင့် ဘာလေးဘဲသိမ်းထားထား ဒါ ငါ့တိုက်ဟဲ့ ငါ့ကားဟဲ့ ဟောဒါ ငါ့မော်တော်ကား၊ ဟောဒါဖြင့် ငါ့ရွှေ ငါ့ငွေတို့ ဒါတွေထားကြပါဟဲ့။ အဝတ်အစားတွေ၊ အသုံးအဆောင်တွေထား၊ ထားပေမယ့်လို့ မသေခင်လေးတော့ ငါ့ဟာလေးလို့ ပြောရသေးရဲ့၊ သေသွားတော့ ငါနဲ့ဆိုင်သေးရဲ့လား (မဆိုင်ပါဘုရား)။

နင်ကိုယ်တိုင်ရှာဖွေခဲ့သမျှ၊
ဘာတွေမှန်နင်နဲ့မဆိုင်တော့ပါ။

ဩော်....ငါ သက်စွန့်ကြိုးပမ်း ရှာခဲ့ရတာတွေ တချိန်ကျ တော့ကိုယ်နဲ့ဆိုင်သေးသလား(မဆိုင်တော့ပါဘုရား)တယောက် ထဲ မသွားရပေဘူးလား (သွားရပါတယ်ဘုရား)။

နင်တယောက်ဘဖေါ်မပါ၊
နင်ချည်းသာနင်သွား။

ကိုယ်တယောက်ထဲသွား၊ ကိုယ်နဲ့လဲအဖေါ်မပါ၊ နင်ချည်း သာနင်သွား ထားသမျှပစ္စည်းတွေဟာ မဖေါ်ခင်ကလေးဘဲဟဲ့ ။ ဒို့ခုချိန်ကလေး အလှူ။ ဒကာအလှူ။ ဒကာမတို့လို လှူလိုက်ရင် လှူသမျှကုသိုလ်အပင်တွေ မဖြစ်သေးဘူးလား (ဖြစ်ပါတယ် ဘုရား)ဒီကုသိုလ်တွေက ဘဝအဆက်ဆက်၌ အကျိုးတွေမပေး ဘူးလား(ပေးပါတယ်ဘုရား)ဒါကြောင့်....

စားသမျှမဝင်၊ ထားသမျှမသေခင်၊
လှူသမျှကုသိုလ်အပင်၊ စားလဲစား၊
ထားလဲထား၊ လှူလဲလှူမှ တော်မည်ပင်။

အထက်တန်းကျကျ-မျက်နှာပန်းလှလှ

ဒို့မစားဘဲကော နေနိုင်ကြရဲ့လား၊မနေနိုင်ပါဘူး၊ စားရမှာ ဘဲ။ မထားဘဲကော နေနိုင်ကြရဲ့လား၊ ထားလဲထားရမှာဘဲ။ စားရုံထားရုံနဲ့ပြီးရဲ့လား (မပြီးပါဘုရား) လှူကြရလိမ့်မယ် နော်။ အဲဒါ လှူတာလေးက အကြောင်းတရားကုသိုလ်တွေ ဖြစ်လာတယ်။ ဟိုဘဝတုန်းကလှူခဲ့လို့ ခုတရားနာတဲ့ ပရိသတ်

တွေအားလုံး အလှူ့ဒကာ-အလှူ့ဒကာမန့်တကွအားလုံးသော ပရိသတ်တွေဟာ ရန်ကုန်မြို့ကြီးလာပြီးတော့ လူဖြစ်လို့ တိုက်နဲ့ ဘာနဲ့မော်တော်ကားနဲ့၊ သားတွေသမီးတွေနဲ့ ရွှေငွေစိန်ကျောက် ထိန်ထိန်တောက်လို့၊ သားတွေသမီးတွေနဲ့ အထက်တန်းကျကျ မျက်နှာပန်းလှလှနေရတာ ဘယ်သူကပို့ပေးတုံးဟဲ့လို့ဆိုရင်ဖြင့်၊ ဟိုဘဝကလှူခဲ့တဲ့ ဒါနကပို့ပေးတာ၊ မဟုတ်ဘူးလား (မှန်ပါ ဘုရား)။

အေး....ဒါနကပို့လို့ အခု ဒို့မျက်နှာပန်းလှလှ အထက်တန်း ကျကျ မနေရဘူးလား (နေရပါတယ်ဘုရား) အထက်တန်းကျ ကျ နေထိုင်ရတယ်နော်၊ အခု ဒီမှာလှူနေတာကြောင့် နောက် ဘဝကျ၊ အထက်တန်းကျကျ မနေရဘူးလား (နေရပါတယ် ဘုရား) အထက်တန်းကျကျနေပြီးတော့ နိဗ္ဗာန်ကော ကူးမသွား နိုင်ဘူးလား (ကူးနိုင်ပါတယ်ဘုရား) အေး... ဒါကြောင့်မို့ ကုသိုလ်တွေ တခုနဲ့တခုဆက်ပြီးတော့ သွားရပါတယ်တဲ့။ ဒါ ကြောင့်မို့ ဒို့တတွေက ဟောဒီလို လှူဘို့တန်းဘို့ကလေးတွေ ဒါကတော့ ငါ့ပစ္စည်း၊ ဒါကတော့ ငါ့ဥစ္စာ ဒီလိုစွဲလမ်းနေကြ တယ်။ ဒါကငါ့သား၊ ဒါကငါ့သမီး၊ ဒီလိုလဲ အစွဲအလမ်းကြီး စွဲလမ်းနေကြတယ်။ ဒါတွေကိုမြတ်စွာဘုရားက ဘယ်လိုဟော ခဲ့လဲဆိုတာ ဒီနေ့ရှင်းပြမယ်နော်။ မြတ်စွာဘုရား ဘယ့်နှယ်ဟော ဘုန်းဆိုတော့....

ပုဟ္ဟမတ္ထိ ဓနမတ္ထိ၊ ဣတိ ဗာလော ဝိဟညတိ
အတ္တာပိ အတ္တနော နတ္ထိ၊ ကုတောပုတ္တာ ကုတောဓနံ။

မေ၊ငါ၏။ပုတ္တာ၊ မယွင်းမမှား အတွင်းသားဟု ကိုးစား

လောက်ပြီး သားသမီးတို့သည်။ အတ္ထိသန္တိ၊ ငယ်ငယ်ကြီးကြီး ညာဘယ်မှီး၍ အနီးတွင်အုံရှိကြပါကုန်၏။ မေ၊ငါ၏။ဓနံ၊မပျက်မဆုံး တသက်လုံးဆို ဝှက်ပုံးသိုကာ ရတနာသည်။ အတ္ထိသံဝိဇ္ဇတိ မျက်ကွယ်အနီး လက်ဝယ်မှီး၍ အပြီးတစေ ရှိပါချေ၏။ ဣတိ ဧဝံ၊ ဤသို့ထင်စား အမြင်မှားခြင်းကြောင့် သာလျှင်။ ဗာလော၊ ဘိဇ္ဇနသဘော အဓုဝေါကို မစောမကျန်ပုထုဇန်သည်။ ဝိဟညတိ၊ စောင့်ရရှောက်ရ ကြောင့်ကြရန့် တောင့်တ နွမ်းခွေ ပင်ပန်းလေ၏။ တထာဝိ၊ ထိုသို့တမ်းဟ ပင်ပန်း၍ ငနရသော်လဲ၊ အတ္တနောအတ္တာပိ၊ အခိုင်အပိုင် ငါဆိုနိုင်သို့ မယိုင်မပြို မိမိ ကိုယ်မှသော်လည်း။ နတ္ထိ၊ အရေအနှစ် ရှာဖွေစစ်တော့ အမြစ် အခြေ မရှိပါပေသတည်း။ ။

(သာဓု . သာဓု .. သာဓု....)

ပျော်စရာတွေ

ဟောဒါလေးသေသေချာချာစဉ်းစားလာကြရမယ်။ ဒို့လူတွေဟာ ငါ့မှာသားတွေရှိတယ်၊ သမီးတွေရှိတယ်၊ စီးပွားဥစ္စာတွေရှိတယ်၊ ငါ့သားတွေကတော့ လူရည်ချွန်တွေ၊ ပါမောက္ခတွေ ဒေါက်တာတွေ၊ ငါ့သားတွေက လိမ္မာရေးခြားရှိတယ်၊ ငါ့သမီးတွေကလဲ ဒေါက်တာတွေ၊ ပါမောက္ခတွေ၊ သားတွေရဲ့ အလယ်ခေါင် သမီးတွေရဲ့ အလယ်ခေါင်ကနေပြီးတော့ ပျော်နေတယ်၊ စီးပွားဥစ္စာတွေကလဲ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်လို့ ဒို့စီးပွားဥစ္စာတွေကလဲတိုးတက်၊ ငါ့မှာ စီးပွားဥစ္စာတွေရှိတယ်၊ အတွင်းပစ္စည်းတွေရှိတယ်၊ အပြင်ပစ္စည်းတွေရှိတယ်၊ တိုက်တာတွေ၊ ခြံတွေ၊ ငါ့မှာ လိုလေသေးမရှိဘူး၊ သုံးလို့လဲ

မကုန် ဖြုန်းလို့လဲမကုန်ဘူး၊ စီးပွားဥစ္စာတွေရဲ့ အလယ်ခေါင်က နေ ပျော်နေကြတယ်။

ဒို့ ပရိသတ်ကြီးလက်တွေ့ပေါ့၊ သားတွေသမီးတွေနဲ့ အဆင်ပြေလို့ စီးပွားဥစ္စာတွေနဲ့အဆင်ပြေနေလို့ရှိယင် ဒို့ ပရိသတ် ကြီး မပျော်ကြဘူးလား(ပျော်ကြပါတယ်ဘုရား) အေး....သားတွေရဲ့ အလယ်ခေါင်က မပျော်ကြဘူးလား (ပျော်ကြပါတယ်ဘုရား) သမီးတွေရဲ့အလယ်ခေါင်က စီးပွားဥစ္စာတွေရဲ့ အလယ်ခေါင်က မပျော်ကြဘူး လားဟေ့ (ပျော်ကြပါတယ် ဘုရား) ငါ့သား၊ ငါ့သမီး၊ ငါ့ပစ္စည်း၊ ငါ့ဥစ္စာလို့ ဟာဒီလို့စဲ့လမ်းပြီး ပျော်မနေကြဘူးလား (ပျော်နေကြပါတယ်ဘုရား) ဒီလို ပျော်နေတာကို ဒို့ ဘုရားက ဘာနဲ့ ဥပမာပြသလဲဆိုတော့-

အမှိုက်ပုံထဲက အရူးကြီးလို

အရပ်ထဲမှာတဲ့ အရူးကြီးတယောက် ရှိသတဲ့။ အဲဒီအရူးကြီး ကဘာလုပ်သလဲဆိုရင် ရရသမျှ အမှိုက်တွေအကုန်စု၊ အမှိုက်တွေ စုပြီးတော့ သူကတကိုယ်လုံးကို ဝန်းရံထားတယ်။ ဝန်းရံထား တော့ သူကအမှိုက်ပုံရဲ့အလယ်ခေါင်ရောက်နေတယ်၊ အရူးကြီး ဆိုတော့သူကစိတ်ဖောက်ပြန်တယ်။ ဒီအမှိုက်တွေကို သူဘာထင် နေသလဲဆိုတော့ အမှိုက်တွေကို တိုက်တွေတာတွေ ထင်နေတယ်၊ ငါအလှန်ချမ်းသာတယ်လို့ပျော်တပြုံးပြုံးနဲ့ မော်မဆုံး ဘူးတဲ့။ အရူးကြီး ဘယ်အထဲမှာ နေသတုံး (အမှိုက်ထဲမှာ နေပါတယ် ဘုရား) ဒို့လူကောင်းတွေကကြည့်လိုက်တော့ တိုက်တွေတာတွေ ကိုမြင်သလား (သို့မဟုတ်)အမှိုက်တွေကို မြင်သလား (အမှိုက်

တွေ့ခဲ့မြင်ပါတယ်ဘုရား) အရှုးကြီးဘယ်အထဲနေသတုံး၊ အမျိုက်
ဲ့ထဲ မနေဘူးလား (နေပါတယ်ဘုရား)ဒါပေမယ့် အရှုးကြီး
ကဘယ်လိုထင်နေသတုံး၊ အမျိုက်လို ထင်နေသလား (မထင်ပါ
ဘုရား) သူကဘာတွေထင်နေတံး၊ ရှေ့ဌေပစ္စည်းတွေ့ တိုက်တာ
တွေ့လို့ မထင်ဘူးလား (ထင်ပါတယ်ဘုရား) တိုက်တာ တွေ့ရဲ့
အလယ်ခေါင်က ငါအင်မတန် ချမ်းသာတဲ့လူဟဲ့လို့ မမြင်ဘူး
လား၊ သူ့ကိုယ်သူဘဝင်မြင့်မနေဘူးလား (နေပါတယ်ဘုရား)
ဘဝင်မြင့်နေတယ်နော်၊ ဒီအရှုးကြီးက တနေ့ကျတော့ စိတ်
ပေါက်ပေါက်ရှိတာနဲ့ ဒီအမျိုက်တွေ့ ရေနံဆီနဲ့လောင်း၊ လောင်း
ပြီးတော့ မီးနဲ့ရှို့၊ ရှို့တော့မီးဝိုင်း လောင်တယ်။ အရှုးမီးဝိုင်း
တယ်ဆိုတာ အဲဒါဘဲ။ မီးဝိုင်းတော့ သူကအော်တယ်၊ကယ်တော်
မူကြပါအုံးတဲ့။

ဒီလိုအော်သံကြားတော့ လူတွေကပြေးလာကြတယ်။ ဟဲ့.... အရှုးမင်းဘာဖြစ်နေတုံးတဲ့။ အရှုးကကျနော်မချိအောင် ပူလွန်း လို့ ကယ်တော်မူကြပါ။ ဒီဇတော့မေးတယ်။ ဒီအမျိုက်တွေ့ ဘယ် သူစုတာတုံးတဲ့။ကျွန်တော်စုတာပါတဲ့။ ရေနံဆီဘယ်သူလောင်း တုံးတဲ့။ ကျွန်တော်လောင်းတာပါတဲ့။ မီးဘယ်သူရှို့တာတုံး၊ ကျွန်တော်ရှို့တာတဲ့။ ဒါဖြင့် မင်းအမျိုက်မင်းစု၊ မင်းရေနံမင်း လောင်း၊ မင်းမီးမင်းရှို့၊ မင်းလောင်းတဲ့ဒဏ် မင်းဘဲ ခံပေတော့ ဆိုပြီးပြန်သွားကြတယ်။

အမျိုက်တွေဘယ်သူစုသလဲ (အရှုးစုပါတယ်ဘုရား) အရှုးမစု ဘူးလား။ ရေနံဘယ်သူလောင်းသတုံး (အရှုးလောင်း ပါတယ် ဘုရား) မီးဘယ်သူရှို့သလဲ (အရှုးပါဘဲဘုရား) မီးလောင်တော့

ဘယ်သူ့ကိုလောင်တုံး (အရွှးကို လောင်ပါတယ်ဘုရား)အဲဒါ ဥပမာမှတ်ထား။

အရွှးတွေ အကန်းတွေ

ပုထုဇဉ်တွေဆိုတာ ပုထုဇ္ဇနော ဥမ္မတ္တကော တဲ့။ ဥမ္မတ္တကော ဆိုတာဘာပြောတာတုံး၊ အရွှးလားအကောင်းလား (အရွှးပါဘုရား) အရွှးတွေ၊ အကန်းတွေတဲ့၊ ဘာကန်းတုံးဆိုတော့ ဉာဏ်ကန်းတာ။ ဒါကြောင့်မို့ သားတွေရဲ့အလယ်ခေါင်၊ သမီးတွေရဲ့အလယ်ခေါင်၊ စီးပွားဥစ္စာတွေရဲ့ အလယ်ခေါင်ကနေပြီးတော့ ငါ့သားတွေဟဲ့။ ငါ့သမီးတွေဟဲ့။ ငါ့ပစ္စည်းဥစ္စာတွေဟဲ့လို့ စဲလမ်းမနေကြဘူးလား (စဲလမ်းနေပါတယ်ဘုရား)ပျော်တပြုံးပြုံးနဲ့ မော်မဆုံးဖြစ်မနေကြဘူးလား(ဖြစ်နေကြပါတယ်ဘုရား) ပျော်မနေကြဘူးလား(ပျော်နေကြပါတယ်ဘုရား)အေး....ပျော်တပြုံးပြုံးနဲ့ မော်မဆုံးအောင်လို့ ပျော်နေကြတယ်။

ဒီတော့ တကယ့်အရိယာပုဂ္ဂိုလ်တွေ ဘုရား ရဟန္တာတွေကကြည့်လိုက်ရင် ငါ့သား,ငါ့သမီး,ငါ့ပစ္စည်းတွေရှိရဲ့လား (မရှိပါဘုရား)အမှိုက်တွေနဲ့မတူဘူးလား (တူပါတယ်ဘုရား) ဒါဖြင့် ပုထုဇဉ်တွေဟာအရွှးကြီး အမှိုက်ပုံထဲနေတာနဲ့ မတူကြဘူးလား (တူပါတယ်ဘုရား) ဒါက ငါ့သားတွေ ငါ့သမီးတွေ သားသမီးတွေ မျိုးလေလေ၊ အမျိုးကတွေ မျိုးလေးလ မဟုတလား (ဟုတ်ပါတယ်ဘုရား) အဲဒီလိုနေတော့ ဒါဖြင့် ဒီသား ဒီသမီး ဒီပစ္စည်းဥစ္စာတွေ မြဲကြသလား ခိုင်ကြသလားဆိုတော့ ဗျသနတရားပျက်စီးခြင်းနဲ့မျိုး လုတ်ကြသလား (မလုတ်ပါဘုရား) တနေ့ကျမပျက်စီးကြပေဘူးလား (ပျက်စီးမှာပါဘုရား) ကဲ....

စိတ်ထဲကပျက်စီးကြည့်လိုက်စမ်း၊ အင်မတန် ချစ်လှခင်လှတဲ့ သားလေးသော်ဂင်း၊ သမီးလေးသော်ဂင်း၊ ပျက်စီးသွားလို့ ရှိရင်ဖြင့် မလောင်သေးဘူးလား၊ သောကဖရိဒေဝတွေ့ဖြစ်ပြီ။ သောကတွေလောင်၊ ပရိဒေဝတွေလောင်၊ ဒုက္ခဒေါမနဿ ဥပါယာသဆိုတဲ့ မီးတွေမလောင်ဘူးလား (လောင်ပါတယ်ဘုရား) လောင်ကုန်ပြီ။ ၁၁-ပါးသောမီးတွေ လောင်ကုန်ပြီ။

ဒါဖြင့် ဘယ်သူ့ကိုလောင်တုံးဆိုတော့ အရူးကိုလောင်တာ မဟုတ်လား (ဟုတ်ပါတယ်ဘုရား) အေး ဒါကြောင့်မို့ ဟော ဒီသားသမီး ပစ္စည်းဥစ္စာတွေ ဘာနဲ့ကူသတုံးဆိုရင်ဖြင့် အမျိုက်နဲ့မတူကြဘူးလား (တူပါတယ်ဘုရား) ဒါကြောင့် မြတ်စွာဘုရားက....

ခြွေရံလင်မယား၊ သမီးသားနှင့်၊ စီးပွားအာရုံ၊
ကာမဂုဏ်သည်ကား၊ ခွဲဖိုနှင့် တွဲဖိုသာတည်း။

ဒီသား ဒီသမီး ဒီဇနီးမယားတွေဟာ ခွဲဖိုနဲ့ကွဲဖိုမဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား) အေး .. တနည်းအားဖြင့်လဲ....

ခြွေရံလင်မယား၊ သမီးသားနှင့်၊ စီးပွားအာရုံ၊
ကာမဂုဏ်တွေကား၊ ဘုံဆိုင်ပစ္စည်း။

ဒီပစ္စည်းတွေ သားတွေသမီးတွေ စီးပွားဥစ္စာတွေဟာ ဘုံဆိုင်လား ကိုယ်ပိုင်လား (ဘုံဆိုင်ပါဘုရား) ဒါနသီလ။

တုပကင်းကွာ ဘာဝနာမှ၊
ကောင်းဖိုနဲ့ ပေါင်းဖိုသာတည်း။

ဒါနသီလ ဘာဝနာတွေမှ ပေါင်းရမယ်တဲ့။ ဒို့မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဥစ္စာလေးမျိုးခွဲပြီးတော့ ဟောထားတယ်။

ဥစ္စာလေးမျိုး

(၁) ထာဝရဥစ္စာ
(၂) ဇင်္ဂမဥစ္စာ
(၃) အင်္ဂသမဥစ္စာ
(၄) အနုဂါမိကဥစ္စာ

ဒီဥစ္စာလေးမျိုးကို ခဲ့သိရမယ်။

ထာဝရဥစ္စာဆိုတာ ဘာတွေလဲဆိုရင်ဖြင့် လယ်ယာကိုင်းကျွန်း ဥယျာဉ်ပြိမာန်တွေကို ထာဝရဥစ္စာလို့ ခေါ်ရမယ်။ မရွှေ့နိုင် မပြောင်းနိုင်ဘူး။ လယ်ယာကိုင်းကျွန်းတွေကို ဘာ ခေါ်တုံး (ထာဝရဥစ္စာ ခေါ်ပါတယ်ဘုရား)။

ရွှေငွေစိတ်ကျောက်တွေကျတော့ ရွှေ့ပြောင်းလို့ ရနိုင်ခြင်း ကြောင့် ဇင်္ဂမဥစ္စာတဲ့။ ရွှေငွေစိန်ကျောက်တွေ ဘာဥစ္စာခေါ်သတုံး (ဇင်္ဂမဥစ္စာပါဘုရား)။

နွားမျိုးပညာ၊ လက်မှုပညာ၊ စိတ်မှုပညာတွေကိုတော့ အင်္ဂသမဥစ္စာတဲ့။ သူက လက်ခြေစသော ကိုယ်အင်္ဂါနဲ့တူတယ်။ သွားလေရာမှာ သူက အစဉ်ပါနေတယ်။ ဒါကြောင့် အဲဒီ နွားမှုပညာ လက်မှုပညာတွေကိုတော့ အင်္ဂသမဥစ္စာလို့ခေါ်တယ်။

ဒို့ဒါနသီလ ဘာဝနာတွေကိုတော့ အနုဂါမိကဥစ္စာတဲ့။

အဲဒီ ဥစ္စာလေးမျိုးထဲက နံပါတ် (၁) ထာဝရဥစ္စာဆိုတဲ့ လယ်ယာကိုင်းကျွန်းတွေကို ဒို့လူတွေကပြောကြတယ်။ ဒါက ငါ့လယ်၊ ဟောဒါကငါ့သား၊ ဒါကငါ့ဥယျာဉ် ငါ့ဗိမာန်လို့ ဟောဒီလိုပြောကြတယ်။ မဒေပြောကြဘူးလား ဒို့ပရိသတ်ကြီး (ပြောကြပ တယ်ဘုရား) ပြောနေကြတယ်နော်။ ဒီလိုပြောကြ

တော့ လယ်ယာကိုင်းကျွန်းတွေက ရယ်သတဲ့။ အောင်မယ် သူတို့ကကြည့်စမ်း ဒို့များပိုင်တယ် ဆိုင်တယ်ထင်လို့၊ ငါ့လယ်တဲ့ ငါ့ယာ ငါ့ကိုင်း ငါ့ကျွန်းလို့ပြောလိုက်ကြတာ၊တကယ်ဆိုတော့ သူတို့က ဒို့ကိုပိုင်သလားတဲ့။ သူတို့ကအမြဲတည်နေမှာလားတဲ့။ တနေ့ကျမသေရပေဘူလား (သေးရမှာပါဘုရား)အေး-တနေ့ကျ သူတို့သေရမှာတဲ့၊ သူတို့သေလို့ရှိရင် ဒို့တော့မလိုက်ဘူး၊ သူတို့ခုနေသေကြည့်စမ်း၊ ဒို့တော့မလိုက်ဖူးတဲ့။ ဘယ်သွားမှာတုံးဆိုတော့ ထိုက်ရာသွား၊ ထိုက်ရာနားမှာတဲ့။ ဒါဖြင့် လယ်ယာကိုင်းကျွန်း ဥယျာဉ်ဗိမာန်တော် ကိုယ့်နောက်ပါကြရဲ့လား (မပါပါဘုရား) ဒါဖြင့်ဘုံဆိုင်လား- ကိုယ်ပိုင်လား(ဘုံဆိုင်ပါဘုရား)ဘုံဆိုင်တွေပြည့်လို့နော်။

နံပါတ်(၂) ၉၇ ဥစ္စာ

ရွှေငွေတွေ ပုတီးနားဌောင်း လက်ကောက်တွေကို လူတွေကပြောကြတယ်။ ငါ့ရွှေတဲ့ ငါ့ငွေတဲ့ ငါ့ပုတီး ငါ့နားဌောင်းလို့ပြောတော့ ရွှေငွေတွေကရယ်သတဲ့။ တော်တော်မိုက်အုံးမယ့်လူတွေတဲ့။ သူတို့က ဒို့ပိုင်တယ်ဆိုင်တယ်ထင်ပြီးတော့ ကြည့်စမ်း ငါ့ရွှေ ငါ့ငွေနဲ့ပြောလိုက်ကြတာတဲ့။ တကယ်ဆိုတော့ ဒို့ကရန်သူမျိုးငါးပါးနဲ့ ဆက်ဆံနေတာတဲ့။ ခုနေရန်သူမျိုးငါးပါးလာကြည့်စမ်း၊ ဒို့ကလိုက်သွားမှာတဲ့။ ရေတွေလာလဲလိုက်သွားမှာဘဲတဲ့၊ ဒို့ရေနားနီးတဲ့နေရာတွေ ရေစားသွားလို့ သိန်းပေါင်း ဘယ်လောက်ပျက်စီးတယ်လို့ သတင်းစာထဲ တွေ့ကြရဲ့မဟုတ်လား(တွေ့ကြပါတယ်ဘုရား)အေး ဒါကြောင့်မို့ ရေတွေလာလဲလိုက်မှာတဲ့။ ရန်သူမျိုးငါးပါးနဲ့ဆက်ဆံနေတာ၊အကယ်

၍ ရန်သူမျိုးငါးပါးမလာတောင်မှ ခုနေလူတို့သေကြည့်စမ်းတဲ့၊ သူတို့နောက် ဒို့မလိုက်ဖူး။ ဘယ်သွားမှာတုံးဆိုတော့ ထိုက်ရာသွား၊ ထိုက်ရာနားမှာတဲ့။ ဟောဒီပစ္စည်းတွေ ဒို့စုဆောင်းထားတာတွေ ဒို့မရှိရင်ဖြင့် ဒီသားဒီသမီးတွေ သုံးစွဲရမှာဘဲလို့ အဲဒီလို ထွက်လို့မရဘူး။ အဝေမည်လို့ ဟိုရောက်ဒီရောက် ပျောက်ပျက်ကုန်မယ်။ ဒါကြောင့်မို့ ထိုက်ရာသွား ထိုက်ရာနားတယ်။

နံပတ်(၃)အင်္ဂသမဥစ္စာ

အင်္ဂသမဥစ္စာဆိုတဲ့ နှုတ်မှုပညာ လက်မှုပညာ စိတ်မှုပညာတွေကိုလဲ လူတွေက ငါနှုတ်မှုပညာတတ်တယ်၊ ငါကလက်မှုပညာတတ်တယ်၊ ခေတ်ပညာတတ်တယ်လို့ ဒီလိုပြောကြတယ်။ ဒီတော့နှုတ်မှုပညာ လက်မှုပညာ စိတ်မှုပညာတွေက ရယ်သတဲ့။ သူတို့က နှုတ်မှုပညာ လက်မှုပညာ စိတ်မှုပညာ တတ်တယ်လို့ဝါကြွားပလွှားပြီးနေကြတာ။ တကယ်ဆိုတော့ သူတို့ ကျန်းမာနေတုန်းတော့ ဒို့ကိုခိုင်းနိုင်ကြတယ် စေနိုင်ကြတယ်။ တကယ်လို့ မကျန်းမာတော့ဘူးဆိုရင် အသုံးပြုနိုင်ပါတော့မလား၊ မကျန်းမာတဲ့အခါကျတော့ အသုံးမပြုနိုင်ဘူးတဲ့၊ အခုသေကြည့်စမ်း၊ ဒို့သူတို့နောက်မလိုက်ဖူးတဲ့။ ဒါကြောင့် သူလဲဘဲ အမြဲတမ်းကိုယ်ပိုင်မဟုတ်ဘူး၊ ခေတ္တယာယီပိုင်ပစ္စည်းဘဲ။

နံပါတ် (၄)အနုဂါမိက ဥစ္စာ

အမြဲတန်းကိုယ်ပိုင် ပစ္စည်းကတော့ အနုဂါမိက ဥစ္စာဆိုတဲ့ ဒါနသီလဘာဝနာဘဲ။ ဒါကတော့အမြဲတန်း ကိုယ်ပိုင်ပစ္စည်းလေးတဲ့။ အဲဒါတွေထဲမှာ ကနေ့ဒါနအလှူ ရတနာ ရွှေအိုးကို

မြေပြင်ကြတယ်။ ဘုံဆိုင်ကနေပြီးတော့ ကိုယ်ပိုင် ပြုလုပ်တဲ့နေဘဲ။ ဦးမြင့်သိန်း ဒေါ်စိန်စိန်တို့ ဘုံဆိုင် ပစ္စည်းကနေပြီး ကိုယ်ပိုင် ပစ္စည်းပြုလုပ်တာဟာ ဒါနတွေသီလတွေဘာဝနာတွေဘဲ။ ဒါကြောင့်မို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောဒီ ပစ္စည်းလေးမျိုးခဲ့ပြီးတော့ ဟောတော်မူခဲ့တယ်။ဒါကြောင့် ဘုံဆိုင်ပစ္စည်းလက်ဝါလေးလိုက်ဆိုကြရအောင်။

လယ်မြေဆိုတာ၊ ဘုံဆိုင်ပါ၊ သင့်ရာသွားတတ်သည်။
ရွှေငွေဆိုတာ၊ ဘုံဆိုင်ပါ၊ သင့်ရာသွားတက်သည်။
စိန်ကျောက် ကွတာ၊ ဘုံဆိုင်ပါ သင့်ရာသွားတတ် သည်။
အိမ်ကျောင်းဆိုတာ၊ ဘုံဆိုင်ပါ၊ သင့်ရာ သွားတတ် သည်။

ဒို့ရွေးဒွေတွေက ဘုံဆိုင်လား-ကိုယ်ပိုင်လား ဒို့ပရိသတ်ကြီး (ဘုံဆိုင်ပါဘုရား)၊ အိမ်တွေကျောင်းတွေကကော ဘုံဆိုင်လား ကိုယ်ပိုင်လား (ဘုံဆိုင်ပါဘုရား) ဘုံဆိုင်တွေနော်။ လယ်ယာကိုင်းကျွန်းတွေကကော ဘုံဆိုင်လား ကိုယ်ပိုင်လား (ဘုံဆိုင်ပါဘုရား)။ ဒါဖြင့် အားကိုးလောက်ရဲလား (အားမကိုးလောက်ပါဘုရား) ကဲ-ကိုယ်ပိုင်ပစ္စည်း ပြောကြစို့။

ဒါနဖြိုနိုင်၊ ကိုယ်သာဆိုင်၊ ကိုယ်ဖိုင်ပစ္စည်းပါ။

ဒါနပြုချင် ကိုယ်မပိုင်ဘူးလား (ပိုင်ပါတယ်ဘုရား)ရန်သူမျိုးငါးပါး ဖျက်ဆီးနိုင်သေးလား (မဖျက်ဆီးနိုင်ပါဘုရား)။ အေး ဘုံဆိုင်ထဲကနေပြီးဘော့ ကိုယ်ပိုင်ပြုလိုက်တာ ဘယ်ထိအောင် ပိုင်သလဲဆိုတော့ နိဗ္ဗာန်ထိအောင် ပိုင်မသွားဘူးလား (ပိုင်သွား

ပါတယ်ဘုရား)၊ နိဗ္ဗာန်မရောက်မချင်း ဒီကုသိုလ် ဒီဒါနတရား ကို ဘယ်သူက ဖျက်နိုင်သေးသတုံး (မဖျက်နိုင်ပါဘုရား) ဘယ်သူမှမဖျက်နိုင်တော့ဘူးတဲ့ ဒါကြောင့်မို့ ဒါမှကိုယ်ပိုင်တဲ့။ ကဲဆို

ဒါနပြုနိုင်၊ ကိုယ်သာဆိုင်၊ ကိုယ်ပိုင်ပစ္စည်းပါ။
သီလစောင့်နိုင်၊ ကိုယ်သာဆိုင်၊ ကိုယ်ပိုင်ပစ္စည်းပါ။
ဘာဝနာပွားနိုင်၊ ကိုယ်သာဆိုင်၊ ကိုယ်ပိုင်ပစ္စည်းပါ။
ဝိပဿနာပွားနိုင်၊ ကိုယ်သာဆိုင်၊ ကိုယ်ပိုင်ပစ္စည်းပါ။

ဒို့တတ္တေမှာ ကိုယ်ပိုင်ပစ္စည်းက ဒါနပြုရင် ကိုယ်ပိုင်လား-ဘုံဆိုင်လား (ကိုယ်ပိုင်ပါဘုရား)၊ သီလဆောက်တည်ရင် ကိုယ်ပိုင်လား-ဘုံဆိုင်လား (ကိုယ်ပိုင်ပါဘုရား)၊ ဝိပဿနာတွေပွားရင် ကိုယ်ပိုင်လား-ဘုံဆိုင်လား (ကိုယ်ပိုင်ပါဘုရား) ဒါကြောင့်-

အတ္တာ ဂေဟေ နိဝတ္တန္တိ၊ သုသာနေ မိတ္တဗန္ဓဝါ။
သုကတံ ဒုက္ကတံကမ္မံ၊ ဆာယာဝ အနုယာယိနီ။

အတ္တာ၊လယ်ယာမိုးမြေ ရွှေငွေစပါး အစားစားနှင့် များပြားလှစ္စာ ပစ္စည်းဥစ္စာတို့သည် ဂေဟေ-နေရာထိုင်ခင်း မိမိတို့၏ အိမ်အတွင်း၌။နိဝတ္တန္တိ၊မလိုက်ပါဘဲ တည်မြဲတည်ကာ သူ့နေရာ၌ ကျန်ရစ်ကုန်၏။ မိတ္တဗန္ဓဝါ၊ ဇနီးမယား သမီးသားနှင့် ချစ်အားသန်သန် တသက်ပန်တွင် ဆက်ဆံပေါင်းသင်း မိတ်ဆွေရင်းတို့သည်။ သုသာနေ၊ လူသေမြှုပ်နှံ သုသာန်သခ်ျိုင်း မြေလုပ်တိုင်း၌။ နိဝတ္တန္တိ၊ တမ်းတငေးမြော် အဆွေးပေါ်လျက် ခေါ်လို့မကြား ကျန်ရစ်၍ ပြန်သွားကြလေကုန်သတည်း။ ။

(သာဓု....သာဓု....သာဓု....)

ဒို့ချစ်ပါတယ် ခင်ပါတယ်ဆိုတဲ့ ဇနီးမယား၊ သမီးသားတွေ၊ မိဘလင်သား မောင်ဖွားတွေ၊ စုဆောင်းထားတဲ့လယ်ယာမိုးမြေ ရွှေငွေစပါး အစားစားတွေ့ ဘယ်ကျတော့ ခွဲရတုံးဆိုရင် သုသာန်မြေကျမခွဲရဘူးလားဟေ့ (ခွဲရပါတယ်ဘုရား)၊ ပါသေးလား (မပါတော့ပါဘုရား)၊ သုသာန်ကျတော့ ကိုယ့်နောက်ပါသေးလား (မပါတော့ပါဘုရား)။ ချစ်ပါတယ် ခင်ပါတယ်ဆိုတဲ့ လူတွေကော လိုက်ကြသေးလား (မလိုက်ပါဘုရား) မလိုင်နိုင်ပါဘူး။ သွားရော့ဟေ့လို့ မြန်မြန်တောင်နှင်လိုက်သေး။ သွားရော့တဲ့။ တယောက်ထဲ သွားရတယ်၊ ပစ္စည်းဥစ္စာတွေကော ပါသေးလား (မပါပါဘုရား)မပါပါဘူး။ မောင်မရှိမနေတတ်ပါဘူး၊ မယ်မရှိမနေတတ်ပါဘူး ငါ့သာမြန်မြန်ခေါ်လှည့်ပါဟဲ့လို့ ငိုကြတယ်။ ရင်ပတ်ကြီးမျှားရည်းလို့။ တကယ် ဒါ့ကြောင့်မို့ ဒကာမကြီးတယောက်မှာ သားလေးတယောက်ထဲရှိလို့ အလွန်ချစ်တာကိုး။ ဒါနဲ့ ၉၆-ပါးရောဂါနဲ့ ပျက်စီးသွားတော့ သူကတကထဲ ယူကြုံးမရငိုကာ သုသာန်ထုတ်လာတော့လဲ အထုတ်မခံဘူး၊ အတင်းထုတ်တော့ လိုက်သွားတယ်၊ ကျင်းတူးတော့ ငါ့အရင်မြှုပ်ကြပါတဲ့။ ကျင်းထဲခုန်ခုန်ချတယ်။ဒီတော့တောင်းပန်လို့မရဘူး။ နောက်တော့ လူတယောက်က စိတ်ပေါက်လာတယ်။ ဒီလောက်တောင်ရှိလှ ဆွဲမြှုပ်ဟာဆိုတော့ ပြေးလိုက်တာ လှည့်တောင် မကြည့်ဘူး။ တကယ်ကျတော့သေဝံ့ရဲ့လား (မသေဝံ့ပါဘုရား) မသေဝံ့ပါဘူးတဲ့။

ဒါကြောင့် ဟောဒီရွှေငွေစပါး၊ အစားစားတွေ၊ ဒါတွေဟာဘုံဆိုင်တွေပါတဲ့။ သေတော့ ကိုယ့်နောက်မပါဘူး။ သေ

အောင်တောင်မဆိုင်းဘူး။ တော်တော်ပါးပါးနပ်နပ်ရှိတဲ့သား သမီးကျတော့လေ။ မိဘက နေမကောင်း နေလို့ရှိရင် အဝတ် ကလေးကလဲ သစ်နေမယ်လို့၊သစ်လွှင်နေမဲ့ အဝတ်အစားကလေး ဆိုရင် သူကအရင်သုံတ်ချင်တာကို၊ သုတ်ချင်တော့ အနားနား လာ ယုယုယယ လုပ်တဲ့ပုံနဲ့ အမလေး အမေရဲ့ အဘရဲ့တဲ့ ဟာဒီ ဆေးလေး သောက်လိုက်ရင်လေ ပျောက်သွားမှာပါတဲ့။ဒီဆေး လေး သောက်ပါအုံးလား၊ကိုကသတိမရတော့ဘူး၊ ဆေးသောက် ရင် အင်္ကျီလေးတွေ အဝတ်ကလေး ပေကုန်မယ် လဲကြအုံးစို့ လားလို့ ပြောပြန်ရော။ သေမှမသေသေးဘူး၊ အင်္ကျီချွတ်ယူလိုက် ပြီ။ ဒါကြောင့် ဒီဥစ္စာတွေက အလကားဘဲ။ အခုမိမိကိုယ်မှာ ပါနိုင်တဲ့ ဥစ္စာက အနုဂါမိက် ဥစ္စာပါဘဲတဲ့။အဲဒီတော့ လှူတန်း ပြီးတဲ့အခါမှာ နတ်ဖြစ်ရပါလို့၏ဟု လှမ်းတောင်း။ ဒီကုသိုလ် လေးကြောင့် ဟိုဘက်သူဌေးကြီး မဖြစ်ချင်ဘူးလား (ဖြစ်ချင် ပါတယ်ဘုရား)၊ ရှင်ဘုရင်ကြီးကော မဖြစ်ချင်ဘူးလား(ဖြစ်ချင် ပါတယ်ဘုရား)၊ မိဖုရားကြီးကော(ဖြစ်ချင်ပါတယ်ဘုရား) စစ် ဗိုလ်ချုပ်ကြီးကော (ဖြစ်ချင်ပါတယ်ဘုရား)။

ဒါဖြင့် ဒီလိုသူဌေးကြီးတွေ သူကြွယ်ကြီးတွေ ရှင်ဘုရင်ကြီး တွေ မိဖုရားကြီးတွေ ဖြစ်ချင်တယ်ဆိုတော့ ဟိုဘက်ကခန္ဓာလှမ်း မတောင်းဘူးလား (တောင်းပါတယ်ဘုရား)၊ ဟာဒီခန္ဓာက အကောင်းကြီးရှိသေးတယ်၊ ဟိုဘက်ခန္ဓာလှမ်းမတောင်းဘူးလား (တောင်းပါတယ်ဘုရား) အေး-ဘယ်ကလောက် လောဘကြီး သလဲနော်။ ခန္ဓာတခု လှမ်းတောင်းတော့ အဲဒီခန္ဓာက လက်ရှိ လား-လက်မဲ့လား (လက်မဲ့ပါဘုရား)၊ ဒါဖြင့် ဒီခန္ဓာတောင်

မကဘူး ဟိုဘက်က ခန္ဓာတောင် လှမ်းမခင်တွယ်ဘူးလား (ခင်တွယ်ပါတယ်ဘုရား)၊ အေး-ဒို့ ဒါဖြင့် သမုဒယတဏှာတွေ့ အားမကြီးဘူးလား (အားကြီးပါတယ်ဘုရား)၊ ဒါကြောင့် ဒီတဏှာတွေ့ ကွာကြအောင် မြတ်စွာဘုရားက လက်ရှိခန္ဓာမခင်တွယ်နဲ့၊ လက်မဲ့ခန္ဓာ မတောင့်တနဲ့တဲ့။ လက်မဲ့ခန္ဓာ တောင့်ဟပုံသိပြီလား (သိပါပြီဘုရား)၊ နှတ်ဖြစ်ချင်တယ်ဆိုတာ ခန္ဓာမရဘူးလား (ရပါတယ်ဘုရား)၊ လူဖြစ်ချင်တော့ ခန္ဓာမရဘူးလား (ရပါတယ်ဘုရား)၊ သူဌေးကြီးဖြစ်ချင်တော့ ခန္ဓာမရဘူးလား (ရပါတယ်ဘုရား) သူကြွယ်ကြီး ဖြစ်ချင်တော့ ခန္ဓာမရဘူးလား (ရပါတယ်ဘုရား)။

ဒါဖြင့် နှတ်ဖြစ်ချင်တယ်၊ သိကြားဖြစ်ချင်တယ်၊ ဗြဟ္မာဖြစ်ချင်ဟယ်၊ လူဖြစ်ချင်ပါတယ်ဆိုတော့၊ ခန္ဓာတွေ့ မတောင်းဘူးလား (တောင်းပါတယ်ဘုရား)၊ အဲဒါလက်ရှိခန္ဓာလား-လက်မဲ့ခန္ဓာလား (လက်မဲ့ပါဘုရား)၊လက်မဲ့ခန္ဓာ လှမ်းတောင်းတယ်။ အဲဒီခန္ဓာကကော အိုဘေးနဲ့ ကင်းရဲ့လား (မကင်းပါဘုရား)၊ နာဘေးနဲ့ကင်းရဲ့လား (မကင်းပါဘုရား)၊ သေဘေးနဲ့ ကင်းရဲ့လား (မကင်းပါဘုရား)။

ဒါကြောင့် ဒီမြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကခန္ဓာတွေ့ မခင်တွယ်နဲ့တဲ့။ ဒီခန္ဓာတွေ့ ပါလာလို့ရှိရင်တဲ့ "တပည့်တော်တို့ အိုရပါလိုင်။ နာရပါလို၏"လို့ ဆုတောင်းတာနဲ့ မတူဘူးလား၊ ထပ်ပြီးမအိုရဘူးလား၊ မနာရဘူးလား၊ မသေရဘူးလား။ ဒါကြောင့် မြတ်စွာဘုရားက ကုသိုလ်မှု ပြုတဲ့အခါတဲ့၊

သိဓံပပတ္ထေထ ဘိက္ခဝေ သိဓံပတ္ထေတ္ဝာန
ဒါနံ ဒါတဗ္ဗံ သီလံရက္ခိတဗ္ဗံ
ဘာဝနာ ဘာဝေတဗ္ဗာ။

ချစ်သားတို့၊ ကုသိုလ်ကောင်းမှု ပြုလုပ်တဲ့အခါကျလို့ရှိရင်ဖြင့် နိဗ္ဗာန်ကို ဆုတောင်းကြတဲ့။ ဘာကိုဆုတောင်းရမယ် (နိဗ္ဗာန်ကိုပါဘုရား)၊နိဗ္ဗာန်ကို ဆုတောင်းကြတဲ့ ။နိဗ္ဗာန်ကို ဆုတောင်းရုံ တောင်းရမှာလားဆိုတော့ နိဗ္ဗာန်ကို၊ပတ္ထေတ္ဝာန၊ ဆုတောင်းပြီး၍။ ဒါနံ၊ အလှူကို။ ဒါတဗ္ဗံ၊ လှူရမယ်။ ထိုင်ပြီးဆုတောင်းရမှာလား- အလှူလှူရင်း ဆုတောင်းရမှာလား (လှူရင်းဆုတောင်းရမှာပါဘုရား) ဒါကြောင့်မို့ ဗုဒ္ဓဘာသာတွေ အလှူလုပ်တဲ့အခါ နိဗ္ဗာန်ကိုရောက်ရပါလို၏လို့လူတွေမတောင်းကြဘူးလား (တောင်းကြပါတယ်ဘုရား)။ တပည့်တော်တို့တတွေ ဟောဒီကုသိုလ်ကောင်းမှုကြောင့် နိဗ္ဗာန်ရောက်ရပါလို၏ဘုရားလို့ မတောင်းကြဘူးလား ဒါဟာ မကောင်းဘူးလား (ကောင်းပါတယ်ဘုရား)၊ လမ်းကော မမှန်ဘူးလား (မှန်ပါတယ်ဘုရား)၊ ဒါနဲ့တင်ရပ်သလား၊ တော်တော်ကြာကျတော့ စိတ်ထဲတွေးလာတာက အင်း....နိဗ္ဗာန် ဒို့ခုချက်ခြင်း ရောက်သွားရင်တော့ဟုတ်ပါရဲ့၊ မရောက်မျှား မရောက်လို့ရှိရင်တော့ ဒို့ဒီသား ဒီသမီးတွေနဲ့ ကဲနေပြန်ရော့မယ်လို့ နောက်က အယူခံလိုက်တော့မယ်။ နိဗ္ဗာန်ရောက်ရပါလို၏ဘုရား နောက်က အယူခံကလိုက်လာပြီ။

အကယ်၍ နိဗ္ဗာန်မရောက်သေးသည်ရှိသော်၊ နိဗ္ဗာန်မရောက်ခင်စပ်ကြား၊ ဒါက ဘာလုပ်တာတုံး၊ နိဗ္ဗာန်မရောက်သေးရင် ဘာလုပ်မတုံး၊ ဒီလင် ဒီသား ဒီမယားနဲ့ ဘဝတိုင်း ဘဝတိုင်း

တွေ့ရပါလို၏ဘုရား။ ဘယ်တော့ တွေ့ချင်တာတုံး ဘယ်နှစ်ဘဝတုံး တွေ့ချင်တာ (ဘဝတိုင်း-ဘဝတိုင်းပါဘုရား)၊ ဒီလင် ဒီသား ဒီမယား ဒီသမီးနဲ့ မတွေ့ချင်ကြဘူးလား၊ ဒီသား ဒီသမီးတွေနဲ့ ဘဝတိုင်း တွေ့ချင်ကြရင် နိဗ္ဗာန် ဘယ်တော့သွားမှာတုံး၊ သွားစရာရှိသေးရဲ့လား (မရှိပါဘုရား)။ ဒါတောင်မှ သူတို့က ဆက်ပြီး စဉ်းစားသေးတယ်။ အင်း လူဖြစ်ရင် တော်ပါရဲ့ တိရစ္ဆာန်များဖြစ်ရင် တကွဲစီများနေရမှာလေလား၊ တိရစ္ဆာန်ဖြစ်တောင်မှ တတောထဲနေရပါလို၏ဘုရား။ တိရစ္ဆာန်ဖြစ်တော့ကော အတူတူ မနေချင်ဘူးလား (နေချင်ပါတယ်ဘုရား)။

ငံပြာရည်ဖြစ်တောင်-တပုဆင်းထဲ

ဒို့ဘဝတွေ ကွာခြားပြီးတော့ ကုန်းပေါ်တိရစ္ဆာန်ဖြစ်ရင် တော်ပါရဲ့၊ ရေထဲငါးများဖြစ်ရင် ဟခြားစီများ နေမှာလေလား လို့၊ ငါးဖြစ်တောင် တကျင်းထဲ ဆုတောင်းတာ။ ငပိဖြစ်တောင် တခြင်းထဲ၊ ငံပြာရည်ဖြစ်တော့ကော တပုလင်းထဲ။ အမလေး ဒါနိဗ္ဗာန်လို့ချင်တဲ့ သူတွေဘဲ့။ တပည့်တော်တို့ဘဝတွေ ကွာခြားပြီးတော့ အယူများ မှားပြီးတော့ တိရစ္ဆာန်ဖြစ်ခဲ့ရင် ငါးဖြစ်တောင် တကျင်းထဲ။ ငပိဖြစ်တောင် တခြင်းထဲ၊ ငံပြာရည်ဖြစ်တောင် တပုလင်းထဲ၊ ဒါအယူခံလို့ကဘာ။ ဘယ်သူကနိုင်လို့တုံး။ နိဗ္ဗာန်ဆုတောင်းပြီးတော့ နောက်က အယူခံတွေ မများဘူးလား (များပါတယ်ရား)။

ဒါကြောင့်မို့ ဒို့ရှေးတုန်းကဟိုလွန်ခဲ့တဲ့ဘဝတုန်းက မေတ္တာသူဌေးကြီးရဲ့အလောင်း၊ ဗာရာဏသီပြည်မှာ သူဌေးတဦးဖြစ်ခဲ့

တယ်။ ကာမုပါဒါန်စွဲပုံတွေ ပြောမလို။ အဲဒီလို သူဌေးတဦးဖြစ်ခဲ့တော့ တနေ့ ဘုရင်မင်းမြတ်ကြီး နန်းတော်သွားတဲ့အခါ၊ ပုရောဟိတ်ပုဏ္ဏားကြီးနဲ့တွေ့တယ်။ အသင်ပုဏ္ဏား နက္ခတ်တာရာများ ကြည့်မိရဲ့လား၊ ကြည့်မိပါတယ်တဲ့။ ဘယ်လိုများ အကျိုးအပြစ်တွေ မြင်တုံးတဲ့၊ နောက်သုံးနှစ်နေရင်ဖြင့် ငတ်မွတ်ခေါင်းပါးခြင်း ဘေးကြီးဆိုက်တော့မယ်တဲ့။

ဒီတော့ ဗေဒင်ကလဲ သိပ်ယုံတဲ့ခေတ်၊ မှန်လဲမှန်တယ်။ ဒီလိုယုံကြည်တော့ သူဌေးကြီးက အဲဒီပုဏ္ဏား ဟောတဲ့အချိန်ကစပြီးတော့ လယ်တွေ တိုးလုပ်ပြီးတော့ ရသမျှ စပါးတွေစုထားတယ်။ ဂိုဒေါင်တိုက်ပေါင်း ၁၂၅-လုံးထဲ အပြည့်ထည့်ပြီးတော့ ပိုတာတွေ အိုးနဲ့မြေကြီးထဲမြှုပ်၊ အချို့လဲဘဲ နောက်ချေးနဲ့ရွှံနဲ့လုံးပြီးတော့ တိုက်ရဲ့နံရံကပ်ထားတယ်။ အဲဒီက နောက်သုံးနှစ်မြောက်တဲ့အခါကျတော့၊ ပုဏ္ဏားဟောတဲ့အတိုင်း၊ ငတ်မွတ်ခေါင်းပါးခြင်း ဘေးကြီး တကယ့်ကိုဆိုက်လာတယ်။ ငတ်မွတ်ခေါင်းပါးတဲ့ ဘေးကြီးလဲ ဆိုက်လာရော တဖြည်းဖြည်း စားလိုက်ကြတာ ချေတာပြီးတော့ သူ့ရဲ့အစေခံ အခြွေအရံတွေနဲ့ စပါးတွေက ကုန်လုပြီ။ ငတ်မွတ်ခေါင်းပါးခြင်း ဘေးကြီးက မရပ်သေးဘူး။ မရပ်သေးတော့ နောက်နဲနဲလေးကျန်တော့ စားစရာမရှိတော့ဘူး။ ငတ်မွတ်ခြင်း ဘေးကြီးကလဲ မပျောက်သေးဘူး။ ဒီတော့ အခြွေအရံ အစေခံတွေကို မင်းတို့ သင့်ရာသွားကြပေတော့လို၊ အစေခံတွေခွဲလွှတ်ပြီးတော့ ဘာကျန်ရစ်တုံးဆိုတော့ သူဌေးကြီးရယ်၊ သူဌေးကတော်ကြီးရယ်၊ ချေးမရယ်၊ အခိုင်းအစေ ကျွန်ဟယောက် မောင်ပုဏ္ဏရယ်၊ ၅-ယောက်ပဲ ကျန်ရစ်တယ်။

သူတို့ ၅-ယောက် စားလိုက်ကြတော့ နောက်ဆုံးကျတော့ ကုန်ရော။ သူငြေးကတော်ကြီးက ရွံထဲမှာလိုက်ပြီး မြေကြီးထဲ ယက်ရှာတော့ ဆန်လေးတစလယ်လောက်ရတယ်။ ဒါတွေချက် ထားတယ်။ ဒါလေးစားပြီး နောက်ထပ်စားစရာလဲ မရှိတော့ ဘူး။ သေရဟော့မယ်။ စားပြီးတော့ ဒါလေးချက်စားမလို့ပြောင် နေတုန်း၊ ဂန္ဓမာဒနတောင်က ရှင်ပစ္စေက ဗုဒ္ဓါတပါး၊ နိရောဓ သမာပတ်မှအထ ငါဘယ်သူ့ကိုမျှား ကယ်တင်ရမတုံးလို့ ကြည့် လိုက်တော့၊ ဟော်...ငတ်မွတ်ခေါင်းပါးခြင်းဆိုက်နေတဲ့ သူငြေး ကြီးရှိတယ်၊ သူတို့ ထမင်းစားတော့မလို့၊ အခု ငါသွား အလှူ ခံရင် ရမလား၊ ရမယ်တဲ့။ အလှူခံလို့ရရင်ဖြင့် ငါအလှူခံမတဲ့၊ သဒ္ဓါတရားလဲ ရှိနေတယ်။

ဒါနဲ့ ကောင်းကင်ကကြွပြီးတော့ အလှူခံလာတယ်။ လာ တော့ သူငြေးကြီး မြင်အောင်ရပ်။ ရပ်နေတော့ သူငြေးကြီးက မြင်တယ်။ အော် ငါဟာ ဟိုလွန်ခဲ့တဲ့ ဘဝတွေတုန်းက ဟောဒီ လို အလှူခံ မလှူခဲ့လို့ ခု ငတ်မွတ်ခေါင်းပါးခြင်းဘေးနဲ့ တွေ့ရ တာ။ ဒို့မကြာခင်သေတော့မယ်၊ အခု အလှူခံပုဂ္ဂိုလ်ကြီးကလဲ ရောက်လာပြီ၊ လှူဘွယ်ဝတ္ထုကလဲရှိတယ်။ ငါအလှူခံမှာဲလို့ ရှင်ပစ္စေကဗုဒ္ဓါ ကိုယ်တော်မြတ်ကြီးကလဲ ရပ်နေတယ်။ ဒီပရိ သတ်ကြီး စဉ် စားကြည့်စမ်း၊ တကယ်သာသနာ မယုံကြည်လို့ သဒ္ဓါတရား မရှိတဲ့သူတွေက ရှင်ပစ္စေကဗုဒ္ဓါကြီးကို အပြစ် တင်မှာ။

"အရှင်ဘုရား တော်တော်အလိုက်မသိတာ။ ဒီမှာ စားစရာ မရှိလို့ တစလယ်ကို ၅-ဦးစားရမှာ။ သူကလာ အလှူခံနေသေး

တယ်။ ဘုန်းကြီးများ ဘာမှ အလိုက်မသိဘူး”လို့ အပြစ်တင်ချင် တင်လိမ့်မယ်။ ဟိုက ဆွမ်းလိုချင်လို့လာတာလား၊ သနားလို့လာတာလား(သနားလို့လာတာပါဘုရား) ဆွမ်းရချင်လို့လား ကယ်တင်ချင်လို့လား(ကယ်တင်ချင်လို့ပါဘုရား)၊ ကယ်တင်ချင်လို့၊ သနားလို့လာတာဘဲ။

အဲဒါ သူဌေးကြီးဟာ အော်....ငါတို့ဟာ နောက်နောက် ဘဝတုန်းက မလှူခဲ့မိလို့၊ သာသနာတော်ကြီးနဲ့ တွေ့ကြုံခဲ့သော်လဲ ရဟန်းသံဃာတွေ့ ဆွမ်းခံကြွလာပေမဲ့ ဒို့မလှူခဲ့လို့တဲ့။ အခု လှူဘွယ်ဝတ္ထုလဲ အသင့်ရှိနေပြီ။ ငါ ဟောဒီဟာကလေး စားလိုက်ရင် တထပ်သာ အဆာပြေမှာ၊ နောက်ရက်ငါသေမှာဘဲ။ မစားဘဲနဲ့လူလိုက်လဲ ငါသေမှာတဲ့။ မစားဘဲနဲ့လှူလိုက်ရင်ဖြင့် ဘဝတွေ့ ကုဋေကုဋာအကျိုးပေးလိမ့်မယ်။ နောက်ဆုံး နိဗ္ဗာန်ထိ အောင် အကျိုးပေးလိမ့်မယ်ဆိုပြီး “တပည့်တော် သနားသောအားဖြင့် အလှူခံတော်မူပါဘုရား” လို့ ဆိုပြီးတော့ သပိတ်ကလေးတောင်း၊ သပိတ်ကလေးထဲ သူ့ဆွမ်းကလေးထဲ့လိုက်တယ်။ ထဲ့ပြီးတော့ ဆုတောင်းတယ်။

ဆုတောင်းကြပုံ

အရှင်ဘုရားတဲ့။ တပည့်ဇတော် ဟောဒီဆွမ်းဒါနကြောင့် ဘယ်တော့မှ ဒီလိုငတ်မွတ်ခေါင်းပါးတဲ့ဘေးနဲ့ မတွေ့ပါရစေနဲ့ ဘုရား၊ ဆန်ရှားတဲ့ခေတ်၊ ဆီရှားတဲ့ခေတ်၊ အစစအရာရာ ရှားပါးတဲ့ခေတ်ကြီးနဲ့ ဘယ်တော့မှမတွေ့ပါရစေနဲ့ဘုရား....ဒီလို ဆုတောင်းတယ်။ တပည့်တော်ဟာလဲ ရေချိုး ခေါင်းလျှော်ပြီး

ကောင်းကင်မော်ကြည့်လိုက်ရင်တဲ့ တပည့်တော်ရဲ့ဂိုဒေါင် ၁၂၅-လုံး၊ အာကုန်စပါးမိုးတွေ့ရှာပြီးပြည့်ပါစေသား အရှင်မြတ်ဘုရားတဲ့။ အဲဒီလိုဆုတောင်းပြီးတော့မှ "တပည့်တော်တို့ ဘဝတိုင်း ဘဝတိုင်း ဒီသူဌေးကတော်ကြီးရယ်၊ ဒီသားရယ်၊ ဒီခွေးမရယ်၊ ဟောဒီအစေခံရယ် အတူတကွဖြစ်ပါစေသား အရှင်မြတ်ဘုရား" လို့ ဆုတောင်းလိုက်သေးတယ်။

ဒါနဲ့ သူဌေးကြီးက ဒီလိုလှလိုက်တော့ သူဌေးကတော်ကြီးက ငါလဲလှအုံးမှာဲလို့ ဆိုပြီး သူ့အတွက်ကလေးကို "အရှင်ဘုရားတဲ့၊ တပည့်တော်မကို သနားသောအားဖြင့် တပည့်တော်မရဲ့ဆွမ်းကလေး အလှူခံတော်မူပါဘုရား"ဟု ဆိုပြီး သပိတ်ထဲလောင်းလိုက်တယ်။ သပိတ်ထဲ လောင်းပြီးတော့ ဆုတောင်းတယ်။ အရှင်ဘုရားတဲ့၊ တပည့်တော်မကတော့ ဒဆွမ်းကလေးကလှူဒါန်းရသောကြောင့် ငတ်မွတ်ခေါင်းပါးတဲ့ ဘေးဆိုးကြီးနဲ့ ဘယ်တော့ဘယ်အခါ ဘုယ်ကမ္ဘာမှ မတွေ့ပါရစေနဲ့ဘုရား၊ ဘယ်တော့မှမတွေ့ပါရစေနဲ့တဲ့။ တပည့်တော် ထမင်းအိုးလေးတလုံးချက် တပည့်တော်လက်နဲ့ကိုင်ပြီး ခူးပေးသမျှ ဇမ္မူဒီပါတကျွန်းလုံး ကျွေးသော်လဲ တပည့်တော် ထမင်းအိုးလေးမလျှော့ပါစေသားဘုရား လို့ ဒီလိုဆုတောင်းပြီးတော့မှ "ဟောဒီသူဌေးကြီးရယ် (ဒါကလက်မလွှတ်ဘူး)၊ ဟောဒီသားရယ်၊ ဒီခွေးမရယ်၊ ဟောဒီအစေခံရယ် ဘဝတိုင်းဘဝတိုင်း အတူတူ နေပါရစေဘုရား"လို့ ဆုတောင်းတယ်။

သားကလေးကလဲ မိဘနှစ်ပါးလုတော့ ငါလဲလှအုံးမှာဲ ဆိုပြီး လုတယ်။ လုပြီးတော့ သူကလဲဆုတောင်းတယ်။ အရှင်ဘု

ရား....အခုလိုငတ်မွတ်ခေါင်းပါးဘဲ့ဘေးနဲ့ ဘယ်တော့မှ မတွေ့ပါ
ရစေနဲ့ဘုရား။ တပည့်တော်ဟာဘုရားတဲ့ အိတ်ထောင်ထဲ ငွေ
တထောင်ထဲ့ပြီးတော့ တပည့်တော်လက်နဲ့ကိုင်ပြီးတော့ ဇမ္မူဒိပ်
တကျွန်းလုံး လာသမျှလူတွေပေးသော်လဲ ဒီငွေတထောင်မလျှော့
ပါစေသားဘုရားလို့ ဆုတောင်းထားပြီးဘော့ "ဒီမိုဒီဖရယ်၊ ဒီ
ဇံနီးရယ်၊ ဒီအစေခံရယ် ဘဝတိုင်း တွေ့ရပါစေဘုရား" လို့ ဆု
တောင်းတယ်။ အဲဒါကဘမုပါဒါန်တွေလို့ခေါ်တယ်။ ကာမ
ဂုဏ်တွေစဲတာ။

နောက်ပြီးတော့ ချွေးမလေးကလဲလှူပြန်တယ်။တပည့်တော်
မ ဟောဒီငတ်မွတ်ခေါင်းပါးခြင်း ဘေးကြီးနဲ့ မတွေ့ပါရစေနဲ့
ဘုရား၊ သူကလဲလှူပြီးတော့ ဆုတောင်းတာ။ တပည့်တော်ဟာ
တဲ့ တောင်းထဲ စပါးလေးတခဲ့လောက်ထည့်၊ ဆန်ရှားလွန်းလို့၊
စပါး ရှားလွန်းလို့၊ ဆုတောင်းရှာကြတယ်။ တခဲ့လောက်
တောင်းထဲထည့်ပြီးတော့ ဇမ္မူဒိပါတကျွန်းလုံး လာသမျှပေး
သော်လဲ တပည့်တော် စပါးတခဲ့မလျှော့ပါစေသားဘုရား လို့
ဆုတောင်းပြီးတော့မှ "ဒီသူဌေးကြီး၊ ဒီသူဌေးကတော်ကြီး၊မိဘ
နှစ်ပါးနဲ့ ဒီအိမ်ရှင်ယောကျ်ားး၊ ဟောဒီအစေခံ ဘဝတိုင်း ဘဝ
တိုင်း တွေ့ပါရစေဘုရား" လို့ ဆုတောင်းလိုက်တယ်။

မောင်ပုဏ္ဏာဆိုတဲ့ အစေခံကလဲလှူပြီး ဆုတောင်းတယ်။ သူ
ကလဲ သူနဲ့တန်ရုံ ဆုတောင်းတယ်။ လှူပြီးတော့ တပည့်တော်
ငတ်မွတ်ခေါင်းပါးခြင်းဘေးနဲ့ မတွေ့ပါရစေနဲ့ဘုရားတဲ့။ ပြီး
တော့ တပည့်တော် ထွန် ထွန်လိုက်ရင်တဲ့ တခေါက်မောင်းရင်
(၇) ကြောင်းထင်ပါစေဘုရား့တဲ့။ ဆုတောင်းပုံ။ နောက်ပြီး

တော့ ဟောဒီအရှင်သခင်တွေနဲ့ ဘဝတိုင်းဘဝတိုင်း တွေ့ပါရစေဘုရာ.”လို့လဲ ဆုတောင်းလိုက်ယေးတယ်။ ကြည့်စမ်း ဆုတောင်းမှားသွားတာ။

တကယ်ဆိုရင် ရှင်ပစ္စေကဗုဒ္ဓာ ကိုယ်တော်မြတ်ကြီးအတန်းနေရတာ တပည့်တော် ပဒေသရာဇ်၊ ဧကရာဇ်၊ စကြဝတေးမန္ဓတ်မင်း ဖြစ်ရပါလို၏ ဆိုရင်လဲရတယ်။ ဒါပေမယ်လို့ အဲဒါတော့ ဆုမတောင်းဘူး၊ ဒီအရှင်သခင်တွေနဲ့ တွေ့ရပါစေဘဲ့။ သူကတကယ်ဆိုရင် ဒီလိုကျွန်ဆုမတောင်းသင့်ဘူး။

အဲဒီမှာ ရှင်ပစ္စေကဗုဒ္ဓာကိုယ်တော်မြတ်ကြီးက“ဣစ္ဆိတုံ ပတ္ထိတံ တုယ္ဒံ ခိပ္ပမေဝ သမိဇ္ဈတု-သင်တို့တောင်းတဲ့အတိုင်းပြည့်ကြစေ”လို့ တခါထဲ ဆုပေးပြီးတော ရှင်ပစ္စေကဗုဒ္ဓာ ကိုယ်တော်မြတ်ကြီးက “ဒို့ဆွမ်းဒကာ ဆွမ်းအမတွေ မြင်စေသတည်း”လို့ အဓိဋ္ဌာန်ပြီး ကြွသွားတာ ဂန္ဓမာဒနတောင် ရောက်တယ်။ ကောင်းကင်က ကြွသွားတာ ကြည့်ပြီး ကြည်ညိုနေကြတယ်။ ဂန္ဓမာဒနတောင်ရောက်တော့ ဒီဆန်လေး တစလယ်ချက်ကို ရှင်ပစ္စေကဗုဒ္ဓာ ၅၀၀ ခွဲဝေပြီးတော့ စားသောက်နေတာကို မြင်တော့လေ၊ ဝမ်းသာလို့မဆုံးဘူး။ ပုဗ္ဗစေတနာတွေ၊ မုဉ္ဇစေတနာတွေ ကောင်းခဲ့တဲ့အပြင် ပရစေတနာတွေက အလွန်အကဲဖြစ်ပြီးတော့ အလွန့်အလွန် ကြည်ညိုနေကြတယ်။

ဒါနဲ့ နောက်ဆုံးတော့ ရှင်ပစ္စေကဗုဒ္ဓာတွေလဲ ဆွမ်းဘုန်းပေးပြီးရော သူတို့လဲ ဆာဆာနဲ့ အိပ်လိုက်ကြတယ်။ နိုးတော့ သူငှေးကြီးကမနေနိုင်တော့ဘူး။ ဝမ်းထဲ ပူလို့လောင်လို့၊ရှင်မရဲ့ ဆမင်းဆာလှချည်ရဲ့၊ မနက်က ဂျိုးကလေးများ မကျန်တော့

ဘူးလားလို၊ ဂျိုးကလေးများ အကပ်အသပ် မရှိတော့ဘူးလား၊ အကပ်အသပ်ရှိရင် တစေ့နှစ်စေ့လောက် ယူခဲ့စမ်းပါလို့ သူဌေးကတော်ကြီးကို တောင်းတယ်။

သူဌေးကတော်ကြီးကလဲ့ မနက်ကထဲက ဆွမ်းလောင်းပြီး ထမင်းအိုး ရေဆေးမှောက်ထားတယ်၊ ဒါပေမယ်လို့ မရှိဘူးလို့ မပြောရတ်ဘူး။ ငါလေ–ပါးစပ်ကမပြောတော့ပါဘူး၊ ထမင်းအိုးကလေး ယူပြတော့မယ်လို့ဆိုပြီး ထမင်းအိုးကလေးသွားယူပြီး ဖွင့်လိုက်တော့၊ ထမင်းအိုးလေး အငွေ့ တထောင်းထောင်းနဲ့ တကထဲ သလေးထမင်းတွေ ထမင်းအိုးထဲ ပြည့်နေသတဲ့။

ဒီတော့ သူဌေးကတော်ကြီးက ငါများ အိပ်ချင်မူးတူးနဲ့ ကယောင်ကတန်းများဖြစ်နေသလား၊ မစားရမသောက်ရတာနဲ့ ဆာလွန်းလို့လားလို့ မျက်လုံးပွတ်ကြည့်တော့ တကယ့်ကိုဖြစ်နေမှန်းသိရတယ်။

ဩော်...ဒါနများ တယ်လှူထိုက်ပါကလား။ ဒို့ဒါနလေး လှူလိုက်တာနဲ့ အခုအကျိုးပေးပြီ၊ သူဌေးကြီးက ထ၊ ဒို့ ရှင်ပစ္စေကဗုဒ္ဓာ လှူဒါန်းတဲ့ဒါနကြောင့်၊ လှူဒါန်းလိုက်ရတဲ့ ဒါနအကျိုးကလေး၊ ကြည့်စမ်း၊ တမင်းအိုးထဲပြည့်နေတယ်လို့ပြောတော့ သူဌေးကြီးက ထလာတယ်၊ ထမင်းခူးကျွေးတယ်၊ သူဆုတောင်းတဲ့အတိုင်းဘဲ၊ သူခူးလိုက်ရင်း၊ ကျွေးလိုက်ရင်း၊ ဒီအထဲပြည့်နေရင်း ဖြစ်နေသတဲ့။ သားတွေကျွေး၊သမီးတွေကျွေးနောက်တော့ ဟိုအိမ်ဒီအိမ်က ကြားတော့လာစားကြ၊ ထမင်းအိုးကလေးထဲက ထမင်းကို မလျော့တော့ဘူးတဲ့။

သူဌေးကြီးကလဲ သူ့ဆုတောင်းအတိုင်း ကောင်းကင်မော်ကြည့်လိုက်တော့ ဂိုဒေါင်တွေထဲမှာ စပါးမိုးတွေ ရှာချတယ်။ သားကလေးကလဲ အိပ်ထောင်ထဲ ငွေတထောင်ထည့်လို့၊ ဇမ္မူဒီပါတကျွန်းလုံးပေး မကုန်ဘူးတဲ့။ အခုဒိဋ္ဌမေ့ ဖြစ်နေတယ်။ ချေးမကလဲ တောင်းထဲစပါးထည့်ပြီး လာသာသမျှလူတွေ ပေးနေတာ မကုန်ပါဘူးတဲ့။ ဒိဋ္ဌမေ့ ဒါနမျှား အကျိုးပေးဟယ်။

ဆုတောင် မမှားဘို

အဲဒီတော့ ဒို့ပရိသတ်ကြီး စဉ်းစားဘို့။ သူတို့ လှူလိုက်တဲ့ အလှူဟာတဲ့၊ ဘယ်လောက်ရှိသလဲ။ ဆန်ဘယ်လောက် ရှိသတုံး၊ တစလယ်ချက်။ ဒို့ကနေ့ ဝုအလှူ့ဒကာ ဦးမြင့်သိန်း၊ အလှူ့အမ ဒေါ်စိန်စိန်တို့ (၇)ရက်(၇)လီ၊တကယ့်ရဟန်းသံဃာတွေ၊ အဆွေခင်ပွန်းတွေ၊ သီလရင်တွေ၊ ဆရာတွေ၊ ဒီလို ကျွေးနေတယ်၊ လာလာသမျှ ပရိသတ်တွေကိုလဲ ကျွေးနေတယ်။ ဒီလို လှူဒါန်းတဲ့ဒါနကြီးဆိုရင်ဒီအကျိုးတွေရေတွက်လို့ ရနိုင်ပါ့မလား မရနိုင်ပါဘူးတဲ့။ အဲဒီသူဌေးကြီးနှင့် ပါရမီရှင်ငါးဦးဟာ ဖြစ်လေရာဘာတိုင်းဘာတိုင်း၊ အပါယ်လဲမလားဟော့ဘူး၊ အပါယ်တံခါးပိတ်ပြီး ဆုတောင်းတဲ့အတိုင်း လူ့ပြည်စုန်ဆန် နတ်ပြည်စုန်ဆန်နဲ့ ဒို့ဘုရားလက်ထက် မေဏ္ဍကသူဌေးကြီး ဆိုပြီးတော့ နောက်ဆုံးပိတ်မှာ သူတို့ သောတာပန်၊ သကဒါဂါမ် စသည်ဖြစ်သွားကြတယ်တဲ့။

ဒါကြောင့်မို့ ကုသိုလ်ကောင်းမှု ပြုလုပ်တဲ့အခါ ဆုတောင်းလို့ရှိရင် နိဗ္ဗာန်ကို ဆုတောင်းပါတဲ့။ လူ့ပြည်နတ်ပြည်ဆိုတာ

အိုဘေး၊ နာဘေး၊သေဘေးနဲ့ကင်းကြရဲ့လား၊(မကင်းပါဘုရား) ဘယ်မှာကင်းတုံး၊ နိဗ္ဗာန်မှာ မကင်းဘူးလား (ကင်းပါတယ် ဘုရား)။

လိုနေတာ ဝိပဿနာ

ဒါကြောင့်မို့ ဒို့ကနေ့ ကုသိုလ်ကောင်းမှု ပြုလုပ်နေကြတာ ဟာ ကိုယ်ပိုင်ပစ္စည်း ရှာတဲ့နေ့။ဘုံဆိုင်က ကိုယ်ပိုင်ကိုမပြောင်း ကြဘူးလား။ ရွှေ ငွေ စိန်ကျောက်တွေဟာ ဘုံဆိုင်လား-ကိုယ် ပိုင်လား၊ (ဘုံဆိုင်ပါဘုရား)။ ဒါဖြင့် ကနေ့ လှူဒါန်းလိုက်တဲ့ အလှူဒါနဟာ ဘုံဆိုင်လား-ကိုယ်ပိုင်လား၊(ကိုယ်ပိုင်ပါဘုရား)။ ဒါဖြင့် ဆောက်တည်တဲ့ သီလကော ဘုံဆိုင်လား-ကိုယ်ပိုင်လား၊ (ကိုယ်ပိုင်ပါဘုရား)၊ ပွားများတဲ့ ဝိပဿနာဘာဝနာတွေကော ဘုံဆိုင်လား-ကိုယ်ပိုင်လား၊ (ကိုယ်ပိုင်ပါဘုရား)၊ ကိုယ်ပိုင်ချည်း ဘဲ။ ဒါဖြင့် ဦးမြင့်သိန်းတို့ ဒေါ်စိန်စိန်တို့လှူတော့ သူတို့ဒါန ကော ကိုယ်ပိုင်မရသေးဘူးလား၊ ရပြီ။ သီလကော မရသေး ဘူးလား၊ ရပြီ။ ဝိပဿနာတော့ ကိုယ်တိုင်ကိုယ်ကျ အပြည့်အစုံ လုပ်ဖို့ လိုပေလိမ့်ဦးမယ်။

ဒါဖြင့် ဒို့ပရိသတ်ကြီး ဒါကလေး လုပ်ရအောင်။ ငါးမိနစ် လောက်များ မစမ်းချင်ဘူးလား၊ (စမ်းချင်ပါတယ် ဘုရား)။ ဝိပဿနာ လိုမနေဘူးလား၊ (လိုနေပါတယ်ဘုရား)၊ ဝိပဿနာကို နာတော့နာရပြီ၊ ကိုယ်တိုင်ကိုယ်ကျ လုပ်ရပလား၊ တချို့က မလုပ်ရသေးပေဘူး။ ဒါလေးနဲနဲလုပ်ပြီးတော့ တရားပွဲ သိမ်းရ အောင်။

အေး....ဒါကြောင့်မို့ တင်ပလ္လင်ခွေထိုင်ရမယ်။ အမျိုးသမီးတွေ ဒူးပဆစ်တုပ်ထိုင်။ 'မျက်စိကိုမှိတ်၊ ခေါင်းကိုညိတ်၊ ရှူးစိတ် ဗိုက်မှာထား' အေး....ဒါလေး တခေါက်လိုက်ဆိုရအုံးမယ်။

မျက်စိကိုမှိတ်၊ ခေါင်းကိုညိတ်၊ ရှူးစိတ်ဗိုက်မှာထား။

ရှူးစိတ် ဘယ်ထားမလဲ၊ (ဗိုက်မှာပါဘုရား)၊ ဗိုက်မှာ ထား ပါတဲ့၊ ထားပြီးတော့ ဖောင်းတက် လာဘာကလေးကို ဖောင်း တယ်လို့မှတ်ရမယ်၊ ပိန်တော့ ပိန်တယ်လို့ မှတ်ရမယ်။ အဲဒီလို မှတ်နေရုံး ပူလာရင် ဘယ်နှယ်မှတ်ရမလဲ၊ (ပူတယ်လို့မှတ်ရပါ မယ် ဘုရား)၊ နာတော့ကော၊ (နာတယ်လို့မှတ်ရပါမယ်ဘုရား)၊ စိတ်ကူးတော့ကော၊ (စိတ်ကူးတယ်လို့ မှတ်ရပါမယ်ဘုရား)။ ဝိပဿနာရှုတယ်ဆိုတာ ဘာမှမခက်ဘူး။ ထင်ရှား ပေါ်ရုံ လိုက်မှတ်နေရုံဘဲ။ ဒီဝရိယတ်ကြီး ဘုန်းကြီးတို့ ပြန်သွားလဲ ကိုယ့်အိမ်ကိုယ် မှတ်ချင်မှတ်နေ၊ ခန္ဓာက ပြတိုင်း ပြတိုင်း မှတ်၊ ခန္ဓာက နာပြရင် ဘယ်နှယ် မှတ်မတုံး (နာတယ်လို့ မှတ်ပါမယ် ဘုရား)။ ဒီ လက်ကလေး ကွေးရင် ကွေးတယ်လို့၊ ဆန့်ရင်ဆန့်တယ်လို့၊ ထရင် ထတယ်လို့၊ ရေချိုးရင် ဘယ်နှယ် မှတ်မတုံး (ရေချိုးတယ်လို့ မှတ်ပါမယ် ဘုရား) ရေကုံခတ်ယူလာတာ၊ လောင်းချတာ၊ ပွတ်တိုက်တာ၊ ဒီလိုဟာ တွေ မှတ်ရုံပါဘဲ။ ထမင်းချက်ရင် (ချက်တယ်လို့မှတ်ရပါမယ် ဘုရား)၊ မီးဖိုပြင်တာ၊ ထမင်းအိုးထဲ ဆန်ထည့်တာ၊ ရေထည့်တာ၊ မီးဖိုးပေါ်တင်တာ-ဒီလိုဟာတွေ မှတ်ရုံပါဘဲ။

ဒါဖြင့် ဝိပဿနာရှုမှတ်တာ ခက်သလား (မခက်ပါဘုရား) မခက်ပါဘူးတဲ့။ ဒါကြောင့်မို့ ဟောဒီအထဲမှာ မျက်စိကိုမှိတ်၊

ခေါင်းကိုညိတ်၊ ရှူစိတ်ဗိုက်မှာထား။ ပြီးတော့ ရှူပုံရှူနည်း ကလေး နည်းပေးခဲ့ရမယ်။ ဒို့ဝိပဿနာတိုက်ကဆိုတော့၊ တရား ဟောရင် ဝိပဿနာလဲ အသင့်အတင့်တော့ ပါရမယ်၊ ဒါနသီလ လဲ တော်တော် ဟောခဲ့ပါပြီ။ဒါကြောင့် ကိုယ်ပိုင်ဘုံဆိုင်တွေလဲ ပြောခဲ့ပါပြီ။ ဒီအချိန်ကစပြီး ၅-မိနစ်လောက်မှတ်ကြစို့လား။

ခုလိုရှုမှတ်တာဟာ သူများက ပြောတာလား-ကိုယ်ပိုင်မှတ် တာလား(ကိုယ်ပိုင်မှတ်တာပါဘုရား)၊ ဒါဟာ ကိုယ်ပိုင်အလုပ် နော်။ ကိုယ်ပိုင်အလုပ်။ ကိုယ်ပိုင်ရှုမှတ်ရတဲ့ ဝိပဿနာတဲ့။ ဒီတော့ အခု ငါးမိနစ်မှတ်တယ်ဆိုလို့ရှိရင်ဖြင့် တစက္ကန့်မှာအမှတ် ကလေးတမှတ် ထားပါတော့၊ ဝိပဿနာကုသိုလ်လေးတချက် မဖြစ်ဘူးလား(ဖြစ်ပါတယ်ဘုရား)၊ဝိပဿနာ ဘာဝနာကုသိုလ် လေး မဖြစ်ဘူးလား၊ ဖြစ်သွားပြီ။

တစက္ကန့်တမှတ်ဆိုတော့၊တမိနစ် စက္ကန့်ပေါင်းဘယ်လောက် ရှိသလဲ ၆၀။ ဒါဖြင့် တမိနစ်မှာ ကုသိုလ်ပေါင်း ၆၀-ပေါ့။ ငါးမိနစ်ဆိုယင် ဘယ်လောက်ရသွားတုံး ၃၀၀။ ဝိပဿနာ ဘာဝနာကုသိုလ်တွေ ၃၀၀ ဖြစ်မသွားဘူးလား (ဖြစ်သွားပါ တယ်ဘုရား)၊ အဲဒီကုသိုလ်တွေဟာ မှတ်လို့လွယ်အောင် ပြော ရတာ။ အဲဒီ ကုသိုလ်တွေဟာ မျက်စိတမှိတ် လျှပ်တပြက်မှာ စိတ်အကြိမ် ကုဋ္ဌေဘသိန်းကျော် ဖြစ်တယ်တဲ့။ အော် ဒီကုသိုလ် တွေဟာ ကိုယ်ပိုင်ရလိုက်ပြီလို့မှတ်ရမယ်။ဒီအထဲမှာ ဒို့နဲနဲကလေး ရှင်းပေးချင်ပါတယ်။အလှူဒါနနဲ့ ပက်သက်လို့လဲ့ တော်တော် စုံသွားပြီ။သီလကလဲ စောစောကယူခဲ့ကြလို့သီလဝိသုဒ္ဓိစင်ကြယ် နေကြပြီ။ ကနေ့ အလှူ့ဒါယကာ ဦးမြင့်သိန်း၊ အလှူ့အမ

ဒေါ်စိန်စိန်တို့ အကြောင်းပြုပြီး၊ အော်....ကုသိုလ်တော့ဟာ ကုသိုလ်အဆင့်ဆင့် ဝိပဿနာထိအောင် အရယူရတဲ့ နေ့ကြီးလို့ ဆိုပြီးတော့ ဝိပဿနာအစစ်ကလေး နဲနဲပြောပြလိုပါတယ်။

ဒီပရိသတ်ကြီးဟာ အပါယ်လေးပါးမျှား မကြောက်ကြဘူးလား (ကြောက်ပါတယ်ဘုရား)၊ အပါယ်လေးပါး သွားချင်ကြလား (မသွားချင်ပါဘုရား)၊ အပါယ်လေးပါးဆိုတာ ဘယ်ဟာတွေတုံး၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်....ဘယ်လောက်လဲ၊ လေးပါးတဲ့။ အဲဒီက မလွတ်ချင်ဘူးလား (လွတ်ချင်ပါတယ်ဘုရား)၊ လွတ်ချင်တော့ မနက်ကို ဘုရားရှိခိုးတိုင်း အပါယ်လေးပါး၊ ကပ်သုံးပါး လွတ်ပါရစေလို့ ပါးစပ်က မဆိုကြဘူးလား (ဆိုကြပါတယ်ဘုရား)။ ညတိုင်းကော မဆိုကြဘူးလား၊ (ဆိုကြပါတယ်ဘုရား)။

ဒါဖြင့် ဒီပရိသတ်ကြီးမေးမယ်။ အပါယ်လေးပါးပို့တာ ဘယ်သူကပို့တာလဲလို့ မေးရင် ဘယ့်နှယ်ပြောမလဲ (မပြောတတ်ပါဘုရား)၊ တစ်တရားခံ ဘယ်သူကပို့တာတုံး၊ သက္ကာယဒိဋ္ဌိဟဲ့။ ဘယ်သူကပို့တာတုံး (သက္ကာယဒိဋ္ဌိကပို့တာပါဘုရား)။ သက္ကာယဒိဋ္ဌိလို့ အကုသိုလ်လုပ်တာ။ ဒီဒိဋ္ဌိမရှိရင် အကုသိုလ်လုပ်သေးရဲလား (မလုပ်ပါဘုရား)၊သောတာပန်က ဘယ်တရားယ်သလဲ၊ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာပယ်တယ်။ ဒိဋ္ဌိပယ်ရင် ဝိစိကိစ္ဆာလဲပါတာပေါ့။ ဒိဋ္ဌိဆိုရင် သက္ကာယဒိဋ္ဌိ။ ဦးအပါယ်ပို့နေတဲ့ တရားတွေ့ပလား(တွေ့ပါပြီဘုရား)၊ တွေ့ပြီ ဘယ်သူတုံး(သက္ကာယဒိဋ္ဌိပါဘုရား)၊ သူကတိုက်ရိုက်ပို့တာတော့ မဟုတ်ဘူး၊ သူ့ကြောင့် အကုသိုလ်တွေကိုလုပ်တယ်။ အကုသိုလ်တွေလုပ်လို့ အပါယ်ကျတာတဲ့။

ဒါဖြင့် အနာတွေ့ရင် ဆေးမှာရပေဘူးလား (ရှာရပါမယ်ဘုရား)။ အနာတွေ့ပလား (တွေ့ပါပြီဘုရား)၊ ဘယ်သူတုံး အနာက (ဒိဋ္ဌိပါဘုရား)၊ သက္ကာယဒိဋ္ဌိဘဲ။ ဘာဒိဋ္ဌိတုံး(သက္ကာယဒိဋ္ဌိပါဘုရား)၊ သူ့ကိုခွါကြစို့ ။ ဘယ်နည်းနဲ့ကုမလဲ၊ ဘယ်ဆေးနဲ့ကုမလဲ ဆိုလို့ရှိရင် ဒါနနဲ့ခွါလို့ရရဲ့လား(မရပါဘုရား) ဒါနက ကောင်းကျိုးချမ်းသာ၊ လူ့ချမ်းသာ၊ နတ်ချမ်းသာတွေ့မပို့ဘူးလား (ပို့ပါတယ်ဘုရား)၊ ဒါဖြင့် ဒါနပြုရုံနဲ့ ဒိဒိဋ္ဌိကွာရဲ့လား-မကွာဇသေးဘူး။သီလစောင့်ရုံနဲ့ကော ဒိဋ္ဌိကွာရဲ့လား (မကွာသေးပါဘုရား)၊ အဲဒီဒါနသီလက ကောင်းကျိုးချမ်းသာတွေ့တော့ မပို့ဘူးလား(ပို့ပါတယ်ဘုရား)၊ နွို-သမထကကော ကောင်းကျိုးချမ်းသာတွေ့ မပို့ဘူးလား (ပို့ပါတယ်ဘုရား)၊ သမ်ထက ဘယ်ထိအောင်ပို့သလဲ၊ဗြဟ္မာပြည်ထိအောင်ပို့တယ်။ ဒိဒိဋ္ဌိကိုခွါနိုင်ရဲ့လား (မခွါနိုင်ပါဘုရား)၊ မခွါနိုင်ရင် တချိန်ကျ မပြန်ရပေဘူးလား (ပြန်ရပါမယ်ဘုရား)။

ဒိဋ္ဌိသက္ကာ၊ မကွာသမျှ၊ လူတွင်စကြာ၊
နတ်မှာသကြား၊ မိုးမျှားဗြဟ္မာ၊
ဖြစ်တုံပါလည်း၊ ခန္ဓာပျိုကွဲ၊ ကုသိုလ်စုံက၊
ဖေါက်လွဲပါယ်ရွာ၊ ရောက်မြဲသာတည်း။

ဟောဒီသက္ကာယဒိဋ္ဌိမကွာသေးရင်တဲ့၊လူ့ပြေမှာစကြဝဠာမင်းကြီး ဖြစ်နေတောင်မှ တချိန်ကျတော့ ဘယ်သွားရအုံးမှာတုံး၊ အပါယ်မပြန်ရဘူးလား(ပြန်ရမှာပါဘုရား)၊ ဘာ့ကြောင့် ပြန်ရအုံးမှာတုံး၊ ဒိဋ္ဌိမကွာသေးလို့တဲ့။ ဒါဖြင့် နတ်ပြည်မှာ သိကြားမင်းကြီး ဖြစ်နေရင်ကော မပြန်ရဘူးလား(ပြန်ရပါမယ်

ဘုရား)၊ ဘဉ့်ကြောင့်လဲ(ဒိဋ္ဌိမကွာသေးလို့ပါဘုရား)၊ မိုးဖျားမှာ ဗြဟ္မာမင်းကြီး ဖြစ်ဒေရင်ကော မပြန်ရဘူးလား (ပြန်ရပါမယ်ဘုရား)။

အကြိုက်ဆုံးတရား

ဒါကြောင့် ဘုန်းကြီးတရားဟောလို့ရှိရင် အချိုးမှမ်းခံရဘူးတယ်။ အရှင်ဘုရားဟောတဲ့တရားလေး တပည့်တော် ကြိုက်လိုက်တာဘုရားတဲ့။ ဟဲ့ ဒကာကြီး ဘယ်တရားတုံး၊ သစ္စဝါလေးပါးလား၊ မဟုတ်ဘူး။ ခန္ဓာငါးပါးလား၊ မဟုတ်ဘူး။ ရုပ်နာမ်နှစ်ပါးလား၊ မဟုတ်ဘူးတဲ့။ တရားပွဲသိမ်းကြစို့ဆိုတာ အကြိုက်ဆုံးဘဲတဲ့။ (ရယ်သံများ)

ဒ့်ပရိသတ်ကြီးကြိုက်လား၊ ဘုန်းကြီးဟောတဲ့အထဲ ဘယ်ဟာ အကြိုက်ဆုံးလဲ။ သိမ်းလုပါပြီ၊ နဲနဲလိုတော့တယ်။ ဒကာကြီး တယောက်က ဘုန်းကြီးလျှောက်နေတာ။ အရှင်ဘုရားဟောတဲ့အထဲ တပည့်တော်ကြိုက်တာလေးပါတယ်ဘုရား ၊အဟုတ်လား လို့ ဘုန်းကြီးကဝမ်းသာလို့ ငါရုပ်နာမ်များအခွဲကောင်းလို့လား၊ ခန္ဓာတွေများ အခွဲကောင်းလို့လား၊ သစ္စာ အာယတနဓာတ်တွေလားဆိုတော့ မဟုတ်ဘူးတဲ့။ ဘာကြိုက်တာတုံးဆိုတော့ တရားပွဲသိမ်းကြစို့ဆိုတာလေး... တဲ့၊ ဟုတ်လား။ ဒီပွဲကြီးလဲ ဒီလိုနေကောင်းနေလိမ့်မယ်။ အေး-ဒါကြောင့်မို့ ခုနကအပါယ်ပို့နေတာ ဘယ်သူတဲ့ ဒီဌိ။ ဒီဌိခုါကြစို့လား။ ဒီဌိမကွာရင် ဒို့အပါယ်ကလွတ်မလား(မလွတ်ပါဘုရား)။

မဲ့လျှော့နေတဲ့ ပုထုဇဉ်တွေရဲ့ အိမ်ပိုင်ယာပိုင်တွေဟာ ဘယ်မှာလဲမေးရင် ဘယ့်နှယ်ပြောမလဲ။ အပါယ်လေးပါးဘဲ။ ဘယ်

မတုံး အပါယ်လေးပါး ဟုတ်ကြရဲ့လား။ ယခုလူ့ဘဝ ရောက်နေတယ်မဟုတ်လားဆိုယင် ဒါက ခဏအလယ်လာတာ ရှေးကုသိုလ်ကံကပို့လိုက်လို့ ခေတ္တအလယ်လာတာပါ။ ပြီးတော့ ဘယ်ပြန်မှာလဲ၊ ကိုယ့်အိမ်ကိုယ်ပြန်မှာ။ မန္တလေးဘုရားဖူးသွားရင် အိမ်မပြန်ဘူးလား (ပြန်မှာပါဘုရား) တရားနာတဲ့ လူတွေကော ဘယ်ပြန်မှာလဲ (အိမ်ပြန်မှာပါဘုရား) နောက်ကျတော့ ဟိုအိမ်ပြန်မှာ။ လူမွဲတွေ လူဆင်းရဲတွေ မထင်ကြနဲ့။ တိုက်ကြီး ရှစ်ထပ်မရှိကြဘူးလား (ရှိပါတယ်ဘုရား) ဘယ်နှစ်ထပ်ရှိတုံး၊ ဘယ်သူများတုံး၊ သိဉ္ဇိုင်း၊ ကာလသုတ်ဟုတ်လား။ အောက်ဆုံး အထပ်နေရမကောင်းဘူးလား။ အထက်ထပ်တွေက ဆင်းရတက်ကနဲ့ အောက်ဆုံးကဘယ်သူတုံး (အဝီစိပါဘုရား) အောက်မယ် ဒို့ပိုင်တာဟုတ်လား။

မနေ့ကတောင်မှ ဒီလူတွေလျော့နေတယ်၊ ဘယ်သွားကြတုံး၊ အလယ်သွားကြတယ်။ ဟဲ့-ဘယ်သူလိုက်သွားတုံး၊ ဒိဋ္ဌိလိုက်သွားတယ်။ ဒိဋ္ဌိပါကြရဲ့လား၊ ဒိဋ္ဌိပါတယ်။ ဒိဋ္ဌိကွာပလား၊ မကွာသေးယင် သူကပြန်ခေါ်ဘို့လိုက်စောင့်နေတာ မျက်ခြေအပြတ်မခံဘူး။ မြင်ယင်လဲ ငါမြင်တယ်တဲ့။ စားယင်လဲ ငါစားတယ်၊ သွားယင်လဲ ငါသွားတယ်တဲ့။ ဒီလိုပြောနေတယ်။ အဲဒါလေးကို ဒို့ပရိသတ်ကြီး ရှင်းပြခဲ့မယ်။ ဒို့အပါယ်ပို့တာ ဘယ်သူတဲ့ (ဒိဋ္ဌိပါဘုရား)။

စတ္တာရောအပါယာ သက ဂေဟာ သဒိသာ။

ပုထုဇဉ်တွေရဲ့ အိမ်ပိုင်ယာပိုင်ကတော့ အပါယ်လေးပါးတဲ့။ အပါယ်လေးပါးထဲက ငရဲမှာအထပ်ကြီး ဘယ်နှစ်ထပ်တဲ့၊ ရှစ်

ထပ်။ အဲဒီတော့ ဘယ်အထပ်ကကျမလဲ၊ အပေါ်ထပ်ကဆို သက်သာဒသးရဲ့၊ အောက်ဆုံးအထပ်ကဆိုပီးရော။ အေး- ဒါကြောင့်မို့ ဟောဒီအထပ်တွေကလွတ်အောင် ဘာလုပ်ရမလဲဆိုတော့ သတီပဋ္ဌာန်ကိုလုပ်ပါတဲ့။ ခုက ဒို့ပရိသတ်ကြီး တရားအားထုတ်ကြတယ်၊ အားထုတ်ပြီးကြပြီမဟုတ်လား (ပြီးပါပြီဘုရား) ဖောင်းတယ်လို့ မမှတ်ကြဘူးလား (မှတ်ပါတယ်ဘုရား) ဖောင်းတာကရုပ်တရား၊ မှတ်တာက နာမ်တရား၊ ဖောင်းတာကဘာတုံး(ရုပ်တရားပါဘုရား) မှတ်တာက (နာမ်တရားပါဘုရား) နာမ်ဆိုတာ ဘယ်သူ့ခေါ်သတုံးဆိုရင် သိတဲ့စိတ်ကလေး ခေါ်တယ်။ အသိကလေးဘဲ။ အသိကလေးက ဘာသိတာလဲ အိမ်လို့သိတာ၊ ကျောင်းလို့သိတာလဲ နာမ်ကသိတာဘဲ။

ဒို့ အခု ဖောင်းတယ်လို့ မမှတ်ကြဘူးလား၊ မှတ်တော့ ဖောင်းတာလေးမသိဘူးလား (သိပါတယ်ဘုရား) ငါက သိတာလား နာမ်ကသိတာလား (နာမ်ကသိတာပါဘုရား) ငါသိတယ်ဆိုရင် မှားသလား မှန်သလား (မှားပါတယ်ဘုရား) ဖောင်းတာ နာမ်လားရုပ်လား (ရုပ်တရားပါဘုရား) အေး....ရုပ်တရားဘဲ။ ဒါဖြင့် ရုပ်နဲ့နာမ်မရှိဘူးလား (ရှိပါတယ်ဘုရား) ရုပ်နဲ့နာမ်ဟာ အရှိတရားလား မရှိတရားလား (အရှိတရားပါဘုရား) မြဲကောမြဲရဲ့လား (မမြဲပါဘုရား) ဘယ်အချိန်ရှိတုံး (ပေါ်တဲ့အချိန်ရှိပါတယ်ဘုရား) ပေါ်တဲ့အချိန်မှာရှိတယ်။ မြဲကောမြဲရဲ့လား (မမြဲပါဘုရား) ဒီဟာလေးကို ရှင်းအောင်ပြောလိုက်မယ်။

မြစ်ထဲရေရှိရဲ့လား (ရှိပါတယ်ဘုရား) အမြဲတန်းစီးမနေဘူးလား (စီးနေပါတယ်ဘုရား) မြဲကောမြဲရဲ့လား (မမြဲပါဘုရား)

ရှေ့ကရေတွေကစီးသွား၊ နောက်ကရေတွေက အမှိုလိုက်မလာ ဘူးလား (အမှိုလိုက်လာပါတယ်ဘုရား) အမှိုလိုက်လာတော့ ရေတွေက အမျှင်ပြတ်သေးရဲ့လား (မပြတ်ပါဘုရား) အမျှင် မပြတ်တော့ဘူး။ အမျှင်မပြတ်ခြင်းကြောင့် ဒီမြစ်ထဲမှာ ဘာရှိ တယ်ပြောရသလဲ (ရေရှိတယ်လို့ ပြောပါတယ်ဘုရား) အေး— ရေရှိတယ်လို့ မပြောကြဘူးလား။ ဒို့ရုပ်နာမ်တွေကကော ပျက် သွားရင် နောက်က အသစ်ဆက်လိုက်မလာဘူးလား (လိုက်လာ ပါတယ်ဘုရား) ဒါကြောင့် ရုပ်နာမ်တွေ့ဟာ အရှိတရားလား မရှိတရားလား (အရှိတရားပါဘုရား) အဲဒီအရှိတရားကို ဘာ လို့ခေါ်သလဲ (သက္ကာယလို့ခေါ်ပါတယ်ဘုရား) အဲဒီ သက္ကာ ယကို ဘယ်လိုခေါ်သလဲ ရုပ်နဲ့နာမ်။ ရုပ်နာမ်ကိုဘာခေါ်တယ် (သက္ကာယပါဘုရား) အရှိတရားကို ပါဋိလို သက္ကာယလို့ခေါ် တယ်။ မြန်မာလိုအရှိတရား။ အဟုတ်ရှိ တကယ်ရှိတရားပေါ့။ ရုပ်တရားတွေ နာမ်တရားတွေဘဲ၊ ဖောင်းတယ်လို့ မှတ်လိုက် တော့၊ ဖောင်းတာရုပ်၊ မှတ်တာနာမ်။ တွေ့ပလား (တွေ့ပါပြီ ဘုရား) တွေ့လို့ရှိရင် ငါကမှတ်တာလား နာမ်ကမှတ်တာလား (နာမ်ကမှတ်တာပါဘုရား) နာမ်ကမှတ်တာဆိုရင် ငါမရှိမှန်း သိရင် ဒိဋ္ဌိကွာတာဘဲ။ သက္ကာယတွေ့ပြီလား (တွေ့ပါပြီဘုရား) ဒါဖြင့် ငါကောင်ရှိသေးလား (မရှိပါဘုရား)။

ကဲ....မှတ်တာကနာမ်ဆိုရင် ဒိဋ္ဌိပါသေးလား(မပါပါဘုရား) ငါကမှတ်တာဆိုရင် ဘာပါလာတုံး (ဒိဋ္ဌိပါပါတယ်ဘုရား) ငါဆိုတာဘာတုံး ဒိဋ္ဌိ၏စွဲစရာပါဘဲ။ မှတ်နေတာကနာမ်။ မှတ် တာနဲ့ငါနဲ့ တခုထဲလား နှစ်ခုလား (နှစ်ခုပါဘုရား) နှစ်ခုဆိုရင်

မှတ်တာနဲ့ငါဲ့ တခြားစီပေါ့ (မှန်ပါဘုရား) ဖောင်းတာထဲကော ငါပါဲ့လား (မပါပါဘုရား) ပေါ့ရင် ဖောင်းတာက တခြား ငါတခြားပေါ့ (တခြားစီပါဘုရား)။

ဖောင်းတာကတခြား၊ ငါတခြား၊ ကွဲပြားသဲလျှင်၊ ဒိဋ္ဌိဝင်။
မှတ်တာတခြား၊ ငါတခြား၊ ကွဲပြားသဲလျှင်၊ ဒိဋ္ဌိဝင်။

အဲဒီလို ဖောင်းတဲ့အထဲလဲ ငါမပါဘူး၊ မှတ်တဲ့အထဲလဲ ငါမပါဘူး၊ ဖောင်းတာနဲ့မှတ်တာဟာ နာမ်နဲ့ရုပ်ဘဲလို့ ကဲ့သိလျှင်၊ နာမရူပ ပရိဇ္ဆေဒဉာဏ်တဲ့။ ဒီကစပြီး ဆက်လက်အားထုတ်လို့ ဉာဏ်စဉ်တွေတက်သွားရင် ခန္ဓာဇာတ်သိမ်း၍ ချုပ်ငြိမ်းရာ ကနေရောက်နိုင်ပါတယ်တဲ့။ ဒီခန္ဓာဇာတ်သိမ်းမှ ဒုက္ခငြိမ်းမည်။

လက်ရှိခန္ဓာ မခင်တွယ်နဲ့

ဒါကြောင့် အိုရတာဘာကြောင့်တုံး၊ နာရတာ ဘာကြောင့်တုံး (ခန္ဓာကြောင့်ပါဘုရား) ကဲ....လိုက်ဆိုကြ။

ကြိမ်ဖန်များစွာ၊ အိုရတာ၊ ခန္ဓာရှိလို့ဘဲ။
ကြိမ်ဖန်များစွာ၊ နာရတာ၊ ခန္ဓာရှိလို့ဘဲ။
ကြိမ်ဖန်များစွာ၊ သေရတာ၊ ခန္ဓာရှိလို့ဘဲ။

ဘယ်သူ့ကြောင့်သေရတုံး၊ ခန္ဓာရှိလို့ သေကြရတာနော်။ ဘဝတိုင်းဘဝတိုင်း ဒို့မသေခဲ့ရဘူးလား (သေခဲ့ရပါတယ်ဘုရား) ဒို့ဘယ်ဘဝက လာကြတာတုံး၊ မွေးသေဘဝက လာခဲ့ကြတယ်။ ခုဘယ်ရောက်နေကြတုံး၊ မွေးသေဘဝရောက်နေကြတယ်။ ဘာလို့တော့တုံး၊ ခုဘဝ မွေးပြီးပြီမဟုတ်လား

(မှန်ပါဘုရား) ဘာကျန်တော့တုံး၊ သေဘိုဘဲကျန်တော့တယ်။ သေဘိုနီးလာပြီလား (နီးလာပါပြီဘုရား) ဒါပေမဲ့ ရက်အကန့်အသတ်မရှိဘူး။ တော်တော်နဲ့တော့ မသေကြသေဘူးပေါ့။

ဒါကြောင့်မို့ မြတ်စွာဘုရားက ဟောဒီခန္ဓာကြီးကို လက်ရှိခန္ဓာ မခင်တွယ်ကြနဲ့၊ လက်ရှိခန္ဓာဆိုတာ ဘယ်မှာတုံးလို့ မေးရင်၊ ဒီဒီအနားထိုင်နေကြတာ လက်ရှိတွေလား လက်မဲ့တွေလား (လက်ရှိတွေပါဘုရား) လက်ရှိခန္ဓာတွေဘဲ။ လက်မဲ့ခန္ဓာ မတောင့်တနဲ့တဲ့။ လက်ရှိခန္ဓာဆိုတာ ဘယ်ထိအောင် ပါမှာလဲ ဆိုတော့ စုံတိစိတ်ဆိုတဲ့ သေချိန်အထိပါမှာ။ စုဘိစိတ်ပြတ်စဲပြီး သေသွားတဲ့အခါကျရင် မပစ်ခဲ့ရဘူးလား (ပစ်ခဲ့ရမှာပါဘုရား) သေပြီးတဲ့ဟိုဘက်ကျတော့ ခန္ဓာတခု သွားမရကြပေဘူးလား (ရကြမှာပါဘုရား) ဘယ်ခန္ဓာသွားရမယ်ဆိုတာ သိကြရဲ့လား (မသိပါဘုရား) အေး....မသိကြဘူးတဲ့။

အေး....ခုနက ကျောက်ခဲတွေများ မှားသွင်းထားရင် ဘယ် ခန္ဓာသွားမလဲ (အောက်သွားမှာပါဘုရား) အပါယ်လေးပါး သွားမယ်။ ဒီဒကာ ဒကာမတွေ ဆီဦးထောပတ် သွင်းမထားဘူးလား၊ ထောပတ်သွင်းထားရင် အောက်မသွားတော့ဘူး။ ဒါကြောင့်မို့ လက်ရှိခန္ဓာလဲ မခင်တွယ်နဲ့၊ လက်မဲ့ခန္ဓာလဲ မမျော်မှန်းနဲ့ မတောင့်တနဲ့၊ ခန္ဓာဟူသမျှ မကောင်းဘူးတဲ့။ "ခန္ဓာဟူသမျှ ဒုက္ခပေးသည်၊ ဘယ်ဘဝမှလဲ အမြဲမတည်" ဆိုကြ။

(ခန္ဓာဟူသမျှ ဒုက္ခပေးသည်၊ဘယ်ဘဝမှလဲ အမြဲမတည်) ဘယ်ခန္ဓာမှ အမြဲမတည်ဘူး။ ဒုက္ခပေးတဲ့ ခန္ဓာရယ်လို့ရှိရဲ့လား (မရှိပါဘုရား) အေး....ဒါကြောင့် ခန္ဓာဟူသမျှ ဒုက္ခ

ပေးသည်၊ ဘယ်ဘဝမှလဲ အမြဲမတည်၊ ငရဲမှာလဲ ခံခဲ့ကြရပါ ပြီ။ မခံခဲ့ကြရဘူးလား (ခံခဲ့ကြရပါတယ်ဘုရား) ရောက်ဖူးကြ လား ငရဲလဲကျဘူးတာချည်းဘဲ၊ နတ်ပြည်မှာစံခဲ့ရပါပြီ။ နတ် ပြည်ရောက်ဖူ ကြလား၊ နတ်ပြည်လဲ ရောက်ဖူးခဲ့ကြတာချည်းဘဲ။ သုဒ္ဓါဝါသ- ဘူးမရ ဆိုသောကြောင့် သုဒ္ဓါဝါသ ၅-ဘုံ သာ ရောက်းဖူးတဲ့လူမရှိတာ၊ ကျန်တဲ့ဘုံအားလုံးတော့ ရောက် ဖူးကြတဲ့သူချည်းဘဲ။ အဲဒါကြောင့်မို့ ဟောဒီ ခန္ဓာကြီးဟာ ကောင်းတာ ဘာဘာခုမှမရှိဘူးတဲ့။ လက်ရှိခန္ဓာလဲ မခင်တွယ်နဲ့၊ လက်မဲ့ခန္ဓာလဲ မတောင့်တနဲ့၊ လက်မဲ့ခန္ဓာ တောင့်တတယ် ဆိုတာ ဘာလဲ။

ကိုင်း ဒါလေးရှင်းကြအုံးစို့ရဲ့။ ဒို့ကနေ့ ကုသိုလ်ကောင်း မှုတွေ့ မပြုကြဘူးလား၊ ခုလို ဦးမြင့်သိန်းတို့ ဒေါ်စိန်စိန်တို့လို သိန်းကုန် သောင်းကုန်မပြုနိုင်သော်လဲ ဒို့တတွေ နေ့စဉ်နဲ့အမျှ တတ်နိုင်သမျှ စားဦး စားဖျားလေး လှူတန်းမနေကြဘူးလား (လှူကြပါတယ်ဘုရား)။ ဒါဖြင့်ဒို့တတွေ ကုသိုလ်တွေ့မလုပ်ကြ ဘူးလား။ အေး....ဒီလိုအလှူကြီး အတန်းကြီးတွေ့ကော မိမိတို့ စွမ်းအား ရှိသလောက် မပေးလှူကြဘူးလား (လှူကြပါတယ် ဘုရား)။

အဲဒီလို ပေးလှူတဲ့အခါကျတော့ ဒီကုသိုလ်လေးကြောင့် တပည့်တော်တို့တတွေ့ သူဋ္ဌေးကြီးတွေ့ ဖြစ်ရပါလို့၏၊ သူကြွယ် ကြီးတွေ့ ဖြစ်ရပါလို့၏လို့ ဆုမတောင်းကြဘူးလား (ဆုတောင်း ကြပါတယ်ဘုရား)၊ ဒါဖြင့် ဒီခန္ဓာတောင် မကဘူး၊ ဟိုဘက် ခန္ဓာတောင် လှမ်းမခင်တွယ်ဘူးလား (ခင်တွယ်ပါတယ်ဘုရား)၊

ဒါကြောင့် မြတ်စွာဘုရားက လက်ရှိခန္ဓာမခင်တွယ်နဲ့၊ လက်မဲ့ခန္ဓာ မတောင့်တနဲ့လို့ ဟောတော်မူခဲ့တာဘဲ။

ကဲ မှတ်တာလေး ပြန်ရှင်းကြအုံးစို့။ မှတ်တာနဲ့ ငါနဲ့ဆိုရင် နှစ်ခု။ မှတ်နေတာကနာမ်၊ ငါထင်တာက ဒိဋ္ဌိ။ဒိဋ္ဌိ ငါနဲ့မကွဲဘဲ နေပုံကတော့ ငါမှတ်တာက၊ ငါဖောင်းတာက စသည်ဖြင့် ထင်နေတာဘဲ။ ထမင်းစားနေတာ ရုပ်လား၊ နာမ်လား (ရုပ်ပါဘုရား)၊ ထမင်းစားတာဘာတုံး (ရုပ်တရားပါဘုရား)၊ ငါစားတယ်လို့ ဆိုရင် ဘာငင်လာတုံး (ဒိဋ္ဌိဝင်လာပါတယ်ဘုရား) ဘယ်သူကဒိဋ္ဌိတုံး၊ ငါထင်တာကဒိဋ္ဌိ။ မမှားဘူးလား(မှားပါတယ်ဘုရား)၊ စားတာဟာ ရုပ်က စားတာမဟုတ်ဘူးလား။

ဒါဖြင့် တရားရှုမှတ်လိုက်လို့ စားတာရုပ်တဲ့ဟာလို့ သိရင် ငါပါသေးလား (မပါ,ပါဘုရား)၊ ဒိဋ္ဌိရှိသေးလား (မရှိပါဘုရား)၊ ဒိဋ္ဌိမကွာဘူးလား (ကွာပါတယ်ဘုရား)။ ဝိပဿနာလုပ်တော့ ဒိဋ္ဌိမကွာဘူးလား (ကွာပါတယ်ဘုရား)၊ ဒိဋ္ဌိကွာရင် အပါယ်က မလွတ်ဘူးလား(လွတ်ပါတယ်ဘုရား)၊ အဲဒါကြောင့် အော် ဒို့တတွေ ရုပ်နာမ်မြင်အောင်မကြည့်ရဖေဘူးလား(ကြည့်ရပါတယ်ဘုရား)။ ရုပ်နာမ်မြင်ရင် ဒိဋ္ဌိမစင်ဘူးလား (စင်ပါတယ်ဘုရား)။

ဒါဖြင့်မှတ်နေတာ ရုပ်လား၊ နာမ်လားလို့ မေးရင် ဘယ်နှယ်ပြောမလဲ(နာမ်ပါဘုရား)၊ နာမ်သက်သက်လား၊ ငါမပါဘူးလား(မပါ,ပါဘုရား)၊ ယောကျ်ားမိန်းမ မပါဘူးလား၊ပုဂ္ဂိုလ်သတ္တဝါကော မပါဘူးလား (မပါ,ပါဘုရား)၊ မပါရင် နာမ်သက်သက်ပဲ။ နာမ်ချည့်သက်သက်လို့ သိရင် ဒိဋ္ဌိမစင်ဘူးလား

(စင်ပါတယ်ဘုရား)၊ ဖောင်းနေတာရုပ်လာ၊၊ နာမ်လား (ရုပ်ပါဘုရား)ဘယ်သူပါတုံး၊ ငါကဖောင်းတာလား၊ ရုပ်ကဖောင်းတာလား (ရုပ်ကဖောင်းတာပါဘုရား)။ ဒါဖြင့် ရုပ်နာမ်တွေ့ပလား (တွေ့ပါပြီဘုရား)၊ ရုပ်နာမ်မြင်ရင် ဘာစင်တုံး (ဒိဋ္ဌစင်ပါတယ်ဘုရား) ကဲ....တခေါက်ဆို ...

ရုပ်နာမ်မြင်လျှင်၊ သူငါစင်၊ ပါယ်ခွင်လွတ်လေသည်း

(ရုပ်နာမ်မြင်လျှင်၊ သူငါစင်၊ ပါယ်ခွင်လွတ်လေသည်။)

ရုပ်နာမ်မြင်ရင် ဘာစင်တုံး၊ သူငါမစင်ဘူးလား(စင်ပါတယ်ဘုရား) အပါယ်ကမလွတ်ဘူးလား (လွတ်ပါတယ်ဘုရား)၊ ကဲ တခေါက်ဆိုကြအုံးစို့ရဲ့။ ရုပ်နာမ်မြင်လျှင်၊ ဒိဋ္ဌစင်၊ ပါယ်ခွင်လွတ်သေလည်။

(ရုပ်နာမ်မြင်လျှင်၊ ဒိဋ္ဌစင်၊ ပါယ်ခွင်လွတ်လေသည်။)

ဘယ်ကလွတ်သွားတုံး(အပါယ်က လွတ်သွားပါတယ်ဘုရား) ရုပ်နာမ်မမြင်ဘဲနဲ့ ဒိဋ္ဌစင်ပါ့မလား (မစင်ပါဘုရား)၊ ဝိပဿနာမလုပ်ဘဲနဲ့ ရုပ်နာမ်မြင်ပါ့မလား (မမြင်ပါဘုရား)။ ကဲ တခေါက်ဆိုကြရအောင်....

ဝိပဿနာအလုပ် အာ မထုတ်လျှင်

ဝိပဿနာအလုပ်၊အားမထုတ်ခဲ့ပါလျှင်၊နာမ်နဲ့ရုပ်ကိုမမြင်။

(ဝိပဿနာအလုပ်၊ အားမထုတ်ခဲ့ပါလျှင်၊ နာမ်နဲ့ရုပ်ကိုမမြင်။)

နာမ်ရုပ်မြင်ရဲ့လား (မမြင်ပါဘုရား) မမြင်ဘူး။ ဘာလို့ မမြင်တာတုံး၊ ဝိပဿနာအလုပ် အားမထုတ်လို့ မမြင်တာ။

ဝိပဿနာအလုပ်၊ အားမထုတ်ခဲ့ပါလျှင်၊ နာမ်နဲ့ရုပ်ကို မမြင်၊ အမှာ ဒိဋ္ဌိမစင်၊ အနှုပုထုဇဉ်။

အန္ဓဆိုတာ ဘာခေါ်ကြတာတုံး၊ အကန်းတဲ့။ ဘာကန်းတာတုံး၊ ဥာဏ်ကန်းတာ။ ရုပ်နာမ်ကို အမေမွေးတဲ့ မျက်စိနဲ့ကြည့်မှာလား (ဥာဏ်မျက်စိနဲ့ကြည့်မှာပါဘုရား)၊ ဥာဏ်မျက်စိကန်းနေရင် ရုပ်နာမ်ကို မြင်သေးရဲ့လား (မမြင်ပါဘုရား)၊ မမြင်တော့ ဒိဋ္ဌိကွာရဲ့လား(မကွာပါဘုရား) ဘာပြုလို့မမြင်သလဲ၊ ဝိပဿနာမလုပ်လို့မမြင်တာ။ ဝိပဿနာမလုပ်ဘဲနဲ့ နာမ်ရုပ်ကို မြင်ရဲ့လား(မမြင်ပါဘုရား)၊ မမြင်ရင် ဒိဋ္ဌိစင်ရဲ့လား (မစင်ပါဘုရား)၊ မစင်ရင် အန္ဓပုထုဇဉ်မခေါ်ဘူးလား (ခေါ်ပါတယ်ဘုရား)၊ ခေါ်ရင်အပါယ်ခွင်က လွတ်ကဲ့လား(မလွတ်ပါဘုရား) အပါယ်ခွင်က မလွတ်သေး၊ နိဗ္ဗာန်ချမ်းသာနှင့်ဝေး .... ကဲ တခေါက်ဆိုရအောင်၊

ဝိပဿနာအလုပ်၊ အားမထုတ်ခဲ့ပါလျှင်၊
နာမ်နဲ့ရုပ်ကိုမမြင်၊ အမှားဒိဋ္ဌိမစင်၊ အန္ဓပုထုဇဉ်၊
အပါယ်ခွင်ကမလွတ်သေး၊ နိဗ္ဗာန်ချမ်းသာနှင့်ဝေး။

ဒါဖြင့် ဝိပဿနာမလုပ်ဘဲနဲ့ အာပေါက်အောင်ကို နိဗ္ဗာန်ကို ရရပါလို၏ ဆိုနေရုံနဲ့ နီးသလား-ဝေးသလား (ဝေးပါတယ်ဘုရား)၊ ဘာကြောင့် နိဗ္ဗာန်နဲ့ဝေးသလဲဆိုရင် ရုပ်နာမ်ကိုမမြင်သေးတဲ့ အန္ဓပုထုဇဉ်ဖြစ်နေလို့ဘဲ။ အန္ဓပုထုဇဉ်ဟာ အပါယ်မှလဲ မလွတ်သေးဘူး။ ဘာကြောင့် အပါယ်မှမလွတ်သလဲဆိုယင် ဒိဋ္ဌိမစင်လို့။ ဘာကြောင့်ဒိဋ္ဌိမစင်တုံး ရုပ်နာမ်မမြင်လို့။ ရုပ်နာမ်မမြင်တာ ဘာကြောင့်တုံး ဝိပဿနာမလုပ်လို့ဘဲ။

ဒါဖြင့် ဒို့ဝိပဿနာလုပ်ရင်၊ တရားအားထုတ်ရင်၊ ရုပ်နာမ် မမြင်ပေဘူးလား (မြင်ပါတယ်ဘုရား)၊ ခုနကမှတ်တော့ ရုပ်နာမ်မမြင်ဘူးလား (မြင်ပါတယ်ဘုရား)၊ ရုပ်နာမ်မြင်ရင် ဒိဋ္ဌိစင်မသွားဘူးလား (စင်သွားပါတယ်ဘုရား)။ အေးဒါကြောင့် အဲဒီလို ရုပ်နာမ်မြင်ရင်တော့ ဒိဋ္ဌိစင်ပြီး။

ဒါဖြင့် ဒီရုပ် ဒီနာမ်တွေ မြဲသလားလို့ ကြည့်ကြအုံးစို့။ ဖောင်းတာလေးကြည့်တော့ ပေါ်လာပြီး ပျောက်မသွားဘူးလား (ပျောက်သွားပါတယ်ဘုရား)၊ ဒါဖြင့် ဒို့ခုနက ရှုမှတ်လိုက်တဲ့အထဲက ဖောင်းတာပိန်တာကို မြင်ကြရဲ့လား (မြင်ကြပါတယ်ဘုရား) ပေါ်ကြရဲ့လား (ပေါ်ပါတယ်ဘုရား)၊ ရုပ်နာမ်ပါရဲ့လား (ပါပါတယ်ဘုရား)၊ ဖြစ်ပျက်ကော ပါကြရဲ့လား (ပါပါတယ်ဘုရား)။ ဖောင်းတာမှတ်တော့ ဖြတ်ဆို ပျောက်မသွားဘူးလား (ပျောက်သွားပါတယ်ဘုရား)၊ ဒါဖြင့် ဒို့ခုနက ရှုမှတ်လိုက်တဲ့အထဲက ဖောင်းတာပိန်တာကို မြင်ကြရဲ့လား (မြင်ကြပါတယ်ဘုရား) ပေါ်ကြရဲ့လား (ပေါ်ပါတယ်ဘုရား)၊ ရုပ်နာမ်ပါရဲ့လား (ပါပါတယ်ဘုရား)၊ ဖြစ်ပျက်ကော ပါကြရဲ့လား (ပါပါတယ်ဘုရား)။ ဖောင်းတာမှတ်တော့ ဖြတ်ဆို ပျောက်မသွားဘူးလား (ပျောက်သွားပါတယ်ဘုရား)၊ ပေါ်လာတာလေးက ဖြစ်တာမဟုတ်လား (ဟုတ်ပါတယ်ဘုရား)။ အပြီးသတ်ကျတော့ ဖြတ်ဆိုပျောက်မသွားဘူးလား (ပျောက်သွားပါတယ်ဘုရား)၊ အဲဒါပျက်သွားတာ မဟုတ်လား (ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်က စာအုပ်ထဲမှာလား-ခန္ဓာမှာလား (ခန္ဓာမှာပါဘုရား)၊ ခန္ဓာမှာတဲ့။ ပါးစပ်နဲ့ရွတ်တာလား-ဉာဏ်မျက်စိနဲ့ကြည့်တာလား (ဉာဏ်နဲ့ကြည့်တာပါဘုရား)၊ ဘာဉာဏ်နဲ့ကြည့်မတုံး၊ ဝိပဿနာဉာဏ်နဲ့ကြည့်။ သေသေချာချာကြည့်လိုက်။ မိမိခန္ဓာမှာ ပူတာလေးကြည့်လိုက်၊ ပူတာလေး ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)၊ အဲဒါ အဖြစ်လား-

အပျက်လား (အဖြစ်ပါဘုရား)၊ ပူတယ်ပူတယ်လို မှတ်ဆိုတာ ပါးစပ်ကဆိုတာ ပြောတာမဟုတ်ဖူး၊ ဥာဏ်နဲ့စိုက်ကြည့်ဘိုပြောတာ ။ အဲဒီဥာဏ်လေးနဲ့ စိုက်ကြည့်တော့ ဖြတ်ဆို ပျောက်မသွားဘူးလား (ပျောက်သွားပါတယ်ဘုရား)၊ အဲဒါဟာ ပျက်သွားတာဘဲ (မှန်ပါ့ဘုရား)၊ ပေါ်ပြီး ပျောက်သွားတာတွေ့တော့ ဖြစ်ပျက်တွေ့တာ မဟုတ်လား (မှန်ပါ့ဘုရား)။

ဒါဖြင့် ဘယ်နေရာက ပေါ်ပေါ် မြင်ရင် မြင်တယ်လို့မှတ်။ မြင်တာလေးဖြစ်ပြီး ပျက်မသွားဘူးလား (ပျက်သွားပါတယ်ဘုရား)၊ ကြားတာကလေးလဲ ပေါ်ပြီး ပျောက်မသွားဘူးလား ဒါဖြင့် ဖြစ်ပျက်တွေ မတွေ့ဘူးလား (တွေ့ပါတယ်ဘုရား)၊ ဘယ်နေရာက မှတ်မှတ်၊ ဖြစ်ပျက်တွေ မတွေ့ဘူးလား။ နံတာလေးကကော ပေါ်ပြီး ပျောက်မသွားဘူးလား (ပျောက်သွားပါတယ်ဘုရား)၊ စားတာလေးကကော စားပြီး ပျောက်မသွားဘူးလား (ပျောက်သွားပါတယ်)၊ ထိတွေ့တာလေးကကော ထိပြီး ပျောက်မသွားဘူးလား (ပျောက်သွားပါတယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်တွေ့ကြပလား (တွေ့ပါပြီဘုရား)၊ ဖြစ်ပြီး ပျက်နေတာ မြဲလို့လား–မမြဲလို့လား (မမြဲလို့ပါဘုရား)၊ မမြဲရင်ဘာခေါ်တုံး (အနိစ္စပါဘုရား)။ အဲဒီအနိစ္စကို ပါးစပ်ကဆိုတာလား–ဥာဏ်မျက်စိနဲ့မြင်တာလား (ဥာဏ်နဲ့မြင်တာလာပါဘုရား)၊ စာအုပ်ထဲက အနိစ္စလား (မဟုတ်ပါဘုရား)၊ သူမျှားပြောတဲ့ အနိစ္စလား (မဟုတ်ပါဘုရား)။

ဒါဖြင့် ဘာနဲ့ တွေ့တဲ့အနိစ္စတုံး (ကိုယ်တိုင်ရှုမှတ်လို့ တွေ့တဲ့အနိစ္စပါဘုရား)။ ကဲ ဖောင်းတယ်ဖောင်းတယ်လို့ ရှုမှတ်လိုက်

ရင် ဖောင်းတာလေး ရိပ်ရိပ်နဲ့ တက်မလာဘူးလား (တက်လာပါတယ်ဘုရား)၊ အဲဒီလို တရိပ်ရိပ်တက်လာတာဟာ ဖြစ်ပျက်နေတာဘဲ။ ဒီလိုဖြစ်ပျက်နေတာဟာ ချမ်းသာခေါ်မလား-ဆင်းရဲခေါ်မလား (ဆင်းရဲခေါ်ပါမယ်ဘုရား)၊ သုခခေါ်မလား-ဒုက္ခခေါ်မလား (ဒုက္ခပါဘုရား) ဒီလိုဖြစ်ပျက်နေတာဟာ သူ့သဘောအတိုင်း ဖြစ်တာလား၊ ကိုယ့်သဘောအတိုင်း ဖြစ်ဘာလား၊ (သူ့သဘောအတိုင် ဖြစ်တာပါဘုရား)၊ မဖြစ်ပါနဲ့အုံး၊ မပျက်ပါနဲ့ဦးလို့၊ တားလို့ရ၍လား (မရပါဘုရား)။ ဒါဖြင့်အတ္တလား-အနတ္တလား (အနတ္တပါဘုရား)၊ တွေ့ကြပလား (တွေ့ပါပြီဘုရား)။

တွေ့ရင် ဘီရိုထဲမှာလား-ခန္ဓာထဲမှာလား (ခန္ဓာထဲမှာပါဘုရား)၊ ဒါဖြင့် ကိုယ်တိုင်ရှုမှတ်လို့ ကိုယ်ပိုင်ဉာဏ်ဖြင့် မသိဘူးလား (သိပါတယ်ဘုရား)၊ ဒါဖြင့် လက္ခဏာရေးသုံးပါးပါရဲ့လား (ပါပါတယ်ဘုရား)။ ဒါဖြင့် အခုရှုမှတ်နည်း ဘုန်းကြီးပြနေတဲ့နည်းဟာ လက္ခဏာရေးသုံးပါး ပါရဲ့လား (ပါပါတယ်ဘုရား)၊ ကြောင်းကျိုးကောပါရဲ့လား (ပါပါတယ်ဘုရား)၊ ဖြစ်ပျက်ကောပါရဲ့လား (ပါပါတယ်ဘုရား)၊ ရုပ်နာမ်ကောပါရဲ့လား (ပါပါတယ်ဘုရား)။

ဒါဖြင့် မမြဲဘူးဆိုတာအနိစ္စ၊ ဆင်းရဲတယ်ဆိုတာ ဒုက္ခ၊ အစိုးမရဘူးဆိုတာ အနတ္တ။ ဒါကြောင့် ဟောဒီလိုရှုမှတ်လိုက်တော့ မြဲတာတွေသလား-မမြဲတာတွေသလား (မမြဲလာတွေနေပါတယ်ဘုရား)။ ဟိုတုန်းက မြဲတယ်လို့ ထင်မနေဘူးလား (ထင်နေပါတယ်ဘုရား)၊ အခုထင်နေသေးရဲ့လား (မထင်တော့ပါဘုရား)၊

မမြဲဘူးလို့သိရင် ဒိဋ္ဌိအစွဲလေး မပြုတ်ဘူးလား (ပြုတ်ပါတယ်ဘုရား)၊ မြဲတယ်ထင်တာမဟုတ်ဘူးဟော့၊ အခုကိုယ်တိုင်ရှုမှတ်လိုက်လို့ မမြဲဘူးဆိုတာ ကိုယ်တိုင်သိပြီ။ မသိဘူးလား (သိပါပြီဘုရား)၊ ဘယ်အထဲမှာ သိသလဲ-ဥာဏ်ထဲမှာ ဟုတ်ကဲ့လား။

ကောင်းစားချမ်းသာနေတယ်လို့ အယင်တုန်းက မထင်ခဲ့ဘူးလား (ထင်ခဲ့ပါတယ်ဘုရား)။ ကောင်းစား ချမ်းသာနေတယ်လို့ တင်နေတာဟာ အမှန်သိလား-အမှားသိလား (အမှားသိပါဘုရား)။ ယခုတော့ ချမ်းသာနေတယ်လို့ ထင်နေသေးလား (မထင်တော့ပါဘုရား)၊ ဘယ်လိုထင်သလဲ (ဆင်းရဲလို့ ထင်ပါတယ်ဘုရား)၊ ဘာကြောင့်ဆင်းရဲလို့ထင်သလဲ (ခဏမစဲဖြစ်ပျက်နေလို့ပါဘုရား)။ ဒါဖြင့် ချမ်းသာတယ်ဆိုတဲ့ အစွဲကလေး မပြုတ်ဖူးလား။

ဟိုတုန်းကတော့ ကိုယ်သဘော့အတိုင်းလို့ မထင်ခဲ့ဘူးလား (ထင်ခဲ့ပါတယ်ဘုရား)။ အခုတော့ ကိုယ့်သဘောအတိုင်း ဟုတ်ရဲ့လား၊ သူ့သဘောအတိုင်းလား (သူ့သဘောအတိုင်းပါဘုရား)။ ဒါဖြင့် အနတ္တတွေ့ပလား(တွေ့ပါပြီဘုရား)။ အနတ္တတွေ့တော့ အတ္တဆိုတဲ့အစွဲ မပြုတ်ဘူးလား(ပြုတ်ပါတယ်ဘုရား)၊ ဒါဖြင့် "မမြဲဆင်းရဲ၊ သဘောဘဲ၊ ဥာဏ်ထဲရှင်းတော့သည်" ဆိုတဲ့အတိုင်း ဥာဏ်ထဲရှင်းတော့ အစွဲမပြုတ်ဘူးလား၊ မြဲတယ်၊ ကောင်းစားတယ်၊ချမ်းသာတယ်၊ငါကောင်ဘဲဆိုတဲ့ အစွဲမပြုတ်ဘူးလား။ မမြဲဆင်းရဲ၊ သဘောဘဲ၊ ဥာဏ်ထဲရှင်းတော့သည်။

မမြဲဆင်းရဲ၊ သဘောဘဲ၊ ဥာဏ်ထဲရှင်းတော့သည်။
စွဲမှုကင်းပျောက်၊မဂ်လမ်းပေါက်၊ ဆိုက်ရောက်နိဗ္ဗာန်ပြည်။

ဘယ်ရောက်သွားလဲ၊ နိဗ္ဗာန်ရောက်သွားတယ်။ မြဲတယ် ခိုင်တယ်ဆိုတဲ့ အစဲတွေ့ မပြုတ်ဘူးလား (ပြုတ်ပါတယ်ဘုရား)၊ ဘာကြောင့်ပြုတ်လဲ၊ ဝိပဿနာလုပ်လို့။ ဝိပဿနာရှုမှတ်တော့ မမြဲဆင်းရဲတွေ့ မတွေ့ဘူးလား (တွေ့ပါတယ်ဘုရား)၊ တွေ့လာခြင်းကြောင့် ဟောဒီအစဲတွေ့ပြုတ်တယ်။

ကနေ့ သာသနာ့အမွေ ခံယူတဲ့အနေနဲ့၊ ဒါနသီလ ဘာဝနာ ဝိပဿနာတွေ့ မစုံဘူးလား (စုံမပါတယ်ဘုရား)၊ပရိသတ်အကြိုက်ရောက်လုပြီ၊ တရားပဲ့ဘာတဲ့ (သိမ်းကြုံးပါဘုရား)၊ ဆက်ဟောကြစို့ရဲ့ဆိုရင် ခေါင်းမျှး ငိုက်စိုက်ကျသွားမလား။ ကိုင်းဒီနေ့ဘာလုပ်တဲ့နေ့လဲ သာသနာ့အမွေ ခံယူတဲ့နေ့ဘဲ။ သာသနာ့အမွေခံယူတယ်ဆိုတာ ဒီနေရာလေးနဲ့နဲ့ပြောရအုံးမယ်။

ရခဲတဲ့ဘဲ့ထူးဂုဏ်ထူး

မိထွေးတော် ဂေါတမီက ပရိနိဗ္ဗာန် စံခါနီးမှာခပ်ကြားကြားပေါ့။ သူကဘုရားရဲ့မယ်တော်ကိုး။ သားတော်ဘုရား....တပည့်တော်မတို့တတွေ့ သံသရာထဲ လည်နေရာမှာ သူဌေးကြီးရဲ့မယ်တော်၊ ပဒေသရာဇ်၊ ကောရဗ်မင်းကြီးရဲ့ မယ်တော် ခမည်းတော် ဒီအမည်တွေ့တော့ ရလှပါပြီဘုရား....ရလွယ်ပါဘယ်ဘုရား။ ရှင်ဘုရင်ရဲ့မယ်တော် ခမည်းတော် ဖြစ်ခဲ့ဘူးလှပါပြီ။ တပည့်တော်တို့ကလဲ သားတွေ့ သမီးတွေ့ကို ချီးမြှင့်ခဲ့ဘူးလှပါပြီဟဲ့။

လောကီနဲ့ ပတ်သက်ပြီးတော့ သူဌေးကြီးတွေ့ ဖြစ်အောင်၊ သူကြွယ်ကြီးတွေ့ ဖြစ်အောင်၊ ဘီအေ အောင်အောင်၊ ဒေါက်တာ ဆရာဝန်ကြီးတွေ့ ဖြစ်အောင် ထောက်ပံ့ခဲ့တဲ့ ဘဝတွေ့

များလှပါပြီဟဲ့။ နိုင်ငံခြား ရောက်အောင် မိဘက ထောက်ပံ့ထားတယ်။ တပည့်တော်တို့က တခါတလေ ဘုရင်ဖြစ်ပြီးတဲ့နောက်၊ သားသမီးတွေတို့ ချီးမြှောက်ချင်လွန်းလို့ ကိုယ်က အိမ်နိမ့်စံပြီး အဘိသိက်သွန်းပြီး ရှင်ဘုရင်ကြီး ဖြစ်အောင်လဲ ချီးမြှင့်ခဲ့ဘူးပါပြီ။ ချီးမြှင့်ခဲ့တဲ့ဘဝတွေ၊ လောကီနဲ့ ပတ်သက်ပြီးတော့ သူဌေးကြီးဖြစ်အောင် ချီးမြှင့်ခဲ့ပြီ၊ အမွေတွေပေးခဲ့ပြီ၊ပညာတွေသင်ပေးခဲ့ပြီ၊ သူကြွယ်ကြီး ဖြစ်အောင် ချီးမြှင့်ခဲ့ပြီ။

ဒါပေမယ်လို့ ဘုရားတဲ့၊ ဘုရားရဲ့မယ်တော်ဆိုတဲ့ အမည်ကတော့ အလွန်ရခဲပါတယ်တဲ့။ ဟုတ်ပေတယ်၊ လောကမှာမင်းတွေ သူဌေးတွေ ဆိုတာတွေက အများကြီးဘဲ။ အဲဒီတော့ ဘုရင့်မယ်တော်ကြီး၊ သူဌေးမယ်တော်ကြီးဆိုတဲ့ အမည်တွေက ရလွယ်တာပေါ့။ ဘုရားဆိုတာကတော့ ကမ္ဘာပေါင်း သိန်းသန်းကုဋေကြာသော်လဲ တဆူလောက်ပွင့်ဘို့ရာအခဲယဉ်းကြီးဘဲ။ဒါကြောင့် ဘုရားမယ်တော်ဆိုတဲ့ ဘွဲ့ထူး ဂုဏ်ထူးကို အလွန်ရခဲတယ် ဆိုတာ ဟုတ်ပါပေတယ်။

အဲဒီလိုဘဲ ဘုရားသာသနာတော်မှာ မိမိတို့၏ သားကို ရှင်ရဟန်းပြုပေးပြီးတော့ ရဟန်းရဲ့မယ်တော်၊သာမဏေလေးတွေရဲ့မယ်တော်ဆိုတဲ့ ဗုဒ္ဓသာသနာတော်နှင့် ပတ်သက်တဲ့ ဟောဒီလို အမည်မျိုး၊ ဘွဲ့ထူး ဂုဏ်ထူးမျိုးတွေကိုလဲ ရခဲ့လှပါတယ်....တဲ့။

အဲဒါကို ဟုတ်မဟုတ် စဉ်းစားကြည့်ပါအုံး။ ဒို့ရပ်ကွက်ထဲမှာကြည့်၊ ဒို့မြို့ထဲမှာကြည့်။ ရှင့်မယ်တော်လို့ အခေါ်ခံရတဲ့လူ ဘယ်နှစ်ဦးလောက်များ ရှိကြမတုံး၊ တသိန်းလောက်မှ ရှိကြပါ့မလား။ ကမ္ဘာ့လူဦးရေ သန်း၃၀၀ထဲမှာ တသန်းလောက်မှရှိပါ့

မလား။ ဒီရှင့်ခမည်းတော် ရှင့်မယ်တော်ဆိုတဲ့ နာမည်ဟာဘုရား သာသနာနဲ့ စပ်ပြီးရတဲ့ ဘွဲ့ထူးဂုဏ်ထူးဘဲ။ ရခဲပါတယ်။ ဒို့အလှူ ဒကာ ဦးမြင့်သိန်းတို့ အလှူ့အမ ဒေါ်စိန်စိန်တို့ဟာ သားလေး ရှင်ပြုလို့ သာသနာတော်တွင်း သွတ်သွင်းလိုက်တဲ့နေ့ကစပြီး၊အဖေ အမေဆိုတဲ့ နာမည်ပျောက်ပြီး၊ ရှင့်ခမည်းတော် ရှင့်မယ်တော် ဆိုတဲ့ နာမည်ရလာတယ်။ ဘွဲ့ထူးဂုဏ်ထူးကြီး ရရှိလာတယ်။

ဒီခမည်းတော် မယ်တော်ဆိုတဲ့ နာမည်ဟာ လောကီနဲ့ပတ် သက်ပြီး လူတွေပေးတဲ့ နာမည်လား-အမေအဖေက မှည့်တာ လား ဘုရားက ပေးတာလား (ဘုရားကပေးတာပါဘုရား)၊ ဘုရားပေးတဲ့နာမည်ဆိုတာအလွန်တရာ ရခဲပါတယ်။မိထွေးတော် ဂေါတမီက ဂါထာလေးနဲ့ လျှောက်ပုံကတော့-

ရညောမာတာ မဟေသီတိ၊ သုလဘံ နာမမိတ္ထီနံ။
ဗုဒ္ဓမာတာတိ ယံနာမံ၊ ဧတံ ပရမ ဒုလ္လဘံ။

ရညော၊ပဒေသရာဇာစကြာမန္ဓာတ်မင်း ထွဋ်မြတ်၏။ မာတာ၊ မယ်တော်ဖြစ်သော၊ မဟေသီ၊ မိဖုရားခေါင် ကြီးပါပေတည်း။ ဣတိနာမံ၊ ဌာနန္တရ နာမချီးကျူး ဤဘွဲ့ထူး တံဆိပ်ကြီးကို၊ ဣတ္တီနံ၊ တပည့်တော်မတို့လို အမျိုးသမီးတို့အား၊ သုလဘံ၊ ခဏခဏ ရလွယ်လှပါ သည် မြတ်စွာဘုရား။ ဗုဒ္ဓမာတာတိ၊ ဘုရားမယ်တော် ဟူသော (ဘိက္ခုမာတာတိ၊ ရဟန်းမယ်တော်ဟူသော။ သာမဏေရ မာတာတိ၊ သာမဏေလေးတွေရဲ့မယ်တော် ဟူသော)၊ယံနာမံ၊လောကုတ္တရာ သညာပျံ့ ကျူးအကြင် အမည်ထူးသည်၊ အတ္တိ၊ရှိ၏။ ဧတံ၊ထိုလောကုတ္တရာ

သညာပျံ့ကျူး အမည်ထူးသည် ပရမဒုလ္လဘံ၊ အလွန်တရာ ရနိုင်ခဲလှစွာသော အမည်မျိုးကြီးပါ ဘုရား။
(လက်သည်းကွင်းအတွင်းက အမည် ၂-ခုသည်ဓမ္မကထိကတို့၏ ဖြည့်စွက်ချက်ဖြစ်သည်။)
(သာဓု....သာဓု....သာဓု....။)

မိထွေးတော်လျှောက်ထားချက်။အရှင်ဘုရားတဲ့ တပည့်တော်မတို့ မိန်းမတွေဟာ ဘုရားမဲယ်တော်ဆိုတဲ့ လောကုတ္တရာနဲ့ ပတ်သက်တဲ့အမည်မျိုးဘဲထူးဂုဏ်ထူးမျိုး အလှန်ရခဲလှပါတယ်ဘုရား၊ လောကီနဲ့ ပတ်သက်တဲ့အမည်တွေကတော့ ဘဲထူးဂုဏ်ထူးတွေကတော့ အလှန်ပင် ရလွယ်ပါတယ်ဘုရားလို့ လျှောက်ထားတယ်။

ယနေ့ အလှူဒါယကာနဲ့ အလှူအမတို့ ဘုရားပေးတဲ့ နာမည်တော်ဝင်သွားပြီ။ မယ်တော် ခမည်းတော်တွေဆိုတဲ့ ဘဲထူးကြီးရသွားကြပြီ။ သာသနာ့အမွေလဲ ကောန်ရရှိသွားကြပြီ။ ဒို့ရင်၌ဖြစ်တဲ့သားကလေးကို ရှစ်ပါးပရိက္ခရာ စုံလင်စွာနဲ့ သာသနာတော်တွင်းမသုတ်သင်းဘဲနဲ့ ဒီပြင်အလှူတွေ လှူရင်ဖြင့် လှူချင်သလောက် လှူပါတဲ့။ ဒီသာသနာ့ ဒါယဇ္ဇ-သာသနာ့အမွေခံအဖြစ်ကိုတော့ မရနိုင်ဘူးတဲ့၊အေး ဒီနေရာမှာ တိုတိုလေး ဖြတ်ပြောရအုံးမယ်။

သီရိဓမ္မာသောကမင်းကြီးလှူတဲ့ ရေတွင်းပေါင်း၊ ရေကန်ပေါင်း၊ စေတီပေါင်း ရှစ်သောင်းလေးထောင်စီရှိတယ်။ အလှူငွေ ၉၆-ကုဋေ ထုတ်ပေးတော်မူတယ်။

ဒါတွေလှူတော့ ဇမ္မူဒီပါတကျန်းလုံး ကျောင်းတွေ စေတီတွေ သွားတည်ကြတဲ့ အလုပ်သမားတွေက စေတီတော်တွေ၊

ကျောင်းတွေ ပြီးစီးကြောင်းဆိုတဲ့ ကမ္ဘည်းစာတွေ ရောက်လာတော့ ဝမ်းမြောက်ဝမ်းသာနဲ့ ကျောင်းပူဇော်ပဲ့ရေစက်ချပဲ့ကြီး လုပ်မယ်လို့၊ တမြို့ငှက်ထဲ ပြုလုပ်မယ်ဆိုပြီး၊ တိုင်းသူပြည်သားတွေ စည်းဝေးလိုက်တယ်။ ယနေ့က နောက်(၇)ရက် မြောက်သောအခါ (၈)ပါးသီလ ကိုယ်တိုင်ခံယူကြလို့၊ ကျောင်းရေစက်ချပဲ့ကြီး လိုက်ကြရမယ်တဲ့။

ဒါနဲ့ ရဟန္တာအရှင်မြတ်တွေကလဲ ဇမ္ဗူဒီပါတကျွန်းလုံးမှာရှိတဲ့ ကုသိုလ်တွေ၊ အဆောက်အဦတွေ၊ အကုန်မြင်ရအောင်ဆိုပြီး လောကဝိဝရဏတန်ခိုးနဲ့ အကုန်လုံး ဖွင့်ပြလိုက်တယ်။ စေတီတွေ၊ ကျောင်းတွေ၊ ဘုရားတွေ၊ ရေတွင်း ရေကန်တွေ၊ ဝမ်းသာလွန်းလို့ ပရိသတ်ကြီးကလဲ အင်မတန်မှ စည်ကားတယ်။ မင်းကြီးက အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်ကြီးကို လျှောက်ထားတယ်။

အရှင်ဘုရားတဲ့။ တပည့်တော်လို ဘုန်းကြီးတဲ့မင်း၊ တပည့်တော်လို ကြီးကြီးကျယ်ကျယ် စီမံဆောင်ရွက်နိုင်တဲ့မင်း၊ တပည့်တော်လို အလှူမျှားမျှား ပြုလုပ်နိုင်တဲ့မင်း၊ ပြုလုပ်နိုင်တဲ့သူတဦးတယောက် ရှိပါသလားဘုရား....လို့ လျှောက်ထားတယ်။

ဒီလိုလျှောက်ထားတော့ အရှင်မဟာမောဂ္ဂလိ ပုတ္တတိဿ မထေရ်မြတ်ကြီးကဟောတယ်။ "တဝေ၀ပရိစ္စာဂေါ မေ၊ဘဝ" ။ တဝေ၀၊ သင်သိရိမ်မှာသောကမင်းကြီး၏သာလျှင်၊ပရိစ္စာဂေါ၊ ပေးလှူစွန့်လွှတ်ခြင်းသည်။ မဟာ၊ အမျှားဆုံး အကြီးကျယ်သုံးဖြစ်ပါပေသတည်း။

(သာဓု....သာဓု...သာဓု....)

အသင်မင်းကြီးရဲ့ အလှူဒါနတွေကသာ အများဆုံးပါဘဲတဲ့။ ဒကာတော်မင်းမြတ် သက်တော်ထင်ရှား မြတ်စွာဘုရား လက်ထက်တော်ကာလမှာတောင် ဒီလောက်များတာ မရှိခဲ့ပါဘူးတဲ့။ အသင်မင်းကြီးရဲ့ အလှူတွေဟာ အကြီးကျယ်ဆုံးပါဘဲဟဲ့။

မင်းကြီးက အလွန်ဝမ်းသာပြီးတော့ "ဒါဖြင့် ဘုရားတပည့်တော်ဟာ သာသနာ့အမွေခံ ဧကန်စင်စစ် ဖြစ်ပြီလို့ ထင်ပါတယ်ဘုရား။ သာသနာ့အမွေခံ ဧကန်စင်စစ် မဆိုထိုက်သေးဘူးလားဘုရား" လို့ မင်းကြီးက လျှောက်တယ်။ ဒီတော့မှ အရှင်မဟာ မောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်က—

ယောဟိကောစိ မဟာရာဇ အစျောဝါ ဒလိဒ္ဒေါဝါ
အတ္တနော သြရသံပုတ္တံ ပဗ္ဗာဇေတိ အယံဝုစ္စတိ
မဟာရာဇ ဒါယာဒေါ သာသနဿတိ။ ။

ဟိ၊ သာသနာ့အမွေခံ ဧကန်စင်စစ်ဖြစ်သည်ကား၊ မဟာရာဇ၊ သီရိဓမ္မာသောကမင်းမြတ်၊ ယောကောစိ၊ အမှတ်မရှိ တစုံတယောက်သော အမျိုးကောင်းသား အမျိုးကောင်းသမီးသည်၊ အစျောဝါ၊ ချမ်းသာကြွယ်ဝသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ ဒလိဒ္ဒေါဝါ၊ ဆင်းရဲနွမ်းပါးသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ အတ္တနော၊ မိမိ၏။ သြရသံ၊ ရင်ဌဖြစ်သော။ ပုတ္တံ၊ သားသမီးကို။ ပဗ္ဗာဇေတိ၊ ရဟန်းခံစေ ရှင်ပြုစေ၏။ အယံ၊ ဤသူကို။ သာသနဿ၊ သာသနာတော်ကြီး၏။ ဒါယာဒေါတိ၊ အမွေခံဟူ၍။ ဝုစ္စတိ၊ မုချဆတ်ဆတ် ခေါ်ဆိုအပ်လေသတည်း။

(သာဓု....သာဓု....သာဓု....။)

အသင်မင်းကြီး....သင်မင်းကြီးဟာ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်၊ ငွေတောင်ပေါင်း ၉၆-ကုဋေထုတ်ပြီး လှူရုံမျှဖြင့် သာသနာ့အမွေခံ မဖြစ်ဘူးတဲ့။ ။ပစ္စည်းလေးပါးဒကာ အကောက်အပံ့လောက်ဘဲဖြစ်သေးတယ်။ သာသနာ့အမွေခံဆိုတာ ဘယ်လိုလုပ်မှ ရနိုင်ပါသလဲလို့ လျှောက်တော့၊ ဆင်းရဲသူဖြစ်စေ၊ ချမ်းသာတဲ့သူဖြင့်စေ၊ ဂုဏ်ရှိတဲ့သူဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ မိမိရင်ကဖြစ်တဲ့ သားသမီးကို ရှစ်ပါးပရိက္ခာ စုံလင်စွာနဲ့ သာသနာ့ဘောင်သွတ်သွင်းချိုးမြှင့်လို့ရှိရင်ဖြင့် သာသနာ့အမွေခံ ကောင်းဖြစ်ပြီလို့ ဟောဒီလို ဟောတော်မူခဲ့ပါတယ်။ အဲဒီလို ဟောတော်မူတဲ့အတိုင်း၊ ယနေ့ အလှူဒကာ ဦးမြင့်သိန်း၊ အလှူအမ ဒေါ်စိန်စိန်တို့က မိမိတို့ ရင်နှစ်သည်းချာ သားရတနာလေး မောင်သိန်း ဇော်ဟိန်းကို ရှစ်ပါးပရိက္ခာ စုံလင်စွာနဲ့ သာသနာတော်၌ ရှင်သာမဏေအဖြစ် သွတ်သွင်းချိုးမြှောက်သောကြောင့်၊ ငါတို့ဟာဖြင့် သာသနာ့အမွေခံ ကောင်းစင်စစ်ဖြစ်ပြီလို့၊ ဝမ်းမြောက်ဝမ်းသာဖြစ်ကြပါစေသတည်း။

(သာဓု....သာဓု....သာဓု .. ။)

ကဲ ဒါကလေးရွတ်၊ အမျှဝေပြီး တရားသိမ်းကြစို့။

ဒါနံ ဒဒန္တော် သဒ္ဓါယ၊ သီလံ ရက္ခန္တော် သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တော်၊ တရန္တော် ဘဝသာဂရံ။

သဒ္ဓါယ၊ ရတနာသုံးတန် ကံ-ကံ၏အကျိုးကို မြတ်နိုးယုံကြည် ဂုဏ်ရည်ထင်ရှား သဒ္ဓါတရားဖြင့်။ ဒါနံ၊ ဖယောင်းတတိုင် ပန်းတခိုင်နှင့်စွမ်းနိုင်သမျှ ဒါနခေါ်

ရိုး ဝိဝဋ္ဌအလှူမျိုးကို။ ဒဒန္တု၊ စေတနာသုံးပါး ညီညီ ထား၍ ကြိုးစားလှူဒါန်း နိုင်ကြပါစေသတည်း။

သီလံ၊ ငါးပါးရှစ်ပါး ဆယ်ပါးအစ စတုပါရိသုဒ္ဓိ သီလတည်းဟူသော ကိုယ်ကျင့်တရားကို။ ရက္ခန္တု၊ မကျိုးမပေါက် မညှိုးခြောက်အောင် စောင့်ရှောက် ထိန်းသိမ်း နိုင်ကြပါစေကုန်သတည်း။

ဘာဝနာဘိရတာ၊ သမထ ဝိပဿနာ ဘာဝနာလုပ်ငန်း အထက်တန်းတို့၌ ရှင်လန်း မွေ့လျော် အပျော်ကြီး ပျော်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ တောင့်တိုင်းတတိုင်း ဆုတ်ဆိုင်းမသွေ ဖြစ်ကြပါစေကုန်သတည်း။ ဘဝသာဂရံ၊ ကာမရူပ အရူပဟု ဘဝပင်လယ် ရေပြင်ကျယ်ကြီးကို။တရန္တု၊ ကူးမြောက် နိုင်ကြပါစေကုန်သတည်း။ တရန္တု၊ မဂ္ဂင်ရှစ်ယွေ သင်္ဘောလှေဖြင့် အောင်မြေကြငှန်း နိဗ္ဗာန်နန်းသို့ စခန်းမထောက် လမ်းမကောက်ဘဲ ကူးမြောက်တော်မူနိုင်ကြပါစေကုန်သတည်း။

(သာဓု....သာဓု....သာဓု....)

ကိုင်း—အမျှဝေကြစို့။ အားလုံးလိုက်ဆို—

အရှင်ဘုရား....တပည့်တော်တို့သည်၊ ယနေ့ယခု၊ ပြုစုပွားများ၊ အားထုတ်ရသော၊ ဒါနကုသိုလ်၊ ဝေယျာဝစ္စကုသိုလ်၊ တရားနာရသောကုသိုလ်၊ တရားဟောရသောကုသိုလ် အစရှိသော ကုသိုလ်ကောင်းမှု အစုံစုတို့၏ အဘို့ဘာဂကို အမိအဖတို့အား အမျှပေးဝေပါ၏။ ဆရာသမားတို့အား အမျှပေးဝေ

ပါကုန်၏။ ဆွေမျိုးအပေါင်းတို့အား အမျှပေးဝေပါ၏။ ဤအရပ်သို့ ရောက်ရှိနေကြကုန်သော လူပရိသတ်၊နတ်ပရိသတ် တို့အား အမျှပေးဝေပါကုန်၏။အလုံးစုံသော သတ္တဝါအပေါင်း တို့အား အမျှပေးဝေပါကုန်၏။ အလုံးစုံသော သတ္တဝါ အပေါင်းတို့သည် အတူတကွ အမျှရကြ၍ ကိုယ်ရောစိတ်ပါ ကြည်သာရွှင်ပျ ချမ်းသာကြသည် ဖြစ်ကြပါစေသော်ဝ်....

အားလုံး ကြားကြားသမျှ အမျှ....အမျှ....အမျှ ယူတော် မူကြပါကုန်လော့။

(သာဓု....သာဓု....သာဓု)

(၆) ဆဋ္ဌမမုစလိန္ဒာ ရွှေကြာအိုင်နဂါးမင်းအပေါ် စံနေတော်မူပုံ။

ဘုရား-ခု တန်ခူးလဆုတ် (၈)ရက်၊
သာသနာ့ရိပ်သာဖလ်ယာဉ် ဓမ္မာရုံ၌
အာဂမဟာပဏ္ဏိတ ကျေးဇူးတော်ရှင် မဟာစည်
ဆရာတော်ဘုရားကြီးဖော် တပည့်၊ ကမ္မဋ္ဌာန်းဝင်ရိုး
ဟံလင်းဆရာတော်ဘုရား ဟောကြားတော်မူအပ်သော

ရွှေသမင်မင်းဝတ္ထု

ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဖလ်ယာဉ်ဓမ္မာရုံကြီး၌ တရား
ဟောပြောရန် ဘုန်းကြီးအလှည့် တခါရောက်လာပြီ။ သုံးဆယ့်
ခုနစ်ခုနစ်က သုံးဆယ့်ရှစ်ခုနစ်ရောက်တော့ ဒို့တတွေ အသက်
တန့်ကြီးသွားပြီပေါ့။ အသက်တန့်ကြီးတယ်ဆိုရင်ဘဲ ဟိုဘက်
တန့်နီးသွားတော့တာပါဘဲ။ ဒို့ သာသနာ့ရိပ်သာထဲမှာ တန့်
ထက်တန့် ယောဂီတွေကလဲ ဟိုးတက်လာလိုက်တာ ယောဂီ

အမျိုးသား အမျိုးသမီးသံဃာတော်တို့ရော တထောင်ကျော် သွားတယ်။ ကိုရင်လေးတို့ကိုက တရှဉ်းဆယ် နှစ်ရာထီ ရှိတယ်။

ယနေ့ ဘုန်းကြီးဟောမှာကတော့ အပြင် ပရိသတ်ကလဲ အတော်များတန်သ၍ များနေလို့ ဇာတ်ဝတ္ထုလေးနဲ့ ဟောဘို့ ပါဘဲ။ ဇာတ်ဝတ္ထုဆိုပေမယ်လို့ လွှမ်းခန်းဆွဲခန်းတော့ ဒီလို မဟုတ်ပါဘူး၊ အလွန်မှနည်းယူစရာ မှတ်သားစရာပါတဲ့ ဝတ္ထုပါဘဲ။

သာဝတ္ထိပြည်သူ

၁၃၃၀-ခု၊ တန်ခူးလပြည့်ကျော်(၈)ရက်နေ့၊ ရန်ကုန်မြို့ဖယ်ယာဉ်ခမမွာရုံကြီးမှာ ဟောကြားမဲ့တရားကတော့ ပဉ္စကနိပါတ်၊ ဇာတ်အဋ္ဌကထာ၊ မဏိကုဏ္ဍလဝဂ်၊ သုဝဏ္ဏမိဂ ရွှေသမင်မင်းဇာတ် အတ္ထုပ္ပတ္တိကိုဟောမယ်။ ကနေ့ဟောမှာက ဘာဇာတ်ထုပ်တဲ့၊ ရွှေသမင်....ရွှေသမင်ဇာတ်ဆိုတော့လဲ ဇာတ်အဋ္ဌကထာမှာပါတယ်။

ဒို့မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးပြီးနေတဲ့အခါ၊ အမျိုးသမီးကလေးတယောက်ကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူပါတယ်။ ဒီဓမ္မဒေသနာကို ဟောတော်မူရခြင်းရဲ့အကြောင်းဖြစ်တဲ့ အမျိုးသမီးကလေးက သာဝတ္ထိပြည်သူလေး။ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့ရဲ့ အပြုအစု အလုပ်အကျွေးဆွမ်းဒါယကာ ဒါယကာမတို့ရဲ့ သမီးကလေး၊ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်တို့ရဲ့ တပည့်မလေးပေါ့။

ဒီအမျိုးသမီးလေး ဇာတ်ထုပ်ပေမဲ့၊ လွှမ်းစရာဆွေးစရာတွေ ဒီလိုမဟုတ်ပါဘူး။ အမျိုးသမီးလေးမှာ အတုယူစရာတွေ အများကြီးပါတယ်။ သူဟာ သာသနာပြုပုံ၊ လူကြီးတွေကို ဂါရဝ အလေးအမြတ်ပြုပုံ သူ့ဆီကနည်းယူစရာ ရတနာသုံးပါးကြည်ညိုပုံ၊ အဲဒီလို ကျက်သရေမင်္ဂလာ ဂုဏ်အပေါင်းနဲ့ ပြည့်စုံပုံ၊ ဒါလေးတွေကို နောက်ဆုံးကျတော့ အတုယူစရာတွေ အများကြီးပါပါတယ်။

ဒီအမျိုးသမီးလေးဟာ သူက ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်တို့ရဲ့ တပည့်မလေးဖြစ်ပြီးတော့ ရတနာသုံးပါးလဲကြည်ညိုတယ်၊ သဒ္ဓါတရားနဲ့လဲပြည့်စုံတယ်၊ ရတနာသုံးပါးလဲ မြတ်နိုးတယ်၊ ဒါနအစရှိတဲ့ ကုသိုလ်ကောင်းမှုကိုလည်း နှစ်ခြိုက်မွေ့လျော်ပျော်ပိုက်တယ်၊ အကျင့်အာစာရသီလနဲ့လဲ ပြည့်စုံတယ်၊ မိဘလဲရိုသေတယ်၊ အဲဒီ မိဘရိုသေတယ်ဆိုကတဲ့ကိုက သူက မင်္ဂလာတပါးရနေပြီ။

မင်္ဂလာအပေါင်းနဲ့ပြည့်စုံသူ

ဒို့ပရိသတ်ကြီးမှတ်ထားဘို့ လူကြီးတွေရိုသေလို့ရှိရင် မင်္ဂလာဘဲ။ ခုဒီမှာ တချို့တလေ အိမ်ပေါက်မှာရေးထားတယ်၊ မင်္ဂလာရှိပါစေတဲ့။ မင်္ဂလာက ပါလာတာမှမဟုတ်ဘဲ၊ သူစာရေးထားလို့လဲ ဒီနားလာစောင့်နေမှာမဟုတ်ဘူး။ မိမိက ပြုလုပ်မှ မင်္ဂလာရှိတာ။ လူကြီးတွေရိုသေရင် ဂါရဝမင်္ဂလာတဲ့၊ မင်္ဂလာသုံးဆယ့်ရှစ်ပါးထဲမှာ လူကြီးတွေရိုသေတာ ဂါရဝမင်္ဂလာ၊ မိမိကိုယ်လေးနှိမ့်ချပြီးတော့ မာန်မာနနှိမ့်ချပြီးတော့ လူကြီး

တော့ရှေညှတ်တွားပြီးတော့ သွားနေတာ နိဝါတမက်လာတဲ့။ ဒီမဲက်လာတော့နဲ့လဲ ဒီအမျိုးသမီးလေးက ပြည့်စုံတယ်။

ပြီးတော့ မဲလှုမတန်းဘဲနဲ့လဲ သူကမစားဘူး။ လှုရတန်းရမှာ နေနိုင်တယ်။ ဒါကြောင့် ဒါနမက်လာနဲ့လဲပြည့်စုံတယ်။ တရားတော်ကလဲ နာရမှတဲ့၊ တရားနာတာကလဲ ဓမ္မသဝနမက်လာပါဘဲ။ ဒါကြောင့် အဲဒီကျက်သရေက်လာအပေါင်းနဲ့လဲ ပြည့်စုံတယ်တဲ့။ သူ့နာမည်လေးတောင် ဒီလိုပေးစရာကောင်းတယ်။ သူ့ကြောင့်မို့ အမျှားသောသတ္တဝါတွေ ချမ်းသာသွားတယ်။ "တယောက်ကောင်းတော့ အပေါင်းချမ်းသာ သုဘဒ္ဒါ" လို့ ဒီလိုမှည့်ကြတော့ အဋ္ဌကထာထဲကတော့ မပါပါဘူး၊ ဒီလိုဘဲ လျော်ပါတယ်။

သူရဲ့သာသနာပြုသွားပုံ ဘယ်လောက် စိတ်ရှည်ဇွဲသန်သလဲ လို့၊ ဘယ်လောက် လိမ္မာယဉ်ကျေးတဲ့ အမျိုးသမီးလေးဆိုတာ သိလာတယ်။ အဲဒီအမျိုးသမီးလေးဟာ ရတနာသုံးပါးလဲကြည်ညိုတယ်။ ဒို့အကျင့်သိလ အာစာရနဲ့လဲ ပြည့်စုံတယ်၊ တနေ့တော့ ဒီအမျိုးသမီးလေးဟာ သာဝတ္ထိပြည်ထဲက အမျိုးသားလေးတယောက်၊ အမျိုးဇာတ်ကတော့ တူပါတယ်တဲ့။ သူတို့နဲ့ ဂုဏ်ရည်တူတယ်- ဒါပေမဲ့လို့ အယူကကွဲပြားတယ်။ အဲဒီအယူကွဲပြားတဲ့ဟာကတော့ ဟိုကမိစ္ဆာဒိဋ္ဌိ၊ ဒီက ဘမွာဒိဋ္ဌိ။

မပေးစားနိုင်

မိစ္ဆာဒိဋ္ဌိအယူရှိတဲ့ အမျိုးသားလေးရဲ့ မိဘနှစ်ပါးက လှူပြီးတော့ ဟောင်းဆို့ကြတယ်။ သူတို့သားနဲ့ လက်ထပ်ပါတဲ့။

သူတို့ကိုပေးပါတဲ့။ ဒီတော့ ဒီကငြင်းဆိုတယ်။ ငြင်းဆိုတဲ့စကား ကိုလဲ ဒို့မှတ်သားဘို့ နည်းယူဘို့ပါဘဲ။ ဘာပြုလို့ ငြင်းဆိုသလဲ လို့၊ ဘာပြုလို့မပေးနိုင်သလဲ၊ ဘာပြုလို့ လက်မထပ်နိုင်သလဲဆို တော့ ဂုဏ်ရည်မတူလို့လားဆိုတော့ မဟုတ်ပါဘူးတဲ့။ ခေတ် ပညာမတတ်လို့လဲ မဟုတ်ပါဘူးတဲ့။ ဘာပြုလို့တုံးဆိုတော့ အယူကွဲပြားနေလို့တဲ့။ ဘာသာရေး အလေးဂရုပြုထားတယ်။ ဒါကြောင့် ဟိုကနေပြီးတော့ သင်တို့ရဲ့သမီးကလေးကို ဒို့ပေး ပါ၊ ဒို့သားနဲ့လက်ထပ်ပါဆိုတော့ ဒီကငြင်းဆိုတယ်။

အမှာကံ ဓိတာ သဒ္ဓါ ပသန္နာ တိဏ် ရတနာနံ
မမာယတိ ဒါနာဒိ ပုညာဘိရတာ။
တုမ္မေ မစ္ဆာဒဋ္ဌိကာ ဣမဿာပိ ယထာရုစယာ
ဒါနံ ဝါ ဒါတုံ မမံ ဝါသောတုံ ဝိဟာရံ ဝါ ဂန္တုံ
သီလံ ဝါ ရက္ခိတုံ ဥပေါသထ ကမ္မံ ဝါ ကာတုံ
န ဒဿထ၊ နမယံ
တုမှာကံ ဒေမ၊အတ္တနာ သဒိသံ မိစ္ဆာဒိဋ္ဌိကုလာ ဝ
ကုမာရိကံ ဂဏှထ။

(ဇာတ်အဋ္ဌကထာ ၁၆၉)

ငြင်းဆိုတဲ့စကားလေး။ အမျိုးသမီးလေးဖက်က ငြင်းဆိုတာ၊ အကြောင်းပြုပုံလဲ ဒို့ပရိသတ်ကြီးမှတ်ရမယ်၊ နည်းယူရမယ်။

အမှာကံ၊ ငါတို့၏။ ဓိတာ၊ သမီးသည်။ သဒ္ဓါ၊ သဒ္ဓါတရား နဲ့ပြည့်စုံသူဖြစ်ပေ၏။ ပသန္နာ၊ ရတနာသုံးပါးအား ကြည်ညိုသူ ဖြစ်ပေ၏။ တိဏ်ရတနာနံ၊ ဘုရား တရား သံဃာ သုံးပါးသော ရတနာတို့ကို။ မမာယတိ၊ မြတ်နိုးသူဖြစ်ပေ၏။ ဒါနာဒိ ပုညာ

ဘိုရတာ၊ ဒါနအစရှိသော ကုသိုလ်ကောင်းမှုဌ် နှစ်ခြိုက်မှေ့လျော် ပျော်ပိုက်သူဖြစ်ပေ၏။ တုမှော်၊ သင်တို့သည်။ မိစ္ဆာဒိဋ္ဌိကာ၊ မိစ္ဆာဒိဋ္ဌိအယူ ရှိကြကုန်သည်ဖြစ်၍။ ဤမိဿာပိ၊ ဤငါတို့သမီးအားလည်း။ ယထာရုစိယာ၊ အလိုရှိတိုင်း။ဒါနံဒါတုံဝါ၊ ပေးလှူခြင်းငှာငင်း၊ ဓမ္မံသောတုံဝါ၊ တရားတော် နာခြင်းငှာငင်း။ ဝိဟာရံဂန္တုံဝါ၊ ကျောင်းတော်သို့သွားခြင်းငှာငင်း။ သီလံရက္ခိတုံဝါ၊ သီလစောင့်ခြင်းငှာငင်း၊ ဥပေါသထကမ္မံဝါ၊ ဥပုသ်သီတင်း စောင့်သုံးခြင်းအမှုကိုငင်း။ နဒဿထ၊ ပေးကြလိမ့်မည်မဟုတ်ကုန်။ မယံငါတို့သည်။ တော်၊ ဤသတို့သမီးကို၊ တုမှာကံ၊ သင်တို့အား။ နဒဒမ၊ မပေးနိုင်ကုန်။ ဒေတ္တာနဉ၊ မိမိနှင့်။ သဒိသံ၊ အမျိုးစာတ်တူမျှသော။ မိစ္ဆာဒိဋ္ဌိကုလဉ၊ မိစ္ဆာဒိဋ္ဌိအမျိုးမှသာလျှင်။ ကုမာရိကံ၊သတို့သမီးကို။ ဂဏှတု၊ ရှာဖွေ၍ယူကြကုန်လော့။ ဤတိ၊ ဤသို့။ အာဟံသု၊ သူတို့ငြင်း ပယ်စကား ပြောကြားကြလေတော့သတည်း။ ။

သာဓု...သာဓု....သာဓု....

အမျိုးသမီးလေးဖက်က မိဘနှစ်ပါးကပြောတယ်။“အမောင်တို့ အမယ်တို့၊ ဒီသမီးလေးက သဒ္ဓါဘရားနဲ့ ပြည့်စုံတယ်၊ ရတနာသုံးပါးလဲကြည်ညိုတယ်၊ ရတနာသုံးပါးလဲ မြတ်နိုးသူဖြစ်တယ်၊ အလှူကောင်းမှုလဲပြုပေးတယ်၊ အလှူကောင်းမှုလဲပြုတယ်၊ လှူရမှုတန်းရမှု။ သင်တို့က မိစ္ဆာဒိဋ္ဌိလူစု၊ သင်တို့ကဘုရားမှန်းလဲမသိဘူး၊ တရားမှန်းလဲမသိဘူး၊ သံဃာမှန်းလဲမသိဘူး၊ အလှူပေးရင်ကုသိုလ်မရဘူး၊ လှူလို့ကုသိုလ်မဖြစ်ဘူး၊ အကုသိုလ်လုပ်လို့လဲ အကုသိုလ်မဖြစ်ဘူး၊ ဟိုဘက်ဘဝမှာ ငရဲ

ဆိုတာမရှိဘူး၊ နတ်ပြည်ဆိုတာ မရှိဘူးလို့ ငရဲမရှိခြင်းကြောင့် အကုသိုလ်တွေ ရှောင်ကြဉ်နေစရာမလိုဘူး၊ နတ်ပြည်မရှိခြင်းကြောင့် ကုသိုလ်ကောင်းမှုတွေ ပြုစရာမလိုဘူးလို့၊ သင်တို့က အယူမှားနေတဲ့ မိစ္ဆာဒိဋ္ဌိတွေ။ မိဘရဲ့ကျေးဇူးကို ဆပ်စရာမလိုဘူးလို့၊ မိဘဟာဒို့ကျေးမွေးသုတ်သင်လာရတာတွေ၊ ဒါတွေဘာမှ ကျေးဇူးဆပ်စရာ မရှိဘူး၊ ကာဝန်နဲ့ဝတ္တရား အရေးပါတာလို့ သင်တို့က အယူမှားနေတာ။ ဒါကြောင့်မို့ ဒို့က သင်တို့သားနဲ့ ဒို့သမီးလေးကို လက်ထပ်မပေးနိုင်ဘူး၊ သင်တို့ ဆီမျှား ရောက်သွားရင် သမီးလေး မိစ္ဆာဒိဋ္ဌိတွေရဲ့အလယ်မှာ အားငယ်နေမှာတဲ့။ ဒါကြောင့်မို့ ဒို့ဘယ်နည်းနဲ့မှ လက်ထပ်မပေးနိုင်ဘူး၊ သင်တို့နဲ့ အမျိုးစာတ်တမျှတဲ့ အယူတူမျှတဲ့ မိစ္ဆာဒိဋ္ဌိအမျိုးထဲသွားပြီးတော့ ရှာဖွေယူကြပါ”လို့၊ ဒီလိုငြင်းဆိုလိုက်တယ်။

ဒီနေရာမှာ ငြင်းဆိုပုံလေးကြည့်။ ဘာကြောင့် ငြင်းဆိုသလဲလို့၊ အမျိုးသားလေးကခေတ်ပညာမတတ်လို့လားဆိုတော့ သူ့ခေတ်နဲ့သူတုန်းကတော့ တတ်ပါတယ်တဲ့။ ပစ္စည်း ဥစ္စာ မရှိလို့လားဆိုတော့ ပစ္စည်းဥစ္စာလဲ ပြည့်စုံစ္စာ ရှိပါတယ်။ ဂုဏ်ကြီးပါတယ်တဲ့။ မျက်နှာကြီးဘဲ။ ဘာပြုလို့တုံးဆိုတော့ အမျိုးစာတ်တော့ တူပါခဲ့တဲ့၊ ဘာကွဲပြားနေကြတုံး ဒို့ပရိသတ်ကြီး အယူမကွဲပြားဘူးလား(ကွဲပြားပါတယ်ဘုရား)၊ ဒါဖြင့် အမျိုးသားလေးဖက်က ဘယ်အယူ ယူကြတုံး (မိစ္ဆာဒိဋ္ဌိအယူပါဘုရား)၊ အမျိုးသမီးလေးဖက်က(သမ္မာဒိဋ္ဌိအယူပါဘုရား)၊ အယူမတူလို့ ငြင်းဆိုတာဆိုတော့ ဘာသာရေး အလေးဂရုမပြုဘူးလား။

(အလေးဂရုပြုပါတယ်ဘုရား) အေး—ဘာသာရေးကို အလေးဂရုပြုကြတယ်နော်။

သူတို့ အဲဒီလို ဘာသာရေး အလေးဂရုပြုပြီးတော့ ငြင်းဆိုလိုက်တယ် ဒို့ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူးတဲ့။ သင်တို့က အယူဖေါက်ပြားနေတဲ့ မိစ္ဆာဒိဋ္ဌတွေတဲ့။ အဲဒီလိုငြင်းပယ်လိုက်တော့ ဟိုဖက်က အမျိုးသားလေးရဲ့ မိဘများက ဘာပြန်ပြောသလဲဆိုတော့....

တုမ္ဘာကံ ဓိတာ အမ္ဘာကံ ဃရံ ဂန္တွာ ယထာဓိပ္ပါယေန သဗ္ဗ မေတံကရောတု မယံနဝါရေဿာမ၊ဒေထ နောဇေတံ။

တုမ္ဘာကံ၊ သင်တို့၏။ ဓိတာ၊ သမီးသည်။ အမ္ဘာကံ၊ ငါတို့၏။ ဃရံ၊ အိမ်သို့။ ဂန္တွာ၊ လိုက်ပါရောက်ရှိလာသည်ရှိသော်။ ယထာဓိပ္ပါယေန၊ အလိုရှိတိုင်း။ သဗ္ဗ မေတံ၊ ဆိုအပ်ခဲ့ပြီးသော အလှူပေးခြင်း၊ တရားကိုနာခြင်း၊ ကျောင်းတော်သို့ သွားခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ သီလဆောက်တည်ခြင်းဆိုတဲ့ အမှုဟူသမျှကို။ ကရောတု၊ ပြုပါစေ။ မယံ၊ ငါတို့သည်။ နဝါရေဿမ၊ မတားမြစ်ပါကုန်အံ့။ ဇေတံ၊ ဤသတို့သမီးကို။ နော၊ ငါတို့အား။ ဒေထ၊ ပေးကြပါကုန်လော့။ ဣတိ၊ ဤသို့။ အာဟံသု၊ သားယာညွတ်ပြောင်း တောင်းဆို ကြလေကုန်သတည်း။

သာဓု....သာဓု....သာဓု....

အဲဒီလို အမျိုးသားလေးရဲ့ဖက်က မိဘများက ပြန်ပြီးတော့ ပြောတယ်။ "အမောင်ကို အဲဒီတို့ သင်တို့သမီးကလေး၊ ဒို့အိမ်

မျှားရောက်လာရင်တဲ့၊ အခု သင်ဘို့ပြောခဲ့တဲ့ အလုံးစုံ အလို၌ တိုင်း သဘောကျလှုပါတဲ့၊ကျောင်းတော်လဲသွားပါတဲ့၊ တရားလဲနာပါတဲ့၊ ဥပုသ်ကိုလဲ စောင့်သုံးပါတဲ့၊ သင်တို့ပြောဟဲ့ အလုံးစုံ သဘောရှိလုပ်ပါတဲ့။ ဒို့ဘာမှ မတားမြစ်ပါဘူး။ ဒီသတို့သမီးလေးကို ဒို့သားနဲ့လက်ထပ်ပါလို့” သာယာညွတ်ပြောင်း တောင်းဆိုကြတယ်။ အဲဒီလို တောင်းဆိုလိုက်တော့ ဘာပြုလို့ ဒီလို ခဖယယ တောင်းနေရသလဲဆိုတော့ ဒီအမျိုးသမီးလေးရဲ့ဂုဏ်က ရှိတယ်တဲ့။အမျိုးသမီးလေးက မိဘကို ရိုသေတယ်၊ လူကြီးတွေကို ရိုသေဝတယ်၊ ဝတ်နိဗ္ဗန်နဲ့ ပြည့်စုံတယ်၊ လုပ်စရာ ကိုင်စရာရှိရင် သူကဘဲ ဝေယျာဝစ္စတွေကို အကုန်လုပ်၊ “အမေဘာလုပ်ပေးရအုံးမတုံး” ခေါ်လိုက်လို့ရှိရင် အမေနားကြုံးကြုံးလေး ဒူးတုပ်ထိုင်လို့။ ခုနေမျှား အမေနား ဒူးတုပ်ထိုင်တဲ့ပုဂ္ဂိုလ် ရှာရမယ်ဆိုရင် ရှားမှာဘဲ။ နဲနဲကျဉ်းကျဉ်း ရှိချင်ရှိပါလိမ့်မယ်။ အဲဒီလောက် ဂုဏ်အပေါင်းနဲ့ ပြည့်စုံနေလို့ မရရကြောင်း တောင်းဆိုပါတယ်တဲ့။ “သင်တို့သမီးလေး ဒို့အိမ်ရောက်လာရင် သဘောကျလှုပါတဲ့။ ဒို့ဘာမှ တခုမှ မဟားမြစ်ပါဘူး”လို့ ဟောဒီလိုပြောတယ်။

ဒီလိုပြောလို့ ဒီလိုပဋိညာဉ်ပေးလိုက်တဲ့အခါကျတော့ “ဒီလို ဆိုရင်ဖြင့် ကိုင်း....လက်ထပ်ပါမယ်”လို့ ပဋိညာဉ်ပေးလိုက်တယ်။ ဒီလိုပြောလိုက်တယ်ဆိုရင်ဘဲ တခါထဲ နွေကောင်းရက်သာတွေရှေး၊ ဇာတာတွေတိုက်၊ ဇာတာတွေရှေးပေါ့။ရှေးတုန် ကထော့ လူကြီးတွေက အလေ့အထရှိတယ်။ ဇာတာကို ရှေးဦးစွာ တိုက်လေ့တိုက်ထရှိကြတယ်။ ခုခေတ်တော့ ကွယ်ပျောက်နေ ,ထင်ပါရဲ့။

အဲဒီလို နေ့ကောင်းရက်သာတွေ ရွေးပြီးတော့ အမျိုးသမီး ကလေးလက်ထပ်လို့ သူတို့အိမ်ခေါ်သွားတယ်။ တအိမ်လုံး မိစ္ဆာဒိဋ္ဌိ။ အလုပ်သမားတွေကစ မိစ္ဆာဒိဋ္ဌိတွေချည်းဘဲ။ အဲဒီ အိမ်မှာ သူရောက်သွားတယ်။ ရောက်သွားတယ်ဆိုရင်ဘဲ အမျိုး သားလေးအိမ်ရောက်သွားရင် ယောက္ခမယောက်ျား၊ ယောက္ခမ မိန်းမသူ၊ မိဘအရင်းလိုဘဲတဲ့ ပြုစုတာ။ သူရဲ့အရှင်သခင် လင် ယောက်ျားကိုလဲ ဒို့အိမ်ဦးနတ်ကဲ့သို့ ပြုစုတယ်။ လိုလေသေးမရှိ ဝတ်နိဗဒ်နဲ့ ပြည့်စုံတယ်တဲ့။ အဲဒီလို ပြုစုနေပြီးတော့ တနေ့ ကျတော့ အမျိုးသမီးလေးက ဘာပြောတုံးဆိုတော့....

ဣစ္ဆာမဟံအယျပုတ္တ အမှာကံ ကူလူပကထေရာနံ ဒါနံ ဒါတုံ။

အယျပုတ္တ၊ အရှင့်သား။ အဟံ၊ အကျွန်ုပ်သည်။ အမှာကံ၊ အကျွန်ုပ်တို့၏။ ကူလူပကထေရာနံ၊ ဆရာဖြစ်သော မထေရ်တို့ အား။ ဒါနံ၊ အလှူကို။ ဒါတုံ၊ ပေးခြင်းငှါ။ ဣစ္ဆာမိ၊ အလိုရှိပါ၏။

သတ္တိပြောင်ပြောင်နဲ့ပြောတာ၊ တကဲ့မိစ္ဆာဒိဋ္ဌိတွေရဲ့ အလယ် ခေါင်မှာ တခါထဲလိုက်သွားပြီးတော့ ဘာပြောသလဲဆိုတော့ "အရှင့်သားတဲ့ ကျွန်မလေ ကျွန်မတို့ ကိုးကွယ်ထားတဲ့ ဆရာမထေရ်တွေရှိတယ်။ အဲဒီဆရာတွေကို ကျွန်မအလှူပေးချင် တယ်၊ ဆွမ်းကပ်ချင်တယ်၊ သင်္ကန်းလှူချင်တယ်"။ အဲဒီလို သာယာညွှတ်ပြောင်းခွင့် တောင်းလိုက်တယ်။ ခွင့်တောင်းလိုက် တော့ အမျိုးသားလေးက ဘာပြောလဲ။

'အရှင်မ ကောင်းပြီ၊ သင့်သဘောကျအတိုင်း လှူပါတဲ့။ သင်အလိုရှိတိုင်းလှူပါ"လို့ သာယာနူးညွှတ် ခွင့်လွှတ်လိုက်

တယ်။ သတို့သားလေးက ခွင့်လွှတ်လိုက်တော့ အမျိုးသမီးလေး က မှန်မြတ်တဲ့ ခဲဘွယ်ဘောဇဉ်တွေ စီရင်လို့၊ နက်ဖန်ခါသို့ ရောက်သောအခါကျတော့ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂ လာန်အမှူးရှိတဲ့ သံဃာတော်တွေပင့်တယ်။ပင့်ပြီးတော့ ဆွမ်း ကပ်တယ်။ သံဃာတော်တွေ ကြွလာတယ်ဆိုရင် ဒီအိမ်ကလူတွေ တယောက်မှ မရှိတော့ဘူး။ တခါထဲ မိစ္ဆာဒိဋ္ဌိတွေ ဆိုတော့ ရဟန်းတော်တွေ မြင်တယ်ဆိုရင် တော်ရာသွားကုန်ကြပြီ၊ တိမ်း ကုန်ကြပြီ။ ရှောင်ကုန်ကြပြီ။ ဆွမ်းလဲကပ်ရော အမျိုးသမီး လေးက ဘာလျှောက်သလဲလို့ဆိုတော့ သူလျှောက်ပုံကလေး ကြည့်၊ အင်မတန် အတုယူစရာကောင်းတဲ့ အမျိုးသမီးလေး။

ဘဇန္တေ ဣမံ ကုလံ မိစ္ဆာဒိဋ္ဌိကံ အဿဒ္ဓံ
တိဏ္ဏံ ရတနာနံ ဂုဏံ နဇာနာတိ
သာဓု အယျာ ယာဝဣမံ ကုလံ
တိဏ္ဏံ ရတနာနံ ဂုဏံ ဇာနာတိ။

ဘဇန္တေ၊ အရှင်မြတ်တို့ဘုရား။ ဣမံကုလံ၊ ဤအိမ်သည်။ မိစ္ဆာဒိဋ္ဌိကံ၊ မိစ္ဆာအယူရှိပါ၏။ အဿဒ္ဓံ၊ သဒ္ဓါတရား လုံးဝ မရှိပါ။ တိဏ္ဏံ ရတနာနံ၊ ဘုရားတရားသံဃာ ရတနာသုံးပါးတို့ ၏။ ဂုဏံ၊ ဂုဏ်ကျေးဇူးကို။ နဇာနာတိ၊ တစိုးတစိမျှမသိပါ။ သာဓု အာယျာစာမိ၊ ဘုရားတပည့်တော်မ တောင်းပန် ပါ၏။ အယာ၊ အရှင်ကောင်းတို့သည်။ ယာဝ၊ အကြင်မျှ လောက်။ ဣမံကုလံ၊ ဤအမျိုးအိမ်သည်။ တိဏ္ဏံ ရတနာနံ၊ ဘုရားတရားသံဃာ ရတနာသုံးပါးတို့၏။ ဂုဏံ၊ ဂုဏ်ကျေးဇူးကို။ ဇာနာတိ၊ သိ၏။ တာဝ၊ ထိုမျှလောက် ဤအိမ် ရတနာသုံးပါး

သီသည့် ကာလတိုင်အောင်။ တုမ္မေ၊ အရှင်ဘုရားတို့သည်။ ဤဓေဝ၊ ဤအိမ်၌ပင်လျှင်။ ဘိက္ခုံ၊ ဆွမ်းကို။ ဂဏှာထ၊ ခံယူတော်မူကြပါကုန်လော့။

အမျိုးသမီးလေးကလျှောက်တယ်။ "အရှင်ဘုရားတို့၊ တပည့်တော်မ လျှောက်ပါရစေဘုရား" တဲ့။ ဆွမ်းလဲကပ်ပြီးရော သင့်လျော် လျောက်ပတ်တဲ့ နေရာကနေပြီးတော့ ရှိခိုးပြီးတော့ လျှောက်တယ်။ ဆရာမထေရ်တွေကိုလျှောက်တယ်။ ဟိုက မိစ္ဆာဒိဋ္ဌိတွေက အကုန်လုံး တိမ်းထွက်သွားတယ်။ ဒီတော့ သူက လျှောက်တယ်။

"အရှင်ဘုရားတို့....တပည့်တော်မလျှောက်ပါရစေဘုရားတဲ့။ ဟောဒီအိမ်ကလေ တအိမ်လုံး မိစ္ဆာဒိဋ္ဌိတွေပါဘုရား။ သဒ္ဓါတရား လုံးဝမရှိပါဘုရား။ ဘုရားဂုဏ် တရားဂုဏ် သံဃာဂုဏ်၊ ဒီဂုဏ်ကျေးဇူးတွေလဲ တစိုးတစိမျှ လုံးလုံးသိတဲ့အိမ်မဟုတ်ပါဘုရား။ ဒီတော့ တပည့်တော်မ တောင်းပန်ပါတယ်ဘုရား၊ အရှင်ဘုရားတို့ အရှင်ကောင်း အရှင်မြတ်တို့ဟာ ဒီအိမ်တအိမ်လုံး ရတနာသုံးပါးဂုဏ်ကို အကြင်မျှလောက် မသိသေးဘူး၊ ထိုမျှလောက် ရတနာသုံးပါး သိသည့်တိုင်အောင် ဤအိမ်ကို နေ့တိုင်း ဆွမ်းဘဉ်းပေးကြွတော်မူပါဘုရား" တဲ့။

တကယ့် ရတနာသုံးပါးကြည်ညိုအောင် သူသိမ်းသွင်းတော့မှာ၊ သာသနာပြုတော့မှာ။ အမျိုးသမီးလေးရဲ့ သတ္တိလာပုံကြည့်၊ ကိုယ့်ဘက်ဆဲဆောင်ဘာ သူများဘက်ပါတာမဟုတ်ဘူး၊ ကိုယ့်ဘက်ပါအောင် ဆဲတော့မှာ၊ တအိမ်လုံး မိစ္ဆာဒိဋ္ဌိတွေ၊ သမ္မာဒိဋ္ဌိဖြစ်အောင် ရတနာသုံးပါးမကြည်ညိုတာတွေ ကြည်ညိုအောင်ဆဲတော့မှာ၊ အခု လျှောက်နေတာ ကြည့်ပါလား။

"အရှင်ဘုရားတို့....တပည့်တော်မ တောင်းပန်ပါတယ်ဘုရား၊ ဟောဒီအိမ်ဟာ ရတနာသုံးပါး ဂုဏ်ကျေးဇူးကို လုံးလုံးမသိပါဘုရား။ ရတနာသုံးပါးဂုဏ်ကို သိသည့်တိုင်အောင် အရှင်ဘုရားတို့ ဒီအိမ်ကို နေ့တိုင်း ဆွမ်းဘုဉ်းပေးကြွတော်မူပါ၊ သည်းခံတော်မူပါ"တဲ့။ မရရအောင် သိမ်းသွင်းတော့မှာ၊ သူလျှောက်ပုံလေးက....

သာသနာပြုရာမှာ စိတ်ရှည်ရမယ်

အဲဒီအချိန်ကစပြီးတော့ သံဃာတော် အရှင်မြတ်တွေကလဲ သည်းခံပြီးတော့ သာသနာရေးအတွက် နေ့စဉ်နဲ့အမျှ ဆွမ်းဘုဉ်းပေးကြွရတယ်။ ဒါကြောင့် ဒို့သာသနာပြုတဲ့နေရာမှာ စိတ်ရှည်ရတယ်၊ ဇွဲသန်ရတယ်၊ သည်းခံရတယ်၊ ဒါလေးလိုက်ဆိုရမယ်။

စိတ်ရှည်ဇွဲသန်၊ သည်းညည်းခံ၊ ပြုရန်သာသနာ။

(စိတ်ရှည်ဇွဲသန်၊ သည်းညည့်းခံ၊ ပြုရန်သာသနာ)

ဒါကြောင့်မို့ ဒို့သာသနာပြုတဲ့နေရာမှာ စိတ်ကလဲရှည်ရမယ်၊ ဇွဲကလဲသန်ရမယ်၊ သည်းညည်းလဲခံရမယ်တဲ့။ ဒါမှ သာသနာပြုလို့ဖြစ်တယ်။ ဒီအမျိုးသမီးလေးပြောနေတဲ့စကားကြည့်စမ်းတဲ့။ ဒို့ပရိသတ်ကြီး နားထောင်ကြည့်တော့ ဘာမှ လောကကြီးပွားရေး၊ စီးပွားရေး၊ တလုံးမှမပါဘူး။ သူများထက်သာအောင်တဲ့၊ ဘာဝတ်ရအောင်၊ ဘာဆင်ရအောင်၊တိုက်ကြီးတာကြီးနဲ့နေရအောင်၊ ဟောဒီလိုစကားတွေ တလုံးမှမပါဘူး၊ ရတနာသုံးပါး သိသည့်တိုင်အောင်၊ ကြည်ညိုသည့်တိုင်အောင်၊

လူတန်းတတ်သည့်တိုင်အောင်၊ ဤအိမ်ကို ကြွတော်မူပါဘုရား လို့ မရမခြင်း နေ့တိုင်းဆွမ်းကပ်နေတယ်။ သံဃာတော် အရှင်မြတ်တွေကလဲ သူ့လျှောက်ရဲအတိုင်း သည်းခံပြီးတော့ နေ့တိုင်း ကြွကြလာတယ်။ ကြွလာပေမယ့် ဒီအိမ်က သံဃာတော်တွေ ကြွလာတယ်ဆိုရင် လူမရှိတော့ဘူး၊ ကအိမ်လုံးရှောင်နေကြတယ်။ ဒါနဲ့ တနေ့ကျတော့ အမျိုးသမီးလေးက ဘာလုပ်သလဲဆိုတော့ ဆွမ်းကပ်ပြီးတော့ သံဃာတော်တွေ ပြန်သွားတဲ့အချိန်မှာ သူ့အိမ်ရှင်ယောကျ်ားကိုပြောတယ်။

အယျုပုတ္တ ထေရာ ဣဒ နိဗ္ဗဒံ အာဂစ္ဆန္တိ၊ကိံ ကာရဏာ တုမှေ န ပဿထ။

အယျပုတ္တာ၊ အရှင့်သား။ ထေရ၊ မထေရ်မြတ်ကြီးတို့သည်။ ဣဓ၊ ဤအိမ်သို့။ နိဗ္ဗဒံ ၊ အမြဲမပြတ်။ အာဂစ္ဆန္တိ၊ ဆွမ်းစားကြလာတော် မူကြကုန်၏။ ကိံ ကာရဏာ၊ အဘယ်အကြောင်းကြောင့်။ တုမှေ၊ အရှင့်သားတို့သည်။ နပဿထ၊ အားမှမနာဖူးမျှော်ခြင်းအမှု မပြုကြကုန်သနည်း။

"အရှင့်သား....ဒီအိမ်မှာ ရဟန်းသံဃာတော်တွေ၊ ကျွန်မတို့ရဲ့ဆရာတော်ဟော အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန် အစရှိတဲ့ မထေရ်တွေ နေ့စဉ်နဲ့အမျှ ဆွမ်းဘုဉ်းပေး ကြွနေကြပါတယ်။ ဒီအိမ်ကလူတွေ ဘာပြုလို့ ရှောင်တိမ်းနေကြတုံး၊ အရှင့်သား ဘယ်အကြောင်းကြောင့် မဖူးမြော်တာတုံး" လို့ အမျိုးသမီးလေးကပြောတယ်။ သာသနာပြုတယ်။ မိစ္ဆာဒိဋ္ဌိတွေကြည့်စမ်း၊ ဟိုဘက်မလိုက်ဘူး၊ သူက ဒီတော့ အမျိုးသားလေးက ဘာပြန်ပြောတုံးဆိုတော့....

နဲနဲတော့ပါလာပြီ

သာဓု ပဿိဿာမိ။

သာဓုံ ကောင်းပြီ။ ပဿိသာမိ၊ နက်ဖန်သို့ရောက်သောအခါ ဖူးမျှော်ပေအံ။

"ကောင်းပြီရှင့်မ၊ နက်ဖန်ခါရောက်ရင် ဖူးမြှော်ပါ့မယ်" တဲ့၊ နက်ဖန်ခါကစပြီးတော့ နဲနဲတော့ပါလာပြီ။ ကိုယ့်ဖက်ဆွဲတာ ဟိုတုန်းကအမြင်ကိုမခံဘူး။ နက်ဖန်ရောက်တဲ့အခါကျတော့ဒီက မွန်မြတ်ဘဲ ခဲဘွယ်ဘောဇဉ်တွေချက် မထေရ်မြတ်တွေ ကြွလာ တယ်။ ကြွလာတယ်ဆိုရင်ဘဲ-

"အရှင့်သား....အရှင်ကောင်း အရှင်မြတ်တွေ ကြွလာပြီ" လို့ သူးပြီးတော့ ပြောတယ်။ ပြောတော့ အမျိုးသားလေးကလာ ပြီးတော့ အရှင်သာရိပုတ္တရာနားမှာ ရှိခိုးပြီးတော့ အရှင်သာရိ ပုတ္တရာနဲ့ စကားပြောတယ်။ အရှင်သာရိပုတ္တရာကလဲ တရားနဲ့ စပ်လျဉ်းတဲ့ စကားတွေကိုပြောတယ်။ ဓမ္မသေနာပတိ၊ တရား စံစ်မှူးဖြစ်တော်မူတဲ့ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက ဒါနနဲ့ ပတ်သက်တဲ့စကားတွေ၊ ဒါနကထာ။ သီလကထာ၊ သဂ္ဂ ကထာ၊ မဂ္ဂကထာဆိုတဲ့ ကထာတွေပြောတယ်။

ဒါနဆိုတာ ကြီးပွားချမ်းသာရေး၊ ဟောဒီဒါန လှူရင်ဖြင့် ဖြစ်လေရာဘဝတိုင်း ပစ္စည်းဥစ္စာတွေပေါတယ်၊ မော်တော်ကား စီးလို့ တိုက်ကြီးကြီးနဲ့ နေရမယ်၊ ရွှေငွေစိန်ကျောက်၊ ထိန်ထိန် တောက်လို့ အထက်တန်းကျကျ မျက်နှာပန်းလှလှကြီး နေရလိမ့် မယ်တဲ့။

သီလကို စောင့်ထိန်းခဲ့လို့ ရှိရင်ဖြင့် အသက်ရှည်မယ် အနာဒရာဂါကင်းမယ် ဂုဏ်သတင်းတွေ ပို့မြှေးမယ်တဲ့။ ယခုလို ဒို့ဝိပဿနာ ရှုမှတ်ပွားများခဲ့ရင် မအိုရာ မနာရာ မသေရာဆိုတဲ့ နိဗ္ဗာန်သို့ ကောင်းထုတ်ချောက် ဖရောက်လိမ့်မယ်လို့ ဒီလိုဘုရင်သာရိပုတ္တရာက တရားတော်ဟောတယ်။

ပြီးတော့ အရှင်သာရိပုတ္တရာ ဟောတဲ့တရားလဲ သူကအလွန် သဘောကျ အလွန်ကြည်ညိုတယ်။ အရှင်သာရိပုတ္တရာရဲ့ ဣရိယာပထကိုလဲ ကြည်ညိုတယ်။ ဣရိယာပထဆိုတာ နေပုံထိုင်ပုံလေး။ နေပုံထိုင်ပုံလေးက အခုဒို့ယောဂီတွေလိုပေါ့။ သွားလဲ အမှတ်ကလေးနဲ့၊ စားလဲအမှတ်ကလေးနဲ့၊ မျက်လုံးလေးဖွင့်လဲ အမှတ်ကလေးနဲ့၊ အဲဒီလို အမှတ်က မလွတ်တော့ နေရာတကာ အမှတ်ကပါနေတော့ ကြည်ညိုစရာ ကြည်ညိုဘွယ် ဂုဏ်တွေကဆောင်နေတယ်။ ဆောင်နေတော့ အမျိုးသားလေးက သိပ်ပြီးတော့ ကြည်ညိုတယ်၊ အရှင်သာရိပုတ္တရာရဲ့ တရားစကားလဲ ကြည်ညိုတယ်၊ အရှင်သာရိပုတ္တရာရဲ့ ဣန္ဒြေသိက္ခာတွေ ဣရိယာပထတွေကိုလဲ ကြည်ညိုတယ်တဲ့။

အဲဒီနေ့ကစပြီးတော့ဒီအမျိုးသားလေးဟာပြောင်းလာတယ်၊ ဒီသံဃာတော်တွေရဲ့အတွက် ရေစစ်တယ်၊ နေရာခင်းတယ်၊ ဘမွှေက်လှဲတယ်၊ သံဃာတော်တွေ လာလို့ရှိရင် ဝတ်ချပြီးတော့ ဆွမ်းမစားခင် အကြားအကြားမှာ တရားနာတယ်တဲ့။ ဟခါဆဲပြောင်းလိုက်လာတယ်။ အမျိုးသမီးလေး ဆဲဆောင်တာနဲ့သာသနာပြုတာနဲ့ သာသနာကို ကြည်သိုယုံကြည်လာတယ်။

အမျိုးသားလေးက နောက်တဖြည်းဖြည်းနဲ့ ဘာဖြစ်လာလဲဆိုတော့ သူတို့ရဲ့ မိစ္ဆာဒိဋ္ဌိအယူတွေ ပျက်ပြားပြီးတော့ သမ္မာ

ဒီဌီအယူတွေ ရောက်လာတယ်။ ရတနာသုံးပါးကို ကြည်ညိုတတ်လာတယ်။ ကြည်ညိုတတ်လာတော့ နေ့စဉ်နဲ့အမျှ ရဟန်းတွေလာရင် သူဘဲ ဝေယျာဝစ္စတွေလုပ်တယ်၊ လုပ်ပြီးတော့တရားတော်ကို နေ့တိုင်းနာတယ်။

သစ္စာလေးပါး

တနေ့ကျတော့ ဇနီးမောင်နှံနှစ်ယောက် တရားနာကြတယ်။ တရားနာတဲ့ အခါကျတော့ အရှင်သာရိပုတ္တရာကဘာတရားဟောသလဲဆိုတော့ သစ္စာလေးပါး တရားဟောတယ်။ သစ္စာလေးပါးကို လိုက်ဆိုရမယ်။

ဒုက္ခသစ္စာ၊ ဆင်းရဲအစစ်အမှန်။
သမုဒယသစ္စာ၊ ဆင်းရဲဖြစ်ကြောင်းအစစ်အမှန်။
နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာအစစ်အမှန်။
မဂ္ဂသစ္စာ၊ ဆင်းရဲငြိမ်းရာဆိုက်ရောက်ကြောင်း
အကျင့်လမ်းကောင်းအစစ်အမှန်။

နောက်တခေါက်ဆို-

ဒုက္ခသစ္စာ၊ ဆင်းရဲအစစ်အမှန်။
သမုဒယသစ္စာ၊ ဆင်းရဲဖြစ်ကြောင်းအစစ်အမှန်။
နိရောဓသစ္စာ၊ဆင်းရဲငြိမ်းရာ အစစ်အမှန်။
မဂ္ဂသစ္စာ၊ ဆင်းရဲငြိမ်းရာ ဆိုက်ရောက်ကြောင်း
အကျင့်လမ်းကောင်း အစစ်အမှန်။

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ သစ္စာလေးပါးနော်။ ဒုက္ခသစ္စာဆိုတာက ဘာကိုးဆိုတော့ ဆင်းရဲအစစ်အမှန်တဲ့။ သမုဒယ သစ္စာက ဆင်းရဲဖြစ်ကြောင်းအစစ်အမှန်

တဲ့။ အဲဒီဆင်းရဲနဲ့ ဆင်းရဲဖြစ်ကြောင်းရှိတော့၊ ဆင်းရဲချုပ်ငြိမ်းရာ ရှိတယ်တဲ့။ အဲဒါနိုရောဓသစ္စာ။ ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း အကျင့်လမ်းကောင်း အစစ်အမှန်ဆိုတာလဲ ရှိတယ်တဲ့၊ အဲဒါမဂ္ဂသစ္စာ။ ဒီသစ္စာ လေးပါးကို အကျယ် ခွဲပြီးတော့ ဟောတယ်။

ဇာတိဒုက္ခ

အရှင်သာရိ ပုတ္တရာက၊ ဒီလိုဟောတော်မူတယ်၊ ဒီခန္ဓာငါးပါး ဘယ်ကလာသလဲဆိုမတော့ ဇာတိပိဒုက္ခာ-ပဋိသန္ဓေ နေရတာက စလာတာတဲ့။ အဲဒီပဋိသန္ဓေ နေရတယ်ဆိုတာ ဘယ်မှာနေရလဲဆိုတော့ အမိရဲ့ ဝမ်းတွင်းမှာ နေရတယ်။ အမိရဲ့ ဝမ်းတွင်းမှာ အစာသစ်အိမ်ခေါင်းနဲ့ ရွက်လို၊ အစာဟောင်းအိမ်ပေါ် ထိုင်လို၊ ကျောဖက်မှာ မျက်နှာလေးလှည့်ပြီးတော့၊ ဒူးနှစ်လုံးကြားမေးတင်လို၊ ကုပ်ကုပ်ကလေးထိုင်နေရတယ်။ ၁၀-လ၉-လတဲ့။ ထိုင်နေရာတာညောင်းလို့လဲ မထရဘူး၊ နေရတာကလဲ့ မသန့်မရှင်းနဲ့ နေရတယ်။ အသဲနှလုံး အူသိမ်အူမ ကျင်ကြီး ကျင်ငယ်တွေနှပ် ငံ့ထွေးတွေကြားထဲနေရတယ်။

ဒီနေရာက လာခဲ့တာချည်းဘဲ။ အဲဒီလောက် နေရတဲ့အထဲမှာ တကုပ်ကုပ်နဲ့ နေရတဲ့အထဲအမိကများ ပူတဲ့အစားအစာစားလိုက်ရင် အဝီစိငရဲကျသလိုဘဲ၊ ပဋိသန္ဓေသားလေးက ပူလိုက်တာတဲ့။ အေးတဲ့အစာ စားရင်လဲ အထဲမှာ သားလေးက အေးလိုက်တာ ငရဲခံရသလိုဘဲ။ အမိကထလိုက်ဆန့်လိုက်ရင်လဲဘဲ အထဲက သန္ဓေသားကလေးဟာ ဆိတ်ကလေးကို လည်ဆန့်ဆဲရမ်းလိုက်သလိုဘဲ။ ခုကာလများ အားကစားတဲ့ အမိဝမ်းတွင်းများနေရရင် သက်

သာမယ်မထင်ဘူး။အဲဒါကမှ တော်ပါလို့မှအံ့းမယ်၊ ဘောလုံး ခတ်တဲ့ အထဲများရောက်နေရင်တော့ စည်ထဲထည့်ပြီးတော့ ရာဇဝတ်သားစည်ထဲထည့်ပြီးတော့ ဟိုဘက်ဒီဘက်လှိမ့်ကန်နေတာနဲ့ အထဲထဲက လိမ့်နေသလိုနေမှာဘဲ။

အိုနာသေရဒုက္ခချည်းသာ

အဲဒီလောက် ပဋိသန္ဓေနေရတဲ့ဒုက္ခတဲ့။ အဲဒါဘာဒုက္ခတဲ့-ဇာတိဒုက္ခနော်။ အဲဒီဇာတိဒုက္ခက ကျတ်လွတ်လာပြန်တော့ မွေးဖွားလိုက်တယ်ဆိုရင်လဲ အဲ- ဒို့အပြင်ဖက်က လက်ကြမ်း၊ ခြေကြမ်း၊ အဝတ်ကြမ်းကြို တွေနဲ့ကိုင်တော့ သူ့အသားလေးက မွေးခါစ သိပ်နုတယ်။ အသားနုတက်ခါစ အနာကလေးကို အပ်နဲ့ဆွသလို လှုံနဲ့ဆွသလိုဘဲတဲ့။

ဒါကြောင့်မို့ ကင်လေးကသိပ်ဝိုတယ်၊ လက်ကကိုင်လေငိုလေ ဆင်းရဲဒုက္ခတွေတွေ့နေရတယ်၊ အဲဒီကနောက် အိုလာရ၊ အိုရာကနာ၊ ဆံဖြူရ သွားကျိုးရ ဖျားရ နာရ သေရ။ ဒါကြောင့်မို့ ဒီပါဠိတော်တွေကို အကုန်မရွတ်ဖဲနဲ့ အကျဉ်းချုံးပြီး တော့ ဆရာတော်ဘုရားကြီးက မြန်မာလိုရှင်းရှင်း လင်းလေးရေးထားတာရှိတယ်။

ဖြစ်အိုသေရေး၊ စိုးရိမ်ဆွေး၊ ငိုကြွေးကိုယ်နာကျင်။
ကဲ- ဒါလေးလိုက်ဆိုရအောင်၊
(ဖြစ်အိုသေရေး၊ စိုးရိမ်ဆွေး၊ ငိုကြွေးကိုယ်နာကျင်။)
ဖြစ်-ဆိုတာက ဇာတိကိုခေါ်တယ်။ ဇာတိပိုဒုက္ခာ-ဆိုတာက ဇရာ။ သေ-ဆိုတာက မရဏ။ ဖြစ်အိုသေရေး၊ စိုးရိမ်-ဆိုတာက သောက စိုးရိမ်ဆွေး၊ ငိုကြွေးကိုယ်နာကျင်။ ငိုကြွေးတယ်

ဆိုတာက-ပရိဒေဝ။ ဒါတွေဟာ အကုန်လုံး ဒုက္ခချည်းဘဲတဲ့။ အိုနေရတာလဲဒုက္ခ၊ နာနေရတာလဲ ဒုက္ခ၊ သေရတာလဲဒုက္ခ၊သောတာမျှား ဒုက္ခလားဘုရားဆိုတော့ သေတာကတော့ အသက်ကလေးရှူရှိုက်နေတာ၊ ရှူးဆို ထွက်သွားပြီး ပြန်ရှူလိုက်လို့ မပါလာရင်သေတာပါဘဲ။

ဒါပေမဲ့လို့နော် ဘာကခဲယဉ်းနေတုံးဆိုတော့ မသေခင်ခဲ့ရမှာတွေသိတယ်။ သြ....ငါမရှိရင် သားတွေသမီးတွေ ဘယ်လိုနေရပါ့၊ အဖိုးကြီး ဘယ်လိုနေပါ့၊ အမယ်ကြီး ဘယ်လိုနေပါ့၊ အဲဒီဒုက္ခတွေကလဲခံနေရတယ်။ မခဲ့နိုင်ဘူး မခွာရက်ဘူး၊ ဒီထဲကနေ ဟိုကဇွတ်တရွတ်ဆွဲခေါ်သွားလို့သာ ပါသွားရတာ ဒီမှာစိတ်မချဘူး၊ အဲဒါကြောင့်မရဏဒုက္ခတဲ့။ သားအတွက်စိုးရိမ်ရ၊ သမီးအတွက်စိုးရိမ်ရ၊ ဒီခန္ဓာကြီးရှိနေလို့ တခါတလေ ငိုကြွေးရတာ။ ဒါကြောင့် ...

နှလုံးမသာ၊ စိတ်ပြင်းစွာ၊ ပူတာဆင်းရဲပင်။
ကိုင်း... တခေါက်ဆိုရအောင်။
(နှလုံးမသာ၊ စိတ်ပြင်းစွာ၊ ပူတာဆင်းရဲပင်။)

မကြားချင် မြင်ချင်ရက်သား

တခါတလေ စိတ်မချမ်းမသာ ဖြစ်ရတယ်၊ တခါတလေ မဟုတ်ပါဘူး၊ ခဏခဏဖြစ်တယ်။ သားကြောင့် သမီးကြောင့် ရပ်ကြောင့် ရွာကြောင့် တနေ့ ကြားရတာ၊ စိတ်မချမ်းသာဘူး၊ မြင်ရတာတွေ့ စိတ်မချမ်းသာဘူး။ ဒါတွေဟာ ဒုက္ခသစ္စာတွေ့ဘဲဘဲ့။ စိတ်ထဲမှာပူရတယ်၊ ပင်ရတယ်၊ ကြောင့်ကြရတယ်၊ စိုးး

ရိုမ်ရတယ်၊ အဲဒါတွဲ့ ဒုက္ခသစ္စာတွေပါဘဲတဲ့။ ဒါကြောင့် နောက်တခုက....

မုန်းသွားနှင့်တွဲ့၊ ချစ်သွားကွဲ့၊ ဆင်းရဲအမှန်ပင်။
ကိုင်း....ဒါလေးလိုက်ဆိုရအောင်။
(မုန်းသူနှင့်တွဲ့၊ ချစ်သူကွဲ့၊ ဆင်းရဲအမှန်ပင်။)

ဒါလေးကလဲ ဒို့မတွဲ့တွဲ့လူနဲ့များး နေရရင် အပိယေဟိသမ္ပယောဂေါဒုက္ခောလို့ဆိုတဲ့အတိုင်း ဆင်းရဲတာဘဲ။ မတွဲ့တွဲ့လူနဲ့များး နေရရင် တနာရီတရက်၊ တနာရီ နှစ်နာရီ မြင်လဲမမြင်ချင်ဘူး၊ ကြားလဲမကြားချင်ဘူး၊ နေလဲမနေချင်ဘူး၊ စိတ်ဆင်းရဲတတ်တယ်တဲ့။ ချစ်သူနဲ့ကွဲရပြန်တော့လဲ စိတ်ဆင်းရဲတယ်။ တပိန်ပိန် တလွန့်လွန့်နဲ့ တတွန့်တွန့်နဲ့ စားလို့မဖြောင့် အိပ်လို့မဖြောင့်၊ အဲဒီလို တဆွေးထဲဆွေးပြီး တနွေးထဲနွေးနေရတာလဲ ဒုက္ခပါဘဲတဲ့။ ဒါကြောင့်....

မုန်းသူနဲ့တွဲ့၊ ချစ်သူကွဲ့၊ ဆင်းရဲအမှန်ပင်။

မဖြစ်ချင်လို့မရ

ကိုင်း နောက်တခု....

မရတာလို့၊ ဒုက္ခဆို့၊ တိုတိုပြောရလျှင်။

ဒါက ယံပိစ္ဆံနလာဘတိ တံပိဒုက္ခံ။ ဒီပါဠိတော်ကိုဆရာတော်ဘုရားကြီးက အားလုံးနားလည်အောင်လို့ "မရတာလို့၊ ဒုက္ခံဆို့၊ တိုတိုပြောရလျှင်" လို့ ဒီလိုရေးထားတာ။ ကိုယ်ဖြစ်ချင်တာလေးများ မဖြစ်ရရင် မဆင်းရဲကြဘူးလား၊ ဒို့ပရိသတ်ကြီး (ဆင်းရဲ

ပဲ့ါတယ်ဘုရား)၊ အေး....ကိုယ်ဖြစ်ချင်တာမဖြစ်ရ ကိုယ်ကအိုချင်ကြရဲ့လား (မအိုချင်ပါဘုရား)၊မအိုချင်ဘဲနဲ့ အိုနေတော့ စိတ်ထဲက မဆင်းရဲဘူးလား (ဆင်းရဲပါတယ်ဘုရား)။

အမလေး သွားတွေကျိုးသွားလို့ သွားစိုက်ဆိုင်သွားရ၊ ဆံပင်တွေဖြူသွားလို့ အနက်ဆေးတွေဆိုးရ၊ ပြုပြင်မနေရဘူးလား။ ဒါ ပြုပြင်လို့မရတာတွေ့။ "ယံပိစ္ဆံ နလဘတိ" မအိုချင်ဘဲနဲ့ အိုနေရတာ၊ အရေတွေက တွန့်နေပြန်၊ တွန့်မှန်းမသိဘူး။ သူကလဲဘဲ သူ့ဟာနဲ့သူ "အိုနာသေသို့၊ မောင်းနှင်ပို့၊ လူတို့မမြဲပါပါတကား"။ ဇာတိရှိကထဲက ဒါတွေက တဲ့ပါလာတာကိုး။ တခါထဲ ဇာတိရှိကထဲက တဲ့ပါလာတာ၊ အိုမယ် နာမယ် သေမယ်ဆိုတာ ဇာတိဖြစ်လာကထဲက ဒီကလဲတားမြစ်နေတာတဲ့။ဟိုကလဲ အိုမလို့ ပါးရေတွေက ရင့်လိုက်လာ တွန့်လိုက်လာ ဒီကလဲပေါင်ဒါတွေ အလှဆီတွေ ဆေးတွေနဲ့လိမ်း၊ လိမ်းတဲ့အထဲကနေ တွန့်တက် လိုက်လာတာပါဘဲ။

အဲဒီလို မဖြစ်ချင်တာတွေ ဖြစ်နေရတာ "မရတာလို့၊ ဒုက္ခဆို၊ တိုတိုပြောရလျှင်"၊ အဲဒီလို ကိုယ်ဖြစ်ချင်တာလေးမဖြစ်ရ၊ ကိုယ်မဖြစ်ချင်တာ ဖြစ်ရတာလဲ ဒုက္ခတဲ့။ ဒါကြောင့် မသေချင်ဘဲနဲ့ သေကြရ၊ မနာချင်ဘဲနဲ့ နာကြရ၊ မအိုချင်ဘဲနဲ့ အိုကြရ။

စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ သစ္စာဒုက္ခပင်။

ကိုင်း–တခေါက်ဆိုရအောင်။

(စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ သစ္စာဒုက္ခပင်။)

ခန္ဓာငါးပါး

ဒို့ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာအစစ်ပါ။ ဒီနေရာ ခုနက ခပ်ကြဲကြဲ ဝိပဿနာယောဂီနဲ့လိုက်အောင် ပြောကြစို့ဆိုတော့ ဒို့ပရိသတ်ကြီး ဖောင်းတယ်ပိုန်တယ် မမှတ်ကြဘူးလား (မှတ်ပါတယ်ဘုရား)၊ ကွေးတယ် ဆန့်တယ်ကော မမှတ်ဖူးလား (မှတ်ပါတယ်ဘုရား)၊ ဖောင်းတာပိုန်တာသည် ဘာသစ္စာတုံး-ဒုက္ခသစ္စာတဲ့။ ဖောင်းနေတဲ့အထဲ ခန္ဓာငါးပါး ပါကြလား (ပါပါတယ်ဘုရား)၊ ဖောင်းနေတဲ့အထဲ ဖောင်းတယ်လို့ မှတ်လိုက်တော့ ဖောင်းတာလေးကရုပ်လား-နာမ်လားဆိုရင် ဘယ့်နှယ်ပြောကြမတုံး (ရုပ်ပါဘုရား)၊ ရုပ်တရားလေး၊ ရူပက္ခန္ဓာ၊ ဒါက ရုပ်ကခန္ဓာတပါးရတယ်။ မှတ်လိုက်တဲ့ နာမ်လေးက ခန္ဓာလေးပါးရတယ်။ မှတ်လို့ကောင်းတာ မကောင်းတာက ဝေဒနက္ခန္ဓာ၊ မှတ်သားနေတာက သညာက္ခခန္ဓာ၊ အားစိုက်နေတာက သင်္ခါရက္ခန္ဓာ၊ သိနေတာလေးက ဝိညာဏက္ခန္ဓာတဲ့။ အဖောင်းလေးတခုထဲ ခန္ဓာငါးပါး မပါဘူးလား (ပါပါတယ်ဘုရား)၊ အပိန်လေးတခုထဲကော မပါဘူးလား (ပါပါတယ်ဘုရား)။

ဒါဖြင့် ဒို့တတွေမှတ်နေတာ ခန္ဓာငါးပါး မမှတ်ဘူးလား။ အဲ့ဒီခန္ဓာငါးပါးသည် သစ္စာထဲက ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခသစ္စာတွေ့ပလား (တွေ့ပါပြီဘုရား)၊ ဖောင်းတာလေးက ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)၊ ကွေးတာလေးကကော (ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခသစ္စာတဲ့။ သွားနေတာလေးက ထိုင်နေတာလေးကကော (ဒုက္ခသစ္စာပါဘုရား)၊ ပူတာ

လေးကကော (ဒုက္ခသစ္စာပါဘုရား)။ ဒါဖြင့် အဲဒီဒုက္ခသစ္စာတွေ အမှတ်ခံနေရတဲ့ တရားလေးတွေက ဘာသစ္စာပါလိမ့် (ဒုက္ခသစ္စာပါဘုရား။)

ဖောင်းတယ်ပိန်တယ်က သူကမှတ်တာလား၊ သူက အမှတ်ခံတာလား-အမှတ်ခံရတဲ့တရား။ ဒါလေးကိုကဲ့အောင်မှတ်။အဲဒီအမှတ်ခံရတဲ့တရားက ဘာသစ္စာပါလိမ့် (ဒုက္ခသစ္စာပါဘုရား)၊ နောက်ကနေပြီးတော့ လိုက်မမှတ်ဖူးလား။ ဖောင်းရင် ဖောင်းတယ်လို့ မမှတ်ဘူးလား။ အဲဒီမှတ်နေတဲ့ ရှုညာဏ်လေးက မဂ္ဂသစ္စာ။ ရွေ့က အမှတ်ခံနေရတဲ့ သစ္စာလေးက ဘာသစ္စာတဲ့(ဒုက္ခသစ္စာပါဘုရား)- နောက်က ရှုညာဏ်လေးက ဘာသစ္စာတဲ့ (မဂ္ဂသစ္စာပါဘုရား) မဂ္ဂသစ္စာက သမ္မာဒိဋ္ဌိမဂ္ဂင်ညာဏ်နဲ့ အမှန်ကို အမှန်အတိုင်း ပိုင်းခြားပြီးတော့ မသိဘူးလား။ ဖောင်းနေတာလေးက ဒုက္ခဘဲ၊ ပိုန်နေတာလဲ ဒုက္ခသစ္စာ၊ ကွေးတာဆန့်တာတွေကကော ဒုက္ခသစ္စာ၊ ကြွတာလှုပ်းတာက ကော၊ မြင်တာကြားတာတွေကကော၊အကုန်လုံး ဒုက္ခသစ္စာချည်းဘဲ။အဲဒီလိုမြင်တော့ ဘယ့်နှယ်မှတ်တုံး (မြင်တယ်မြင်တယ်လို့ မှတ်ပါတယ်ဘုရား)၊ ဟော....အမှတ်ခံနေရတာလေးက ဒုက္ခသစ္စာ၊ မှတ်နေတာလေးက ဘာသစ္စာတဲ့ (မဂ္ဂသစ္စာပါဘုရား)။

အဲဒီလို လိုက်လိုက်ပြီး မှတ်နေတော့ ဒုက္ခကို ဒုက္ခမှန်း အမှန်အတိုင်း သိမလာဘူးလား (သိလာပါတယ်ဘုရား) သိတယ်။ ဒါဖြင့် ဒုက္ခမှန်းသိရင် ဒီပေါ်မှာ လိုချင်သေးလား (မလိုချင်တော့ပါဘုရား)၊ မလိုချင်ရင် ဘာပြတ်သွားတုံး-သမုဒယသစ္စာ မပြတ်ဘူးလား၊ မလိုချင်ရင် ဘာပြတ်တုံး (သမုဒယသစ္စာ ပြတ်

ပါတယ်ဘုရား)။ သမုဒယသစ္စာပြတ်ရင် ကိုလေသာတွေ မချုပ်ဘူးလားး(ချုပ်ပါတယ်ဘုရား)၊ ချုပ်သွားရင် နိရောဓ မဆိုက်ဘူးလား။

ဒုက္ခမှန်း မသိကြလို့

ဒါကြောင့်မို့ သြ-ဒီနေရာမှာ ဒို့ဒုက္ခကို ပိုင်းခြားပြီးတော့ မကြည့်လို့ မရှုလို့ အကောင်းထင်နေတာ၊ နဂိုတုန်းကတော့ ဒီဖောင်းတယ် ပိန်တယ်ဆိုတာကိုဘဲ မြဲတယ်ခိုင်တယ် သူကောင်ငါကောင်ယောကျ်ားကောင်မိန်းမကောင်၊ဒီလိုထင်ပြီးတော့သာယာနှစ်သက်လာခဲ့တာ၊ တကယ်ရှုမှတ်ကြည့်လိုက်တော့ ဖောင်းတာလေးက မြဲရဲ့လား၊ ပေါ်လာပြီးတော့ ပျောက်သွား။ပေါ်လာပြီးဟော့ ပျောက်မသွားဘူးလား (ပျောက်သွားပါတယ်ဘုရား)၊ ပိန်တာလေးကကော ပေါ်လာပြီးတော့ ပျောက်မသွားဘူးလား၊ ပူတာအေးတာတွေကကော မြဲလား (မမြဲပါဘုရား)၊ မမြဲလို့ရှိရင် အားကိုးစရာရှိရဲ့လား(မရှိပါဘုရား)၊ ဘာမှမရှိဘူး။

ဩော်....သူကလဲ အားကိုးစရာမရှိဘူး၊ ဒုက္ခအစစ်တွေဘဲ၊ မြဲတာခိုင်တာလဲ မဟုတ်ဘူးလို့ နောက်ကနေပြီးတော့ အမှန်အတိုင်း သိနေတာက မဂ္ဂသစ္စာတဲ့။ အဲဒီလို အမှန်အတိုင်း မသိခင်တုန်းက ဒါတွေဖြစ်ချင်တာ လိုချင်တာတဲ့။

မသိတော့ဖြစ်ချင်၊ ဖြစ်ချင်တော့ ဖြစ်အောင်လုပ်၊
ဖြစ်အောင်လုပ်တော့ဖြစ်၊ ဖြစ်တော့ပျက်၊
ဖြစ်ပျက်နေတာက ဒုက္ခ။
ဒုက္ခ-ဒုက္ခမှန်းမသိ၊ မသိတော့ဖြစ်ချင်၊
ဖြစ်ချင်တော့ ဖြစ်အောင်လုပ်၊

ဖြစ်အောင်လုပ်တော့ဖြစ်၊ ဖြစ်တော့ပျက်၊
ဖြစ်ပျက်နေတာက ဒုက္ခ။
ဒုက္ခ-ဒုက္ခမှန်းမသိ၊ မသိတော့ဖြစ်ချင်၊
ကိုင်း....ဒါလေးတခေါက်ဆိုရအောင်....
(မသိတော့ဖြစ်ချင်၊ ဖြစ်ချင်တော့ ဖြစ်အောင်လုပ်၊
ဖြစ်အောင်လုပ်တော့ဖြစ်၊ ဖြစ်တော့ပျက်၊
ဖြစ်ပျက်နေတာက ဒုက္ခ။
ဒုက္ခ-ဒုက္ခမှန်းမသိ၊ မသိတော့ဖြစ်ချင်၊
ဖြစ်ချင်တော့ဖြစ်အောင်လုပ်၊
ဖြစ်အောင်လုပ်တော့ဖြစ် ဖြစ်တော့ပျက်၊
ဖြစ်ပျက်နေတာက ဒုက္ခ။
ဒုက္ခ-ဒုက္ခမှန်းမသိ၊ မသိတော့ဖြစ်ချင်....

ဒုက္ခကို ဒုက္ခမှန်းသိကြလား။ ဒုက္ခကို ဒုက္ခမှန်းမသိရင်တဲ့ မသိတော့ မဖြစ်ချင်ဘူးလား၊ ဖြစ်ချင်တော့ ဖြစ်အောင်မလုပ်ဘူးလား၊ ဖြစ်အောင်လုပ်တော့ မဖြစ်ဘူးလား၊ ဖြစ်တော့မြဲရဲလား၊ မမြဲတော့ဘာဖြစ်တုံး၊ ဖြစ်တော့ပျက်၊ ဖြစ်တော့ မပျက်ဘူးလား။ ဒါဖြင့် ဖြစ်ပျက်နေတာက ဒုက္ခ။ အဲဒီဒုက္ခကို ဒုက္ခမှန်းမသိတော့ မဖြစ်ချင်ဘူးလား၊ဖြစ်ချင်တော့ ဘာလုပ်တုံး ဖြစ်အောင်လုပ်၊ လုပ်တော့ဖြစ်၊ ဖြစ်တော့ပျက်၊ အဲဒါကြောင့်မို့—

မသိလျှင်ပတ်၊ သိလျှင်ပြတ်၊ နှစ်ရပ်ခွဲ၍သိ။

ကဲ...တခေါက်ဆိုရအောင်။

(မသိလျှင်ပတ်၊ သိလျှင်ပြတ်၊ နှစ်ရပ်ခွဲ၍သိ)

မသိရင်ပတ်တယ်ဆိုတာ ဒုက္ခကိုဒုက္ခမှန်း မသိတော့ ဖြစ်ချင်ယ်၊ ဖြစ်ချင်တော့ ဖြစ်အောင်လုပ်၊ ဖြစ်အောင်လုပ်တော့ဖြစ်လာ၊ ဖြစ်လာတော့ အိုနာသေတဲ့ မပတ်ဘူးလား၊ အိုနာသေတဲ့ ပတ်မနေဘူးလား။ အေး-သိလာတော့ ဒါတွေမလိုချင်ဘူးဆိုရင် အိုနာသေတဲ့၊ ပြတ်မသွားဘူးလား၊ ကဲ....ဒါကြောင့်-

မသိလျှင်ပတ်၊ သိလျှင်ပြတ်၊ နှစ်ရပ်ခွဲ၍သိ။

မသိလျှင်ပတ်တယ်၊ သိလျှင်ပြတ်တယ်ဆိုတာ ဒါပြောတာဘဲ။ မသိလို့ ဒုက္ခကိုဒုက္ခမှန်းမသိတော့ ဖြစ်ချင်တယ်။ဖြစ်ချင်တော့ ဖြစ်အောင်လုပ်၊ ဖြစ်အောင်လုပ်ဟော့ဖြစ်၊ ဖြစ်လာတော့ အိုနာသေတဲ့ပတ်လာတယ်။ ဒုက္ခကို ဒုက္ခမှန်းသိလို့ မဖြစ်ချင်တော့ဘူးဆိုလို့ရှိရင် အိုနာသေတဲ့ ပြတ်တော့တာပါဘဲတဲ့။

အရှုခံနဲ့ရှုဉာဏ်

ဒါကြောင့်မို့ ဒို့ရွေ့ကနေပြီး အရှုခံနေတဲ့တရားတွေက အရှုခံတရားလေးတွေက သုခလား-ဒုက္ခလားလို့မေးရင် ဘာပြောကြမတုံး၊ ဒုက္ခသစ္စာ။ အရှုခံသစ္စာကဘာတဲ့ (ဒုက္ခသစ္စာပါဘုရား) အရှုခံနေတာဘယ်သူတုံး၊ ဖောင်းတယ်ပိန်တယ် သူက အရှုခံလား-ရှုဉာဏ်လား (အရှုခံပါဘုရား) အရှုခံတရား။ ကွေးတယ်ဆန့်တယ်ဆိုတာကော အရှုခံလား-ရှုဉာဏ်လား (အရှုခံတရားပါဘုရား) အရှုခံတရားလေးတွေတဲ့။ သူက ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား) မြင်တယ်ကြားတယ် ဆိုတာက အရှုခံလား ရှုဉာဏ်လား(အရှုခံပါဘုရား) အရှုခံတရားလေးတွေတဲ့။ ဒါဖြင့်အဲဒါတွေက သုခလား ဒုက္ခလား (ဒုက္ခပါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာဆိုတာ ဘယ်မှာရှိသလဲ၊ ဒို့ခန္ဓာကိုယ်မှာ မရှိဘူးလား။ မြင်တာတွေက ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘူး) ကြားတာတွေက ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘူး) ဖောင်းတာပိုန်တာတွေက ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘူး) ကွေးတာဆန့်တာတွဲ့ (ဒုက္ခသစ္စာပါဘူး) အဲဒါလေးတွေ လိုက်မှတ်မနေဘူးလား၊ မှတ်နေတာက ဘာသစ္စာတုံး မဂ္ဂသစ္စာ။ မှတ်လိုက်တော့ အမှန်အတိုင်း မသိဘူးလား၊ ဒုက္ခကိုဒုက္ခမှန်း မသိဘူးလား၊ ဒုက္ခကို ဒုက္ခမှန်းသိရင် သမုဒယမပြတ်ဘူးလား၊ သမုဒယသစ္စာပြတ်သွားလို့ရှိရင် နိရောဓမဆိုက်ဘူးလား။ ကဲ.... တခေါက်ဆိုရအောင်။

အရှုခံတရားက ဒုက္ခသစ္စာ၊
ရှုဉာဏ်တရားက မဂ္ဂသစ္စာ၊
သေဆုံးသွားတာက သမုဒယသစ္စာ၊
ချုပ်ငြိမ်းသွားတာက တဒင်္ဂနိရောဓသစ္စာ။

သစ္စာလေးချက် တပြိုင်နက်

ဒို့ ဒီနေရာမှာ ဒို့ပရိသတ်ကြီး နားလည်ထားဖို့က သစ္စာလေးပါးဆိုတာ အရှုခံတရားကတချက်၊ ပြီးတော့ကော၊ ရှုဉာဏ်တရားကတချက်။ ပြီးတော့ သေဆုံးသွားတဲ့ သမုဒယသစ္စာက တချက်၊ နောက်တခု ချုပ်ငြိမ်းသွားတာက တဒင်္ဂနိရောဓသစ္စာတဲ့။

ဒါဖြင့် အဲဒီအရှုခံတဲ့ ဒုက္ခသစ္စာဆိုတာ ဘယ်မှာလဲဆိုရင် ဒို့ခန္ဓာကိုယ်က ပေါ်ပြနေသမျှတွေသည် ဘာသစ္စာထဲထားမတုံး (ဒုက္ခသစ္စာထဲ ထားပါမယ်ဘုရား) အဲဒါတွေ လိုက်ပြီးတော့

အမှန်ဆိုက်အောင် ပေါ်တာလေးတွေလိုက်ပြီး ရှုမှတ်ကြည့်လိုက်တော့ သူက အားကိုးလောက်သလား (အားမကိုးလောက်ပါဘုရား) တကယ်ခိုင်မာနေသလားလို့ လိုက်ကြည့်တယ်၊ ကြည့်နေရင် မြဲတာခိုင်တာတွေ့ရဲ့လား၊ မတွေ့တော့ မမြဲဘူးလို့ မသိဘူးလား၊ ဆင်းရဲတယ်လို့မသိဘူးလား၊ အဲဒီလို သိနေတာလေးက ဘာဉာဏ်တဲ့ မဂ္ဂသစ္စာ။ ဘာတုံး (မဂ္ဂသစ္စာပါဘုရား) ဒီလို အမှန်အတိုင်း သိသွားလို့ရှိရင် ဒီပေါ်နေတဲ့ ရုပ်တွေနာမ်တွေ သာယာနှစ်သက်မှု ရှိသေးလား (မရှိတော့ပါဘုရား) မရှိရင် သမုဒယသစ္စာ မပယ်ဘူးလား (ပယ်ပါတယ်ဘုရား) ပယ်လိုက်တော့ သမုဒယသစ္စာ မသေဘူးလား၊ သမုဒယသစ္စာသေတော့ ကိလေသာတွေ မချုပ်ငြိမ်းဘူးလား (ချုပ်ငြိမ်းပါတယ်ဘုရား) ချုပ်ငြိမ်းသွားပြီတဲ့။ အဲဒါ ချုပ်ငြိမ်းသွားတဲ့ နေရာက ဘာသစ္စာတဲ့ နိရောဓသစ္စာ။ ဒါကြောင့်မို့....

ပွားသိပယ်ဆိုက်၊ လေးပါးလိုက်၊ အမြိုက်နိဗ္ဗာန်ဝင်။

ကဲ—ဒါလေးတခေါက် ဆိုရအောင်-

(ပွားသိပယ်ဆိုက်၊ လေးပါးလိုက်၊အမြိုက်နိဗ္ဗာန်ဝင်)

ပထမဘာလုပ်ရမတုံး၊ မဂ္ဂသစ္စာ မပွားရဘူးလား။ပွားတော့ ဒုက္ခသစ္စာပိုင်းခြား မသိဘူးလား။ သိတော့ သမုဒယသစ္စာ မပယ်ဘူးလား၊ ပယ်တော့ နိရောဓသစ္စာ မဆိုက်ဘူးလား၊ နိရောဓသစ္စာဆိုက်ရင် နိဗ္ဗာန်မဝင်ဘူးလား။ ဝင်ပါတယ်တဲ့။ ကဲ-တခေါက်လောက် ဆိုရအောင်—

ပွားသိပယ်ဆိုက်၊ လေးပါးလိုက်၊အမြိုက်နိဗ္ဗာန်ဝင်၊

ပထမဒို့အခုဘဲ့ဝလုပ်နေကြတုံး၊ ပွဲးမနေကြဘူးလား(ပွဲး နေကြပါတယ်ဘုရား) ပွဲးတော့ ဒုက္ခသစ္စံမတွေ့ကြဘူးလား (တွေ့ကြပါတယ်ဘုရား)အေး-ဒုက္ခသစ္စာတွေ့တွေ့တော့ သမုဒယ သစ္စံတွေ့ ပယ်ပြီးသားမဖြစ်ဘူးလား၊ အေး- ကိလေသာတွေ့ ချုပ်တော့ နိဗ္ဗာန်သစ္စာ မဆိုက်ဘူးလား၊ တဒင်္ဂနိဗ္ဗာန်တဲ့။ ပယ်တိုင်းပယ်တိုင်း ချုပ်ချုပ်သွားတာ၊ နောက်ကျတော့ဝိုက္ခမ္ဘနဲ့ နောက်ကျတော့ သမုစ္ဆေဒတိုင်ဖြတ်ပြီးသွားနိုင်ပါတယ်တဲ့။

ဇနီးမောင်နှံ သောတာပန်

အဲဒီလို အရှင်သာရိပုတ္တရာက သစ္စာလေးပါး ပိုင်းခြားပြီး တော့ ဟောဒီအရှုခံနေတာတွေက ဒုက္ခသစ္စာတဲ့၊ နောက်က လိုက်ပြီးတော့ ရှုနေတော့ သြော်မမြဲဆင်းရဲလို့ ရုပ်တွေ နာမ် တွေ ပိုင်းခြားပြီးတော့ မမြဲဆင်းရဲတွေသိနေတဲ့ ဉာဏ်ကလေးက မဂ္ဂသစ္စာ။ အဲဒီလိုသိနေတော့ ဒီရုပ်တွေနာမ်တွေပေါ်မှာ နှစ်သက်မှုဆိုတဲ့ သမုဒယသစ္စံပယ်လိုက်ပြီတဲ့။ သမုဒယသစ္စံပယ် လိုက်တော့ နိဗ္ဗာန်သစ္စာဆိုက်တယ်။ ဒီလို အရှင်သာရိပုတ္တရာက ဟောလိုက်တယ်။

သာရိပုတ္တ၊ ဟောပြလေလျှင်
ရုပ်နာမ်ဖြစ်ပျက်၊ ရှုလျက်တွင်တွင်
သစ္စာလေးပါး၊ တရားသိမြင်
မဂ်စခန်း၊ တက်လှမ်း နိဗ္ဗာန်ဝင်။

ဒို့အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက ဆုမ်းစားပြီးတော့ ဇနီးမောင်နှံနှစ်ယောက်ကို သစ္စာလေးပါး ဟောလိုက်တော့

တရားဒေသနာတော်လဲဆိုးဇရာ တရားနာရင်းနာရင်း ရုပ်နာမ်တရားတွေ ရှုမှတ်ပြီးတော့ သောတာပန် ဖြစ်သွားကြတယ်။ အမျိုးသမီးကလေးသုတဒ္ဒါသာသနာပြုတာ အောင်မြင်သွားပြီ။ မိမိရဲ့အရှင်သခင် လင်ယောကျ်ားဖြစ်တဲ့ မိစ္ဆာဒိဋ္ဌိကို သမ္မာဒိဋ္ဌိဘဝသို့ရောက်ပြီး သောတာပန်အဖြစ် ချီးမြှောက်လိုက်တယ်။

အမြတ်ဆုံးချီးမြှောက်ခြင်း

လောကကြီးမှာ ဤကဲ့သို့ချီးမြှောက်ခြင်းမျိုးသည် သူ့ဌေးဖြစ်အောင် ချီးမြှောက်တာထက်မြတ်တယ်၊ သူကြွယ်ကြီး ဖြစ်အောင် ချီးမြှောက်တာထက်မြတ်တယ်၊ ပဒေသရာဇ် ကောရာဇ် စကြဝတေးမင်းကြီးဖြစ်အောင် ချီးမြှောက်တာထက်မြတ်တယ်၊ နတ်ဗြဟ္မာဖြစ်အောင် ချီးမြှောက်တာထက်လဲမြတ်တယ်၊ သောတာပန်ဆိုတော့ တခါထဲ အပါယ်တံခါးပိတ်သွားရော။

ဒါကြောင့်မို့ အဲဒီလို စိတ်ရှည်ရှည် ဇွဲသန်သန်နဲ့ကြိုးစားလိုက်တော့ သောတာပန်ဖြစ်သွားကြတယ်။ အဲဒီအချိန်ကစပြီးတော့ တအိမ်လုံး သူ့အမိသူ့အဖရော သူတို့အိမ်မှာခိုင်းစေတဲ့ အလုပ်သမားတွေကစပြီးတော့ မိစ္ဆာဒိဋ္ဌိအယူတွေပျက်ပြားပြီး၊ ရတနာသုံးပါးကြည်ညိုတဲ့ သမ္မာဒိဋ္ဌိချည့် ပြောင်းလဲလာကြပါတယ်။ တအိမ်လုံး သာသနာပြုသွားတာဘယ်လောက်ကျေးဇူးများသလဲ ဒါကြောင့်-

စိတ်ရှည်ဇွဲသန်၊ သည်းညည်းခံ၊ ဖြူရန်သာသနာ။

သာသနာပြုတဲ့နေရာမှာ စိတ်ရှည်ရှည် ဇွဲသန်သန်နဲ့ မိမိတို့ခုလဲဘဲ သာသနာပြုကြရမယ်။ ရိပ်သာထဲမရောက်သေးတဲ့ အမိ

အဘာဘဲဖြစ်ပစေ ရောက်အောင်ပို့ရမယ်။ သားသမီးတို့မရောက်သေးရင်ပို့ရမယ်၊မိတ်ဆွေသင်္ဘောတို့ မရောက်သေးယင် ပို့ ရမယ်၊ ချစ်သူခင်သူတို့ မရောက်သေးယင် ပို့ရမယ်။ ဒီအမျိုးသမီးလေး ကြည့်ပါလား-တကဲ့မိစ္ဆာဒိဋ္ဌိတော်တော် အယူတိမ်းနေတဲ့ သူတွေတောင် သမ္မာဒိဋ္ဌိဖြစ်သွားပြီ။ ဒါလေးတခေါက်ဆိုရအောင်-

စိတ်ရှည်ဇဲ့သန်၊ သည်းညည်းခံ၊ ပြုရန်သာသနာ။

ဘာပြုသွားတုံး၊ သာသနာပြုသွားပြီ အောင်မြင်သွားပြီ။ အဲဒီလိုသာသနာပြုတဲ့ အတွက်သမ္မာဒိဋ္ဌိအယူဖြစ်ကုန်ကြပြီ။သူတို့ ဇနီးမောင်နှံကတော့ သောတာပန်ဖြစ်သွားရော၊ သောတာပန် ဖြစ်သွားတော့ အမျိုးသမီးကလေးက တနေ့ကျတော့ ဘာပြော ဘုံးဆိုတော့-

ဇနီးမောင်နှံရဟန်းပြုကြခြင်း

အယျပုတ္တ ကိုံ မေဃဲရုဝါသေနု ဣစ္ဆာမဟံ ပဗ္ဗဇ်တုံ။

အယျပုတ္တာ၊ အရှင့်သား။ အဟံ၊ အက္ခန့်ပ်သည်။ ဃရုဝါသေန၊ အိမ်ရာတည်ထောင် လူ၏ဘောင်ခွဲနေခြင်းဖြင့်။ ကိုံ၊ အဘယ်အကျိုးရှိအံ့နည်း။ အဟံ၊ အက္ခန့်ပ်ယည်။ ပဗ္ဗဇ်တုံ၊ ရှင်ရဟန်းပြုခြင်းငှာ။ ဣစ္ဆာမိ၊ အလိုရှိပါ၏။

"အရှင့်သား....ကျွန်မသည် အိမ်ရာတည်ထောင် လူ့ဘောင်မှာမနေချင်တော့ပါ၊ မလှချင်တော့ပါ၊ ဘယ်မှလဲ မသွားချင်တော့ပါ။ ဃရုဝါသအိမ်ထောင်မှုကို ကျွန်မသည် မပျော်ပိုက်တော့ပါ"

ဒါကြောင့် ဘိက္ခုနီမလေးပြုပါရစေ အရှင့်သားလို့ သာယာသွင်းပြောင်း အခွင့်တောင်းတယ်၊ လူ့ဘောင်မှာမနေချင်တော့

ဘူးတဲ့။ ဘယ်လောက်တော်ဘဲ့ အမျိုးသမီးလေးတုံး။ ဟိုက ဘာပြောတုံးဆိုတော့—

သာဓု ဘဒ္ဒေ အဟမ္မိ ပဗ္ဗဇ်ိဿာမိ။

ဘဒ္ဒေ၊ အရှင်မ။ သာဓု၊ အော် ကောင်း၏။ အဟံမ္မိ၊ ငါ သည်လည်း။ ပဗ္ဗဇ်ိဿာမိ၊ ရှင်ရဟန်းပြုတော့အံ့။

"အရှင်မ....အရှင်မသာ ဘိက္ခုနီမလေးပြုသွားယင် အရှင်မလူ့အောင်မှာမနေဘူးဆိုယင် ငါလဲ့ဘဲရဟန်းပြုပါမယ်၊ အသင်လဲ ရဟန်းပြုပါတော့" လို့သာယာနှုးညွှတ် ခွင့်လွှတ်လိုက်တယ်။

တခါထဲခွင့်ပြုလိုက်ပြီးတော့ အမျိုးသမီးလေးကို ကြိုးကျယ်ခမ်းနားတဲ့ အဆောင်အယောင် အသိုင်းအဝိုင်းတွေနဲ့ လိုက်ပို့တာ ကျောင်းဘော်ရောက် ဘိက္ခုနီမလေးပြု၊ ပြုပြီးတော့ အမျိုးသားကလေးကလဲ ဘုရားထံသွားပြီးတော့ ရဟန်းပြုဘို့ရန် ခွင့်တောင်းတယ်။ မြတ်စွာဘုရားကလဲ သူတို့ပါရမီတော်တွေ သိတော့ ရဟန်းပြုပေးတယ်။ အမျိုးသမီးလေးကလဲ ဘိက္ခုနီမလေး၊ အမျိုးသားကလေးကလဲ ရဟန်းလေး ဖြစ်သွားကြပြီ၊ ဒီမှာ တရားတောင်းတယ်။

ဒီနေရာမှာ နဲနဲပြောရန်ရှိတယ်။ တရားသဘောလေး နဲနဲပြောရမယ်။ ဇနီးမောင်နှံနှစ်ယောက်က ပုထုဇဉ်လား-သောတာပန်လား (သောတာပန်ပါဘုရား)၊ အေး-သောတာပန်။ အဲ သောတာပန်ဆိုတော့ ဘယ်တရား ပေးရပါလိမ့်မတုံးလို့ မေးတတ်တယ်။ သောတာပန်ဆိုတာ ဘယ်တရား မှတ်ရမှာလဲလို့ မသိတဲ့ လူတွေလဲ အများကြီးဘဲ၊ ခနခနလဲမေးနေကြတယ်။ ဒီနေရာမှာ သောတာပန်က ထပ်ရှုမဲ့တရား။ ကဲ-လိုက်ဆို့။

သီလသုတာ၊ စုံသူမှာ၊ ဘယ်ဟာရှုအပ်ပါ့သနည်း။

ဒီစကားလေးလဲ့မှတ်။ သီလဆိုတာကတော့ ငါးပါး ရှစ်ပါး စတဲ့ သီလပါဘဲ။ သုတဆိုတာက အကြားအမြင်။သီလလဲ့ရှိနေပြီ အကြင်ပုဂ္ဂိုလ်တယောက် သူကအကြားအမြင်ကလဲ ပြည့်စုံနေပြီ၊ ဒီတရားပြည့်စုံနေရင် ဘယ်တရား မှတ်ရမှာတုံးလို့မေးပြီ။ ပရိသတ်ကြီး....သီလကော မပြည့်စုံကြဘူးလား(ပြည့်စုံကြပါတတ်ဘုရား) သီလပြည့်စုံနေတာ သီလတွေဟာ သီလခံယူထားတဲ့အချိန်ကစပြီး စင်ကြယ်နေတာ၊ သီလဝိသုဒ္ဓီ။ နောက်ကို သုတဆိုတဲ့ အကြား အမြင်ကလဲဘဲ ပိုဌကတ်သုံးပုံ သိတဲ့ပုဂ္ဂိုလ်၊ နှစ်ပုံသိတဲ့ပုဂ္ဂိုလ်၊တပုံ သိတဲ့ပုဂ္ဂိုလ်။ ဘယ်နှစ်ကျမ်းလောက်သိရမှာတုံးဘုရားလို့ဆိုတော့ သုတဆိုတဲ့နေရာမှာ များများသိဘို့ဆိုတာကတော့ သူတပါးကို ဟောပြောဘို့အတွက်ဆိုယင် လိုပါတယ်။

မိမိတို့အတွက် ကျင့်ဘို့ဆိုရင်တော့ အကြားအမြင် ဘယ်လောက်အထိ ရှိရမယ်ဆိုယင် ဒို့ပရိသတ်ကြီး၊ သာသနာ့ရိပ်သာ ရောက်လာတယ်ဆိုရင်ဘဲ ရောက်တဲ့နေ့ ၅-နာရီမှာ၊ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီးကအမှတ်တရား မပေးဘူးလား၊ ဟောဒီလိုထိုင်တဲ့၊ဒီလိုမှတ်၊ သွားတော့ဒီလိုသွား၊ စားတော့ဒီလိုစား စသည်ဖြင့် အမှတ်တရားတွေ မပေးဘူးလား။ အဲဒီအမှတ်တရားတွေ ပေးတာက ပရိယတ္တိလား–ပဋိပတ္တိလား (ပရိယတ္တိပါဘုရား)၊ ပရိယတ္တိတဲ့။ ပရိယတ္တိ မပြည့်စုံသေးဘူး လား (ပြည့်စုံပါပြီဘုရား)၊ မိမိကျင့်ကြံဘို့ မပြည့်စုံသေးဘူးလား (ပြည့်စုံပါပြီဘုရား)၊ ကိုယ်ကျင့်ဘို့ မလုံလောက်သေးဘူးလား၊ ဒီညွှန်းထားတဲ့အတိုင်း ကျင့်ကြံယင် နိဗ္ဗာန်မရောက်နိုင်သေးဘူး

လား၊နိဗ္ဗာန်ရောက်နိုင်ပြီ။မလုံလောက်သေးဘူးလား (လုံလောက်ပါပြီဘုရား)၊ အေး-လုံလောက်ပြီ။

အေး-ဒါကြောင့် အမှတ်တရားလဲ မှတ်တတ်ပြီ၊ သုတကလဲ ပြည့်စုံနေယင် ဘယ်တရားမှတ်ရပါ့မလဲဘုရား.... ။

သီလသုတာ၊ စုံဘူမှာ၊ ဘယ်ဟာရှုအစ်ပါသနည်း။

စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာရှုအစ်သည်။

ဘာရှုရပါ့၊ ခန္ဓာငါးပါး ရှုရမယ်တဲ့။ ဥပါဒါနက္ခန္ဓာ။ ရှုရမယ်တဲ့၊ ဖောင်းတာလေးကဘာခန္ဓာတုံး၊ ရုပ်ဥပါဒါနက္ခန္ဓာ၊ ဖောင်းတာလေးလဲ ဥပါဒါနက္ခန္ဓာထဲ မပါဘူးလား (ပါပါတယ်ဘုရား)၊ ပါနေပါတယ်တဲ့။ ဖောင်းတာက ရူပက္ခန္ဓာ၊ မှတ်လို့ကောင်းတာ မကောင်းဘာက ဝေဒနက္ခန္ဓာ၊မှတနေတာလေးက သညာက္ခန္ဓာ၊အားစိုက်နေတာလေးက သင်္ခါရက္ခန္ဓာ၊သိနေတာက ဝိညာဏက္ခန္ဓာ၊ ဟောဒီခန္ဓာငါးပါးကို ဥပါဒါနက္ခန္ဓာတဲ့။ ဒီလို ခေါ်ပါတယ်၊ ဒါရှုပါတဲ့။

ဒါဖြင့် တပည့်တော်တို့ သီလနဲ့လဲပြည့်စုံပြီ၊ သုတနဲ့လဲ ပြည့်စုံပြီ၊ခန္ဓာငါးပါးရှုနေရမယ်ဆိုယင် ရှုနေပါတယ်ဘုရားတဲ့။ဖောင်းတယ် ပိုန်တယ် ကွေးတယ် ဆန့်တယ်ဆိုတဲ့အထဲ ခန္ဓာငါးပါး မပါဘူးလား-ပါနေတာဘဲတဲ့။ သွားတယ်မှတ်တော့ ခန္ဓာငါးပါး မပါဘူးလား- ပါနေတာဘဲတဲ့။ မြင်တဲ့အထဲကောပါနေတာဘဲတဲ့။ မြင်တယ်မြင်တယ်မှတ်တော့ ခန္ဓာငါးပါး မရှုဘူးလား၊ ကြားတယ်လို့မှတ်လေ့ခန္ဓာငါးပါးမရှုဘူးလား၊ရှုနေပါတယ်။ ဒါဖြင့် ဒီလိုလိုက်ရှုနေတာ ဘာဖြစ်တုံးဘုရား ဆိုတော့ ကိုင်းလိုက်ဆို-

သို့ရှုမြင်သန်၊ သောတာပန်၊ အမှန်ဖြစ်နိုင်သည်။

ဤလို ခန္ဓာငါးပါးကိုမပြတ်ရှုနေယင် သောတာပန်မဖြစ်ဘူးလား။ ခုတင်က ဇနီးမောင်နှံတို့ဟာ ဘာဖြစ်သွားတုံး (သောတာပန် ဖြစ်သွားပါတယ်ရား) အေး—သောတာပန် ဖြစ်သွားကြတယ်။

သောဘာပ ရှုရမည့်တရား

သောတာပန်ဖြစ်တော့ ဘယ်တရား ရှုပ့ဉားအပ်သနည်း။ သောတာပန်ဖြစ်တော့ဘုရား၊ ခုတင်ကပုထုဇဉ်ဖြစ်တုန်းကခန္ဓာငါးပါး၊ သောတာပန်ဖြစ်တော့ကောဘုရား ဘာပြောင်း မှတ်ရမှာတုံး၊ ဒီလိုမေးတော့ သောတာပန်ကော ဘာတရားရှုရပါမလဲ၊ ဒါလေးလုံကဆို။

သောတာပန်လဲ၊ ခန္ဓာဘဲ၊ ရှုမြဲနည်းတူသည်။

သောတာပန်လဲ ခန္ဓာငါးပါးဘဲ။ သောတာပန်က ရှုလိုက်တော့—

သို့ရှုမြင်သန်၊ သကဒါဂါမ်၊ အမှန်ဖြစ်နိုင်သည်။

သကဒါဂါမ်ဖြစ်တော့ ဘယ်တရား ရှုမှတ်ရပါလဲ၊ ဥပါဒါနက္ခန္ဓာဘဲ ရှုရမှာဘဲ။ အနာဂါမ်ကလဲ ဘာကို ရှုရမလဲ၊ ဥပါဒါနက္ခန္ဓာကိုဘဲ ရှုရမှာဘဲ။ ရဟန္တာလဲ ဥပါဒါနက္ခန္ဓာကိုဘဲ ရှုရမှာဘဲ။ အဲဒီလို ဇနီးမောင်နှံနှစ်ယောက် ရဟန်းပြုပြီးမန္ဒာကိုယ်ဋ္ဌေပါရာ ပေါရာတွေကို မလွတ်စတန်း ကြိုးကြိုးစားစား ရှုမှတ်လိုက်ကြတော့ နှစ်ယောက်လုံး ရဟန္တာဖြစ်သွားကြပါတယ်တဲ့။ ယခုယောဂီတွေလဲ သွားရင်သွားတယ်၊ စားရင်စားတယ်၊ မြင်ရင်မြင်ဝယ်၊ ကွေးရင် ကွေးတယ်၊ ဆန့်ရင် ဆန့်တယ်ဟု မှတ်ပါ။

အမှတ်ကြဲနေယင် ဝီရိယစိုက်မှတ်၊အမှတ်လွှတ်သွားယင် အမှတ်ကြဲသွားယင် ဂရုစိုက်။ ဘုယ်လောက်များ ဥာဏ်တွေ တက်လာမလဲလို့ တခုနဲ့ တခုအားပြုပြီးတော့ ဥာဏ်တွေ တက်လာပါလိမ့်မယ်။

ခုတော့ ဒီကမှတ်ထားတဲ့ သမာဓိအားကလေး အမှတ်တမဲ့နေမိတာနဲ့ ပျက်သွားတယ်။အမှတ်တမဲ့ ဆိုတာ အမှတ်လွှယ်သွားတာပြောတာဘဲ။ အဲဒီအမှတ်လွှယ်သွားတော့ ထူထောင်ထားတဲ့ သမာဓိလေးပြောင်ရော ကုန်ရော။ အဲဒီလို ဖြစ်တတ်ပါတယ်တဲ့။ ဒါကြောင့်မို့ နေရာတကာ အမှတ်ပါအောင် ကြိုးစားကြဘို့၊ အတတ်နိုင်ဆုံးကြိုးစားပြီး မှတ်ပါတဲ့။ အချိန်လေးအခါလေးကောင်းနေတုန်း စောစောကနှိမ်မိအောင်၊လူတွေက တဖြေးဖြေး များများလာပါလိမ့်မယ်။ ခုလဲ များတန်သ၍များလာပြီ။

ဒါကြောင့်မို့ ကြိုးကြိုးစားစားရှုမှတ်ပြီး၊ သွားတိုင်း လာတိုင်း၊ ဆွမ်းစားတိုင်းမှတ်ပါလို့ ထပ်ပြီးသတိပေးတာဘဲ။ ဆွမ်းစားသွားတဲ့အခါ ကညီတညွတ်တည်း တန်းပြီးတော့ အမှတ်နဲ့ကြွကြပါတဲ့။ ဒကာ ဒကာမတွေကလဲ ဒါတွေကို ကြည်ညိုပြီးတော့ လှူနေကြတာဘဲ။ မပြတ်အောင်လှူနေကြတယ်၊ နေ့စဉ်နဲ့အမျှဘဲ။ ဒါတွေရှိနေတာဘဲ။ ဘာပြုလို့ လှူနေကြတုံးဆိုတော့ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးတန်ခိုး၊ ယောဂီတွေရဲ့ ရှုမှတ်တဲ့သီလ သမာဓိ ပညာတွေ၊ ဆရာတော်ဘုရားကြီးများ၊ တော်တွေရဲ့ သီလ သမာဓိ ပညာတွေကြောင့်ပါဘဲတဲ့။

အမျိုးသမီးလေး အတိတ်ဘဝ

အဲဒီလို ဇနီးမောင်နှံ ရဟန်းပြုကြတဲ့အကြောင်းကို ရဟန်းတော်တွေက ဒီလို အချင်းချင်းပြောဆိုနေကြတယ်။

"ငါ့ရှင်တို့....ဟောဒီ ဘိက္ခုနီမလေးဟာ သူကိုယ်တိုင်ရဟန်း ပြုပြီးတော့ အရဟာတ္တဖိုလ်ရောက်အောင် အားထုတ်ပြီးတော့၊ ဒါတင်မကသေးဘူး သူ၏ အရှင်သခင် လင်ယောကျ်ားကိုလဲ အရဟာတ္တဖိုလ်ရောက်အောင် ပို့ပေးတယ်တဲ့။ တော်တော် တော်တဲ့ အမျိုးသမီးကလေးပါဘဲ" လို့ချီးကျူးနေတုန်း မြတ်စွာဘုရား ကြွလာတယ်။

"ချစ်သားတို့....ငါလာခိုက် ဘာတရားတွေများ ပြောနေကြတုံး၊ ဘာများစည်းဝေးနေကြတုံး" လို့ မြတ်စွာဘုရားက ဓမ္မာသန တရားပလ္လင်ကြီးမှာ ထိုင်ရင်းမေးတယ်။

"အရှင်ဘုရား– တပည့်တော်တို့ ဆွေးနွေး တာကတော့ ဟောဒီ ဘိက္ခုနီမလေးဟာ သူကိုယ်တိုင် တရားအားထုတ်ပြီး ကြိုးကြိုးကုတ်ကုတ် အားထုတ်လိုက်တာ ရဟန္တာဖြစ်ပြီဘုရား။ ဒါတွင်မကသေးဘူး သူ့ရဲ့အရှင်သခင် လင်ယောကျ်ားကိုလဲ အရဟာတ္တဖိုလ်ရောက်အောင်လဲ ပို့ဆောင်ပေးပါတယ်။ သူ့ရဲ့ ဂုဏ်ကျေးဇူးတွေကို ချီးကျူးနေကြပါတယ် ဘုရား" လို့ မြတ်စွာဘုရားကို လျှောက်ကြတယ်။ လျှောက်တော့မှ မြတ်စွာဘုရားက-

နဘိက္ခဝေ ဣဒါနေဝ တာဝ သော
သာမိကံ ရာဂပါသာ မောစေသိ၊
ပုဗ္ဗေ ပေသာ ပေါရာဏက ပဏ္ဍိတေ ပန
မရဏပါသာ မောစေသိ။

ဘိုက္ခဝေ၊ ရဟန်းတို့။ တာဝ၊ ရှေးဦးစွာ။ သော၊ ဤအမျိုးသမီးသည်။ ဣဒါနေဝ၊ ယခုအခါ၌သာလျှင်။ သာမိကံ၊ မိမိ အရှင်သခင် လင်ယောကျ်ားကို။ ရာဂပါသာ၊ ရာဂတည်းဟူ

သောကျော့ကွင်းမှ။ မောစောသိ၊ လွတ်စေသည်ကား။ နှ၊ မဟုတ်သေး။ ပုဗ္ဗေပို။ အတိတ်ဝေးစွာ ရှေးအခါ၌လည်း။ ဧသာ၊ ဤဘိကွုနီမငယ်သည်။ ပေါရာဏကပဏ္ဍိတေပန၊ ရှေးပညာရှိတို့ကိုကား။ မရဏပါသာ၊ သေမင်းကျော့ကွင်းမှ။ မောစေသိ၊ လွတ်မြောက်စေဘူးခဲ့လေပြီတကား။

သာဓု....သာဓု....သာဓု....။

ဒို့ရဟန်းတွေလျှောက်တော့ မြတ်စွာဘုရားက ဤသို့မိန့်တော်မူတယ်။ "ဟောဒီဘိကွုနီမလေးဟာဘုရား....သူကိုယ်တိုင် အရဟတ္တဖိုလ်ရောက်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်ပြီးတော့ သူ၏ အမျိုးသားလေးကိုလဲ အရဟတ္တဖိုလ် ရောက်အောင် ပို့ဆောင်လိုက်တယ်"လို့ လျှောက်ကြတယ်။

"ချစ်သားတို့.... ဒီအမျိုးသမီးလေးဟာ အခုမှသာ မိမိ၏ အရှင့်သခင် လင်ယောကျ်ားကို ရာဂတည်းဟူသော ကျော့ကွင်းမှ လွတ်စေသည်မဟုတ်သေး၊ ရှေးလွန်လေပြီးသော အခါဘုန်းကလဲ ရှေးပညာရှိတွေကို သေမင်း၏ကျော့ကွင်းမှ လွတ်စေခဲ့ဘူးတယ်"လို့ စကားစပ်ကလေး မိန့်လိုက်တော့၊ ရဟန်းတွေက ထပ်လျှောက်တယ်၊ အတိတ်ရှေးအကြောင်းကို ပြန်ပြောင်းပြီး ဟောကြားတော်မူပါလို့ လျှောက်တော့ အဲ့ဒီမှာ သုဝဏ္ဏမိဂဇာတ်ကိုဟောတယ်။

ရှေသမှင်ဝတ္ထု

ရဟန်းတွေတောင်းပန်တော့ ဘုရားက အတိတ်ဆောင်ပြီး ဟောတော်မူတယ်။ ဟိုလွန်လေပြီးသောအခါတုန်းက ဗာရာဏ

သီပြည်မှာ ဗြဟ္မဒတ်မင်းက မင်းပြုလုပ် အုပ်စိုးခဲ့ဘူးတယ်။ အဲဒီစဉ်အခါထုန်းက ငါဘုရားက သမင်မျိုးဖြစ်ခဲ့တယ်။ ဒို့ဘုရား လောင်း ဘာမျိုးဖြစ်ခဲ့တုံး၊ အင်း....သံသရာလည်ရတဲ့ အထဲ ဒို့ဘုရားလောင်းဟာ အမျိုးမျိုးဖြစ်ခဲ့တယ်။

အဲဒီလို ငါဘုရားသမင်မျိုးမှာဖြစ်ခဲ့တော့ အရွယ်တော်မြောက် ရောက်လာသောအခါ အလှန်အဆင်းလှတဲ့ သမင်မင်း။ကုသိုလ် ကောင်းမှုတွေ ဒါနတွေ သီလတွေ ဘာဝနာတွေအစရှိတဲ့ ပါရမီ တွေ ဘဝတိုင်း လိုက်လိုက်ပြီး ထောက်ပံ့ကူညီနေတော့ အလှန် အဆင်းလှတဲ့ ကြည့်ရှုချင်စဘွယ်ဖြစ်တဲ့ သမင်မင်း။ အလွန်လှ သတဲ့။ သူရဲ့လက်ခြေကလေးတွေဟာ ချိပ်ရေတွေ လူးထားသလို ဘဲတဲ့၊ ဦးချိုကလဲ ငွေပန်းဆိုင်းလေးသဖွယ် မျက်လုံးတော် အစုံ ကလဲ ပတ္တမြားအစုံလိုဘဲတဲ့။ သူရဲ့မျက်နှာလေးကလဲ အလွန်လှ သတဲ့။ သမင်မငယ်လေးကလဲ အလွန်လှသတဲ့။ သူတို့ သမင်ဖို့နှင့် သမင်မ နေလိုက်ကြတာ။ ချစ်ချစ် ခင်ခင် ကြင်ကြင် နာနာ တယောက်အလိုတယောက်လိုက်လို့ ဘယ်တော့မှ စိတ်ဆိုးရတယ် စိတ်ကောက်ရတယ် မရှိဘူး၊ သူတို့နေလာကြတယ်။

ရှေသမင် ကျော့ကွင်းမှာမိ

သူတို့မှာ ခစားတဲ့သမင်အပေါင်းက ရှစ်သောင်း၊ သမင် ဘယ်လောက်ခစားလဲ (ရှစ်သောင်းပါဘုရား) သမင်ရှစ်သောင်း တောင် ခစားတယ်။အေး....အဲဒီလို သမင်အပေါင်းရှစ်သောင်း ခစားပြီး၊ တောထဲမှာနေတဲ့အခါတနေ့တော့ သမင်တွေသွားရာ လမ်းခရီးမှာ မုဆိုးတွေက ကျော့ကွင်းကို ထောင်ခဲ့ကြတယ်။ အဲဒီလို ကျော့ကွင်းကို ထောင်တဲ့အခါကျတော့မှ အလောင်း

တော်က သမင်တွေရဲ့ရှေ့ဆုံးမှ လာခဲ့တယ်။လာတော့ အလောင်း တော်ရဲ့ခြေမှာ ကျော့ကွင်းစွပ်မိပြီး ကျော့ကွင်းမိသွားပြီ။

မိတော့ အလောင်းတော်က 'ငါ့အားနဲ့ရုန်းလိုက်ရင် ကျော့ကွင်းလောက်တော့ ဘာခံနိုင်မလဲ'ဆိုပြီး တအားရုန်းကန်လိုက်တာ အလောင်းတော်ရဲ့အရေတွေ စုတ်ပြတ်သွားတယ်။ ကြိုးကလဲ ခိုင်လိုက်တာ သားရေကျော့ကွင်းကိုး။ နောက်တခါ မလျှော့သောလုံ့လနဲ့ ထပ်ပြီး ရုန်းလိုက်တာ အသားတွေ စုံတ်ပြတ်ကုန်သတဲ့။ အလောင်းတော်က ဝိရိယတော့မလျှော့ဘူး၊ နောက်တကြိမ်ထပ်ပြီး ရုန်းလိုက်တော့ အကြောတွေ စုတ်ပြတ်ကုန်ပြန်တယ်။ နောက်တကြိမ်ရုန်းတော့ ဘာတွေ စုတ်ပြတ်ကုန်သလဲ (အကြောတွေ စုတ်ပြတ်ကုန်ပါတယ်ဘုရား) ကျော့ကွင်းကြီးက အရိုးထိအောင် ခိုက်ပြီးသွားပါတယ်။ မလှုပ်နိုင်တော့ဘူး၊ မလှုပ်နိုင်တော့မှ ငါတော့မလှုပ်နိုင်တော့ဘူး ကျော့ကွင်းက အလွန်မတန် ခိုင်မာတယ်ဆိုပြီး သေဘေးမှ ကြောက်လို့ ကျော့ကွင်းမိတဲ့အသံနဲ့ အော်လိုက်တယ်၊ အော်လိုက်တော့ ပြေးလိုက်တဲ့သမင်တွေ ဝေးရာသို့ ပြေးကြတယ်။

အဲဒီအထဲမှာ သမင်မငယ်ကလေးလဲပါသွားတယ်။ သမင်မငယ်လေးက ပြေးရင်းကြည့်တယ်၊ 'ငါ့အရှင်သခင် အလွန်ချစ်လှတဲ့ ငါ့အရှင်သခင် သမင်မင်းကြီး ဘယ်မှာပါလိမ့် မမြင်တော့ဘူး'၊ ဒီထဲမှာ သမင်မင်းကြီး မမြင်တော့ဘူး စိတ်ထဲမအေးတော့ဘူး ဟိုကြည့်ဒီကြည့်နဲ့ စိတ်ထဲမှာ မအေးတော့ဘူး။ ဒါနဲ့....

ဣဒံဘယံ မယှံ ပိယသာမိကဿ ဥပ္ပန္နံဘဝိဿတိ။

ဣဒံဘယံ၊ ဤဘေးသည်။ မယှံ၊ ငါ၏။ ပိယသာမိကဿ၊ ချစ်လှစ္ဆာသော အရှင်သမင်မင်းအား။ ဥပ္ပန္နံ၊ ဖြစ်ပေါ်လတ်သည်။ ဘဝိဿတိ၊ ဖြစ်လတ့ံ။

ခုနင်တုန်းက ကျော့ကွင်းကြီးမိထားတာ သူများမဟုတ်ဘူး၊ ငါ့ရဲ့အရှင်သခင် ချစ်လှစ္ဆာသော သမင်မင်းကြီးဖြစ်မှာဘဲလို့သိပြီး တခါထဲ သူများနဲ့ရောပြီး မပြေးနိုင်တော့ဘူး၊ ဘယ်လောက်တော်တုံး၊ ကြည့်-ကျော့ကွင်းမိတဲ့နေရာကို ပြန်လာတယ်။ မျက်ရေကလေးက တွေတွေ တွေတွေနဲ့ မျက်ရေတတွေတွေကျနေ၊ အလောင်းတော်မှာတော့ ဘေးဖြစ်ပြီလို့ ငိုတဲ့မျက်နှာနဲ့ ပြန်လာတယ်။ မိတာက သမင်မင်းဘဲ၊ ဘာလို့ပြန်လာသလဲဆိုတော့ သံယောဇဉ်ကြိုးက ချည်ထားလို့ဘဲတဲ့ သူ့မှာ။

ပေမ စေတသာ၊ တဏှာဓါတ်ကြော လိုက်လျောယိုဖိတ် အချစ်စိတ်ဖြင့်။ အကရိုံ၊ အသက်ကိုလဲ မင့်ညှာ အရှက်ကိုလဲ့ မင့်သာ တကဲ့တဏှာ အလိုဆိုးကြောင့် အမျိုးမျိုး ပြုလုပ်ခဲ့ဘူး လှလေပြီတကား။

သမင်မလေးက အားပေး

အဲ့ဒီသံယောဇဉ်ကြိုးကြောင့် တခါထဲပြန်လာတယ်။ မသွားနိုင်တော့ဘူး။ ကျော့ကွင်းမိတဲ့ သမင်ကြီးထံလာပြီးတော့ ငိုယိုသောမျက်နှာနှင့် မျက်ရေ တတွေတွေကျပြီး အားပေး လိုက်တယ်။

သာမိ တွံ မဟဗ္ဗလော။

သာမိ၊ အရှင်။ တွံ၊ သင်သည်။ မဟဗ္ဗလော၊ အားအင်ကြီး လှပါပေ၏။ "အရှင်သမင်မင်း အရှင်သမင်မင်းဟာလေ အလွန်မတန် အားအင်နဲ့ပြည့်စုံပေတယ်။ ဒီကြိုးဟာ သမင်ရှစ်သောင်း အပေါင်းတို့ရဲ့ခေါင်းဆောင် အရှင်သမင်မင်း ရုန်းလိုက်ရင်ပြတ်သွားမှာပါ ရုန်းစမ်းပါဘုရား၊ ရုန်းလိုက်ရင် ဒီကြို့ပြတ်သွားပါလိမ့်မယ်" ဘေးက သမင်မလေးက မျက်ရည်ကလေး တွေတွေတွေတွေနဲ့ ငိုပြီးတော့ ပြောနေတယ်။

ဝိက္ကမ ရေ ဟရိပါဒ၊ ဝိက္ကမ ရေ မဟာမိဂ၊
ဆိန္ဒ ဝါရတ္တိကံ ပါသံ၊ နာဟံ ဧကာ ဝနေ ရမေ။

ရေ ဟရိပါဒ၊ အိုရွှေရောင်အဆင်း ဝါဝင်းသော ခြေရှိတော်မူသော သမင်မင်း။ ဝိက္ကမ၊ ဝီရိယကိုလက်သုံး လွတ်အောင် ရုန်းတော်မူပါလော့။ မဟာမိဂ၊ သခ်ျာရှစ်သောင်း သမင်အပေါင်းတို့၏ ခေါင်းဆောင်ရှေသွားဖြစ်တော်မူသော သမင်မင်း။ ဝိက္ကမ၊ ဝီရိယကိုလက်သုံး လွတ်အောင် ရုန်းတော်မူပါလော့။ ဝါရတ္တိကံ၊ သားရေကြိုးဖြင့်ပြီးသော။ ပါသံ၊ ကျော့ကွင်းကို။ ဆိန္ဒ၊ ဖြတ်တောက်တော်မူပါလော့။ အဟံ၊ အကျွန်ုပ်သည်။ ဧကာ၊ အရှင်သမင်မင်း မရှိလတ်သော် အဖေါ်မမှီး တကိုယ်တည်းဖြစ်၍။ ဝနေ၊ တော၌။ နရမေ=နရမာမိ၊ မမွေ့လျော် မနှစ်ခြိုက် မပျော်ပိုက် နိုင်ပါဘုရား။

သမင်မလေးက အားပေးတဲ့ဂါထာ။ "ရွှေရောင်အဆင်း ရှိတော်မူသော သမင်မင်း.... အားစိုက်စမ်းပါ အရှင်သမင်မင်း၊ အရှင်သမင်မင်း အားအင်နဲ့ပြည့်စုံပါတယ် အားစိုက်စမ်းပါ

အားပြည့်ပါတယ်။ အရှင်သမင်မင်း ရုန်းလိုက်ရင် မပြတ်မဲ့ကြိုး ဘယ်ရှိပါ့မတုံး”လို့ အားပေးတာ။ “ဟာဒီကြိုးတော့ ပြတ်သွားပါလိမ့်မယ်တဲ့။ အရှင်သမင်မင်း မရုန်းနိုင်လို့ ကြိုးမပြတ်လို့ မုဆိုးလက်တွင် အရှင်သမင်မင်း သေခဲ့ရရင် ဟာဒီက ကျွန်တော်မမှာ အရှင်သမင်မင်း မရှိလို့ တယောက်ထဲ မပျော်နိုင်ဘူး ဘုရား၊ ဒီကနေ့ အစာလဲမစား ရေလဲမသောက်တော့ဘူး။ ကျွန်တော်မမှာ အစာရေစာပြတ်ပြီး ခြောက်ကပ်ပြီး မတ်တတ်ကလဲသေပွဲဝင်ရတော့မှာ အမှန်ပါဘဲ အရှင်သမင်မင်း။ ဒါကြောင့် ကြိုးစားပြီး ရုန်းတော်မူပါ” အဲဒီလိုပြောပြီး သမင်မင်းကို အားပေးလိုက်တယ်။ သမင်မင်းက ဘာပြန်ပြောသလဲဆိုတော့—

ရုန်းလို့မရနိုင်

ဝိကမာမိ နပါရေမိ၊ ဘူမိ သုမ္ဘာမိ ဓဝဂသာ။
ဒဇ္ဇော ဝါရတ္တိကော ပါသော၊ ပါဒံ မေ ပရိကန္တတိ။

ဘဒ္ဒေ၊ သမင်မငယ်။ အဟံ၊ ဉါသည်။ ဝိက္ကမာမိ၊ ရုန်းပါ၏။ နပါရေမိ၊ သားရေကျော့ကွင်းကို ဖြတ်တောက်ခြင်းငှါ မစွမ်းနိုင်ပါ။ အဟံ၊ ငါသည်။ ဓဝဂသာ၊ ပြင်းစွာသောအဟုန် ဖြင့်။ ဘူမိ၊ မြေကြီးကို။ သုမ္ဘာမိ၊ လွတ်လိုလွတ်ငြား ငါကား ကန်ကျောက်ခဲ့ပါ၏။ ဝါရတ္တိကော၊ သားရကြိုးဖြင့်ပြီးသော။ ပါသော၊ကျော့ကွင်းသည်။ ဒဇ္ဇော၊ မြဲမြံခိုင်ခန့်လှ၏။မေ၊ငါ၏။ ပါဒံ၊ ခြေကို။ ပရိကန္တတိ၊ ဝန်းကျင် လှည့်ပတ် မခံမရပ်နိုင်အောင် ဖြတ်တောက်လျက် ရှိပါပေတော့သတည်း။

(သာဓု....သာဓု....သာဓု....)

သမင်မင်းက ပြန်ပြောတာ၊ သမင်မလေးက အရှန်းခိုင်းတာကို ပြောတာ။ "ရှန်းပါတယ်တဲ့၊ အားစိုက်ပြီးတော့ ပထမအကြမ်းပြုပြီး ရှန်းလိုက်တာ ငါ့အရေတွေ စုတ်ပြတ်သွားတယ် ကြိုးကသိပ်ခိုင်တာ။ ဒုတိယအကြိမ် အကြမ်းပြုပြီး လှုတ်လိုလှုတ် ငြားး တအားကုတ်ပြီး ကန်လိုက်တာ အားယူပြီး ဆောင့်ရှန်းလိုက်တာ အသားဆိုင်တွေ စုတ်ပြတ်သွားတယ်။ နောက်တကြိမ် ရှန်းလိုက်တော့ အကြောတွေ စုတ်ပြတ်သွားပါပြီ။ ငါအရိုးခိုက်အောင် နာကျင်ထိခိုက် နေပါပြီ၊ ကြိုးက အလွန်ခိုင်မာတယ် အရှင်မ" တဲ့။

ဒီလိုပြောလိုက်တော့ သမင်မလေးက အနားကပ်လာပြီး—

သာမိ မာဘာယိ။

သာမိ၊ အရှင်။ မာဘာယိ ဘာမှမကြောက်နဲ့တဲ့။ အရှင်ကျွန်တော်မရှိတယ်လို့ပြောရင်း အနားနားလာပြီးတော့ သွေးအလိမ်းလိမ်းကပ်ပြီးနေတဲ့၊ ရှေသမင်မင်းနားကပ်ပြီး ရပ်နေတယ်။ မျက်ရေတွေတွေနဲ့ကျရက်။

"အရှင်....ကျွန်တော်မရဲ့ ကိုယ်အား ဉာဏ်အား ဒေစ္ဆမ်းတွေပြမယ်တဲ့။ မတော်လို့ မုဆိုးကြီးလာယင် ကျွန်တော်မ တောင်းပန်မယ်။ ကျွန်တော်မ တောင်းပန်လို့မရယင် ကျွန်တော်မအသက်ကို သူ့ပေးပြီ အရှင်သခင် သမင်မင်းနဲ့ လဲယူပါ့မယ် မကြောက်နဲ့ မစိုးရိမ်နဲ့" တဲ့။ ဘယ်လောက်တော်တုံး၊ အဲဒီလိုမျိုပြီး ရပ်နေတုံး ဟိုကမုဆိုးကြီးလာနေပြီ။ ဓားကတဖက် လုံကတဘက် ကမ္ဘာမီးလောင်လို့ ကမ္ဘာပျက်သလိုဘဲတဲ့။ အလောင်းတော်ကိုခုတ်လိုက်မယ် ဇက်ဖြတ်လိုက်မယ်ဆိုတဲ့ သဘောနဲ့လောဘ ဒေါသ ကောဓ

တွေနဲ့ လာနေတာ၊ ဘယ်သူက မြင်တုံးဆို သမင်မလေးကမြင်တယ်။

သာမိ လုဒ္ဒကော အာဂစ္ဆတိ။

သာမိ–အရှင်။ လုဒ္ဒကော-မုဆိုးသည်။ အာဂစ္ဆတိ-လာပြီလို့ ပြောတယ်။ သမင်မလေး ဘာပြောတုံး၊ မကြောက်နဲ့တဲ့ လာနေပြီ။ ဒီနေရာစဉ်းစားကြည့်စမ်း။ ခုတ်တော့မလို့ ဓားတွေလှံတွေနဲ့လာရင် သမင်မလေးက ဘယ့်နှယ်ပြောတုံး၊ မကြောက်နဲ့လို့ ပြောတယ်မဟုတ်လား (မကြောက်နဲ့လို့ ပြောပါတယ်ဘုရား)၊ ဒို့လူတွေဆို ဘယ့်နှယ်လုပ်မလဲ ပြေးမယ်မဟုတ်လား။ "အထက်သိကြား အောက်နတ်များကိုကယ်မတော်မူကြပါအုံး၊ အရှင်ကြီး အရှင်ကောင်းတို့ ကယ်ပါအုံး၊ မနှဲကြီး မနှဲလေးတို့ လုပ်ကြပါအုံး" ကိုယ်ကတော့ ပြေးမှာ သူများတော့လွှဲချ၊ ကိုယ်ကတော့ အလွတ်ပြေးမှာတဲ့။ ရွှေတိဂုံ ဘုရားသွားပြီးတော့ ဖယောင်းတိုင်နဲ့ အမွေးတိုင်နဲ့ ဗေဒင်နဲ့လုပ် သူကတော့ ပြေးမှာ။

ဒါကြောင့်မို့ လူတယောက်က နွားဗွက် ကျွံနေတော့ နွားကမရုန်းဘူး။ မရုန်းတော့ သူကမတွန်းဘူး၊ ဆေးလိပ်ကြီး တောင်ထောင်ပြီးတော့သောက်၊ တင်ပလ္လင်ကြီးခွေပြီးတော့ "အသင်နတ်မင်းတို့ကယ်ကြပါ"တဲ့။ ကြာတော့ နတ်ကနားငြီးလို့ထွက်လာရော။ "မင်းလှည်းမရုန်းတဲ့ဥစ္စာ မင်းကတော့ မတွန်းဘဲနဲ့ လူပါးလုပ်ပြီး ငါ့တွန်းခိုင်းတာ ဘာလို့တွန်းရမှာတုံး၊ မတော်လို့များ မနိုင်ရင် ကူတွန်းရလေရဲ"လို့ ပြန်ပြောသတဲ့။

အခုလဲ ကြည့်စမ်း၊ သမင်မလေးကျတော့ ဘယ်လောက်သတ္တိရှိတုံး၊ ဒို့လူလိုဖြင့် "အမလေး ရှင်ကြီး ရှင်ကောင်းတို့

အထက်ဘုရား အောက်နတ်များကယ်တော်မူကြပါ” ဖယောင်း တိုင်ကြီးနဲ့ အိမ်ကတော့လုပ်နေမှာ။ မလုပ်မရှိပါဘူး၊ ဝေးရာက သွားပြီးတော့ ရွေတိုက်သွားလုပ်၊ အဲဒီလိုလုပ်တတ်ကြတယ်။

သမင်မလေးရဲ့သတို

ဒီသမင်မလေးကျတော့ ဒီလိုမဟုတ်ဘူး၊ သတို့ပြောင်တယ်။ အရှင် မကြောက်ပါနဲ့တဲ့၊ လာပြီ။ ဟော မုဆိုးကြီး ဓါးက တဖက် လဲကတဖက်တဲ့။ အရှင် ကျွန်တော်မရဲ့ အားအစွမ်းကို ဒီ အချိန် ပြရတော့မှာတဲ့။ ကျွန်တော်မရဲ့ ကိုယ်အားဉာဏ်အား တွေ့ ပြမယ်တဲ့။ အရှင်မကြောက်ပါနဲ့တဲ့ဆိုပြီးတော့ တခါထဲ ဓါးတွေ့ လှံတွေကြားထဲ တိုးသွားတာ၊ သူကသွားပြီးတော့ မုဆိုးကြီးလာတဲ့နေရာ ခရီးရင်ဆိုင်သွား၊ သွားပြီးတော့ ဘေး နားကနေ ရှိခိုး၊ ရှိခိုးပြီးတော့မှ သမင်မလေးက မုဆိုးကြီးကို တောင်းပန်လိုက်တယ်။

သာမိ မမသာမိကော သုဝဏ္ဏ ဝဏ္ဏော
သီလာစာရ သမ္ပဒေါ အသိတိသဟာဿာနံ မိဂါနံ ရာဇာ။

သမင်မင်းရဲ့ဂုဏ်တွေကို ထုတ်ဖော်ပြောလိုက်တာ။ သာမိ၊ အရှင်မုဆိုး။ မမသာမိကော၊ ကျွန်တော်မ၏ အရှင်သခင် လင် ယောကျ်ားဖြစ်သော သမင်မင်းသည်။ သုဝဏ္ဏဝဏ္ဏော၊ ရွှေ အဆင်းနှင့်တူသော အဆင်းရှိပါပေ၏။ သီလာစာရသမ္ပဒေါ၊ အကျင့်သီလ အာစာရနှင့်လဲ ပြည့်စုံသူဖြစ်ပါပေ၏။ အသိတိသ ဟာဿာနံ မိဂါနံ၊ ရှစ်သောင်းသော သမင်အပေါင်းတို့၏၊ ရာဇာ၊ မင်းကြီးဖြစ်တော်မူပါပေ၏။

"အသင်မုဆိုး....ကျွန်တော်မ၏ အရှင်သခင် လင်ယောကျ်ား ဖြစ်တဲ့ သမင်မင်းဟာရွှေအဆင်းနဲ့လဲတူပါတယ်၊ သူရဲ့ဦးချိုလေး တွေက ငွေပန်းဆိုင်းလိုဘဲ၊ သူရဲ့လက်ခြေလေးတွေက ချိပ် ရည်ကိုပြုထားသလို သူရဲ့မျက်လုံးကလဲ ပတ္တမြားအစုံလေးတွေလို ပါဘဲတဲ့။ အကျင့်သီလနဲ့လဲ ပြည့်စုံပါတယ်၊ ရှစ်သောင်းသော သမင်အပေါင်းတို့ရဲ့ခေါင်းဆောင် ရှေသွားဖြစ်တဲ့ သမင်မင်းကြီး ပါ။ ဒါကြောင့် သူ့အတွက်တော့ ချမ်းသာပေးပါ။ အသင် မုဆိုး သမင်မင်းကြီးရဲ့အသက်တော့ ချမ်းသာပေးပါ၊ ကျွန် တော်မကို ရွေးဦးစွာသတ်ပါ"တဲ့။

"အသင်မုဆိုး သွားပြီး ဖက်တွေခွူးပါ၊ ခွူးပြီးတော့ ကျွန် တော်မရဲ့ အသားထည့်ရအောင်လေ၊ ခွူးပြီးခင်းပါတဲ့။ အသင့် ခါးမှာပါလာတဲ့ ခါး၊ သံလျက်၊ အိမ်ထဲကနှုတ်၊ နှုတ်ပြီးတော့ ကျွန်တော်မဇက်ကိုခုတ်၊ ခုတ်ပြီးတော့ မုဆိုးကတော်ကြီး ကျေ အေးအောင် ကျွန်တော်မရဲ့အသားတွေကျွေးပါ၊ သားသမီးတွေ လုပ်ကျွေးပါနော်၊ အရှင်သမင်မင်းရဲ့အသက်ကိုတော့ ချမ်းသာ ပေးပါ" သမင်မလေးရဲ့သတ္တိပြောင်ပုံ၊ ဒီတော့ သူတောင်းပန်တဲ့ ဂါထာက ...

အတ္ထရဿု ပလာသာနိ၊ အသိံ နိဗ္ဗာဟ လုဒ္ဒက။
ပဋ္ဌမံ မံဝဓိတ္ဝာန၊ ဟန ပစ္ဆာ မဟာမိဂံ။

လုဒ္ဒက၊ မုဆိုး။ ပလာသာနိ၊ အသားထည့်ဘူးရန် ပေါက် ဖက်တို့ကို။ အတ္ထရဿု၊ ရွေးဦးစွာခင်းတော်မူပါလော့။ အသိံ၊ သံလျက်ကို။ နိဗ္ဗာဟ၊ အိမ်မှထုတ်တော်မူပါလော့။ ပဋ္ဌမံ၊ ရွှေး ဦးစွာ။ မံ၊ အကျွန်ုပ်ကို။ ဝဓိတ္ဝာန၊ သတ်ပြီး၍။ ပစ္ဆာ၊ နောက်

မှ။ မဟာမိဂံ၊ သန်ျာရှစ်သောင်း သမင်ပေါင်းတို့၏ ခေါင်း ဆောင်ရှေ့သွားဖြစ်တော်မူသော သမင်မင်းကို။ ဟန ဟနာဟိ၊ သတ်တော်မူပါလော့။

သာဓု....သာဓု....သာဓု။

"အဆွေတော်မုဆိုးတဲ့၊ ကျွန်တော်မကို အရင်သတ်ပါတဲ့။ အသင့်ပါလာတဲ့ သံလျက်ကို အိမ်ထဲကနှုတ် ကျွန်တော်မဇက်ခုတ်၊ ပေါက်ဖက်တွေခင်း၊ အသားတွေထည့်ပြီးယူငင်၊ကျွန်တော်မရဲ့ အသားအသွေးအရိုးအရေတွေကို အသင်အလိုရှိသလို သုံးပါတဲ့။ မုဆိုးကတော်ကြီး ကျေအေးအောင်ကျွေးပါ၊ သားသမီးတွေကျွေးပါ၊ သမင်မင်းကိုတော့ ချမ်းသာပေးပါတဲ့။ အကယ်၍ မနေနိုင်ဘူးဆိုရင်လဲ သမင်မင်းကို နောက်မှသတ်ပါ ကျွန်တော်မကို အရင်သတ်ပါ"တဲ့။

မုဆိုးကြီးစဉ်းစားပြီ

ဒီလိုပြောတော့ မုဆိုးကြီးကစဉ်းစားတယ်။ ငါဟာတဲ့ ကြည့်စမ်း ဘယ်တုန်းကမှ ဒီစကားမကြားဘူးဘူးတဲ့။ လူတို့၏ စကားပြောတဲ့ သမင်လဲ ငါမတွေ့ဘူးဘူးတဲ့။ အသက်ကို စွန့်ပြီးတော့ မနုဿဘူတာ လူဖြစ်တဲ့ အမျိုးသမီးတွေတောင်မှ မိမိရဲ့ အရှင်သခင် လင်ယောကျ်ားအတွက် အသက်ကိုစွန့်တာ ငါမတွေ့ဘူးဘူး။ လူတွေတောင်မှ အသက်မစွန့်ဘူး၊ အခုတိရစ္ဆာန်ဖြစ်ပါလျက်ကနဲ့ သူကအသက်ကိုစွန့်တာတဲ့။ ဒီတော့ အသက်စွန့်ရုံတင်မဟုတ်ဘူးတဲ့၊ ကြည့်လင်ပြတ်သားတဲ့ စကားနဲ့လဲပြောသေးတယ်၊ သာယာချိုမြိန်တဲ့ အသံကလေးနဲ့ ပြောရှာသေးတယ်တဲ့။သမင်မ

လေး ဒီတော့ ငါမသတ်တော့ဘူးတဲ့။ သင့်ကိုလဲ ငါချမ်းသာပေးမယ်၊ သင်ရဲ့အရှင်သခင် လင်ယောကျ်ားဖြစ်တဲ့ သမင်မင်းကြီးကိုလဲ ချမ်းသာပေးမယ်ဆိုပြီးတော့ မုဆိုးကြီးက ဘာပြောလဲဆိုတော့-

နမေ သုတံ ဝါ ဒိဋ္ဌံ ဝ'။ ဘာသန္တိံ မာနုသိံ မိဂိံ။
တဉ္စ ဘဒ္ဒေ သုခီ ဟောဟိ၊ သော စာပိ မဟာမိဂေါ။

ဘဒ္ဒေ၊ ပညာပြည့်ကြွယ် အိုသမင်မငယ်။ ဣတော၊ ဤကာလမှ။ ပုဗ္ဗေ၊ ရှေးကာလ၌။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ သုတံဝါ၊ ကြားအပ်သော အရာသည်၎င်း။ ဒိဋ္ဌံဝါ၊ မြင်အပ်သောအရာသည်၎င်း၊ နအတ္ထိ၊ မရှိခဲ့ချေ။ မာနုသိံ၊ လူတို့၏ စကားကို။ ဘာသန္တိံ၊ ပြောဆိုသော။ မိဂိံ၊ သမင်မကို။ နအဒဿံ၊ မြင်လဲမမြင်ဘူးချေ။ နအဿောသိံ၊ ကြားလဲမကြားဘူးချေ။ ဘဒ္ဒေ၊ သမင်မငယ်။ တဉ္စ၊ သင်သမင်မငယ်သည်လည်း။ သုခီ၊ ကာယစိတ္တ သုခနှစ်ပါးပြည့်စုံသည်။ ဟောဟိ၊ ဖြစ်လေလော့။ သောစာပိမဟာမိဂေါ၊ ထိုသခ်ျာရှစ်သောင်း သမင်အပေါင်းတို့၏ ခေါင်းဆောင်ရှေ့သွား ဖြစ်တော်မူသော သမင်မင်းသည်လည်း။ သုခီ၊ ကာယစိတ္တ သုခနှစ်ပါး ပြည့်စုံသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

သာဓု....သာဓု....သာဓု....။

ခပ်သွက်သွက်ကလေး ဟောရတော့မယ်။ ဒီနေရာမှာ ခဲ့ရှင်းတော့ရှိတာပေါ့။ နာရီက တော်တော်လေး နီးသွားပြီ။

"သမင်မလေးတဲ့ ငါလေ ဒီတခါဘဲ တွေ့ဘူးသတဲ့။ ဘယ်တော့မှ ဒီလို မိမိရဲ့အသက်ကို အရှင်သခင် လင်ယောကျ်ားနဲ့လဲ

ပြီးတော့ ကယ်တဲ့သူ မတွေ့ဘူးဘူးတဲ့။ လူသားတွေထဲတောင် မရှိဘူးတဲ့။ အသင့်မှာ တိရစ္ဆာန်ဖြစ်လျက်နဲ့ ဤကဲ့သို့လဲတယ်။ ဒီတော့ လူစကားနဲ့ သာယာပြတ်သားစွာပြောတဲ့ အသံလဲ ငါ မကြားဘူးဘူးတဲ့။ ဒါကြောင့်မို့ သင့်ကိုလဲ ငါချမ်းသာပေးမယ်တဲ့၊ သင်၏အရှင်သခင် လင်ယောကျ်ားဖြစ်တဲ့ သမင်ဖို့ကြီးကိုလဲ ကာယသုခ စိတ္တသုခနဲ့ ပြည့်စုံပါစေလို့'' တခါထဲ အဲဒီလို မုဆိုးက ခွင့်လွှတ်ပြီးတော့ သမင်မင်းကြီးနား လာပြီးတော့ မိထားတဲ့ ကျော့ကွင်း ကျော့မြှင်တွေကို သူ့မှာပါလာတဲ့ ဓားလေးနဲ့ဖြတ်ပြီးတော့ သမင်မင်းရဲ့ အကြောအကြောချင်း၊ အသားအသားချင်း၊ အရေအရေချင်း၊ ဆက်စပ်ပြီး နှိပ်ပေးတယ်၊ အသာကလေးနှိပ်ပေးတယ်။

အလောင်းတော်ရဲ့ ပါရမီ

အဲဒီလိုနှိပ်ပေးတော့ အလောင်းတော်ရဲ့ ဖြည့်ကျင့်တဲ့ပါရမီတော်ကြောင့်၊ သမင်မလေးရဲ့ မေတ္တာတော်ကြောင့်၊ မုဆိုးကြီးရဲ့ မေတ္တာတော်ကြောင့်၊ အလောင်းတော်ရဲ့ အကြောအကြောချင်း၊ အသားအသားချင်း၊ အရေအရေချင်း ဆက်စပ်ပြီး အကောင်းပကတိဖြစ်သွားတယ်။ အကောင်းပကတိဖြစ်သွားတော့ မားမားမတ်မတ် ရပ်တန့်နေတယ်၊ ဘာမှနာခြင်းကျင်ခြင်း မရှိတော့ဘူး။ အဲဒါလေးမြင်ရတော့ ဝမ်းသာလွန်းလို့တဲ့ သမင်မလေးက ဥဒါန်းစကား ပြောပြန်တယ်။ အင်မတန်တတ်တဲ့ သမင်မလေး၊ သူကဆုပေးအုံမှာ။ မုဆိုးကြီးကို ဝမ်းသာလို့ ကျေးဇူးဆပ်အုံးမှာ၊ သူဆပ်တဲ့ဂါထာလေးက....

ဧဝံ လုဒ္ဒက နန္ဒသု၊ သဟ သဗ္ဗေဟိ ဉာတိဘိ။
ယထာဟ မဇ္ဇ နန္ဒာမိ၊ မုတ္တံ ဒိသ္ဝာ မဟာမိဂံ။

လုဒ္ဒက၊ မုဆိုး။ အဟံ၊ အက္ခန်ပ်သည်။ အဇ္ဇ ယနေ့။ မဟာမိဂံ၊ သခ်္ဂါရုစ်သောင်း သမင်ပေါင်းတို့၏ ခေါင်းဆောင်ရှေ့သွား ဖြစ်တော်မူသော သမင်မင်းကို။ မုတ္တံ၊ ဒုက္ခအပေါင်းမှ လွတ်မြောက်သည်ကို။ ဒိသ္ဝာ၊ မျက်ဝါးထင်ထင် တွေ့မြင်ရ၍။ နန္ဒာမိ ယထာ၊ နှစ်လိုအားရ ဝမ်းမြောက်ရသကဲ့သို့။ တံ ပိ၊ အရှင်မုဆိုးသည်လည်း။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော။ ဉာတိဘိ၊ ဆွေမျိုးအပေါင်းတို့နှင့်။ သဟ၊ အတူတကွ။ နန္ဒသု၊ နှစ်လို အားရမ်း ဝမ်းပန်းတသာ ရှိပါစေသတည်း။

သာဓု ... သာဓု ... သာဓု .... ။

"အဆွေတော်မုဆိုးတဲ့၊ ကျွန်တော်မ ယနေ့သခ်္ဂါရုစ်သောင်း သမင်အပေါင်းတို့ရဲ့ ခေါင်းဆောင်ဖြစ်တဲ့ သမင်မင်းကြီး ဒုက္ခအပေါင်းမှ ကင်းလွတ်တာမြင်ရတော့ ကျွန်တော်မဝမ်းသာသလို အရှင်မုဆိုးနဲ့ ဆွေမျိုးညာတိတွေရော မုဆိုးကတော်ကြီးရော သားသမီးတွေရော ဘေးအန္တရာယ်ကင်းလို့ ချမ်းသာကြပါစေ၊ ကျန်းမာကြပါစေ" လို့ အနုမောဒနာပြုလိုက်သတဲ့။

အနုမောဒနာပြုပြီးတော့ အလောင်းတော် သမင်မင်းကလဲဘဲ ဟောဒီမုဆိုးဟာဖြင့် ငါရဲ့မိုဃိရာ အားထားရာ ဖြစ်ပါပေတယ်။ ငါ့ကိုချမ်းသာ ပေးတယ်လို့ သူကိုတော့ ငါဘယ်လို့ ကျေးဇူးဆပ်ရပါမတုံးလို့ စဉ်းစားလိုက်တော့ အလောင်းတော် ကျက်စားရာ အရပ်မှာ အလွန်အဖိုးတန်တဲ့ ပတ္တမြားတုံးကြီး တွေ့ခဲ့တယ်။ အဲဒီပတ္တမြားတုံးကြီးကို ယူလာပြီးတော့ မုဆိုးလက်အင့်

ပြီးတော့ "အဆွေမုဆိုးတဲ့ ကနေ့ကစပြီးတော့လေ သူ့အသက်မသတ်နဲ့၊ သူ့ဥစ္စာမခိုးနဲ့၊ သေရည်သေရက်တွေ မသောက်စားနဲ့" တဲ့။ တရားကိုဟောပြီးတော့ ဒါနကိုလှူပါ သီလကို ဆောက်တည်ပါ၊ ဝိပဿနာတွေ ပွားများပါ၊ သင့်မှာလည်း ဟောဒီပတ္တမြားတုံးကြီး ရောင်းပြီးတော့ သားသမီးတွေ လုပ်ကျွေးပါလို့ဆိုပြီးတော့ ပတ္တမြားတုံးကြီးကို အပ်တယ်၊ အပ်ပြီးတော့တရားဟောပြီးတော့ အလောင်းတော်တော့သို့ ဝင်ခဲ့ပါတယ်။

ဇာတ်ပေါင်းခန်း

ပြီးတော့မှ ဇာတ်တော်ပေါင်းလိုက်တယ်။ ဇာတ်ပေါင်းကြစဉ်—

သတ္ထာ ဣမံ ဓမ္မဒေသနံ အာဟရိတ္ဝာ ဇာတကံ သမောဓာနေသိ၊ တဒါလုဒ္ဒကော ဆန္နောအဟောသိ၊ မိဂီ ဒဟရဘိက္ခုနီ မိဂရာဇာပန အဟမေဝအဟောသိံ။

သတ္ထာ၊ ငါတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဣမံဓမ္မ ဒေသနံ၊ ဤသုဝဏ္ဏမိဂ ဇာတက ဓမ္မဒေသနာကို။ အာဟရိတ္ဝာ၊ ဆောင်တော်မူ၍။ ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ ဣဒါနိ၊ယခုအခါ၌။ ဆန္နော၊ ဆန္နသည်။ တဒါ၊ ထိုစဉ်ကာလ၌။ လုဒ္ဒကော၊ မုဆိုးသားသည်။ အဟောသိ၊ဖြစ်ခဲ့ဘူးပြီ။ ဣဒါနိ၊ ယခုအခါ၌။ ဒဟရဘိက္ခုနီ၊ ဘိက္ခုနီမငယ်လေးသည်။ တဒါ၊ ထိုစဉ်ကာလ၌၊ မိဂီ၊ သမင်မငယ်သည်။ အဟောသိ၊ ဖြစ်ခဲ့ဘူးလေပြီ။ ဣဒါနိ၊ ယခုအခါ၌။ အဟမေဝ၊ ငါဘုရားသည်သာလျှင်။ တဒါ၊ ထိုစဉ်ကာလ၌။ မိဂ

ရာဇာ၊ သခ်ၤာရွှစ်သောင်း သမင်အပေါင်းတို့၏ ခေါင်းဆောင်ရှေ့သွားဖြစ်သော သမင်မင်းသည်။ အဟောသိ၊ ဖြစ်ခဲ့ဘူးပြီ။ ဤတိ၊ ဤသို့။ ဇာတကံ၊ ဇာတ်တော်ကို၊ သမောဓာနေသိ၊ ပေါင်းတော်မူလေပြီ။

ဤသို့အားဖြင့် သုဝဏ္ဏမိဂဇာတ်တော်ကို ပေါင်းတော်မူလေသတည်း။

(သာဓု....သာဓု....သာဓု....)

ဤသုဝဏ္ဏ မိဂဇာတ်တော်ကို ဟောပြောခဲ့ရာ ရှုနည်း မှတ်နည်း အပြည့်အစုံနဲ့ဟောကြားခြင်းကို တရားနာကြရတဲ့သူတော်ကောင်း တရားနဲ့ ပရိသတ်အပေါင်းတို့သည် အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရောက်လွယ်ကြပါစေသတည်း။

(သာဓု....သာဓု....သာဓု....။)

(၇) သတ္တမ ရာဇာရတန လင်းလွန်းပင်ရင်း စံနေတော်မူပုံ

တရားသိမ်းရစနာဂါထာ

၁။ ဝိပဿနာ နယံ သုဋ္ဌု မဟာစည် ဇာတု အဒ္ဒသိ၊
ဗျာပယိ ဗဟူဌာနေသု၊ တဿ သီလာဒိထာမသာ။။

မဟာစည်၊ ကျော်စောကိတ္တိ ကမ္ဘာကပါ သိရှိထင်ရှား ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည်။ယံ ဝိပဿနာ နယံ၊ ပါဠို အဋ္ဌကထာ ဋီကာပါဠိနှိုင်း မဟာသတိပဋ္ဌာန် လာတိုင်းသော အကြောင် ဝိပဿနာ ရှုနည်းနိဿည်းကို။ သုဋ္ဌု၊ကမ္ဘာ့အလယ်တွင် တကယ်ပင်ခန့်ညား၍ ပညာရှိအများလက်ခံနည်းမှန် လမ်းမှန် ရှုမှတ်ရန် စနစ်ကျသဖြင့် ကောင်းမွန်လှစွာ။ ဇာတု၊ မတိမ်းမစောင်း လမ်းကြောင်း တည့်မှန် ကောန်အားဖြင့်။ အဒ္ဒသိ၊ ပါဠိတော်က ဤလို အဋ္ဌကထာအဆိုကဤပုံ ဋီကာအလိုပါပြည့်ပြည့်စုံစုံ အကုန်ချင့်မြော် ကောင်းစွာ သိမြင်တော် မူလေပြီ။

တံ ဝိပဿနာနယံ၊ ထိုဝိပဿနာ ရှုနည်း နိသျည်းကို။ တဿ၊ ထိုကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏။ သီလာဒိ ထာမသာ၊ သီလ သမာ ပညာလောက်လုံ ဂုဏ်ရည် ပြည့်လျှမ်း အားအစွမ်းဖြင့်။ ဗဟူဌာနေသု၊ မြန်ပြည်သာမက သီဟဋ္ဌ ယိုး ဒယား ကမ္ဘောဒီးယား လာအို အင်ဒို အင်ဒီးယား ဥရောပ မကျန် ကမ္ဘာတလွှား အမေရိကန် ဂျံပန်ပါထင်ရှား၍ များပြား စွာလှ ထိုထိုအရပ်ဌာနတို့၌။ ဗျာပယိ၊ လေညှင်းသန့်သန့်တွင် ပန်းရနံ့သင်းသကဲ့သို့ ထိန်ထိန်လင်း ပျံ့ဝေနှံ့စေတော်မူလေပြီ။

၂။ သက်ုရာ ပုပ္ဖိတာ ပုပ္ဖာ၊ ဝဏ္ဏဝန္တာ သဂန္ဓကာ၊
ရုက္ခာ မယာ သုနိဒ္ဒိဋ္ဌာ၊ မဏ္ဍေယျ မာလျကေ ဇနာ။

ရုက္ခာ–ပုပ္ဖရုက္ခာ၊ တပည့်အသိုင်းအဝိုင်း အကိုင်းအခက်တွေ နဲ့လဲ ပြည့်စုံ ပွင့်ငုံခိုင်ဖြီး ယောဂီအသီးသီးတွေကလဲ ရစ်ခြုံ၊ အဖုံ အဖုံ အလုံးစုံပြည့်ဝသည့် မဟာစည်တည်းဟူသော ပင်မထိပ် သည်း ပန်းပင်ကြီးမှ။ ဝဏ္ဏဝန္တာ၊ ပါဋ္ဌိအဋ္ဌကထာ ဋီကာအရပ်ရပ် မိန့်အပ်လာတိုင်း သိုင်းဝိုင်းပြတ်သား ဟောကြားထားသဖြင့် ဥာဏ်အားပဝင်း ဝိပဿနာ-ပဋိပတ်တည်းဟူသော အဆင်းလဲရှိ ကုန်ထသော။ သဂန္ဓကာ၊ လေအောက်လေညှာ စုန်ဆန်ကာဖြင့် သီလ သမာ ပညာသင်းပျံ့ ရနံ့ကောင်းလဲရှိကုန်ထသော။ သက်ုရာ သ-အက်ုရာ၊ ထက်ဖျားနေရာက ဝေဖြာလန်းကွန့် ပဋိဝေဓတည်း ဟူသော ရွက်ညွှန့်လဲ ရှိကုန်ထသော။ ပုပ္ဖာ၊ အဆင်းလဲသန့် ရနံ့ လဲဖြာ ဝေဆာတင့်ဆန်း မဂ်ပန်း ဖိုလ်ပန်းတို့သည်။ ပုပ္ဖိတာ၊ လန်းလန်းစွန့်စွန့် အညွှန့်တဝေဝေဖြင့် ကြက်သရေဆန်းတင့် ပွင့် လျက်ရှိပါကုန်၏။ တာနိ၊ သံသရာခပဲ ဝတ်ဆင်းရဲမှ လွှဲယွက်ပေ

တတ် အမြတ်တင့်ဆန်း ထိုမဂ်ပန်း ဖိုလ်ပန်းတို့ကို။ မယာ၊ မဟာစည် ဓမ္မကထိက အဖွဲ့တွင် အပါအဝင်ဖြစ်သော ငါသည်။ သုနိဒ္ဒိဋ္ဌာ၊ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၏ ဦးခေါင်းလည်ပါ ဝေဝေဆာအောင် ပန်ဆင်ကို့ရာ သေချာတတ်တတ်ဟောပြည့်နှက်ကြား အပ်ပါကုန်ပြီ။ ဇနာ၊ မဂ်ပန်း ဖိုလ်ပန်း ဆင်မြန်းလိုကြောင်း သူတော်ကောင်းတို့သည်။ မာလျကေ၊ သီကာကုံးကာကြည်သာရွှင်ပြုံးမဂ်ပန်းကုံး ဖိုလ်ပန်းကုံးတို့ကို၊ မဏ္ဍေယျံ၊ တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့၏ ဦးခေါင်းရောလည်ပါ ဝေဝေဖြာအောင် ကြည်သာရွှင်လန်း ဆင်မြန်းလိုက်ကြကုန်ရာသာဘည်း။

(ပုပ္ဖပုဒ်နှင့် ၎င်း၏ဝိသေသနပုဒ်တို့မှာ နပုံလိုင်တို့ဖြစ်၍ ပဌမာယောဝိဘတ် နိအပြုကို အချို့အာပြု၊ အချို့နီ အပြုတိုင်းထားသည်)

မစိုးရိမ် ဦးတိဿ–ဓက်လက်

မှတ်သားဖွယ် အကွရာစဉ်

အကွရာစဉ်	စာမျက်နှာ
အ	
အကာကို အနှစ်ထင်	၂၀၁
အင်္ကျီချွတ်ယူလိုက်ပြီ	၂၄၅
အကျိုးထဲကအကြောင်းပေါ်	၁၄၇
အကြောင်းကောင်းမှ	၁၂၇
အကြိုက်ဆုံးတရား	၂၇၂
အခုကောင်းရင် နောင်ကောင်းမှာဘဲ	၁၂၈
အကွာတာရော/တထာ ဂတာ	၁၁၃
အင်္ဂသမဥစ္စာ	၂၃၉၊ ၂၄၁
အဆီအနှစ်ကဒီမှာ	၁၆၈
အတုယူစရာတွေ	၂၈၇
အတင်းထုတ်တော့လိုက်သွားတယ်	၂၄၄
အတိတ်အကြောင်း ၅-ပါး	၇၅
အထက်တန်းကျကျ	၂၃၃
အနိစ္စဆိုတာ	၁၈၅
အနိစ္စဘယ်မှာရှိနေတုံး	၁၈၅
အနိစ္စသုံးမျိုး	၁၈၃
အနုဂါမိကဥစ္စာ	၂၃၉၊ ၂၄၁
အနုလောမိကဥာဏ်	၁၉၈
အနက်ဆေးတွေ ဆိုးရတယ်	၃၀၆
အနှစ်ကိုအကာထင်	၂၀၁
အန္ဓဆိုတာ	၂၇၁
အန္ဓပုထုဇဉ်	၃၂
အပူငြိမ်းဆေး	၇
အပင်မှမျိုး၊ မျိုးမှအပင်	၇၅
အပါယ်တံခါးပိတ်ပြီ	၁၉၇
အပါယ်မှာများနေကြတာ	၂၈၁
အပါယ်လေးပါး	၃
အပြောင်းအလဲကို မမြင်ကြဘူး	၈၄
အမြတ်ဆုံးချီးမြှောက်ခြင်း	၃၁၅
အမှတ်ခံရတဲ့တရား	၃၀၈
အမှည့်ခံရတဲ့ရုပ်နာမ်ကပရမတ်	၁၆၁
အမှိုက်ပုံထဲကအရူးကြီး	၂၃၅

အမျိုက်ပုံထဲနေတာနဲ့ တူတယ် ၂၃၇
အမျိုးသမီးလေး ၃
အတိတ်ဘဝ ၃၂၁
အယူခံလိုက်တော့မယ် ၂၄၇
အယောနိသောမနသိ ကာရ ၆၁
အရိယမဂ်ကိုရနိုင်တယ် ၁၀၁
အရှိတရား ၂၅
အရှိတရားခေတ်ရှစ်ပါး ၁၆၂
အရှိတရားပါ ၂၆၅
အရှုးမီးဝိုင်း ၂၃၆
အရေးကြီးတဲ့အချက် ၂၄၄
အရှုခံနဲ့ရှုညာဏ် ၃၁၁
အရှင်မဟာမောဂ္ဂလိ ပုတ္တတိဿ ၂၈၀
အရှင်ဃောရိပုတ္တရာ ၁၇၂
အရိပ်နိမိတ်မပြော ကောင်းဘူး ၂၂၆
အလှူငွေ ၃၆-ကုဋေ အလောင်းတော်ရဲ့ ပါရမီ ၃၃၅
အသိဉာဏ်ပြောင်း အောင် ၁၈၂
အသက်တန့်ကြီးတယ် ဆိုယင် ၂၀၅
အဟုတ်ရှိတဲ့တရားမို့ ၂၆
အဲဒီတုန်းကဥပဒေ ၁၇၁
အိုနာသေရဒုက္ခ ချည်းသာ ၃၀၃
ဣဋ္ဌ ဣဋ္ဌရိယာပထဆိုတာ ၃၀၀
ဥ ဥစ္စာလေးမျိုး ၂၃၉
ဥစ္ဆေဒအယူ ဥပမာတခုနဲ့ ပြောရမှာဘဲ ၁၁၃
ဩ ကရဝိုက်ခန်းမ ၂၀၅
ကာမုပါဒါန်စဲပုံတွေ့ ၂၄၉
ကာယာနုပဿနာ သတိပဋ္ဌာန် ၁၄၆
ကမ္မာလဆန်းတရက်နေ့ ၁၆၅
ကမ္ဘာ့လူဦးရေ သန်း-၃၀၀၀ ၂၃၇
ကုက္ကုစ္စတွေ့ ကုသိုလ်တပဲ ငရဲ တပိဿာ ၁၇၃
ကုသိုလ်တပဲ ငရဲ ၂၁၇

ကံကပို့တာ ၇၅
ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ ၇၅
ကံလားညာဏ်လား ၁၇၀
ကြည့်ချင်ရာကကြည့် ၁၉၃
ကျောက်ခဲနဲ့တူတယ် ၂၁၀
ကောင်းဖို့နဲ့ပေါင်းဖို့ ၂၃၀
ကိုစွယ်နီ ၁၀၀
ကိုယ်ပိုင်ညာဏ်ဖြင့် သိသွားယင် ၂၀
ကိုရင်ကလေးတွေ နှစ်ရာလောက် ၂၀၆
ကိုယ့်အိမ်ကိုယ်ပြန်မှာ ကိုယ့်ပါရမီလဲကိုယ် ၂၆၃
မသိနိုင်ဘူး ၁၀၂
ကိုယ့်ပါရမီကိုလဲယူ ၆

ခ

ခန္ဓာကနာပြရင်ဘယ်လို မှတ်မလဲ ၁၀
ခန္ဓာက ပြတိုင်းပြတိုင်း မှတ် ၂၅၀
ခန္ဓာကိုယ်ကြီးစောင့် ကြည့် ၁၇
ခန္ဓာငါးပါး ၃၀၇
ခန္ဓာငါးပါးရှုရမယ် ၃၁၉
ခန္ဓာဆိုတာအိုးပမာ ၁၁၅
ခန္ဓာတွင်းကပဋိစ္စ သမုပ္ပါဒ် ၁၄၅
ခန္ဓာဟူသမျှဒုက္ခ ပေးသည် ၂၆၇
ခေတ္တာအာလယ်လာ တာပါ ၂၆၃
ခဲ့ဖိုနှင့်တဲ့ဖို ၂၃၀
ခါးဆန့်ထား “ချင်”ပါလာရင် နာမ်ဘဲ ၁၇၃
ခပ်အအခပ်ထူထူ ၃၃

ဂ

ဂါရဝမင်္ဂလာ ၂၀၇
ဂါရဝတရားနဲ့ခဲ့လို့ ၁၇၅
ဂန္ဓမာဒနတောင် ကျိုးကလေးများမကျန် တော့ဘူးလား ၂၅၄

c

ငုပိဖြစ်တောင်တခြင်းထဲ ၂၄၀
ငါစဲ့ပျောက်ဖို့ ၂၃
ငါသွားကယ်တင်မယ် ၁၇၂
ငံပြာရည်ဖြစ်တောင် ၃၀၇

ဘပုလင်းထဲ ၂၄၈
ငါးပုဇွန်ဥပမာ ၁၄၀
ငါးဖြစ်တောင် ဘကျင်းထဲ ၂၄၈
ငြင်းမနေနဲ့ ၁၉၂

ဝ

စာအုပ်ထဲကအနီစွလား ၂၇၃
စာအုပ်ထဲမှာ ရွာရမလား ၁၈၉
စိစစ်ကြည့်ကြရမယ် ၁၈၃
စေတနာလေးကအလှူ ဒကာအစစ် ၂၂၃
စေတနာကလေးက နာမ်တရား ၂၂၃
စေတနာဒါန။ ဝတ္ထု ဒါန ၂၂၇
စေတနာဟာကံဘဲ ၁၂၁
စောစောကနှိမ်မိ အောင် ၃၂၁
စားသမျှမစင် ၂၃၁
စိတ်ကလှည်းမောင်းတဲ့ လူနဲ့တူတယ် ၁၃၈
စိတ်ကူးအနီစွ ၁၈၃
စိတ်ရှည်ဇဲ့သန် ၃၁၅

ဆ

ဆုတောင်းကြပုံ ၂၅၁
ဆုတောင်းမမှားကြဖို့ ၂၅၆
ဆေးခါးကြီးဘဲ ၂၄
ဆေးစာဖတ်နေရုံနဲ့ မပျောက် ၁၀၁
ဆေးမစားရဘူး ၁၇၅
ဆက်မှား ၇၃၊ ၇၄
ဆက်သွားတယ်လို့ ယူရင် ၇၃
ဆင်းရဲငြိမ်းဆေး ၁၀၁
ဆန်တစလယ်ကို ၅-ဦးစားရမှာ ၂၅၀
ဆန်ဆီရှားတဲ့ခေတ် ၂၅၁
ဆမ်းအကျိုးငါးပါး ၁၇၄
ဆိတ်ကလေးကိုလည်ဆန့် ဆဲလိုက်သလိုဘဲ ၃၀၂

ဇ

ဇနီးမောင်နှံရဟန်းပြု ကြခြင်း ၃၁၆
ဇနီးမောင်နှံသောတာ ပန် ၃၁၄
ဇင်္ကမည္စာ ၂၃၉၊ ၂၄၀
ဇာတိဒုက္ခ ၃၀၂

စျာန်လမ်း ၁၇၈
ည
ညာဏသမ္မယုတ်စိတ် ၁၇၈
ညာဏ်ကန်းနေတယ်တဲ့ ၆၂
ညာဏ်စခန်းကမ္ဘနိဗ္ဗာန်
ဝင်တာ ၁၇၈
ညာဏ်မျက်စိနဲ့ကြည့်မယ် ၇၀
ညာဏ်မြင်အနိစ္စ ၁၀၃
ညောင်ပင်တခုစွဆပါဘုရား ၃၁
တ
တကယ်ကျလုတာ့ သေဝံ
ရဲ့လား ၂၄၄
တခါပေါ်မှတစိတ် ၉၁
တခုတည်းသောသမ်း ၁၀၈
တဒင်္ဂနိရောဓ ၃၁၄
တပည့်မလေးပေါ့ ၂၈၆
တပုဒ်တဂါထာထဲနဲ့ ၂၀၀
တဖွဲ့ဖွဲ့သေနေတာ ၇၂
တယောက်ကောင်း
အပေါင်းချမ်းသာ ၂၈၈
တရားဆိုတာသာဘော ၁၅၀
တရားနာတယ် ၃၀၀
တရားမှားကို ခွဲထုတ်
လိုက် ၁၈၀
ထ
ထာဝရဥစ္စာ ၂၃၉
ထားလဲထား လှုလဲလှု ၂၃၂
ထင်ရှားပေါ်ရာက
စ-မှတ် ၁၅၅
ထင်ရှားရာကစ-မှတ်ရမယ် ၃၉
ထန်းပင်တစွဆ ၃၁
ဒ
ဒါနကထာ ၁၇၄
ဒါနပြုနိုင်ကိုယ်သာဆိုင် ၂၄၂
ဒုါရခြောက်ပါးလုံးကို
မှတ်ကြရမယ် ၁၅၅
ဒိဋ္ဌိကို ဘာနဲ့သတ်မလဲ ၄

ဒိဋ္ဌနဲ့ဝိစိကိစ္ဆာပယ်တယ် ၂၆၀
ဒိဋ္ဌိသက္ကာ မက္ခသမျှ ၂၁
ဒီတရားနဲ့သူနဲ့မတဲ့ဘူးတဲ့ ၁၇၆
ဒုက္ခမှန်း မသိကြလို့ ၃၀၉
ဒို့ဒါနလေး
အခုအကျိုးပေးပြီ ၂၅၅

ဓ

ဓမ္မပဗမာဏိက ပရိသတ် ၂
ဓမ္မပဗမာဏိက ပုဂ္ဂိုလ် ၂
ဓမ္မာနုဂဟ ၂၂၁
ဓမ္မသဝနမင်္ဂလာ ၂၀၈
ဓမ္မသေနာပတိ ၂၉၉
ဓာတ်သိချင်ယင်ကပ်ကြည့် ၃၀

န

နာမည်ဟူသမျှတွေဟာ
ပညတ် ၁၆၁
နိဗ္ဗာန်ကိုဆုတောင်းကြ ၂၄၇
နိဗ္ဗာနန်း ၂၀၃
နိဗ္ဗာနလမ်းစ ၄၄
နိရောဓသမာပတ်မှအထ ၂၅၀
နိဝါတမင်္ဂလာ ၂၀၈
နဲတယ်များတယ်မဟုတ် ၁၉၉
နဲနဲတော့ ပါလာပြီ ၂၉၉
နောက်က
အယူခံလိုက်လာပြီ ၂၄၃

ပ

ပစ္စယပရိဂ္ဂဟဉာဏ် ၁၁၂
ပစ္စယာနုဂဟ ၂၂၁
ပညာဆိုတာ ဘာလဲ ၆၈
ပညာသာသနာ ၆၈
နာမ်က ဘယ်မတုံး ၂၃
နာမ်က မှတ်တယ် ၁၈၀
နာမ်ကလေးထဲမှာ ၂၅
နာမ်က လှုတာ ၂၂၅
နာမ်လေးနှုတ်ပြီးသော့ ၂၄
နွားနို့ယာဂု ၁၇၄
နှစ်သိန်းကျော်ကုန် ၂၀၅
နတ်က နားငြိုးလို့
ထွက်လာရော ၃၃၀
နတ်ပြည်
ရောက်သွားတယ် ၁၉၈
နတ်ဖြစ်ချင်တယ်ဆိုတာ ၂၄၆
နှုတ်ခမ်းနှိုဆိုးပို့
လို့သေးလား ၅၈
နှုတ်ခမ်းမွေးကလဲ့နီတယ် ၁၆၉
နယ်ကိုလှည့်ပြီး နဲ့ခဲ့ကြပြီ ၇၇
နို့ဃနာ ၁၇၁

ပညတ်နဲ့ ပရမတ် ၁၅၉
ပဋိပတ္တိသာသနာ ၂၀၆
ပဋိဇဓသာသနာ ၂၀၆
ပတ္တမြားတုံးကြီး
ပေးအပ် ၃၃၆
ပဓာနိယင်္ဂါ ၅
ပရမတ်ဆိုတာ ၁၄
ပရမတ်ရုပ်ပဲ ၁၅
ပရိယတ္တိသာသနာ ၂၀၆
ပရိယာယ်နဲ့
ပြောလိုက်တယ် ၁၇၇
ပါရမီရှင်ကလေး ဂ
ပုဗ္ဗစေတနာပရစေတနာ ၁၅၄
ပုရွက်ဆိတ်တွေက
များတယ် ၂၁ဂ
ပူတာက ရုပ်တရား ၆၇
ပေါ်ရာမှတ် ၁၅ဂ
ပျော်စရာတွေ ၂၃၄
ပျော်ပွဲစားတော့မယ် ၁၇၁
ပါးစပ်အနှိစ် ၁ဂ၃
ပြတ်မှားကြီး ၇၁
ဖ
ဖရောင်းတတိုင်
ပန်းတခိုင် ၂ဂ၂
ဖေါ်နည်းကားကိုသာ
ခတ္တမယ် ၁ဂ၉
ဖန်ဆင်းနိုင်တဲ့သူ
ပါသလား ၁၂၁
ဖလ်ယဉ်ခမ္မာရုံ ၂၀၅
ဖြစ်ပျက်တဲ့ဘရားကိုပင် ၁၁ဂ
ဖေါင်းတာ ဘာခေါ်
ကြမလဲ ၁၉/၁၃/၁၁ဂ
ဗ
ဗုဒ္ဓဘာသာဝင် စစ် မစစ် ၅၃
ဗြဟ္မာပါရဲ့လား ၁၂၀
ဘ
ဘဝပင်လယ်
ရေပြင်ကျယ် ၂ဂ၃
ဘာဘဲ စားစား ၂၃၀
ဘာသာရေး
အလေးထားတယ် ၂ဂ၉
ဘီလူးမက ၁၉ဂ
ဘုရားပေးတဲ့နာမည် ၂၇ဂ
ဘုရားမယ်တော် ၇ဂ
ဘောလုံးခတ်တဲ့အထဲများ
ရောက်နေယင်တော့ ၃ဝ၃
ဘယ်အချိန်မှာရှိသလဲ ၂၅
ဘယဘဲ့ဝကလာခဲ့သလ ၁၂ဂ
ဘုံဆိုင်ပစ္စည်း ၂၃ဂ
မ
မကြားချင်
မြင်ချင်ရက်သား ၃ဝ၄

မန္ဒဲလေးအသက် ယသ သတို့သား ၁၀၄.
၁ ၀၊ ၁၂၊ ၁၄၊ ၂၅ ယောနိသောမနသိကာရ ၆၁
မဖြစ်ချင်လို့မရ ၃၀၅ ရ
မသိတော့ဖြစ်ချင် ၃၀၉ ရခဲတဲ့ ဘဲထုးဂုဏ်ထူး ၂၇၆
မသိလျှင်ပတ် ရာဇကျော့ကွင်း ၃၂၂
သိလျှင်ပြတ် ၃၁၀ ရှိခတော့ရှိတယ်မမြဲဘူး ၂၅
မိစ္ဆာသမာဓိ ၆၀ ရှုခါစမှာတော့ ၁၉
မုဆိုးကတော်ကြီး ရှုနည်းကို သိသွားယင် ၁၆
ကျေအေးအောင် ၃၃၂ ရွှေသမင်မင်းဇာတ်
မြေသြဇာဖြစ်မဲ့ ခန္ဓာ ၂၁၂ ၂၃၂/၂၈၆
မြေမှုန့်လောက် ရုပ်ကိုယ်ကြီးဘာနဲ့တူတုံး ၁၃၈
ရှိပါတယ် ၀၆ ရုပ်ရှင်ပမာ တရားရှာ ၁၅
မွေးသေဘဝက လ
လာခဲ့ကြတယ် ၂၆၆ လူဖြစ်ကျိုး နပ်မနပ် ၂၀
မဂ္ဂင်ရှစ်ပါး ၂၆၅ လှချင်တာဘယ်သူကလဲ ၂၂၃
မဂ္ဂင်ရှစ်ထွေသဘော်လေ ၂၀၃ လှဘယ်ဝတ္ထုတွေက
မင်္ဂဗိဇ ၁၀၂ ရုပ်တရား ၂၂၃
မင်္ဂလာက လူတယ်၊ ပေးတယ်၊ စွန့်တယ်
ပါလာတာမဟုတ် ၂၀၇ လောကဝိဝရဏတန်ခိုး ၂၀၀
မင်္ဂလာအပေါင်းနဲ့ လက်မဲ့ခန္ဓာ မတောင့်တနဲ့
ပြည့်စုံသူ ၂၀၇ ၂၄၆၊ ၂၆၇
မင်းသိချင်ရင် ၁၆၃ လက်ရှိခန္ဓာ မခင်တွယ်နဲ့
မောင်လှအောင် ၁၀၆ ၂၄၆၊ ၂၇၀
ယ လင်ယောကျ်ားအတွက် ၃၃၃
ယထာဘူတဉာဏ် လက်ဝဲလေးတပုဒ် ၂၁၁
မရဏသေးယင် ၆၂ လုပ်သမျှဒုက္ခဆိုယင် ၁၆၆

လိုဒနဘာ ဝိပဿနာ ၂၅၇

ဝ

ဝိပဿနာမျိုးစေ့ ၆၂
ဝိဝဋ္ဋအလ္လီမျိုး
ဝဋ္ဋမြစ်သံသရာ ၂၂၆

သ

သင်္ကာယဒိဋ္ဌ
ကင်းခြင်းအကျိုး ၂၀
သခ်ါရုပေက္ခာဉာဏ် ၁၉၀
သစ္စာလေးပါး ၃၀၁
သတ္တဝါဆိုတာ ရုပ်နာမ် ၇၂
သမာဓိသာသနာ ၇၀
သမ္မာသတိ ၆၅၊ ၁၉၅
သမုတိအသေမျိုး ၉၂
သမ္မုတိနဲ့ ပရမတ် ၁၃၄
သမုဒယတဏှာတွေ ၂၄၆
သမုဒယပြတ်ရင်
မဖြစ်တော့ ၂၂၆
သမင်မင်းနဲ့လဲယူပါ့မယ် ၃၂၉
သဿတဒိဋ္ဌိ ၇၂၊ ၁၁၈
သာသနာတော်နဲ့
တွေ့ပလား ၈၈
သာသနာပြုရာမှာ
စိတ်ရှည်ရမယ် ၂၉၇
သီလကထာ ၁၇၁

သီရိဓမ္မာသောကမင်း
အလ္လ ၂၇၉
သုဂတိ-ဒုဂတိ ၂၁၀
သုဘဒ္ဒါသာသနာပြုတာ ၃၁၅
သုသာန်မြေလောင်းတွေ ၈၃
သူက သုံးမည်ရ သုံးဘဲ့ခံ ၂၆
သူငြေးသား၅၅ယောက် ၁၀၅
သူ့ကိုယ်လေး
မချောဘူးလား ၅၈
သူ့ခွါရမယ် ၂၂
သေမင်းကျော့ကွင်း ၃၂၃
သောကပျောက်ဆေး ၁၀၀
သောတာပန်
ရရမည့်တရား ၃၂၀
သံသရာဆိုတာ ၇၈/၁၁၇
သတ်နိုင်တဲ့လူကို
ချမ်းသာပေးမယ် ၁၇၀
သပ္ပုရိသ သံဃသဝ ၁၆၉

ဟ

ဟောရုံသာ
ဟောပေးနိုင်တယ် ၁၁၃
ဟိုအိမ် ဒီအိမ်က
ကြားတော့လာစားကြ ၂၅၅
ဟိုက မိစ္ဆာဒိဋ္ဌိ ၂၈၈
ဟိုဘက်
တန္ခစ်နီးသွားတာဘဲ ၂၈၅

ဤစာအုပ်၌ ပြင်ဖတ်ရန်

စာမျက် နှာ	ကြောင်း ရေ	မှား	မှန်
၂	၁၂	သက္ကာယဒိဋ္ဌိ	သက္ကာယဒိဋ္ဌိ
၆	၁၉	မိတ်ဆွေတွေ	မိတ်ဆွေတွေ
၈	၁၆	သတ္ဒတွေ	သတိတွေ
၁၁	၁၉	ဘိက္ခူ	ဘိက္ခု
၁၃	၁၃	ဥပဌပေတွာ	ဥပဋ္ဌပေတွာ
၂၈	၁၁	ဓရှိတရား	မရှိတရား
၃၂	၂၁	နာမ်တွ	နာမ်တွေ
၄၉	၂၃	ပရိယတ္တီ	ပရိယတ္တိ
၅၀	၁၀	နိုင်အောင်	နိုင်အောင်
၇၃	၁၂	ဝေသန္တရာ	ဝေဿန္တရာ
၈၀	၁၂	ရုပ်ကြောင့်ဖြစ်တယ်	ရုပ်ကြောင့်ရုပ်ဖြစ်တယ်
၁၁၅	၂၃	ပဝတ္တန်တီ	ပဝတ္တန်တီ
၁၂၈	၇	ဝိပ္ပဋ	ဝိပ္ပဋိ
။	၈	အတုဝတ္ထ	အဟုဝတ္ထ
၁၃၂	၁	နတ္ထ	နတ္ထိ
၁၃၆	၁၅	သွားတတ်လည်း	သွားတတ်သည်လည်း
၁၃၉	၂၀	ဂစ္ဆာမိတိ	ဂစ္ဆာမီတိ
၁၄၀	၅-၇	။	။

စာမျက်နှာ	ကြောင်းရေ	မှား	မှန်
၁၅၆	၇	ကာယနုပဿနာ	ကာယာနုပဿနာ
၁၀၅	၂	မြင်တာနဲ့	မြင်တာကဲ့
၁၉၆	၁၂	သဘောဆို	သဘောကို
၂၁၉	၅	အောက်ဇုန်း	အောက်ဆုံး
၂၂၄	၂	နည်ချည်းသာ	နာမ်ချည်းသာ
၂၇၃	၁၉	မြင်တာလာပါ	မြင်တာပါ
၂၃၇	၂၃	သန်း ၃၀၀/	သန်း ၃၀၀၀/
၂၉၃	၂၁	ရှေးတုန်ကထော့	ရှေးတုန်းကတော
၁၉၆	၂၀	သတ္တိလာပုံ	သတ္တိသာပုံ
၃၀၇	၁၂	သညာက္ခန္ဓာ	သညာက္ခန္ဓာ
၃၁၅	၁၀	မြတ်တလ်	မြတ်တယ်
၃၁၈	၈	သီလဝိသုဒ္ဓိ	သီလဝိသုဒ္ဓိ
၃၂၃	၁	မောစေသိ	မောစေသိ
၃၂၇	၁၀	ဝါရတ္တိကံ	ဝါရတ္တိက်

ဖြစ်ပျက်နှစ်ဖြာ၊ မမြင်ပါဘဲ
တရာအသက်၊ ရှည်သည်ထက်လည်း
ဖြစ်ပျက်နေဟုန်၊ ရုပ်နဲ့နာမ်ကို
အမှန်မြင်လျက်၊ ဉာဏ်စဉ်တက်၍
တရက်တာမျှ၊ သက်ရှည်ရသော်
လောကလူ့ရွာ၊ ကောင်းမြတ်သာသည်
မြတ်စွာဗုဒ္ဓ မိန့်ခွန်းတည်း။

ဒိဋ္ဌသက္ကာ၊ မကွာသမျှ လူတွင်စကြာ၊ နတ်မှာသီကြား
[illegible] မိုးဖျားပြဟ္မာ
ဖြစ်တုံပါလည်း၊ ခန္ဓာပြိုကွဲ
ကုသိုလ်စဲက၊ ဖေါက်လွဲပါယ်ရွာ
ရောက်မြဲသာတည်း။

စိတ်ရှိုင်းသန်
သည်းညည်းခံ
ပြုရန် သာသနာ။